# ရွှေသွေးပေါင်းချုပ်

အတွဲ ၆၊ အမှတ် ၂၇ မှ ၅၂ ထိ


အတွဲ ၆။ အမှတ် ၂၇။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ ပထမ ဝါဆိုလဆုတ် ၃ ရက် (၆-၇-၇၄)

## ကြက်သော အခြေ

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း ..........
ထွန်းပကျော် (စစ်တွေ)




စနေနေ့တိုင်း ထုတ်ဝေသည်။


တခါတုန်းက ဦးမြစ်ဆိုသူသည် ဇနီးသေဆုံးသွားပြီးနောက် သားများကို ပြုစုကာ နောက်အိမ်ထောင်မပြုပဲ နေလိုက်၏။
လော်တို့ - ဒေါ်တို့ - မော်တို့ရေ
ထမင်းစားကြရို့ လားဟေ့။
ဟုတ်ကဲ့ အဖေ
တနေ့တွင် လမ်းလျှောက်ထွက်လာစဉ် ရွာသူကြီး ဦးထူးနှင့် ဆုံမိကြရာ—
ဦးမြစ်ရယ် - ဟောဒီကောင်လေး မိဘများဟာ - ပင်လယ်ထဲ ငါးရှာ ထွက်ရင်း - လှေမှောက် လို့ - သေဆုံးသွား ရှာတယ်ဗျား၊ အိုးကိုးစရာမရှိလို့ - ခက်နေရှာတယ်။
အော် - မြစ်မှမြစ်ရလေ - ကျွတ် - ကျွတ်၊ ကျနော်ပဲ မွေးစားပါရစေလား ဗျာ။
အိမ်သို့ခေါ်သွားပြီး သားများကိုပြော၏။
သူ့နာမယ်က - မောင်သစ္စာ တဲ့၊ မောင်သစ် လို့ဘဲ တိုတိုခေါ်ပေါ့၊ အဖေ မွေးစားမလို့ ခေါ်လာတယ်။ သူ့ကို အရင်းလို့ဘဲ သဘောထားပြီး ချစ်ကြရမယ်.... .....
မောင်သစ် .... ဟောဒါက - မင့်အကိုကြီး - မောင်လော်ဘဲ - ဟောဒါက - မင့်အကိုလတ် - မောင်မော်ပဲ - ဟောဒါက - မင့်အကိုလေး - မောင်ဒေါ်သ - မှတ်ထားနော်... ကဲ... သွားကစားကြ။
ဟုတ်ကဲ့
သို့သော် ရက်များမကြာမီ ကိုလော၊ ကိုဒေါ၊ ကိုမောတို့က ဦးမြစ်ကွယ်ရာတွင် အနိုင်ကျင့်ကြလေသည်။ မောင်သစ်သည် သဘောကောင်းသဖြင့် သည်းခံနေ၏။
ဟေ့ - ငသစ် - မင်း ဟိုဟင်းနဲ့ဘဲစား၊ ဒီဟင်း ငါ့ကိုပေး
ယူပါ ကိုကြီးလော်ရယ်
ဟဲ့ - ငသစ် --- နင် ငါ့ ကွက်ပြစ်ဘောက်များ ... ကိုလေးဒေါ်ရယ် - တပ်လွဲပေး ပါ့မယ်
အေ့ငမယ် - ငသစ် - ဒီလုံချည် - အသစ်ကြီးရှိသေးတယ်၊ မင်းနဲ့ မတန်ဘူး - ငါဝတ်မယ်
ဝတ်ပါ ကိုလတ်မော်၊ ရပါတယ်


ထိုသို့နေထိုင်ရင်း နှစ်ပေါင်း ကြာလတ်သော် ဦးမြစ်သည် တနေ့၌ အပြင်းအထန် အဖျားတက်နေသောကြောင့်
သူကြီး ဦးထျူးကို သွားခေါ်ပြီး - သားတို့ အားလုံးပါ - ဖေဖေ့ နားလာကြ။
လူစုံလင်စွာ ရောက်လာကြလျှင်
ဦးထျူးရှေ့မှာ - သားတွေကို ပြောပါရစေ။ သားတို့ - ဖေဖေတော့ ဒီတောင်ကို ကျော်နိုင်မယ် မထင်ဘူး။ ဖေဖေ ရထားတဲ့ ငွေ ခြောက်ထောင်တော့ ရှိလေရဲ့.... သားတို့ကို ခွဲဝေ ပေးချင်တယ်.....
ဟာ- အဖေကလဲ၊ သား အရင်းတွေသိ အမွေစား အမွေခံ ဖြစ်ထိုက်တာပေါ့
ဟုတ်သားဘဲ အဖေ..
ကျနော်လဲ ရှိလို့ဘဲ...
အင်းလေ - သူတို့လေးတွေ စိတ်ချမ်းသာအောင် လုပ်ပေးရမှာဘဲ။
သားတို့သဘောပါဘဲ၊ ဦးထျူးရယ် - သားတွေကို တယောက် - နှစ်ထောင်စီ - ခွဲဝေ ပေးလိုက်ပါ။ ဒီမှာ ခြေရင်းမှာ ငွေထုပ် ရှိပါတယ်။
အမွေခွဲဝေပြီးသောအခါ
ကဲ - သားတို့ ကိစ္စ ပြီး... ပြီ.... အပြင်ဘက်.... ခေတ္တ.... ရှောင် ပေးကြအုံး၊ ဦးထျူးနဲ့... မောင်.. သစ်.... ကို တော့.... မှာစရာ -.... လေးတွေ.... ရှိသေး... လို
တီးတိုး မှာစရာကိစ္စများ ပြီးစီးသော် ဦးမြစ် သည် သေဆုံးသွားသဖြင့်
ကဲ - မောင်သစ် - မင်းငါနဲ့လိုက် ခဲ့
မောင်လေ၊ မောင်ဝေ၊ မောင်ဒေ တို့ရေ။ ဘဘ ပြန်လိုက် အုံးမယ်။ အသုဘ ကိစ္စကျရင် ဒီ - ရွာထဲက လူတွေ လွှတ်လိုက်မယ်။
ရပ်ကလာပ် သဂြိုဟ်ပြီး ရက်လည်ဆွမ်း ကျွေးသည်အထိ သူကြီးနှင့် မောင်သစ် အပါအဝင် ရွာသားများပါ ကူညီကြ၏။
.....ဘဝတပါးသို့ ကူးပြောင်းသွားသော တကာကြီး ဦးမြစ်ခေါ် ဦးဖေထွားထံသို့လဲ ရောက်၍ သာဓုခေါ်နိုင် ပါစေသော်။
အမေ ရေ— အမျှ အမျှ အမျှ
သာဓု - သာဓု - သာဓု


တနေ့တွင် ကိုလော၊ ကိုဒေါ၊ ကိုမောတို့အိမ်၌ စကားပိုင်းပြောနေကြရင်း၊
ဒါနဲ့ ငသစ်ကို အဖေက - ဘာတွေများ အမွေပေးသွား သလဲ မသိဘူး
ငါတော့ - အတွင်းပစ္စည်း တွေကျိတ်ပေးတယ် ထင်တယ်
ငါတို့ ရတာထက်တောင် တန်ဖိုးထိုက်တန်နေမှာ ထင်တယ်၊ ဒါကြောင့် ငြိမ်နေတာပေါ့...
အေး ဟုတ်မယ် - သွားမေး ရအောင်
သူကြီးအိမ်သို့ရောက်သွားကြ၏။
ဟါ - မောင်လေါ တို့ပါလား ... လာကြ - လာကြ - ညီလေး မောင်သစ်ကို အောက်မေ့လို့ လာလည် တာနဲ့တူတယ်။ တခြားကိစ္စများ ရှိသေးလား
ဘကြီးထျူးရယ် - မောင်သစ် ဘာအမွေတွေများ ရလိုက်လဲလို့ သိချင်လို့ပါ - ဟဲဟဲ.
အော် - ဟုတ်ပေသားပဲ။ မင်းတို့ဖေဖေ က မှာသွားတယ်။ အဲဒီကိစ္စကို - သိချင်ယင် - တယောက်ကို - ငါးရာကျစီ မောင်သစ်ကို ပေးပါ့မယ်လို့ကတိရမှ - မောင်သစ်ကိုယ်တိုင် ဖွင့်ပြောပါစေ...... တဲ့။
ဟုတ်ကဲ့ - ကိုယ့်ညီလေးပဲ - ပေးမှာပေါ့။
မင်းကော
ပြောပြမယ်ဆိုယင် ပေးမှာပေါ့
ကျနော်လဲ သူတို့လိုပဲ
ကောင်းပြီ - ကဲ - မောင်သစ္စာရေ့ - မင်းဖေဖေ တီးတိုး မှာသွားလို့ ဘာအမွေတွေ ရလိုက်လဲ ဆိုတာ - ဖွင့်ပြော လိုက်တော့
ဟုတ်ကဲ့ - ဘဘ
အဖေကလေ..... မင်း - အမွေ မရပေမယ့် - ဘာမှ စားမယ် နဲ့ ..... တဲ့။ နောင် ရသင့်တဲ့ငွေ တွေကို အလိုလို - ရလိမ့်မှာပါ ..... တဲ့။ အဓိက ကတော့ အနန္တော - အနန္တ ငါးပါးကို အမြဲ ဦးထိပ်ထားပါ ..... တဲ့.
ဟါ - အမွေ ရတဲ့ငွေ - ၂၀၀၀ကျပ်စီထဲက - ၅၀၀ကျပ်စီ ပေး လိုက်ရယင် - ငါတို့တယောက်ကို - ငွေ - ၁၅၀၀ကျပ်စီပဲ ကျန်မယ်။ မောင်သစ်က - ၅၀၀ကျပ် - သုံးရရတော့ သူလဲ - ၁၅၀၀ကျပ် - ရတာပဲ....... အော်လက်စသော် တော့ ........
ညီတူ ညီမျှ ရအောင်လုပ်တာကိုး ......... အဖေရေ - အဖေရဲ့ - အဖေ့ မေတ္တာ စေတနာ ကြီးမားလှပါပေတယ်.......
မင်းတို့ဖေဖေ - နံ့သယ်ရင်းက - ဦးမေတ္တာ - ဆိုတဲ့ အတိုင်း မေတ္တာကြီးပါတယ်။ မောင်သစ္စာလေး ကလဲ သစ္စာရှိရှိနဲ့ လုပ်ကျွေးပေးခဲ့တာပဲ။ ဒီတော့ ကိုယ့်အဖေကို ချစ်ယင် - လွမ်းယင် - သူ့ စကား နားထောင်မှ ဝတ္တရား ကျေလိမ့်မယ်။ ဒါကြောင့် - မင်းတို့ ညီအကို လေးယောက် အတူတူ သင့်သင့်မျှမျှ နေကြရလိမ့်မယ်။
ဟုတ်ပါတယ် - ဘကြီးထျူး ရယ် - ကျနော်တို့ ပြုပြင် နေကြပါတော့မယ်။
အေး အေး - သာဓု - သာဓု


ကိုယ်တာဝန် ကိုယ်ထမ်း
ငါ့အဝတ်ကလဲ ဆိုးလှချည်လား
ကာတွန်း
သံဖြူပုံးကလေးဟာ စိတ်ညစ်နေရှာတယ်။
မျိုးမျိုး/ဇာတ်လမ်း
မကောင်းတဲ့အညစ်အကြေး မှုန့်သမျှ ငါဘဲသိမ်းရတယ် ငါ့ဆီဘဲ လာရတာဘဲ
ငါ့နံမယ်ကျတော့လဲ ကျက်သရေကိုမရှိဘူး အမှိုက်ပုံး--တဲ့
အမှိုက်ပုံး
ဟား-ဟား-ဟား-နံတယ်ဟေ့ နံတယ်-မင်းနားလာရတာ သိပ်အနံ့ချဉ်တာဘဲကွာ
ရေပုံးကလေးကလဲ လာနှိမ်လိုက်ပြန်တော့—
ဘာကွ-မင်းက တယ်ကြီးကျယ်ပါလား မင်းငါ့ကိုသက်သက်လာ လှောင်တာပေါ့လေ


အို့ဟိုး-ငါက မင်းရဲ့အဖြစ်မှန်ကို ပြောတာကွ-အချိန်ကုန်ခံပြီး လျှောက်ပြောနေတဲ့ကောင် မဟုတ်ဘူး
မင်းဘဲဝဥ်းစားကြည့်လေ မင်းနဲ့ငါနဲ့က ပုံးခြင်းသာတူပေမဲ့ ငါကရေပုံး- မင်းက အမှိုက်ပုံး
မင်းအလုပ်နဲ့ငါ့အလုပ်က မိုးနဲ့ မြေလိုကွာပါ့ကွာ..ဟား-ဟား ဟား-ဟား-ဟား-ဟား ဟား-ဟား-ဟား
ဒီအချိန်မှာ လက်ဆွဲခြင်းလေးကလဲ အားငယ်နေရှာတဲ့ အမှိုက်ပုံးလေးကို အားမပေးတဲ့ အပြင်–
ဟား ဟား-ဟား-ကိုရေပုံးပြောတါ သိပ်မှန်တာပေါ့-အမှိုက် သိမ်းရတယ်ဆိုတာ--- အောက်တန်းစားအလုပ်-
ကျုပ်တို့အလုပ်ကမှ အထက်တန်းစားအလုပ် ဟား-ဟား-ဟား-
အထက်တန်းစားအလုပ် ဟား-ဟား-
ဟား ဟား ဟား
ဟား ဟား ဟား
ဟား-ဟား
ဟား ဟား ဟား
အမှိုက်ပုံးလေးမှာတော့ သူ့ဘဝနဲ့ အလုပ်အတွက် ဝမ်းနဲပြီး....
ပြောကြပါဗျာ--- ပြောကြပါ-ကျုပ်က အောက်တန်းစား ကိုးဗျ-ဟီး အီး-ဟီး


အမှိုက်ပုံးလေးဟာ အိမ်ကြီးထဲက အပြင်ဖက်ကို ပြေးထွက်သွားတော့တယ်။
ဟား-ဟား-ဟား ဝအူး — ထွက်သွားတာဘဲ ကောင်းတယ်
အမှိုက်ပုံးလေး မရှိတဲ့ သုံးရက်လောက် ကြာတော့
ဟေ့ကောင် - အမှိုက်တွေ ဒီလောက်ပုံနေတာ - အမြင်မတော်လို့ သိမ်းလိုက်ပါလား
တော်စမ်းပါကွာ - မင်းဘဲ ဒီအညစ်အကြေးတွေသယ်လာတာ မင်းဘဲသိမ်း - ဒါငါ့အလုပ်မဟုတ်ဘူး
ဘာကွ - ဒီလောက်နံစော် နေတာ ငါကသိမ်းရမလား ငါနဲ့ဘာမှမဆိုင်ဘူး
ဒီတော့ဘဲ ကြာမြင့် ရောဂါဆိုးတွေ ဖြစ်လာတော့မှာဘဲ
ငါတို့ အမှိုက်ပုံးလေး အလုပ်ကို အထင်သေးပြီး လှောင်ပြောင်ခဲ့တာကိုး
ဟုတ်တယ်ကွာ - အလုပ်ဆိုတာ ကိုယ်ကျရာ တာဝန် ကိုယ်ထမ်းကြရတာဘဲ - ငါတို့ အမှိုက်ပုံးလေးကို သွားခေါ်ကြမယ်ကွာ
ပြီး

# လူသားတို့ ဖန်တီးယူသော ချည်မျှင်များ


ရောဗတ်ဟု (၁၆၃၅-၁၇၀၃)ခေါ် အင်္ဂလိပ်သိပ္ပံရှင်က လူတို့သည် တနေ့တွင် ပိုးစာကောင်၏ ဂလင်းများမှထွက်သော အရည်နှင့် တူညီသည့် အရည်တမျိုးကို ထုတ်လုပ်ပြီး ''ပိုးချည်အတု''ပြုလုပ်နိုင်လိမ့်မည်ဟု ကြိုတင်ပြီး ဟောကိန်းထုတ်ခဲ့သည်။ ယင်းသို့ ထုတ်လုပ်ရာတွင် အရည်ကို သေးငယ်သော အပေါက်များမှ ပန်းထုတ်ခြင်းဖြင့် ထုတ်လုပ်နိုင်မည်ဟု ဆိုလေသည်။

၁၈၈၅ ခုနှစ်တွင် ဆွစ်လူမျိုး ဓာတုဗေဒပညာရှင် ဂျော့အော်ဒီမား(စ်)သည် ယခုအခါ ''ရေယွန်''ဟု ခေါ်သော အဝတ်အထည်တမျိုးကို ထုတ်လုပ်ခဲ့သည်။ သူသည် သစ်ပင်အချို့၏ အတွင်းအကာများမှ ဆယ်လျူလို့ဟု ခေါ်သော ကော်အမျှင်များကို ထုတ်ပြီး ဖြပ်နှောရည်တို့ဖြင့် ပြုပြင်ပေးလိုက်သည်။ ထိုနောက် ထိုကော်မျှင်များကိုအပ်ချည်ငင် သကဲ့သို့ ငင်ယူလေသည်။

ရေယွန်

အော်ဒီမား(စ်)၏ တီထွင်မှုမှာ စီးပွားရေးအားဖြင့် မအောင်မြင်ခဲ့ပေ။ ၁၈၉၀ ပြည့်နှစ်တွင် ပြင်သစ်မြို့စား တဦးဖြစ်သော ချားဒေါ်နယ်သည် ''ရေယွန်''နှင့် တူသော ချည်မျှင်တမျိုးကို ဈေးချိုသာစွာဖြင့် အများအပြား ထုတ်လုပ်နိုင်လေသည်။ သို့သော် ချားဒေါ်နယ်၏ ရေယွန်သည် မီးလောင်လွယ်သည်။ သည်နောက်ပိုင်းတွင်မူ သစ်ပင်မှရသော ဆယ်လျူလို့ အမျှင်ကလေးများမှ ပိုပြီး ကျေနပ်ဖွယ်ကောင်းသော အဝတ်အထည် များကို ထုတ်လုပ်နိုင်ခဲ့လေသည်။

အားလုံးသော ''ရေယွန်''အမျိုးအစား ချည်မျှင်များသည် သစ်ပင်များမှ ရသော ဆယ်လျူလို့ကို ဖြပ်နှောရည်များဖြင့် အရည်ဖျော်ပြီး ပြုလုပ်ယူခြင်း ဖြစ်သည်။ ထိုအရည်များကို သေးငယ်သော ဆန်ကာများမှ အရှိန်ပြင်းစွာဖြင့် ပန်းထုတ်လိုက်ပြီး ဖြပ်နှောရည်များ ထည့်ထားသော စည်ပိုင်းထဲသို့ ကျဆင်းစေသည်။ ထိုအခါ အရည်မျှင်များသည် ချည်မျှင် အဖြစ်သို့ ပြောင်းလဲသွားသည်။



"ရေယွန်" သည် လူတို့ပြုလုပ်သော အဝတ်အထည်များတွင် ဈေးအပေါဆုံး ဖြစ်သည်။ သို့သော် ချွတ်ယွင်းချက်များ ရှိ၍ ပိုကောင်းပြီး ဈေးကြီးသော နိုင်လွန်နှင့် တယ်ရီလင်းတို့က ရေယွန်ကို ယှဉ်ပြိုင်ကာ အစားထိုးလာသည်။

နိုင်လွန်

၁၉၂၇ ခုနှစ်တွင် အီးအိုင်ဒူပွန့် ဒွတ်နီမော့(စ်) အမည်ရှိ အမေရိကန်ကုမ္ပဏီတခုက မော်လီကျူးများ အတွင်းရှိ အက်တမ်များကို ရှည်လျားသော ကွင်းဆက်များ ဖြစ်အောင် ပြုလုပ်နည်းများကို စတင် စူးစမ်းရှာဖွေခဲ့သည်။ ယင်း မော်လီကျူးများသည် သဘာဝ ရာဗာမျှင်တန်းများကဲ့သို့ ဂုဏ်သတ္တိများ ရှိလိမ့် မည်ဟု သူတို့မြှော်လင့်ခဲ့ကြသည်။ ၁၉၃၈ ခုနှစ်တွင် သူတို့သည် နိုင်လွန် လုပ်နည်းကို တွေ့ရှိလာကြသည်။ နိုင်လွန်သည် ရှေးက အဝတ်အထည်များကို ထော်လှန်လိုက်သည်။ အဘယ်ကြောင့် ဆိုသော် နိုင်လွန်ပြုလုပ်ရာ၌ ရေယွန်ကဲ့သို့ သဘာဝမှထွက်သော ဆယ်လျူလို့ အမျှင်ကလေးများကို မလိုခြင်းကြောင့် ဖြစ်လေသည်။

မီးသွေးနှင့် ရေနံတို့မှ အလွယ်တကူရရှိနိုင်သော ဖြပ်အစိုင်အခဲတို့ကို တစနှင့်တစ အပြန်အလှန် ချိတ်ဆက်ယူခြင်းဖြင့် "နိုင်လွန်" ကို ပြုလုပ်လေသည်။ နိုင်လွန်သည် ရေယွန်ထက် ပိုမိုခိုင်ခံ့၍ ပိုပြီး အနွမ်းအကြေ သက်သာသည်။ ရှုံ့တက်ခြင်းလည်းမရှိပေ။

တယ်ရီလင်း


ဒုတိယကမ္ဘာစစ် ပြီးစတွင် ဗြိတိသျှတို့၏ အိုင်စီအိုင်ကုမ္ပဏီသည် တယ်ရီလင်းခေါ် အထည်တမျိုး ပြုလုပ်နိုင်ခဲ့သည်။ တယ်ရီလင်း ပြုလုပ်ရာတွင် နိုင်လွန်ကဲ့သို့ပင် ရေနံနှင့် မီးသွေးတို့မှရသော မော်လီကျူကလေးများကို ကွင်းဆက်ခြင်းဖြင့် ပြုလုပ်ယူလေသည်။ တယ်ရီလင်းသည်လည်း နိုင်လွန်ကဲ့သို့ပင် တာရှည်ခံသည်။ အနွမ်းအကြေ ခံသည်။ ရေလျှော်လျှင်လည်း ရှုံ့မတက်ပေ။


ပရိတင်း ချည်မျှင်

ဆယ်လျူလို့ကို အရည်ပျော်အောင် ပြုလုပ်ပြီး ပြန်လည်ပြီး မာအောင်ပြုလုပ်နိုင်သည်။ ထိုနည်းတူစွာ တိရစ္ဆာန်နှင့် သစ်ပင်များမှရသော ပရိတင်းပစ္စည်းများကို သိုးမွေးနှင့်တူအောင် ပြုလုပ်နိုင်သည်။ သိုးမွေးသည် သဘာဝမှရသော ပရိတင်း ချည်မျှင်ပင် ဖြစ်လေသည်။ အီတလီနိုင်ငံတွင် နို့တွင်ပါဝင်သော ကေဆင်းခေါ် ပရိတင်းဖြင့် ချည်မျှင်ထုတ်လုပ်ကြသည်။ အင်္ဂလန်တွင် အာဒယ်(လ်)ခေါ် ချည်မျှင်ကို မြေပဲအခွံမှ ထုတ်လုပ်ယူနိုင်ခဲ့သည်။ သို့သော် ကုန်ကျစရိတ်များပြီး သဘာဝ သိုးမွေးချည်ထက် သာလွန်ထူးကဲခြင်း မရှိသောကြောင့် အများအစား မထုတ်လုပ်ကြပေ။

မြသွေး




အတူးသည် လေးတန်း ကျောင်းသားတဦးဖြစ်သည်။ အတူး ကျောင်းသို့သွားတိုင်း ကုလားကွမ်းယာဆိုင်ကလေး အနီးမှ ဖြတ်သန်းသွားရသည်။
ကွမ်းယာဆိုင်ကလေးအနီးတွင် လမ်းသရဲဆံဆံ လူငယ်တစု အမြဲတမ်း ရဝေးပြီး လမ်းသွား လမ်းလာ မိန်းကလေးများကို အနှောင့်အရှက် ပေးနေတတ်သည်။
တနေ့အတူး ကျောင်းသို့အလာ ထိုကွမ်းယာ ဆိုင်ကလေးအနီးသို့ အရောက်တွင်–
ဟေ့ ချာတိတ် လာပါအုံးကွ--
ထိုဆံပင်ရှည်နှင့်လူက အတူးအား တ ရင်းတနှီးဖြင့်–
ကျွန်တော်က ဘာ ကူညီရမှာလဲ
အတူးတွင် အစ်မတယောက်ရှိသည်။ ထိုအစ်မဖြစ်သူ ကို လူကြီးများမသိစေပဲ စာပေးခိုင်းသည်။ မုံ့ဖိုးပေး မည်ဟု ဆိုသည်။ အတူးမှာ ကလေးပီပီ....
မုံ့ဖိုးရမယ် ဟုတ်လား


အစ်မဖြစ်သူကလည်း အတူးက ဤသို့ စာပေးစာယူ လုပ်ပေးသဖြင့် အမြဲတမ်း မုန့်ဖိုးများ ပေးလာတတ်ပါတော့သည်။
ဆောင်လွယ် အလုပ်လုပ်ရန် မုန့်ဖိုးများရသောကြောင့် အတူးမှာ ပျော်နေမိလေသည်။
တနေ့သော ညနေခင်းတွင် အတူးစာကျက်နေစဉ်
အတူးတို့သည် အိမ်ရှေ့အိမ်မှ အဖြစ်အပျက်ကို စိတ်မကောင်းစွာဖြင့် မြင်တွေ့ကြရလေသည်။
အိမ်ရှေ့အိမ်မှ လင်မယား ရန်ဖြစ်နေကြပါသည်။ လင်လုပ်သူက မယားအား တအားရိုက်နှက်နေ၏။
ထိုမြင်ကွင်းကို အတူးစိတ်မကောင်းသဖြင့် ဆက်ကြည့်မနေနိုင်တော့ပေ။



အတုး၏ ဦးနှောက်ထဲဝယ် ပုစ္ဆာဆံသော မေးခွန်းများ ဖြစ်ပေါ်လာသည်။ ထို့ကြောင့်
မေမေ..ဘာဖြစ်လို့ အဲဒီမိန်းမကြီးက မုန့်စရာကောင်းတဲ့ယောကျာ်းကြီးကို ယူရတာလဲ..ဟင်
အဲဒီမိန်းမက မစဉ်းစားတတ်ခဲ့တာကိုး..
အမေ၏ အဖြေကို နားမလည်နိုင်သဖြင့် အတုးသည် ထပ်ဆင့် မေးခွန်းထုတ်ပြန်သည်။
မေမေ..ဘာကို မစဉ်းစားတတ်တာလဲဟင်ဗျ
ဟဲ့..လမ်းသရဲလို ယောကျာ်းကို ယူမိယင် တနေ့ဒုက္ခရောက်မယ် ဆိုတာကိုပေါ့
အတုးမှာ ငယ်ရွယ်သူ ဖြစ်နေသည်။ ထို့ကြောင့် လမ်းသရဲဆိုတာ ဘာလဲ ဆိုသည်ကိုပင် နားမရှင်း ဖြစ်နေသည်။ အဖေဖြစ်သူက–
လမ်းသရဲဆိုတာ အားအားယားယား လေလားဝါးလားနဲ့ ပေတေပြီး ဆေးခြောက်တွေရှူ မိန်းကလေးတွေကို နှောင့်ယှက်နေတဲ့ လူငယ်တွေကို ခေါ်တာကွ..
အဲဒါကြောင့် သားတို့လိုကလေးတွေကို လမ်းသရဲမဖြစ်အောင် လူကြီးတွေက အတုဒိုးမများကြဖို့ ဆုံးမကြတာပေါ့..
အတုး၏ မျက်စိထဲဝယ် ဆံပင်ရှည်ရှည်ဖြင့် အစ်မဖြစ်သူကို စာပေးနိုင်းနေသည့် လူငယ်အား မြင်လာသည်။
ဒါဆို..တနေ့ ငါ့အမလ...
နောက်တနေ့ ကျောင်းသွားသောအခါ
ကျနော့်ကို သာမခိုင်းပါနဲ့တော့ဗျာ ကျနော်ဟာ ကျောင်းသားမို့ ကျောင်းသားအလုပ်ကို လုပ်တော့မယ်..
ပြီး




သို့မဟုတ် ကြမ်းပိုး၏ နှုတ်ရည်တွင် ပါရှိသော "ဖောမစ်အက်ဆစ်" ကြောင့် ဖြစ်လေသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကို ပုရွက်ဆိတ် သို့မဟုတ် ကြမ်းပိုးကိုက်သောအခါ လျှာရည်တွင်ပါသော ဖောမစ်အက်ဆစ် နှင့် အသား ထိတွေ့လာရ

## ပုရွက်ဆိတ်၊ ကြမ်းပိုးများကိုက်လျှင် ဘာကြောင့် ယားယံခြင်းဖြစ်ရသနည်း

သင်တို့သည် ပုရွက်ဆိတ် သို့မဟုတ် ကြမ်းပိုးကိုက်ခြင်းကို ခံရဘူးပေမည်။ အကိုက်ခံရသောနေရာတွင် နီလာပြီး အဖုအပိန့်များ ဖြစ်လာသည်ကို တွေ့ရမည်။ ယင်းနောက် ယားယံပေမည်။ တခါတရံ ကုတ်ရဖန် များသောကြောင့် အဖုအပိန့်များမှာ အနာပင် ဖြစ်လာတတ်သည်။ ဤသို့ ဖြစ်ရခြင်းမှာ ပုရွက်ဆိတ်သည်။ ဖောမစ်အက်ဆစ်သည် ဧရာမီးတမျိုးဖြစ်သောကြောင့် အသားအရေကို ယားယံစေ၍ အဖုအပိန့်များ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကို ပုရွက်ဆိတ် သို့မဟုတ် ကြမ်းပိုးကိုက်လျှင် အကိုက်ခံရသောနေရာတွင် ယားယံခြင်း ဖြစ်ပေါ်လာရပေသည်။


တင်လှဦး

## ကြက်ခြေနီဦးဘဏ်



# ကိုလတ်အကျင့်

ခေး (မုဆိမ်)



မိချို့တို့ မောင်နှမ လေးယောက် ရှိပါတယ်။ မိချိုဟာ အငယ်ဆုံးဖြစ်ပြီး တတိယတန်းကျောင်းသူဖြစ်ပါတယ်။ မမကြီးက ဒသမတန်း၊ ကိုလတ်က သတ္တမတန်းနဲ့ ကိုလေးက ပဥ္စမတန်းအသီးသီး ဖြစ်ကြပါတယ်။ မိချို့တို့ မောင်နှမတွေမှာ တယောက်ကို အကျင့်တမျိုးစီ ရှိကြတယ်။ မိချိုက စိတ်ကောက်တတ်တယ်၊ ကိုလေးက စိတ်ဆိုးလာပြီဆိုယင် တွေ့ရာနဲ့ကောက်ပေါက်တတ်တယ်၊ ကိုလတ်ကတော့ မုံ့ခိုးစား တတ်တယ်။ မမကြီးကတော့ အငယ်တွေမှာ အပြစ်ရှိယင် ဗိုက်ခေါက်ကို ဆွဲလိမ်ဆွဲတော့တာဘဲ။

မိချို့တို့ မောင်နှမ လေးယောက်ထဲမှာ မိချိုအကျင့်ဟာ အကောင်းဆုံးလို့ဘဲ ထင်တယ်။ ဘာဘဲဖြစ်ဖြစ် မိချိုဟာ အငယ်ဆုံး မှတ်လား။ ဒီတော့ဖေဖေနဲ့ မေမေကို ချွဲချွဲပြီး စိတ်ကောက်ရတာ အကြိုးတွေထက် တပန်းသာတယ် ဆိုယင် မမှားဘူးပေါ့နော်။

အဆိုးဆုံးအကျင့် ပိုင်ရှင်ကတော့ ကိုလတ်ပေါ့။ မုံ့ဆိုလဲ ခိုးစားရတာနဲ့၊ ဘာဘဲလုပ်လုပ် ခိုးကြောင် ခိုးဝှက်နဲ့လေ။ ဒါပေမဲ့ သူက အစားမှာသာ သောင်းကျန်းတာပါ၊ တခြားနေရာတွေမှာတော့ ကောင်းပါတယ်။

ပြောပြရ အုံးမယ် မိချို့တို့ မိသားစုရဲ့အဖြစ်အပျက်ကလေး တခုကို။ အဲဒီအဖြစ်က ရယ်စရာလိုလို၊ ငိုစရာလိုလိုနဲ့၊ ဘာလိုလို ဘဲ ဖြစ်ဖြစ် အဲဒီ အကြောင်းကြောင့် ကိုလတ် တယောက် အကျင့်ပျောက်သွား တာတော့ အမှန်ဘဲ။

မိချို့တို့ မောင်နှမ တွေက တခန်း သတ်သတ်အိပ်တယ်။ မိချိုကို့အိပ်ခန်းနဲ့ ထမင်းစားခန်း ကာကပ်နေတော့ မိချိုနဲ့မမကြီးရဲ့ ခြင်ထောင်ထဲကနေ ထမင်းစားခန်းထဲက ကြောင်အိမ်ကို လှမ်းမြင်နိုင်တယ်။ အဲဒီကြောင်အိမ်ထဲမှာ ပန်းကန်တို့၊ မုံ့ထုပ်တို့ အပြင် တခါတလေ ထမင်းချမ်းတို့၊ ဟင်းအိုးတို့လဲ ထားတတ်တယ်။ ဒါက မိချိုပြောပြမဲ့ အကြောင်းနဲ့ ဆိုင်နေလို့ အရင်ပြောတာဖြစ်ပါတယ်။

ကဲ – မိချိုပြောပြမယ်ဆိုတဲ့ အဖြစ်အပျက်ကို အခု စပြောတော့မယ်နော်။ တညမှာပေါ့....

အဲဒီ နေ့က သောကြာနေ့ ဖြစ်ပါတယ်။ မိချို အရင်ဆုံး အိပ်ရာဝင်တယ်။ ကိုလတ်နဲ့ ကိုလေးက စာကျက်ပြီးလို့ အိမ်ဆောက်တမ်း ကစားနေတယ်။ မမကြီးကတော့ ထုံးစံအတိုင်း စာကျက်နေပါတယ်။

မိချို တရေးနိုးတော့ ထမင်း

စားခန်းနဲ့ မိချို့တို့အိပ်ခန်းကြားက တံခါးပေါက်ပွင့်နေတာ တွေ့ရပါတယ်။ ဒါနဲ့ဘဲမိချိုလဲ ထမင်းစားခန်းထဲကို ကြည့်လိုက်တော့ ညက မှောင်နေတော့ ဘာမှ သဲသဲကွဲကွဲ မမြင်ရဘူး။ ဒါပေမဲ့ ကြောင် အိမ် နား မှာ လူ တယောက် ကုန်းကုန်းကုန်းကုန်းနဲ့ တခုခု ခိုးစားနေတာ တွေ့ရပါတယ်။ ကိုလတ်ဘဲ ဖြစ်ရမယ်။ သူတခုခုခိုးစားချင်လို့ တံခါးဖွင့်ပြီး တိတ်တိတ်ကလေး စားတာ ဖြစ်မှာဘဲ။ ကိုလတ်တော့လား မနက်ကျမှ တိုင်ပစ်လိုက်မယ်လို့ မိချိုစိတ်ထဲက တွေးနေမိတယ်။ နောက်ပြီး မိချို ပြန်အိပ်ပျော်သွားတယ်။

ဆူဆူညံညံအသံတွေကြောင့် မိချိုမနက်ငါးနာရီခွဲလောက်မှာ နိုးလာပါတယ်။ ဘာဖြစ်တာလဲ သိချင်လို့ အိပ်ရာက ကမန်း ကတန်းထပြီး မမကြီးကိုမေးကြည့်တော့ မမကြီးက –

“မိချို၊ မနေ့ညက တို့အိမ်ပေါ် သူခိုးတက်လို့တဲ့။ ညှော်ခန်းက ပြူတင်းပေါက်ကြီးလဲပွင့်လို့၊ အဝတ်အစားတွေတော့ ပါမသွားဘူး၊ ညှော်ခန်းထဲက နာရီရယ်၊ ရေဒီယိုရယ်၊ ဖေဖေ့မျက်မှန်ရယ်၊ တိုဖောင်တိန်တွေရယ် ဒါလောက်ဘဲ ပျောက်တာ သိသေးတယ်။ သူခိုးက မခေဘူးတော့၊ ကြောင်အိမ်ထဲကထမင်းဟင်းတွေတောင် စားသွားသေးတယ်။ အဲ–နောက်ပြီး ကြောင်အိမ်ထဲက လက်ဖက်ရည် ပန်းကန်နှစ်စုံလဲ ပါသွားတယ်။ မမကြီးလဲ ဆယ်နာရီခွဲတော့ အိပ်ချင်ချင်နဲ့မို့ တို့အခန်းနဲ့ ထမင်းစားခန်း အကူး တံခါးတောင် မပိတ်မိဘူး။ ဒါပေမဲ့ သူခိုးက တို့အခန်းထဲမှာ လူရှိမှန်းသိလို့ မဝင်ဘူး ထင်တယ်၊ ဘာမှ မပျောက်ဘူး” ဆိုပြီး ရှင်းပြပါတယ်။

ဒီတော့မှ မိချိုလဲ ညက ကြောင်အိမ်နားမှာ တွေ့တဲ့ လူဟာ ကိုလတ် မဟုတ်မှန်း တွေးမိတော့တယ်။ အဲဒီ အကြောင်း ဖေဖေ့ကိုပြောပြတော့ ဖေဖေက –

“ဟုတ်လား သမီး၊ တော်သေးတာပေါ့ကွယ်။ သမီးက ကိုလတ်မှတ်လို့ စကားပြောလိုက်မိယင် မခက်ပါလား။ ဟော့ ကိုလတ် မင်းလဲ မှတ်ထားနော်၊ မင်းကြောင့် မင်းညီမလေး ဒုက္ခရောက်တော့မလို့။ မိချိုက သူခိုးကို မင်းအမှတ်နဲ့ တခုခု ပြောလိုက်မယ်ဆိုယင် ဟိုက ဘာပြန်လုပ်မယ်မဆိုနိုင်ဘူး” လို့ကိုလတ်ကို ပြောလိုက်ပါတယ်။

အဲဒီနေ့ကစပြီး ကိုလတ်ရဲ့ ခိုးကြောင်ခိုးဝှက် အကျင့်ကြီးဟာ ပျောက် သွား ပါ တော့ တယ်။

× × ×


# မြန်မာ့ပွဲတော်များ

တန်ခူးလမှာ သင်္ကြန်တာ၊
ကဆုန် ညောင်ရေပါ။
စာပြန်ပွဲခါ နယုန်တွင်း၊
ဝါဆိုအလှူ မြတ်ပဥ္စင်း။
စာရေးတံကျပ်း လဝါခေါင်၊
ကုသိုလ်ဒါနဆောင်။
မြစ်လယ်ခေါင် လှေပြိုင်ပွဲ၊
တော်သလင်းလမှာ ယှဉ်လို့နွဲ့။
သီတင်းကျွတ်လဲရောက်သောအခါ၊
ဆီမီးထွန်းညှိတာ။
တန်ဆောင်မုန်းမှာ ကထိန်နွဲ့၊
နတ်တော်စာဆိုပွဲ။
နှင်းမှုန်ကြဲတဲ့ လပြာသို၊
ကောက်ရိတ်သိမ်းပွဲကို။
တပို့တွဲဆို ပျော်ရွှင်နွဲ့၊
ထိုးကြထမနဲ။
သဲစေတီပွဲ တပေါင်းခါ၊
ကျင်းပပြုလုပ်တာ။
သေသေချာ မှတ်ကာထား၊
မြန်မာ့ပွဲတော်များ။ ။


တောသားကြီး-မြသိန်းအောင်



R. 517







# ဆန်ပိုး

ဆန် ကို စား သုံး ကြ သူ တိုင်း ဆန်ပိုးကို တွေ့ဘူးကြမည် ဖြစ်သည်။ ဆန်ပိုးသည် အင်ဆက်ပိုးတမျိုး ဖြစ်သည်။ စေ့ပေါက်ပိုး၊ စပါးကျီပိုးမဲ၊ ဆန်ဆင်ပိုး စသည်ဖြင့် ဒေသအလိုက် ခေါ်ကြသည်။ အညိုရင့်ရောင် မာကျော သောကိုယ်နှင့် ခြေထောက်ခြောက်ချောင်း ရှိပြီး နှုတ် သီး ရှည်သည်။ သိုလှောင်ထားသော ဆန်၊ စပါး၊ ပြောင်း၊ ဗာလီ၊ ဂျုံ စသည်တို့တွင် အများဆုံး ပေါက်ဖွားကြသည်။

ဆန်ပိုးသည် ဆန်စေ့၊ ဂျုံစေ့ စသည်တို့တွင် အပေါက်ငယ် တပေါက် ဖောက်၍ ထို အပေါက်ထဲ၌ ဥ အုသည်။ ဥမှ လောက်ကောင်အဖြစ် ပေါက်လာပြီး ဆန်စေ့အတွင်းသားကို စား သောက် ရင်း ကြီးထွားလာသည်။ ထို့နောက် ပိုးတုံးလုံးဘဝဖြင့် နောက်ဆုံး ဆန်ပိုးဘဝ ရောက်သည်အထိ အောင်းနေသည်။ ဥမှ ဆန်ပိုးဖြစ်လာသည်အထိ ရက်သတ္တလေး ပတ် မျှ အ ချိန် ကြာသည်။ ဆန်ပိုးအမသည် ဥ အမြောက်အမြား အုသည်။

ဆန်ပိုးကို ထိလိုက်သည့်အခါ ခြေများ ကို ကွေး၍ မလှုပ်ရှားပဲ သေဟန်ဆောင်နေတတ်သည်။ ဆန်ပိုး ဘဝတွင်လပေါင်းများစွာအသက် ရှင်နေသည်။

**မောင်ဆုပန်**





ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၂၀။


# ရွှေသွား
## ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - လှမွန်

၁၃၃၆ ခု၊ ပထမဝါဆိုလဆုတ် ၁၀ ရက် (၁၃-၇-၇၄)



စနေနေ့တိုင်း ထုတ်ဝေသည်။



တခါတုန်းက အိမ်တန်စက်မြိတ်အောက်တွင် ငှက်ပြာတို့ ဇနီးမောင်နှံ နေကြသည်။
တဖက်တွင် အိမ်စာ မိသားစုလည်း အသိုက်လုပ်၍ နေထိုင်ကြလေသည်။
တနေ့တွင် စာသားလေးက စာမ အား
သူတို့နဲ့ဝေးတဲ့ နေရာ ပြောင်း ပါလား - မေ
အေးဟဲ့၊ သားပြောတာ မှန်တယ်
ညနေဖက်တွင် ကိုစာ အစာရှာရာမှ ပြန်ရောက်သော် စာမက ပြောပြ၍



သို့သော် မစာသည် ခိုသိုက်ဖက် လှည့်၍
နောက်ထနေ့၌ ကိုစာမရှိခိုက် မစာသည် ခိုပြာ
အခန်းသွား၍ ရန်တွေ့ပြန်သဖြင့်



များမကြာမီ တနေ့တွင် စာမသည် တတိယ မြောက် ဥကို ဖွားမြင်ပြီး ဖြစ်ခဲ့၏။
အမေကြီး ရယ် - ကလေးငယ်တွေ - ဥက ပေါက်ခင် ကြားမှာ အစာ ထွက်ရှာလိုက်အုံး မယ်။ တော်တော်ကြာ - စားမယ့် သောက်မယ့် သူတွေ များလာလို့ - အမေကြီး ရှာတာနဲ့ လောက်မှာ မဟုတ်ဘူး။
ရှင်မ - လိုက်နိုင် ယင်လဲ - မနက်ဖြန်း တော့ လိုက်ပေါ့ ကွာ....
တနေ့တွင် ကျီးတကောင် ပေါက်လာပြီး စာသိုက်ကို သဲသဲမဲမဲချောင်းနေသည်ကို–
စာကလေးဥ
ဒိုမလေးဖြူဖြူက မြင်လေသော်–
မောင်ရေ - ဟိုမှာ ကြည့်စမ်း ကျီး တကောင် စာဥတွေကို ချောင်းနေတယ်။
အေး - ဟုတ်သားဘဲ၊ ကျီးကို သွား ပြောမှ
ဒီမှာ - ကိုကျီးရယ်.... ခင်ဗျားလဲ - ဥကပေါက်တဲ့ ငှက်ဘဲ။ သူတို့လဲ ဥကပေါက် တဲ့ငှက်ဘဲ။ ဒီတော့ - ကျုပ်တို့ တတွေဟာ - အသွင်ကွဲပေမယ့် ဘဝတူ အမျိုးသားတွေပါဗျာ။ ဒါကြောင့် ဘဝတူချင်း မရက်စက်သင့်ပါဘူး။ ခင်ဗျား အတွက် - တခြား အစာတွေ အများကြီး ရှိပါတယ်ဗျာ.....
ဒိုက်ကွမှာ ခင်ဗျား အနေသာကြီးပါဗျာ။ ကျုပ် စားချင်တဲ့ အစာ ကျုပ် ရှာတာဘဲ။
ခင်ဗျား ကျုပ်ရဲ့ အစာကို မဟန့်တား ပါနဲ့.
ကျီးသည် ခပ်တင်းတင်းပြောပြီးလျှင် စာဥကို တိုးသုတ်ရန် ပြင်နေသဖြင့် ကိုပြာကြီးက ကြိုး စား ကာကွယ်နေစဉ်


စာမ ပြန်လာခိုက်နှင့်ကြုံ၍
ကျီးသည် အခြေအနေ မဟန်တော့သဖြင့် ထွက်ပြေးသွားလေ၏။ စာသိုက်၌
မကြာမီ ကိုစာ ပြန်လာရာ
ဟိုမှာလေ
တဖက်သို့ လှည့်ကြည့်လိုက်ရာ ဖြူဖြူနှင့် ဝေါ လေးစာ တို့မှာ အချစ်နာလံ ထ နေသည်ကို တွေ့ရလေသတည်း။


သူများငိုရင်
ကိုယ်ရယ်မယ်
ရေးဆွဲသူ - ကျော်ကြီးမိုး
လေးမောင်မောင်
ဖိုးကောက်သည် သူများကိုလန့်သွားအောင် နောက်ပြောင်တတ်သော ဝါသနာ ရှိသည်။
တနေ့တွင် ခြောက်ပင်ဘဲ ပြုံးကျယ်တို့ ကူစုထဲသို့ မြွေလေးတကောင် ကျလာရာ ....
အံ့
မယ်
ဗလေး
ဟ
ဟ
ဟား
ဖိုးကောက် သည် သူ့ သူငယ်ချင်းများလန့်သွားသည်ကို အတော်သဘောကျသွားသည်။
ထိုနောက် ဖိုးကောက်သည် မြွေရုပ်လေးအား ကောက်ကိုင်ပြီး ....
ဒါ မြွေအစစ် မဟုတ်ဘူးကွ ရော်ဘာနဲ့ လုပ်ထားတဲ့ မြွေရုပ်လေးပါ ...
တကယ့်မြွေနဲ့ သိပ်တူတာဘဲ
ထိုအခိုက် နှင်းနှင်း သည်လွှက်ရည် ဝယ်ပြီး ပြန်လာသည်။
ဟေ့ - ဖိုးကောက် နင်တို့ ဘာလုပ်နေကြတာလဲ


ပဲလှော်စားနေကြတာ ရော့ နင်စားချင်ယင် ကြိုက်သလောက်နှိုက်စား
ငါက ပဲလှော် ကြိုက်တာနဲ့ အတော်ဘဲ
နှင်းနှင်း သည် စားချင်ဇောနှင့်
အမလေး မြွေကြီး
နင့်ကြောင့် ငါ့လက်ရည်တွေ မှောက်ကုန်ပြီ - ခြေပေး ဟီး အဟွန့် ဟွန့်
ထိုအချိန်တွင် ဦးကြီးတယောက်ရောက်လာပြီး
သိမ်ကြီးလမ်းဆိုတာ ဘယ်နားမှာလဲကွယ့်
ဒီကနေ အောက်ဖက်ကို တည့်တည့်လျှောက်သွားပြီး တစ် ကားကိုစီးပါ - ဂိတ်ဆုံး ရောက်ယင် ဆင်းပြီး .......
မိုးချုပ်၍ ဖိုးကောက် အိမ်ပြန်ရောက်သော်
ဟေ့ ... ချမ်းဘုံ ချမ်းဘုံ ဒီကလေးပေါ့ ညနေက ငါ့ကို လမ်းလွှဲပြောပြီး ချောက်ချလွှတ်တာ
ဟာ!
ခရီးသည် တယောက်ကို မကူညီဘဲ ဒုက္ခရောက်အောင် လုပ်ဘုံးမလား အဲ ဒါ နင့် အကြိုးတော်တယ် ဟဲ့
အမလေးဗျ

# ဝါဆိုလ



ဝါဆိုလသည် မြန်မာပြက္ခဒိန်တွင် စတုတ္ထလ ဖြစ်သည်။ ဝါဆိုလတွင် ရက်ပေါင်း ၃၀ ရှိပြီး အချိန်အားဖြင့် နေ့တာရှည်၍ ညတာတိုသည်။ မြန်မာ နာရီအားဖြင့် ဝါဆိုလ၌ နေ့ ၃၆ နာရီ၊ ည ၂၄ နာရီ ဖြစ်သည်။ ရာသီအလို ကာရကဋ်ရာသီ၊ နက္ခတ်အလို ပြုမ္မာသဋ် နက္ခတ်နှင့် စန်းယှဉ်၍ လပြည့်သည်။ ဤလ၌ မျိုးတာရာထွန်း၍ ရာသီရပ်ကား ပုဇွန်လုံး ဂဏန်းသဏ္ဌာဝါပုံ ဖြစ်လေသည်။



ရှေးအခါက ဝါဆိုလကို "မြွယ်တာလ"၊ "နွယ်တာလ"၊ "နွေတာလ" ဟူ၍ အမည် အမျိုးမျိုးဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။

"ဝါ"မှာ ပါဠိစကားဖြစ်၍ "နေခြင်း"ဟု အဓိပ္ပာယ်ရသည်။ "ဆို"မှာ "ရွတ်ဆိုခြင်း" ဖြစ်သည်။ ထို့ကြောင့် "ဝါဆိုလ" ဟူသည် "နေ ခြင်း ကို ရွတ် ဆို ခြင်း" ဟူ၍ တိုက်ရိုက် အဓိပ္ပာယ် ထွက်သည်။

ဗုဒ္ဓဘာသာ ရဟန်းတော်များသည် ဝိနည်း ဥပဒေတော်အရ၊ ဝါဆိုလပြည့်ကျော် တရက်မှ သီတင်းကျွတ် လပြည့်နေ့အထိ မိုးရာသီ ဝါတွင်း သုံးလအတွင်း၌ အခြားတပါးသို့ ညအိပ် ညနေ မသွားပဲ "မိမိတို့၏ ကျောင်းအရာမ်တွင်း ရှိနေပါမည်" ဟု ရွတ်ဆို အဓိဋ္ဌာန်ပြုကာ ဝါကပ်ကြသည်။ ဤသည်ကို ရည်၍ ဝါဆိုလဟု ခေါ်မှတ်ပြုခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဝါဆိုလတွင် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူလေ့ ရှိကြ





သည်၊ လူငယ် လူရွယ်များမှာ ဝါဆိုလပြည့် နေ့တွင် အုပ်စုလိုက် ပန်းခူးထွက်၍ ဘုရားပုထိုးများတွင် ပူဇော်ကြသည်၊ ဝါဆိုလ၏ ရိုးရာပွဲတော်မှာ ပဥ္စင်းခံပွဲဖြစ်သည်။ ပုန်းညက်ပန်းမှာ ဝါဆိုလ၏ ပိသေသပန်း ဖြစ်သည်။

''ယောကျ်ားဝါဆို မိန်းမပြာသို''ဟူသော ဆိုရိုးစကားအရ၊ ဝါဆိုလ ဖွားများသည် ကြီးပွားထတ်သည်ဟု ရိုးရာဓလေ့အဖြစ် မြန်မာတို့ ယုံကြည်ကြသည်။ ဝါဆိုမှစ၍ သီတင်းကျွတ်လအထိ ဝါတွင်းသုံးလတွင် ဗုဒ္ဓဘာသာဝင်မြန်မာ အမျိုးသား အမျိုးသမီးများသည် အိမ်ထောင်ပြုခြင်းမှ ရှောင်ကြဉ်လေ့ရှိကြသည်။

ဝါဆိုလသည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်လ ဖြစ်သည်။ ဤလတွင် ဗုဒ္ဓမြတ်စွာသည် နတ်ပြည်သို့ကြွမြန်း၍ တဝပဟောင်းက မိခင်ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သားနှင့်တကွ နတ်အပေါင်းတို့အား အဘိဓမ္မာ တရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော် မူခဲ့သည်။


ဝါဆိုလပြည့်နေ့၌ ဗုဒ္ဓလောင်းလျာသည် မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူတော်မူသည်၊ ဝါဆိုလပြည့် တနင်္လာနေ့တွင် တောထွက်တော်မူပြီး၊ ဝါဆိုလပြည့် စနေနေ့တွင် ဘုရားရှင်သည် ဓမ္မစကြာတရားဦးကို ဟောတော် မူခဲ့သည်၊ ဤသည်ကို ရည်၍ ''သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ဟောမြွက် လဝါဆို''ဟူ၍ ဆိုစမှတ်ပြုကြသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် နှစ်စဉ် ဝါဆိုလပြည့်နေ့ကို''ဓမ္မစကြာအခါတော်နေ့'' ဟူ၍ သတ်မှတ်လျက် ဓမ္မစကြာတရားတော်များကို ရွတ်ဖတ် နာကြားခြင်း၊ အလှူဒါန ပြုခြင်းစသော ကုသိုလ်ကောင်းမှုများ ပြုလေ့ရှိကြသည်၊

ခမာဝင်ပေါ်ထွန်း



မှတ်စုစာအုပ်ကလေး
ရေးဆွဲသည်
ဖေဖေသည် ကျနေဉ်ကို မှတ်စု စာအုပ် ကလေး တအုပ် ဝယ်ပေး သည်။ ပြီးတော့ ထို စာအုပ်ထဲ တွင် နေ့ စဉ် မှတ် တမ်း ရေး မှတ် ရမည် ဟု ဆို သည်။
ညအိပ်ရာ ဝင်ခါနီးတွင် မှတ်စု စာအုပ်ထဲ၌ မှတ်စရာများကို စဉ်းစားနေမိသည်။
ဘာမှတ်ရယင် ကောင်းမလဲ
အိုကွာ...ဒီနေ့တနေ့တာ မင်းလုပ်ခဲ့သမျှတွေကို မှတ်လိုက်ပေါ့
အား-ဟုတ်သားဘဲ ဒီနေ့-ငါ ဘာလုပ် ခဲ့သလဲ
ပထမ ဖေဖေ့အိတ်ထဲက ပိုက်ဆံတကျပ် ခိုးတယ်
ပြီးတော့ကျောင်းတေးမှာ သူငယ်ချင်းတွေနဲ့ မျောက်ပန်းလွှန်တယ်။


နေ့လယ်ပိုင်းမှာ ဆံနီလာခေါ်လို့ ကျောင်းပြေးပြီး ရုပ်ရှင်သွားကြည့်တယ်။
ရုပ်ရှင်က အပြန် လမ်းဖြတ် အကူးမှာ ကား တိုက်ခံရမလို့ သီသီလေး....
ကျွီ...
အိမ်းမှာ ဗိုက်ဆာလာလို့ ဘယာကြော် ထုလားကြီးဆီ ဝင်ပြီး ဘယာကြော် စားကြတယ်။
ပြီးတော့ ပိုက် ဆံ မပေး ဘဲ ထွက် ပြေး ကြ တယ်။ ဟီးဟီး ပျော်စရာကြီး။
ဟေး ကောင်လေးတွေ ပိုက်ဆံပေးခဲ့လေ
ဦးသုဇာ စိုးတော့ ဦးသောက်ဘဲတော်ပြီ အိပ်မှ
ဟောမျှ..မေမေ ငါ့မှတ်စုစာအုပ်ကို ဖတ်နေပါလား


ဖေဖေသည် ကျနော်ရေးမှတ် ထားသည်တို့ကို သေသေချာချာ ဖတ်ပြီး....
ဟင်..ဒီကောင် မဟုတ်တော်ဆိုးတဲ့ ကောင်ဘဲ
ဟုတ်တယ် ဒီပဲဆိုးတဲ့ကောင် အဲ့မှတ်စုစာအုပ် ဖြစ်ရတာ–ကျနော် နာမည်ပျက်တယ်...ဖိုက်
ရိုက်မယ် ဖိုက်ရမယ်
ကဲ..ကဲဟာ..
ဖုန်း
အမ်းရေးဗျ
ဖုန်း
အလို... ငါ အိပ်မက်နေတာပါလား မိုးလင်းလို့–မေမေတောင် အဝတ်လျှော်နေပြီ
ဖုန်း
ဖုန်း
ထို့နောက် မှတ်စုစာအုပ်ကလေးထဲတွင် မှတ်သားစရာ ရေးရမည်ကိုတော့ ကျနော်လန့် နေပါပြီ။
ဟဲဟဲ–မလန့်ပါနဲ့၊ မင်းအမေ ဖြစ်စေချင်သလို လိမ်လိမ်မာမာနဲ့ ပညာကြိုးစားသင်နေတဲ့ အကြောင်း မှတ်တမ်းရေးနိုင်အောင် လိမ်လိမ်မာမာနေ.... ပညာကိုကြိုးစား ဒါဘဲပေါ့ကွ–ဟား ဟား
ပြီး




မွန်းတည့်ချိန်တွင် နေသည် ကမ္ဘာမြေကြီးနှင့် အနီးဆုံးတွင် တည်ရှိသည်။ ထို့ကြောင့် နေမှ လာသော အလင်းရောင်နှင့် အပူရှိန်မှာ အပြင်းထန်ဆုံး အချိန် ဖြစ်သည်။ အလင်းရောင်တွင် ခရမ်းဘေး ရောင်ခြည်ဟု ခေါ်သော ရောင်ခြည်တမျိုး ပါရှိသည်။ ထိုရောင်ခြည်ကို ကျွန်ုပ်တို့မျက်စိဖြင့် မမြင်ရပေ။ ထိုရောင်ခြည်သည် ရိုးရိုး အလင်းရောင်ထက် စွမ်းအား ပိုမိုပြင်းထန်သည်။ အရာဝတ္ထုတို့ကို ဖောက်ထွင်း နိုင်အားလည်း ပိုများသည်။ ခရမ်းဘေးရောင်ခြည် ခပ်များ များမျက်စိပေါ် ကျရောက်ပါက မျက်စိအာရုံကြောကို ထိခိုက် ဒုက္ခပေးနိုင်သည်။ နေမွန်းတည့်ချိန်တွင် ခရမ်းဘေး ရောင်ခြည် အများဆုံး ကမ္ဘာမြေပေါ်သို့ ကျရောက်သည် ဖြစ်ရာ မွန်းတည့်ချိန်တွင် နေပူထဲ၌ လမ်းလျှောက်ခြင်းကို ရှောင်ကြဉ်သင့်ပေသည်။ မလွှဲသာ၍ သွားလာရလျှင်လည်း မျက်စိကို အကာအကွယ် ပေး၍ သွားလာသင့်ပေသည်။

တင်လှဦး

## ကျောင်းရှိသည် ဖြေးဖြေး





# ကျန်းမာပါဖွ
ဆွေး

ကျွန်တော်သည် ပထမတန်း ကျောင်း သား မောင်မောင်ဇော် ဖြစ်ပါသည်။ ကျောင်း တက်ရလျှင် ကျွန်တော် ပျော်ပါသည်။ အိမ်မှာနေလျှင် မေမေက ချုပ်ချယ်လွန်း၍ ကျွန်တော် စိတ်ညစ်ပါသည်။ မေမေသည် ကျွန်တော့်ကို လွတ်လွတ်လပ်လပ် နေခွင့်မပေးပါ။ ကျန်းမာခြင်းသည် အ ရေး ကြီး ၍ သန့်ရှင်းစွာ နေထိုင်ရန် လိုကြောင်းကိုလည်းတတွတ်တွတ် ပြောတတ်ပါသည်။

တနေ့တွင် ကျွန်တော်သည် လမ်းမှ ကောက်ယူခဲ့သော နို့ဆီခွက်အဟောင်း နှစ်လုံးကို အပေါက်ဖောက်၍ အပ်ချည်ကြိုး တပ်ကာ ညီလေးကျော်ကျော်နှင့် တယ်လီဖုန်း ဆက်တမ်း ကစားနေပါသည်။ ထိုစဉ်–

"အို - သားတို့ရယ်၊ နို့ဆီခွက်တွေက ညစ်ပတ်လို့ပါလား၊ ဒါတွေ ဘယ်ကရလာပြန်ပြီလဲ"

"လမ်းက ကောက်ခဲ့တာပါ မေမေ"

"လမ်းက ကောက်ခဲ့တာဆိုယင် သဲတွေ ဖုန်တွေ ကပ်နေမယ်။ အဲဒီထဲက ရောဂါပိုးတွေဟာ သားတို့လက်တွေက တဆင့် ကိုယ်ခန္ဓာအတွင်းကို ဝင်သွားတတ်တယ်"

"ဒါဖြင့် အိမ်ကနို့ဆီခွက်ပေးပါမေမေ"

သို့ ရာ တွင် "လက်ရှာတတ်တယ်" ဟူသော အကြောင်းပြချက်ဖြင့် မေမေက မပေးပါ။

မေမေသည် ကျွန်တော်တို့ ကစားနေသော နို့ဆီခွက်များကို ယူ၍ လွှင့်ပစ်လိုက်ပါသည်။

နံနက် အိပ်ရာ ထတွင်ရင်း၊ ညအိပ်ရာဝင်ခါနီးတွင်ရင်း ကျွန်တော်ရော ညီလေးပါ ခြေလက်ဆေးရပါသည်။ ညီလေးမှာ ရေကြောက်သူဖြစ်၍ ရေထိလျှင် ငိုတတ်ပါသည်။

ညီလေးမှာ နှစ်နှစ်ပင် မပြည့်သေးပါ။ အရုပ်ဖြင့် ကစားခြင်းကို အလွန်နှစ်သက်သူ ဖြစ်ပါသည်။ တနေ့တွင် ညီလေးကြမ်းပေါ်တွင် ထိုင်ကာ အရုပ်ကလေးများဖြင့် ကစားနေစဉ် ကားရုပ်ကလေးကို ကောက်ယူ၍ ပါးစပ်ဖြင့် ကိုက်ထားလိုက်ပါသည်။မေမေမြင်သောအခါ–

"သား အောက်မှာချထားတဲ့ အရုပ်ကို ပါးစပ်ထဲ မထည့်ရဘူး။ ပါးစပ်ထဲကို ဖုန်တွေဝင်သွားယင် ရောဂါရလိမ့်မယ်"

မေမေသည် ညီလေးကိုခေါ်၍ ပါးစပ်ကိုရေဖြင့် ဆေးကြောပေးပါသည်။ ရေထိလျှင် ညီလေးက ငိုပါတော့သည်။ မေမေသည် နေရာတိုင်းတွင် "ရောဂါရတတ်တယ်" ဟူသော စကားဖြင့် ကျွန်တော်တို့ကို ချုပ်ချယ်ပါသည်။

မေမေသည် မနက်ကျောင်းသွားခါနီးတွင်လည်း စာအုပ်၊ ပေတံ၊ ခဲတံများ ပါမပါ စစ်ဆေးပါသည်။ကျွန်တော်အဝတ်အစားလဲပြီးလျှင်လည်း ခြေဆုံးခေါင်းဆုံး သေချာစွာ ကြည့်ပါသည်။

"သန့်ရှင်းမှ ရော ဂါ ကင်း

မယ်။ ရောဂါကင်းရှင်းမှ စိတ်ပျော်ရွှင်မယ်" ဟု ဆိုလေ့ရှိပါသည်။

ကျောင်းမှ ပစ္စည်းတစုံတခု ကောက်ရ၍ အိမ်သို့ ယူလာမိလျှင်လည်း —

"ပိုင်ရှင်ကို ပြန်မပေးဘူးလား။ ပိုင်ရှင်မရှိယင် ဆရာမဆီမှာ အပ်လိုက်ပေါ့"စသည်ဖြင့် လေရှည်ပါတော့သည်။

ကျွန်တော် နား လည် ပြီးသား စကားများကိုပင် ထပ်ခါထပ်ခါ ပြောနေပြန်ပါသည်။ ကျွန်တော် စိတ်တိုမိပါသည်။ သို့သော် မေမေ့ကို ကြောက်၍ ဘာမျှ ပြန်မပြောဘဲ ခေါင်းကို တွင်တွင်ညိတ်ပြီး နားထောင်နေရပါသည်။

လစဉ် စာမေးပွဲနီးလျှင် ဆရာမက "ဇော်ဇော့်လို စာကြိုးစားကြ။ ဇော်ဇော်က စာဆို အကြွေးမထားဘူး" စသည်ဖြင့် ချီးမွမ်းတတ်ပါသည်။

ယနေ့ ကျွန်တော်နှင့် တွဲသော မောင်သိန်းစိုး ကျောင်းမတက်သောနေ့ ဖြစ်ပါသည်။ ကျွန်တော်သည် တွဲဖက်မရှိသဖြင့် တယောက်တည်း ပျင်းနေမိပါသည်။

ကျောင်းတက်၍ ဆရာမက ကျောင်း မတက်သော သူများစာရင်း ကောက်ရာ လေးဦး ကျောင်းပျက်ကြောင်း သိရပါသည်။ ဆရာမက —

"နှစ်ယောက်ဆီကတော့ ခွင့်စာရတယ်။ မောင်သိန်းစိုးက အနာတွေပေါက်လို့တဲ့။ မောင်ဝင်းမောင်ကတော့ ချောင်းဆိုးလို့တဲ့။ ကျန်းမာရေး ဂရုစိုက်ကြပါကွယ်၊ခုတလော ကျောင်းပျက်သူတွေ များနေတယ်"

နောက်တနေ့တွင်ဆရာမက—

"မောင်သိန်းစိုး တယောက် ဝဲတွေပေါက်လို့တဲ့။ ဇော်ဇော်ဟာ အမြဲ သန့်သန့်ရှင်းရှင်း နေတယ်။ မင်းတို့လဲ သန့်သန့်ရှင်းရှင်း နေကြပါ။ မောင်သိန်းစိုးဟာ ကျန်းမာရေး ဂရုမစိုက်ဘဲ ညစ်ပတ်လို့ ဒီလိုဖြစ်ရတာဘဲ။ သူ့အနာတွေက ပြည်တရွှဲရွှဲနဲ့ ကိုက်လို့ ငိုနေရသတဲ့"

ဆရာမက ဤသို့ ကျွန်တော့်ကို ချီးမွမ်းလိုက်သောအခါ မေမေ့ကို တွေး၍ ကျေးဇူးတင်မိပါသည်။

"မေမေ့ကြောင့် ငါချီးမွမ်းခံရတာဘဲ"

တခါက လက်ကို ဆူးစူးမိသော အနာလေးကိုပင် စိတ်မရှည်သော ကျွန် တော် သည် သိန်းစိုးလို အနာတွေ ပေါက်လျှင် ဘယ်လောက် စိတ်ညစ်ရမလဲဟု တွေးမိပါသည်။

"အော် - မေမေ့ကို ငါအပြစ်မြင်ခဲ့တာတွေ မှားပြီ၊ အိမ်ပြန်ရောက်မှ မေမေ့ကို တောင်းပန်ရအုံးမယ်"

ကျွန်တော် သဘောပေါက်ပါပြီ။မေမေ့မေတ္တာကိုနားလည်သကဲ့သို့ "ကျန်းမာရေး" ကိုလည်း ဂရုစိုက်သင့်ကြောင်း နားလည်ပါပြီ။

## ဗိုလ်ချုပ်ပြောစကား


တိုင်းပြည်ခေါင်းဆောင်
ဒို့ဗိုလ်ချုပ်က၊
ကောင်းအောင်လုပ်ဖို့ ပြောခဲ့ကယ်။
ချောတာစုကာ ချွေတာစားလို့၊
ပြည် ကျိုးစီးပွား တူထောင်ကွယ်။
ဖွံ့ဖြိုးနိုင်ငံ နမူနာထားလို့၊
လုပ်ကိုင်သွားမှ ကြီးပွားမယ်။
အဖက်ဖက်မှာ စည်းကမ်းချက်နဲ့၊
တာဝန်မပျက် လုပ်ဆောင်ကွယ်။
လွတ်လပ်ရေးဟာ အရေးကြီးသပါ၊
သွေးစည်းညီညွတ် ဒို့ကာကွယ်။
စည်းလုံးမှုဟာ ပြည့်အင်
မပျက်ပြားအောင်ထိန်းရမယ်။
မျိုးချစ်စိတ်တွေ အစဉ်မွေးလို့၊
လူမျိုးရေးလဲစောင့်စည်းကွယ်။
အတ္တပရ မျှစွာထားလို့၊
ဝိသမ စိတ်ထား ရှောင်ရှားကွယ်။
သည်စကားတွေဦးထိပ်ထားလို့၊
ဒို့များလိုက်နာ ကျင့်သုံးမယ်။
အမြဲကွယ် ကျင့်သုံးမယ်။ ။

ရန်ကင်း လှင်အေး



R. 517





# အရွက်ပိုး

အရွက်ပိုးသည် ပိုးဖလံတမျိုး၏ အကောင်လောင်း ဖြစ်သော ပေါက်ဖတ် ဖြစ်သည်။ ဒေသကို လိုက်၍ ရွက်နှာပိုး၊ ငမြှောင်တောင်၊ ပင်ဖြတ်ပိုး၊ ပိုးတောင်တဲ၊ စပါးညှိနက်ပိုးဟူ၍ ခေါ်ကြသည်။ စပါးပျိုးခင်းနှင့် စိုက်ခင်းများမှ စပါးရွက်များကို ကုန်စင်အောင် စားသောက်ပစ်တတ်ကြသည်။

အရွက်ပိုးသည် သုံးလေးပတ်မျှ အစာစားသောက်ပြီးနောက် အညိုရောင် ပိုးတုံးလုံး ဘဝသို့ ပြောင်းလဲ၍ ဆယ်ရက်ခန့်ကြာမျှ မြေတွင်းအောင်းနေပြီး ပိုးဖလံ ဖြစ်လာသည်။ ယင်းပိုးဖလံများသည် ဘိန်းစေ့နှင့်သဏ္ဍာန်တူသော ဥများကို အရွက်နှင့် ရိုးတံများတွင် စုပုံအုချပြီး အညိုရောင် အမွေးအမျှင်များဖြင့် ဖုံးအုပ်ထားသည်။ ပိုးအမသည် ဥပေါင်း ၃၀၀ မှ ၄၀၀ အထိ အုသည်။ သုံးရက်မှ ငါးရက်ခန့် အကြာတွင် အရွက်ပိုး ပေါက်ဖွားလာသည်။

အရွက်ပိုးသည် ငယ်စဉ်အခါ စပါးပင်၊ ပြောင်းပင်တို့၏အရွက်နုများကို စားသောက်၍ ကြီး ပြင်း လာ သည့် အ ခါ လယ်ပြင်တခုလုံးရှိ အပင်အားလုံးကို အမြန်ဆုံးစားသောက် ဖျက်ဆီးပြီး အခြားလယ်ကွင်းတခုသို့ ပြောင်းရွှေ့ကြပြန်သည်။ အရွက်ပိုးသည် စပါးရွက်ကိုသာမက မြက်ရိုင်းအမျိုးမျိုးကိုလည်း စားသောက်ကြသည်။ အရွက်ပိုးသည် နှစ်စဉ်ကျရောက်ခြင်းမရှိပဲ နှစ်ခြား၍ ကျရောက်လေ့ ရှိသည်။ တခါတရံ နှစ်များစွာကြာမှ ကျရောက်တတ်သည်။

မောင်ဆုပန်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက နှိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၂၉။

# ရွှေသွား ဂျာနယ်

**အာဇာနည်များနေ့**


ဇူလိုင်လ

၁၉ ရက်

၁၃၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၂ ရက် (၂၀-၇-၇၄)



စနေနေ့တိုင်း ထုတ်ဝေသည်။



သစ္စာ ဖရိုဖရာ လူသား
ပန်းချီ- ဦးဘကြည်
ဇါတ်လမ်း - မိုးမိုး
တခါတုန်းက သူဌေးကြီးတဦး တောထဲ၌ တယောက်တည်း လမ်းလျှောက်ထွက်လာစဉ် ရေတွင်းပျက် တခုထဲသို့ လိမ့်ကျသွားလေသည်။
တွင်းထဲ၌ ဘေးပတ်လည်ကို ကြည့်လိုက်ပြီး ထိတ်လန့်တုန်လှုပ်သွား၏။
မမြော်လင့်သော ဝက်ဝံ၊ မျောက်၊ မြွေ တို့ကို တွေ့ရ၍ အခက်ကြုံနေစဉ်
မကြောက်ပါနဲ့ လူသား ရယ်၊ ခုကျွသယ်တွေ ဘတွဲ့တူတဲ့ဟာ။ တွင်းထဲ ရေမရှိလို့ တော်သေးတာပေါ့
ထိုအခါမှ စိတ်သက်သာရာရပြီး တွင်းထက်သို့ အကူအညီတောင်းလေ၏။
ကယ်တော် မူကြပါဗျာ... ကယ်တော်မူပါ
သို့သော် ... ည့်သူမျှ ပေါ်မလာချေ။
ညနေစောင်းတွင်မှ လူတယောက် ထိုတွင်း ပျက်နား ရောက်လာရာ-
ကယ်တော်မူကြပါဗျာ
ကယ်တော် မူပါ...
ဟင့် အင် - ဒီ အလုပ်ရုံက စက်ပိုင် သူဌေးကြီး အသံပါလား ဘယ်ကနေ အော်နေပါလိမ့်
အသံကလဲ ခါတိုင်းလို မမာပါဘူး




အသံကြားရာသို့ ငုံ့ကြည့်ပြီး—
ဘယ်သူလဲ-ဒါ ဘာလုပ်နေတာလဲ။
ထိုကြောင့် နွယ်ပင်များ ခုတ်ဖြတ်ကာ ကြိုး ခိုင်ခိုင်တချောင်း လုပ်၍—
သူဌေးတောင် မကဘူး၊ အိမ်လဲ အပိုင်ရမယ်တဲ့
တွင်းထဲသို့ ချပေးလိုက်သည်။
ကဲ-ကြိုးချလိုက်မယ် မြဲမြဲထား
တက်လာသူကား ဝက်ဝံဖြစ်နေပြီး သူ့ကို အလေးပြု၍ တောထဲဝင်ပြေး၏။
နေဝင်ရီတရောဖြစ်နေသောကြောင့်—
တန်တော့၊ ငါ့ကို မကောင်းဆိုးဝါးတွေ လှည့်စားနေပြီနဲ့တူတယ်
ဒီနေရာက အမြန်ဆုံး သွားမှ ဖြစ်မယ်
ကြိုးမြန်မြန်ချပါအုံးကွဲ့ မင့်လက်ထပ်ဖို့မှာ ကန်ကျပ်စရိတ်. ငါပေးပါ့မယ်၊ မြန်မြန် လုပ်ပါကွဲ့
သူဌေးကြီးတော့ သူဌေးကြီး၊ သစ်စ်ဘဲ။ ငါမက်လာသောင်မှာ တခြားဘယ်သူသိမှာလဲ။
အော လေ - ကြိုးချပေးမြို့ ကြည့်အုံးမှပါ



တဖန် မျောက်နှင့်မြွေ တက်လာပြီး အလေးပြုကာ တောထဲဝင်သွားကြပြန်လေသော်—
တောက်— ဘယ်က တိရစ္ဆာန်တွေ တက် တက် လာလဲ မသိဘူး။ မိုးလဲချုပ်မှီ။ မှန်မယ်
ဟဲ့ဟဲ့ မမြှင့်ပါနဲ့အုံး။ ငါတယောက်ထဲ ကျန် ခဲ့တော့တယ်။ ငါ့မှာရှိတဲ့ ငွေ စိန်ထဲက-ခေါင်းတောင်း သမှ ပေးပါ့မယ်.... ပါ့ကယ်ပါအုံးကွယ် နော်-နော်
အင်း-သူဌေးကြီး ဆိုပြီး မာနကြီး လိုက်တာလေ။ အခု-သေဘေးနဲ့ကြုံနေတော့ ငိုတောင်ငိုရတယ်။ သနားစရာဘဲ
တောင်းသမျှ ပေးမယ်တဲ့။ ကဲလေ-နောက်ဆုံး ကြိုးစားတဲ့ အနေနဲ့ ကြိုးချပေးလိုက်ပါအုံးမယ်လေ။
ထိုသို့ဆိုပြီး ကြိုးကိုထပ်ချပေးလိုက်၏။
သူဌေးကြီးက ကြိုးစားတွယ်တက်၍ မောင်မြဆွဲတင်လိုက်သဖြင့်—
ဟော့ဟဲ့ ဟော့ဟဲ့
အဖယ်လေးဟဲ့ မောလိုက်တာ -ဟောဟဲ့။ တနေ့လုံး-ဘာမှ မစားရဘူး -ဟော ဟဲ့။ ရေလေးတောင် -မသောက်ရဘူး-ဟောဟဲ့။ အသက်တောင်-ဝ ငအောင်-မရှူရဘူး -ဟော့ဟဲ့ ဟော ဟဲ့ -ဟော ဟဲ့-
ကျနော့်မှာ-ကောက်ညှင်း ထုပ်လေးတော့ ပါလာတယ်။ စားမလား
အေး— မြန်မြန် ပေး စမ်း
ထို့နောက် အားကုန်ခန်းနေသော သူဌေးကြီးကို အိမ်ရောက်အောင် တွဲခေါ်၍ ပို့လိုက်လေသည်။


သူဌေးကြီး မြို့ဝသို့ ရောက်သောအခါ—
မင်းကို . ငါ မလိုတော့ဘူး၊ မင်း၊ သွားတော့
ဟုတ်ကဲ့
နောက်တနေ့တွင်—
ဟီး... ဒီနေ့တော့ မင်္ဂလာဆောင် ကုန်ကျမယ့်ငွေရယ်— အိမ်ရယ်— နောက်ထပ် ငွေ သုံးထောင် လောက်ဘဲ တောင်းပါ မယ်လေ
မြို့ဝတွင်—
တယ်လဲ၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲ
ဘာကိစ္စ လဲ၊
ဟဲ . သူဌေးကြီးနဲ့ တွေ့ချင်လို့ပါ၊ မနေ့ညက ............ ဒါကြောင့် လာခဲ့တာ . ဟဲ
ဝင်းခေါင်က သူဌေးကြီးထံ သွားပြောသော်
တောက် . ဘာ . ဘယ်က အရူးလဲမသိဘူး၊ ဒီကောင် နောက် . လာ မလိမ်နိုင်အောင် ကြိမ်လုံးနဲ့ . ရိုက်လွှတ် လိုက်စမ်း
ဝင်းခေါင်က ရိုက်လွှတ်လိုက်သဖြင့် စိတ်ပျက်ကာ အိမ်ပြန်လာ၏။
ကျွတ် . ကျွတ် . ကျွတ်
နာလိုက်တာ
ဒီသူဌေး ကလဲ— မနေ့က တမျိုး— ဒီနေ့ တမျိုး—
ထွီ
အိမ်ဝင်လိုက်သော် အိမ်ထဲ၌ ထူးဆန်းသော မြင်ကွင်းကြောင့် သည်းထိတ်ရင်ခုန် တုန်လှုပ် သွား၏။



မကြောက်ပါနဲ့။ မိတ်ဆွေအတွက် မင်္ဂလာလက်ဖွဲ့ လာပို့ကြတာပါ
ရော့ — ကျုပ်က - ပျားရည် နှစ်ကျည် တောက်။ မျောက်က - ငှက်ပျောသီးအုန်းသီး တွေ။ မြွေက - ကျောက်ရိုင်းလေး တလုံး။ - သွားမယ် -
ဝက်ဝံ၊မျောက်၊မြွေတို့ ထွက်သွားမှ မောင်မြ မှာ ရယ်နိုင်ပြီး—
ဟီး...ငါနဲ့ခော် - ဘါတွေ လျှောက်ဖြစ် နေလဲ မသိ ဘူး။ ပျားရည်နဲ့ သစ်သီးတွေကတော့ စားလို့ရတယ်။ ကျွေး လို့ရတယ်။ ကျောက် ကလေးကိုတော့ ရောင်းပြီး - ရတဲ့ ငွေနဲ့ တခြား ပစ္စည်းတွေ ဝယ်မှာဘဲ။
နောက်တနေ့တွင်—
ဒီကျောက် တယ်ကောင်းတာဘဲ။ ဘယ် လောက်နဲ့ ရောင်းမလဲသာ ပြော —
ဈေးဖြတ် ဖို့တောင် - မလွယ် ပါလား
သွေးလိုက်ယင် အရည်လယ်နေမယ်
ငါဝယ်မယ် ဟေ့
ကျုပ် ကြည့်ထား ပြီး ပြီ။ ဘာရ မလဲ
ဒီလို အပိုင်မစီးပါနဲ့
ကောင်းတဲ့ ဈေး - ပေး မယ်ကွ
နေကြပါအုံး
ထိုအခိုက် ရဲသားတယောက်လာပြီး—
ဟေ့လူ။ ခင်များလို အလုပ်သမား က - လက်ရှက်ထိုး ဝယ်ယူ ချင်စအောင် ကောင်းတဲ့ ကျောက် - ဘယ်က-ရ သလဲ။ ခိုးလာတာ ဟုတ်လား - မှန်မှန် ပြော။ အခု - ဌါနာ လိုက်ခဲ့



ထိုနောက် တရားရုံးတွင်—
မောင်မင်း - ဒီကျောက် ဘယ်က ရသလဲ
ကျနော်မျိုး တနေ့က တောစပ်ကဖြတ်လာတော့ သူဌေးကြီး အသံကြားလို့ လိုက်ရှာတော့ ...................... မြွေ ကပေးတာ.....
ဟာ - မဟုတ်တာ
လျှဉ်ဘာပါ
အရှင်နဲ့တူပါတယ်
မောင်မင်း၊ ပြောတာ - မှန်ကန်ကြောင်း - သက်သေပြနိုင်သလား
ဟာ - သခင်ကြီးရယ် - ဒီမြွေ - ဒီမျောက် - ဒီဝက်ဝံတွေ ကျနော်မျိုး - ဘယ်မှာ - သွားရှာလို့ ရပါ့မလဲ
ဒါဆို - ခက်တယ် လူကလေး
ထိုအခိုက် သူတို့ရောက်လာကြပြီး
ဒီသူငယ်ပြောတာ - အားလုံး အမှန်ကြီးဘဲ။ ကျုပ်တို့ ကိုယ်တိုင် သက်သေလိုက်ပါတယ်။ ကျုပ်တို့က - သူ့ကျေးဇူးရှိလို့ - ကျေးဇူးပြန်ဆပ်တာပါ။ အသက်ကယ်ထားတဲ့သူဘဲ - ဗျ။
ခင်များတို့ လူတွေ - သူ့အပေါ် မတရားကြဘူး။ သူဌေးကြီး - တွင်းထဲရှိနေတုန်းက သတ်ပစ်လိုက်ယင် - ကောင်းသား။ အဲဒီ လူသား - သူဌေးကြီး ဆိုတာ - ကျေးဇူး မဆပ်တဲ့ပြင် - ဒီသူငယ်ကို ကြိမ်လုံးနဲ့ ရိုက်တာ - သိကြရဲ့လား..... သူဌေး ဆိုတဲ့ သစ္စာမရှိတဲ့ လူသားကိုလဲ အရေးယူပါ။ မင်္ဂလာလက်ဖွဲ့ ကျောက်ကိုလဲ ပြန် ပေးလိုက်ပါ။ ရောင်းချင်ရောင်းပါစေ
ထိုအခါမှ အမှုမှာ ပြေလည်သွားပြီး ကျောက်အရောင်းအဝယ်ဖြစ်ကာ မင်္ဂလာပွဲဆင်နွှဲနိုင်သော မောင်မြမှာ ပျော်တပြုံးပြုံး ဖြစ်ရလေတော့သတည်း။
ပြီး

# ကမ္ဘာ့ဖြစ်ရပ်ထူးများ အံ့ဘွယ်ရာများ

တက္ကသိုလ် ကျော်စိန်သန်း


၁၆၃၄ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံရှိ မန်ဒိုကျွန်းကို ရုတ်တရက် ရေလွှမ်းမိုးရာ ကလေးငယ်တဦးမှအပ ကျန်လူအားလုံး သေဆုံးခဲ့ကြ၏။ ထိုကလေးငယ်မှာ နို့စို့အရွယ်မျှသာ ရှိ၍ သစ်သားပုခက်အတွင်း အိပ်လျက် မျောပါပြီး မိုင် ၃၀ ခန့် ဝေးကွာသော ပြည်မကမ်းခြေသို့ ဘေးကင်းစွာ ရောက်သွားသည် ဆို၏။






ဩစတြီးယားနိုင်ငံမှ ဂရော့စမိန်းအမည်ရှိ တောင်ခြေရွာကလေးသည် အစဉ်တစိုက် ရွေ့ရှားလျက် ရှိပေသည်။ ထိုရွာကလေးသည် ပေ ၁၀၀၀ အထု ရှိသော ဆားကျောက်တုံးကြီးပေါ်၌ တည်ရှိရာ၊ ထိုဆားကျောက်တုံးကြီးမှာ အစဉ်တစိုက် ရွေ့ရှားလျက် ရှိသောကြောင့် ရွာကလေးမှာ ရွေ့ရှားနေရသည် ဟူ၏။


၁၇၈၇ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု တက်ဆက်ပြည်နယ်၌ မွေးဖွားသော အိုင်ဇက်ဗရော့(ခ်)ဆိုသူသည် တပ်မတော်သို့ အသက် ၇၄ နှစ်အရွယ်ရောက်မှ ဝင်ရောက် အမှုထမ်းပြီး ၁၉၀၉ ခုနှစ်၊ အသက် ၁၂၂ နှစ်အရွယ် ရောက်မှ သေဆုံးခဲ့သည် ဟူ၏။






နယူးဇီလန်ကျွန်းမှ မာအိုရီ အမျိုးသမီး နှစ်ဦးသည် ကွတ်ရေလက်ကြားအတွင်း လှေ နစ်မြုပ်ရာ ရေထဲ၌ မျောနေသော ဝေလငါး အသေကောင်တကောင်ကြောင့် အသက် ချမ်းသာရာ ရခဲ့လေသည်။ ထိုအမျိုးသမီး နှစ်ဦးသည် သူတို့တွင်ရှိသော မှိန်းဖြင့် ဝေလငါးအသေကောင် ကျောထဲသို့ စိုက်သွင်းပြီး ဝေလငါး ကိုယ်ပေါ်သို့ တွယ်တက်ကာ လိုက်ပါသွားရာ မိုင် ၈၀ အကွာရှိ ကမ်းခြေ တနေရာသို့ ဘေးကင်းစွာ ရောက်ရှိသွားသည် ဆို၏။


နယူးဇီလန် ကျွန်းရှိ မာအိုရီ တိုင်းရင်းသားတို့၏ ပြောင်းဖူးပုံသဏ္ဌာန်ရှိ အခေါင်းဖောက်ထားသော သစ်သား အချက်ပေး ကရိယာသည် တီးခတ်လိုက်လျှင် မိုင် ၂၀ အကွာအဝေးအထိ ကြားနိုင်သည်ဟူ၏။






လန်ဒန်မြို့အမှတ် ၁၂ ပို့(တ်) မင်းလမ်းတွင် လက်ရှိအသုံးပြုလျက်ရှိသော ကြေးနီဖြင့် သွန်းလုပ်ထားသည့် ဗိုင်ယန္တာနတ်သမီး ခေါင်းပုံပါရှိသည့် တံခါးခေါက်စရာ လက်ကိုင်မှာ လွန်ခဲ့သော နှစ်ပေါင်း ၁၉၀၀ နီးပါး မြေအောက်၌ နစ်မြုပ်နေခဲ့သော ပွန်ပေမြို့ဟောင်းကို တူးဖော်ရာမှ ရရှိခဲ့သဖြင့် ကမ္ဘာပေါ်၌ သက်တမ်းအရင့်ဆုံး တံခါးခေါက်စရာ လက်ကိုင်ဖြစ်သည် ဆို၏။


ပုတု
ဆိုသော
ဘဲကလေး
ဘဲကလေးပုတုဟာ ကိုယ့်အမျိုးကို စိတ်ပျက်နေတဲ့ သတ္တဝါကလေးပေါ့။
သူ့အမျိုးဟာ အတော် အောက်တန်းကျနေတဲ့ အမျိုးလို့လဲ ယူဆနေတယ်။
အဲဒီအချိန်မှာ မိခင် ဘဲမကြီးက—


အား တော်စမ်းပါ ဖေဖေရာ.. ဒီလောက်နောက်ကျတဲ့ အချိန်ဘာဝမှာလဲ နေရဦးမှာတဲ့ ပြီးတော့ ဒီအမျိုးပညာတွေလဲ သင်ရဦးမယ်ဆိုတော့ ပိုပြီး နောက်ကျကုန်ပါ့မယ်.. ဘယ်သင်ချင်ပါဘူး
ဖေဖေတို့ပညာတွေထက်သာတဲ့ပညာတွေရှိရာကို သွား သွားသင်မယ်.. ဒါဘဲ...
ဟဲ့ သွား သွား
ပြောပြောဆိုဆိုနဲ့ ထွက်သွားတဲ့ ပုတုဟာ သူ့အမေလိုက် ခေါ်တာတောင် ဂရုမစိုက်ဘူး။
ပထမဆုံးမှာ ဘဲကလေးဟာ သူ့အထင်တကြီးရှိလှတဲ့ ငှက်ကလေး ရှေ့ဝါဆီမှာ ပျံသန်းခြင်းပညာကို သွားသင်တယ်။
ရဲရဲသာပျံစမ်းပါကွ
ပုတုဟာပျံသန်းခြင်းပညာကိုဘယ်လိုဘဲ အားသွန်ခွန်စိုက်သင်ပေမဲ့ (ဘဲ) ဟာ ငှက်မဟုတ်တော့ ဘယ်ပျံနိုင်မလဲ..
ဒီဟာ.. သင်လို့ မရသမဲ့ ဒီပြင် တခုခုလော့ သင်ယူ ရမှာပါလေ
ဒါနဲ့ ပုတုဟာ စိတ်ပျက်ပျက်နဲ့ ရှဉ့်ကလေးဆီ ထွက်လာခဲ့ပြန်ရော။ ရှဉ့်ကလေးက သူ့ကို သစ်ပင်ဖြတ်နည်းတွေ သင်ပေးတယ်။ ဒါပေမဲ့ သွားမရှိတဲ့ ဘဲလေးဟာ နှုတ်သီးနာတာက လွဲလို့ ဘာမှ မတတ်ခဲ့ပြန်ဘူး။
မင်းက သွားမှ မရှိဘဲကွ
ဘဲကလေးဟာ စိတ်တော်တော် ကုန်သွားတယ်။ ဒါပေမဲ့ မလျှော့သေးဘဲ ကြောင်ကလေးဆီ ထွက်ခဲ့ပြန်ရော။
ကြွက်ဖမ်းနည်းသင်ချင်လို့... လာခဲ့ပါတယ်



သူသင်လိုက်လို့ ရတဲ့ပညာဟာလဲ သူ့အတွက် အသုံး မဝင်တော့ သူ့အတော် စိတ်ပျက်သွားပြန်တယ်။
ဟင်း
ဒါပေမဲ့ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ပြန်ဘူး။ ဖိုးခွေးက သူ့ကို ပညာသင်ပေးဘို့ နေနေသာသာ သူ့ကိုမြင်တာနဲ့ စားမယ် ဝါးမယ်ဆိုပြီး အတင်း လိုက်တော့တာဘဲတဲ့။
မသေရုံတမယ် အပြေးအလွှား ပြေးလာခဲ့ရတဲ့ ပုတုဟာ ဖိုးခွေးရန်က လွတ်တဲ့ နေရာမှာ နားနေတုန်း သူ့သူငယ်ချင်း တွေ ရောက်လာတယ်။
ပုတုပြန်လာပြီဟေ့
မကြာခင်မှာ ပုတုမေမေရောက်လာတယ်။
မေမေ့စကားကြားတော့ ပုတုဟာ ဝမ်းနည်းပြီး မျက်ရည်လည်လာတယ်။
ပုတုမေမေဟာ ပြုံးလို့သာ နေလိုက်တာပေါ့။

## သစ်ပင်များရှင်သန်ရန်
## ဓာတ်မြေဩဇာကို ဘာကြောင့်အသုံးပြုရသနည်း




သစ်ပင်များသည် ကြီးထွား ရှင်သန်ရန် အတွက် အာဟာရဓာတ် လို၍ ယင်းတို့ကို မြေကြီးထဲမှ ရရှိသည်။ အဓိကလိုအပ်သော ဓာတ်မှာ နိုက်ထရိုဂျင်၊ ဖော့စဖောရပ် နှင့် ပိုတက်ဆီယမ် ဓာတ်တို့ ဖြစ်လေသည်။ သို့ရာတွင် နေရာတိုင်းတွင် ယင်းဩဇာဓာတ်တို့ စုံစုံလင်လင် ရှိကြသည် မဟုတ်ပေ။အချို့ နေရာတွင် အနည်းငယ်သာရှိ၍ အချို့နေရာ တွင် ပေါများစွာ ရှိကြသော်လည်း ပေါက် ရောက်သော အပင်များ များပြား လွန်း သောအခါ သို့မဟုတ် အဆက်မပြတ်စိုက်ပျိုး သောအခါ ယင်းဓာတ်များ ကုန်သွားလေ သည်။ ထိုအခါ လူတို့ပြုလုပ်သော ဓာတ်မြေ ဩဇာကို လိုအပ်သလို အသုံးပြုရလေသည်။ နိုက်ထရိုဂျင် ဓာတ်အတွက် "ပုလဲဓာတ်မြေ ဩဇာ"ကိုရင်း၊ ဖော့စဖောရပ် ဓာတ်အတွက် "သာကူစေ့ ဓာတ်မြေဩဇာ" ကိုရင်း၊ပိုတက် ဆီယမ် ဓာတ်အတွက် "ပိုတက် ဓာတ်မြေ ဩဇာ"ကိုရင်း အသုံးပြုကြရ၏။

တင်လှဦး



### ငှက်ပျောကြော်တခု ဆယ်ပြား



# ရွှေကျောင်းပြန်

မောင်သာမြို့



ကျွန် တော် သည် နံ နက် ခြောက်နာရီ ထိုးသည်နှင့် ကျွန်တော် အလှပြုပြင် မွမ်းမံထားသော သီးနှံခင်းသို့ ရောက်ရှိနေကျ ဖြစ်သည်။ အိမ်ဘေး မြေကွက် တွင် ကျွန် တော် သည် ရာသီအလိုက် စားသုံးပင်များ စိုက်ထားသည်။ အိမ် စ ရိတ် သက်သာသည့်အပြင်ကျွန်တော့် အတွက်လည်း မုန့်ဖိုးအပို သုံးရသည်။သူငယ်ချင်းများကတော့ ကျွန်တော့်ကို အလကား ဒုက္ခရှာသူဟု ဆိုကြသည်။

ကျွန် တော် သီး နှံ ခင်း သို့ ရောက် သွား သော အခါ မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော် တုန် လှုပ် သွား ရသည်။

"ကုန်ပါပြီ၊ ငါ့ အပင်တွေ ဘယ်သူ့ လာဖျက်ဆီး သွားလဲ မသိဘူး"

သီးနှံပင် များမှာ မြေတွင် အလဲလဲအပြိုပြို ဖြစ်နေသည်။ အပင်များကိုတုတ်နှင့်ရိုက်သတ်သွားပြီး၊ သခွားပင်ကိုလည်း ခါးလယ်မှ ပြတ်သွားသည်။ဒေါသ အရှိန်ကြောင့် ကျွန်တော့် အသားများ တဆတ်ဆတ် တုန်လာသည်။ ကျွန်တော့် အသံ ကြားသဖြင့် မမသည် အိမ်ပေါ်မှ ပြေးဆင်းလာပြီး –

"အေးဟယ် – ဘယ်သူလာ လုပ်သွားသလဲ မသိဘူး၊ တော်တော် အကျင့်ယုတ်တယ်"

ကျွန်တော်နှင့် မမသည် အပင်များကို မြေနှင့် ဖို့စိုက်ရန် စီစဉ်သော်လည်း အပင်များမှာ အပိုင်းပိုင်းပြတ်နေသဖြင့် လက်လျှော့လိုက်ရသည်။

ကျောင်း ချိန် ရောက် ၍ ကျောင်း သာ လာ ခဲ့ ရ သည်။ ကျွန်တော့်မှာ ပျော်ရွှင်မှု ကင်းနေသည်။

"ဟေ့-ဖိုးကြီး၊ မှိုင်လှချည်လားကွ၊ ဘာတွေများ ဖြစ်နေလို့လဲ"

ကျွန်တော်နှင့် အတန်းတူ ရွှေတုတ်က မြေပဲလှော်ဝါးရင်း မေးလိုက်သည်။ ရွှေတုတ်သည် ကျွန်တော်နှင့် ရင်းနှီးသော သူငယ်ချင်းဖြစ်၍ အိမ် နီး ချင်း လည်း ဖြစ်သည်။

"ငါ့အပင်တွေကွာ ဘယ်ကောင်လာ ဖျက်ဆီး သွားလဲ မသိဘူး၊ အကုန်သေကုန်ပြီ"

မကြာမီ ကျောင်းတက် ခေါင်းလောင်း ထိုးသည်။ သို့သော် သည်နေ့ စာသင်ရသည်ကို ကျွန်တော်စိတ်မဝင်စားနိုင်။

ညနေ ကျောင်းဆင်းသော အခါ ကျွန်တော်နှင့် ရွှေတုတ်သည် ကျောင်းခန်းမှအတူထွက်ခဲ့ကြသည်။ လမ်း မ ပေါ် တွင် ကျွန်တော်တို့နှစ်ယောက်စကား တပြောပြောနှင့် လျှောက်လာသည်။ နောက်မှ ကျွန်တော့် အမည် ခေါ်သံလိုလို ကြားသဖြင့် လှည့်ကြည့်လိုက်ရာ ဆိုက်ကား တစီးသည် ကျွန်တော်တို့ နောက်မှ အရှိန် ပြင်း စွာ ဖြင့် လာနေသည်ကို တွေ့ရသည်။ ဖြစ်ပျက်မှုမှာ မြန် ဆန် လှ ပါသည်။ ဆိုက်ကားသည်ရွှေတုတ်

နောက်ကျောသို့ ဦးတည် လာသဖြင့် ကျွန်တော်သည် ရွှေတုတ်ကို ဘေးသို့ တအား တွန်းလိုက်သည်။ ကျွန်တော့်မှာမူ မျက်လုံးများ ပြာဝေပြီး မှောက်လျက်လဲကျသွားသည်။

အရက်မူးပြီး ဆိုက်ကားနင်းလာသော ဆိုက်ကားသမားကို ဆရာ ဆရာမများက ပညာပေးကြသည်။ ဆိုက်ကားသမားကြီးက သူ့အပြစ်သူ ဝန်ခံပြီး ငြိမ်နေသည်။ ရွှေတုတ်က ကြင်နာစွာ ကျွန်တော့်ကို ဖေးမထားသည်။

"ဖိုးကြီး ဘယ်နာသွားလဲဟင်၊ ငါ့အတွက် ဒီလိုဖြစ်ရတာ စိတ်မကောင်းဘူးကွာ"

ရွှေတုတ်မျက်လုံးတွင် မျက်ရည်များဝဲနေသည်။ တင်ပါးအနည်းငယ် ပွန်းသွားသည်မှအပ အခြား ဘာမျှ မဖြစ်ကြောင်း ကျွန်တော်က ပြောပြမှ ရွှေတုတ် ပြုံးလာနိုင်သည်။

ရေမိုးချိုး၊ ထမင်း စားပြီးသည်နှင့် ဒဏ်ရာက ပညာပြလာသည်။ ပေါင်နှင့် ဒူးဆစ်ရိုးမှ စစ်စစ်ကိုက်လာသည်။ အမေက တေဇောဘာမ်း လိမ်းပေးပြီး ပက်လက် ကုလားထိုင် တွင် သက်သာစွာ ထိုင်နေစေသည်။

"အဒေါ် ဖိုးကြီး ရှိတယ် မဟုတ်လားဟင်"

"လာဟေ့ သူငယ်ချင်း၊ ငါ ဒီမှာရှိတယ်"

ကျွန်တော်က အသံပြုလိုက်သည်။

ရွှေတုတ်သည် မျက်နှာညှိုး ငယ်စွာနှင့် ကျွန်တော့်ကိုကြည့်နေသည်။

"မင်းကို ငါ တောင်းပန်ဘို့ လာ တာ ကွာ၊ မင်း ငါ့ကိုခွင့်လွှတ်မလား ဟင်"

"ဘာများလဲကွ"

"မင်း အိမ်ဘေးက အပင်တွေ ဖျက်ဆီးတာ ငါပါ ဖိုးကြီးရာ၊ မင်းမုံ့ဘိုးတွေ ပိုသုံးနိုင်တာကို မနာလိုပြီး ဖျက်ဆီးမိ တာ ပါ။ မင်း ငါ့ အ ပေါ်ကောင်း တာ တွေ သိမြင်လာတော့ ငါ မှား ခဲ့ တာ တွေ ကို နောင်တ ရလာတယ်ကွာ"

ကျွန်တော့်မှာ အံ့ဩလွန်းသဖြင့် ပါးစပ် အဟောင်းသားဖြစ်နေပါသည်။ ရွှေတုတ်သည် လွယ် အိတ် ထဲ မှ အ ထုပ် ငယ်လေး များ ကို ထုတ် ကာ ကျွန်တော့်ကို လှမ်းပေးသည်။

"အဲဒါ ငါ့အဖေ မြေကျေးရှင်းက ဝယ်ထားတဲ့ စားသုံးသီးနှံ မျိုးစေ့တွေဘဲ ဖိုးကြီး။ အဖေ့ကိုပြောပြီး ငါယူလာတာ၊ မင်း ငါ့ကို ခွင့်လွှတ်ယင် ယူပါကွာ"

ရှိရင်းစွဲ ချစ်ခင် တွယ်တာမှုကြောင့် ရွှေတုတ်ကို ကျွန်တော် ခွင့် လွှတ် ပါ သည်။ ရွှေ တုတ်သည် ဝမ်းသာလွန်းသဖြင့် မျက်ရည် များ ပင် လည်လာ ရှာပါ သည်။ ကျွန် တော် တို့ နှစ်ယောက်၏ ရင်းနှီး ချစ်ခင်မှုသည် ထာဝစဉ် တည်တံ့နိုင်ပါစေဟု ဆု တောင်း မိ ပါ သတည်း။

## အာဇာနည်နေ့

မလင်းသလို လင်းသလို၊
မိုးရိပ် ညိုတိုတို။

အငိုမစဲ မိုးပုလဲ၊
ရွာတော့ ခပ်ဖွဲဖွဲ။

မရွာလဲနေ ရွာလဲဓွေ၊
မိုးရက် ထိုစနေ။

အာဇာနည်တွေ သွေးမြေကျ၊
ဆယ့်ကိုးဇူလိုင်လ။


မေ့မရတဲ့ အာဇာနည်၊
အလေးပြုကြမည်။

တို့တိုင်းပြည်နှင့် တို့လူမျိုး၊
အမြဲချစ်မြတ်နိုး။


တိုင်းပြည်အကျိုး
ဆောင်ရွက်မည်၊
တို့များ စိတ်ဓာန်သည်။

သစ္စာတည်တဲ့
ဗိုလ်အောင်ဆန်း၊
သူ့လမ်းစဉ်ကိုမှန်း။ ။

ဗန္ဓုရဝင်း



R. 517



# ဆစ်ပိုး

ဆစ်ပိုးသည် ပေါက်ဖတ်တမျိုးဖြစ်ပြီး ပိုးဖလံတမျိုး၏ အကောင်လောင်း ဖြစ်သည်။ အဆစ်ပိုး၊ ဂုတ်ပိုး၊ အူလျှောက်ပိုး၊ စပါးနှံဖြူပိုး၊ စပါးအူပိုး စသည်ဖြင့် ဒေသအလိုက် ခေါ်ကြသည်။

ဆစ်ပိုးမှ ဘဝပြောင်းလာသည့် ပိုးဖလံမသည် အရွက်နှင့်ပင်စည်များပေါ်တွင် ဥများကို အစုလိုက် အပြုံလိုက် ဥထား၍ အမွေးနုကလေးများဖြင့် ဖုံးထားသည်။ ပိုးဖလံမသည် တကြိမ်လျှင် ဥပေါင်း ၃၀၀ မှ ၄၀၀ အထိအုသည်။ ယင်းမှပေါက်ဖတ်ငယ်ကလေးများ ပေါက်လာပြီး ပင်စည်အတွင်း အူတိုင်တလျှောက် ဖောက်ထွင်း စားသောက်၍ နေထိုင်သည်။ အေးမြသော ရာသီတွင် ပေါက်ဖတ်ငယ်များသည် လိပ်ပြာအဖြစ် ပြောင်းလဲခြင်း မပြုပဲ ပိုးတုံးလုံးဘဝဖြင့် မတ်လ ပူနွေးသော ရာသီချိန်အထိ ရိုးပြတ်များတွင် အောင်းနေတတ်သည်။

ဆစ်ပိုး ကျရောက်သည့် အပင်များ၏ သွင်ပြင်လက္ခဏာသည် ပျိုးပင်များတွင်ရွက်နုံများနှင့် အပင်ကြီးများ၌ ကောက်နှံများ ခြောက်သွေ့လာသည်။ ကောက်နှံများ ဖြူလာပြီး အသီးမအောင်မြင်တော့ပေ။

မောင်ဆုပန်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၆။ အမှတ် ၃၀။

# ရွှေသွေး ဂျာနယ်


၁၃၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၉ ရက် (၂၇-၇-၇၄)






စနေနေ့တိုင်း ထုတ်ဝေသည်။


ဟိုခါတုန်းက၊ တောင်ခြေဂူးတခုက ကန်တကန်မှာ ငါးများပျော်ရွှင်စွာနေကြသတဲ့။
တနေ့တော့ ငါးကြီးတွေက သူတို့ကလေးတွေကို ပေါ်ဦး သင်ပေးနေတယ်တဲ့။
ဟေ့ဒီလို အစခါဟပ် ရတယ်ကွ့် တွေ့လား။
ဘာတွေများ အလုပ်များနေသလဲ ဦးငါးရှင်။
အလို - ကိုဖားပါလား၊ ခုလေးတွေကို အစခါဟပ် နည်းသင်ပေးနေတာပါ၊ ဒီနေ့ ရာသီးနောက်ကျ လှချည်ကလား -
ဟုတ်တယ်ဗျာ၊ အခါလုပ် ရာနေ့ရာသီ နောက်ကျ သွားတယ်
ဘယ့်နှယ်လဲ ကိုဖားကြီးကို၊ ဗိုက်ဆိုတာ ကြည့်ကလား၊ မိုးခေါ်တေးလေးကလေး မဆိုတော့ဘူးလား။










ကန်ထဲမှ ငါးကလေးများကလည်း ရေကို ပုံးများဖြင့် ခပ်ယူကာပေး၊ ထမ်းသူက ထမ်းဖြင့်၊ ယကဆင့်မပေးချ ပင်ကလေးများကို လှမ်းပေးကြသည်၊ ဖားလေးများက ရေလောင်းရင်းဖြင့် —
မကြာမီ ရာသီပြီးအတွင်း၊ ကန်ပတ်ပတ်လည်တွင် သစ်ပင်လေးများနှင့် ပန်းပင်များ စိမ်းဆိုင်းဆိုင်း ဖြစ်လာကြပေသည်။
သစ်ပင်လေးတွေ ကြီးလာပြီဟေ့။
အလှကုန် ရှုကြီးတွေ ဖြစ်လာပြီကွ။
အကိုပ်ရှိလိုက်တာ ရနံ့ပြန့်ပြီကွ။
ကျုပ်တို့ အကိုပါ ကျေးဇူးကို မမေ့ဘဲတို့ မေးရှုးကြောင့်ကိုယ်!
ဟုတ်တယ်ဗျ။
ဒီတော့ မိုးကျယင်တော့၊ ရေအပြည့်သို့ ရောက်နေတော့ ရှုမော်၊ ရှိရင် ရေတွေနဲ့ ဆုံလိုက်ပါ နို့ဆိုတော့၊ နောက်ဆိုယင် ရေခန်းမှာ မကုတ်တော့ဘူး။ ကျုပ်တို့ တွေ့ကြတော့ ပျော်ပေါက်ကြီး နေနိုင်တော့မယ်။



တနေ့တော့ ပုစဉ်းကို ဝိုင်းပြောကြသတဲ့။
ဒီညနေမှာ ခင်ဗျားကို ဂုဏ်ပြုဖို့ ကျုပ်တို့အားလုံး စီစဉ်ထားကြတယ် ဆက်ဆက်လာခဲ့နော်။
ဒီနေ့ညလာခဲ့ပါမယ်ဗျာ။
ကောင်းပါပြီ- ကောင်းပါပြီ-

# တွင်ခုံ





တွင်ခုံသည် စက်သုံးကရိယာတန်ဆာပလာတခု ဖြစ်သည်။ လူတို့တီထွင်ခဲ့သည့် ကရိယာထဲတွင် အလွန် အရေးပါအရာရောက်သည့် တန်ဆာပလာတခုပင် ဖြစ် သည်။ မြန်မာတို့သည် ရှေးအခါကပင် တွင်ခုံကို လက်မှု ပညာလုပ်ငန်းများတွင် အသုံးပြုခဲ့ကြသည်။ တွင်ခုံကို ပွတ်ခုံဟူ၍၎င်း၊ ပွတ်စင်ဟူ၍၎င်း ဒေသအလိုက် ခေါ် ဝေါ်ကြသည်။


ပန်းပွတ် လုပ်ငန်းတွင် သစ်သားကို လုံးချော အောင် ပွတ်တိုက်၍ ပုံဖော်ပေးရသဖြင့် တွင်ခုံကို အ သုံးပြုသည်။

တွင်ခုံသည် သစ်သား၊ သံ၊ သတ္တုများကိုသာမ က ကျောက်များကိုပင် ထွင်းခြင်း၊ ဖောက်ခြင်း၊ ခုတ်ခြင်း၊ ဖြတ်တောက်ခြင်းကို ပြုလုပ်နိုင်သည်။


တွင်ခုံနှင့် တွဲဖက်အသုံးပြုရသော ဆူး၊ ဆောက်၊ တန်ဆာပလာများမှာ အမျိုးမျိုးရှိသည်။ လုပ်ငန်းကို လိုက်၍ တန်ဆာပလာများကို အသုံးပြုသည်။




# စန်းအောင်





တွင်ခုံတွင် သစ်သား၊ သတ္တု စသော ပစ္စည်း တခုခုကို ဖြတ်တောက်ရန်အတွက် ဖြစ်စေ၊ အချောကိုင် ရန်အတွက်ဖြစ်စေ၊ သို့မဟုတ် ခြစ်ပစ်ရန်အတွက်ဖြစ်စေ၊ ဝက်အူရစ်ရန်အတွက်ဖြစ်စေ၊ ထိုပစ္စည်းကို ခုံတွင်ညှပ်၍ လည်အောင်လှည့်ပေးရသည်။ ထို့နောက် စူးဆောက် တို့ဖြင့် လည်နေသောပစ္စည်းကို ပြောင်းလုံးပုံ၊ ကတော့ပုံ စသည်ဖြင့် လိုသောပုံဖြစ်အောင် ခြစ်ပွတ် ပေးရသည်။ ဝက်အူရစ် လိုလျှင်လည်း ဝက်အူရစ်ကို ဖော်ပေးနိုင် သည်။








တွင်ခုံတွင် ပန်းထိမ်သုံး တွင်ခုံကလေးများမှ အကြီးဆုံး အမြောက်ပြောင်း ပြုလုပ်သော တွင်ခုံကြီး အထိ အရွယ်အမျိုးမျိုးရှိသည်။

ခေတ်မီ တွင်ခုံများ၌ စူးဆောက်စသော ထွင်း စားစရာ ကရိယာများကို အလုပ်လုပ်နေစဉ်မှာပင် အလို အလျောက် ပြောင်းလဲပေးနိုင်သည်။




ယခုအခါ တွင်ခုံမှာ စက်မှုလုပ်ငန်းတွင် မရှိ မဖြစ်သော စက်သုံးကရိယာတခု ဖြစ်လျက် ရှိပေသည်။





တသက်လုံး
မှတ်မိအောင်
တခါက ရွာနီး ကျောင်းထိုင်ဆရာတော်တပါးသည် ဆုတောင်းမေတ္တာပို့ အာပိုဒ်တခုကို အရကျက်မှတ်နေလေသည်။
တနေ့ပြီးတနေ့ ထိုအပိုဒ်ကိုချည့် အဖန်ဖန်တလဲလဲ ကျက်လျက်ရှိရာ ခုနစ်ရက်မြောက်သောနေ့တွင်
ကျောင်းနှင့်ကပ်လျက်ရှိသော ရေတွင်းမှ ရေလာခပ်လေ့ရှိသော လုလင်ငယ်တယောက်က
အင်း - ဒီဆရာတော်ဘုရား ကျက် တော်တော်ထိုင်းတယ် တနေ့လာလဲဒါဘဲ ရွတ်နေတာကိုး
အရှင်ဘုရား - ကိုယ်တော်ကျက်နေတဲ့ အာပိုဒ်ကို မရသေးဘူးလား၊ တပည့်တော်တောင် အလွတ်ရနေပြီဘုရား
အေး ပေါ့ကွယ်၊ မင်းတို့က ငယ်ရွယ်သူဆိုတော့ မှတ်ဉာဏ်ကောင်းသပေါ့၊ ရလွယ်တာပေါ့၊


နို့မျှားတော့အသက်ကလဲကြီး၊ မှတ်ဉာဏ်ကလဲဆိုင်းတော့-အရင်နေ့သလိုကျွယ်ကဲ-ဒါနဲ့မင်းအလွတ်ရတယ်ဆိုတဲ့ဂါထာပြစမ်းပါဦး
ရှင်ငယ်ကမင်္ဂလာလင်္ကာပိုဒ်ကိုပြန်ဆိုပြ နှုတ်တိုက်ရွတ်ပြလိုက်လေ၏။
တော်လှသားပဲကွဲ့ -ခုနေများမင်းတို့အရွယ်ပြန်ရောက်ချင်တယ်ကောင်း၊ ဉာဏ်ကလေးထက်ထက်နဲ့သွက်သွက်လေးသာကြိုးစားလိုက်ရမယ်
ဟင်းဟင်းဟင်း
ဤသို့ဖြင့်ရက်ကိုလအားဖြင့်လကိုနှစ်အားလာခဲ့ပြီး အချိန်များတန်ကုန်ခဲ့လေသည်။
ရေထမ်းသမားလုလင်လည်းထိုကျွလေးရှိမရှိတော့၊ ရွာဦးကျောင်းထိုင်ဆရာတော်လည်းအသက်အတန်ထောက်ခဲ့လေပြီ။
ဗုဒ္ဓံသရဏံဂစ္ဆာမိ
တနေ့တွင်
ဆရာတော်ဘုရား၊ ကျန်းကျန်းမာမာရှိပါရဲ့နော်၊ တပည့်တော်ကိုမှတ်မိပါသေးလားဘုရား


ဟေ့ - ဘယ်ချလဲ၊ မျက်စိကမှုန်၊ အသက်ကကြီး
လာတော့ မေ့တယ်ဟေ့၊ ပြောပါဦးဟ၊
ဘယ်ချလဲဆိုတာ
တပည့်တော် သုံးလုံးပါဘုရား၊ အရင်တုန်းက ကျောင်း
ဝင်းထဲက ရေတွင်းမှာ ရေလာခပ်နေတဲ့ ရေထမ်း
သမားသုံးလုံး ပေါ့ဘုရား
ဘုန်းကြီးသည် လွန်ခဲ့သော နှစ်များဆီသို့ စိတ်ပြန်လည်
တောက်သွားပြီး -
ဟေ့ - ဒါဆိုမင်း အရင်တုန်းက အလွတ်ရထားတဲ့ - မေတ္တာပို့ ဓာပိုဒ်လေး ရသေးလား - ဆိုစမ်းပါဦး
ဖိုးသုံးလုံးသည် ဘုန်းကြီးပြောသော မေတ္တာ ဓာပိုဒ်ကို အမှတ်ရသော်လည်း အစအဆုံး မှန် ကန်အောင် ရွတ်မပြနိုင် တော့ချေ
ထိုအခါကျမှ ဘုန်းကြီးက ထိုဓာပိုဒ်ကို အစအဆုံး တိကျမှန်ကန်စွာ ရွတ်ပြ လိုက်ရာ
အရှင်ဘုရား၊ အတော်မှတ်ဉာဏ် ကောင်းတာဘဲဘုရား
မှတ်ဉာဏ် ကောင်းလို့မဟုတ်ပါဘူးဟ၊ အဖန်ဖန် တလဲလဲ အသံထဲမှာစွဲနေအောင် ဟိုအချိန်က ကျက်ခဲ့လို့ ခုလိုရနေတာပေါ့၊ ဟိုအချိန်ကမင်း ဟာ ဒီဓာပိုဒ်ကို ရအောင်ကျက်တယ် မရှိဘူး၊ ဒါကြောင့် မေ့ကုန်တာ၊
မှန်ပါ့ဘုရား
ဦးသုံးလုံးသည် တသက်လုံး မှတ်မိအောင် စာကျက် နည်းကို ရရှိသွားလေတော့သတည်း။



# ဥစ္စာဟူသည် မျက်လှည့်မျိုး
# ပညာဟူသည် မြတ်ရွှေအိုး

ရွှေ၊ ငွေ၊ ပစ္စည်းဟူသည်မှာ မတည်မြဲသော သဘောရှိ၏။ သုံးစွဲဖြုန်းတီး၍ ဖြစ်စေ၊ ရန်သူမျိုးငါးပါး ဖျက်ဆီး၍ ဖြစ်စေ ပစ္စည်း ဥစ္စာဟူသမျှ တို့သည် ပျက်စီး ဆုံးပါးတတ် ကြ၏။ ပစ္စည်း ဥစ္စာ မည်သည်မှာ ရှိလိုက်၊ မရှိလိုက် ဖြစ်တတ်သောကြောင့် မျက်လှည့် ပြသည်နှင့် တူသဖြင့် ဥစ္စာဟူသည် မျက်လှည့်မျိုးဟု ဆိုကြလေသည်။

အတတ်ပညာ ဟူသည်မှာကား သင်ကြားတတ်မြောက်ထားပါက မည်မျှပင် နှစ်ကာလကြာရှည်စွာ ထိုပညာကို အသုံးပြု နေစေကာမူ ကုန်ဆုံးသွားခြင်း မရှိ။ တပည့် တပန်းတို့အား ခွဲဝေ သင်ကြားပေး၍လည်း ယုတ်လျော့မသွား။ ရန်သူမျိုး ငါးပါးလည်း မဖျက်ဆီးနိုင်။ အတတ်ပညာ ဟူသ၍ မိမိ အသက်ရှင်နေသမျှ ကာလပတ်လုံး မိမိနှင့် အတူရှိနေမည်သာ ဖြစ်ပေသည်။


ထို့ကြောင့် ပညာသည် သုံး၍ မကုန်နိုင်သော မြင့်မြတ်သည့် ရွှေအိုးကြီးနှင့် တူလေသည်။

ပညာသည် ဥစ္စာထက် မြတ်ကြောင်း၊ ဥစ္စာထက် ပညာကိုသာ အလေးထား ရှာဖွေသင်ကြား ဆည်းပူး သင့်ကြောင်း ဤစကားပုံက လမ်းပြနေပေ၏။

မောင်ဝင်းမြတ်




## ဒါတွေသိသလား



ကာတွန်း ဆရာများသည် သူတို့၏ ကာတွန်းပုံများတွင် လင်းယုန်၊ ခြင်္သေ့၊ ဒေါင်း၊ ဝက်ဝံ၊ နဂါး စသည်တို့ကို တိုင်းပြည်များကိုယ်စား ရေးဆွဲလေ့ ရှိကြသည်။ မည်သည့် သတ္တဝါသည် မည်သည့် တိုင်းပြည်၏ ကိုယ်စားဖြစ်သည်ကို သင်သိရဲ့လား။

အဖြေ။ ။လင်းယုန်–အမေရိကန်နိုင်ငံ၊ ခြင်္သေ့–အင်္ဂလန်နိုင်ငံ၊ ဒေါင်း–မြန်မာနိုင်ငံ၊
ဝက်ဝံ–ရုရှားနိုင်ငံ။ နဂါး–တရုတ်နိုင်ငံ။

## အိပ်မက်ပေးသော အဘိုးကြီး

ဒေါ်တင်နီ



မိုးရွာထားသဖြင့် ပတ်ဝန်းကျင် တခုလုံးမှာ စွတ်စိုနေပါသည်။ လေအေးကလည်း တသုန်သုန် တိုက်ခတ် နေသည်မို့ ချမ်းစိမ့်စိမ့်ရှိလှသည်။ ကျနော် သည် ချမ်းစိမ့်စိမ့် ရှိလာသဖြင့် စောင် တထည်ကို ကောက်ယူကာ ခြုံထားလိုက်မိသည်။

ကျနော့်မှာ အနွေးထည်မရှိပါ။ ယခု ခြုံထားသော စောင်မှာလည်း ဖာထေးရာ ဗလပွနှင့် ဖြစ်ပါသည်။ ကျနော် စဉ်းစားတိုင်း ကိုယ့်ဘဝကိုယ်ဝမ်းနည်းမိသည်။ ကျနော့်မှာ အဖေမရှိတော့ပါ။ ကျနော့် အဖေသည် ကျနော် မွေးပြီးစ လောက်မှာပင် ဆုံးသွား သဖြင့် အမေက သာလျှင် ကျနော့်အား ဈေးရောင်းပြီး ကျွေးမွေးခဲ့ ရသည်။ ဈေးရောင်းသည် ဆိုသော်လည်း ဆိုင်ကြီး ကနားကြီးဖြင့် ရောင်းနိုင်သည် မဟုတ်ပါ။ လမ်းထိပ်ကွက်လပ်တွင် တောင်းတလုံးနှင့် မုန့်ပဲသားရေစာ ရောင်းခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျနော့်အနေနှင့် အနွေးထည် မရှိပါ။ ကျနော်လိုချင်သော်လည်း အမေ့ကို မပြောရက်ပါ။အမေ့ကို ကျနော်သနားသည်။ တွေးရင်း ငေးရင်းဖြင့်ပင် ကျနော် အိပ်ပျော်သွားတော့သည်။

အိပ်မက်ထဲတွင် ကျနော်၏ သူငယ်ချင်း များသည် အနွေးထည် လှလှကလေးများကို ဝတ်ဆင်ထားကြသည်။ ကျနော့်မှာမူ အနွေးထည်မရှိသဖြင့် ချမ်းနေတော့သည်။ ထိုစဉ် လူကြီးတယောက် ရောက် လာ ကာ ကျနော့်အား အနွေးထည်အင်္ကျီကလေး တထည် လာပြသည်။ နောက်ပြီး –

“ဟေ့ သူငယ်၊ မင်းဒီအင်္ကျီကလေးကို မလိုချင် ဘူးလားကွဲ” ဟု မေးပါသည်။

“ကျနော်လိုချင်ပါတယ် ဦးလေးရယ်”

“လိုချင်ယင် ငါ့နောက်ကို လိုက်ခဲ့”

ထိုလူကြီးသည် ပြောပြောဆိုဆိုရှေ့မှထွက်သွားရာ ကျနော်က နောက်မှ လိုက်သွား ရပါသည်။ ကျနော်သည် ထိုလူကြီးနောက်မှလိုက်သွားရာ မကြာမီ ပန်းခြံကြီးတခုအတွင်းသို့ရောက်သွားတော့သည်။ ပန်းခြံထဲတွင် ကျနော်နှင့် ရွယ်တူကလေးများကို တွေ့ရသည်။ သူတို့အားလုံး ပေါက်တူးပေါက်သူပေါက်၊ ပန်းပင် ရေလောင်းသူလောင်း၊ မြက်နုတ်သူ နုတ်နှင့် လုပ်အားကိုယ်စီ ပေးနေကြသည်။ ထိုလူကြီးက –

“ကဲ– မင်းလဲ သူတို့လို အလုပ် လုပ်ယင်၊ မင်း ကြိုက်တဲ့ အင်္ကျီကလေးကို ပေးမယ်၊ဟုတ်လား”

“ဟုတ်ကဲ့ ဦးလေး”

ကျနော်သည် တခြား ကလေးများနည်းတူ ဝင်ရောက်၍ လုပ်အား ပေးလိုက်သည်။ တဖြည်းဖြည်းနှင့် ချွေးတွေထွက်လာသည်။ ကြာ တော့ လည်း ကျနော်မချမ်းတော့ပါ။

"ကျနော် အိပ်ရာမှ ရုတ်တရက် နိုးလာသည်။ အမေ လာနှိုးသောကြောင့် ဖြစ်သည်။ အမေက ကျနော့်အား မေးသည်။


"သား၊ ဂရောင် ဂတမ်းနဲ့ ဘာတွေ ယောင် နေ တာ တုန်းကွဲ့။ အိပ်ချင်လဲ အိပ်ရာထဲမှာ သွားအိပ်မှပေါ့ကွယ်"

"ကျနော် အိပ်မက် မက်နေတာ အမေရဲ့"

ကျနော်က အမေ့အား အိပ်မက်ကို အစမှအဆုံးတိုင် ပြောပြလိုက်သည်။ ထိုအခါ အမေသည် ကျနော့်အား ကြည့်ကာ ပြည်းညှင်းစွာပြောလာသည်။

"သားက အနွေးထည် 'လိုချင်တာကို စိတ်စွဲနေတော့ အိပ်မက် မက်တာပေါ့။ အမေလဲ သားကို အကျႌ ဝယ်ပေးမလို့ ပိုက်ဆံစုထားတာ ပြည့်ကာနီးပါပြီသားရယ်"

"ဝမ်းသာလိုက်တာ အမေရယ်။ ဒါပေမဲ့ ကျနော် အမေ့ကို မဝယ်ခိုင်းပါဘူး။ အိပ်မက်ထဲက လိုဘဲ သား လုပ်အားနဲ့ သားရှာပြီး ဝယ်ပါ့မယ် အမေရယ်"



## ရွက်လှေလုပ်ရအောင်

ပုံတွင်ပြထားသည့်အတိုင်း သစ်သားပြားငယ်ကို ခေါ်းဖြင့်ခုတ်လှီးပါ။ အလယ်တွင် ရွက်တိုင်စိုက်ရန် အပေါက်ဖောက်ပြီး သစ်သားချောင်းကို ရွက်တိုင်အဖြစ် ထူပါ။ စက္ကူမာကို ရွက်အဖြစ်ပြုလုပ်ပါ။ စက္ကူပျော့ဖြင့် အလံပြုလုပ်ပါ။ လှေထိပ်တဖက် တချက်တွင် ပင်အပ်စိုက်၍ ရွက်ကြိုးတပ်ပါ။ ထို့နောက် ရေတွင်ချပြီး ပါးစပ်လေဖြင့် မှုတ်ကစားပါ။



## ပင့်ကူကလေး

ကိုယ်တိုင်ချည်ငင် အိမ်ဖွဲ့ဆင်၊
ပင့်ကူကလေး အိမ်ပိုင်ရှင်။

သူ့အိမ်ပျက်လျှင် သူပြင်ဆောက်၊
ဘယ်သူ့ကိုမှ ဒူးမထောက်။

မကြောက်မရွံ့ ရဲဝံ့စွာ၊
သူ့အိမ်မှာဘဲ သူနေတာ။

ကျူးကျော်လာတဲ့ ရန်သူများ၊
ဦးနှောက်ကိုမှ သူဖောက်စား။


စကားမပြော တိတ်ကိတ်နေ၊
အလုပ်ရှိက သူလုပ်ပေ။

တို့တတွေ သူ့ကိုတု၊
တိုင်းပြည်ကောင်းကျိုး အမြဲပြု။ ။

ချိုချိုလှိုင် - အလုံ

R. 517

# ပုစဉ်း



ပုစဉ်းကို လူတို့၏မိတ်ဆွေ အင်ဆက်ပိုးတွင် သွတ်သွင်းနိုင်သည်။ ပုစဉ်း အမျိုးမျိုးရှိ၍ အစိမ်း၊ အပြာ၊ ကြေးနီရောင် စသည်ဖြင့် အသွေးအရောင် အမျိုးမျိုး ရှိကြသည်။ ပုစဉ်း၏ကိုယ်သည် ရှည်လျားသေးသွယ်သည်။ အလွန်ဆတ်၍ ပြောင်လက်လက်ငွေရောင် အဆင်းရှိသော တောင်ပံလေးခုရှိသည်။ လေထဲ၌ လျင်မြန်စွာ ပျံသန်းနိုင်ပြီး ရုတ်တရက် ကွေ့ကောက်သွားလာနိုင်သည်။

ကျူရိုး၊ မြက်ပင်များပေါ် ကွင်နားပြီး ပျံသည့်အခါ အမြီးပိုင်းကို ရေတွင် စွက်ကနဲ နှစ်လေ့ရှိသည်။ ယင်းမှာ ဥအုခြင်း ဖြစ်၏။ ပုစဉ်း အမတကောင်သည် တကြိမ်လျှင် ဥပေါင်း ရှစ်ရာကျော်မှ သောင်းသိန်းအထိ အုသည်။ ထို ဥများသည် ရက်သတ္တလေးပတ်ခန့် အကြာတွင် ပေါက်သည်။ ဥမှ ပေါက်ခါစတွင် ပုစဉ်း မဖြစ်သေးပေ။ ရေအောက်တွင် ပိုးတုံးလုံးဘဝဖြင့် တနှစ်မှ ငါးနှစ်အထိ နေသည်။ ထိုသို့နေစဉ် ဆယ်ကြိမ်မှ ဆယ့်ငါးကြိမ်မျှ အရေခွံလဲပြီး ကြီးထွားလာသည်။ နောက်ဆုံး အကြိမ်တွင် ရေပေါ်သို့ တက်လာပြီး အရေခွံလဲ ကာ အတောင်ပံများ ပေါက် လာသည်။ ထိုအခါမှ ပုစဉ်း ဖြစ်လာသည်။



အစာဖြစ်သော ပိုးငယ်ကို ဖမ်းရန် မျက်လုံး အလွန်ကောင်းသည်။ မိသော ပိုးငယ်ကို ခြေခြောက်ချောင်းဖြင့် တောင်းကလေးကဲ့သို့ ဖြစ်လာအောင် ကွေးယူထည့်ထားပြီး ဝါးစားသည်။ ခြင်၊ ယင်နှင့် အခြား အပင်ဖျက်ပိုးများကိုဖမ်းယူစားသောကြောင့် သည်။ ပုစဉ်း ဘဝဖြင့် လအနည်းငယ် နေပြီး သေလေသည်။

မောင်ဆုပန်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးတင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၃၁။

# ရှေ့သွား ဂျာနယ်

၁၃၃၆ ခု၊ ဒုတိယဝါဆိုလဆုတ် ၁ ရက် (၃-၈-၇၄)

## ခေါက်သုံးလင်း


ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-နေမျိုးဦး





စနေနေ့တိုင်း ထုတ်ဝေသည်။



ဥရုဝေဠမြို့တွင် အပိုင်စား နေသော မြို့စားမင်း မလကျော်စွာသည် သတ္တိ ဗျတ္တိ နှင့်ပြည့်စုံ ပြီး တိုင်းပြည်နှင့် လူမျိုးကို ထိပါးလာလျှင် အသက်စွန့်ဝံ့သော သူရဲကောင်း တဦး ဖြစ်၏။
မြို့စားကြီးတွင် ရိုးရိုးအေးအေးနေတတ်သော သားအရင်း(မောင်သီလ)နှင့် အပေါင်း အသင်းများ၍ အပျော်အပါး လိုက်စားသော (မောင်သီဟ)ဆိုသူ သားတော် နှစ်ပါးရှိလေသည်။
မြို့စားမင်းသည် သားတော်နှစ်ပါးအား ယောကျ်ားတို့ တတ်အပ်သော ပညာစုံ သင်ပေး၍ မောင်သီလသည် ဓားရေး ကျွင်လည်သလောက် မောင်သီဟကား မြားရေးကောင်း၏။
ထိုအခါ ရန်ဖက်ဖြစ်သော ဝဏ္ဏဝေဠမြို့စားသည် ဥရုဝေဠမြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် စစ်အင်အား ကြီးမားစွာ ဖြင့် ချီတက်လာလေသည်။


မြို့စားကြီး ဗလကျော်စွာသည် စစ်အင်အား မမျှသော်လည်း သားတော် နှစ်ပါးနှင့် အတူ ရှေ့ဆုံးမှ အစွမ်းကုန်ခုခံ၏။
တိုက်ပွဲမှာ ပြင်းထန်ပြီး နှစ်ဦးနှစ်ဖက် အကျ အဆုံးများသော်လည်း ရန်သူတို့သည် မြို့ကို မသိမ်းပိုက်နိုင်ချေ။
သို့သော် သားတော်အငယ် မောင်သီဟကို ရန်သူများက လက်ရ ဖမ်းမိ၍ သုံ့ပန်း အဖြစ် ခေါ်ဆောင်သွားလေသည်။
ရန်သူဝဏ္ဏဝေဠုမြို့စားသည် သုံ့ပန်း မောင်သီ ဟ၏ စွမ်းရည်သတ္တိကို သိသဖြင့် သမီးတော် မာယာဝတီ နှင့် လှည့်ဖြားရန် ကြံစည် လေ တော့သည်။
သမီးတော် မာယာဝတီ
သုံ့ပန်း ဗိုလ်သီဟကို မာယါနှောဖြီး ရှိဘက် ပါအောင် ချွေး ဆောင် လော့
မှန်လှပါ. ပါပါဘုရား
မောင်သီဟအား သူ့ဖခမည်းတော်မြို့စားကြီး ဗလကျော်စွာထက် သာသော အဆောင် အ ယောင်များ ပေးထား၍ သမီးတော်နှင့်လည်း
ဘယ့်နှဲ့လဲ၊ ရှင်တို့ ဥရုဝေဠု မင်းသမီးလိုဝတ်ထား၏ မတ္တာရှုံးလား၊
ဟီး – တူရုံဘယ် ကမလဲ - ဘုံကြီးမှတ် တဲ့ - ခုတ်မိ မယ်လို လှ လိုက်တာ — ဟီး
....မကြာခဏ တွေ့ရသဖြင့် မောင်သီဟမှာ သမီးတော်ကို စွဲမက်ကာ မိမိဘဝကိုပင် မေ့ နေတော့သည်။
...တကယ် မေတ္တာ စစ်ဆိုယင်
ပါ့မလား ဗိုလ် သီဟရယ်... ....
နှမတော်နဲ့ ဒီမြို့တော် အတွက်ဆိုယင် အသက်ပေး ကါကွယ်ပါမယ်လို့ ပါပါဘုရား၊ ငှဲတော်မှာ သစ္စာရေ သောက် နိုင်ပါတယ် - တကယ်ပါ.


ထို့နောက် ကတိသစ္စာခံယူလိုက်သဖြင့် ရန်သူ မြို့စားကြီးသည် သမီးတော်နှင့် ထိမ်းမြားပေး လိုက်လေသည်။
ထိုအချိန်တွင် ခမည်းတော် မလကျော်စွာမှာ သားတော်အတွက် ရတက်မအေးသဖြင့် သား တော်ကြီး မောင်သီလအား —
သား တော်ရယ် . ရုပ်ချက်မြို့ ရန်သူ့ မြို့တော်သို့ သွား ၍ ညီလေး သီဟ . သတင်း ထောက်ပါလား
ယနေ့ ညပင် သွားပါမည် . ခမည်း တော် ဘုရား
ရက်များမကြာမီ ညီနောင်နှစ်ပါးတွေ့ဆုံမိကြ သောအခါ —
ညီတော်၊ ခမည်းတော် ဘုရား စိတ်တော် ပူလှပြီ။ ယခုပင် တပါတည်း ပြေးကြပါစို့
အကိုသီလ ရယ် . ပြန် ဖို့ မလိုတော့ ပါဘူး။ သမက် တော် ဖြစ်နေ မှဘဲ။ ဘေးရန် လဲ မရှိပါဘူး
မောင်သီလက အကြိမ်ကြိမ် ပြောသော်လည်း မရ၍ ပြန်သွားလေသည်။
ဟင်း .... ညီတော်သီဟ ... ညီတော်သီဟ ....
ကိုယ့်မြို့ - ကိုယ့်ရွာ - ကိုယ့်ဆွေ ကိုယ့်မျိုး ကိုတောင် မေ့ပြီး - သူ့တစ်ပါး ကိုဘဲ ခင်မင် နေပြီကိုး
ရန်သူမြို့စားကြီးသည် မောင်သီဟအား စိတ်ချ ယုံကြည်ရလောက်ပြီဟု ယူဆရသော တနေ့ တွင် —
ဥရုဝေဠ မြို့ကို စိတ်မကျေ မှု၍ ချီတက်တော်မူလိုသည်။ သ မက်တော် သဘောထား တင်စေချင်း .......
မှန်လှပါ။ ကတိ သစ္စာတော် ခံယူထားသည့် အတိုင်း - အတွင်းသိသော ကျွန်တော် မျိုး ပါ ဦးဆောင် ချီတက် လိုကြောင်း ပါဘုရား
အိမ်း - ကောင်း ပေစွ။
သို့ဖြင့် များမကြာမီ တပ်မတော်ကြီးရှေ့မှ ရန် သူမြို့စားကြီးနှင့် သားမက်တော် မောင်သီဟ တို့ ချီတက်လာလေသည်။


ဥရုဝေဠ မြို့စားကြီး မလ ကျော်စွာနှင့် သား
တော် မောင်သီလ တို့သည် ခုခံ တိုက်ခိုက်ရန်
စစ်ဦးမှ ခေါင်းဆောင်ထွက်လာရာ –
ဟင်
သီဟ
ဟုတ်လား
ဟါ. ဟုတ်ပါ
ကယ် - ခမည်း
တော်
မြို့စားကြီးမှာ သားငယ် သီဟကိုတွေ့၍ ပထမ
ဝမ်းသာမိ သော်လည်း ရန်သူအဖြစ် လာ
သဖြင့် ဝမ်းနည်းခြင်းဖြစ်ရပေ၏။
ထိုအခိုက်၌ပင် နှစ်ဖက်သော စစ်သည်တို့ စ
တိုက်ကြသဖြင့် မြို့စားကြီးနှင့် ရန်သူမြို့စားတို့
တွေ့ဆုံပြီး အပြတ်အသတ် တိုက်ကြ၏။
ဗိုလ်သီလလည်း တိုက်ရင်းနှင့် မမြော်လင့်ဘဲ
ညီတော် ဗိုလ်သီဟနှင့်ရင်ဆိုင်မိသော် အံ့အား
သင့်ကာ စိတ်မကောင်းဖြစ်နေစဉ် –
ဗိုလ်သီဟ ပစ်လွှတ်လိုက်သော မြားတစင်း
သည် ဗိုလ်သီလရင်ဝတွင် လာစိုက်တော့၏။
ရက်စက်ပါပေ့
ညီတော်ရယ်
ဒွပ်
ထိုသို့ အော်နေစဉ်ပင် ဗိုလ်သီဟသည် ကျွမ်း
ကျင်လှသော ဗိုလ်သီလ၏ ဓားကို စိတ်မချ
သဖြင့် မြားကို ဆက်တိုက်လွှတ်ရာ ....
အား
ကျွား


သီဟနှင့် ...၏ အော်သံ စူးစူးရှရှ ထွက်လာသ... ကြီးနှင့် ရန်သူတို့ပင် လှည့်ကြည့်၍ ...သင့်သွား၏။
မိုလ်သီလ လဲကျသွားသည်ကို မြင်လိုက်လျှင် မှိစားကြီး သတိဝင်လာကာ ကျေနပ်စွာ ကြက်သေသေနေသော ရန်သူကို ဓားနှင့် ထိုးလိုက်ပြီး —
မိုလ်သီဟရှိရာသို့ တရှိန်ထိုးလိုက်လေ၏။
တောက်
မိုလ်သီဟလည်း ရိပ်ခနဲတွေ့လိုက်ရ၍ကြောက်လန့်ထွက်ပြေးလျှက် —
အကြိတ်အနယ် တိုက်ခိုက်နေသော စစ်မြေပြင်တွင် ပျောက်ကွယ်သွား၏။
သို့သော် မကြာမီပင် ရန်သူတပ်များ ဆုတ်ခွာပြေးကြသဖြင့် လိုက်တိုက်ရင်း သီဟကိုလက်ရဖမ်းမိ၍ —
ကိုယ်တော်လေး- လက်သုံးတော် လေးနဲ့မြား လွှတ်ချလိုက် ပါ
ဟင်. ကိုယ်တော်လေး ဘဲ။ လက်လွန်ကြ မယ်ဟေ့။


မြို့စားကြီးထံသို့ခေါ်လာပြီး မည်သို့စီမံရမည်ကို အမိန့်တောင်းရာ-
သားတော် သီဟ-ကို မိခဲ့၍ လှဲ့ပျံတော် တပ်ခွဲ-၃-မှ အပ်နှံပါသည် ဘုရား၊
မြို့စားကြီးသည် သားတော်ကို စေ့စေ့ စိုက်ကြည့်လျက် မျက်စိထဲတွင် ဝယ်စဉ်က ညီအစ်ကို နှစ်ယောက်အား ချစ်ခင်စွာ မြို့စု ခေါက်ရှောက် ခဲ့ရပုံတွေ-
အတူတူ ကစားခဲ့ကြပုံတွေ-
အတူတူ ပညာ သင်ခဲ့ကြပုံတွေကို တွေးမြင်သည့်အဆုံး၌
မျက်နှာကြီးနီမြန်းလာကာ
အင်း-အာ ကို-ကို-သတ်တဲ့ကောင်....
တိုင်းပြည်ကို သစ္စာဖောက်တဲ့ကောင်..
ကိုယ့်လူမျိုးကို ရန်ပြုတဲ့ ကောင်.....
သစ္စာဖောက် တို့ရဲ့ နောက်ဆုံး သွားရမယ့် လမ်း ဟာ ဒီတာလမ်းထဲ ဟော့.....


# လက်စွပ်



ရှေးဟောင်း အီဂျစ် လက်စွပ်



မိုင်စီနီ လက်စွပ်



အီဂျစ်တံဆိပ်ရိုက် လက်စွပ်




ရောမ လက်စွပ်



ဂရိလက်စွပ်



ဗြဟ္မဏလက်စွပ်

လက်စွပ်သည် ဝိုင်းသောပုံသဏ္ဌာန်ရှိသည့် ကွင်းဖြစ်သည်။ လက်ချောင်းများတွင် စွပ်၍ ဝတ်သောကြောင့် လက်စွပ်ဟု ခေါ်ခြင်းဖြစ်သည်။

လက်စွပ်များမှာ အများအားဖြင့် အဖိုးထိုက်တန်သော ရွှေ၊ ငွေ ရတနာတို့ဖြင့် ပြုလုပ်ကြသည်။ သို့သော် ဆင်စွယ်၊ ကျောက်စိမ်း စသည်တို့ဖြင့်လည်း လက်စွပ်ပြုလုပ်ကြသည်။ ယခုအခါ ပလပ်စတစ်ကိုလည်း လက်စွပ်အဖြစ် ပြုလုပ်ကြ၏။

လက်စွပ်ကို မည်သည့်ခေတ်မှစ၍ ဝတ်ဆင်ခဲ့ကြသည်ကို မသိနိုင်ချေ။ သို့သော် ရှေးအကျဆုံးသော လက်စွပ်များကို အီဂျစ်ပြည်၏ ဂူသင်္ချိုင်းများမှ တွေ့ရသည်။ လက်စွပ်များမှာ ပြောင်ချောဖြစ်စေ၊ ပန်းများဖော်၍ ဖြစ်စေ၊ သို့မဟုတ် ကျောက်မျက်ရတနာများဖြင့် စီခြယ်၍ ဖြစ်စေ ပြုလုပ်ထားတတ်ကြသည်။

လက်ထပ်လက်စွပ်၊ စေ့စပ်ကြောင်းလမ်း လက်စွပ်များကို ရောမခေတ်မှ စ၍ ဝတ်ဆင်ခဲ့ကြသည်ဟု ယူဆရသည်။ လက်ထပ်လက်စွပ်ကို လက်ဝဲ လက်သူကြွယ်တွင် ဝတ်သော အလေ့မှာ ၎င်းလက်ချောင်းမှ အသည်းနှလုံးသို့ တိုက်ရိုက်သွားသော သွေးကြောရှိသည်ဟု ရှေးက ယူဆခဲ့သောကြောင့် ဖြစ်၏။ ထို့ကြောင့် အသည်းနှလုံးရော လက်ကိုပါ အတူတကွ ပေးအပ်သည်ဟူသော အယူဖြင့် လက်ထပ်လက်စွပ် ဝတ်ကြခြင်းဖြစ်သည်။ ထိုအယူအဆမှာ မှားသော်လည်း ထုံးစံမှာ ယခုထက်တိုင် အနောက်နိုင်ငံများတွင် ကျင့်သုံးလျက် ရှိကြသည်။



ဂျူး လက်ထပ် လက်စွပ်



ပုတ်ရဟန်း မင်း လက်စွပ်

လက်စွပ်သည် အုပ်ချုပ်သူတို့၏ အမှတ်လက္ခဏာတခုလည်း ဖြစ်သည်။ ရှေးမင်းများသည် ကျွန်ယုံများကို လက်စွပ်များ ပေးလေ့ရှိ၏။ လျှို့ဝှက်သော စကားများကို တနေရာမှ တနေရာသို့ ပို့ဆောင်စေသော အခါတွင်လည်း လက်စွပ်ကို ပေးလိုက်လေ့ ရှိသည်။

သမ္မာကျမ်းစာတွင် ဖာရိုဘုရင်သည် ဂျိုးဇက်ကို တိုင်းပြည်အုပ်စေလွှတ်သောအခါ သူ၏လက်စွပ်ကို ပေးလိုက်သည်။ ဤလက်စွပ်သည် ဘုရင်၏ အာဏာ လွှဲအပ်ခြင်း အထိမ်းအမှတ်အဖြစ် လူအများက အသိအမှတ် ပြုကြသည်။

အချို့လက်စွပ်များမှာ တံဆိပ်ရိုက်နှိပ်ရန်အတွက် ဖြစ်၏။ ပုပ်ရဟန်းမင်းသည် စာချွန်စာတမ်းများကို လက်မှတ် ရေးထိုးသည့်အခါတွင် လက်စွပ်ဖြင့် တံဆိပ်ရိုက်နှိပ်ရသည်။ ဂိုဏ်းချုပ် ဘုန်းတော်ကြီးများ ခန့်အပ်သောအခါတွင်လည်း ပုပ်ရဟန်းမင်းက လက်မတွင် ဝတ်ရသော လက်စွပ်များ အပ်နှင်းလေသည်။

ရှေးမြန်မာမင်းများသည် နဝရတ်လက်စွပ်ကို အမြတ်တနိုးဝတ်ဆင်ကြသည်။ နဝရတ်၏ အဓိပ္ပာယ်မှာ ရတနာကိုးပါးဟူ၍ ဖြစ်၏။ အလယ်တည့်တည့်တွင် (၁) ပတ္တမြားရှိပြီး (၂) စိန်၊ (၃) မြ၊ (၄) ဂေါ်မုတ်၊ (၅) ပုလဲ၊ (၆) သန္တာ၊ (၇) ဥဿဖရား၊ (၈) ကြောင်နှင့် (၉) နီလာတို့ကို ရံထားလေသည်။ နဝရတ် လက်စွပ်ပြုလုပ်သည့်အခါ နေ့ကောင်းနေ့မြတ် ရွေးကာ ကန်တော့ပွဲများပေးပြီးမှ ပြုလုပ်ရသည်ဟု စာဆိုရှိသည်။

ဆင်အမြီးကိုလည်း လက်စွပ်အဖြစ် ကျစ်ပြီးဝတ်ကြသည်။ ဆင်မြီးလက်စွပ်ကို ဝတ်ထားလျှင် ဝတ်ထားသူ၏ အိမ်မီးမလောင်ဟူ၍၎င်း၊ ကိုယ်ဝန်ဆောင်များ ဝတ်လျှင် မီးဖွားလွယ်သည်ဟူ၍၎င်း အယူရှိကြသည်။

ထူးမြတ်



၁၆ ရာစု [illegible]
[illegible]
လက်စွပ်



[illegible]



လက်ထပ်လက်စွပ်များ



မယ်ရီရှင်ကျိုးယန်လက်စွပ်



မြလက်စွပ်




စိန်လက်စွပ်




နဝရတ်လက်စွပ်

# အကြံကောင်း


ကာတွန်း


ယုန်သည် အပြေးမြန်သူဖြစ်သည်။
ဟဲဟဲ


လိပ်သည် ရေကူးသန်သူဖြစ်သည်။
ဟားဟား
သူတို့နှစ်ဦး တွေ့ဆုံကြရာ....
ဟိုဘက်ကမ်းမှာ မုန်လာဥနီတွေ ရှိတယ်ဗျ
ကျုပ်က ရေ မကူးတတ်လို့ သာပေါ့ဗျာ..
ကျုပ်ကရေ ကူးတတ်သဗျ ဒါပေမဲ့...
ကိုကျားနဲ့တွေ့ ယင်..ပြေးမလွတ် မှာစိုးလို့....


ဟား.. ဒါဖြင့် ခင်ဗျားနဲ့ ကျုပ် ပေါင်းလိုက်ယင်
ဟုတ်တယ်ကျိုး ဖြစ်တယ်...
လိပ်သည် ယုန်ကိုပိုး၍ ရေကူးသွားပြီး
မုန်လာဥနီများ နုတ်ကြ၏။
ဟား
ကိုကျားနဲ့ တွေ့သောအခါ ယုန်သည် လိပ်ကို ထမ်းပြေးလေသည်။
ဟား ဟား..
သို့ဖြင့် သူတို့နှစ်ဦးသည် မုန်လာဥနီများ စားကြရလေသည်။


ဖိုးဇော်သည် အမြဲကြွား ဝါ ပြော လေ့ ရှိသည်။ ထို့ကြောင့် သူ့ကိုဖိုးကြွားဟု အများက ခေါ်ကြ၏။
ငါ မာလကာသီး အလုံးနှစ်ဆယ်ကို တခါထဲ - စားပြနိုင် တယ် - ဟွန်း ..
အေး - ဒို့ယုံတယ် - ဖင်းတို့ မာလကာပင် ထိပ်ဖျားမှာ - မာလကာသီးအမှည့်တွေ ရှိတယ် - ဒို့စားချင်တယ်ကွာ ဖိုးကြွား .. ဘဲလေ .. ဖိုးဇော်ရာ ...
ဒီမာလကာပင် အမြင့်လောက်တော့ ငါမမှုဘူး - သူ့ထက် ဆယ်ပြန်မက မြင့်တဲ့ အိမ်ဖေကို က အသာလေး
အေး .... ဒို့ကတော့ - ယုံပြီးသားဘဲ ..
သူ၏ သူငယ်ချင်းများကလည်း အခွင့်ကောင်း ယူကာ မြှောက်ပင့်၍ စားတတ်ကြသည်။
ဒို့ - သူငယ်ချင်းက မဆိုးဘူးပေါ့ ..
ဟေ့ ..... မိန်းမရေ .... ဒီအပင်က မာလကာသီးတွေ ဘယ်သူခူးတာလဲ .. ဒီလောက် မြင့်တဲ့ အပင်ပေါ်တက်ခူးနိုင်တာ ချီးကျူးဖို့ကောင်းတယ် ..
ဖိုးဇော်သည် ကြွားချင်၍
ဟာ - ဒါဒါ ကျနော် တက်ခူးတာ ဖေဖေရဲ့ ...
အော် / လက်စသတ်တော့ ကိုဖိုးကြွားကိုး - ဒီလောက် မြင့်တဲ့အပင်ပေါ်တက်ချင်တဲ့ ဖင်းကို - ဆုချရမယ် ... ကဲ ... ကွာ .... ကဲ
အောင်မလေးဗျ
ပြီး




# လသာတုန်းဗိုင်းငင့်

ရှေးအခါ ရေနံမီးအိမ်နှင့် လျှပ်စစ်မီး မရှိသေးသဖြင့် မြန်မာကျေးလက် တောရွာများတွင် ညအခါ၌ လ၏အလင်းရောင်ကို အားကိုးကြရ၏။ လသာသည့် ညများတွင် လုပ်စရာရှိသည့် အိမ်တွင်းမှု လုပ်ငန်းဆောင်တာများကို ကြိုးစားလုပ်ကိုင်ကြရ၏။

ယခုခေတ်ကဲ့သို့ စက်ရက်ကန်းများ မပေါ်မီက ကျေးလက် တောရွာ များတွင် ဗိုင်းငင့်လုပ်ငန်းသည် ရက်ကန်းအတွက် အရေးပါလှပေသည်။ သို့အတွက် ဗိုင်းငင့်ကြသော အမျိုးသမီးများအား လသာ ညများတွင် ပျင်းရိမနေပဲ တွင်တွင်ကျယ်ကျယ် ဗိုင်းငင့်ကြရန် သတိပေးလို၍ ရှေးလူကြီးသူမများက "လသာတုန်းဗိုင်းငင့်" ဟူ၍ စကားပုံဖြင့် ဆုံးမခဲ့ကြပေသည်။

ဤစကားပုံက လူတို့အား ပျင်းရိ တွံဆိုင်းမနေပဲ အခွင့်အခါသင့်ခိုက်တွင် အလုပ် လုပ်ကြရန်၊ အချိန်ရှိခိုက်လုံ့လစိုက်ကြရန် လမ်းညွှန်လျက်ရှိပေ၏။

မောင်ဝင်းမြတ်



# စကား

မောင်အိမ်လန်း
(မြင်းမူ)



"မိစိုး ဒီကို လာစမ်း"

မေမေ၏အသံက မာကျော လှသည်။ မျက်နှာ က လည်း ခက်ထန် လှန်း သည်။ တခါမှ သည်လိုမပြောဘူး မဆိုဘူး၍ ကျမ လန့်နေမိသည်။ ကြောက် ကြောက်နှင့် မေမေ အနားသို့ ခပ်ယိုယို သွားရပ်မိ၏။

"ညည်း အရိုးသာလှတို့အိမ် တွင်းရေး အကြောင်းကို အဒေါ် စိမ်း တို့ အိမ် သွား ပြော တယ် မဟုတ်လား။ မနက်က အရိုးသာလှ အိမ်ကို လာတိုင် သွားတယ်။ မနေ့က အရိုးသာ လှတို့နဲ့ အဒေါ်စိမ်းတို့ ရန်ဖြစ် ကြတယ်။ ပြောစမ်း မိစိုး"

ဟုတ်ပါသည်။ မနေ့က အ ရိုး သာ လှ နှင့် အဒေါ်စိမ်းတို့ ခွန်းကြီး ခွန်းငယ် ရန်ဖြစ်ကြ သည်။ တမြန့်မနေ့က အရိုး သာလှတို့အိမ်သို့ ကျမ သွား ကစားသည်။ အရိုးသာလှက သူ့သမီးကြီး မမတင် ရည်းစား ထားသည်ကို သိ၍ ဆူနေပါ သည်။ထိုအကြောင်းကို အဒေါ် စိမ်းတို့ အိမ်သို့ရောက်၍ စကား စပ်မိပြီး ကျမက ပြောမိသည်။ တကယ်တော့ အရိုးသာလှနှင့် အဒေါ်စိမ်းတို့ မတည့်ကြပါ။ မနေ့က ရန်ဖြစ်စဉ်က အဒေါ် စိမ်းသည် ကျမပြောခဲ့သည့် မမ တင် ရည်း စား ထား သည့် အကြောင်းကိုလည်း ထည့်ပြော ပါသည်။ ဤ အကြောင်းနှင့် ပတ်သက်၍ အရိုးသာလှ၊ မမ တင်နှင့် ကျမတို့ သုံးဦးသာ သိ ပါသည်။ထို့ကြောင့်လည်း ကျမ က ပြောသည်ဟု တတ်အပ်သေ ချာ မေမေ့ကို လာတိုင်ခြင်းဖြစ် ပါသည်။

ကျမမှာ ဝါသနာ တခုရှိ သည်။ လူကြီးတွေ စကားပြော လျှင် နား ထောင် တတ် သော ဝါသနာဖြစ်ပါသည်။ ဖွားဖွား ပြောသည်ကို ကြားဘူးသည်။ လူဆိုတာ ဗဟုသုတရှိမှ လူရာ ဝင်တယ်တဲ့။သည်တော့ လူကြီး တွေ စကားပြောလျှင် ကျမ နားထောင်၍ စကားစပ်မိလျှင် သင့်သည် မသင့်သည်၊ လျော် သည် မလျော်သည်ကို မစဉ်း စားပဲ ကျမ ဝင်၍ ပြောတတ် ခြင်း ဖြစ်သည်။ တခါတလေ လူကြီးများက ချီးမွမ်းတတ်ပြီး တခါတရံ အော် ငေါက် လွှတ် တတ်သည်။ ကြာတော့ အစ်ကို အစ်မများက ကျမကို နာမည် ပေး ကင်ပွန်း တပ် လိုက် ကြ သည်။ "မိစပ်စု"တဲ့။

ကျမသည် ကိုယ့်အပြစ်နှင့် ကိုယ်မို့ မေမေ မေး သည် ကို မဖြေနိုင်ပါ။ ခေါင်း ငုံ့ ၍ သာ နေရပါသည်။

"ကလေးဆိုတာ ကလေးလို နေရတယ်။ နားထောင်သင့်မှ နားထောင်၊ ပြောသင့်မှပြောရ တယ်။ အတွင်းက စကားကို အပြင်မရောက်စေရဘူး၊ အပြင် က စကားကိုလဲ အတွင်း မ ရောက် စေ ရ ဘူး။ စ ကား စကား ပြောပါများ၊ စကားထဲ က ဇာတိပြတဲ့။ အခုကြည့်စမ်း ဘယ်လောက် ရှက်စရာကောင်း လဲ။ အရွယ်က ငယ်ငယ်ရှိသေး

တယ် စကား ရှုပ် တတ် လာပြီ။ နောက်ကို မှတ်ထား စကားကို သူနေရာနဲ့သူ ပြောသင့်မှပြော၊ သုံးသင့်မှသုံး။ က လေး ဟာ ကလေးလိုဘဲ နေရတယ် ကြား လား”

မေမေ၏ အသံသည် စော စော က လောက် မ မာ ကျော တော့၊ချိုသာလာသည်။ မေမေ၏ စကားဆုံးလျှင် ကျမသည် မေမေ အနားမှ အ ခန်း ထဲ သို့ ထွက်ခွာခဲ့ပါသည်။ နောင်တွင် လူကြီးတွေ စကားပြောလျှင် လူကြီးတွေက ခေါ်မှသာ ကျမ သွားပါသည်။ မခေါ် လျှင် ကျမ ဖာသာ က စား နေ သည်။ မကစားလျှင် ကျောင်းစာကို ကြည့်နေမိသည်။ ကြာတော့ ကိုကို မမတို့ကလည်း ကျမကို ချစ် ခင် လာ ကြ သည်။ သူတို့ ကင်ပွန်းတပ်ခေါ် ခဲ့သည့် “မိစပ်စု” ဆို သည့် နာ မည် လည်း ပျောက်၍ နာမည်ရင်း“စိုးစိုး” ဟုပင် ခေါ် လာကြ ပါသည်။ ကျမသည် အချိန်တိုင်း အချိန် တိုင်း မေမေပြောခဲ့သည့် စကား တခွန်းကို အစဉ် သတိရနေမိပါ သည်။

“စကား စကား ပြော ပါ များ၊ စကားထဲက ဇာတိပြ”တဲ့။



## လမြှတ်ဝါဆို

မြတ်လေးပုန်းညက် ပွင့်ခက်ဝေ၊
ဝါဆိုလမြှတ်ပေ။

စေတနာ သဒ္ဓာပွား၊
လှူတန်းကြစို့လား။

တောထွက်ဋ္ဌားခဲ့ ဘုရားရှင်၊
ဝါဆိုလမှာပင်။

ပဉ္စဝဂ္ဂီ ရှင်ငါးပါး၊
ဓမ္မစကြာဟောခဲ့ဋ္ဌား။

ဘုရားဖြစ်ဖို့ သန္ဓေကူး၊
လမြှတ်ဝါဆိုထူး။

ပန်းတွေခူးလို့ လှူရသော်၊
ညီလေးပြုံးပျော်ပျော်။


သာဓုခေါ် တို့အပွား၊
သက်န်းကပ်လှူသွား။

လုပ်အားပေးကွဲ ရွှေကြေးစည်၊
ဒူဝေဒူဝေ[illegible]သ်။ ။

ဒုဋ္ဌဝတီ - မြသောင်း

## ပင့်ကူကလေး

ကပ်ထူစက္ကူမှာ ပြထားသည့်ပုံအတိုင်း ပင့်ကူပုံရေးပြီး ညှပ်ထုတ်ပါ။ ခြေထောက်များကို ရော်ဘာ ကြိုးဖြင့် တပ်ပါ။ အရောင်ခြယ်ပါ။ ရှစ်လက်မပတ်လည် စက္ကူကပ်ထူမှာ ပင့်ကူအိမ်ရေးပြီး အလယ်တွင် အပေါက်ဖောက်၍ အထက်အောက်ကြိုးကို ဖြည်းဖြည်းဆွဲကစားပါ။



R. 517

# ရှိခိုးကောင်



ရှိခိုးကောင်သည် အင်ဆက်ပိုး တမျိုး ဖြစ်သည်။ သို့သော် အခြားအင်ဆက်ပိုးတို့နှင့် မတူပဲ ထူးဆန်းသော သတ္တဝါ တမျိုး ဖြစ်သည်။ ကြီးသော မျက်လုံး နှစ်လုံးနှင့် ဟိုသည် လှည့်နိုင်သော ဦးခေါင်း ရှိသည်။ အစိမ်းရောင်၊ အနီရောင်၊ ပန်းရောင်စသည်ဖြင့် အရောင်အမျိုးမျိုး ရှိသည်။ နီရောင်ရှိသော ရှိခိုးကောင်သည် အနီရောင် ပန်းအဖူးအငုံ အနီးတွင် နေ၍ အစိမ်းရောင် ရှိခိုးကောင်သည် အစိမ်းရောင် ပန်းအဖူးအငုံ အနီးတွင် နေပြီးပိုးကောင်တို့ကိုစောင့်ဖမ်းလေ့ရှိသည်။ ပိုးကောင်များကို ဖမ်းဆီး စားသောက်ရန် စောင့်နေသည့်အခါနှင့် နားနေသည့် အခါတွင် ရှေ့ခြေထောက် နှစ်ချောင်းကို ရှိခိုးနေသကဲ့သို့ ပြုလုပ်ထားသည်။



ရှိခိုးကောင်သည် အင်ဆက်ပိုး တို့တွင် အလွန်ကြီးသောပိုးကောင် ဖြစ်သဖြင့် လိပ်ပြာနှင့် နှံကောင်များလောက် ကြီးသော အခြားအင်ဆက်ပိုးများကိုပင်စားနိုင်သည်။ တခါတရံ မိမိတို့မျိုးတူ အချင်းချင်း ကိုပင် ဖမ်းယူ စားသောက်ကြသည်။ ခြင်နှင့် ယင်ကဲ့သို့ သေးငယ်သောပိုးများကိုလည်း စားသည်။

ဂျပန်နိုင်ငံတွင် ခြင်ကိုက် သက်သာစေရန် ရှိခိုးကောင်များကို တခါတရံ အိပ်ရာအနီးတွင် ချည်ထားကြသည်။ ရှိခိုးကောင်သည် ဥယျာဉ်စိုက်ပျိုးခင်းများကို ဖျက်ဆီးတတ်သော အင်ဆက်ပိုးကောင်များကို ဖမ်းယူ စားသောက်သည်။

မောင်ဆုပန်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ-၆။ အမှတ်—၃၂။

ပျော်စေသော ကြော်ငြာလေး
ပိရှောင်

| | |
|---|---|
| ပန်းချီ | ဦးဘကြည် |
| ဇာတ်လမ်း | ခင်သန္တာ |

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ ဒုတိယဝါဆိုလဆုတ် ၈ ရက် (၁၀-၈-၇၄)



စနေနေ့တိုင်း ထုတ်ဝေသည်။


တညနေခင်းတွင်ဖိုးဝသည်ဟိုကြည့်သည်ကြည့်နှင့် လမ်းလျှောက်လာသည်။
လမ်းတွင် ဆိတ်ကလေးတကောင်ကမြင်သဖြင့်
အမယ် - ဖိုးဝ· ဘယ်လဲဗျ
မိချောင် ပျောက်လို့ လိုက်ရှာနေဒါပါ
တွေ့များ တွေ့မိ သေးလား -ဟင်
ခပ်စောစောပိုင်းကတော့ ရေကန်စပ်မှာ လှေတစင်းပေါ်ထိုင်ပြီး ငါးမျှားနေတာတွေ့တယ်
ဟင် - ဟုတ်လား - ဘယ်ရေကန်မှာလဲ
ငါလိုက်ပို့ပါ့မယ်။ မင်းက-နွေးတုံ့ နွေးတုံ့နဲ့၊ ကဲပါ - ငါ့ကျောပေါ်တက် သွားကြစို့
ဟုတ်ကဲ့
ထိုအခိုက် ဘဲကလေးတကောင်ပြေးလာပြီး
ကိုကိုဆိတ်
ကျွန်မလဲ လိုက် ပါရစေ
အရေး အကြောင်း ရှိယင်လဲ ကူညီ ရတာပေါ့
ကောင်းသားဘဲ လာလေ
ရေကန်သို့ ရောက်သွားကြသောအခါ
ဟယ် - မရှိတော့ဘူးဟ။
ဟင် -လှေကလဲ -ဟိုကျွန်း ရောက်နေပါလား
လှေကြိုးပြတ်ပြီး မျောသွားလို့ - ကျွန်း ပေါ်ရောက်နေပုံ ထင်တယ်



ဒီကျွန်းမှာ သွားရှာဘို့တော့-မပူပါနဲ့၊ ကျမ တာဝန် ထားလိုက်ပါ။ ကျမတို့ ဘဲတွေဟာ-ရေကူးကောင်းတယ်ရှင့်
အေးဗျာ-ကူညီပါအုံး
ဘဲမလေးသည် ကျွန်းသို့ ရေကူးသွား၏။
ဟာ- တယ်တော်တဲ့ မမဘဲပါလား။ ဘယ်လို လုပ်ကူးလဲ မသိဘူးနော်
သူတို့ ဘဲမွေးတွေက ရေမစိုဘူးကွဲ၊ ဒီတော့ ကိုယ်ဖော့ရလွယ်တယ်။သူတို့ခြေထောက်က အပြားကြီးဆိုတော့ လှေတက်များလို ခတ်လို့ကောင်းတာပေါ့
အော်
ဘဲမလေးသည် လိုက်ရှာသော်လည်း မိညောင်ကို မတွေ့သဖြင့်—
မိညောင်ရေ... ဟေ-မိညောင်
မိညောင်ရေ ဟေ မိညောင်
ပျောက်ကြည့်တာလဲ-မတွေ့ဘူး၊ ပျောက်ခေါ်တာလဲ မထူးဘူး၊ ဒီကျွန်းပေါ် မရှိတာတော့ အမှန်ဘဲ
ဟင်-ဒုက္ခပါဘဲ
လိုက်ရှာကြတာပေါ့ကွာ
တောစပ်ရောက်သော် ရှဉ့်ကလေးက
အမယ်-ဘယ်ဟာတွေပါလိမ့်၊ ဆိတ်ကြီးစီးပြီး-ဘယ်ခရီးထွက်ကြမလို့လဲ
မိညောင်ပျောက်လို့ လိုက်ရှာနေကြတာ။ ဒီဘက် လာတာများ တွေ့မိသေးလား


တွေ့တော့ မတွေ့ဘူး သစ်ပင်တွေပေါ်က တက်ကြည့်ပေးမယ်
တပင်မှတပင် ခုန်လွှားတက်သွားပြီး –
ဒီဘက် မှာလဲ
မရှိ
ဟင်-ဘယ်မှာမှ လဲ-မတွေ့ ပါလား
တဖန် လိုက်ရှာကြပြန်ရာ–
ကိုရွှေယုန် . မီးသောင် ပျောက်လို့--- ဒီဘက်မှာများ တွေ့မိသေးလား
မတွေ့ဘူး။ ကျနော့် နားရွက် ရှည်ကြီးနဲ့-သူ့အသံ ဖမ်းပြီး နားထောင်ကြည့်မယ် လေ
ဟင်
ဟာ
ဟုတ်ပါပြီ
သူ့သီချင်း ဆိုနေသံ ပါဘဲ
သဲ့သဲ့လေး ကြားရတယ်
ကဲ-နေဝင်ပြီး မှောင်လာပြီ။ အသံကို-မှန်းပြီး လိုက်ရှာ ရအောင်
မှောင်မိုက်သော တောအုပ်ထဲ ဝင်သွားရာ မျက်လုံးကြီးနှစ်လုံးပမာ တောက်ပသောအရာ နှစ်ခုကိုတွေ့၍ ကြောက်လန့်ပြီး–
ဟိုမှာ-မျက်လုံးကြီး နှစ်လုံး------ ဘီလူးကြီးရဲ့ မျက်လုံးလား မသိဘူး ဟူး ဟူး


ဝံပုလွေကြီး ထင်တယ်
ဝံပုလွေ ဆိုယင် - ငါလဲ ကြောက်တယ် မြေးကြာစို
နေကြပါအုံး - သူငယ်ချင်းတို့။ ငါတို့က - ငါးဦး၊ ဝံပုလွေက တကောင်ထဲ။ ဘာ ကြောက်စရာ လိုသလဲ။ နို့သာ ညီညီညာညာ စုပေါင်း ကာကွယ်ယင် နို့ အင်အားကို ဘယ်သူ ခံနိုင် မှာလဲ...
ထို့ကြောင့် သူတို့သည် ကြောက်ကြောက်နှင့် ချီတက်သွားလေတော့သည်။
အနည်းငယ် ရွေ့တိုး၍ သွားမိသောအခါ
တွေ့လား၊ ဟိုမှာ မင်းတို့ ကြောက်တဲ့ ဘီလူးကြီး
ဟား ဟား
ဟား ဟား
ဟား ဟား
ဟား ဟား
ဟင် - ငါ မှတ်မိပြီ၊ ဒါ - ဖိုးဖိုး ဝက်ဝံကြီး အိမ် ဟုတ်လား
အေး ဟ...ဟို - ပုံပြောကောင်းတဲ့ - ဖိုးဖိုး ဝက်ဝံလေ
အေး ... ဟုတ်သား ဘဲ ဟါး ဟါး
မီးလင်း နေပုံ ထောက်တော့ - ဧည့်သည် ရောက်နေတယ် ထင်ပါရဲ့
ဝင် မေး ရအောင်



ဒေါက်
ဒေါက်
ဒေါက်
ဘယ်သူတွေလဲ မိုးတောင်ချုပ်ပြီ။ -ဟော-
ကျနော်တို့ပါ -ဖိုးဖိုး။ မိညောင်ကို -လိုက်ရှာတာပါ။ ဒီကိုလာသေးလား
ရှိပါ့များ
ဟေ့ -မိညောင်လေး နင့်ကိုလိုက်ရှာတဲ့ မိတ်ဆွေတွေ လာလေရဲ့
ရှင် - လာပါပြီ
ပေါ်တော့- ဖိုးဝ၊ ဟင် -ကိုဆိတ် ဟင် - မိဘဲ။ ဟင် -ကိုရှဉ့် ဟင် -ကိုယုန် ငါက-ဖိုးဖိုးဝက်ဝံ မွေးနေ့မို့ -ဘဒေး ဖြဲဖြဲ-လာပို့တာ-ဟ
ဟင် - ဖိုးဖိုး မွေးနေ့ ဆိုပါလား
ဒီလို..ဟက်ပီ ဘဒေး မိုင်း ဆိုရအောင်
ဖိုးဖိုးဝက်ဝံက မအာလို ပြောမှ ကြိုက်တာ
အေး..အလိုက် သင့် ပေါ့
မွေးနေ့ ပျော်ရွှင် ပါစေ
မွေးနေ့ ပျော်ရွှင် ပါစေ
မွေးနေ့ ပျော်ရွှင် ဖိုးဖိုးဝံ
မွေးနေ့ ပျော်ရွှင်ပါ စေ..

(ပြီး)



မြင့်ဟန် ရေးဆွဲသည်။
နိုင်သလောက်မထမ်းတော့!
ပစ္စည်းတွေက များတယ်ကွ နှစ်ခေါက်၊ သုံးခေါက် သယ်ယူပါလိုး
ရပါတယ် ဦးလေး
ဟာ ဟ!
အင်း၊ ဝန်ကိုနိုင်သလောက်ဘဲ မထမ်းတော့ × × × × × ဒီလိုဖြစ်တာပေါ့!
ဖြိုး

# လွှ



ရှေးအခါက လွှမပေါ်သေးသဖြင့် သစ်တော အတွင်းရှိ သစ်ပင်ကို ခုတ်လှဲလိုသောအခါ ပုဆိန်ဖြင့်သာ ပေါက်၍ ခုတ်လှဲခဲ့ကြရလေသည်။


လွှကို တီထွင်ပြီး နောက်ပိုင်းတွင် သစ်ပင်များကို အလွယ်တကူ ခုတ်လှဲနိုင်လာကြသည်။

လွှဆိုသည်မှာ သတ္တုအသွား ပါရှိသော ဖြတ်သည့် ကရိယာတမျိုးဖြစ်ပြီးလျှင် အသွားတွင် ခပ်စောင်းစောင်း ပြုလုပ်ထားသော ခွေးသွားစိတ်များ ပါရှိသည်။


လွှကား အမျိုးမျိုးရှိသည်။ သစ်သားကိုဖြတ်သော လွှရှိသကဲ့သို့ ကျောက်တုံး၊သတ္တု၊ပလပ်စတစ်၊ ရေခဲနှင့် အခြားပစ္စည်းများကို ဖြတ်သော လွှများလည်း ရှိလေသည်။

၁၇၇၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ ဆယ်မျူယယ်မီလာက လွှဝိုင်းကို တီထွင်ခဲ့လေသည်။


ထိုလွှမျိုး၏ နှုတ်ခမ်း ပတ်လည်တွင် ခွေးသွားစိတ်များရှိသည်။ ထိုလွှဝိုင်းမျိုး၏ အချင်းသည် သုံးပေခန့်ရှိတတ်၍ ယင်းကို စက်အားဖြင့် လည်စေသည်။ ထိုကဲ့သို့သော လွှဝိုင်းများသည် သစ်သားကို တမိနစ်လျှင် ပေ ၂၀၀ အထိ ဖြတ်နိုင်သည်။



ရှေးခေတ်ဒိုင်းလွှ




ဒိုင်းလွှ




ထင်းဖြတ်လွှ



လက်ထိုးလွှ






သစ်ခွဲလွှ



ပိုးလွှ

# စန်းဖအောင်




ထို့ပြင် ပတ်ဝိုင်းလွှစက်တမျိုးကို အင်္ဂလိပ်လူမျိုး စီလျံနယူးဗာရီဆိုသူက ၁၈၀၈ ခုနှစ်တွင် တီထွင်ခဲ့သည်။


ပတ်ဝိုင်းလွှမှာ သံမဏိပြားဖြစ်၍ တဖက်တွင် ခွေးသွားစိတ်ဖြတ်သွားများ ပါရှိသည်။ ထိုပတ်ဝိုင်းလွှကို စက်သီးများတွင် ပတ်ထား၍ စက်သီးများကို စက်အားဖြင့် လည်စေသည်။ ဖြတ်လိုသည့် သစ်သားကို ပတ်ခွေထားသည့် လွှရှိရာသို့ တွန်း၍ဖိပေးပြီးလျှင် ဖြတ်စေသည်။

အမဲသတ်သမားများနှင့် စက်မှု ပညာသည်သုံးလွှမျိုးကို သံမဏိဖြင့် ပြုလုပ်ထား၍ အလွန်စိတ်သော ခွေးသွားစိတ်များ ပါရှိသည်။


သစ်လုပ်ငန်းတွင် အသုံးပြုသည့် ကြိုးလွှမှာ ပတ်လည်သွားလျက်ရှိသော သံကြိုး (ချိန်းကြိုး) တွင် ခွေးသွားစိတ်များ တပ်ဆင် ထားသည်။ ကြိုးလွှကို ဓာတ်ဆီအင်ဂျင် အသေးစားဖြင့် လည်ပတ်စေသည်။

အထပ်သားတွင် ပန်းပုံများ၊ အရုပ်များ ဖြတ်ယူနိုင်သော ပန်းဖောက်လွှ၊ ပန်းထိမ်သည်သုံး လွှများအပြင်၊ သံ၊ သတ္တုများကို အလိုအလျောက် ဖြတ်နိုင်သော သံဖြတ်လွှစက်များလည်း ရှိသည်။




စိတ်ကူးယဉ်သူ
မောင်ဝဏ္ဏ
ဟာ
ဘုရား-ဘုရား-
လှော်တက် နှစ်ခုလုံး
ကျ သွားပြီ-
အို- ငါ့လှေဟာတဖြေးဖြေး
ရေစီးမှာမျောနေပြီဘဲ-
ဟာ-ဒုက္ခ
ပါဘဲလား
ကမ်းစပ်နဲ့လဲ
ဝေးလာပြီ


ငါဟာ ကမ်းမမြင်လမ်းမမြင်တဲ့ ပင်လယ်ထဲ မျှောမျှောပါ သွားမယ်---
ငမန်းကြီးတွေရဲ့ အန္တရာယ်လဲ ရင်ဆိုင်ရမှာဘဲ—
အမယ်လေးဗျ!
ဒါမှ မဟုတ် ဝေလငါးကြီးတွေရဲ့ မှုတ်ထုတ်မှုလဲ ခံရမယ်—
ဘဝဲလို့ခေါ်တဲ့ ရေသရဲဟာဆို သိပ်ကြောက်ဖို့ ကောင်းတာ၊ သူနဲ့များ တွေ့ယင် ဘုရား ဘုရား....
အိုဘာသတ္တဝါနဲ့မှ မတွေ့ပေမဲ့ ပင်လယ်လှိုင်းဆိုတာ အိမ်လောက်ကြီးတာ၊ လှိုင်းပုတ်တာနဲ့ လှေမှောက်နိုင်တယ်။


အဲကံကောင်း ထောက်မပြီး ကျွန်းတကျွန်း ပေါ် ရောက်ယင်တော့ ကောင်းသား -
ဒါပေမယ်လို့ ကယ်ဆယ်နိုင်မဲ့ · သင်္ဘောလ တစီးမှ မတွေ့-
လေယာဉ်ပျံတို့ ဟယ်လီကော်ပတာတို့လဲ မ တွေ့ ဒုက္ခပါဘဲ-
ဒီအတိုင်းဆို ငါဒုက္ခရောက်ပြီ-
ကန်တော်ကြီး လှေငှါးဆိပ်
ဘယ့်နှာ ကြောင့် ဒီလောက် အော်နေရတာလဲ- ကိုကို မင်းလှော်တာ အချိန်ရောက်ပြီ-လာလာ-



# နွားကွဲကျားကိုက်

နွားများသည် တောစပ်မြက်ခင်းများတွင် အစုလိုက် အုပ်လိုက် အစာ စားနေတတ်ကြပေသည်။ ဤကဲ့သို့ အစုလိုက်ရှိနေသော နွားအုပ်ထဲသို့ကျားသည် ရုတ်တရက် မဝင်ဝံ့ပဲ တောစပ်တွင်ဝပ်ကာ ချောင်းမြောင်း ကြည့်ရှု နေတတ်၏။ သို့သော် နွားတို့ တကောင်ချင်း ကွဲသွားသော အခါတွင်မူကား ကျားသည် ကွဲနေသော နွားကို အလွယ်တကူ အုပ်ဖမ်းကာ ကိုက်ချီသွားတတ်လေသည်။

ထို့အတူ လူတို့မှာလည်း တညီတညွတ် တစိတ်တဝမ်းတည်း ရှိနေသည့်အခါ၌ ရန်သူသည် ရန်မူရန်မဝံ့ရဲပဲ၊ တကွဲတပြား ခွဲခြားနေသည့် အခါတွင်ကား ရန်သူက အလွယ်တကူ ရန်မူတတ်လေသည်။

“နွားကွဲကျားကိုက်” ဟူသော စကားပုံက စည်းလုံးညီညွတ်ခြင်း၏ အရေးကြီးပုံကို ညွှန်ပြနေပေ၏။


မောင်ဝင်းမြတ်

## နှစ်တိုင်းနောင်တရချိန်

ဖြိုးထိန်



# ကျောင်းသားကောင်း ဟူသည်မှာ



ညိုမြအောင်း

နီတိုးသည် အလွန်ပျော်တတ်သူဖြစ်သည်။ ကျောင်းရောက်လျှင် သူကြည့်ဘူးသည့် ရုပ်ရှင်ကား မှန်သမျှကို သူငယ်ချင်းများအား အမူအရာနှင့်တကွ ရယ်ကာ၊ မောကာ ပြန်ပြောလေ့ရှိသည်။ အတန်းထဲ၌လည်း ဆရာ စာသင်နေသည်ကို ဂရုမစိုက်ပဲ သူပြောချင်ရာပြောနေတတ်သည်။ သူလုပ်ချင်ရာ လုပ်နေတတ်သည်။

တနေ့က စာသင်နေခိုက် စကားပြောမိ၍ ဆရာကြိမ်လုံးနှင့်ရိုက်ခဲ့ဘူးသည်ကို သူမမှတ်။ ခုလည်း သူ့စကားကို တဖက်သား နားထောင်ချင်မှန်း နားမထောင်ချင်မှန်း မသိ၊ ဆရာ စာသင်နေသည့် ကြားမှပင် အနောက်ခုံမှ စိုးမြင့်နှင့် သိန်းအောင်တို့ဖက်လှည့်၍ သူကြည့်ခဲ့ရသည့်ရုပ်ရှင်ကားအကြောင်းကို ပြောနေသည်။

ထိုအခါ စိုးမြင့်က –

"ဟေ့ကောင် နီတိုး၊ မင်းပြောချင်ယင် နောက်မှ ပြောကွာ၊ ဆရာစာသင်နေတယ်ကွ"

"ဟုတ်တယ် နီတိုးရာ၊ မင်း စကားပြောနေတာနဲ့ ဒို့ပါအဆူခံနေရအုံးမယ်"

သိန်းအောင်ကပါ ဝင်ပြောသည်။

"အောင်မာ မင်းတို့ကများ ကြီးကျယ်လို့ကွာ၊ နားမထောင်ချင်ယင် နေပေါ့ကွ"

နီတိုး စိတ်ဆိုးသွားပြီး ရှေ့ဖက် အလှည့်လိုက်တွင် –

"နီတိုး ထွက်ခဲ့စမ်း"

နီတိုးလန့်သွားပြီး ကြောက်ကြောက်နှင့်ပင် ဆရာနားသို့ ကပ်သွားသည်။

"ကဲ ဆရာ ခုပြောခဲ့တဲ့ လေဖိအား အကြောင်းကို ပြန်ပြောပြစမ်း"

စောစောက စကားပြောနေမိ၍ ဆရာ ဘာပြောခဲ့သည်ကို နီတိုးမသိချေ။

"ကျနော်–ကျနော် မသိဘူး ဆရာ"

"အေး ဆရာ့စကားကို ဂရုမစိုက်ယင် ဆရာ ဘယ်လောက်သင်သင် တတ်မှာ မှတ်ဘူး။ ဒီတော့ မင်းကိုယ်မင်း အပြစ်ပေးတဲ့အနေနဲ့ ထိုင် ထ ဆဲ့ငါးခါ လုပ်စမ်း"

နီတိုး ထိုင် ထ ဆဲ့ငါးခါလုပ်ရတော့၏။ ကျန် ကျောင်းသားများက ဝိုင်းရယ်ကြသည်။

ဆဲ့ငါးခါ ပြည့်သွားသော အခါ –

"နောက်ကို ဆရာ စာသင်နေတုန်း ကိုယ်ပြောချင်တာပြော၊ ကိုယ်လုပ်ချင်တာလုပ်နေမယ်ဆိုယင် ဒီလိုဘဲ အပြစ်ပေးမယ် မှတ်၊ ကြားရဲ့လားနီတိုး"

"ဟုတ်ကဲ့ ဆရာ"

"အေး သွားတော့"

သည်နေ့မှစ၍ ဆရာစာသင်နေချိန်တွင် နီတိုး စကားမပြောတော့။ သို့သော် အကျင့်တမျိုး ပြောင်းလာသည်။

သူများခုံထဲမှ စာအုပ်များကို ယူ၍ အခြား ခုံများထဲသို့ ပြောင်းထည့်သည်။ စာအုပ်ရှင်က စာအုပ်ပျောက်၍ လိုက်ရှာ

နေသည်ကိုမြင်ရလျှင် သူအလွန်သဘောကျသည်။

ယခုလည်း ကျောင်းမုံ့စားဆင်းချိန်တွင် နီတိုးသည် စိုးမြင့်၏ စာအုပ် နှစ်အုပ်ကိုယူ၍ အခြား ခုံတခုံထဲသို့ ကမန်းကတန်း ထည့်ခဲ့ပြီး ကျောင်းပြင်သို့ ထွက်လာခဲ့လေသည်။ ကျောင်းပြန်တက် တော့ စိုးမြင့် စာ အုပ်ပျောက်၍ လိုက်ရှာနေသည်ကို တွေ့ရသည်။ ရှာ၍ မတွေ့မီ ပထဝီဆရာဝင်လာသည်။စိုးမြင့်က ဆရာ့ထံ သွား၍ –

"ကျနော့် သင်္ချာစာအုပ်နှစ်အုပ်ပျောက်သွားပါတယ်ဆရာ"

ထိုအခါ ဆရာက –

"မောင်စိုးမြင့် စာအုပ် နှစ်အုပ် ဘယ်သူ ယူထားသလဲဟေ့၊ ယူထားယင် ပြန်ပေးလိုက်ကြပါကွာ"

"မယူပါဘူး ဆရာ"

"ဒီလိုဆိုယင် မင်းတို့ ခုံထဲမှာ လိုက်ရှာရမလား"

"ရှာပါ ဆရာ"

"ကဲ မောင်စိုးမြင့်၊ တခုံစီတခုံစီမှာ လိုက်ရှာကြည့်စမ်း"

စိုးမြင့်က တခုံစီဖွင့်၍ လိုက်ရှာသည်။

"တွေ့ပါပြီဆရာ နီတိုး ခုံထဲကပါ"

အ ခြား ခုံမှာ ထည့် ထား လျက်နှင့် မိမိခုံထဲရောက်နေ၍ နီတိုး အံ့သြသွားသည်။

"နီတိုး ထွက်ခဲ့စမ်း"

နီတိုး ဆရာ့ဆီ သွားရပြန်၏။

"ကျ–ကျနော် မခိုးရပါဘူးဆရာ"

ဆရာမေးခွန်း မထုတ်သေးမီ နီတိုးက ဖြေနှင့်ပြီး ဖြစ်သည်။

နီတိုးသည် သူ မ ခိုး ပဲ နှင့် သူခိုးဟု အစွပ်စွဲမခံချင်ပေ။

ထို စဉ် ကျောင်း သား တယောက်က မတ်တတ်ရပ်ပြီး –

"ဒီလိုပါ ဆရာ၊ မုံ့စားဆင်းတုန်းက ကျနော် တံခါးဝနားမှာ ရပ် နေ တုန်း၊ နီ တိုး က ကျနော်မရှိဘူးအထင်နဲ့ စိုးမြင့်ခုံထဲက စာအုပ်နှစ်အုပ်ကို ယူပြီး ကျနော့်ခုံထဲ ထည့်နေတာတွေ့ရပါတယ် ဆရာ။ သူလဲ အပြင်ထွက်သွားရော ကျနော်က သူထည့်ထားခဲ့တဲ့ စာအုပ်တွေကို ယူပြီး သူ့ခုံထဲ ပြန်ထည့်ခဲ့တာပါ"

သည် တော့ မှ နီ တိုး တယောက် သဘောပေါက်သွားတော့သည်။ "ငါလုပ်ခဲ့လေသမျှ ငါ့အခုခံစားနေရသလို သူတို့လဲ ခံစားကြရမှာဘဲ" ဟူ၍လည်း နောင်တရလာသည်။ "နောင်ဒါမျိုး မလုပ်တော့ဘူး" ဟူ၍လည်း ဆုံး ဖြတ် ချက် ချ လိုက်သည်။ ထို့ကြောင့် –

"ကျနော် မှား ခဲ့ ပါ တယ် ဆရာ၊ နောင်ဒါမျိုးကို ဘယ်တော့မှ မလုပ်တော့ပါဘူး"

"အေး အဲဒီလို ကိုယ့်အပြစ်ကိုယ်ဝန်ခံတတ်ရမယ်၊မကောင်းတဲ့ အကျင့်ကို ပြင်ရမယ်၊ ဒါမှ ကျောင်းသား ကောင်းပြီသမယ်ဟုတ်လား"

## စကားပြော ခွက်လေး

ပုခက်ဆင်သိပ် မှောက်လျက်အိပ်၊
အသားနက်ချိပ်ချိပ်။

အမြဲအိပ်လည်း ပျင်းမထူ၊
အအိပ်နိုးဆတ်သူ။

လူခေါ်သံကြား ဆူညံသွား၊
ဟောင်ဖွာသူ့စကား။

ပြန်ကြားလိုက်အုံး သူနိုးဆော်
စကားတွတ်တွတ်ခေါ်။

အရေးပေါ် မှာစကား၊
ဝဆင့်သူပြန်ကြား။

ရေခြားမြေခြား ခရီးဝေး
အရောက်အသံပေး။


တာဝန်ကြေ ပြည်သူသုံး၊
စကားပြောခွက် "ဖုံး"။ ။

စန္ဒာမြင့်



R. 517

# နှံကောင်



နှံကောင်သည် အစိမ်းရောင်ရှိ၍ အင်ဆက်ပိုးတမျိုး ဖြစ်သည်။ စိမ်းစိုနေသော အပင်များကို ကိုက်ဖြတ်စား သောက်သည်။ အထူးသဖြင့် ဆေးပင်၊ ဝါးပင်၊ ဂေါ်ဖီပင် များကို နှစ်သက်သည်။

နှံကောင်ငယ်သည် ဥမှ ပေါက်လျှင်ပင် မိခင်နှံကောင် ကြီးနှင့် အလွန်တူသည်။ နှံကောင်ကြီးများကဲ့သို့ သွားလာ ခုန်ပေါက်နိုင်ပြီး အစာ စားနိုင်ကြသည်။ သို့သော် တောင်ပံများ မရှိသေးပေ။ အစာစားရင်း၊ ကြီးထွားရင်း၊ အရေလဲရင်းဖြင့် ငါးကြိမ် ခြောက်ကြိမ်မျှ အရေလဲပြီး ၄၅ ရက်ခန့်အကြာတွင် သန် မာသော တောင်ပံနှစ်ခု ပေါက်လာကာ အကောင်ကြီး ဘဝရောက်သည်။ နှံကောင် အမသည် ဥပေါင်း ၈ ရာ ခန့် အုသည်။ နှံကောင်၏ သက် တမ်းသည် နှစ်လမှ သုံးလ အထိရှိသည်။

နှံကောင်၏ နောက်ခြေ များသည် ရှည်၍ သန်မာ သဖြင့် အခုန်အပေါက် ကောင်းသည်။ နှံကောင် သည် ရန်သူနှင့်တွေ့သည့် အခါ ပါးစပ်မှ ညိုမည်း၍ အနံ့ဆိုးဝါးသော အရည် တမျိုးကို ထွေးထုတ်ပြီး ကာကွယ်သည်။

နှံကောင်သည် ပတ်ဝန်းကျင် အဖြစ် အပျက်ကို သူ၏ ဦးခေါင်း ထိပ်တွင် ရှိသော ဦးမှင်များဖြင့် ကောင်းစွာ သိ သည်။ နှံကောင် အမသည် အသံ မပြုနိုင်ပေ။



နှံကောင် အဖိုသည် သာ နောက်ခြေကို ပွတ်ပေးခြင်း ဖြင့်၎င်း၊ နောက်ခြေ တဖက် နှင့် အတောင်ပံကို ပွတ်ပေး ခြင်းဖြင့်၎င်း အသံမြည် အောင်ပြုလုပ်တတ်သည်။ နှံ ကောင်တွင် သန်မာသော ပါးစောင်ရိုးများ ရှိသည်။ တခါတရံ အလွန်ဝေးလံသော အရပ်သို့ ပျံသန်းကာ အစာ ရှာဖွေတတ်ကြသည်။

မောင်ဆုပန်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၆။ အမှတ်—၃၃။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ ဒုတိယဝါဆိုလဆုတ် ၁၅ ရက် (၁၇-၈-၇၄)



စနေနေ့တိုင်း ထုတ်ဝေသည်။


ဟိန်ယန်ရွာသည် အမြင့်ပေ (၅၀၀၀) နီးပါးခန့်တွင်တည်ရှိသော ချောင်းရွာလေးတရွာဖြစ်သည်။ ထိုရွာလေးတွင်အိမ်ခြေ (၅၀) ခန့်သာရှိသော်လည်း၊ အစိုးရမူလတန်းကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း စသည်တို့ဖြင့် စုံရှိရုံမျှပြည့်စုံသားသာ ပါပါရှိလှသည်။ ထို့ပြင် ထိုရွာလေး၌ ဗုဒ္ဓဘာသာကိုးကွယ်သည့်သူ လုံးဝမရှိပါ။ ခရစ်ယာန်ဘာသာကိုးကွယ်သူများနှင့် နတ်ကိုးကွယ်သူများသာရှိသည်။ အထူးသဖြင့် နတ်ကိုးကွယ်သူအင်အား ရသည် အများဆုံးဖြစ်သည်ဟုဆိုရပေမည်။
ဟိန်ယန်ရွာလေး၏ ထူးခြားချက်ကား နွေကာလမှလွဲ၍ ကျန်ကာလများတွင် ကြည့်လေတိုင်း၌ ပင်လယ်ပြင်ကြီးကဲ့သို့ မှတ်ထင်ရအောင် မြူခိုးများ နှင်းတောအုပ်ဖုံးပင်ဖြစ်ပေသည်။ တောင်ခိုးဝေဝေ မြူခိုးဆိုင်းဆိုင်း ဖြစ်နေသော အေးချမ်းသည့်ဒေသတွင်း၊ ယခုကား ဟိန်ယန်ရွာသူရွာသားအားလုံးသည် ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော ဖြစ်ရပ်တခုကို တွေ့ကြုံခဲ့ရ၏။ ထိုနေ့ညသည် ခါတိုင်းညများကဲ့သို့ပင် မြူများဆိုင်းနေသည်။ ရွာသားတိုင်းသည် မီးဖိုဘေးတွင် ရေနွေးကြမ်းသောက်လျက်၊ ဆေးတံဆေးလိပ်သောက်လျက်ရှိကြသည်။ ကလေးများသာ အိပ်ယာဝင်၍ အိပ်ပျော်လျက်ရှိကြသည်။
ရွာလေး၏ တောင်ဖျားအတော်ဝေးဝေးတွင်ရှိသော ဟိန်ယန်အစိုးရမူလတန်းကျောင်းသည်ကား အမှောင်ထုထဲတွင် ခပ်ငြိမ်ငြိမ်တည်ရှိလျက်ရှိသည်။
ထို့ကြောင့် ကျောင်းလေးနှင့်မကွာမလှမ်း၌ ကျောင်းဆရာအိမ်လေးထဲတွင်ကား ထင်းမီးပုံကြီး တခုကိုတွေ့မြင်နိုင်သည်။ ထိုမီးဖိုပတ်လည်၌ မူလတန်းကျောင်းအုပ်ဆရာကြီးနှင့် ဇနီးသည်တို့ ဆွေးနွေးနေကြသည်။ ကျောင်းသားလေး အိပ်ရာဝင်သွားပြီ။ အခြားမီးဖိုဘေး၌ စကားပြောနေကြသည်။
အောင်မယ်လေး- ကယ်တော်မူကြပါ- ဘီလူး ဘီလူး-
ဘာဖြစ်တာလဲ အသံနဲ့ရှင်ပေါ်၊ ဆရာကိုပြောစမ်းပါဟဲ့-
ဟဲ့-ဟဲ့-ဟဲ့ကျောင်းသား- ဘီလူး-ဘီလူး-


ဟော့-ဟော့- လွတ်သွားပြီ- မရှိတော့ဘူး။







ဘီလူး-ဘီလူး-
တကယ့်ဘီလူးကြီး
ပါလား၊
ဘီလူး မျက်နှာ
တည့်တည့်ကို ထိသွား
ပြီဟေ့၊
ဒိုင်း ဒိုင်း
ဘီလူးကြီး သေသွား
ပြီလားဆရာ၊
ဟား- ဟား- ဟား-
ဘီလူး မဟုတ်ပါဘူးကွ၊
ဒါဖြင့်ဘယ်-အကောင်
ကြီးလဲဆရာ၊



# မီးဖို




နှစ်ပေါင်း များစွာကပင် လူတို့သည် အသားငါးများကို မီးဖြင့် ဖုတ်ကင်၍စားလျှင် အရသာပို၍ရှိကြောင်း တွေ့ရှိခဲ့ကြသည်။ ထိုမှတဆင့် မြေအိုးကြေးအိုး စသည်များဖြင့် ချက်ပြုတ်စားသောက်လျှင် ပို၍ ကောင်းမွန်ကြောင်း ထပ်ဆင့် သိရှိလာကြလေသည်။


ဤသို့ဖြင့် မီးဖိုသည် လူတို့အတွက်အသုံးဝင်လာသည်။ ရှေးခေတ် လူသားတို့သည် မီးဖိုကို အစားအစာများ ဖုတ်ကင် ချက်ပြုတ်ရန်အတွက်သာမက အအေးဒဏ်မှ ကာကွယ်ရန်၊ သားရဲတိရစ္ဆာန်များကို ခြောက်လှန့်ရန် စသည်တို့အတွက်လည်း အသုံးပြုကြလေသည်။

ပထမဆုံး မီးဖိုများတွင် လောင်စာအဖြစ် သစ်ကိုင်းခြောက်များကို အသုံးပြုခဲ့ကြသည်။ ထင်းမီးဖိုဟု ခေါ်နိုင်သည်။ ထင်းမီးဖိုများကို ယနေ့တိုင် ခေတ်မမှီသေးသော ဒေသများတွင် အသုံးပြုနေကြရသေးသည်။

ထင်းမီးဖိုမှတဆင့် မီးသွေးကို လောင်စာအဖြစ် အသုံးပြုသော မီးသွေးမီးဖို ခေတ်သို့ရောက်ခဲ့သည်။ မီးသွေးကို သုံးခြင်းဖြင့် မီးခိုးမထွက်ခြင်း၊ မီးအပူညီမျှခြင်း စသည့် အကျိုးများကို ရရှိလာသည်။

ဖွဲနှင့် လွှစာမှုန့်များကို လောင်စာအဖြစ် အသုံးပြုသော မီးဖိုများလည်းရှိသည်။ ဖွဲနှင့်လွှစာမှုန့်ကို သုံးခြင်းဖြင့် ငွေကြေး အကုန်အကျသက်သာလေသည်။


# စန်းဖအေဆင်












မီးသွေး ဓာတ်ငွေ့ကို လောင်စာအဖြစ် အသုံးပြုသော မီးဖိုများကို ၁၉ ရာစုတွင် အနောက်နိုင်ငံများ၌ အသုံးပြုလာကြသည်။ ရေနံတွင်းများမှ တိုက်ရိုက်ရရှိသော သဘာဝဓာတ်ငွေ့များကို လောင်စာအဖြစ် အသုံးပြုသော မီးဖိုများလည်း ပေါ်ပေါက်လာသည်။ အချို့ဓာတ်ခွဲခန်းသုံး မီးဖိုကလေးများတွင် လောင်စာအဖြစ် ဓာတ်ငွေ့ကိုပင် သုံးသည်။


မီးစာနှင့် ရေနံလောင်စာကို အသုံးပြုသော ရေနံဆီမီးဖိုများလည်း ရှိသည်။

လျှပ်စစ်ဓာတ်ကို အလွယ်တကူ ပေါပေါရသော ဒေသများတွင်မူ လျှပ်စစ်မီးဖိုများကို တီထွင်အသုံးပြုကြလေသည်။ လျှပ်စစ်ဓာတ်ကို နိုကရုံးဝိုင်ယာအတွင်း ဖြတ်စီးစေသော် ဝိုင်ယာပူလောင်လာပြီး အပူဓာတ် ရရှိလာသည်။ ထိုအပူဓာတ်ဖြင့် ချက်ပြုတ်ခြင်း ဖြစ်စေလသည်။

စက်ရုံအလုပ်ရုံများတွင် အသုံးပြုသော မီးပြင်းဖိုကြီးများမှာ သာမန် မီးဖိုကလေးများထက် အဆပေါင်းများစွာ ပိုကြီး၍ ရှိလေသည်။ အချို့လျှပ်စစ်မီးဖိုကြီးများသည် အပူချိန် ဖာရင်ဟိုက်ဒီဂရီ ၇၀၀၀ အထိအပူပေးနိုင်လေသည်။


မီးဖိုများထဲတွင် မီးပေါင်းဖိုသည် အရေးအပါဆုံးဖြစ်၍ မုံ့ဖုတ်သော မီးပေါင်းဖိုမှသံ အရည်ကျိုသော မီးပေါင်းဖိုများအထိ အမျိုးမျိုး ရှိလေသည်။

( ဘူးမြှတ်



ဟိုတချိန်က ကိုယ့်ကိုယ်ကို အလွန်အထင်ကြီးနေတဲ့ ဖူးစေ့တစေ့ရှိသတဲ့။ တနေ့တော့ သူဟာ သူ့အတွက် မိတ်ဆွေကောင်း အရှာထွက်လာခဲ့တယ်။
တနေ့ရာရောက်တော့ စပါးစေ့တစေ့နဲ့ တွေ့တယ်။ အဲဒီအခါ စပါးစေ့က–


ဖူးစေ့ဟာ ရှေ့ကိုခရီးဆက်ခဲ့တော့ ပဲစေ့လေး
တစေ့နဲ့ တွေ့ပြန်တယ်၊ အဲဒီအခါ ပဲစေ့လေးက
အဲဒီနောက် ခရီးထွက်ခဲ့ပြန်တော့ ဆူးစေ့တစေ့နဲ့ တွေ့တဲ့အခါမှာ


ဖူးစေ့ဟာ ဆူးစေ့ကို အလွန်အထင်ကြီးပြီး သူနဲ့ထိုက်တန်တဲ့ မိတ်ဆွေကောင်း အဖြစ်နဲ့ ပျော်ရွှင်စွာ ပေါင်းဖော်လေရာ....
တွေ့မြင်နေကြရတဲ့ ပဲစေ့နဲ့ စပါးစေ့တို့က တော့ ဖူးစေ့အတွက် စိတ်မကောင်းရှာကြဘူး။
မိုး ကျခါ
ဖူးစေ့တော့! ဒုက္ခဖြစ်ရှာ အမှန်ဘဲ
မကြာမီ မိုးရာသီ ရောက်လာတဲ့အခါ မျိုးစေ့အမျိုးအပြားဟာ မြေမှာ အညှောက်ပေါက်ပြီး အပင်များဘဝသို့ ပြောင်းလဲသွားကြတယ်။
စပါးစေ့က စပါးပင်ပေါက်ကာ ပဲစေ့ကလဲ ပဲပင်အဖြစ်နဲ့ တောင်ယာလယ်ကွက်ထဲမှာ လွတ်လပ်စွာ ရှင်သန်ကြီးထွားလာကြတယ်။
ဒါပေမဲ့ ဖူးစေ့မှာတော့ ဆူးစေ့နဲ့ ပေါင်းဖော်နေခဲ့မှုကြောင့် ဆူးပင်တွေအကြားမှာ မလှုပ်သာ မရှက်သာနဲ့ သီးနေရှာပြီး....
အခုမှတော့ ငါ့ကိုယ်ငါ အထင်ကြီးပြီး ဆူးစေ့နဲ့ အပေါင်းများမိလို့ ခုလို ငါဒုက္ခရောက်ရတာဘဲ



# ရေများရာ မိုးရွာ

တစုံတခုသော ပစ္စည်းများ ပြည့်စုံကုံလုံရုံ မျှမက ပိုလျှံ၍ပင်နေသော နေရာမျိုးတွင် နောက်ထပ် ထိုပစ္စည်းများ ထပ်မံ တိုးပွားလာ လေ့ရှိတတ်၏။ ထိုအခါမျိုးတွင် "ရေများရာ မိုးရွာ" ဟူသော စကားပုံဖြင့် ခိုင်းနှိုင်းပြောဆို ကြလေသည်။ ရေမရှိ၍ ရေလိုအပ်နေသော အရပ်များတွင် မိုးမရွာပဲ၊ မြစ်ချောင်း၊ အင်း အိုင်၊ ပင်လယ်၊ သမုဒ္ဒရာစသည့်ရေများရာ အရပ်များတွင် မိုးရွာ၍ မည်သို့အကျိုးရှိအံ့နည်း ဟူသော အဓိပ္ပါယ်ကိုဆောင်ပေသည်။

ဥပမာ သားသမီးလိုချင်သောမိဘများတွင် သားသမီး မွေးဖွားခြင်းမရှိပဲ၊ သားသမီးပေါ များလှ၍ သားသမီးမလိုချင်တော့သော မိဘ များ၌ နောက်ထပ် သားသမီး တိုးပွား ရရှိလာ သည့်အခါများတွင် "ရေများရာမိုးရွာ" ဟူ၍ ပြောဆိုကြလေသည်။


မောင်ဝင်းမြတ်

## မေမေငရဲမကြီးချင်ယင်



# ဆင်းရဲ၍အရုပ်ဆိုး သော်လည်း

မောင်ကြည်စိန် (ပင်းဆောင်)



ကျွန်တော်တို့ ရွာမှာ အိမ်ခြေ ၂၀၀ ကျော်ရှိသည့် အညာဒေသ ချင်းတွင်းမြစ်ကမ်းမှ ရွာတရွာ ဖြစ်ပါသည်။ ရွာရှိလူကြီးများသည် လယ်ယာ မြေများတွင် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ စပါးများကို စိုက်ပျိုး လုပ်ကိုင်ကြပါသည်။ အချို့မှာ ထန်းလုပ်ငန်းဖြင့် ထန်းတက်ပြီး ထန်းလျက် ချက်၍ ရောင်းချ စားသောက်ကြပါသည်။

ရွာရှိ မူလတန်း ကျောင်း၊ စတုတ္ထတန်းတွင် ကျွန်တော်နှင့် တတန်းတည်း ဖြစ်သည့် ဖိုးထူး၏ မိဖများသည် ထန်းတက်၍ လုပ်ကိုင် စားသောက် ကြပါသည်။ ဖိုးထူးတို့ မိသားစုမှာ ချို့ချို့တဲ့တဲ့ နေရသည့် ဆင်းရဲသားများ ဖြစ်ကြပါသည်။

ဖိုးထူး အမေသည် ကျွန်တော့် အမေထံသို့ မကြာခဏ လာရောက်၍—

"ကျောင်း အမကြီး ရယ် ထန်းလျက် ရောင်းပြီး ပေးပါမယ်"ဟု ဆိုကာ ငွေချေးတတ်ပါသည်။ စပါးများကိုလည်း ယူတတ်ပါသည်။ သူ့အမေနှင့်အတူ ဖိုးထူး ပါလာတတ်သော်လည်း ကျွန်တော်က သူ့ကို နှုတ်လည်း မဆက်၊ ဂရုလည်း မစိုက်ပါ။

ကျွန် တော် သည် ညနေ ကျောင်းဆင်းတိုင်း ကျောင်းလွယ်အိတ်ကို အိမ်သို့ အပြေးအလွှား သွားထား၍ ဘောလုံးကို ယူကာ အောင်မောင်း၊ အောင်မင်းတို့ ညီအစ်ကို၊ သာမောင်၊ အောင်ပု၊ ခွေးမောင်၊ ဘတုတ်၊ ငရိုးတို့နှင့်အတူ ဘောလုံးကစားကွင်းသို့ ပြေးထွက်လေ့ ရှိပါသည်။

ဘောလုံး ကစား ကွင်းမှာ ဖိုးထူး၏ အဖေ ထန်းတောအနီးမှ ကုက္ကိုပင်ကြီး နှစ်ပင်အောက်တွင်ဖြစ်ပါသည်။ ကျွန်တော်တို့ ဘောလုံး ကစား နေချိန်တွင် ဖိုးထူးမှာ ထန်းပင်ပေါ်မှ သူ့အဖေ ချပေးနေသည့် ထန်းရည်ချို အိုးလေးများကို သူ့အမေ ထန်းလျက်ချက်သည့်တဲသို့ ရွှေ့နောက် ထမ်းပိုးနှင့် ထမ်း၍ ပို့ပေးနေရပါသည်။

ဖိုးထူး ထန်းရည်ချိုအိုးများ ပို့ပြီး၍ သူ့တာဝန် ပြီးဆုံးသော်လည်း ကျွန်တော်တို့က သူ့ကို အတူကစားဖို့မခေါ်ကြပါ။ ဖိုးထူးကမူ ဘောလုံး ကွင်းလေးဘေးမှာထိုင်ပြီး ကျွန်တော်တို့ ကစား နေကြသည်ကို စိတ်ဝင်စားစွာ ငေးကြည့် နေတတ်ပါသည်။ ဖိုးထူးသည် ဆင်းရဲသည်၊ အရုပ်ဆိုးသည်၊ သူ့ကိုယ် တွင်လည်း ထန်းရည်ချိုး စေးများ ပေကျံနေသဖြင့် ကျွန်တော်တို့က အတူ မကစားလိုကြပါ။

တနေ့ကျွန်တော်တို့ ကစားနေစဉ် ကွင်းပြင်ထွက်သွားသော ဘောလုံးကို ဖိုးထူးက လိုက်ကောက် ပေးရန် ထပြေးသွားရာ အောင်မင်းက အော်ပြီး —

"ဟေ့ ကောင်— လိုက် မကောက်နဲ့ကွ"

ထိုအခါ ဖိုးထူးသည် ကွင်းဘေး သူနေရာတွင် ကုပ်ကုပ်လေး ပြန်ထိုင်နေလိုက်ပါသည်။

"အရုပ်ဆိုးတဲ့ဖိုးထူး ဒို့အတူ မကစားဘူး။ အကျီစုတ်နဲ့ဖိုးထူး ဒို့အတူမကစားဘူး။ ပုဆိုးစုတ်နဲ့ ဖိုးထူး ဒို့အတူ မကစားဘူး" ဟု တယောက် တပေါက် သူ့ကို ပြောင်လှောင်ကြပါသည်။ ဟားတိုက်ကြပါသည်။သို့သော်ဖိုးထူး ကမူ စိတ်လည်းမဆိုး၊ ပြန်လည်း မပြော၊ အေးအေး ဆေးဆေး ပင်။

နောက်တကြိမ် သာမောင် ကန်လိုက်သည့် ဘောလုံးမှာ ခပ်လှမ်းလှမ်းရှိ ဖိုးထူးအမေ ထန်းလျက် ချက် သည့် တဲ တွင်း မီးဖိုကြီးထဲသို့ ဝင်သွားပါသည်။

"ဟာ– မီးဖိုကြီးထဲကျသွားပြီ"

ကျွန်တော်ရော သာမောင် ကပါ ပြိုင်တူ အော်မိပါသည်။ ကွင်းဘေးတွင် ထိုင်နေသည့် ဖိုးထူးသည် အတင်းထပြေး၍ မီးဖိုထဲမှ ဘောလုံးကို ကောက်ယူလိုက်ပါသည်။

ထိုအချိန်တွင် ကျွန်တော်တို့ အားလုံး မည်သူကမျှ ဖိုးထူးကို "ဟေ့ကောင် လိုက်မကောက်နဲ့" ဟု မအော်ကြ။ မတားကြ။

မီးဖိုထဲမှ ဘောလုံးကိုအချိန်မီ ဖိုးထူးဆယ်ယူလိုက်၍ ဘောလုံးမှာ မီးအနည်းငယ်သာ ဟပ်သွားသည်။ ဘောလုံး အပြင်ရောက်လာသော်လည်း ဖိုးထူးမှာ မီးဖိုထိပ်တွင် ချော်လဲသွားသဖြင့် ညာဖက်လက်နှင့် ဒူးခေါင်း နှစ်ဖက်စလုံး မီးလောင်ခံရသည်။

ဖိုးထူးသည် ကျွန်တော်တို့ သို့ ဘောလုံး ကစား ချင်သည် ။ ဘောလုံးကိုလည်းချစ်သည်။ မီးလောင်မှာ နှမြောသည်။ ကျွန်တော်တို့လို မဟုတ်ပဲ မီးပူခံ၍ ဘောလုံးကို ဆယ်ရှာသည်။ သူ ခမျာ ချော်လဲ၍ မီးလောင်ပြန်တော့ ကျွန်တော်တို့ အားလုံး စိတ်မကောင်းကြ။

ဖိုးထူးအမေနှင့်အတူ ဖိုးထူးကို ကျွန်တော်တို့ ကျေးရွာဆေးပေးခန်းသို့ ခေါ် သွားကြသည်။ ဆရာမက ဆေးလိမ်း ပေး လိုက်သည်။ ဆေးခန်းမှအပြန် ကျွန်တော်က ဧတင်၍ –

"မီးလောင်တဲ့အနာပျောက်ယင် မင်းနဲ့ ဒို့နဲ့အတူ ကစားရအောင်"

အောင်မင်း၊ အောင်မောင်း၊ ဘတုတ်၊ ငရိုး၊ ခွေးမောင်၊ အောင်ပုတို့ ဒအားလုံး ကလည်း သဘောတူ ကြပြီး "အေးကွ– အတူ ကစားရအောင်နော်" ဟု ဝိုင်းပြော ကြပါသည်။

ဖိုးထူးက ဘာမျှ ပြန်မပြော။ သို့သော် စောစောက မီးလောင်ခံရ၍ ရှုံ့မဲ့မဲ့ ဖြစ်နေရာမှ သူ့အနာကိုပင် သတိမရတော့ပဲ ကျွန်တော်တို့ကို ကြည့်ပြီး ဝမ်းသာအားရ ပြုံးလိုက ်ပါသည်။

ဖိုးထူးသည် ဆင်းရဲပြီးအရုပ်ဆိုး သော် လည်း စိတ် ထား ကောင်းသူ ဖြစ်ပါသည်။ ကျွန်တော်တို့ သူကို ဝိုင်းမေ့ပယ်တော့ပါ။ ဖိုး ထူး အနာ မြန် မြန် ပျောက်ပါစေ။

## ဖားနှင့်လိပ်ပြာ


လိပ်ပြာဖို ပန်းချုံနားတော့
ဖားကလေးတညာဏ်ပို၊
အောက်ကသီချင်းဆို။
တို့ဘဝထိုထို
ပင် ကိုယ်ကဥကလေး၊
ဖား လောင်းတခါပြန်လို့
နောက်တဖန်တခါသစ်
ဖားဖြစ်ရသေး။
ကောင်းပုံ ကဲမပြနဲ့
တို့ဘဝဤနှယ်လို၊
ဥ အစဆို။
ပိုးကောင်းလုံးလုံး ခုလိုတမျိုး၊
ဘဝ စုံလျှောက်ခါပြေးတယ်
ပေးတဲ့အကျိုး ။
ငါ့ကို လေမလှည့်စားနဲ့
သားစားတဲ့သင်ဖားပျို၊
ငါ့မျိုးဆွေတပြုံလုံးကို
သင်ကုန် းလို့မျို။
လိပ်ပြာက ာဆို ရှက်ပုံတဲ့ကိုဖား၊
သူ့အသက် တို့မစား
သွားဦးမပ ာ်ဗျား။ ။

ဆရာမှူလ



R. 517

# ပျ




ပျသည် ပင်ဖျက် အင်ဆက်ပိုးတမျိုး ဖြစ်၏။ အပင်ပိုး ဟူ၍လည်း ခေါ်သည်။ အစိမ်း၊ အမည်း၊ အဖြူရောင် စသည်ဖြင့်ရှိရာ အများအားဖြင့် အစိမ်းရောင် ဖြစ်၏။ အရွယ်မှာ ၁ လက်မ၏ဆယ်ပုံ တပုံခန့်သာ ရှိ၏။ ကိုယ်လုံးသည် နူးညံ့ဝဖြိုး၍ ဦးခေါင်းမှာ သေးငယ်သည်။ ပါးစပ်သည် စုတ်ပြွန်ကဲ့သို့ ပုံသဏ္ဌာန်ရှိသည်။

လယ်ကွင်းများ၊ ဥယျာဉ်များနှင့်သစ်သီးခြံများရှိ စိုက်ပျိုးပင်များမှ ပင်ရည်ကို နေ့ရော ညပါ စုတ်ယူကြသဖြင့် အပင်များ ခြောက်သွေ့ပြီး သေသွားကြသည်။

ပျသည် ဒဏလွန်ပွားလွယ်သော ပိုးမျိုး ဖြစ်၏။ အချို့သည် ဥများ မှ ပေါက်လာကြ၍ အချို့မှာ အကောင် အတိုင်း မွေးဖွားလာကြသည်။ ဆောင်ကူး ချိန်၌ အဖိုအမ မိတ်လိုက် ကြပြီး၊ အချလိုက်သည့် အရောင်မြင်သောဥများမှ နွေကူးချိန်တွင် ပျကောင်ကလေးများ ပေါက်လာကြ၏။ ထိုပျကောင်ကလေးများသည် မိတ်လိုက်ခြင်းမပြုကြပဲ ယင်းတို့ကိုယ်ထဲရှိဥများမှ ပျကောင်ကြီးများနှင့် တူသည့် ပျငယ်များကို မွေးထုတ်ကြသည်။ မိခင်ပျတကောင်သည် ပျငယ်ပေါင်း ငါးဆယ်မှတရာအထိ မွေးထုတ်ကြသည်။

များသော အားဖြင့် ပျများတွင် အတောင် မရှိကြပေ။ သို့သော် တခါတရံတွင် အတောင် ရှိသော ပျများရှိတတ်ကြရာ၊ အပင်တပင်မှ တပင်သို့ကူးလူးသွားလာကြ၏။ ပျကောင်တို့ ဖျက်ဆီး သော အပင်များမှာ ဝါပင်၊ ပဲပင်၊ ကြံပင်၊ နှမ်းပင်၊ မုန်လာပင်၊ မုန်ညင်းပင် စသည်တို့ဖြစ်၏။

မောင်ဆုပန်

၂၅ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်း သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး ( မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၈၇ အရတာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင် အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၃၄။

# ရွှေသွေး ဂျာနယ်


၁၃၃၆ ခု၊ ဝါခေါင်လဆန်း ၇ ရက် (၂၄-၈-၇၄)



စနေနေ့တိုင်းထုတ်ဝေသည်။




တခါသော်သူဌေးကြီး ဦးချမ်းသာသည် သူ၏ အိမ်တွင် ထမင်းစားပွဲကြီး စီစဉ်ပြီး—
ဆင်းရဲချမ်းသာ၊ ကလေး လူကြီးမရွေးပဲ တမြို့လုံး ဖိတ်ကြားလိုက်သည်။
ထိုအလှူတွင် ကလေးပိုင်းရှိ မောင်လူအေးဆိုသူအား အရေးပေးကြ၏။
ဟဲ့ မောင်လူအေး ပါလား မေမေ နေကောင်းရဲ့လား
ကောင်းပါတယ် ဒေါ်လေး
ဒီ သူငယ်ဟာ စားပုံ သောက်ပုံ နေပုံ ထိုင်ပုံ တယ် သပ်ရပ်တယ်။ ... ဆိုပုံလဲ ယဉ်ကျေးတယ်
မောင်လူအေး သတင်းကိုကြား၍ ဦးချမ်းသာ ကိုယ်တိုင် လာရောက်အကဲခပ်ပြီး—
အင်း ဒီ သူငယ် ကြည့်ရတာ လိမ္မာပုံရတယ်
သဘောကျသဖြင့် သူဌေးကြီးကိုယ်တိုင် နိုင်ငံခြားမှလာသော ပန်းသီးလုံးကြီးများကို အပိုလာချပေးသွား၏။
စားစမ်း သားလေး ဝဝအောင် စားစမ်း
ဟုတ်ကဲ့ ဘဘကြီး
မောင်လူအေးသည် စားလည်းစား၊ ဝေ၍လည်းပေးပြီး တွေးမိ၏။
အမေသာ ဒီပန်းသီး တွေကိုတွေ့ရင် သိပ် ကြိုက်မှာဘဲ
ဒီလို အလုံးကြီးတာ တွေ ရခဲ့တယ်


ထိုသို့ မိခင်ကြီးကို သတိရသဖြင့် ကျန်နေသော ပန်းသီးနှစ်လုံးကို
စားသောက်ပြီး ပြန်ထွက်လာကြသော ဧည့်သည်များက ခြံဝတွင်သူဌေးကြီးအား
ဝဝ လင်လင် သုံးဆောင် ရပါရဲ့လား
မြည့်မြည့်စုံစုံ ရပါတယ်။ စားလို့လဲ ကောင်းလှပါတယ်။ ကျေးဇူးလဲတင်ပါတယ်။ မြန်ပါ အုံးမယ်။ ခွင့်ပြုပါအုံး ဟဲ-ဟဲ.
ကလေးများက မမှာယဉ်ကျေးမှု ထုံးစံအရ ထိုင်ကန်တော့၍ နှုတ်ဆက်ကြ၏။
ဘဘကြီး ပြန်မယ်
အေး အေး
သာရေ သာရေ
မောင်လှအေးအလှည့်ရောက်၍ကန်းကန်တော့လိုက်စဉ် အိတ်ထဲမှ--
ဘဘကြီးကို ကန်တော့ ပါတယ်
ပန်းသီးများ လိမ့်ထွက်လာသည်ကို ကလေးဖော်များက ပြက်ရယ်ပြုကြ၏။
လူကြီးလူရွယ်များကလည်း မဲ့ပြီး ပြုံးကြလေသည်။


သူဌေးကြီး ဦးချမ်းသာကား အိမ်ရှေ့ မပျက်ပင် လေ အေးလေးနှင့် မေးလေသည်။
ဟေ့ သူငယ်၊ ဒီပန်းသီး တွေ အိမ်မှာ စားဘို့လား
ကျနော် စားဘို့ ဟုတ်ပါဘူး ကျနော့် မေမေ - မျက်မမြင်ကြီး ကို ဒီလို ကောင်းလှတဲ့ ပန်းသီးကို ကျွေးချင်လို့ပါ။
ဖင်ဟော - အစားကောင်း စားရတဲ့ အခါ - မိဘကို သတိရတဲ့အတွက် လိမ္မာတဲ့ သူငယ်ဘဲ၊ ဒါပေမဲ့ နောက်ကို - အာပဋ္ဋိသည်း ယူယူ - ပိုင်ရှင်မသိ အောင်တော့ မယူနဲ့ ..............
..... လိုချင်ယင် .. ..တောင်းယူရတယ်..
ဟုတ်ကဲ့ အဘကြီး
သူဌေးကြီးသည် တဖက်သို့ လှည့်ပြီး—
အစားကောင်း စားရတဲ့ အခါမှာ - မိဘကို သတိရတဲ့ - မောင်လှအေးရဲ့ အပြုအမူဟာ - ရယ်စရာ မဟုတ်ပါဘူး၊ ခင်များတို့ စားသောက် နေတဲ့ အခါ - သူလို - မိဘကို သတိ ရကြရဲ့လား ။ ဒီသူငယ်လေးကို အတုယူပြီး - စားကောင်း သောက်ကောင်း - စားရ သောက် ရတဲ့ အခါ - မိဘ ကို - သတိရကြစမ်းပါ။ ။
ထို့နောက် မောင်လှအေးအား ပန်းသီး တတောင်းပင် ပေးလိုက်လေသည်။
သူဌေးကြီး၊ ပြောတာလဲ - ဟုတ်တာဘဲ။



တနေ့တွင် ညီညီသည် သူငယ်ချင်း များနှင့်အတူ ကျောင်းမှပြန်လာစဉ် -
အား -
ဟင်.. ညီညီ သံစူးသွားပြီ...
အိမ်သို့ပြန်ရောက်သော်
ညီညီသည် မကစားရမည် စိုးသောကြောင့် သံစူး သည်ကို မိတမျှားအား အသိမပေးပဲနေသည်။
သို့ဖြင့် တနေ့တွင်
အို... ဖြစ်မှ ဖြစ်ရလေကွယ်..
သံစူး


ညအိပ်ရာဝင်သော် ညီညီ ခြေထောက်မှာ နာကျင်နေလေသည်။
သို့သော် နောက်နေ့ ညီညီကျောင်းမှပြန်လာ ချိန်တွင်....
ညီညီက အကြောင်းစုံ ရှင်းပြသော်....
မေမေသည် စိုးရိမ်တကြီး ဖြစ်နေသည်။
အရေးပေါ် ဌာနသို့ သွားပြရာ ....



အနာကို ဆေးထည့်ပြီးသော်
ဆရာမက မေးခိုင်ပိုးကာကွယ်ဆေး ထိုးပေးလေသည်။
သို့ဖြင့် ဆေးရုံမှအပြန် သုံးဘီးကားပေါ်တွင်
TAXI
ဆုံးသွားတယ်လေ...
ရှင်..ဆုံးသွားတယ်..
ဟာ
ညီညီသည်မေမေနားနားသို့ကပ်ပြီး တိုးတိုးကလေးပြောလိုက်လေသည်။

# ဝါခေါင်လ

မောင်ဖေါ်ထွန်း





မြန်မာ ပြက္ခဒိန်တွင် ဝါခေါင်လသည် ငါးခုမြောက် လဖြစ်သည်။ ဝါခေါင်လတွင် ရက်မစုံ ကွယ်သောကြောင့် ရက်ပေါင်း ၂၉ ရက်သာရှိသည်။ နေ့ ၃၄ နာရီ ည ၂၆ နာရီ ရှိသောကြောင့် နေ့တာရှည်၍ ညတာတိုသည်။

ရာသီအလို သိဟ်ရာသီ၊ နက္ခတ်အလို သရဝဏ် နက္ခတ်နှင့် စန်းယှဉ်၍ လပြည့်သည်။ ဤလ၏ ရာသီရုပ်ကား ခြင်္သေ့ပုံ ဖြစ်လေသည်။

''ဝါခေါင်'' တွင် ''ဝါ''မှာ ရဟန်းတော်များ၏ ''ဝါဆိုဝါကပ်ခြင်း'' ကို ဆိုလိုသည်။ ''ခေါင်'' ဟူသည် ''အလယ်၊ ဗဟို''ဖြစ်သည်။ ထို့ကြောင့် ဝါခေါင်လဟူသည် ဝါတွင်း သုံးလ၏ ''အလယ်လ''ကို ဆိုလိုခြင်းဖြစ်သည်။








ရှေးကျောက်စာများ၌ ဝါခေါင်လကို ''နံကာလ'' ဟုလည်းရေးမှတ်ခဲ့ကြသည်။ ''လယ်ထွန်ချိန်၊ မျိုးစိုက်ချိန်'' ကိုရည်ညွှန်းခြင်း ဖြစ်သည်။

''ဝါဆိုဝါခေါင် ရေဖေါင်ဖေါင်'' ဆိုသည့်အတိုင်း ဝါခေါင်လတွင် မိုးဖြိုင်ဖြိုင်ရွာလေပြီ။ ထိုအချိန်တွင် တိုင်းပြည်၏ထမင်းရှင် တောင်သူလယ်သမား ဦးကြီးများသည် လယ်ယာထွန်ယက်ခြင်း၊ မျိုးထောင်ခြင်းတို့ဖြင့် လက်မလည်အောင် အလုပ်များကြသည်။ ထို့ကြောင့် ဝါခေါင်လကို ''တောင်သူလယ်သမားလ'' ဟုပင်ခေါ်ဆိုနိုင်လေသည်။

အစဉ်အလာအရ ဝါခေါင်လ၏ ဝိသေသပန်းမှာ ဂမုန်း၊ခတ္တာပန်း ဖြစ်သည်။ ရှေးမြန်မာဘုရင်များ လက်ထက်က ဝါခေါင်လတွင် ရဟန်းသံဃာတော်များအား စာရေးတံမဲ ဆွမ်းလောင်းလှူပွဲတော်များကို အစဉ်အလာမပျက်ကျင်းပလေ့ရှိသည်။ ထို့ကြောင့်ပင် စာရေးတံဆွမ်းလောင်းပွဲတော်ကို ဝါခေါင်လ၏ ရာသီပွဲတော်အဖြစ် ရိုးရာဓလေ့အရ သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။


ဤသည်ကို ရည်၍ ကဗျာစာဆို မဟာအတုလမင်းကြီးက ''ရာသီသိဟ်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့ တောင်များထွတ်စွန်၊ သရဝဏ်လည်း၊ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့်။ နိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို၊ လှူစာရေးတံ၊ သတင်စုံခံဆဲမို့ လွှမ်းရန်ဖွဲ့ သည်ချိန်ကို၊ ဒေဝရိန်ပန္နာ့န်မှူးက မြူးလှတယ်လေး'' ဟူ၍ စာဖွဲ့ ဂုဏ်တင်ခဲ့လေသည်။





မောင်ရင်း နှင့် မြေဇာ ၏
အဖေ - သား ဘာလုပ်ပေး ရမလဲ
ဘာမှမလုပ်ပါနဲ့ကွာ - သစ်ပင်ရိပ် မှာ သွားကစားနေပါ
ကျနော် မကစား ချင်ဘူး အဖေ
ဪ - ဒီလိုဆိုယင် ဟိုလက်တွန်း လှည်းနဲ့ ထင်းခြောက်တွေ သွား ကောက် ငါး ဖမ်းလို့ ရယင်တော့ဖြင့် ချက်စားရတာပေါ့
ဟုတ်ကဲ့
အင်း - လူကြီးတွေကို ကူညီရတာ သိပ်ပျော် ဖို့ကောင်းတာ -
မကြာမီ
ထင်းခြောက်တွေ တော့ရပြီ - အိမ် သယ်သွားရုံဘဲ
ဟော့ ရွှေယုန် ထင်းတွေ - များလှချည်လား ကစား ဖို့လားကွ -



ဟုတ်ပါဘူး ငါ့မေမေ ငါးမျှားနေတယ်ကွ ဥယင် ချက်ဖို့ ထင်းခွေတာပါ အကြီးရဲ့
ဟာကွာ မင့်ထင်းတွေ များပါတယ်- ဒို့ ခု အိမ်အောက်မှာ ထင်းအောက် နဲနဲ လိုတယ်ကွ နဲနဲပေးကွာ-
ယူပါကွာ ရပါတယ်
ကျေးဇူးတင်ပါတယ်ကွာ သွားမယ်ဟေ့
ထို့နောက်
ဟာ- ထင်းတွေအများကြီးဘဲ ငါ့ကို နဲနဲပေးပါလားကွာ- ငါ့မေမေက ဘာလုပ်မယ် မသိဘူး ငါ့ကို ထင်းရှာခိုင်းတယ်
ယူပါ ရွှေကြက် ရယ်-
သို့ဖြင့်
မေမေရေ- မေမေ- မေမေ- ပြန်လာပြီလား
ပြန်မလာသေးဘူး ထင်းတွေ ခွေလာသလား ဘာလုပ်ဖို့လဲ-
မေမေက- ငါးဥ ယင် ချက်ဖို့ ဆိုပြီး ငါ့ ခိုင်းလိုက်တာ


ဟာ-မင့်ထင်း နဲနဲလေးနဲ့ ဘယ်လိုလုပ်ချက်မှာလဲ ဟော-ဟိုမှာမင့်အဖေ ပြန်လာပြီ-
ဟေ့-ဘာဖြစ် နေကြတာလဲ
သား-အဖေပြန်လာယင် ချက်ဖို့ထင်းခွေတာ ရွှေကျီး နဲ့ကြွက်တို့က နဲနဲစီတောင်း လို့ပေးလိုက်တာ ထင်းသုံး ချောင်းဘဲ ကျန်တော့လို့-
ထင်းလဲမလိုတော့ပါဘူးကွာ ငါးတကောင်မှ မရခဲ့ဘူး
ဟင်ဒီလိုဆိုဒီနေ့ ငါးဟင်းမစားရတော့ဘူး ပေါ့နော်-
မပူပါနဲ့ကွာ ဒို့အိမ်ဆောက်တဲ့အခါနေ့နဲ့ မုန့်လုပ်တယ်ကွ-ဟော့-မင်းတို့အိမ်ဖို့-
ဒို့မေမေက မင်းပေးတဲ့ထင်းနဲ့ မုန့်လုပ်ရ တယ်ဆိုပြီး မုန့်တွေပေး ခိုင်းလိုက်တယ်ဟေ့-
ကြွက်နှင့်ရွှေကျီးတို့ပြန်သွားကြသောအခါ၊
ဒို့ဒီနေ့စားရတဲ့ မုန့်ကတော့- စေတနာမုန့်ဘဲဟေ့-
ပြီး




# ရှင်နည်းရာ အဂ္ဂလူထွက်

ဘုန်းကြီးကျောင်း တကျောင်းတွင် ကိုရင်ခေါ် ရှင်ငယ် အရေအတွက် နည်းပါးလျက်ရှိလေသည်။ ထိုသို့ နည်းပါးရသည့် အထဲတွင် ရှင်အဂ္ဂဟု ဘွဲ့အမည်ရှိသော ရှင်ငယ်တပါး လူထွက်သွားပြန်ရာ ရှင်ငယ်များ နည်းသည်ထက် နည်းသွားသောကြောင့် "ရှင်နည်းရာမှာ အဂ္ဂလူထွက်သွားပြန်သည်" ဟု ဘုန်းကြီးက အမိန့်ရှိလေသည်။ ဤသည်ကိုအကြောင်းပြု၍ "ရှင်နည်းရာ အဂ္ဂလူထွက်" ဟူသော စကားပုံပေါ်ပေါက်လာခြင်းဖြစ်၏။

လောက၌ လူတို့သည် မိမိတို့အလိုရှိသည့် ပစ္စည်းဝတ္ထုများကို ပြည့်ပြည့်စုံစုံ အများအပြားလိုချင်ပါလျက် မရရှိနိုင်သဖြင့် ရရှိထားသည့် ပစ္စည်း အနည်းငယ်မျှကိုပင် တရိုတသေ စုဆောင်း သိမ်းဆည်း ထားလေ့ရှိကြ၏။ ထို ပစ္စည်း အနည်းငယ်ထဲမှာပင် အကြောင်းတခုခုကြောင့် ထပ်မံယုတ်လျော့သွားတတ်ပြန်ရာ၊ ထို အခါမျိုးတွင် "ရှင်နည်းရာ အဂ္ဂလူထွက်" ဟူ၍ တင်စားပြောဆိုကြလေသည်။

မောင်ဝင်းမြတ်

## အစားတွေ တွက်ခဲ့ပါဆိုလို့



# မနေ့ကျွန်ုပ် ယနေ့

ဆိုးမိုးလှိုင် (ကသော)



ယနေ့ ကျွန်တော် ကျောင်းသို့ စောစောလာခဲ့သည်။ အိမ်တွင် စိတ်ညစ်၍ ထွက်လာမိခြင်း ဖြစ်ပါသည်။ မနေ့ကလည်း တနေ့လုံး စိတ်ညစ်ခဲ့ရသည်။ အကြောင်းက အိမ်မှ ပေးလိုက်သော စာအုပ်ဖိုးငွေ နှစ်ဆယ် မနေ့က ပျောက်သွား ပါသည်။ ခါးပိုက်နှိုက် ခံရသလား၊ လမ်းတွင် ကျသလား မသိပါ။ သို့သော် အိမ်ကို ပြန်မပြောရဲပါ။

ဖေဖေနှင့် မေမေသည် အလွန် စည်းကမ်းကြီးသည်။ တဦးတည်းသောသား ဖြစ်သော်လည်း ကျွန်တော့်ကို အလိုမလိုက်ပါ။ အပြစ်တစုံတရာကျူးလွန်မိလျှင် ဆုတန်ဆု ရိုက်တန်ရိုက်သည်ချည်း ဖြစ်ပါသည်။ ထို့ကြောင့် မပြောရဲပါ။ ဆရာမမှာလည်း မေမေနှင့် အလွန်ခင်၍ မတိုင်ရဲပါ။

ကျွန်တော် အလွန်စိတ်ညစ်၍ စာသင် သည်ကို စိတ်မဝင်စားတော့ပါ။ ထို့ကြောင့် မနေ့က ဆရာမ စာမေးသောအခါ မဖြေနိုင်၍ အရိုက် ခံခဲ့ရသည်။ အိမ် ရောက် သော အ ခါ တွင်လည်း လူကြီးများခိုင်းသည်ကို စိတ်မဝင်စားပဲအယောင်ယောင်အမှားမှား ဖြစ်နေ၍ အဆူခံခဲ့ရသည်။ ပန်းကန်ဆေးရင်း ပန်းကန်တချပ် ကျကွဲသွား၍လည်း အ ရိုက် ခံ ရ သေး သည်။ ထို့ကြောင့် မနေ့က ကျွန်တော့်အတွက် ကံအဆိုးဆုံးရက် တရက် ဖြစ်ခဲ့သည်ဟု ဆိုချင်ပါသည်။

ယ နေ့ သည် စာ အုပ် ဖိုး နောက်ဆုံး ပေးရမည့်ရက် ဖြစ်ပါ သည်။ ကျွန် တော် ငွေ နှစ်ဆယ်ကို မည်သို့ရှာရမည်နည်း။

ကျွန်တော့် ရင်သည် တဒိတ်ဒိတ်ခုန်နေပါသည်။ ကျွန်တော့် လက်ထဲတွင် နှစ်ဆယ်တန် တရွက်ရှိနေပြီ။ ကျွန်တော်သည် ထိုငွေကို လှလှမိုး၏ လွယ်အိတ်ထဲမှ ယူခဲ့မိပါသည်။ လှလှမိုးသည် ကျွန်တော့်အရင်ကျောင်းကိုရောက်၍ ကျွန်တော် လာချိန်၌ စာသင်ခန်းမှာ မရှိပါ။

ကျွန်တော်သည် နှစ်ဆယ်တန်ကို ဆုတ်ကိုင်ကာ စာသင်ခန်းမှ ပြေးထွက်ခဲ့ပြီး လူရှင်းသော တနေရာ၌ ထိုင်ရင်း တွေးနေမိပါသည်။ ထိုငွေကို ပြန်ထားရမည်လား။ စာအုပ်ဖိုးအဖြစ်ပင် ပေးလိုက်ရမည်လား။ ငွေ နှစ်ဆယ် ရလာပြီ ဖြစ်သော်လည်း စိတ်ညစ်မှု မပျောက်ပဲ ပို၍ပင် ညစ်လာပါသေးသည်။

မကြာမီ ကျောင်းတက်၍ ဆရာမ ရောက်လာသော အခါ စာအုပ်ဖိုး ပါလာသူများ လာပေးရန် ပြောပါသည်။ ကျွန်တော်သည် စာအုပ်ဖိုး အဖြစ် သွားပေးသင့် မပေးသင့် စဉ်းစားနေပါသည်။ ထိုစဉ် လှလှမိုး၏ ငိုသံကြားရပါသည်။

ဆရာမသည် လှလှမိုးထံသွား၍အကျိုးအကြောင်း မေးပြီးနောက်—

“လှလှမိုး လွယ်အိတ်ထဲက နှစ်ဆယ်တန် တရွက် ပျောက်သွား တယ်။ သူ မေ မေ က ကျောင်း လိုက်ပို့ပြီး ကျောင်း

ရောက်မှ ပေးတာဆိုတော့ လမ်းမှာ ကျတာ မဖြစ်နိုင်ဘူး။ ဒီတော့ မင်းတို့ထဲက ကောက်ရတဲ့လူဖြစ်စေ၊ ယူထားတဲ့လူဖြစ်စေ ဆရာမကို လာပေးကွယ်”

သို့သော် ရှက်လည်း ရှက်ကြောက်လည်း ကြောက်၍မို့ ကျွန်တော် မပေးရဲပါ။ ထိုအခါ ဆရာမက –

“မင်းတို့ထဲမှာ ခုလို လူဆိုးလူမိုက် ကလေး တွေ ရှိနေတာ ဆရာမ ဝမ်းနဲတယ်ကွယ်။ သူများ ပစ္စည်းကို ယူတယ်ဆိုတာ ခိုးတာဘဲ။ ခိုးရလွယ်မှန်း သိယင် အကျင့်ပါပြီး ခိုးတတ်သွားလို့ နောက်တော့ သူခိုးကြီးဖြစ်သွားမယ်။ သူခိုးဆို လူတိုင်းက မုန်းတယ်။ ဒါကြောင့် သူခိုးမိယင် ရိုက်ကြ နှက်ကြနဲ့။ နောက်ဆုံး ထောင်ကျအုံးမယ်။ ခိုးတာတို့ လိမ်တာတို့ကို ဘုရားလဲ မကြိုက်ဘူး။ ခိုးတဲ့လူဟာ ကိုယ်ချင်း မစာတတ်သူဘဲ”

လူဆိုး၊ လူမိုက်၊ သူခိုး၊ လူတိုင်းက မုန်းတယ်၊ ထောင်စသော စကားလုံးများကို နားထောင်ရသည်မှာ ထိတ်လန့်နေသော ကျွန်တော့်အတွက် ပို၍တုန်လှုပ်စရာ ဖြစ်ပါသည်။

“ဒီတော့ ....”

ဆရာမက စကားဆက်ရန် ဟန်ပြင် လိုက် သည် နှင့် ကျွန်တော်သည် မတ်တပ်ရပ်လိုက်ပြီး

“ဒီငွေကို ကျွန်တော် ယူမိပါတယ် ဆရာမ” ဟု ပြောလိုက်ပါတော့သည်။

“ဟင်”ကနဲ ဆရာမနှင့်တကွ တတန်းလုံး၏ အံ့ဩသံများ ပေါ်ထွက်လာပါသည်။ ဆရာမက မေးလာ၍ ကျွန်တော်သည် ငိုရှိုက်ရင်း အားသုံးကို ပြောပြလိုက်ပါသည်။

“ဖြစ်ရလေ ထွန်းထွန်းရယ်၊ မင်းမနေ့ကတဲက ဆရာမကိုပြောဖို့ကောင်းတယ်။ မင်း မိဘတွေကို ဆရာမ ပြောပါအုံးမယ်”

ထို့နောက် ဆရာမက တတန်းလုံးသို့ ကျွန်တော့်အဖြစ်ကို ပြောပြပြီး၊ ခိုးချင်၍ မဟုတ်သည့်အပြင် အပြစ်ကိုလည်း ဝန်ခံ၍ အားလုံးက ခွင့်လွှတ်ရန် ပြောပါသည်။ လှလှမိုး ဖက်လှည့်၍လည်း “လှလှမိုးကလဲ ခွင့်လွှတ်နိုင်မယ် မဟုတ်လား” ဟု မေးပါသည်။ လှလှမိုးက ခေါင်းကို သွက်လက်စွာ ညိတ်လိုက်ပါသည်။

အားလုံးက ကျွန်တော့်ကို ကြည့်နေကြပါသည်။ သို့သော် ရွံရှာမုန်းတီးသော အကြည့်မျိုး မဟုတ်ပဲ ခွင့်လွှတ်သောအကြည့်မျိုးသာ ဖြစ်ပါသည်။

ကျွန်တော့်တွင် အမြစ်တွယ်မည့်ဆဲဆဲ အကျင့်ဆိုး တခုကို ယနေ့ ဆရာမက ပြုပြင်ဆုံးမပေးခဲ့ပြီ။ ကျွန်တော့် အပြစ်အတွက် အားလုံးကလည်း ခွင့်လွှတ်ကြသည်။ ထို့ကြောင့် မနေ့က ကံဆိုးခဲ့သလောက် ယနေ့ သည် ကျွန်တော့်အတွက် ကံကောင်းသောနေ့ ဖြစ်ပါတော့သည်။

× × ×

## သူ့အကျိုး ကိုယ့်အကျိုး

ညီညီကြီးယင် ဘာလုပ်မယ်၊
ဆရာဝန်ကြီး လုပ်ပါ့မယ်။

မှတ်ထားကွယ် ညီညွှိစကား၊
နောင်တော့ မေ့မသွား။

ဆရာဝန်ကြီး ဖြစ်ချင်ယင်၊
စာကိုကြိုးစားသင်။

ကြိုးစားသင်မှ ကိုယ့်ဆန္ဒ၊
ဆရာဝန်ကြီး ဖြစ်မယ်ပ။

ထိုအခါကျ လူတိုင်းကို၊
စေတနာနဲ့ ကုမယ်ဆို။

မေတ္တာချိုလို့ နှလုံးလှ၊
လူတိုင်းသာခုခေါ် နိုင်ကြ။ ။

အထွန်း (ပန်းတနော်)



R. 517



# ပုရစ်



ပုရစ်သည် အညိုရောင်ရှိသော အင်းဆက်ပိုးတမျိုးဖြစ်သည်။ မိုးဦးကျအချိန်မှစ၍ ပုရစ်အော်မြည်သံများ ဆူညံစွာ ထွက်ပေါ်လာလေ့ရှိသည်။ ထိုရာသီတွင် ပုရစ်များ မိတ်လိုက်ကြပြီး စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် မြေကြီးအတွင်း တွင်းတူးပြီး ဥများအုကြသည်။ တလခန့်အကြာတွင် ဥမှ ပုရစ်ကလေးများ ပေါက်လာကြသည်။ ပေါက်ခါစ ပုရစ်ငယ်တွင် အတောင်များမရှိသေးပေ။

ပုရစ်ငယ်သည် မြေတွင်း အောင်းကာ အစာစားရင်း၊ ကြီးထွားရင်း၊ အရေခွံလဲရင်းဖြင့် အတောင်ပံများ တဖြည်းဖြည်းရှည်လာသည်။ မေလနှင့် ဇူလိုင်လအတွင်း ပုရစ်ကြီး ဖြစ်လာသည်။ ထို့နောက် မိုးရာသီတွင် မိတ်လိုက်ပြီးနောက် ပုရစ်ဖိုသည် သေဆုံးသွားသည်။

ပုရစ်များသည် စိုက်ပျိုး သီးနှံပင်များ၏ အရွက်များကိုသာ ကိုက်ဖြတ် စားသောက်ပစ်ရုံမက တွင်းတူးရင်း အမြစ်များကိုပါ ကိုက်ဖြတ်စားသောက်ကြသည်။ ယင်းတို့သည် ညအခါမှသာ အစာရှာထွက်ကြသည်။

အချို့အရပ်ဒေသတွင် ပုရစ်ကိုကြော်၍စားကြသည်။

မောင်ဆုပန်



ရန်ကုန်မြို့၊ ၃၂၉-၃၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၆။ အမှတ် ၃၅။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ ဝါခေါင်လဆန်း ၁၄-ရက် (၃၁-၈-၇၄)


## တစ်နှစ်သုံး


ပန်းချီ-ဦးဘကြည်။
ဇါတ်လမ်း- မြသွေး။



စနေနေ့တိုင်း ထုတ်ဝေသည်။


တခါတုန်းက တောထဲတွင် လေကြီးမိုးကြီး ပြင်းထန်စွာကျရာ တောကောင်တို့သည် ကြောက်အား လန့်အားဖြင့် လွတ်မည်ထင်ရာသို့ ပြေးလွှားကြရ၏။
မုန်တိုင်း စဲသောအခါ ဖြူတကောင်သည် အစာရှာထွက်လာစဉ် ကွက်လပ်တခုအနီး၌ သစ်ပင်ပိနေသော ဆတ်တကောင်ကို တွေ့သဖြင့်—
အလို - ကိုကြီးဆတ် - ဘယ်လို ဖြစ်နေတာလဲ - ဟင်
ညက တဲက - မိုးထဲ လေထဲ - ပြေး ရင်း - လွှား ရင်း - သစ်ပင် လဲကျပြီး ပိနေလို့ - - -
- - - - နောက်ပြန် ဆုတ် တော့လဲ - ဦးချို ခံနေတယ် - - - - - - - -
- - - - - ရှေ့တိုး တော့လဲ - တင်ပါး မလွတ်ဘူးကွ - - - - - - - - -
- - - - - ငှါ့ခြေကို ကွေးပြီး - ဒူးထောက် ရုံလေး သစ်ပင်ကို ကြွအောင် လုပ်နိုင်ယင် - - - ငါ ရုန်းကန်ထွက် လို့ ရပါတယ်။
ကူညီပါအုံး ကွာ - - -
ဖြူကလေးသည် ရှိသမျှ အားစိုက်ထုတ်၍ သစ်ပင်ကို ကြိုးစား မ,ကြည့်၏။ မရ။
အင့်
အင့်
အီး


ထိုအခိုက် သစ်ပင်ထက်မှ ကြည့်နေသော ကျီး တကောင်ကမြင်လျှင် ဆတ်ကို စ၏။
အ.. အ.-
အာ အာ —
ဆတ်ကြီးခများ -
သေရှာ —
ရှာ သေဆဲ
အ အာ
အမယ် - ဆတ်ဝါး ဝလို့၊ ကျီးကန်းလေး - ဘါလေးနဲ့၊ ငါ့ အကြောင်း သိရမယ်ပေါ့ — ဟင်း - - တောက်
ကျီးသည်စိတ်ဆိုး၍ ပျံထွက်သွားရာ တောအုပ် အလယ်၌ ထိုင်ငိုင်နေသော ဝံပုလွေတကောင် ကို တွေ့လေသော်—
ခင်ဗျား ကတော့ ဒီမှာ ထိုင်ငိုင်နေ၊ ဟိုမှာ - ခင်ဗျားအတွက် ပွဲတော်တယ်ဘို့ အဆင်သင့်ဗျ
ဘာ
ဟိုဘက် တောစပ်မှာ ဆတ်ကြီး တကောင် သစ်ပင် ပိမြိုး - မလှုပ်နိုင်ဘူးလေ
ဟင် - တကယ်လား။ မှတာဘဲ၊ ငါ့ညီ - မောင်မောင် ကျီးတို့များ ဒါကြောင့် အားကိုးရတာ။ ဘယ်မှာလဲ။ လာ၊ သွားကြစို့။
လမ်းတွင် နားရွက်တဖက် ပြတ်နေသော ဝံပု လွေတကောင်က တွေ့သောအခါ—
သုတ်သီး သုတ်ပျာနဲ့ ဘယ်သွားကြမလို့လဲ
ဖယ်စမ်းပါ - ဆတ်သား သွားစားမလို့
ကျုပ်လဲ လိုက်မယ်
တဖန် ခရီးဆက်ကြပြန်ရာ လမ်းတွင် ခြေနာနေ သော နောက်ဝံပုလွေတကောင်က—
ခင်ဗျားတို့ ဘယ်လဲဒါ
ပွဲတော်တယ်သွားမလို့
လိုက်ခဲ့မယ်လေ


ဝံပုလွေများ အပြေးအလွှား လာနေသော အချိန်တွင် ဆတ်ကြီး အနားသို့ ကိုယုန်လေး ရောက်လာပြီး ကိုဖြူလေးကို ဖိုင်းကူရန်—
ဒီလို - မ - နေလို့တော့ ရမှာ ဟုတ်ဘူး။ ဟို သစ်ရွက် သမားတွေ လုပ်သလို - ကုတ်နဲ့ ကော်မှ ရမှာ
ဟင် ဟုတ်လား
စီစဉ်၍ ကုတ်နှင့် ကော်ရန် ကြိုးစားနေစဉ် ဒေါ်ယုန်ပေါက်လာပြီး—
အမယ် - ကိုဖွဲယုန်၊ ကျမ ကတော့ ထမင်း ချက်ပြီး - လာနိုး၊ လာနိုးနဲ့ စောင့်နေလိုက်ရတာ၊ ရှင် ဒီမှာ ဘာလာလုပ်နေလဲ၊ ကလေးတွေ လဲ ဆာလှပြီ။
အေးပါဟ၊ ဒါတွေ ငါသိပါတယ်။ ဒီမှာ - ကိုကြီး ဆတ် ဖြစ်နေပုံ လဲ ကြည့်ဦး။
ထိုကြောင့်ဒေါ်ယုန်ပါဖိုင်းကူပြန်သည်။
တစ်
နှစ်
သုံး
သို့သော် မလှုပ်။
ထိုသို့ ဆူညံသံကြောင့် သစ်ပင်ထက်မှ ရှဥ့်မိသားစု ပြေးဆင်းလာပြီး—
ဘာဖြစ်နေကြတာလဲ ဗျို့
အကူအညီ လိုချင် ပေးရ မလား
တစ်
နှစ်
သုံး
သို့သော် လှုပ်သာလှုပ်၏ မကြွ။
ထိုအခိုက် ကိုကြွက် ရောက်လာပြန်ရာ—
ကိုကြွက် - ဘယ်လဲ။ ကူပါဦး။
လာမယ် လာမယ်
မီးပါး သွားခေါ်ခဲ့မယ်


မကြာမီ ကိုကြွက်နှင့် မိဖွားတို့ရောက်လာပြီး
တစ်.နှစ်.သုံး- ဆွဲ
တစ်.နှစ်.သုံး - ဆွဲကြ
တစ်.နှစ်.သုံး ဆွဲပေး....
ဟုတ်ပြီ - ကြွပြီ။ နည်းနည်းလေး လိုတော့တယ်
ခဏလေး တောင့်ထားကြဦး၊ ငါ ရုန်းကြည့်မယ်
ထိုအချိန်တွင် သစ်ရွက်ပေါ်ဖြတ်လျှောက်သွားသော ပုရွက်ဆိတ်ကိုတွေ့သဖြင့်
ဟေး - ကိုပုရွက် - ကူပါအုံးကွ
ကောင်းပြီ လာပြီဟေ့
တစ်
နှစ်
သုံး
အော်ဟစ်ပြီး ကုတ်အစွန်းပေါ် ခုန်ချလိုက်ရာ
ကုတ်သည် အနည်းငယ် ထပ်ကြွတက်သွား၍ ကိုဆတ်ကြီး ရုန်းထွက်နိုင်သွားလေသည်။
ကျေးဇူး ပါဘဲဗျာ.... အကောင် ငယ်ပေမဲ့ သတ္တိတော့ ကြီးကြပါပေတယ်။ ခင်ဗျားတို့ ကျုပ်ရဲ့ အသက်ကို ကယ်လိုက်တာဘဲ။ အထူး သဖြင့် ကိုပုရွက်ကို ကျေးဇူး တင်ပါတယ်
ကိုပုရွက် ပါလို့သာပေါ့။ သူသာ မပါယင်....
မဟုတ်တာ ကျုပ်နောက်က သေးသေးလေး ဘဲဟာ
ငယ်ပေမဲ့ ခင်ဗျား အလုပ်ကြီးကြီး လုပ်လိုက်ပြီ



ဆတ်ကြီးနှင့် ကယ်တင်သူ မိတ်ဆွေများ နှုတ်ဆက်ထွက်သွားကြပြီး မကြာမီ–
ကဲ - ဆရာတို့၊ ရောက်ပါပြီဗျား။ ဟိုရှေ့က လဲနေတဲ့-သစ်ပင်အောက်မှာ-ပိနေတဲ့ ဆတ်ကြီး .... ဟီး ဟီး
စံမယ်သာကြား– စားမယ်သာကြံ ကြပေတော့.
လဲနေသော သစ်ပင်နားရောက်လျှင်
ဟိုက် -
မရှိတော့ပါလား
ဘယ်သူများ လာကယ် သွားပါလိမ့်
နေဦးကွ ..... ငါ့နားယဲ - အသံသဲ့သဲ့ ကြားနေတယ် .... သစ်တုံးအောက်ကဘဲ
ဆတ် မစား ရလဲ .... တကောင် ကောင် စားရ မှဖြစ်မယ်
မှန်းခြေမကိုက်ဖြစ်နေသောဝံပုလွေသုံးကောင်တို့သည် သစ်တုံးအောက်ရှာရာ ....
တွေ့ပြီ-
တွေ့ပြီ-
လာကြည့်ကြစမ်း။
သစ်ရွက်ပေါ်မှာ-ပုရွက်ဆိတ်
တကောင် ဘာတွေ ဟော်နေလဲ မသိဘူး။
...နားထောင်ကြည့်ရအောင်၊
-----------
ပုရွက် ဘုရင်၊
ငါ.ကယ် တင်သည်၊
သင် ဝံပုလွေများ၊
ဝေးရာရှားလော့။
------


တကိုယ်ကောင်း
မေမေ အပြင် သွားမလို့ ညီမလေးနဲ့ မုန့်ဝေစားနော်
ဟုတ်ကဲ့ မေမေ
ညီမလေး ပြန် လာပြီ ငါတယောက် ထဲ စားရအောင် မုန့် ဖွက်ထားမှ
ကိုကြီး
သိတာပေါ့ အမြဲက ညီမလေးကို မုန့် ကျွေးလိုက်တယ်
ငါတယောက်ထဲ စား.. ပိုက်. ပူစီ စားလို့ ကုန်ပါရော လား
မကောင်းကြံ ယင် ဒီလိုဘဲ ဖြစ်တတ်တယ် ကိုကြီးရဲ့
ပြီး

# သိမှတ်ဖွယ်ရာ

အမေရိကန်နိုင်ငံမှ ဇင်မီခေါ် ချားဇင်မယ်မဒ် ဆိုသူသည် ခြေထောက်များ မရှိပဲလျက် ၁၆၈ နာရီလုံးလုံး မရပ်မနားပဲ ရေထဲတွင် အချိန်ကြာမြင့်စွာ ကူးခတ်၍နေနိုင်သည် ဆို၏။






အာဖရိကတိုက်မှ ''ဋ္ဌန်နာ့စစ်စနေး'' ခေါ် ခရုပက်ကျိတမျိုးသည် ဇာတ်တူသားစားသော အသားစား ပက်ကျိမျိုးဖြစ်၏။ ယင်းတို့သည် ဟဲလစ် ခရုမျိုး၏ အခွံတွင်းသို့ ဖောက်ထွင်း ဝင်ရောက်ကာ အသားကို စားလေ့ရှိလေသည်။



စကော့တလန်ပြည် မန့်ဖရှိုင်းယားနယ်မှ ဂါလိုဟီး ရွာကလေးသည် စစ်စစ်ပေါက်ပေါက် စာရင်းကောက်မှ လူဦးရေ တယောက်တည်းသာ ရှိသော ဗြိတိန်နိုင်ငံ၏ ဇာနပုဒ်ကလေးတခု ဖြစ်လေသည်။



အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ''ဒရော မရစ်'' ဆွဲ တန်တားကြီးအောက်ခြေ နန်းတော်ကျုံးအတွင်း၌ ကျက်စားနေသော ငန်းဖြူကြီးများသည် အစာရလိုသောအခါ ကျုံးထဲသို့ ချထားသည့် ကြိုးစကို ဆွဲ၍ မုတ်ပေါ်ရှိ ခေါင်းလောင်းကို မြည်စေခြင်းဖြင့် အစာတောင်းလေ့ ရှိကြ၏။

# အတိုအထွာ

စိုးမြင့်

မြတင်ရည်




ရုရှားပြည်ဘုရင် ပီတာသဂရိတ်၏ ရုပ်တုအတွက် အောက်ခံကျောက်ခုံလုပ်ရန် အိမ်လုံးခန့်ရှိ နှမ်းဖတ်ကျောက်တုံးကြီးကို ဖင်လန်ပြည်မှ ၈ မိုင်ကွာဝေးသော စိန့်ပီတာစဗတ်(ယခု လီနင်ဂရက်)မြို့သို့ ရောက်အောင် အထူးတည်ဆောက်ထားသော ရထားလမ်းဖြင့် အထူးတန်တားပေါ်မှ နီဗာမြစ်ကို ဖြတ်ကာ တပင်တပန်း သယ်ယူခဲ့ရသည် ဟူ၏။



တောင်အမေရိကတိုက်မှ ဖားတမျိုး၏ကြီးထွားပုံမှာ မယုံကြည်နိုင်စရာ ဖြစ်၏။ ယင်းသည် ဖားတပိုင်းငါးတပိုင်းဘဝ၌ အလျား ၁၀ လက်မခန့်ရှိပြီး ကြီးလေကျုံ့လေဖြစ်ကာ ဖားကြီးဖြစ်လာသည့်အခါ နှစ်လက်မခွဲ အရွယ်သာ ရှိလေသည်။


ပျားသည် တစုံတဦးကို တုပ်မည်ကြံလျှင် အစွယ်နှင့်ထိုးခါနီးတွင် သူ့ကိုယ်တွင်းရှိ ကြွက်သား ၂၂ မျိုးစလုံးကို အရင်းတည် အားစိုက်ရသဖြင့် တုပ်ပြီးသောအခါ ခြေကုန်လက်ပန်းကျကာ မလှုပ်မရှားနိုင် ဖြစ်သွားလေ့ ရှိသည်။





ဖီယိုဒါ ဗာဆီလက်ခေါ် ရုရှားအမျိုးသားတဦး၏ ဇနီး မဒမ် ဗာဆီလက်သည် ၂ မြွာပူး ၆ စုံ၊ ၃ မြွာပူး ၇ စုံနှင့် ၄ မြွာပူး ၄ စုံ အပါအဝင် သားသမီးပေါင်း ၆၉ ယောက်ကို မွေးဖွားခဲ့သဖြင့် ၁၈၇၀ ပြည့်နှစ်ကပိုက်တွင် အလွန်ထင်ပေါ်ကျော်ကြားကာ ဒုတိယမြောက် ဇာအလက်ဇန္ဒားဘုရင်ထံ အခစားဝင်ရန် ဖိတ်ခေါ်ခြင်း ခံခဲ့ရလေသည်။



အဖြစ် —
ဂွမ်း!
ပန်းအိုးကွဲသွားပြီ မေမေ ပြန်လာယင်အရိုက်ခံရ တော့မယ်-
ဒုက္ခဘဲ ငါ ဘယ်လိုလုပ်ရပါ့မလဲ
ဒါ့ကြောင့်မေမေမခိုင်းဘဲ ပန်းအိုးတွေဟိုရွှေ့ဒီရွှေ့ မလုပ်နဲ့လို့ ငါပြောတာ-
မေမေပြန်လာယင် အရိုက်မခံရအောင်ဘယ်လို လုပ်ရပါ့---
ထို့နောက်
ဟော— မေမေ ပြန် လာပြီ



ပေးမေမေ သားကူဆွဲပေးမယ်
ငါ့သားက တယ်လိမ္မာနေပါလား
မေမေဈေးသွားဂုတာ မောနေပြီ-ရော့ရေအေးအေးလေး သောက်အုံးနော်
ငါ့သားကတယ်လိမ္မာ တာဘဲကိုး-အေး သာဓု-သာဓု
မေမေ-နားအုံးနော် နားပြီးမှ ဖိုးဖိုးချောင်ဝင် သား ကူညီပေးမယ်
ဟောဒီမယ်မေမေ နား ဂုဏ်နဲ့ သတင်းစာ ဖတ်အုံး


မေမေ-သတင်းစာဖတ်ရင်း
အညောင်းပြေအောင် သား ဂုတ်ကြော
လေးတွေ နှိပ်ပေးမယ်နော်—
အင်း
ဒီနေ့ ငါ့သားအပြုအမူတွေ
တယ်ထူးတာဘဲ—
မကြာမီ
ဟဲ့—ဒီအပေါ်က
ပန်းအိုးတလုံးကော
ဟို-အဲ-အဲ့ဒါ-သား-
သားကြောင့်ကျ ကွဲ-ကွဲ --
ဩ— ဒါကြောင့်မေမေ့-ရိုက်မှာစိုးလို့
မေမေ သဘောကျအောင်
လိုက်လုပ်ပေးနေတယ် ပေါ့လေ
ဟုတ်စ
ကိုယ့်အပြစ်ကိုဝန်ခံတာကိုတော့ကြိုက်တယ်
ဒါပေမဲ့အပြစ်ကိုဖွဲ့မယူအောင်ဟန်ဆောင်
ညာဝါးတာမျိုးတော့မကြိုက်ဘူး ဒီအတွက်
မင်းကိုဆုံးမရမယ်

# ငါးပျံ့တလှည့် ဗုံလုံတလှည့်



မြစ်ကမ်းချောင်းကမ်း တို့တွင် ဗုံလုံပင်များ ပေါက်လေ့ရှိ၏။ ထိုဗုံလုံပင် တို့မှ ဗုံလုံသီးများ ရေထဲသို့ ကြွေကျ၍ လာသော် ငါးပျံ့များသည် ဗုံလုံသီးကို အစာမှတ်ထင်၍ လိုက်လံ ဖမ်းယူကြလေ၏။ ထိုသို့ ဖမ်းယူ ရာတွင် ဗုံလုံသီးက အောက်သို့ ရောက်သွားပြီး ငါးပျံ့က အပေါ်က ဖြစ်နေလိုက်၊ ဗုံလုံသီးကပေါ်လာပြန်ပြီး ငါးပျံ့က ဗုံလုံသီးအောက် ရောက်သွား လိုက်ဖြင့် ငါးပျံ့နှင့်ဗုံလုံတို့သည် တလှည့်စီ အပေါ်ရောက်လိုက်၊ အောက်ရောက်လိုက် ဖြစ်နေ တတ်ပေသည်။ ဤသည်ကိုရည်၍ "ငါးပျံ့တလှည့် ဗုံလုံတလှည့်" ဟူသော စကားပုံ ပေါ်ပေါက် လာခြင်းဖြစ်၏။

လောကတွင် လူတို့၌ တဦးတယောက်တည်း ကချည်းအမြဲအစဉ် အနိုင်ရနေမည် မဟုတ်ပဲ၊ နိုင်သူကနိုင်၍ ရှုံးသူကရှုံးလိုက်၊ တဖန် နိုင်သူသည် ရှုံးသူပြန်ဖြစ်၍ ရှုံးသူသည် နိုင်သူပြန်ဖြစ်လိုက် စသည်ဖြင့် သူတပြန် ငါတလှည့် နိမ့်တုံမြင့်တုံဖြစ်နေတတ်၏။ ဤအခါမျိုးတွင် ငါးပျံ့တလှည့် ဗုံလုံတလှည့်ဟူသော စကားပုံဖြင့် တင်စားပြောဆိုကြ၏။ ဤစကားပုံသည် လောက၏ မတည်မြဲသော သဘောကို ဖော်ပြ၏။ ထို့အတူ အောင်မြင်မှု ရရှိနေသူများကို မာနမကြီးရန်၎င်း၊ ရှုံးနိမ့်နေသူများကို စိတ်ပျက်အားငယ်ခြင်းမရှိရန်၎င်း ဤစကားပုံက ညွှန်ပြနေပေသည်။

မောင်ဝင်းမြတ်

## ကွယ်ရာမှာဖြစ်မယ်






ယနေ့သည် ကျွန်မ၏မွေးနေ့ ဖြစ်သည်။ အသက် ၁၁ နှစ်ပြည့် မြောက်သော ကျွန်မ မွေးနေ့ အတွက် မေမေသည် ဘုန်းကြီး ကျောင်းသို့ ဆွမ်းပို့သည်။ ဖေဖေက သားရေဖုံး မှတ်စုစာအုပ် တအုပ်နှင့် ဓားကလေးတလက်၊ ဂေါ်ပြားလေး တခု၊ ရေပန်းကရားလေး တခု လက်ဆောင် ပေးသည်။

"ဟင်–ဖေဖေ့ လက်ဆောင် တွေကလဲ မျာ:ပြီး အသုံး မကျ လိုက်တာ။ သမီးနဲ့ ဆိုင်တာဆို လို့ စာအုပ်ဘဲပါတယ်။ ဓားတို့၊ ဂေါ်ပြားတို့က ဘာလုပ်ဖို့လဲ ဖေဖေရဲ့။ ဖောင်တိန်လေး၊ အင်္ကျီ လှလှလေးဆို တော်သေး တယ်"

ကျွန်မ၏ မကျေမနပ် ပြောပုံကို ကြည့်၍ ဖေဖေက ပြုံးပါသည်။ နံနက် ကျောင်းတက်ရန် အချိန် စောသေးသောကြောင့် ကျွန်မကို သူ စိုက်ပျိုး ခြံမြေသို့ ခေါ်သွားသည်။ ဖေဖေ့စိုက်ပျိုး ခြံကား ရွာပြင်တွင် ရှိသည်။ လယ်ကွင်း ငါးခု ကျော် လျှင် ရောက်သည်။ ဖွားဖွားတို့ အိမ်နှင့် နီးသည်။ ရေတွင်းလည်း ရှိသည်။ ခြံကို နှစ်ပိုင်း ပိုင်း၍ ခြံစည်းရိုး ကာထားသည်။ တခုမှာ ပန်းစိုက်ခင်း၊ တခုမှာ သီးနှံ စိုက်ခင်း ဖြစ်သည်။

"သမီးမွေးနေ့မှာ ဖေဖေက အလုပ်ခန့်မယ်။ ခုခေတ်လို အလုပ်ရှားတဲ့ အချိန်မှာ သမီး အသက် ငယ်ငယ်လေးနဲ့ အလုပ်ရတယ် ဆိုတာ ဘယ်လောက် ဂုဏ်ယူစရာ ကောင်းသလဲ။ သမီး အလုပ် မလုပ်ချင်ဘူးလား"

"ဟင့်အင်း–သမီးမလုပ်ချင်ပါဘူး။ သမီးတို့ အရွယ်က စာသင်ရမဲ့ အရွယ်ဘဲ၊ အလုပ်လုပ်ရမဲ့ အရွယ်မှ မဟုတ်တာ"

ကျွန်မ အဖြေကို ဖေဖေက မကြိုက်။

"အို–အလုပ်ဆိုတာ အရွယ် ရွေးနေရတာ မဟုတ်ဘူး။ ကိုယ်နဲ့ တန်ရာကိုတော့ လုပ်ကြရမယ်။ ငယ်ငယ်ကတဲက အလုပ် လုပ်ကျင့် ရှိတဲ့သူဟာ ကြီးလာယင် တာဝန်ယူတတ်တဲ့ အလုပ်သမား ကောင်း ဖြစ်နိုင်တယ်။ သမီး ဒီမှာကြည့်စမ်း၊ ဟောဒီ ပန်းခြံလေးက ပန်းပင်တွေကို သမီး မနက်တိုင်း ကျောင်းမသွားခင် ရေလောင်းရမယ်၊မြက်ရှင်း ပေးရမယ်၊ မြေဆွေးထည့်ပေးပံ့ပေးရမယ်။ပန်းကလေးတွေ ပွင့်လာယင် မေမေ့ကိုခူးပေး၊ မေမေက ရောင်းလိမ့်မယ်။ ဒီခြံလေးကထွက်တဲ့ ပန်းပွင့်လေးတွေကို သမီး ဖာသာစာရင်းမှတ်။ ပန်းပွင့် အရေအတွက်နဲ့ မေမေက ပိုက်ဆံ ပေးလိမ့်မယ်၊ ကြားလား"

ကျွန်မသည် ပန်းခြံတွင် အလုပ် လုပ်ရသည်ကို မကျေနပ်။ ငတိုးတို့၊ စိန်လှတို့၊ လေးခင်တို့ ကစားနေသည်ကို သာ လှမ်းကြည့်ရင်း အားကျနေမိသည်။

"ဒီစပယ်ပန်းတို့နှင်းဆီပန်းတို့ကလဲ ပွင့်ခဲ့လိုက်တာ၊ ရေလောင်းရတာ မောလှပြီ"

ကျွန်မသည် ရေပန်းကရားဖြင့်လောင်းရင်း စိတ်ညစ်မိ၏။ ဖြစ်နိုင်လျှင် ရေပန်းကရားကိုချ၍ သူငယ်ချင်းများနှင့် အတူပြေးလွှားခုန်ပေါက် ကစားပစ်လိုက်ချင်သည်။ ကြံကြံဖန်ဖန်မွေးနေ့လက်ဆောင် ပေးတတ်သော ဖေဖေ့ကို စိတ်ကောက်မိသည်။

\+ + +

သုံး လ ကျော် မျှ ကြာ ခဲ့သည်။ ကျွန်မ ရေ လောင်း ခဲ့ရသော ပန်းတို့ ပွင့်လေပြီ။ တခြံလုံးရနံ့သင်း၍ ဝင်မိလျှင် ပျော်စရာလည်း ကောင်းလာသည်။ ပန်းပွင့်ကလေးများကို ရေတွက်၍ တောင်းထဲထည့်ရင်း ကျွန်မစိတ်ချမ်းသာသည်။ မေမေ့ထံမှ ရမည့် ပိုက်ဆံကို ဖေဖေ ပေးသော စာအုပ်တွင် တနေ့တနေ့ရေး မှတ် ခဲ့ ရ သည် မှာ လည်း မနည်းတော့ပေ။ စာရွက် သုံးရွက်မျှ ဖြစ်သွားပြီ။

ကျောင်းရောက်၍ အတန်းထဲ ရောက် သော အခါ ဆရာမက –

"ဒီနေ့ မင်းတို့ ၅ တန်းကျောင်းသားတွေ အတွက် စာအုပ်၊ဖောင်တိန် ရမယ်။သုံးရက်အတွင်း ငွေသွင်းပြီး ဝယ်နိုင်ပါတယ်"

စာအုပ် ရောင်း ချိန် သည် လ ကုန် ရက် ပိုင်း ဖြစ် သောကြောင့် အချို့ လခစား သားသမီးများမှာ အပြေး အလွှားဖြစ် ကုန် သည်။ လယ် သ မားသား သမီး များ လည်း အလုပ်ရှုပ်သွားကြသည်။

ကျွန်မမှာကား ဖေဖေ့ကျေးဇူးကြောင့် ပန်း ရောင်း ရ ငွေအဆင်သင့်ဖြစ်နေသည်။ မေမေ့ထံမှ ကျွန်မ ရသင့်ငွေကို ထုတ်ကာ စာအုပ် ဖောင် တိန် များဝယ်လိုက်သည်။

အိမ်ပြန်ရောက်သော် ဖေဖေက ပြုံးလျက် –

"ကဲ–ဘယ်လောက် ဂုဏ်ယူစရာ ကောင်း သ လဲ။ ဖေဖေ့သ မီး ဟာ အ ရွယ် နဲ့ မလိုက်အောင် ကိုယ့်အားကိုယ်ကိုးပြီး၊ ကိုယ့်ပညာရေး အတွက် အသုံးချတယ်။ ဖေဖေ သိပ်ဝမ်းသာတယ်သမီး၊ ဖေဖေပေးတဲ့ လက်ဆောင်ကို သမီး တ သက် လုံးအသုံးချသွားတတ်ပါစေ"

ကျွန်မသည် ဖေဖေ့ ရင်ခွင်ထဲသို့ ပြေးဝင်၍ ခေါင်းညိတ်ကတိပေးလိုက်ပါသည်။

"စိတ်ချပါ ဖေဖေ၊ သမီးအ လုပ် လုပ် ရ မှာ မကြောက်တော့ပါဘူး။ အသက်အရွယ်နဲ့ထိုက် တန် အောင် အလုပ်လုပ်ရင်း စာ ကြိုး စား သွား ပါ မယ်ဖေဖေ"

# မြတ်ရွှေတိဂုံ

လေးဆူဓာတ်ပုံ ရွှေတိဂုံ၊
အံ့ချီးဘယ်မကုန်။

စိတ်ကကြည်ယုံ ဦးနှိမ်ချ၊
တန်ခိုးကြီးလေစွ။

သိင်္ဂုတ္တရ ကုန်းမြင့်ပေါ်၊
တည်ထားကြသနော်။

ကမ္ဘာကျော်လို့ လွန်ထင်ရှား၊
ဂုဏ်ထယ်ဝင့်ဝင့်ကြွား။

ဖူးမျှော်ဝပ်တွား ပြည်သူတွေ၊
ကြည်ညိုစိတ်ပွားနေ။


ဆံတော်ရှင်တွေ တည်ကိန်းဝပ်၊
ပန်းရေဆီမီးကပ်။

နေ့တိုင်းမပြတ် ရှိသေစွာ၊
ရှိခိုးပူဇော်ကာ။

စေတနာ သဒ္ဓါမြူး၊
ရွှေတိဂုံ စေတီထူး။ ။

သလ္လာ မြတ်လေးဆွေ






# ပျစားပိုး

ပျစားပိုးသည် ပိုးတောင်မာ မျိုးဝင် အင်ဆက်ပိုးတမျိုးဖြစ်သည်။ ပျစားပိုး အမျိုးပေါင်း များစွာရှိ၍ တမျိုး နှင့် တမျိုး ပုံသဏ္ဍာန် အလွန် တူကြသည်။ သို့သော် အသွေး အရောင် ကွဲပြား ကြသည်။ အချို့ ပိုးများ၏ ကျောသည် နီ၍ အမည်းစက်များ ရှိသည်။ အချို့ ဝါ၍ အမည်း စက်များရှိ သည်။ အချို့အစက်အပြောက် မရှိပဲ လုံးလုံး နီနေသည်။ အများအားဖြင့် ကျောအရောင် မည်း၍အနီသို့မဟုတ် အဝါစက်များရှိသည်။

ပျစားပိုးသည် အရောင်ကွဲပြားကြသော် လည်း ဥအုရာတွင် တူကြသည်။ ဆေးပြင်း လိပ် ပုံသဏ္ဍာန် အဝါရောင် ဥများ ကို ပျကောင်များရှိရာ နေရာတွင် အုကြသည်။ လေးငါးရက်အကြာ ဥမှပေါက်လာပြီး အနီး ရှိ ပျ များကို စားသောက်ရင်း ကြီးထွား လာ၍ ပိုးလောင်း ဖြစ်လာသည်။ ထို့နောက် ၁၀ ရက်မှ ၁၃ ရက် အကြာတွင်အရေခွံ အကြိမ်ကြိမ်လဲရင်း ပိုးတုံးလုံး ဖြစ်လာသည်။ ပိုးတုံးလုံး ၁၀မှ ၆ ရက်ခန့် အကြာတွင် ပျစားပိုး ဖြစ်လာသည်။ ပျစားပိုးမသည် တကြိမ်လျှင် ဥပေါင်း ၁၀၀ မှ ၁၅၀ အထိ အုသည်။

ပျစားပိုးကို ကြည့်လျှင် အစဉ်လိုလိုပင် ဟိုမှ သည်မှ ပျာယီး ပျာယာ ပြေးလွှား နေ တတ်သည်။ တခါတရံ ဘေးအန္တရာယ်နှင့် တွေ့လျှင် ပျစားပိုးသည် ခြေချောင်း များ ကိုကွေး၍ သေဟန် ဆောင်နေ တတ်သည်။ ပျနှင့် အခြား ပိုးကလေးများကို စားသဖြင့် ဥယျာဉ်ခြံ စိုက်ပျိုးသူများအတွက် များစွာ အထောက်အပံ့ဖြစ်စေသည်။

မောင်ဆုပန်





ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြိုက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၃၆။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ ဝါခေါင်လဆုတ် ၆ ရက် (၇-၉-၇၄)




စနေနေ့တိုင်း ထုတ်ဝေသည်။


တခါသော် ရွာလေး တရွာတွင် တောင် ယာ လုပ်ကိုင်စားသောက်သော မောင်စိတ္တ ဆိုသူ ရှိ၏။ သူသည် ဖိရိယာကောင်း၏။ ရိုးသား၏။
ယာခင်းမှ ထွက်သော သီးနှံများကို ဇနီးဖြစ်သူက မြို့ဈေးသို့သွား၍ ရောင်းချ၏။
တနေ့တွင် ဈေးရောင်း၍ ပြန်လာရာ နေပူ၍မောပန်းသဖြင့် ဇရပ်ပျက်တခုအနီးတွင် နားနေခိုက်—
××××-ဘုရင်ကြီးလဲ သမီးတော်လေး ကြင်ရာတော် အရွေးများတာနဲ့ အမျက်တော်ထွက်ပြီး ရေမြှုပ်တော်မှ နယ်နှင်လိုက်မှ တဲ့။ နောက်ပိုင်းမှာ - ကျန်းမာတယ်လို့ တယ်မရှိလှဘူး - နော်၊
ဟုတ်တယ်- ကိုသောဇ ရဲ့ ဘုရင်ကြီး ဩဇာရှိတာ တခုခု အတွက် - စိတ်ထိခိုက်နေပုံ ရဲ့ဗျ။ ×××
×××××× ××××××
ထိုသတင်းကြောင့် စိတ်မကောင်းဖြစ်ကာ အိမ်ပြန်လာ၏။
ဘုရား-ဘုရား- ...ကျန်းမာတယ်လို့ တယ်မရှိလှဘူး တဲ့.....
နေအိမ်သို့ ရောက်လျှင်-
ဟင်
နေကောင်းရဲ့လား၊ မျက်နှာတွေ မကောင်းပါလား
ကောင်းပါတယ်၊ နေပူတယ်ဟုတ်လား၊ ဒါကြောင့်ပါ။
ညဖက်တွင် ဘုရားရှိခိုး၍ အမျှဝေရာတွင်
....ကျွန်ုပ်ပြုရသော ကောင်းမှု ကုသိုလ်များကြောင့် - ဥက္ကလာ ဘုရင်ကြီးသည် - ကိုယ်စိတ် နှစ်ဖြာ - ကျန်းမာ - ချမ်းသာ စွာရှိပါစေသတည်း .....


နောက်နေ့တွင် မိမိသိုဝှက်ထားသော ပစ္စည်းအချို့ကို ရောင်းချလိုက်ပြီး—
ထိုနောက်ဈေးသို့ပြန်ရောက်လျှင်အဖော်များအား
ထိုကဲ့သို့ ကုန်စိမ်းဈေးသည်များအား တီးတိုး ပြောဆို၍ ဈေးငှားလေတော့သည်။
ထို့ပြင် အလုပ်သမားများနှင့် တွေ့ဆုံပြီး


ဟင်... တကယ်... အမေ...
တဖန် မြေကွက်ရှိသူများထံသို့သွား၍—
ထိုသို့ရွာသူရွာသားများအား ငွေရင်းစိုက်ထုတ်ပေး၍ကြိုးစားလုပ်ကိုင်ကြရာ တနေ့တခြားသီးနှံ
များ ပေါများပြီး ရွာသူရွာသားတို့လည်း အချိုးကျ ကြီးပွားချမ်းသာလာကြလေသည်။


ထနေ့တွင် ဥတ္တလာမင်းကြီး ရွှေနန်းတော်တွင်ပြုလုပ်သော ညီလာခံ၌ –
××××××× နေပြည်တော် တခွင်းတွင် ကောက်ပဲသီးနှံများ အထွက် မွန်ဖြိုး ပေါ်များလာသည်ကို တွေ့ရပါသည်ဘုရား........ အကြောင်းရင်းကို စုံစမ်းရာ ... ကျေးတောသူမ တယောက်သည် ရွှေရင်း ငွေနှီး များ လိုက်လံထုတ်ချေး သည်မှ - အစ ဖြစ်ကြောင်း တွေ့ရပါသည်ဘုရား။ ထိုကျေးတောသူမ.က သူထုတ်ချေးငွေကို ( ဥတ္တလာမင်းကြီး - နတ်ရွာစံသောအခါ ကျမှ-ပြန်ဆပ်ရန် ) မှာကြားသည်ဟု သိရကြောင်း သံတော်ဦး တင်ပါသည်ဘုရား - ...
ကောင်းပြီ - မင်းကြီးများ ထိုကျေးတောသူမကို စုံစမ်း ရှာဖွေပြီးနောက် ရှေ့တော်သို့ သွင်းစေ ...
အမိန့်တော်ကြောင့် နောက်ထနေ့တွင် ဘုရင့် တပ်သားများသည် နေပြည်တော်အနီးရှိ ရွာများသို့ လိုက်လံစုံစမ်းကြရင်း–
အဆိုပါ ရွာကလေးရှိ မောင်စိတ္တတို့ အိမ်ရှေ့သို့ ရောက်လာသည်ကို မြင်လိုက်၍–
ကိုစိတ္တ – ဟိုမယ်- ဘုရင့် တပ်သားတွေ နဲ့တူတယ်
ဟင် -- ဟုတ်ပါရဲ့....... အကြောင်းတော့ ထူးပြီထင်တယ်
ထိုခဏ၌ အိမ်ဝင်းဝတွင် ရောက်လာပြီး....
ဟဲ - အမိန့်တော် နာခံကြ..... - ကျေးနေ အိမ်၌ နေထိုင်သော အိမ်ရှင်မသည် ဥတ္တလာ မင်းကြီး ရှေ့တော်မှောက်သို့ ယခုပင် လာရောက် အခစား ဝင်ရ မည်......... ဗြာနစ်ရှင်-ဘုရင် မင်းဘုရားကြီး အမိန့်တော်..... ........
ကျေးတောသူမမှာ အိမ်ရှေ့ မပျက်လှသော်လည်း မောင်စိတ္တမှာကား စိုးရိမ်ပူပန် တုန်လှုပ် ချောက်ချား သွားတော့၏။


ရွှေနန်းတော်သို့ ရောက်လျှင် ကျေးတောသူမ မှာ ဝတ်တွား ခစားလျက်ရှိစဉ်....
ထိုအခါမှ ဝိုင်းကြည့်မိကြ၏




ဘုရင်ကြီးသည် ထိုကဲ့သို့ တွေးမိပြီး အမိန့်တော် ချမှတ်လိုက်လေသည်။
ထို့ကြောင့် ကုန်စိမ်းခေါင်းရွက်သည် ကလေးမှာ ကြင်ရာတော် ကိုဗိတ္တနှင့်တကွ မင်းသမီးပြန်ဖြစ်ပြီး ခမည်းတော်အား အနီးကပ်၍ ပြုစုခွင့်ကိုပင် ရရှိ သွားလေတော့သတည်း။

# အမိုး










သင်သည်သင်၏လမ်းရှိအိမ်ခေါင်မိုးအနိမ့်အမြင့်များကို သတိထားမိပါသလား။ အချို့မှာ မြင့်ပြီး အချို့မှာ နိမ့်နေသည်ကိုတွေ့ရမည့်အပြင်၊ အချို့မှာ သွပ်မိုး၊ အချို့မှာ အုတ်ကြွပ်၊ အချို့မှာ မီးခံပြား၊ တောပိုင်းမှာဆိုလျှင် ဒေသအလိုက် ဓနိ၊ သက်ငယ်၊ အင်ဖက်၊ ဝါးရွက်စသည်တို့ဖြင့် မိုးထားသည်ကို တွေ့ရပေမည်။


အစောဆုံးသော ခေါင်မိုးမှာ သက်ငယ်ဖြင့် ပြုလုပ်ထားသော ခေါင်မိုးပင် ဖြစ်သည်။ သက်ငယ်ကို ယနေ့တိုင် အသုံးပြုလျက်ရှိသေးသည်။ သက်ငယ်မှာ ရာသီဥတုအားလုံးနှင့်သင့်လျော်သည်။ နွေအခါ အေးစေပြီး၊ ဆောင်းအခါ နွေးစေသည်။ သို့သော် ချွတ်ယွင်းချက်တခုရှိသည်။ သက်ငယ်အမိုးပေါ်တွင် မီးဖွားကျလျှင် မီးထလောင်လွယ်လေသည်။ ရှေးအခါက မီးလောင်နေသော သက်ငယ်ကို ဆွဲချရန်နှင့်မီးကိုငြိမ်းသတ်ရန်အတွက် မီးချိတ်၊ မီးကပ်များ ပြုလုပ်ထားရလေသည်။

အများအားဖြင့် အိမ်မိုးများကို ဒေသအလိုက် အလွယ်တကူ ရလွယ်သောပစ္စည်းများဖြင့် မိုးထားသည်ကို တွေ့ရပေမည်။ မြန်မာနိုင်ငံတွင် ဒေသအလိုက် ပေါများသောပစ္စည်းများကို အသုံးပြုကြပုံမှာ အောက်မြန်မာနိုင်ငံတွင် ဓနိကိုအသုံးများပြီး၊ အထက်မြန်မာနိုင်ငံတွင် ထန်းကို အသုံးများသည်။ ချင်းတောင်ဒေသမျိုးတွင် ဝါးရွက်စသည်တို့ကို အသုံးပြုကြသည်။

ရာသီဥတုကိုလိုက်၍ အိမ်အမိုးများ အမျိုးမျိုး ကွဲပြားသည်ကိုလည်း တွေ့နိုင်သည်။ ရာသီဥတုကို




လိုက်၍ အမိုးပုံသဏ္ဍာန်များလည်း ကွဲပြားခြားနားပေသည်။



အလွန်အေးသောဒေသများတွင် ရေခဲတုံး များဖြင့် အမိုးကိုမိုးထားသည်။ လေမဝင်နိုင်သဖြင့် အထဲတွင် နွေးနေသည်။ ရေခဲပြင် ဒေသရှိ အက်စကီးမိုးတို့၏ အိမ်များမှာ ထိုအတိုင်းဆောက်လုပ်ထားသည်။

ပူအိုက်သော သဲကန္တာရ ဒေသများတွင်မူ ခေါင်မိုး ပြားပြားဆောက်လုပ်ကြသည်။ မိုးတခါတရံရွာသည့်အခါ ရေများများခံယူနိုင်ရန်ဖြစ်သည်။ ယင်းဒေသများတွင် ရွှံ့ထည်တဲများကိုလည်း အသုံးပြုသည်။ ယခုအခါ ရေဒဏ်ခံ တာလပတ်များနှင့် ပလပ်စတစ်များကိုလည်း အမိုးအဖြစ် အသုံးပြုကြသည်။





ရုရှနိုင်ငံ ပူအိုက်သောဒေသများတွင် ခေါင်မိုးပေါ်၌ ရေကန်သဖွယ် ပြုလုပ်ထားပြီး၊ ရေများကို ရေတန်လျှောက်ပိုက်များမှတဆင့် ရေစက်ထဲသို့ဝင်စေကာ ရေပန်းမှတဖန် ပြန်လည်၍ထွက်စေခြင်းဖြင့် အမြဲ အအေးဓာတ်ရနေစေသည်။ ဤအမိုးကို ရေအမိုးဟူ၍ ခေါ်ဝေါ်သည်။ ဆွစ်ဇာလန်နိုင်ငံ ကဲ့သို့ ဆီးနှင်း များသည့် ဒေသများတွင် အိမ်များကို ကျောက်ပြားအထူများဖြင့် မိုးသည်။ ဆီးနှင်းနှင့်အအေးဒဏ်ကို ကောင်းစွာ ကာကွယ်နိုင်သည်။ ဆီးနှင်းများ ခေါင်မိုးပေါ်မှ အလွယ်တကူကျဆင်းနိုင်ရန် အတွက် ယင်းအမိုးများကို မတ်စောက်စွာ ပြုလုပ်ထားသည်။



ယနေ့ခေတ်မီအဆောက်အအုံကြီးများ၏ အမိုးများမှာ သံ၊ သံမဏိများဖြင့် ပေါင်းစည်းထားသော အခိုင်အမာ ကွန်ကရိအမိုးများပင် ဖြစ်ပေသည်။

မျိုးတင့်




မြင့်ဟန် (ကာတွန်း)
ရေးဆွဲသော
ကိုယ့်ပြဿနာကိုယ့်ဖါသာရှင်း
ကျောင်းမှာစါးဘို့ ကောက်ညှင်းထုပ်တွေ ဝယ်သွားရအောင်
ကောင်းသားဘဲ
ကောက်ညှင်းထုပ်တွေ ရမယ်နော် ကောက်ညှင်းထုပ်တွေ
ပဲနဲ့ရမလား
ရမယ် ရမယ်-ဗျာ
ကျနော်ကိုလဲ ငှက်ပျောသီးဖုံ့ပေးပါ
ရတယ် ရတယ်-ဗျာ
ကဲ ကျောင်းကျမှ စါးမယ်-သွားစို့


ကျောင်းရောက်၍ကောက်ညှင်းထုပ် များကိုဖြေလိုက်ရာတွင် ---
ဟာ ငှက်ပျောသီးကောက်ညှင်းထုပ်ကြီး ငါစားချင်တဲ့ ပဲကောက်ညှင်းထုပ် မဟုတ်ပါလား
?!
ဟိုက်၊ ငါ့လဲ ပဲကောက်ညှင်းထုပ်ကြီး ငါစားချင်တဲ့ ငှက်ပျောသီး ကောက်ညှင်းထုပ် မဟုတ်ပါလား
ဒို့ကို လိမ်ရောင်းလိုက်ပြီကွ
လိုက်ကွါ၊ ဆရာကြီးကို သွားတိုင်မယ်
အေး
ဆိုင်
ဟေ့ကောင်တွေ ဘာမပြေမလည် ဖြစ်နေကြတာလဲကွ


ကိုကိုတုးနှင့်ထွန်းလင်းတို့သည် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်၏
xxx အဲဒီလိုပါဘဲဆရာ xxx
မင်းတို့ကလဲ ကြီးတဲ့ပြဿနာကို ငယ်စေပြီး ငယ်တဲ့ပြဿနာကို ပပျောက်စေစမ်းပါ
ဗျာ
ပြီးတော့၊ ပြဿနာကို ကိုယ့်ဟာသာကိုယ် ရှင်းခိုင်းစမ်းပါ ရုံးပြင်ကန္တား မရောက်စေနဲ့
မင်းတို့ဖြစ်နေတဲ့ ပြဿနာကလဲ လွယ်လွယ်လေး ရှင်းလို့ရသားဘဲ
ကောက်ညှင်းထုပ်ချင်း အလဲအလှယ် လုပ်လိုက်ပေါ့
အေး ဟုတ်သားဘဲ
ဈေးသည်ကြီးကလဲ မတော်တဆ မှားသွားတာ ဖြစ်ပါလိမ့်မယ်
ပြီး




# ပိုးသာကုန်
# မောင်ပုံစောင်းမတတ်


ရှေးအခါက မောင်ပုံဆိုသည့် သူငယ် တယောက်ကို မိဘများက စောင်းဆရာ တဦးထံ အပ်နှံ၍ စောင်းတီးပညာ သင်ကြားစေ၏။ စောင်းတွင် ပိုးချည်ကိုကျစ်ထားသော ပိုးကြိုးများ တပ်ဆင်၍ တီးခတ်ရခြင်း ဖြစ်ပေရာ၊ မောင်ပုံ စောင်းတီး သင်ကြားနေစဉ် အတွင်း စောင်းတီးမတတ်သေး၍ စောင်းကြိုးခဏခဏ ပြတ်လေတိုင်း မိဘများက ပိုးကြိုးများ ဝယ်ပေးကြရ၏။ မောင်ပုံမှာ လုံ့လဝီရိယ နည်းပါးသူ ဖြစ်ရာ နှစ်ကာလ ကြာသည့် တိုင်အောင် စောင်းမတီးတတ်သေးပဲ၊ မိဘများမှာ ပိုးကြိုးကိုသာ မကြာခဏ ဝယ်ပေးနေကြ၏။ သို့ဖြင့် "စောင်းကြိုး လုပ်ရန် ပိုးသာ ကုန်လှသည့် မောင်ပုံမှာ စောင်းတီးမတတ်သေးပါတကား" ဟု မိဘများက ညည်းညူ ပြောဆို ကြရလေသည်။ ဤသည်ကိုရည်၍ "ပိုးသာကုန်မောင်ပုံ စောင်းမတတ်" ဟူသောစကားပုံ ပေါ်ပေါက်လာခြင်းဖြစ်၏။

ယခုအခါတွင် အချို့သော သားသမီးများမှာ အတတ်ပညာတခုခုကို သင်ကြားနေရင်းမှ မိဘများထံမကြာခဏ ငွေကြေး တောင်းခံလေ့ရှိကြ၏။ မိဘကငွေကြေးမကြာခဏ ထောက်ပံ့နေရသော်လည်း ထိုသူငယ်မှာ ပညာမတတ်ဖြစ်နေသည့်အခါမျိုးတွင် "ပိုးသာကုန်မောင်ပုံ စောင်းမတတ်"ဟူ၍ ခိုင်းနှိုင်းပြောဆို ကြလေသည်။

မောင်ဝင်းမြတ်

## မုန့်ကြွပ်ခွက် အလကားပေး





သည်ကနေ့ မိုးသည်းသော နေ့ဖြစ်၍ သွပ်မိုးပေါ်သို့ မိုးပေါက်များကျလျက် တဖြောင်းဖြောင်း မြည်နေသည်။

"ကဲ တပည့်တို့ ဘာသာရပ်နဲ့သက်ဆိုင်တဲ့ စာအုပ်တွေ ဖတ်နေကြ။ မိုးသံက ဆူညံနေတယ်။ ဆရာမ မြေဖြူ သွားယူအုံးမယ်။ မင်းတို့ပါ ထပ်ဆူမနေကြနဲ့"

ဆရာမ အခန်းထဲက ထွက်သည်ဆိုလျှင်ပင် ကျောင်းသားများက ရောက်တတ်ရာရာ၊ မိုးသံနှင့် အပြိုင် ပြောဆို ဆူညံနေကြ ပါတော့သည်။

"ဟော့ကောင် အောင်ဆွေ ငါဘယ်လောက် လက်တည့်လဲ ဒီမှာ ကြည့်"

ဂျော်နီက ပြောပြောဆိုဆို လာ နားသော ယင်တကောင်ကို သားရေကွင်းဖြင့် ပစ်လိုက်သည်။ ယင်ကောင် ခေါင်းပြတ် သွားသည်။

"ဒီထက် တည့်တာ တွေ့ရအုန်းမယ်ကွ"

"အမယ်လေး"

ကျွန်တော်မည်သို့မျှ မတားလိုက်နိုင်ခင်မှာပင် ကျွန်တော်တို့၏ ရှေ့ဖက်ခုံတန်းမှ ခင်ခင်လှ၏ နားရွက်ကို သားရေကွင်း သွားမှန်၍ လန့် အော် လိုက်သည်။ ဂျော်နီက မှင်သေသေဖြင့် စာရေးဟန် ပြုနေလိုက်၍ မည်သူမျှမရိပ်မိလိုက်ပါ။ ခင်ခင်လှမှာ နာကျင်ခြင်း၊ ရှက်ရွံ့ခြင်း တို့ကြောင့် ငိုပါတော့သည်။ မိုးက ရုတ်ခြည်း စဲသွားသည်။ ဆရာမလည်း ပြန်လာပါပြီ။

"ကဲ ခင်ခင်လှကို ဘယ်သူ သားရေကွင်းနဲ့ပစ်သလဲ၊ မှန်မှန် ပြောကြစမ်း"

ဆရာမ ရောက်ရောက်ချင်း၊ ခင်ခင်လှ၏ တိုင်ကြားမှုကြောင့် တတန်းလုံးကို မေးလိုက်သည်။ မည်သူမျှ တုတ်တုတ်မလှုပ်ကြ။

"ဟော့ကောင် ဒုက္ခဘဲ ဘယ်လို လုပ်ကြမလဲ"

အခုမှ ဂျော်နီက ကျွန်တော့် နားကပ်၍ အလန့်တကြား တီးတိုးပြောလိုက်သည်။

"တပည့်တို့ဟာ စတုတ္ထတန်းတောင် ရောက်နေပြီ၊ မူလတန်းအဆင့်မှာဆို အမြင့်ဆုံးဘဲ။ ဒီတော့ ကျောင်း သား ကြီး တွေပီပီ အပြစ်ကို ဝန်ခံကြပါ။ ကဲ နောက်ဆုံး မေးမယ်၊ သားရေကွင်းနဲ့ ပစ်တာ ဘယ်သူလဲ"

ဆရာမ၏ ပြတ်သားသော စကားသံအဆုံးတွင် ကျွန်တော်က ဂျော်နီ့ကို ကြည့် လိုက်သည်။ ဂျော်နီမှာ မျက်နှာလေး ငယ်ငယ်နှင့် ခေါင်းကို အောက်ငုံ့ထားသည်။

တရားခံမပေါ်လျှင် အခြားအပြစ်မဲ့ ကျောင်းသားများ အပြစ်ပေးခံရပေတော့မည်။ ကျွန်တော် တစုံတခုကို ဆုံးဖြတ်ချက်ချလိုက်ပါသည်။

"ကဲ တယောက်မှ ဝန်မခံကြဘူး ဟုတ်လား၊ အားလုံး ခုံပေါ်တက် မတ်တတ်ရပ်"

"နေ နေပါအုန်း ဆရာမ၊ သားရေကွင်းနဲ့ ပစ်တာ ကျွန်တော်ပါ။ ခုံစောင်းက ယင်

ကောင်ကိုပစ်ရင်း မတော်တဆ မှန်သွားတာပါ”

ဆရာမ၏ နောက်ဆုံးစကားကို ကျွန်တော်က ဖြတ်ပြောလိုက်သည်။

“စောစောက ဘာဖြစ်လို့ ဝန်မခံသလဲ”

“အရိုက်ခံရမှာ ကြောက်လို့ပါ ဆရာမ”

“ဆရာမက ရိုက်မလို့ မေးတာ မဟုတ်ဘူး၊ တမင် သက်သက် ပစ်တာဆိုယင်၊တတန်းထဲနေ ကျောင်းသူ ကျောင်းသားချင်း၊ ဒီလို မစ မနောက်ကြဖို့၊ မောင်ရင်နှမလို သဘော ထားဖို့၊ ဆုံးမလို့မေးတာ။ နောက်ကို အပြစ်ရှိယင် ရဲရဲဝံ့ဝံ့ ဝန်ခံရတယ်။ ဒါမှ သတ္တိရှိတယ်ခေါ်တာ။ ကဲ အားလုံး ထိုင်ကြ။ မောင်အောင်ဆွေ နောက်တခါဆိုယင် အပြစ်ပေး ခံရမယ်ကြားလား”

“ဟုတ်ကဲ့ပါ ဆရာမ”

ဆရာမ၏ ပြောစကားနှင့်ကျောင်းသူ ကျောင်းသားများ၏ ဝိုင်း ကြည့် ခြင်း ကို ခံရ၍ ကျွန်တော့် မျက်နှာ ထူပူနေပါသည်။ သို့သော်လည်း သူငယ်ချင်း ဂျော်နီ၏ အကျိုးအတွက် ငှင်း၊တတန်းလုံးဒဏ်ပေးခံရမည့် အရေးမှငှင်း ကျွန်တော် ကာကွယ် နိုင် ခဲ့ ၍ ဖြေသိမ့် နေမိပါသည်။

“ကျေးဇူးပါပဲ သူငယ်ချင်းရာ”

“ကိစ္စမရှိဘူးကွာ”

ကျောင်းဆင်းချိန်တွင် ဂျော်နီက ကျေးဇူးတင်ကြောင်း ပြောသည်။ ကျွန်တော်လည်း အိမ်သို့ အမြန်ပြန်ခဲ့ပါသည်။

“သားရဲ့ အနစ်နာခံဝံ့တဲ့ စိတ်အတွက်ဖေဖေဂုဏ်ယူတယ်။ ဒါပေမဲ့ ဒီနေရာမှာ အပြစ်တခုကို သိရက်နဲ့ ကျူးလွန်တဲ့ ဂျော်နီအတွက် အနစ်နာမခံထိုက်ဘူးသား။ နေ့လယ်က ကိစ္စမှာ ဂျော်နီကြောင့် ကျောင်းသားအများစု ဒဏ်ပေးခံရမှာမို့ သားလုပ်သင့်တာက ဂျော်နီ ဖြစ်ကြောင်း အမှန်အတိုင်း ဖော်ထုတ်ရမယ်။

အဲဒီအတွက် ဂျော်နီက သားအပေါ် မုန်းချင် မုန်းသွားလိမ့်မယ်၊ အဲဒီလို အမုန်တရား ပေါ်လာအောင် သားအမုန်းခံရတာဟာ အများအကျိုးအတွက် မှန်ကန်တဲ့ အနစ်နာခံမှုပဲ။ နောက်ကျမှ ဂျော်နီကိုရှင်းပြရမှာပေါ့။

ကျွန်တော်အိမ်ပြန်ရောက်၍ ဖေဖေ့ကို အကြောင်းစုံ ပြောပြသောအခါ ဖေဖေက ကျွန်တော့်ကို စိတ်ရှည်စွာ ရှင်းပြပါသည်။ ထို့ကြောင့် နေ့လယ်က ကျွန်တော်အတွေးမှားသွားကြောင်း သိလိုက် ရသည်။ ကျွန်တော့် သူငယ်ချင်း ဂျော်နီအားလည်း အမှားကို ဝန်ခံရဲသော သတ္တိရှိရန် ကိုယ့်ကြောင့် သူတပါး ထိခိုက်စေမည့် အပြစ်မျိုး နောက်ထပ် မလုပ်ရန် သတိပေး ရှင်းပြမည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ။

## ချိုပျားရည်

ပန်းပွင့်လေးတွေ ယိမ်းလှုပ်လှုပ်၊
ဝတ်ရည် ဝတ်ရက်
ကုန်ကြွမ်းထုတ်။


လုပ်သားပျားတို့ ညီညီညာ၊
အုပ်စုဖွဲ့လို့ ပျံသန်းလာ။

ပန်းဥယျာဉ်မှာ ဝင်ကာနား၊
ဝတ်ရည်စုတ်ယူ
သယ်ဆောင်သွား။

ပျားဖယောင်းနဲ့ ပျားအုံတည်၊
သိုလှောင်စုဆောင်း
ချိုပျားရည်။


စုပေါင်းညီညီ လုပ်အားပေး၊
ရေသာခို စိတ်ဝေး။ ။

မောင်တင်စိုး (သစ်ရာကောက်)





R. 517



# ငရွေး

ငရွေးသည် ရေချိုငါးဖြစ်သည်။ ယင်း၏ ဦးခေါင်းသည် ခပ်ပြားပြားဖြစ်ပြီး ခန္ဓာကိုယ်တွင် အကြေးခွံမရှိချေ။ အရောင်အဆင်းမှာ မွဲပြာရောင်ဖြစ်သည်။ ကျောဖက်ရှိ ကျောဆူးတောင်နှင့် အမြီးကြားတွင် တံငှာငိုခေါ် အဆီဗူး တခုရှိ၍၊ ယင်း၏ အနားစွန်းသည် အဖြူရောင်ဖြစ်သည်။ ကျောဆူးတောင်နှင့် ရင်ဆူးတောင်များတွင် ဆူးများ ရှိသည်ကို တွေ့ရသည်။ ယင်းတို့တွင် ငကျည်း၊ ငခူ တို့ကဲ့သို့ နှုတ်ခမ်းမွေးများပါရှိသည်။

ငရွေးသည် အရွယ်အစား အတန်ကြီးမားသော သားစားငါးမျိုးဖြစ်ရာ၊ အချို့ငရွေးတို့သည် အလေးချိန်ပိဿာ ၇၀ ခန့်ထိ ရှိသည်။ "ကုန်းတွင် မြွေပွေး၊ ရေတွင် ငရွေး" ဟူသော အဆိုအတိုင်း၊ ငရွေးသည် ရေထဲတွင် အလွန်သောင်းကျန်းတတ်သည်။ ရေထဲသို့ ရောက်ရှိလာတတ်သည့် ကျွဲများကိုပင် ကိုက်ဆွဲ သွားတတ်သည်ဟုဆိုသည်။ ထို့ကြောင့် တံငါများကပင် အရိုအသေ ပေးရသော ငါးမျိုး ဖြစ်သည်။ အကယ်၍ ငရွေးတကောင်ကို ဖမ်းဆီးရမိပါက၊ ထိုတံငါ၏အသက်သည် ယင်းငရွေး၏ ကိုယ်အလေးချိန်ထက်ကြီးရမည်။ ငရွေး၏ ကိုယ်အလေးချိန်က ဖမ်းဆီးသော တံငါ၏ အသက်ထက် ကြီးနေသည်ဆိုပါက၊ ယင်းငရွေးကို ရွှေရေ၊ ငွေရေလောင်းပြီး ရေထဲသို့ ပြန်၍ လွှတ်ပစ်ရသည်ဟုဆိုသည်။

အင်းအတွင်း ငရွေးတကောင် ဝင်ရောက်လာပြီဆိုလျှင်၊ ယင်း၏ သောင်းကျန်းမှုကြောင့် ကာရံထားသောဆည်များ၊ အင်းများ ကျိုးပေါက် ပျက်စီးတတ်လေသည်။ ထို့ကြောင့် ထိုငရွေးကို ရေလုပ်သားကြီးများက အင်းများ၊ ဆည်များမှ တဆင့် မြစ်မ သို့မဟုတ် ချောင်းမထဲသို့ ပြန်လည်ထွက်သွားခွင့် ပေးရသည်။

ငရွေးသည် စားကောင်းသော ငါးမျိုးပင် ဖြစ်သည်။ အများအားဖြင့် ယင်းကို ငါးစိုအဖြစ်စားသုံးကြသည်။


**သောင်းစု (သုတေသန)**



အတွဲ ၆။ အမှတ် ၃၇။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ ဝါခေါင်လဆုတ် ၁၃ ရက် (၁၄-၉-၇၄)








စနေနေ့တိုင်း ထုတ်ဝေသည်။


ငှက်ငယ်ဟာ မြွေကြီး ရန်ကို
ဖြိုခွင်းဖို့ မြက်ခြောက်ပင်တွေ
ကို ကြိုးကျစ်တယ်။
ပြီးတော့
လေးနဲ့မြားတံများ ပြုလုပ်တယ်။
နောက်တနေ့မှာ ကျန်တဲ့ ဥ
တလုံးကို စားဖို့ မြွေကြီး
ရောက်လာတယ်။
ငှက်ငယ်ဟာ အသင့်ပြုလုပ်ထားတဲ့ မြားနဲ့
မြွေကြီးကို ချိန်ရွယ်ပြီး ပစ်လိုက် တော့
မြွေကြီးရဲ့မျက်လုံးကို မြားတံစူးဝင်သွားတာပေါ့။
နာကျင်လွန်းလို့ မြွေကြီးဟာ ဦးတည်ရာကို
ပြေးတယ်။ ဒီအခါ အိပ်ပျော်နေတဲ့ကျားကြီး
တကောင်ကို ဝင်တိုးမိပါလေ ရောတဲ့။
ကျားကြီးက သိပ်ပြီး ထိတ်လန့် သွားတယ်။


ဒါနဲ့ ခြေဦးတည့်ရာ
အ ရမ်း စွတ် ပြေး
တော့တာဘဲ။
ကျားကြီးဟာပြေးရင်း အရှိန်လွန်ပြီး ဖိမ်နဲ့မှိန်းနေတဲ့
မိကျောင်းကြီးပေါ်ကို လိမ့်ကျသွားတယ်။ မြန်းကနဲ
ဆိုတော့ မိကျောင်းကြီးလဲသိပ်ကိုလန့်သွားတာပေါ့။
ဒီတော့ မိကျောင်းကြီးကလဲ
သူ့အမြီးကို တ အား ပုတ်
လိုက်တာပေါ့။ ငေးနေတဲ့
လိပ်ကြီးတကောင်ကို သွား
ထိတယ်။
အမြီးနဲ့ တအားအပုတ်ခံရလို့ လွင့်စဉ်
သွားတဲ့လိပ်ကြီးဟာ ဥဒေါင်းငှက်မရဲ့
အသိုက်ကို ဝင်တိုးမိပါလေရော။
ဥဒေါင်းငှက်မရဲ့ ဥတွေဟာ
မြေမှာ ကျပြီး အားလုံးဘဲ
ကွဲကြေကုန်ရှာ တော့တယ်။
ဥဒေါင်း ငှက်မက လိပ်ကို
အပြစ်ဆိုတယ်။
ရက်ရက်စက်စက်
လုပ်ရက်ပါပေ့










ဥဒေါင်းငှက်မဟာ မိကျောင်းဆီကို စုံစမ်းမေးမြန်းဖို့ ပျံသန်းသွားတယ်။









ဥဒေါင်းငှက်မဟာ ကျားကြီးဆီကို သွားမြန်း တယ်။


ကျားကြီးဆီရောက်တော့ ဘာဖြစ်လို့အသင်ဟာ မိကျောင်းကြီးပေါ် ခုန်ချရသလဲလို့ မေးမြန်းတယ်။











ကျားကြီးစကားကိုကြားပြီးနောက် ဥဒေါင်းငှက်မဟာ မြွေရှိရာအရပ်ကို ရှာဖွေ ပျံသန်း သွားပြန်တယ်။




ငှက်ငယ်က မြှား နဲ့ ပစ်လို့မျက်စိကို မှန် သွားတာကြောင့် အလန့်တကြားစွတ်ပြေး ရာက ကျားကြီးကို ဝင်တိုးမိတာပါ
ဥဒေါင်းငှက်မဟာ ဒေါသအင် မတန်ထွက်ပြီး ငှက်ငယ်လေး ရှိ ရာကို ပျံသန်းခဲ့တယ်၊
သူဥတွေ ဖျက်စီး ရတာ ငှက်ငယ်လေးရဲ့ အပြစ် သာ အဓိကဖြစ်တယ်လို့ ကြိမ်း မောင်း ပြောဆို တယ်။
ကျွန်မ လာပြီး အကူအညီတောင်း တုန်းက ကူညီခဲ့ရင် ခုလိုဖြစ်လာ မှာမဟုတ်ဘူး..နောက်ဆုံးတော့ တဖက်သားကို မကူညီတဲ့ရှင့် အပြစ်သာ ဖြစ်ပါတယ်
အင်း... အမှန်တော့ ဒီ လိုဖြစ်ရတာ ငါ့အပြစ်ဘဲ
ဥဒေါင်းငှက်မဟာလဲ ဘာမှမပြောသာတဲ့ တွေကြေ နေတဲ့ သူဥလေးတွေရှိရာကို ဝမ်းနည်းစွာနဲ့ ပြန်ခဲ့ရ တော့သတဲ့။



# ကနေဒါ




စိုးလွင်မြင့်

ကနေဒါ နိုင်ငံသည် မြောက်အမေရိကတိုက်တွင်ရှိ၍ ဧရိယာ စတုရန်းမိုင်ပေါင်း




၃,၈၅၁,၈၀၉ ရှိသဖြင့် ကမ္ဘာပေါ်၌ ဒုတိယ အကျယ်အဝန်းဆုံး နိုင်ငံဖြစ်၏။

နိုင်ငံ၏ မြေမျက်နှာပြင်တွင် ကုန်းပြင်မြင့်များ၊ တောင်တန်းများ၊ လွင်ပြင်များ၊ မြေနိမ့်ဒေသများ၊ မြက်ခင်းပြင်များ၊ အင်းကြီးများနှင့် ကမ်းခြေဒေသများကို တွေ့ရှိရ၏။

နိုင်ငံ ဧရိယာ၏ ၈၀%ခန့်သည် ၅၀° မြောက်လတ္တီတွဒ်၏ မြောက်ဖက်၌ တည်ရှိသဖြင့် များသောအားဖြင့် အာတိတ် ရာသီဥတု ရရှိ၏။ အချို့ဒေသတွင် နွေရာသီ၌ အပူချိန် အတော်မြင့်မားပြီး ဆောင်းရာသီ၌ ရေခဲမှတ်အောက်သို့ ကျအောင်ပင် အလွန်အေးလေသည်။ မိုးရွာသွန်းခြင်းမှာ ဒေသအလိုက် ကွဲပြားခြားနားသည်။ အနောက်ဖက် ကမ်းခြေတလျှောက်၌ မိုးနှင့် ဆီးနှင်းတို့ များစွာကျရောက်၍ အမြဲပင် စိုစွတ်ထိုင်းမှိုင်းနေတတ်၏။

စိန့်လောရင့် မြစ်ဝတွင်ရှိသော မွန်ထရီအောမြို့သည် ကနေဒါ နိုင်ငံတွင် အကြီးဆုံးသင်္ဘောဆိပ်ကမ်းမြို့ဖြစ်၏။ မြို့တော်အော့တဝသည် ဤစိန့်လောရင့် မြစ်ဝှမ်းဒေသ၌ပင်ရှိ၏။ နိုင်ငံ၏ လူဦးရေမှာ သန်း ၂၀ ကျော်ဖြစ်၏။ ပရိုတက်စတင့်ဂိုဏ်းဝင် ဗြိတိသျှအမျိုးအနွယ်များမှာ လူများစုဖြစ်သည်။ အခြား ဗရင်ဂျီဂိုဏ်းဝင် ပြင်သစ်လူမျိုး၊ တိုင်းရင်းသား အင်ဒီးယန်း လူမျိုးနှင့် အက်စကီးမိုးလူမျိုးများလည်း နေထိုင်ကြ၏။ လူများစုသည် အင်္ဂလိပ် စကားပြော၍ ၃၀%မှာ ပြင်သစ်စကားပြော၏။





စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် နိုင်ငံ၏ အဓိက လုပ်ငန်းတရပ်ဖြစ်၏။ ဂျုံကို အကြီးအကျယ် စိုက်ပျိုး၍ ယင်းမှ ဝင်ငွေအများဆုံး ရရှိ၏။ မွေးမြူရေးကို အခြေခံသော စည်သွတ် လုပ်ငန်းနှင့် ငါးသေတ္တာ လုပ်ငန်းတို့သည် လည်း ဝင်ငွေကောင်း၏။ ကမ္ဘာပေါ်တွင် ကျောက်ငွမ်း၊ သတင်းစာစက္ကူ၊ နှစ်ကယ်နှင့် ပလက်တီနမ် အများဆုံးထွက်သော နိုင်ငံ ဖြစ်၏။ ဒန်၊ ကိုဗော့၊ မက်ဂနီဇီယမ်၊ သစ် ပျော့ဖတ်၊ သွပ်နှင့် ရေအားလျှပ်စစ် ဓာတ် အားတို့က ဒုတိယအများဆုံးဖြစ်၏။ ကျောက် မီးသွေး၊ ကြေးနီတို့လည်း များစွာထွက်၏။

ကနေဒါနိုင်ငံ၏ ၄၈% မှာ သစ်တောများ ဖြစ်၍ ထုတ်လုပ်မှု လုပ်ငန်းအားလုံး၏ တန်ဖိုး များတွင် သစ်ထုတ်လုပ်ငန်းမှာ ၂၀%ပါဝင် လေသည်။ ငါးဖမ်းလုပ်ငန်းမှ တနှစ်လျှင် ငါးအချိန်ပေါင် နှစ်ကုဋေခန့် ရရှိ၏။ ကမ္ဘာ့ နှစ်ကယ်အထွက်၏ ၈၀%မှာ ကနေဒါမှဖြစ်၍ ကမ္ဘာတွင် နှစ်ကယ် အများဆုံးထွက်သော နိုင်ငံဖြစ်၏။

သုံးစွဲသော ငွေကြေးမှာ ကနေဒီယန် ဒေါ်လာဖြစ်၍ ယင်း တဒေါ်လာသည် မြန်မာ ငွေ လေးကျပ်ခွဲခန့်နှင့် ညီမျှ၏။ ၁.၀၇ ဒေါ် လာသည် အမေရိကန် တဒေါ်လာနှင့်ညီမျှ၏။

၁၈၆၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဗြိတိသျှ ဓနသဟာယအဖွဲ့ဝင် ကနေဒါ ဒိုမီ နီယံ ဖြစ်လာသည်။ ၁၉၄၉ ခုနှစ် နိဝင်ဘာလ တွင် ကမ္ဘာ့ ကုလသမဂ္ဂသို့ ဝင်ရောက်သည်။




ဆီနိတ်လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် တို့ ပါဝင်သော ပြည်နယ်များ၏ အထွေထွေ ပါလီမန်ရှိ၏။ နိုင်ငံအကြီးအကဲမှာ ဗြိတိန် နိုင်ငံ၏ ဒုတိယမြောက် အယ်လစ်ဇဘက် ဘုရင်မဖြစ်၍ ဘုရင်ခံချုပ်မှာ ရိုလန်မစ်ချနာ ဖြစ်၏။ ဝန်ကြီးချုပ်မှာ ပီအာ ဒီလယော့ ထရူဒို ဖြစ်၏။




မင်းသားရူး




ထိုအခါ ဖခင်လုပ်သူက..
သို့ဖြင့် နောက်နှစ်တွင် မြဂနိုင်ကျေးရွာကလေးမှာ မိုးကြီးခေါင်လာပြန်တော့ရာ...
ဒီကောင်က မင်းသားရူး လုပ်နေတာဗျ..
ဟေ့..ဟိုမှာ မင်းသားရူး လာနေပြီ



# သတိမမူ ဂူမမြင်၊
# သတိမူ မှုမြင်

သတိမပြုသော သူသည် မိမိ၏ ရှေ့တွင် ဂူကြီးရှိနေသော်လည်း ဂူကြီးကို မမြင်မတွေ့၊ သတိပြုတတ်သောသူမှာကား အလွန်သေးငယ်သော မှုမှုန်ကလေးမျှကိုပင် တွေ့တတ်၊ မြင်တတ်သည် ဟူ၍ ဤစကားပုံက ဆိုလိုပေသည်။

ဤစကားပုံသည် လူတို့အား အရာရာတွင် သတိရှိကြရန် ညွှန်ပြသော စကားပုံ ဖြစ်၏။

အများအားဖြင့် လူတို့သည် အမှုမဲ့ အမှတ်မဲ့ နေတတ်ကြသည်။ အရာရာကို သတိနှင့် ကြည့်တတ် ရှုတတ်သူ အလွန်ရှားပေသည်။ သတိတရား လက်ကိုင်မထားပါက မည်သည့်အရာကိုမျှ တွေ့မြင်မှတ်သားမိမည် မဟုတ်ပေ။ သတိတရား ရှိမှသာလျှင် အရာရာကို တွေ့မြင် မှတ်သားမိမည်ဖြစ်ပြီး ဘဝအတွက် အကျိုးရှိပေမည်။ သတိသည် အရေးကြီးပေသည်။ ထို့ကြောင့်ပင် ရှေးလူကြီးများက "သတိမမူ ဂူမမြင်၊ သတိမူ မှုမြင်" ဟူသော စကားပုံဖြင့် ဆုံးမခဲ့ကြခြင်း ဖြစ်၏။

မောင်ဝင်းမြတ်

## နောက်ဆုံးတိုက်ပွဲ






ကျွန်တော် ဖေဖေ့ကို စောင့်နေပါသည်။ ဖေဖေရုံးက ပြန်မလာသေးပါ။ ဖေဖေရော မေမေပါဆုံမှ ပြောပြမည်ဟု ကျွန်တော် စိတ်ကူးထား ပါသည်။ ခြောက်နာရီပင် ထိုးနေပါပြီ။ မေမေလည်း သတင်းစာ ဖတ်လိုက်၊ လမ်းမဖက်ကိုလှမ်းကြည့်လိုက်နှင့် ဖေဖေ့ကို မျှော်နေပုံရပါသည်။

"နင့် အဖေ ကလဲ ဒီနေ့မှ နောက်ကျလိုက်တာနော်"

"လခထုတ်တဲ့ ရက်ဆိုတော့ အလုပ်များနေမှာပေါ့ မေမေရယ်"

ထိုစဉ် ဖေဖေ ပြန်လာပါသည်။ တိုက်ပုံအင်္ကျီကိုပုခုံးတွင်တင်၍ မျက်နှာမသာမယာနှင့် ခေါင်းကို ငိုက် စိုက် ချ ကာ လျှောက်လာပါသည်။ ဖေဖေ့မျက်နှာကိုကြည့်ရသည်မှာ ဝမ်းနည်းနေပုံ ရပါသည်။ ဒေါသထွက်နေပုံလည်း ရပါသည်။

"လောကကြီးမှာ နေတောင်မနေချင်တော့ပါဖူးကွာ၊ သေသာ သေလိုက်ချင်တော့တယ်" ဟု ရောက်ရောက်ချင်း ဖေဖေက အော်၍ ပြောလိုက်ပါသည်။

"ရှင့်မလဲ ဘာဖြစ်လာရတာလဲ အိမ်ပေါ်တောင် မရောက်သေးဖူး"

"ဒီနေ့တနေ့လုံးအဆင်မပြေဖူး၊ အိမ်ကစထွက်ထဲက" ဖေဖေက မေမေကို မျက်လုံးပြူးပြီး ပြောလိုက်ရာ ကျွန်တော်ပင် လန့်သွားပါသည်။

"ရုံးကတက်တော့မယ် ထမင်းက မကျက်နိုင်ဖူး၊ အင်္ကျီ လက် ကြယ် သီး က ပြုတ်နေတယ်"

"မင်းတို့ပြောရင် ဆင်ခြေကြီးပဲ ရုံးတက်ချိန်ကားစီးရတာ မင်းတို့မြင်စေချင်တယ်၊ ဒီကြားထဲ ကားကလမ်းမှာပျက်နေလို့ ရုံးကို ဆယ်နာရီကျော်မှ ရောက်တယ်"

"အဲဒါနဲ့ ကျမနဲ့ ဘာဆိုင်လို့လဲ" မေမေက ဆေးလိပ်ဖွာရင်း ပြောလိုက်ပါသည်။

"ရုံးနောက်ကျလို့ လူကြီးက ဆူပြန်ရော၊ ရုံးမှာက အလုပ်တွေကလဲ တောင်လိုပုံ၊ ဒီကြားထဲ နင့်မောင်က ငွေနှစ်ဆယ် လာချေးသွားသေးတယ်"

"ဘယ်သူလဲ"

"ဘယ်သူရှိမလဲ၊ နင့်မောင် ငယ်မြင့်သန်းပေါ့၊ လူကို ဘောသကသူဌေးများမှတ်နေသလားမသိပါဖူး" ဖေဖေသည် ပြောရင်း ဆိုရင်းပင် နဖူးမှ ချွေးများကို လက်ကိုင်ပုဝါနှင့် သုတ်လိုက်ပါသည်။

"ရှင့်မလဲနော်၊မချောင်လည်လို့ တခါတလေ ချေးတာပါ"

"မင်းတို့ပြောရင် ဒီလိုကြီးပဲ၊ နောက်ဘယ်နှစ်ခါ ပြန်ဆပ်လို့လဲ"

"ကဲ ကဲ ရေမိုးချိုး၊ ထမင်းစားကြရအောင်" မေ မေ က စကားကို ဖြတ်လိုက်ပါသည်။

"မစားတော့ဖူးကွာ၊ ထမင်းစားချင်စိတ်လဲ မရှိတော့ဖူး။ ရုံးမှာအလုပ်တွေကများလို့ အချိန်ပို ထိုင်လုပ်နေရတာ၊ ခုမှပဲ ပြန်ရတယ်။ လူတကိုယ်လုံး ကိုင်ရိုက် ထား သ လို ပဲ" ဖေဖေက

မျက်နှာရှုံ့မဲ့၍ ပြောလိုက်ရာ၊ ကျွန်တော်သည် ဖေဖေကို အလွန်သနားသွားမိပါသည်။

"အမြန်ကား စီးရတာလဲ ပေါ်ချဉ် သိပ်လာသလားပဲဟော့၊ ဒီကြားထဲ မှတ်တိုင်မှာ မရပ်ပေးဖူးလေ။ ကျော်သွားလို့ လမ်းလျှောက်လာရတယ်။ ငါလဲ စိတ်ပေါက်ပေါက်နဲ့ ကားသမားနဲ့ရော၊ စပယ်ယာနဲ့ရော၊ စကားများလာရသေးတယ်"

"ဟောတော့၊ ရိုက်ကြ ပုတ်ကြသေးလား"

"တော်တော် လူပါးဝတယ်ကွ၊ မှတ်တိုင်ပါတယ်လို့ အော်တာ မရပ်ပေးဖူး။ လူတွေ ဝိုင်းမဆွဲရင်လား ဖြစ်သေးတယ်"

ဖေဖေက ဒေါသ ပြေသေး ပုံမပေါ်ပါ။ လက်သီးဆုပ်ပြီး၊ အံတကြိတ်ကြိတ်ဖြစ်နေပါသည်။

"ကဲပါရှင်၊ ရေချိုးပြီးထမင်းစားလိုက်ပါ၊ ကျမရော သားပါ၊ ရှင့်ကိုစောင့်နေကြတာ၊ရှင့်သားကဆို ရှင်ပြန်လာမှ တူတူစားမယ်တဲ့"

"အောင်မယ် ဒီကောင်က၊ ခေါ်စမ်းပါအုံး၊ ဘာ စိတ် ကူးရလို့လဲ" ဖေဖေအသံကို ကြားလိုက်ရပါသည်။ ကျွန်တော့်ကို ဆူမည်လားဟု ကြောက်သွားမိပါသည်။

မေမေ ခေါ် ၍ ကျွန်တော်လည်း အိမ်ရှေ့သို့ ထွက်လာပါသည်။ ဖေဖေက ကျွန်တော့်ကို လှမ်းကြည့်လိုက်ပါသည်။ ကျွန်တော် ပြောချင်သည့်စကားများမှာ စိတ်ထဲတွင် ဖြစ်ပေါ်နေပါသည်။ ပြောသင့်မသင့်နှင့် စိတ်ထဲမှာ ဝေခွဲမရ ဖြစ်နေပါသည်။

"ဟော့သား၊မင်းက ဖေဖေ့ကို စောင့်နေတယ်ဆို"

"ဟုတ် ဟုတ်ပါတယ်၊ကျနော် ဖေဖေ့ကိုရော၊ မေမေကိုပါ ပြောမလို့ပါ"

"ကဲ၊ ဘာများတုန်းကွ၊ ပြောစမ်းပါအုံး"

"ကျနော် ကျနော် အတန်းထဲမှာပထမရတယ်၊ အဲဒါ ဆရာကြီးက မိဘဆရာအသင်း စည်းဝေးမှာ ဆုပေးမလို့၊ ဖေဖေ့ရော၊ မေမေ့ကိုပါ ဖိတ်လိုက်တယ်"

"ဟင်၊ တယ်ဟုတ်ပါလား၊ ဒါမှ ငါ့သားကွ၊ မသန်းရေ ထမင်းပွဲ ပြင်လေကွာ၊သားဆာနေရော့မယ်"

ဖေဖေ့ မျက်နှာမှာ ပြုံးရွှင်နေ ပါ သည်။ ကျွန် တော် ပင် အလွန် အံ့ဩ နေမိပါသည်။ စောစောက ဖေဖေမှာ လွန်စွာ စိတ်ပျက်၍ ဒေါသလည်း ထွက်နေခဲ့ပါသည်။

"အသန်း ထမင်းခူးလေကွာ၊ သား ဆာနေရော့မယ်"

"ခူးနေပါတယ်တော်၊ ရှင်သာ ရေမြန်မြန်ချိုးပါ"

မေမေလည်း ပြုံးရွှင်နေပါသည်။ ဖေဖေမှာ ရေချိုးရင်း သီချင်းညည်းနေပါသည်။

ထိုနောက် ကျွန်တော်ရယ်၊ ဖေဖေရယ်၊ မေမေရယ်၊ ပျော်ရွှင်စွာ ထမင်းအများကြီး စားကြပါသည်။ ။

## တံငါငှက်

စုန်ဆန်ထွက်ဝင် ရေအလျင်
ချောင်းစပ်ကမ်းတခွင်၊

ရေလွှာတွင် ရှပ်တိုက်ပြေး
တံငါငှက်ကလေး။

ဖြူဖြူဖွေးဖွေး ခြေတံရှည်
နှုတ်သီးချွန်နဲ့လေ၊

ဖားတွေအော်တော့
ပေါက်ပင်နား
ငါးကိုဖမ်းလို့စား။


သိသလားကွဲ့ ညီလေးခင်
ဘာငှက်ခေါ်လဲ ဟင်၊

ဗျိုင်းမည်တွင်တဲ့ သူ့အကြောင်း
ညီညီသိဘို့ကောင်း။ ။

ကျော်စမ်းမင်း (လှိုင်မြေ)



R. 517



# ကျောက်ငါး

ကျောက်ငါးတို့၏ ခန္ဓာကိုယ်သည် အသင့်အတင့် ရှည်လျားၡ ပြားချပ်နေသည်။ အကြေးခွံများမရှိသော နှာယောင်မှာ ရှည်လျားသည်။ အသက်ကြီးလာလေ ယင်း နှာယောင်သည် ရှည်ထွက်လာလေ ဖြစ်သည်။ သေးငယ်သော သွားများ ရှိသော်လည်း ရှေ့ဖက်ရှိ အထက်အောက်သွား ဆယ်ချောင်းခန့်သည် အစွယ်သဖွယ် ဖြစ်ပြီး အတန်ငယ် ကြီးမားသည်။

ကျောက်ငါးများကို ပူနွေးသော ရေတိမ်ဒေသများတွင် တွေ့ရှိရသည် အရွယ်အစားမှာ ကိုးလက်မခန့် ရှိသည်။ ခန္ဓာကိုယ်၏ ဘေးတောင် အထက်နားတွင် လေးထောင့်ပုံအနက်ရောင် အစက်အပြောက် တခုရှိသည်။ ခန္ဓာကိုယ်ရှေ့ပိုင်း သုံးပုံနှစ်ပုံ ခန့်တွင်ရှိသော အကြေးခွံများတွင် အဖြူ သို့မဟုတ် အပြာရောင် အစက်အပြောက်ကလေးများ ရှိသည်။ ကျောတောင်တွင်လည်း အနီရောင် အနားကွပ်ထားသော ယောဂီရောင် အစက် အပြောက်ကလေးများ ရှိသည်။ ဘေးတောင်မှာ ပန်းနုရောင် ဖြစ်သည်။ မြီးတောင်တွင် ကန့်လန့်ဖြတ် ယောဂီရောင် အတန်းသုံးတန်း ရှိသည်။ ထို့ကြောင့် ကျောက်ငါးသည် လှပသည့် ငါးမျိုး ဖြစ်ပေသည်။

၁၉၆၆ ခုနှစ် စက်တင်ဘာလက ငါးလုပ်ငန်းဌာန သုတေသီတဦးသည် ထားဝယ်ကျွန်းစုအနီး၌ ဆွဲပိုက်ဖြင့် ကျောက် ငါးတကောင်ကို ဖမ်းဆီးမိရာ အရွယ်လက်မ ၂၀ ခန့် ရှိသည်ဟု ဆိုသည်။ ကျောက်ငါး၏ အသားမှာ အလွန်စားကောင်းပေသည်။ ငါးစိုအဖြစ်ၡင်း၊ ငါးခြောက်အဖြစ်ၡင်း စားသုံးနိုင်သည်။

သောင်းစု (သုတေသန)



၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေၡ၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၃၀။


| | |
|---|---|
| အစဉ်လဲပျောင်းနေသော လူသိုးကြီး | |
| ပန်းချီ | ဦးအဖြည့် |
| ဓါတ်လမ်း | ဒွေး အောင် |


# ရွှေသွေး ဂျာနယ်


၁၃၃၆ ခု၊ တော်သလင်းလဆန်း ၆ ရက် (၂၀-၉-၇၄)





စနေနေ့တိုင်း ထုတ်ဝေသည်။



အရုဏ်ဦး၏ လင်းရောင်ခြည်သည် အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ ဖြာထွက်လာလေပြီ။
အာ-အီ....အီး..........အွတ်.....
လုပ်သားကြီး ဦးကားကြီးသည် ရီဝေနေသော မျက်လုံးကြီးများကို ကျဉ်းမြောင်းစွာ မှေးကျုံ့ထားပြီး ကျယ်လောင်စွာ သမ်းဝေလိုက်သည်။
အား
အား
ဝါး
ထိုနောက် အားယူကာ ကုန်းထရင်း ....
အင်း- ယျင်းကြောဆွဲပြီး နှပ်နေလို့တော့ မဖြစ်သေးဘူး။ တာဝန်ထမ်းရွက်ဘို့- အချိန်ကျနေမှကြီး
ပြောပြောဆိုဆိုနှင့် အလျင်အမြန် စက်ရုံကြီးဖက်သို့ ပြေးသွားလေသည်။
စက်ရုံ ဝင်းဝရောက်သောအခါ အရှိန်သတ်လိုက်ပြီး စက်ရုံကြီးကို နှုတ်ဆက်၏။
မင်္ဂလာနံနက်ခင်းပါ
မင်္ဂလာပါ၊ ကြွပါမျာ
-----ကျုပ် ညလုံးပေါက် လုပ်အားပေးထားလို့ အဆင်သင့်ဖြစ်နေတဲ့ - ဟိုနှာ-က - ဦးကုန်တုပ်ကြီး-က - ခင်များ-ကို - စောင့်နေပါပြီမျာ-----


ဦးကားကြီးသည် ကုန်ထုပ်ကြီးထံသွားပြီး
ကျွန်တော် ဦးကားကြီးပါ။
ဟုတ်ကဲ့ - ကျွန်တော် ဦးကုန်ထုပ်ပါ။ ဦးကားကြီးနဲ့ အတူ တာဝန်ထမ်းဆောင်ရန် စောင့်နေတာပဲ - ဟဲဟဲ
ကုန်ထုပ်ကြီးသည် ဦးကားကြီးပေါ်သို့ ခွေကနဲ ခုန်တက်လိုက်လေလျှင်....
ဗျိုးဆရာတို့ နေလုံးကြီး ထွက်ပေါ်လာပြီ၊ အလုပ်ပေး မနေကြနဲ့လေ၊ သွားကြတော့
ဟုတ်ကဲ့
ကောင်း ဆရာ
ကားကြီးသည် တရှိန်ထိုး လျင်မြန်စွာ ပြေးထွက်သွားလေတော့၏။
ဝူး
ဝူး
ဝေါ
လမ်းခရီးတွင်
ဗျို့ - ဦးကားကြီးရဲ့၊ ခုလို တာဝန်ထမ်းဆောင်ရတာ - ပျော်စရာ ပဲဗျနော်
တကယ်တော့ - ကျုပ်တို့ဟာ - တိုင်းပြည်က - အင်မတန် အားကိုး နေရတဲ့ - လုပ်သား ကောင်းကြီးတွေ ပေါ့ဗျာ... ဟဲ့ - ဟဲ - ဟဲ


ဟုတ်တာပေါ့ဗျ။ မိုးစက်ရုံကြီးကလဲ အဖြဲ့ လုပ်အား အပြည့်ပေးနေတဲ့ - လုပ်သားကြီးဘဲဗျ --
အဲ - အဲဒါကြောင့် - မြည်သူများအတွက် အမြဲ အသုံးကျနေတာက - ကျုပ်တို့ သုံးဦးရဲ့ လုပ်အားပေါ့ဗျာ - ဟုတ်စ - ဟဲဟဲ
ထိုအခိုက် အသံနက်ကြီးဖြင့် ရယ်သံ ကျယ်လောင်စွာ ထွက်လာလေသည်။
ဟား
ဟား
ဟား
ဟား
ကြားလား မိုးကြိုးကြီး
အေးဗျ ဘယ်က အသံလဲ မသိဘူး။ အရှိန်သတ် ဖြီး သိုက်ရှာ ရ အောင်
ဟော့ - ဘယ်သူလဲကွ - ဟားတိုက် ရီနေတာ
ဘာလဲ ဘာ သတ္တဝါလဲ မသိဘူး
ဘယ်က ကောင်လဲ - ထွက်ခဲ့စမ်း
ဟား
ဟား
ဟား
ဟား
ငါပါကွ။ မိုးလမ်းမကြီး လေကွာ
ဟင်
ဟောဗျ
မင်းတို့ အားလုံး ဒွေက နင်းစရာတွေ။ ဟားဟား။


ဘာများ ရှိရော ပြောမိလို့လဲဗျာ
တိုင်းပြည်ကို လုပ်အားပေးတဲ့ အထဲမှာ ငါလဲ ပါတယ် ဆိုတာ - သတိပြုကြပါအုံးကွ။ မင်းတို့ကြီးဘဲ - လုပ်သားကောင်း တွေ မဟုတ်ပါဘူး - ဟီး
အော်..... ခင်ဗျားက - တိုင်းပြည်အတွက် ဘယ်လိုများ အသုံးကျလို့ လဲဗျာ.... ပြောပါအုံး .... ဟီး
အသုံးကျဖို့လား၊ အမြဲ - လှဲပြီး ကျောခင်းနေတာကိုး --- ဟား ဟားဟား
ဟေ့ - မင်းတို့ မြဲမြဲ မှတ်ထားကြကွ။ ငါသာ ဒီလို အမြဲ လဲလျောင်းပြီး ခင်းပေး မထားယင် မင်းတို့ သွားချင်တဲ့ ခရီးကို မြန်မြန် နဲ့ လွယ်လွယ် ရောက်ကြမှာ မဟုတ်ဘူး ကွ၊ နားလယ်ရဲ့လား၊
ဟေ့-ဘာဖြစ်လို့ မရောက်ရမှာလဲ။ ငါ့မှာလဲ ဘီး တွေ ရှိတယ်........ တွေ့ရဲ့လား။
ဦးကါးကြီး ပြောတာ မှန်တယ်
ဟေ-- ဒါဖြင့်ယင် - မင်းတို့ - ငါမရှိတဲ့ ဘက်ကနေ သွားကြစမ်း ကွာ.....
သွားကြ —
သွား —
သွား
သွားမယ်ဗျာ - သွားမယ်၊ အမယ်လေး - ကြီးကျယ်လို့-
ပြောမနေစမ်းပါနဲ့ဗျာ ကိုကါးကြီး ရယ်။ သွားကြပါစို့။



ဦးကားကြီးသည် စိတ်ဆိုးပြီး လမ်းဘေးသို့
တအားကုန် ထိုးဆင်းလိုက်ရာ ....
ဂလုံး
ဂလုံး
မညီမညာ ချိုင့်ထဲသို့ ရှေ့ဘီးကျသွားပြီး —
ချိုင်း
နောက် ကျောက်ခဲလုံးကြီးနှင့် ဆောင့်မိ၏။
တဖန် ဘီးကို သံစူး၍ ဖင်ထောင်သွား၏။
အား ,...
ကျွတ် ကျွတ်
ကုန်ထုပ်ကြီးလည်း လွင့်စဉ်ကျသွားရာမှ
ဦးကားကြီးရယ် -
ဒီအတိုင်းသာ ဆက်
သွားရရင်တော့
သေပါလိမ့်မယ်
အေးကွယ် - ကျုပ်
မသက်သာလှဘူး၊
နောက်ဘီးတောင် - ပေါက်
သွားပြီ။ ဦးလမ်းကြီးနဲ့
ပြန်ပေါင်းကြပါစို့၊ သူလဲ - တိုင်းပြည်
အတွက် အကျိုးပြုကြတာဘဲ ဗျ -- နော်


ထိုအသံကိုကြားလျှင် ဦးလမ်းမကြီးသည် အသာ ကြွထလိုက်ပြီး
ဟား ဟား ဟား ဟား ဘယ်နှယ့်လဲ ကိုယ့်လူတို့ …
သူတပါးကို အထင်သေးတဲ့ အောင်ရင်တွေ ဟဲဟဲ ဟဲဟဲ
ကဲ - သွားလို့ မဖြစ်လဲ - ဖြန့်လှဲ့ခဲ့ကြပါတော့များ။ ခင်များတို့ရဲ့ အမြင်လွဲမှုကြောင့် - တိုင်းပြည်အတွက် အများကြီး နစ်နာ ဆုံးရှုံးနေပါလိမ့်မယ်။ ကဲ - လာကြပါ။ ခင်များတို့သာ အမြင်မှန်ရယင် - ကျုပ်ကတော့ အနှေးမထားပါဘူး။ လာလာ ဟဲဟဲ လာလာ
အေးပါများ - ကျနော်တို့ အမြင်လွဲမိတာကို ဝန်ခံပါတယ်။ စိတ်မရှိပါနဲ့။ ခွင့်လွှတ်ပါ၊ အစတုန်းကတော့ မှန်တာပြောရယင် - ဦးလူကြီးဟာ - မျှင်းကြောထွဲပြီး အိပ်နေတာဘဲလို့ အမြင်မှားမိပါတယ်--- ဟဲဟဲ
ဟုတ်ပါတယ် - ဦးလမ်းမကြီးရယ်။ ကျနော်တို့ တွေးမိပါပြီ။ ဦးလမ်းမကြီးရယ် - ဦးစက်ရုံကြီးရယ် - ဦးကားကြီးရယ် - ကျနော် ကုန်ထုပ်ကြီးရယ် လေးဦးလုံးဟာ တိုင်းပြည်အတွက် တာဝန်ထမ်းနေကြတဲ့ - လုပ်သားကောင်းကြီးတွေဘဲလို့ ---- ဟို့ ဟို့
ကဲကဲ - လုပ်အားဆက်ပေးကြဖို့ အရေးကြီးတယ်။ ကျုပ်လဲ ပျော်ပြီး တိုင်းပြည်တာဝန်ထမ်းလိုက်အုံးမယ်။ ခင်များတို့လဲ အချိန်ရှိတုန်း ခရီးဆက်ကြလေတော့။ ဦးကားကြီး - စပယ်ယာ ဘီး - လဲ တပ်သွားအုံး
ဦးကားကြီးနှင့် ဦးကုန်ထုပ်ကြီးတို့ ထွက်သွားကြလေလျှင် ဦးလမ်းမကြီးမှာ ကျေနပ်၍ ကျန်ခဲ့လေသတည်း။
ငါ့လုပ်အားတွေ ငါ့ရဲ့ အသုံးဝင်မှုတွေကို အခုမှ သိကြပြီ…

(ပြီးပါ)

# တော်သလင်းလ


မောင်ပေါ်ထွန်း






“တော်သလင်း” ဟူသည်ပါဠိစကား “တောသလံ” မှဆင်းသက်လာသော စကား ဖြစ်သည်။ “လယ်ယာ လုပ်သားတို့အား နှစ်သက်ခြင်းကို ပေးစွမ်းနိုင်သောလ” ဟူ၍ အဓိပ္ပါယ်ရသည်။ တနည်း အားဖြင့် “တော်”မှာ “ ကောင်းကင် ”ဖြစ်၍“သလင်း”မှာ “သာယာထွန်းလင်းခြင်း”ဖြစ်သောကြောင့် “ကောင်းကင်သာယာထွန်းလင်းသောလ” ဟူ၍လည်း ပညာရှင်များက ကြံဆကြသည်။

“တော်သလင်း၊ သစ်ဆင်း” ဟူသော စကားအတိုင်း ရှေးအခါက တော်သလင်းလကိုပင် “သစ်ဆင်းလ” ဟုလည်း ခေါ်ဝေါ်ရေးသား ခဲ့ကြသည်။ တော်သလင်းလတွင် မြစ်ချောင်းများ၌ ရေပြိမ်သောကြောင့် သစ်ဖောင် ဝါးဖောင်များ စုန်ဆင်းသည်ကို အကြောင်းပြု၍ “သစ်ဆင်းလ”ဟု ခေါ်ကြသည်။ တနည်းအားဖြင့် တော်သလင်းလ၌ လှေပြိုင်ပွဲများနှင့်အတူ သစ်ဆင်းပွဲ ကျင်းပလေ့ရှိသည်ကို အစွဲပြု၍ “သစ်ဆင်းလ”ဟု ခေါ်ခြင်း ဖြစ်သည်ဟု ဆိုသည်။ သစ်ဆင်းပွဲမှာ အလွန်ရှည်သော သစ်တိုင်လေးတိုင်ဖြင့်





ဆောက်လုပ်ထားသည့် စင်မြင့်ပေါ်မှ ရေပေါ်၌ ဖြန့်ထားသော ပိုက်ကွန်တွင်းသို့ ခုန်ဆင်းခြင်းကိုဆိုလိုသည်။

မြန်မာပြက္ခဒိန်တွင် တော်သလင်းလသည် ခြောက်ခု မြောက်လဖြစ်သည်။ တော်သလင်းလ၌ ရက်စုံ(၁၅ရက်)ကွယ်သောကြောင့် ရက်ပေါင်း ၃၀ ရှိသည်။ တော်သလင်းလတွင် နေ့ ၃၂ နာရီ၊ ည ၂၈ နာရီရှိရာ နေ့တာ ရှည်၍ ညတာတိုသည်။ ဤလတွင် နံနက် ၅း၅၀ နာရီ၌ နေထွက်ပြီး ည ၆း၁၀ နာရီတွင် နေဝင်သည်။ ရာသီအားဖြင့် ကန်ရာသီ ဖြစ်သည်။ ဤရာသီတွင် ဘဖြနက္ခတ်နှင့် လမင်းတို့ယှဉ်၍ မွန်းတည့်သည်။ ဘရဂုဏ္ဏနက္ခတ်နှင့် နေမင်းတို့ ယှဉ်ကြသည်။ တော်သလင်းလတွင် ရွှေမျိုးတာရာထွန်း၍ ရာသီရှပ်ကား ကညာပျို ရုပ်နှစ်ရုပ်ဖြစ်သည်။ ဝိသေသပန်းမှာ ရင်းမာပန်းဖြစ်သည်။ ဤလ၌ ထန်းများလည်း မှည့်ကြသည်။

တော်သလင်းလတွင် လှိုင်းလေ ငြိမ်သက်၍ မြစ်ချောင်း သာယာသောကြောင့် ရှေးအစဉ်အလာအရ လှေပြိုင်ပွဲများ၊ သစ်ဆင်းပွဲများကျင်းပလေ့ရှိသည်။

တော်သလင်းလ အကြောင်းကို ရှေးစာဆိုကျော် ဦးအောင်ကြီးက “တော်သလင်းကား၊ မြစ်တွင်းရေတု၊ ပန်းလုသဘင်၊ သစ်ဆင်းယင်လျက်၊ လက်သစ်လှော်ကား၊ ရွှေသားစက်ကွင်း၊ လှေချင်းလှော်ပြိုင်၊ ခွင့်ရေးတိုင်၍” စသည်ဖြင့်စာဖွဲ့ခဲ့လေသည်။




အဆင်းရောင် ပိုးစုန်း
သစ်ရိပ် ဝါးရိပ်ကောင်းသော နေရာကလေးတခုတွင် ပိုးကောင်ကလေးတစု ကစားနေကြသည်။
သူတို့သည် အရောင်အသွေး လှပ တောက်ပြောင်သောကြောင့် မာနတရား ကိုယ်စီရှိနေကြသူလေးများ ဖြစ်ကြ၏။
ထိုအချိန်
ဟေ့၊ ဟေ့နေကြအုံး မင်းတို့ထဲမှာငါလဲဝင်ကစား ချင်လို့..
ပထမတွင် ပိုးကောင်လေး များသည် အသစ်ရောက်လာသော ပိုးကောင်လေးကို ဝိုင်း၍ အကဲခပ်ကြ၏။
မင်းဘာအမျိုးအနွယ်လဲ၊ အမေမိဘတွေနာမယ် ဘယ်လိုခေါ်သလဲ
အလကားပါကွာ၊ အဖက်လုပ်ပြီး စကားပြောမနေစမ်းပါနဲ့၊ အကောင်အသေးကိုက၊ မွဲခြောက်ခြောက်နဲ့.
ဟွန်း


ငါ ဘာအမျိုးအနွယ်လဲဆိုတာတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ ငါ့မှာမင်းတို့နဲ့ကစားဖို့အတွက် ခြေနဲ့လက်တွေအပြည့်အစုံပါတာတော့ အမှန်ဘဲ၊
မျိုးမစစ်တဲ့ - အရောင်အသွေးမလှပတဲ့ပါကတွေနဲ့ ငါတို့မကစားရဘူး လို့ - ငါ့မိဘတွေကမှာထားလို့ မင်းကိုငါလက်မခံနိုင်ဘူး
ပိုးကောင်ကလေးသည် ဝမ်းနည်းစွာဖြင့် တခြားသူများ ကစားနေသည်ကို တွေဝေငေးမောကြည့်နေမိတော့သည်။
ဤသို့ဖြင့် အပျော်ကြူးနေကြရာ နေဝင်ပြီးနောက် အလင်းပျောက်၍ မှောင်စပြုလာတော့၏။
ပါက - မိုးတောင်ချုပ်လာပြီ
ငါ့အိမ်ကိုပြန်ဖို့ ပါကလမ်းမမြင်ရတော့ဘူး၊ ဒီအချိန်ဆိုလမ်းမှာက၊ ဖားပြုပ်ကြီးတွေ သောင်းကျန်းကြတယ်၊ ငါ့ကိုဖမ်းစားမှာ စိုးရတယ်ကွ၊
ယခုမှ ပိုးကောင်ကလေးလည်း သတိရသွား၏။
ပါက - ဟုတ်ပါရဲ့၊ ချစ်တို့ကစားတာကြည့်ပြီး ငါလဲအိမ်ပြန်နောက်ကျနေပြီ၊ ပြန်အုံးမှဘဲ၊


ငါတော့ အိမ်မပြန်ရဲဘူး
မေမေရေ ကယ်ပါအုံး
မိတ်ညစ်ပါတယ် - ဟီး
မငိုကြစမ်းနဲ့ကွာ
အကြံရကျပ်ရတဲ့အခါ
ဟော့၊ ဟော့! တိတ်စမ်း၊ အားလုံးတိတ်ကြစမ်း
ဟိုမှာ၊ အလင်းရောင်၊ အလင်းရောင်
ဟာ၊ ဟုတ်ပါရဲ့
အေးဟ
မင်းတို့ အဲဒီမှာစုနေရစ်ကြ၊ ငါဒီအလင်းရောင်ကို
အကူအညီ လိုက်တောင်းကြည့်မယ်
မြန်မြန်ပြန်လာခဲ့နော်၊ ဦ့ကြောက်တယ်
ဟော့၊ အလင်းရောင်လေး၊ ဦ့အိမ်ပြန်
ဖို့လမ်းပြပေးပါကွာ၊ မင်းကိုကျေးဇူး
မမေ့ပါဘူး
ဟင်၊ ငါ့ကိုလိုက်ခေါ်
တာပါလား
ဟာ၊ ဘယ်သူလဲမှတ်တယ်၊ မင်းကို
ငါတို့စောစောကမှားခဲ့တာကို
တောင်းပန်ပါတယ်ကွာ၊ ဦ့ကိုလမ်းပြ
ပေးပါလား
အေးပါ၊ ရပါတယ်
ပိုးကောင်ကလေးများသည် ပိုးစုန်းကြူးကလေး
၏ အလင်းရောင်ဖြင့် အိမ်သို့ ပြန်ခဲ့ကြတော့သည်။
မင်းဟာအရောင်အသွေး
မလှပပေမဲ့၊ သူတပါးကို
အကျိုးပြုနိုင်တဲ့အလင်းကိုရထားတာကိုးကွ
ပြီးပြီ



# အနှစ်မရှိသည့် တောတွင် ကြက်ဆူပင်မင်းမူ

အနှစ်မရှိသည့် တောဆိုသည်မှာ သစ်ပင်ကြီးများပေါက်ရောက်ခြင်းမရှိပဲ၊ ပဒိုင်း၊ ကြက်မောက်၊ကြက်ဆူစသည့် အနှစ်မဲ့အပင်ငယ်များသာ ပေါက်သည့် တောပင်ဖြစ်၏။ ကြက်ဆူပင်ကား အနှစ်မဲ့အပင်ငယ်ပင် ဖြစ်သော်လည်း၊ ဝေဝေဆာဆာ မြင့်မြင့်စွင့်စွင့်ရှိသည်။ ထို့ကြောင့် သစ်ပင်ကြီးများ မရှိသော တောတွင် ကြက်ဆူပင်က အခြား အပင်ငယ်များအပေါ် မင်းမူဗိုလ်လုပ်နေသည်ဟူ၍ ဤစကားပုံက ဆိုလိုပေသည်။

လောက၌ အရည်အခြင်းပြည့်ဝသူ မရှိချိန်တွင် အရည်အခြင်း မဲ့သူများအပေါ် အရည်အခြင်းအနည်းငယ်ရှိသူက လူတွင်ကျယ် လုပ်နေတတ်၏။ ပညာရှိပုဂ္ဂိုလ်မရှိချိန်တွင် ပညာမဲ့သူများအပေါ် ပညာ အနည်းငယ် ရှိသူက ဆရာလုပ်နေတတ်၏။ ထိုအခါမျိုး၌ "အနှစ်မရှိသည့် တောတွင် ကြက်ဆူပင်မင်းမူသည်" ဟု ပုံခိုင်း ပြောဆိုကြပေသည်။

မောင်ဝင်းမြတ်

## မီးပျက်နေတဲ့ ပုံလေ



# လက်ဆေး

**ကိုချစ်မှုန်း (သံတွဲ)**



ကျွန်တော်သည် အလယ်တန်းကျောင်းသား ဖြစ်လာပြီမို့ ရွှေလှေ့ရွာရှိ အစိုးရအလယ်တန်းကျောင်းသို့ သွားတက်ရသည်။ ရွှေလှေ့ရွာသည် ကျွန်တော်တို့ရွာနှင့် ခရီး အတော်လှမ်းပါသည်။ လယ်ကွင်းများ၊ ချောင်းများ၊ ခင်တန်းများ၊ ရွာများကို ဖြတ်ကျော်သွားရပါသည်။

ကျွန်တော်တို့ ကျောင်း၏ ကျောင်းတက်ချိန်မှာ ကိုးနာရီခွဲဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် နံနက် ခုနစ်နာရီတွင် ထမင်းစားပြီး သွားရပါသည်။

ကျွန်တော်တို့သည် တခါတရံ ကူးတို့လှေ စောင့်ဆိုင်းရသဖြင့် ကျောင်းသို့ ဆယ်နာရီမှ ရောက်တတ်ပါသည်။ ကျွန်တော်တို့ရွာမှ ထိုအလယ်တန်းကျောင်းသို့တက်သောကျောင်းသားသုံးယောက်သာရှိပါသည်၊ ကျွန်တော်တို့ သုံးယောက်သည် သွားအတူ လာအတူ ဖြစ်ပါသည်။ ကျောင်းတက် နောက်ကျလျှင် ဆရာကြီး၏ အမေးအမြန်း အဆူအပူ လုပ်ခြင်းကို ခံရပါတော့သည်။ ဆရာကြီး၏ အဆူအပူ ခံရမှာကို ကျွန်တော် အကြောက်ဆုံးပင် ဖြစ်သည်။ ထို့ကြောင့် နံနက်အိပ်ရာမှ ထလျှင် အချိန်စာရင်းကို စီစစ်ပြီး စာအုပ်များကို လွယ်အိတ်ထဲသို့ ထည့်ထားလိုက်သည်။

အစ်မဖြစ်သူက ကျွန်တော် စားသွားရန် ထမင်းချက်ပေးပါသည်။ မကြာခဏ ဆိုသလို ထမင်းချက် နောက်ကျတတ်သည်။ ခုနစ်နာရီထိုး၍ ထမင်း မစားရလျှင် ကျွန်တော်က ဒေါပွပွနှင့် –

“ဘာမှအသုံးမကျဘူး။ ထမင်းချက်တာကို ခဲခဲယဉ်းယဉ်းလုပ်လို့။ အချိန်ကို မလေးစားဘူး။ ခုနစ်နာရီထိုးယင် ထမင်း ခူးပေးရမှာက မမတာဝန်။ ဘာမှမသိဘူး။ ဒါကြောင့် မမစာမတတ်။ အတန်းမတက်ရတာ”

ကျွန်တော်က ဟန်ကြီး ပန်ကြီးလုပ်ကာ အစ်မကို အော်ငေါက်တတ်ပါသည်။ အစ်မကား သုံးတန်းမှ ထွက်ကာ အိမ်တွင် တောက်တိုမယ်ရ အလုပ်များ လုပ်ရပါသည်။ ကျွန်တော်သည် အစ်မကို အထင်သေးမိပါသည်။

ယခုကဲ့သို့ အချိန် တိတိကျကျ မလုပ်တတ်ခြင်းမှာ စာမတတ် အတန်း မအောင်သောကြောင့်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော်က အစ်မကို မည်သို့ပင် အော်ငေါက်ဆူပူစေကာမူ အစ်မကား ဘာမျှ ပြန်မပြောပါ။ သူလုပ်စရာ ရှိသည်များကိုသာ တခုပြီးတခု လုပ်နေတတ်သည်။ အစ်မကို ထမင်းမချက်စေချင်တော့ပါ။ အမေ ကိုယ်တိုင် ထမင်း ချက်ပေးစေလိုသည်။ ထို့ကြောင့် တညနေတွင် အမေ့အား –

"အမေ — မနက်ကျယင် ကျနော့်ကို ထမင်း ချက် ပေး ပါ လား"

"အမ ချက် ပေး နေ တာ မကောင်းလို့လား သားရဲ့"

"မ ကောင်း လို့ ပြော တာ မဟုတ်ဘူး အမေ။ ကျ နော် တို့ ကျောင်းက ကိုးနာရီခွဲမှာ တက်ရတယ်။ ဒီက ခုနစ်နာရီ ထမင်း စားသွားမှ ရောက်တာ။ လမ်းမှာ အဆင်မသင့်ယင် ဆယ်နာရီမှ ကျောင်း ကို ရောက် တယ်။ အမက ထမင်းချက် နှေးနေလို့ ပါ"

"တခါတလေလဲ နောက်ကျမှာပေါ့သားရယ်။ မြန်မြန်သွားချင်ယင် အမကို ဝိုင်းကူပေါ့။ တလက်ထဲဆိုတော့ ဘယ်ကလာ မြန်မလဲ။ အမေကလဲ ထမင်းချက်ပေးမနေနိုင်။ အရက်တက်တာနဲ့ လယ်တောကို ဆင်းရတယ်။ သားတို့အဖေတယောက်ထဲနဲ့ မနိုင်ဘူး။ အိမ်ရဲ့စားဝတ်နေရေးအတွက် ဒီလယ်လေးကိုဘဲ အားကိုးနေရတာ"

အမေ့ကို ပြောသော်လည်း မရပါ။ ယင်းကြောင့် ထမင်းချက်နှေးသော အစ်မကို နေ့တိုင်းပင် အပြစ်တင် ပြောဆိုနေမိပါသည်။

ကျွန်တော် ခုနစ်တန်း တက်သောနှစ်တွင် အစ်မ အိမ်ထောင်ကျသွားသည်။ အစ်မ မရှိတော့သဖြင့် ကျွန်တော့်တွင် အခက်တွေ့ရပါတော့သည်။ အစ်မ ရှိတုန်းက တဆူထဲဆူခဲ့သည်။ နိုင်ထက်စီးနင်း ပြော ဆို ခဲ့ သည်။ ကျွန်တော်တို့ မိသားစုတွင် အစ်မသည် ဤမျှ အရေးပါ အရာရောက်မှန်း စောစောက ကျွန်တော် မသိခဲ့ပါ။ အိမ်တွင် အစ်မ တယောက် လျော့သွားတော့မှ ရေခပ်၊ ဆန်ဖွပ်၊ ထမင်းချက်၊ ထင်းခွဲ၊ အဝတ်လျှော် အလုပ်များ ကျွန်တော့်အပေါ် တာဝန်ပိုလာသည်။

သည်တော့မှ အစ်မ၏ လုပ်ငန်း များ အ ကြောင်း ကို နား လည်မိပါသည်။ အ ထူး သ ဖြင့် ထမင်းချက်သော အလုပ်သည် မ လွယ် ကူ ကြောင်း သိ လာ ရ သည်။ စာတတ်၍ အတန်းတွေ မည်မျှပင် အောင်အောင် အိမ်တွင်းအလုပ်များကို စနစ်တကျ လုပ်တတ်ဘို့ မလွယ်ကူပါ။ အိမ်တွင် အစ်မမရှိသည့် နောက်ပိုင်း ၌ ကျွန် တော် နေ့ တိုင်း လို လို ကျောင်း တက် နောက် ကျ ပါ တော့သည်။ ထို့ကြောင့် အစ်မ ကို အထင်သေးခဲ့သမျှ၊ နှိမ်ချခဲ့သမျှ ကျွန်တော် နောင်တရ၍ မဆုံးပါ။ မညည်းမညူ လုပ်ကိုင်ပေး ခဲ့ သော အစ် မ ကို လည်း ကျေးဇူးတင်မဆုံးပါ။ တကယ်တော့ ခုနစ်တန်းကျောင်းသားကြီး ကျွန် တော် ကိုယ် တိုင် ရေခပ်၊ ထင်းခွဲ၊ ထမင်းချက်အလုပ်ကို နေ့တိုင်း လုပ်နေ ရ ပြီ ဖြစ်သောကြောင့်တည်း။

## ကိုကို ညီညီ မမ

စက်ဝိုင်း၊ တြိဂံ၊ လေးထောင့်သည်

မောင်နှမ တော်ကြသည်။

ညီညီ့မျက်နှာ လပြည့်ဝန်း၊

စက်ဝိုင်း ပုံစံရှန်း။


ချွန်းလို့နေတဲ့ တြိဂံ၊

ကိုကို့ ပုံသဏ္ဍာန်။

လေးတန် လေးဖက် မှန်ထူကွက်

မမရဲ့ မျက်ခွက်။ ။

ကျုံဒါး တော်မှုံ



R. 517

ကကူရံသည် ငါးအချင်းချင်း စားတတ်သောသားစားငါးမျိုး ဖြစ်သည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် ကကူရံ တမျိုးမှာ အရွယ်အစားအားဖြင့် ၄၅ လက်မထိ အရှည်ရှိ၏။ ယင်းတို့၏ အသားမှာ အလွန် စားကောင်း၏။

မြန်မာနိုင်ငံ၊ မြိတ် ထားဝယ် ဒေသတဝိုက်တွင် ကကူရံသည် အရေးကြီးသောစီးပွားဖြစ် ငါး တမျိုး ဖြစ်သည်။ ယင်းတွင် ကျော ဆူးတောင် နှစ်ခုရှိ၍ ပါးစပ် မှာ အတန်ကြီးမားပြီး သေးငယ်သော သွားများ ရှိ၏။ မျက်ခွံများတွင် တင်ငါဂိုခေါ် အဆီဖုံးများရှိသည်ကိုတွေ့ရသည်။

ကကူရံကို ပင်လယ်ကမ်းရိုးတန်းဒေသများတွင် တွေ့ရှိရပြီး မြစ်များတွင်လည်း တခါတရံတွေ့ရှိရသည်။ ကကူရံကို ရခိုင်မှ လေက်ခွာဟု ခေါ်ပြီး၊ မြိတ်ဖက်တွင် ကျွဲရင်ဟု ငှင်း၊ ထားဝယ် ဖက်တွင် ကွဲရင်ဟု ငှင်း ခေါ်ကြသည်။

# ကကူရံ



ကကူရံသည် အထူးသဖြင့် ငပုပ်ခြောက် ပြုလုပ်ရာ၌ အကောင်းဆုံး ပထမ တန်း စား ငါး ဖြစ်သည်။ ငပုပ်ခြောက်သည် ကကူရံကဲ့သို့သော ငါးမျိုးကို အပုပ်ခံပြီး ဆားဖြင့်နယ်၍ နေ လှန်း ကာ အခြောက် ပြုလုပ်ထားခြင်း ဖြစ်သည်။

ငပုပ်ခြောက် ပြုလုပ်နည်းမှာ ပထမဦးစွာ ခေါင်းနှင့် အမြီးကို ဖြတ်၍ ရင်ခွဲပြီး အဆီများသော ဗိုက်သားကို ထုတ် ပစ် ရ သည်။ ထို နောက် နှစ်ပိုင်းပိုင်း၍ ရေတွင်ဖြန့်ပြီး ၁၂ နာရီ အပုပ်ခံသည်။ ပြီးနောက် သုံးနာရီခန့် ဆားနယ်ထားပြီး တဖန် ရေဆေး၍ ၄-၅ ရက် နေလှန်းရသည်။

ငပုပ်ခြောက်ဒုတိယတန်းစား ကို ကသပေါင်း ငါးဖြင့် ပြုလုပ်ပြီး၊ တတိယတန်းစား ငပုပ်ခြောက်ကိုမူ ကသမျင် ငါးဖြင့် ပြုလုပ်သည်။


**သောင်းစု (သုတေသန)**



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ တော်သလင်းလဆန်း ၁၃ ရက် (၂၈-၉-၇၄)



စနေနေ့တိုင်း ထုတ်ဝေသည်။



သူဌေးမင်း သဘောကြီးတတ်ပါ ခင်ဗျာ။
ဟုတ်ကဲ့။













# ချက်ကိုစလိုဗက်ကီးယား

စိုးလွင်မြင့်




ချက် ကို စ လို ဗက် ကီး ယား ဆိုရှယ် လစ် သမ္မတနိုင်ငံသည် ဥရောပအလယ်ပိုင်း၌ တည်ရှိ၍ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဂျာမန် ပြည်ထောင်စု သမ္မတနိုင်ငံ၊ ဩစတြီးယား၊ ဟန်ဂေရီနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ ဝန်းရံနေသော ကုန်းတွင်းကျသည့် နိုင်ငံတခုဖြစ်၏။

ဗိုဟီးမီးယားဒေသသည် တောင်ထူထပ်၍ အမြင့်ဆုံးနေရာသည် ပေ ၅၂၆၀ ဖြစ်၏။ အလယ်ပိုင်းတွင် မြေနိမ့်နှင့် ကုန်းပြင်မြင့် ဒေသများရှိ၏။ မြောက်ပိုင်း စလိုဗက်ကီးယားရှိ တက်ထရာတောင်တန်းဒေသသည် မြင့်မားလှ၍ အမြင့်ဆုံး တောင်ထိပ်သည် ပေ ၈၇၃၇ ဖြစ်၏။ ချက်ကိုစလိုဗက်ကီးယား နိုင်ငံသည် ကုန်းတွင်းကျသော နိုင်ငံဖြစ်သဖြင့် ယင်းရှိ မြစ်ချောင်းတို့သည် ပို့ဆောင်ဆက်သွယ်ရေး အတွက် အသက်သွေးကြောများပင် ဖြစ်သည်။



ရာသီဥတုမှာ အလယ် ဥရောပကုန်းတွင်း ရာသီဥတုဖြစ်၍ မြေမျက်နှာပြင်ကို လိုက်၍လည်း အပူချိန် မိုးရေချိန် စသည်တို့သည် ပြောင်းလဲ၏။ မိုးရေချိန် ၂၀ လက်မမှ ၅၀ ကျော်အထိ ရွာသွန်း၏။

လူဦးရေ ၁၄ သန်းခွဲရှိ၏။ မြို့တော်နှင့် အဓိက စက်မှုလုပ်ငန်းမြို့ကြီးမှာ ပရပ်မြို့ဖြစ်၏။ နေထိုင်သော လူမျိုးများမှာ ချက်၊ စလိုဗက်။ ဟန်ဂေရီနှင့် ဂျာမန်စသည်တို့ ဖြစ်၏။ အများ




ဆုံးမှာ ချက်လူမျိုး ဖြစ်၏၊ ဗရင်ဂျီဘာသာ၊ ချက်ကိုစလိုဗက်ခရစ်ယန်ဂိုဏ်း၊ ပရိုတက်စတင့် ခရစ်ယန်ဂိုဏ်း၊ အော်သိုဒေါ့ဂိုဏ်း၊ ဂျူးဘာသာ စသည်တို့ကို ကိုးကွယ်ကြ၏၊ ဗရင်ဂျီဘာသာဝင်သည် လူဦးရေ၏ ၇၅ ရာခိုင်နှုန်းဖြစ်၏။ ချက်နှင့် စလိုဗက်ဘာသာစကားတို့ကို တရားဝင် သုံးစွဲပြောဆိုကြသည်။

ဤနိုင်ငံသည် သယံဇာတ ထဘာဝပစ္စည်း အတော်ပေါကြွယ်ဝ၍ စိုက်ပျိုးရေး၊ သတ္တုနှင့် စက်မှုလုပ်ငန်းတို့ ကြီးပွားတိုးတက်၏။ အမျိုးသားဝင်ငွေ၏ ၇၀% သည် စက်မှုလုပ်ငန်းမှ ရရှိ၍ စက်မှုနိုင်ငံတခုဖြစ်သော်လည်း စိုက်ပျိုးရေးသည်လည်း အရေးပါလေသည်၊ ဖန်ချက်လုပ်ငန်းနှင့် ကြွေထည်မြေထည်လုပ်ငန်းသည် လွန်စွာတိုးတက်၏၊ အခြား မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ဓာတုဗေဒ၊ ချည်မျှင်နှင့် အထည်၊ သစ်ပျော့ဖတ်၊ ဘီယာ စသည်တို့ကို လည်း ထုတ်လုပ်၏၊ စက်ပစ္စည်း၊ မော်တော်ကား၊ ချည်မျှင်၊ ဖန်ထည် စသည်များကို ပြည်ပသို့ တင်ပို့ရောင်းချသည်၊ သုံးစွဲသော ငွေကြေးမှာ ကရောင်းဖြစ်၍ မြန်မာငွေ တကျပ်သည် ၁.၅၁၂ ကရောင်းနှင့် ညီမျှ၏။


စီးပွားရေးမှာ နိုင်ငံပိုင်ဖြစ်၍ အငယ်အသေး စားပုဂ္ဂလိက လုပ်ငန်းများကိုမူ ခွင့်ပြုထား၏။ လွတ်လပ်ရေးနေ့သည် ဩဂုတ်လ ၁၆ ရက် နေ့ဖြစ်၍ ၁၉၄၉ ခုနှစ် အောက်တိုဘာလ တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သို့ ဝင်၏။ နိုင်ငံ၏ သမ္မတမှာ လုဒဗစ် စဗိုဗိုဒ ဖြစ်၍ ဝန်ကြီးချုပ်မှာ လူဗိုမာ စထရောဂယ် ဖြစ်လေသည်။




ရွှေဝါငှက်
ကလေး
ဇာတ်လမ်း
မြမြလှိုင်း
သရုပ်ဖော်
ကာတွန်း
မြဇာ -
ဟာ - ဟိုမှာ - ကိုဝက်ဝံပါလား
ဗျို့ ကိုဝက်ဝံ - လယ်ရှင်းတွေ ဘာတွေနဲ့ - အမယ် လက်ထဲ မှာလဲ သေတ္တာနဲ့ - ဘယ် သွားမလို့လဲ
စာကလေး ရွှေဝါပါလား
ငါက ကြက်ခြေနီအသင်း ဝင်ကွ - ချာတိတ်ရ
ဒါဖြင့် ခင်ဗျား လက် က ဒီသေတ္တာက -?
အဲဒါဆေး သေတ္တာ ကွ - တယ်အရေး အမြန် ရတာကိုး
မင်းတို့ကလဲ ကြာလိုက်တာကွာ
ဒီကောင် ဝက်ပေါ့ အိပ်နေလို့ နှိုးနေရတာ
မကြာမီ -
ကဲ လူစုံပြီ သွားကြမယ် ဟေ့ -



ဟား ဟား မင်းက ချာတိတ် ဘဲ - ငယ်ပါ သေးတယ် -
ကိုဝက်ဝံတို့သည် စာကလေး ရွှေဝါကို ဂရုမစိုက်ပဲ စီတန်း၍ တောထဲဝင်သွားကြ၏။ ရွှေဝါသည် နောက်မှ တကောက်ကောက် လိုက်သွားသည်။
ဟော တော့


အဲ- မဖြစ်ဘူး-ကိုဝက်ဝံ တို့ဆီ အမြန် ပြေးပြောမှဘဲ-
ထိုနောက် ကိုဝက်ဝံတို့လည်း ရွာသို့ အပြေး သွား၍ မီးကို ငြိမ်းသတ်ကြရာ ....
မကြာမီ မီးငြိမ်း၍ သွားလေသည်။
ကျေးဇူးဘဲကွာ- မင်းတို့အချိန်မှီ ရောက်လာလို့-
သူ့ကိုကျေးဇူးတင် သူက အချိန် မှီလာပြောလို့
သူက မင်းတို့ အဖွဲ့ဝင်လား
မဟုတ်ပါဘူး၊ ဒါပေမဲ့-ခု အချိန်ကစပြီး ကျနော်တို့ အဖွဲ့ဝင် အဖြစ် အသိအမှတ် ပြုလိုက်ပါပြီ-

# တန်ဆေးလွန်ဘေး



"တန်ဆေး လွန်ဘေး" ဟူသောစကားပုံသည် အစားအသောက်နှင့်ပတ်သက်၍ ဘေးအန္တရာယ်မဖြစ်စေရန် သတိပေးသောစကားပုံဖြစ်သည်။

လူတို့သည် အသက်ရှင် လှုပ်ရှား နိုင်ရေးအတွက် အစာအာဟာရကို စားသုံး ကြရသည်။ အစာအာဟာရကို စားသုံးခြင်းအားဖြင့် ကိုယ်လက်ကြံ့ခိုင်ခြင်း၊ ကိုယ်ခန္ဓာသန်စွမ်း ဖွံ့ဖြိုးခြင်း၊ ခွန်အား ဖြစ်ထွန်းခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိကြ၏။ သို့ရာတွင် အလွန်အကျွံ စားသောက်မိပါက အစားကြောင့်ပင် ဘေးအန္တရာယ် ဖြစ်တတ်သည်။ အစားအသောက်ကို အလွန်အကျွံစားသောက်ခြင်းသည် အစာမကြေခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းရောင်ခြင်းစသည့် ရောဂါဘယများကို ဖြစ်ပွားစေနိုင်သည်။

ထို့ကြောင့် ရှေးလူကြီးသူမများက အစားအသောက်ကို တန်ရုံသင့်ရုံ စားသောက်လျှင် ဆေးဖြစ်နိုင်သည်။ အလွန်အကျွံ စားသောက်လျှင် ဘေးအန္တရာယ် ဖြစ်နိုင်သည်ဟူ၍ ဆုံးမမှာကြား လိုသဖြင့် "တန်ဆေး လွန်ဘေး"ဟူသောစကားပုံကို ဆိုစမှတ်ပြုခဲ့ကြပေသည်။

မောင်ဝင်းမြတ်

## ကျောင်းထွက်တော့မယ်



# ရုပ်ဖိသော်တိုင်

မောင်ဖေသစ်



ညဥ့်နက်လှပြီ။ တရပ်ကွက်လုံး တိတ်ဆိတ်နေပြီ။ လူအပေါင်းသည် မနက် ဖြန် တွင် အားသစ်အင်သစ်ဖြင့် လုပ်ငန်းခွင် ဝင်နိုင်ကြဖို့ တရေးတမောနားနေအိပ်စက်ကြလေပြီ။ အများ နည်းတူ မအိပ်နိုင်သေးသူမှာကား မညိုတယောက် ပါတည်း။

ဟုတ်ပါသည်။ မညို မအိပ်ရသေးပါ။ သူ့တွင် အလုပ် လက်စ မသတ်နိုင်သေး၍ မအိပ်ရဲသေးပါ။

အိပ်တော့ အိပ်ချင်လှပါပြီ။ မျက်ခွံတွေ လေးနေပြီ။ ခေါင်းတွေလည်းကိုက်နေပြီ။ တချက်တချက်ငိုက်၍ပင်သွားပါသည်။ မညိုသည် မျက်လုံးများကို အတင်းပွိုးထားရပါသည်။ မကြာခဏ လက်မှ လွှတ်လွှတ် ကျနေသော ခဲတံကို ကောက်ယူကာ သူ့အလုပ်ကို လက်စသတ်နိုင်ဖို့ ကြိုးစားနေပါသည်။

ညနေ နေဝင်စ ကတည်းက စာကြည့်စာပွဲမှာ မညို ထိုင်ခဲ့ပါသည်။ မနက်ဖြန်တွင် မညို စာမေးပွဲရှိသည်။ အတန်းတင် စာမေးပွဲ ဖြစ်သည်။ မညိုတို့ စတုတ္ထတန်းတွင် မေးခွန်း လေးရွက်ရှိသည်။ ထိုမေးခွန်း များတွင်မညိုသင်္ချာဘာသာမေးခွန်းကို အကြောက်ဆုံး။ ထို့ကြောင့် ညံ့သော ကြောက်သော သင်္ချာဘာသာကို အချိန်အများကြီးပိုပေးပြီး လေ့ကျက် ပါသည်။ ယနေ့အဖို့တော့ ဘာသာစုံကိုပိုင်နိုင်ပြီ။ ထို့ကြောင့် သင်္ချာကိုပြန်လည် လေ့ကျက်ရန်ဆုံးဖြတ်ခဲ့ပါသည်။

အစပိုင်းမှာတော့ တပုဒ်ပြီး တပုဒ် ရှောရှောရှူရှူ တွက်၍ရနေသည်။ မြန်လည်းမြန်သည်၊ မှန်လည်း မှန်သည်။ သည်နှစ်တော့စတုတ္ထတန်းကိုချောချောမောမော အောင်တော့ မည်ဟု ဝမ်းသာနေမိသည်။ ထို့ကြောင့် သင်္ချာတွက်ရင်းသီချင်းကလေးများပင် ညည်းနေမိသေးသည်။

သို့သော်နာရီပုစ္ဆာကိုလည်း စတွက်ရော မညိုခမျာဦးနှောက်ခြောက်ရပါတော့သည်။ မညိုတေး မဆိုနိုင်တော့ပါ။

သင်္ချာမှာ ဤနာရီပုစ္ဆာကို မညိုအကြောက်ဆုံး။ ရက်တွေရော၊ လတွေရော၊ မနက်တွေရော၊ ညတွေရောမို့ စဉ်းစားရင်း လမ်းစ ပျောက် ပျက် သွား ရသည်။ နုတ်ရမှာလား၊ ပေါင်းရမှာလား၊ဘယ်နားမှာများ မေးခွန်းကို လှည့်ထားပါလိမ့်။ ဘာဆို ဘာမျှ မညိုမကွဲပြားတော့။ သို့ကြောင့်လည်း ဤနာရီ ပုစ္ဆာကို ဂရုတစိုက်ဖြင့် မိမိတွက်ခဲ့ပါသည်။ ဟိုနေ့ဟိုနေ့တွေ တုန်းက သည်ပုစ္ဆာကို တွက်ဘူးပြီးသားပါ။ အဖြေလည်းရပြီးသားပါ။ ခုမှ....။

ညရှစ်နာရီလောက်ကတည်းက. ထိုပုစ္ဆာကို အဖြေ ရှာခဲ့ရသည်မှာ ယခု ဆဲ့နှစ်နာရီ ထိုးသွားပါပြီ။ အဖြေမထွက်သေး။

အိပ်ကဖြင့် အိပ်ချင်လှပြီ။ အိပ်ရေးမဝလျှင် မနက်ဖြန် စာမေးပွဲခန်းထဲ ငိုက်နေတော့မည်။ အို-မရချင် နေပစေတော့ အိပ်မှ။ သည်ပုစ္ဆာ မတွက်တတ်တာနှင့်တော့ စာမေးပွဲမကျနိုင်ပါဘူး။

သို့သော် တကယ်တမ်း ကျတော့ မညိုမအိပ်ရဲပါ။ သည်ပုစ္ဆာမှ အဖြေမထွက်လျှင် နှစ်နှစ် ခြိုက်ခြိုက် အိပ်ရနိုင်မည်မထင်ပါ။ ဟိုနေ့တွေ တုန်းကတွက်ပြီးသားပဲ။ ဘာကြောင့်မတွက်နိုင်ရမလဲ။ တော်ကြာစာမေးပွဲမှာပါလာယင် ပိုင်သွားအောင် ကြိုးစားလိုက်အုံးမှ....။

မညို တွက်သည်။ငိုက်သည်၊ တွက်သည်။အဖြေမထွက်သေး။ အဖြေရယ်ထွက်ပါတော့၊ မညိုကလေး တမော့မော့။

မညိုသည် စာကြည့်စာပွဲမှထကာ အိမ်အောက်သို့ ဆင်းခဲ့သည်။ အိပ်ချင်ပြေသွားအောင်ဆိုပြီး မျက်နှာသစ်သည်။ အညောင်းပြေသွားအောင် ကိုယ်လက်လှုပ် ရှားနည်း သုံးမျိုးလောက် လုပ်ပစ် လိုက်သည်။ ခေါင်းရှင်း သွားပြီ၊ မျက်လုံးတွေ ကြည်လာပြီ၊ တကိုယ်လုံးပေါ့ပါး လန်း ဆန်း လာ ပြီ ဆိုတော့ အိမ်ပေါ်ကို ပြန်တက်ခဲ့သည်။

အိမ်ရှေ့ခန်းကို ဖြတ်အလာတွင် ဖေဖေ့စာပွဲပေါ်က စာပွဲတင် နာရီ၏ တချက်ချက် မြည်သံကို မညိုသတိပြုလိုက်မိသည်။ ရုတ်တရက် အကြံရကာ နာရီကိုသွားယူသည်။ ထို့နောက် စာကြည့်စာပွဲသို့ပြန်လာပြီးနာရီကိုရှေ့ချကာ ပုစ္ဆာကို ကြည့်လိုက်၊ နာရီကို ဟိုလှည့်သည်လှည့်လှည့်လိုက်၊ စဉ်းစားလိုက် လုပ်နေပါတော့သည်။

အတော်ကလေး ကြာတော့ မညိုသည် ခဲတံကို ကောက်ကိုင်ကာ တကုတ်ကုတ် တွက်နေပါတော့သည်။ ဟော-အဖြေရပြီ။

မညို၏မျက်နှာတွင် အပြုံးစကလေးတွေ ပြန်လည်တောက်ပ လာပြန်လေပြီ။

မညိုသည် နာရီ ပုစ္ဆာသစ်သုံးပုဒ်ကို ဆက်တိုက် တွက်ပစ်လိုက်သည်။ ချက်ချင်း အဖြေမှန်ကို ရလေသည်။

မညိုသည်ခဲတံကိုချ၊စာအုပ်ကို ပိတ်လိုက်သည်။ အညောင်းဆန့်ပြီး တချက် သန်းလိုက်သည်။ ထို့နောက် နာရီကို ပြုံးကြည့်ပြီး ကောက်ကိုင်ကာ နမ်းလိုက်သည်။

"မင့် ကျေးဇူးပါဘဲ နာရီကလေးရယ်"ဟုလည်း တိုးတိုးပြောလိုက် ပါသည်။ နာရီကအင်းလိုက်သယောင်ယောင်ဖြင့်တချက်ချက် မြည်လျက်။

မညိုသည် နာရီကို ကျေးဇူးတင် စကား ဆိုလိုက်သလို သူ၏မလျှော့သော လုံ့လကို ကျေးဇူးစကားဆိုရန်ကိုမူမေ့လျော့သွားခဲ့ယောင် တကား။

# လမိသားစု

ဝင်းဝင်းပပ ဒေါ်ရွှေလ၊
မိုးကောင်းကင်ရဲ့ အိမ်ရှင်မ။

ထိန်းရသိမ်းရ မအားရှာ၊
ကြယ်သားသမီး များလှတာ။

နေ့ဘက်ချိန်ခါ လုပ်ခွင်သွား၊
ကြယ်သားသမီး ကျောင်းပို့ထား။

မိသားတစု စုံစုံညီ၊
လပြည့်ညမှာ တွေ့နိုင်သည်။


ကြည်ကြည်လင်လင် ကြယ်ခပင်း၊
လမင်းအနား ဝိုင်းရံလင်း။

ပုံပြင်ခင်းမို့ ပျော်သကို၊
ကြယ်ကလေးတွေ မျက်နှာချို။


တိမ်တိုက်တွေကို ထိုင်ခုံလုပ်၊
ပုံနားထောင်ရင်း မေးခွန်းထုတ်။

မှိတ်တုတ်တုတ်
မှိတ်တုတ်တုတ်။ ။

မောင်မေ



R. 517



# တီလာပီးယား

မြန်မာနိုင်ငံတွင် တီလာပီးယားငါးမျိုးကို မွေးမြူရေးမှ ရရှိသည်။ နိုင်ငံခြားငါးမျိုးဖြစ်သည်။ စားကောင်းသည်။ ၁၉၃၇၊ ၁၉၃၉ ခုနှစ်ခန့်က ယင်း ငါးမျိုးကို အရှေ့ဂျာဗားကျွန်းစုတွင် ပထမဦးဆုံး စတင်တွေ့ရှိခဲ့သည်ဟုဆိုသည်။ တီလာပီးယားတို့သည် အဲလ်ဂျီခေါ် ပင်လယ်ရေညှိတမျိုးကို အလွန် နှစ်သက်သည်။ ကမာကောင်တို့၏ အသားများ၊ ပုစွန်ဆိတ် ကလေးများနှင့် အခြားခရု ဂဏန်းကောင်ကလေး များကိုလည်း စားသုံး တတ်ကြသည်။ အရွယ်ရောက်သော တီလာပီးယား လေးလက်မမှ ခုနစ်လက်မထိ ရှိသည်။ ငါးအမသည် အထီးထက် အရွယ်ကြီးမားပြီး တုတ်ခိုင်သော ကိုယ်ထည်ရှိသည်။ ကျောပိုင်းသည် ရေညှိရောင်ဖြစ်ပြီး သူ့တောင်များ၏ အဖျားပိုင်း အနီရောင်ဖြစ်ကာ မေးစေ့ပိုင်း ဝါသည်။ အထီးသည် မျိုးပွားချိန်တွင် ရေညှိရောင်မှ တောက်ပသော အပြာရင့်ရောင်သို့ ပြောင်းလဲ သွားတတ်သည်။ အမသည် ဥများကို ရေထဲ၌ပင် အုရှ် သနွေအောင်ပြီး ဖွံ့ဖြိုးလာသည့် ဥများကိုဖခင် ငါးအထီးက သားပေါက်သည် အထိ ပါးစပ်ထဲ၌ ငုံထား ပေးသည်ဟုဆိုသည်။

တီလာပီးယားသည် ကြီးထွားနှုန်း မြန်ဆန်သည့်အပြင် လျင်မြန်စွာ မျိုးပွားတတ်သည်။ ယင်းတို့ကို အလွယ်တကူ မွေးမြူ၍လည်းရသည်။ ထို့ကြောင့် မွေးမြူရေးငါးများ အနက် လူကြိုက်များသော ငါးဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် တီလာပီးယားတို့ကို ရေကန်များတွင် မွေးမြူထားပြီး အဲလ်ဂျီတို့ကို ရှင်းလင်း ပစ်စေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဲလ်ဂျီတို့သည် ငှက်ဖျားရောဂါ ဖြစ်စေသော ခြင်တမျိုး၏ သားလောင်းများ ခိုအောင်းရာနေရာ ဖြစ်သောကြောင့် ဖြစ်၏။


သောင်းစု (သုတေသန)

၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉-၃၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၄၀။


# ရွှေသွေး ဂျာနယ်





၁၃၃၆ ခု၊ တော်သလင်းလဆုတ် ၅ ရက်(၅-၁၀-၇၄)



စနေနေ့တိုင်းထုတ်ဝေသည်။



အခါတပါး နရာယန ပြည်ကြီး၌ ဓမ္မာရာဇ ဘုရင်ကြီးသည် တရားနှင့်အညီ အုပ်ချုပ်ကာ စိုးစံတော်မူသတတ်။
....မင်းကြီးများ ... နေအိမ်ကြီးသဖွယ် အခန်းခန်း အဆောင်ဆောင် ရှိတဲ့ - နေ၊ လ၊ တာရာ မမြင်ရတဲ့ လိုဏ်ဂူကြီး တခု ဆောက်လုပ်ပြီး သင်္ကါလ - သားတော် နှစ်ပါးကို ပညာသင် စေလို တယ်.... ....
မှန်လှပါဘုရား.... လူ့ပေါင်းရုံ နေတဲ့ကျောင်းမှာ သားတော်များကို ပညာသင်စေပါက -(မဲနဲ့ နီ ပါး - အတူထားက၊ နီပါး မဲစေ်နံ့လတ့်).(ကျွန်နဲ့ အရှင့်သား - အတူထားက - အရှင့်သား - ကျွန်စေ်နံ့လတ်) ဆိုသလို - မသင့်တော်၍ - ကျွန် ဆင်းရဲ သားများရဲ့ မကောင်းတဲ့ အကျင့် - မတော်တဲ့ ဝတ်စား ဆင်ယင်မှု - မတော်တဲ့ အပြောအဆို - မတော်တဲ့ ဟန်အမူအရာ များ ကူးစက် မည်ကို စိုးရိမ် ရကြောင်း ပါ ဘုရား -----
ငါကိုယ်တော်မြတ် ရည်ရွယ်ချက်ကား - အမတ်ကြီး သံတော်ဦး တင်သလို - လူ့အဆင့်အတန်း ခွဲခြား လို၍မဟုတ် .... မင်းသား ဆိုတဲ့ မာန် မာန တက်ပြီး - သူတပါး သားသမီးကို မတရား အနိုင်ကျင့်မှာ က - တိုင်းသူပြည်သားတို့ နှစ်မြို့ကြ လိမ့်မည် မဟုတ်၍ - ဤသို့ ကြံရွယ်ခြင်း ဖြစ်သည်။ လိုဏ်ဂူကြီး ဆောက် လုပ်ရန် အမြန် စီမံစေများ ..... .......
အမိန့်တော်မြတ် အတိုင်းပါ ဘုရား
လိုဏ်ဂူကြီး ဆောက်လုပ်ပြီးသောအခါ သားတော်နှစ်ပါးကို ဂူတွင်း၌ ပညာသင်စေ၏။
လေးမြှား
အတတ်သင်ခန်း
နှစ်ပေါင်းအတန်ကြာသောအခါ
....အရှင်မင်းကြီး ... သားတော် နှစ်ပါးမှာ ယခု ဆိုလျှင် အရွယ်လည်း ရောက်ပါပြီ၊ ပညာလည်း တတ်ပါပြီ။ ပညာကပေးသော အသိ၊ အရွယ်ကပေး သော သတိဖြင့် - မတရားမှုကို ရှောင်ကြဉ်နိုင်လောက်ပါပြီ ဖြစ်၍ - ရွှေနန်းတော်သို့ ခေါ်ဆောင်စေပြီး ထီးမွေ နန်းမွေများ ပေးချိန်တန်ပြီဖြစ်ကြောင်း ပါဘုရား ....
အိမ်း - ဟုတ် ပေသား ကဲ
ဘုရင်ကြီး၏ ခွင့်ပြုချက်အရ မင်းသားများကို ကြိုဆိုခဲ့ရာ လမ်းတွင် ညီတော် မင်းသားက ကောင်းကင်သို့ကြည့်၍ မေးတော်မူ၏။
ဟို အထက်က - ဝင်းဝင်း ထိန်ထိန်ကြီးဟာ ဘာလဲ
နေမင်း ဖြစ်ပါတယ် အရှင်မင်းသား



နေမင်း ဆိုတာ
ဖခမည်းတော်ထက်
မြတ်သလား
သက်ရှိ - သက်မဲ့အားလုံးကို
ကျေးဇူးပြုပါတယ်။ လေးစား
ထိုက်ကြောင်းပါ -
အရှင်မင်းသား
မကြာမီ ငှက်နှစ်ကောင် ပျံသန်းလာသည်ကို တွေ့လျှင် မေးမြန်းလေ၏။
ဟို အထက်က ဟာ
ဘာလဲ
ကြိုးကြာ ငှက်
များပါ ဘုရား
ကြိုးကြာ ဆိုတာ
ဖခမည်းတော်ထက်
မြတ်သလား
ငှက် တိရစ္ဆာန်
သာ ဖြစ်ပါတယ်၊
မမြတ်
ကြောင်းပါ
ဘုရား
ထိုအခါ စန္ဒကုမ္မာ မင်းသားငယ်သည် လေးနှင့်ပစ်လိုက်ရာ ကြိုးကြာဖိုလည်ပင်းပြတ်၍ မြေသို့ကျလေ၏။
သားတော်နှစ်ပါးကို ပြည်သူ ပြည်သားများ သိကြစေရန် လှည့်လည် အပ္ပဓော် ခံနေစဉ် ကြိုးကြာမသည်ဟစ်တိုင်ရှိတရားစည်ကိုတီး၏။
တရားစည်ကြီးမြည်ဟီးသံကြားရသဖြင့် ဘုရင်ကြီးက ခေါ်၍စစ်လေသော်
... မှန်လှပါဘုရား၊ သားတော်အငယ်က
ကျွန်တော်မ၏ အမျိုးစပ်မဲ့ ခင်ပွန်း
ကို- မတရားသက်သက် လည်ပင်း
ပြတ်သေအောင် လေးနဲ့
ပစ်ခွင်းပါတယ် ဘုရား
ရှိုက် ရှိုက်
ဘုရား ကျွန်မ အသဲ
နှလုံးတွေ ကွဲကျော်
ပါပြီ ဘုရား
ရှိုက် ရှိုက်


ထို့ကြောင့် သားတော်ကို ခေါ်စစ်ဆေးလျှင်
မိဖုရားကြီးသည် မနေသာတော့ပဲ
သို့သော် မင်းကြီးက အမိန့်တော်ချမှတ်၏။
မိဖုရားကြီးတို့သည် အာဏာသားတို့ သားတော်နှစ်ပါးကို ခေါ်သွားသော တောထဲသို့ တိတ်တဆိတ်လိုက်သွားကြပြီး
အာဏာသားများကိုတောင်းပန်၍တံစိုးလက်ဆောင်များပေးကာ သားတော်တို့ကို ရုပ်ဖျက်၍ တိုင်းတပါးသို့ သွားရန် လမ်းညွှန်လိုက်လေသည်။


မင်းသားနှစ်ပါးသည် မယ်တော်ဖုရား ညွှန်လိုက်သော လမ်းအတိုင်းလိုက်ခဲ့ရာ
ခရီးလဲ အတော်ဝေးလာပြီ။ ရှေ့က ညောင်ပင်ကြီး အောက်မှာ - ခဏ နားကြအုံးစို့
မင်းသားများ အပန်းဖြေနေစဉ် ရွှေဥဒေါင်းတကောင်သည် ပျံသန်းလာပြီး ထိုညောင်ပင်ထက်နား၌ နားလေရာ....
နောင်တော် - နောင်တော် ကြည့်တော်မူပါအုံး။ လှလိုက်တဲ့ ရွှေဥဒေါင်းကြီး။ ညီတော် ပစ်ချ လိုက်မယ်။
မပစ်ပါနဲ့ ညီတော်ရယ်။ ကြိုးကြာပစ်မိလို့ - ခုလို ဒုက္ခ ရောက်နေတာ မဟုတ်လား
ဟာ - - နောင်တော် ကလဲ၊ ဟိုတုန်းက မြို့ပေါ်မှာဖြစ်လို့ အပစ်ဒဏ်သင့်တာပါ။ အခု - တောထဲမှာဘဲ။ တရားလိုလဲမရှိ ဆိုယင် - အပြစ် မရှိနိုင်ပါဘူး
ညီတော်သည် ပြောပြောဆိုဆိုပစ်ချလိုက်၏။
များမကြာမီ မြင်းခွာသံများ ပေါ်ထွက်လာရာ
ခွပ် ခွပ်
ခွပ် ခွပ်
နားထောင်စမ်း - ညီတော်။ ဘုရင့် တပ်သားတွေများလား။ ဒုက္ခပါဘဲ။
ဟဲ - ဟဲ - ခွါသံတွေ နီးလာပြီ။ ဟုတ်သော်ရှိ - မဟုတ်သော်ရှိ - ဒီ ရွှေဥဒေါင်းသေကို ဝှက်ထားမှ ဖြစ်မယ်။
လွယ်ပါတယ် - နောင်တော်ရယ်။ ဟောဒီလို - ညောင်မြစ် ကြားထဲ ထားပြီး - သစ်ရွက်ခြောက်တွေနဲ့ဖုံးထား လိုက်ယင် - ပြီးတာဘဲ၊ ဟဲ ဟဲ၊
ညီတော့် လေးနဲ့ မြှားပါ - ဝှက်ထား အုံးလေ


ထိုခဏ၌ ဘုရင့်မြင်းတပ်ကြီးရောက်လာပြီး
အမောင်တို့
အမောင်တို့ -
ရွှေခုံဒေါင်းကြီးတကောင်များ
မတွေ့မိဘူးလား
တွေ့ပါတယ်။
ပိုး ဘက်ကို
ပျံသွားလေရဲ့
တဖန် ဘုရင့် ဆင်တပ်ကြီးပေါ်လာပြီး
မောင်ရင်တို့
မောင်ရင်တို့ -
ဒီဘက်မှာ - ရွှေ
ခုံဒေါင်းကြီး
တကောင်
တွေ့မိလား
တွေ့ပါတယ်။
ပိုးဘက်ကို
ပျံသွားလေရဲ့
များမကြာမီ ခြေလျင်တပ်ကြီးဆိုက်လာပြီး
ဟေ့ - သူငယ်တို့ .... ရွှေခုံဒေါင်း တကောင်များ
မြင်မိသေးလား
တွေ့ပါတယ်
ပိုး ဘက်ကို
ပျံသွား လေရဲ့
တပ်မတော်များ သဲသဲမဲမဲ လိုက်ရှာခြင်း အကြောင်းကိုသိလို၍ နောက်ဆုံး တပ်သားနားချဉ်းကပ်ကာ နောင်တော်က
ဒီမှာ... ရွှေခုံဒေါင်းကို
ဘာဖြစ်လို့ လိုက်ရှာ
နေကြတာလဲ - ဟင်
အို မျာ - သူ့ဒေါင်းစားယင်
မင်းဖြစ်သတဲ့။ သူ့အသဲ
အမြစ်စားယင် - ဒို့ထဲ
မျက်ရည်ဟာ - ပုလဲလုံးဖြစ်သတဲ့။
ရယ်လိုက်ယင် ပါးစပ်ထဲက -
ပန်းပွင့်များထွက်တယ်လို့
စာညွှန်းရှိလို့ ဘုရင်
ကြီးက လိုက်ဖမ်း
ခိုင်းလိုက်ပါမျ
တပ်သားများ ဝေးသွားပြီး နောက်ထပ်ပေါ် မလာတော့မှ ဒေါင်းသေကို မီးကင်၍ စားကြတော့သည်။
နောင်တော်က - ဦးခေါင်းစား
ညီတော်က - အသဲ
အမြစ်စားမယ်
အေး အေး -
အသားကို တော့
မျှတ စားကြ
တာပေါ့
စားသောက်ပြီးသော် တတောဝင် တတောင်ထွက်နှင့် ခရီးဆက်ကြ၍ အနုရာဓ ပြည်ရှိ ဥယျာဉ် အတွင်း သစ်ပင် တပင်အောက် ကျောက်ဖျာထက်၌ အပန်းဖြေကြပြန်၏။


နားနေခိုက် တပ်သားများကို (ရွှေဥဒေါင်း ဟိုဘက်ပျံသွားလေရဲ့)ဟု လှည့်ပတ်ပြောဆို ခဲ့သည်ကို ပြန်ပြောရင်း ရယ်ကြရာ....
အဲ - ကောင်းသားဘဲ။
ရွာထိပ်တွင် မုံ့သည်တဦးကိုတွေ့ကြရာ....
မုံ့သည်မသည် မုံ့လုပ်၍ရောင်းခိုင်းသော မုံ့ဖိုသို့ ပြန်ပြေးသွား၏။
ဆက်ရန် —






စိုးလှိုင်မြင့်


# ယူဂိုဆလားဗီးယား

တောင်ထူထပ်၍ သစ်တောပေါများသော ယူဂိုဆလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတ နိုင်ငံသည် ဥရောပတိုက်၌ တည်ရှိ၍ အကျယ်အဝန်းမှာ စတုရန်းမိုင် ၉၈,၇၆၆ ဖြစ်၏။ ပတ်ဝန်းကျင်နိုင်ငံများမှာ ဩစတရီးယား၊ ဟန်ဂေရီ၊ ရူမေးနီးယား၊ ဗူလဂေးရီးယားနှင့် ဂရိနိုင်ငံတို့ ဖြစ်၍ အနောက်ဖက်တွင် အေဒြိယက်တစ် ပင်လယ်ရှိသည်။

မြေမျက်နှာပြင်နှင့် အရပ်ဒေသကို လိုက်၍ ရာသီဥတုကွဲပြားမှုရှိသည်။ အနောက်မြောက်နှင့် အနောက်တောင်ပိုင်းတို့သည် မိုးကောင်း၍ အရှေ့နှင့် အရှေ့တောင်ပိုင်း ဒေသတို့သည် မိုးနည်းလေသည်။

နိုင်ငံ၏ လူဦးရေမှာ ၂၀,၅၅၀,၀၀၀ ဖြစ်၍ နေထိုင်သော လူမျိုးများမှာ ဆာပ်၊ ကရိုးအက်၊ ဆလိုဗင်း၊ မက်ဆီဒိုးနီးယန်းစသည်တို့ ဖြစ်၏။ အော်သိုဒေါ့ ခရစ်ယာန်ဘာသာ၊ ဗရင်ဂျီဘာသာ၊ ရေဖြန်းခရစ်ယာန်ဘာသာ၊ အစ္စလမ်ဘာသာတို့ကို ယုံကြည်ကိုးကွယ်ကြ၍ အော်သိုဒေါ့ ဘာသာဝင်မှာ အများဆုံးဖြစ်၏။ အဓိက သုံးစွဲသော ဘာသာစကားမှာ ဆလိုဗင်း၊ မက်ဆီဒိုးနီးယန်းနှင့် ဆာဗိုကရိုးအက်တို့ဖြစ်၏။ မြို့တော်မှာ ဗဲလဂရိတ်ဖြစ်သည်။


လူဦးရေ၏ ထက်ဝက်ခန့်သည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ဂျုံ၊ ပြောင်း






မုယောစပါး၊ ဆေးရွက်၊ မြင်းစားဂျုံ၊ မြစ်ရည် ခတ်ဆေးပင်နှင့်အခြားသီးနှံပင်များကိုအဓိက ထားစိုက်ပျိုး၏။ အဓိကထွက်ရှိသော သယံဇာတတို့မှာ ကျောက်မီးသွေး၊ သံ၊ ကြေးနီ၊ အင်တီမိုနီ၊ မန်ဂနိ၊ ခဲ၊ ပြဒါး၊ ဆားနှင့် ဗောက်ဆိုက် စသည်တို့ဖြစ်၏။ စက်မှုလက်မှု လုပ်ငန်းကိုအစီအစဉ်နှင့်တိုးတက်လုပ်ဆောင် လာခဲ့ပေရာ စိုက်ပျိုးရေးမှာ အရေးမပါတော့ သကဲ့သို့ဖြစ်လာသည်။ လုပ်ငန်း အများစုမှာ ပြည်သူပိုင်ဖြစ်၍ ပုဂ္ဂလိက လုပ်ငန်းမှာ အကန့်အသတ်နှင့် ဖြစ်လေသည်။





၁၉၅၂ ခုနှစ်မှ စတင်၍ လုပ်သားတိုင်း အခြေခံလုပ်ခနှင့်သမဝါယမ လုပ်ငန်းများတွင် အမြတ်ခွဲဝေခံစားခွင့် ရရှိခဲ့၏။ စက်မှုလက်မှုလုပ်ငန်းများတွင် အလုပ်သမား ကောင်စီများက စီမံခန့်ခွဲလေသည်။ ခရီးသွား လုပ်ငန်းသည် တိုးတက်နေပေရာ အထူးသဖြင့် သာယာလှပသော အေဒြိယက်တစ်ကမ်းခြေကြောင့် အနောက် နိုင်ငံများမှ ခရီးသွားဧည့်သည် အများအပြား လာရောက်ကြသည်။ သုံးစွဲသော ငွေကြေးမှာ ဒီနာဖြစ်လေသည်။



ဆားဗီးယား နိုင်ငံသည် တူရကီတို့ သိမ်းပိုက် အောင်မြင် ပြီးနောက် ၁၀၅၀ မှ ၁၃၇၉ ခုနှစ်အထိ အရေးပါသော နိုင်ငံတခု ဖြစ်ခဲ့၏။ ဝါဒ်ပို ဆပ် တို့ နေထိုင်သော ဆားဗီးယား နိုင်ငံ၊ အပါအဝင် ကရိုးအက်နှင့် ဆလိုဗင်းတို့၏ နိုင်ငံတို့သည် နောက်ပိုင်း၌ ယူဂိုဆလားဗီးယား နိုင်ငံ ဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။

၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက် နေ့တွင် သမ္မတ နိုင်ငံ တည်ထောင်၍ မာရှယ် တီးတိုး ဟု လူသိများသော ဂျိုးစစ် ဗရော့ဇ် တီးတိုးမှာ ရာသက်ပန် သမ္မတ ဖြစ်လေသည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာ့ ကုလသမဂ္ဂ၏ အဖွဲ့ဝင် နိုင်ငံဖြစ်လာသည်။


ကပ်စေးနှဲကလေး
ရေးဆွဲသည်
ဆံနီတို့လူစုသည် မောင်မောင်ညိုအား အပေါင်းအသင်း မလုပ်ကြပေ။
အဲဒီ... ငညိုဆိုတဲ့ ကောင်ဟာ တပြားကို နှစ်ပြားမှတ်ပြီး ချွေနေတဲ့ကောင်ကွ
ဟိုနေ့က – ငါကျောင်းလစ်ပြီး ရုပ်ရှင်ကြည့်မလို့ အဲဒီက ပိုက်ဆံချေးတာ မပေးဘူးကွ
အလကား ကောင်
ဟုတ်တယ် ဒီကောင်... ဒို့ကို လဖက်ရည်တခါမှ ဝယ်မတိုက်ဖူးဘူး
အေးကွ – ဒါလောက် ကပ်စေးနှဲတဲ့ကောင်မျိုးကို အပေါင်းအသင်း မလုပ်တာဘဲကောင်းတယ်



လူကြီး သူကြီးများကမှ မောင်မောင်ညိုကို ချီးကျူးကြသည်။
မောင်မောင်ညိုကို အတုယူစမ်း ဆံနီ
လူကြီးများက ချီးကျူးလေ ဆံနီတို့ လူစုမှာ မကျေနပ်ကြလေ။
ဒီ...ကပ်စေးနှဲကိုများ အတုယူရမတဲ့ တူးပါ့များ
ယနေ့သည် ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲ ပြုလုပ်မည့်နေ့ ဖြစ်၍ ကျောင်းသူ ကျောင်းသားများ ကျောင်းသို့ တဖွဲဖွဲ လာနေကြသည်။
မမအေး××× မမအေး
ဟဲ့ကောင်လေး
ဟဲ့ကောင်လေး
ဒီလိုဆို ညှင်တာ ပေါ့×
ဒီလိုဆို× ညှင်းညှင်းတာ ပေါ့နော်....
အခမ်းအနား အစီအစဉ်တခုတွင် အလှူရှင်များ အမည်စာရင်းကို ဆရာမက ကြေညာရာ
မောင်မောင်ညိုက ကျောင်းဆောင်အတွက် ငွေငါးဆယ်နဲ့- စာကြည့်တိုက် အတွက် စာအုပ်ဆယ်အုပ် လှူဒါန်းပါတယ်
လက်ခုပ်သံများနှင့်အတူ ဆံနီတို့ လူစု လှုပ်လှုပ် ရွရွ ဖြစ်သွားကြသည်။
ဖြောင်း
ဖြောင်း
ဖြောင်း
ဖြောင်း
ဟင်......
ဟာ...


ဒီလောက် ကပ်စေးနှဲတဲ့ကောင်က ငွေငါးဆယ်တောင် လှူသတဲ့-အံ့ရော
သူ့မိဘ ပေးတဲ့ပိုက်ဆံ ဖြစ်မှာပါကွာ
ထိုစဉ် မောင်မောင်ညိုရောက်လာပြီး
မဟုတ်ပါဘူး သူငယ်ချင်းတို့ရ ငါကိုယ်တိုင်စုထားတဲ့ ပိုက်ဆံပါ
စာအုပ်တွေကလဲ ငါ့ပိုက်ဆံနဲ့ ဝယ်ထားတာ
မုန့်ဖိုးထဲက ပိုတဲ့ပိုက်ဆံကိုစုထားတာပါကွ ငါက-ပိုက်ဆံကို လိုအပ်သလောက်ဘဲသုံးတယ် အပိုကိစ္စတွေအတွက် မဖြုန်းဘူး
တကယ်တော့-မင်းတို့က ပိုက်ဆံကို အရမ်းသုံးနေဖြီး ငါက-လိုအပ်သလောက်ဘဲသုံးတော့ ငါ့ကို....စေးနှဲတယ်လို့ မြင်ကြတာပေါ့
ဆံနီတို့ လူစုသည် ယခုအကြိမ်တွင် အလှူငွေမထည့်ဝင် လိုက်နိုင်သော်လည်း နောက်တကြိမ်တွင် ထည့်ဝင်နိုင်ရန်အတွက် မောင်မောင်ညိုကို နမူနာယူကြလေပြီ တည်း။
ချွေတာစုဆောင်း သူဌေးလောင်းတဲ့
အပိုမဖြုန်း ကောင်းစွာသုံး
ကပ်စေးနှဲ လေးတွေမျိုး မဟုတ်...မဟုတ်



# ဓားကိုဖျက် ဝါးမျက်
# လူကိုဖျက် အရက်

"ဓားကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်" ဟူသော စကားပုံ၏ အဓိပ္ပာယ်ကား ဤသို့ ဖြစ်၏။


မည်မျှ အသွားထက်သော ဓားပင်ဖြစ်စေကာမူ ဝါးလုံး၏အဆစ်မှ အမျက်များကို ခုတ်မိသော် ထိုဓားသည် အသွားပဲ့ကာ ပျက်စီးသွားမည်ဖြစ်၏။ ဝါးမျက်သည် ဓား၏အသွားထက်ခြင်းကို ဖျက်ဆီးနိုင်လေသည်။

ထို့အတူ မည်မျှ အကျင့်စာရိတ္တ ကောင်းမွန်သော သူပင်ဖြစ်စေကာမူ ထိုသူသည် အရက်သမားလုံးလုံးလျားလျားဖြစ်သည်အထိ အရက်ကို အလွန်အကျွံသောက်မိပါက တပါးသူကိုစော်ကားခြင်း၊ ဆဲရေး တိုင်းထွာခြင်း၊ လိမ်လည်လှည့်ပတ်ခြင်း စသည်တို့ကို ကျူးလွန်မိကာ အကျင့်စာရိတ္တပျက်ပြားသွားနိုင်လေသည်။

ထို့ကြောင့် ဝါးမျက်သည် ဓားကိုဖျက်ဆီးနိုင်စွမ်းရှိသလို အရက်သည်လည်း လူကိုဖျက်ဆီးနိုင်စွမ်းရှိကြောင်း ဤစကားပုံက သတိပေးနေပေသည်။

မောင်ဝင်းမြတ်

## နားတော့ရှိ ခေါင်းမရှိ





# စိတ်ထားအလှ

ကျော်ညွန့်ဝင်း

မိုးဟာ တစိတ်စိတ်နဲ့ ဖွဲဖွဲကလေး ရွာနေတယ်။အနောက်လေရမ်းကတော့ခပ်ကြမ်းကြမ်းဘဲ တိုက်လာတယ်။ အနောက်လေရမ်း ဝင်မွှေ့သွားတဲ့ အချိန်မှာ အိမ်ရှေ့စပယ်ရုံဆီက စပယ်ပန်း ရနံ့ကို သင်းပျံ့ပျံ့ကလေး ရှူရှိုက် လိုက်ရတယ်။

စပယ်နံ့ကို ရကတဲက စပယ်ရုံမှာ စပယ် ပန်းတွေ ဖွေးနေပြီဆိုတာ ကျမ သိလိုက်တယ်။ ကျမကလဲစပယ် ဆိုယင် ဘယ်လို ကြိုက်မှန်း မသိဘူး။ စပယ်တွေ ပွင့်တာနဲ့ ဦးဦးဖျားဖျားပန်လိုက်ရမှ ကျေနပ်တယ်။ ပြီးတော့စပယ်တရုံလုံး ကုန်အောင်ပန်ချင်တယ်။ ဘယ်သူ့ကိုမှပေးမပန်ချင်ဘူး။ ကျမအိမ်က လူကြီးတွေကတောင်...

"စပယ်ဖွေးဖွေး ထွေးထွေးအို" လို့ အမြဲသတ်မှတ်ထားရတဲ့ အတိပါဘဲ။

ကခါတလေ တဖက်အိမ်က အိမ် ဖော် မ လေး တ ယောက် စပယ် ကောက်ဖို့ လာတတ်တယ်။ ဒီကောင်မလေးက အသားမဲပြီး ရုပ်ရည်ကလဲ ဆိုးလိုက်ထာ၊ မေမေတို့ ပြောတဲ့ ရှေးတုန်းက ပဥ္စပါဝီဆိုတဲ့ အရုပ်ဆိုး မ ကြီး ထက် တောင် သာမယ်။ တခါ သူ ကျမဆီမှာ စပယ်ပန်း လာတောင်းတုန်းက ကျမ စိတ်ထဲမှာ ဘယ်လောက်များ ဒေါသ ဖြစ်လိုက်သလဲဆိုတာ ပြော မပြ နိုင်အောင်ဘဲ။ ကြည့်ပါအုံးရှင်၊ ရာရာ စစ အသားမဲမကများ စပယ်ဖွေးဖွေး ကလေးတွေကို ပန်ချင်လို့တဲ့။ ကျမလဲ စိတ်ပေါက်ပေါက်ရှိတာနဲ့....

"ဟဲ့.... နှင့် ရုပ်နဲ့ စပယ်နဲ့တန်သလား" လို့ အော်ငေါက်ပြောပစ် လိုက်တယ်။ အဲဒီကစပြီး နောက်ကို ကျမရဲ့စပယ်ရုံမှာ သူ ဘယ်တော့မှ စပယ်ကောက် မလာတော့ဘူး။

အိမ်ပြင်မှာ လေထန် မိုးသဲလာလို့ စပယ်ပွင့် ကလေးတွေကြွေကျကုန်တော့မယ်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ ကျမဟာ ခေါက်ထီးပြာကလေးကိုဆောင်း၊ ဖလားကလေး တလုံးကိုယူပြီး စပယ်ကောက် ဆင်းခဲ့တယ်။

စပယ်ပွင့် ကလေး တွေဟာမခူးရက်စရာ ပွင့်နေကြပြီ။ ပွင့်သမျှ အကုန်ခူးသိ၊ ခေါင်းမှာဝေနေအောင်ပန်ပြီးမှ–

"ကြည့် စမ်း ပါ အုံး၊ သ မီးလှရဲ့လား" လို့ မေမေတို့ ရှေ့မှာ သွားကြွားရအုံးမယ်။

အဲဒီ အတွေးနဲ့ဘဲ ကျမ စပယ်ရုံနားကို အလာ၊ ရုတ်တရက် စပယ်ရုံကလဲ လေတိုက်လို့အယိမ်း၊ အိမ်ရှေ့ကနေ ဖြတ်သွားတဲ့ "မိရုပ်ဆိုး" ကလေးကို လှမ်းမြင် လိုက်ရတယ်။ ကြည့်စမ်း၊ သူ့လက်ထဲမှာလဲ စပယ်ကုံးကလေးတွေ ဆွဲလို့။ ကျမလေ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး။ နေအုံးဒင်း ငါ့အကြောင်း သိစေ့မယ်။ ဒေါသဖြစ်ဖြစ်နဲ့ ကျမသူ့နောက်ကို လိုက်သွားပြီး–

"ဟင်....ငါ့စပယ်တွေ ညည်း

ခူးလာပြန်ပြီပေါ့လေ၊ ဟုတ်လား၊ ပေးစမ်း”

ပြောရင်းက သူ့လက်ထဲက စပယ်ကုံးကလေးတွေကို ကျမ လှမ်းဆွဲယူလိုက်တယ်။ စပယ်ပွင့်ကလေးတွေဟာ ကြိုးပြတ်ပြီး တပွင့်စီ ဖြစ်ကုန်တယ်။

“ကျမ.... ကျမ ဟောဟို ပန်းသည်ကြီးဆီက ဆယ်ပြားဖိုး ငါးကုံးနဲ့ ဝယ်လာတာပါ မမရယ်....”

“မိရုပ်ဆိုး” လေး ညွှန်ပြတဲ့ဆီ လှည့်ကြည့်လိုက်တော့၊ ပန်းသည် အဒေါ်ကြီး တယောက် ပန်းဗန်းကြီး ရွက်လို့ သွားနေတာကို မြင်ရတယ်။ မိရုပ်ဆိုးလေးက ငိုမဲ့မဲ့နဲ့ ဆက်ပြောသေးတယ်။

“ကျမ မမရဲ့ စပယ်ရုံကို မမ ပြောလိုက်တဲ့ နေ့က စပြီး မလာတော့ပါဘူး၊ ကောက်လဲ မကောက်တော့ပါဘူး”

ပြောရင်း မိရုပ်ဆိုး လေးဟာ ခြုံလာတဲ့ အဝတ်ပိုင်းနဲ့ သူ့မျက်နှာက စီးကျလာတဲ့ မျက်ရည်တွေရော၊ မိုးစက်တွေကိုပါ သုတ်လိုက်တယ်။

“နေပါအုံး၊ ညည်းရုပ်နဲ့များ စပယ်ပန်း ပန်ချင်သေးလား” လို့ ကျမက မေးလိုက်ယင်ဘဲ မိရုပ်ဆိုး လေးဟာ တရှုပ်ရှုပ်ငိုရင်း....

“ပန်ဘို့ မဟုတ်ပါဘူး မမရယ်.... ဘုရားတင်ဘို့ ဝယ်လာတာပါ။ ကျမရဲ့ ဘဝက ကုသိုလ်ကံ အကျိုးပေးနဲ့လို့ အသားမဲပြီး အရုပ်ဆိုးရတဲ့ အပြင်၊ သူများအိမ်မှာ အခိုင်းအစေ အဖြစ် နေရတဲ့ ဘဝပါ။ ဒီလို ဘဝမျိုးကို နောင်ဘဝတွေမှာ မကြုံပါရစေနဲ့ လို့ ဘုရားမှာ ဆုတောင်း ချင် လို့ ပါ။ ကျမ ရုပ်ရည်ကို ကြည့်ပြီး ‘မရှိခိုးနိုး၊ မလှ စုန်းရိုး’ လို့ မမ ထင်ပေမဲ့၊ ကျမစိတ်ကတော့ စပယ်လိုဘဲ ဖြူဖွေးသန့်ရှင်းပါတယ်”

မိုးဟာတဝုန်းဝုန်းနဲ့ အပြင်းထန် ဆုံး ရွာ ချ လိုက် ပြီး တဲ့နောက်မှာ တဖြေးဖြေး ပြန်စဲသွားပါတယ်။ မိရုပ်ဆိုး လေးဟာ အဝတ်ပိုင်းကလေးကို ခြုံပြီး၊ တရှုပ်ရှုပ် ငိုရင်း မိုးဖွဲအောက်မှာ ဆက်လျှောက်သွားရှာတယ်။ ကျမကတော့ ရင်ထဲမှာ ဆို့ သလိုဖြစ်ပြီး ငိုင်ကျန်ရစ်ခဲ့တယ်။

ဆုပ်ထားတဲ့ ကျမရဲ့ လက်ထဲမှာ ကျမမြတ်နိုးတဲ့ စပယ်ပွင့်ကလေးတွေဟာ ကြေမွ နေပြီလေ။ ထို့အတူဘဲ ကျမရဲ့ ခက်ထန်တဲ့စိတ်ဓာတ်ဟာလဲ အရည်ပျော်သွားပါပြီ။ “ကျမ စိတ်ကတော့ စပယ်လိုဘဲ ဖြူဖွေး သန့်ရှင်းပါတယ်” ဆိုတဲ့ မိရုပ်ဆိုးလေးရဲ့ စကားဟာ ကျမရဲ့ မဲညစ်နေတဲ့ စိတ်ဓာတ်ကို ဖြူစင်သွားစေပါပြီ။ စပယ်တွေ ခူးပြီးယင် တော့ ကျမ မိရုပ်ဆိုးကလေးနဲ့ တွေ့ရပါအုံးမယ်။

# ပတ်ဝန်းကျင်

တိမ်မျှင်ဇာပါး ရွှေကာရှား
တိမ်သားဘာကြောင့်လွင့်ရတယ်။

ထိုပတ်ဝန်းကျင် လေအားနှင်
တိမ်မျှင်သူကြောင့်လွင့်ရတယ်။

သစ်သီးခူးခြွေ မြေသို့ကြွေ
အဆွေဘယ်သို့ထင်မိတယ်။

မြေဆွဲအားလျှင် သူဆွဲငင်
မြေပြင်သစ်သီးကြွေရတယ်။

မိုးစက်တို့လျှင် အာကာခွင်
ဘယ်သွင်ဖြစ်လို့လာရတယ်။

ရေခိုးရေငွေ့ လေနှင့်ဓတ္တု
မိုးငွေ့မိုးစက်ဖြစ်ရတယ်။

မြင်သမျှလျှင် ပတ်ဝန်းကျင်
ဆင်ခြင်ကြည့်က သိကြတယ်။ ။

မောင်လှိုင်သွင်



# ငလင်ပန်း

ငလင်ပန်းသည် ခန္ဓာကိုယ်ရှည်လျားပြီး မြွေနှင့်သဏ္ဍာန်တူသည့် သန်မာသောငါးမျိုး ဖြစ်သည်။ အလွန် ရဲတင်း ဖျတ်လတ်သော သတ္တဝါများ ဖြစ်ကြသည်။ ရန်မူတတ်သော ငါးမျိုးလည်း ဖြစ်သည်။ ငလင်ပန်းတို့တွင် အဆိပ်မရှိသော်လည်း ယင်းတို့၏ အကိုက်ခံရလျှင် ချက်ချင်းကုရသည်၊ သို့မဟုတ်လျှင် အဆိပ်တက်တတ်သည်ဟုဆိုသည်။ အပူပိုင်းဒေသများတွင် အများဆုံး တွေ့ရှိရသည်။ တွင်းများ တူးမြောင်းများတွင်၎င်း၊ရေမှော် ရေညှိများရှိသည့် နေရာများတွင်၎င်း နေထိုင်တတ်ကြသည်။

ဤငါးတို့တွင် အောက်မေးရိုးသည် အထက်မေးရိုးထက်တိုနေသည်။သွားများသေးငယ်သည်။ အမြီးသည် ဘေးတိုက် ပြားနေသည်။ထူးခြားသည်ကားစအိုဝကို ခန္ဓာကိုယ်၏ ရှေ့ဖက်တဝက်အပိုင်းတွင် တွေ့ရှိရခြင်းပင်ဖြစ်၏။ အကြေးခွံများ ရှိသော်လည်း သေးငယ်လှသည်။

ငလင်ပန်းတို့သည် ရေချို ဒေသတွင်နေထိုင်ကျက်စားတတ်ကြသော်လည်း ဥအုချိန်တွင်မူ ပင်လယ်၌ နေထိုင် တတ်ကြသည်။ မြန်မာနိုင်ငံတွင် ငလင်ပန်း နှစ်မျိုးနှစ်စား တွေ့ရှိရ၏။ တမျိုးသည် အရှည်နှစ်ပေထိရှိပြီး ကျန်တမျိုးမှာမူ လေးပေထိ ရှိသည်။ ငလင်ပန်းကို ရခိုင်ဖက်မှ ငမြိတ်ထုံးဟုခေါ်၏။ယင်းတို့၏ ခန္ဓာကိုယ်အရောင်မှာ သံလွင်သီးရောင် ဖြစ်သည်။ သို့ရာတွင် အောက်ပိုင်းမှာမူ အဝါရောင်သမ်းနေသည်။

ငလင်ပန်း၏ ကိုယ်ထဲတွင် အဆီများသဖြင့် ဒူလာရောဂါရှိသူများ စားသုံးလျှင် အထူးကောင်းသည်ဟုဆိုသည်။

**သောင်းစု (သုတေသန)**



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၄၁။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ တော်သလင်းလဆုတ် ၁၂ ရက်(၁၂-၁၀-၇၄)






စနေနေ့တိုင်း ထုတ်ဝေသည်။

(ယခင်အပါတ်မှ အဆက်)



မုံ့ဖိုပိုင်ရှင်သည် ပဏ္ဏမြားနှင့် မုံ့ဝယ်သူကို တွေ့ဘူးလို၍ လိုက်ကြည့်လေ၏။
မောင်ရင် - မုံ့ဝယ်တဲ့ ပဏ္ဏမြားဟာ - ဘယ်ကရတာလဲ - ကိုယ်ပိုင်လား - သူများဟာလား
ကိုယ်ပိုင်ပေါ့ - ဟောဒီ ပါးစပ်ထဲက ဖြစ်လာတာ
မင်းသားအား ပဏ္ဏမြားရပုံအကြောင်း စုံစမ်းလိုသဖြင့် ဖြားယောင်းခေါ်ရန် ကြံကာ
မောင်ရင် - အိမ်ကို လိုက်ခဲ့ပါအုံး - ကျွေးမွေးပါရစေ၊ စားသောက်နားနေပြီးမှ ပြန်တာပေါ့...
ဦးရယ် - ကျေးဇူးတော့ တင်ပါရဲ့၊ ဒါပေမဲ့ အဖော်တယောက် ရှိနေသေးလို့ - အခုဘဲ ပြန်ပါတော့မယ်
မောင်ရင် - စာထဲမှာ တွေ့ဘူးတယ်၊ ဖြင်းပယ် ဖြင်းဟာ - မင်္ဂလာ မရှိဘူးတဲ့၊ ချစ်လို့ ခင်လို့ ခေါ်တာ - မငြင်းပါနဲ့၊ ခဏလေးဘဲ - ဟုတ်စ.
ဟုတ်ကဲ့ - ဟုတ်ကဲ့ - ဒီလိုဆို လိုက်ခဲ့ပါ့မယ်
အိမ်ရောက်၍ စားဘွယ် သောက်ဘွယ်များ ကျွေးမွေးပြီးသောအခါ -
မောင်ရင် - ပဏ္ဏမြားဟာ - တကယ်ဘဲ ပါးစပ်ထဲက ရတာလား - ဟင်
ထို့ကြောင့် မင်းသားလေးက လက်တွေ့ ရယ်ပြလိုက်ရာ
ဟယ်... ဟုတ်ပ - ဟုတ်ပ - ထူးဆန်းပါပေ့
မုံ့ဖို ပိုင်ရှင်ကြီးသည် ခဏ ထသွားပြီး နောက်ဖေး၌ လူတယောက်နှင့် တီးတိုး ပြောနေပြီး ပေါ်မလာတော့ချေ။
မင်းသားလေးလည်း မကြာမီ အခန်းတွင်း၌ သံခြေကျဉ်းခတ်၍ အဖမ်းခံနေရတော့၏။


ထိုသို့ ဖြစ်နေသော အချိန်တွင် ဥယျာဉ်တွင်း၌ စောင့်ကျန်နေသော နောင်တော် မင်းသား သည် ကျောက်ဖျာထက်၌ လဲလျောင်းရင်း –
အိပ်ပျော်သွားစဉ် ဖုတ်သွင်းရထား လာဆိုက်၏။
လိုက်ပါလာသော မှူးမတ်များက လူမှားနေမည် စိုးရိမ်၍ ပုရောဟိတ် ပုဏ္ဏားများအား လက္ခဏာကြီးငယ် စစ်ဆေးစေရာ
နွား-ကျောင်း သားများ ဖြစ်နေရော့လား
လက္ခဏာ ကြန်အင် ကောင်းများ အပြည့်အစုံ ပါသောကြောင့် မင်းလောင်း ကေန် ဖြစ်တော့ သည်
ထိုအခါကျမှ မင်းလောင်းကို နိုးစေရန် ရည်ရွယ်၍ ခရုသင်းများ၊ ခရာများ မှုတ်စေ၏။
တော်
တူ
မင်းသားအား ဖုတ်သွင်းရထားပေါ်မှ မင်းမြှောက်တန်ဆာ ငါးပါးကို ဆင်ယင်စေပြီးနောက် နန်းတော်သို့ ခေါ် သွားကာ
…ဤ အနုရာဓပြည်- ပြည့်ရှင်မင်းကြီး-နတ်ရွာစံပြီး-ထီးမွေ ဆက်ခံမည့် သားတော် သမီးတော် မရှိရကား-ဤခုနစ်ရက်မြောက်သောနေ့တွင် ဖုတ်သွင်းရထား လွှတ်ကာ မင်းလောင်းရှာရာ----
အရှင်မင်းလောင်းကို တွေ့ရှိကြသဖြင့် နန်းတွင်းသူ နန်းတွင်းသား တို့က ဝမ်းပန်းတသာ ကြိုဆိုရှိ ထီးဖြူ အုပ်မိုး အုပ်မိုးပါမည့် အကြောင်း တောင်းပန် အပ်ပါသည် ဘုရား
အိမ်း-ကောင်းပြီ-နန်းတက်ပွဲအတွက် အစီအစဉ်များသာ စီမံကြလော



မုံ့ဖိုပိုင်ရှင်ကား မင်းသားငယ်ကို အကြောင်းပြု၍ သူဌေးကြီး ဖြစ်သွားလေ၏။
ဟီးဟီး - လောကကြီးမှာ ချမ်းသာချင်တော့လဲ အလွယ်သားဘဲ ။ ဟီး - ဟိုကောင်ကို - ငိုအောင် ညှင်းဆဲလိုက် - ပုလဲ ရလိုက်။ ရီအောင် မြှောက်ပင့်ချက် ပေးလိုက် - ပတ္တမြား ရလိုက်နဲ့ - ဟဲဟဲ - မိုးကုတ်သူဌေး တွေလို - မြေတူး ရှာနေစရာတောင် မလိုဘူး ။ ဟီးဟီး
တနေ့တွင် သူဌေးကြီးသားက နားပူ၏။
ဖေ - ဖေဖေ၊ သား - သားသားလေ၊ အ - အဟီး အိမ်ထောင် - ပြု - ပြု - ချင်ပြီ၊ ဟီး ... ဟီး ... မိန်း - မိန်း - မိန်းမ ... ရှာ - ရှာပေးပါ ... ဟာ
အောင်မယ်၊ ငါ့သားက ချွေးမလောင်း များ တွေ့ထားပြီလား
ဟာ ... အ-အမေ ကလဲ ... ဘယ်-ဘယ်-ရှိရမှာလဲ ... ဗျ-ဟာ။
ထို့ကြောင့် သူဌေးကြီးက တပည့်များကို သားအတွက် ချွေးမရှာ ထွက်စေသည်။
ငါ့သားက အရုပ်ဆိုး - စကားထစ်နေပေမဲ့ ဒီမြို့ ဒီရွာမှာ - သူနဲ့တန်တဲ့ မိန်းမ - တယောက်မှ - ငါ မမြင်ဘူး။ တတိုင်းတပြည်မှာ သွားရှာပေးကြစမ်း ။ ဘယ်လောက် ကုန်ကုန်ပေါ့။ ချောမှာ၊ လှမှာ၊ လိမ္မာမှာ ဖြစ်မယ် ...
ရပါတယ် သူဌေးကြီးရယ်
ချွေးမလောင်း ရှာသူတို့သည် သမုဒ္ဒယပြည် ရောက်သွားပြီး မိန်းကလေးတစုကို တွေ့ရာ—
ဒီကလေးမ ဟာ - လှလဲလှ - ကျက်သရေလဲ ရှိ - အိမ်ခြေလဲကြီး တယ်။ ဘယ်သူ့ဖွားပါလိမ့်
သူဌေးကြီး ဦးဝတ္တိယ သမီး ရှင့် .. ဦးလေးတို့က ဘယ်ကလဲ
အနုရာဓပြည်က - သူဌေးကြီး ဦးဟိန္ဒ ရဲ့ ကိုယ်စားလှယ်တွေပါ ။ သူ့သားအတွက် အိမ်ထောင်ဘက် လိုက်ရှာနေတာပါ ကျုပ်ရယ် ...
ဒီလိုဆိုလဲ သူဌေးကြီး ဦးဝတ္တိယထံ ကိုယ်တိုင် တွေ့ပြီး စေ့စပ်ကြည့်ပါလား
ဦးဝတ္တိယထံ ရောက်သော်—
.... ကျွန်တော်များ ၏ သူဌေးကြီး ထံမှ ဟောဒီ လက်ဆောင်များပေး လိုက်ပါတယ်။ သူ့သားနဲ့ ဒီက သမီးနဲ့ - လက်ဆက်ပြီး - ရွှေလမ်း ငွေလမ်း ဖေါက်လိုတဲ့ အာသီသ ထားကြောင်းလဲ - စကား လက်ဆောင် ပါးလိုက်ပါတယ် ...
ပတ္တမြားတပြည်
ပုလဲတပြည်ပါ
မင်္ဂလာရှိတဲ့ သတင်းစကား မို့ လက်ခံပါတယ်။



စေ့စပ်ကြောင်းလမ်းသော တပည့်များ အိမ်ပြန်ရောက်လျှင်
.... ရွှေးခလောင်း ကတော့ - ဥစ္စာပေါ - ရုပ်ချော - အိမ်ပါ - အမေတဲ့ - ဆိုတာမျိုးဘဲ၊ မင်္ဂလာ ရက်ကောင်းသာ ရွေးပြီး လာခဲ့ပါ... တဲ့ .....
ဟဲဟဲ - ဟဲဟဲ ငါ့တပည့်တွေ တော်တယ်ဟေ့ - ဆုချမယ် ဆုချမယ်
..... တခုတော့ ရှိတယ် - သူဌေးကြီး
ဘာလဲ
..ဟိုမှာ - မင်္ဂလာ ဆောင်ဘို့ ပွဲထုတ်တဲ့အခါမှာ - သားကို ပြင်ဘို့ - ဆင်ဘို့ --- ဟဲဟဲ --- ဟာနီဆောင်ဘို့ ....
အို... ရပါတယ်။ အသာ နေစမ်းပါ
မေဒင်ဆရာများက မင်္ဂလာရက်ကောင်း ရွေးပေးသောလတွင် မိုးမတောင်းရန် သင်္ဘောဖြင့် ဦးဟီနတို့ လိုက်သွားကြ၏။
မင်္ဂလာ ဆောင်သောနေ့တွင် သင်္ဘောပေါ်ရှိ အခန်းလေး တခုထဲသို့ ဦးဟီန ဝင်သွားပြီးနောက်
ကဲ - မင်းကို သံကြိုးဖြုတ်ပြီး - မင်္ဂလာ သတို့သားလို ဝတ်ဆင်ပေးမယ်။ အဲဒီ - ငါ့သား အတွက် ခဏလူစားထိုးတာ။ မင်း - သတို့သမီးကို လက်များနဲ့ တောင် မထိရဘူး ။ ထိုယင် - မင်္ဂလာယ်ပင်းပြတ်သွားမယ် ဆိုတာကို ကြပ်ကြပ်ကြီး သတိထားပါ။ နားလယ်လား
ဤကဲ့သို့ မင်းသားလေးနှင့် လူစား ထိုးပြီး လူကြီးစုံရာရှေ့တွင် လက်ထပ်လိုက်၏။
တောက် - ဒီကောင် တယ်ချောပါလား၊ ငါ့သားနဲ့ များကွာလိုက်တာ
အရပ်မလေ့အတိုင်း သတို့သားသည် ယောက္ခမအိမ်၌ ခေတ္တနေကြရစဉ်-
မောင်ရယ်၊ မောင်ဟာ နှစ်မရဲ့ ပိုင်ရှင် သခင်ပါ၊ နှစ်မမှာ အပြစ်ရှိယင်လဲ ပြောပါ။ နှစ်မကို ဘာဖြစ်လို့ မချစ်နိုင်တာလဲ - ဟင် ။ စကားလဲမပြော - အိမ်ရှေ့ကြီးနဲ့ ငိုင်နေတာဘဲ။ ဆုံးမပါ မောင်ရယ်၊ နှစ်မလေး နာခံဘို့ အသင့်ပါ။
မချစ်ဝံ့တာမျှ။ ကျုပ် အပြစ်ကို ပြောပြမယ်။ ဒီလိုမျှ။ × × × × × × × × × × × × × × × × × × × × ×



ရက်စေသော် သတိုးသမီးကိုသတိုးသားအရပ်သို့ ခေါ်သွားပြီး တဖန် လက်ထပ်ပွဲ ပြုလုပ်ရာ ဦးဟီနစ်၏ သားနှင့် ပွဲထုတ်ကြ၏။
လက်ထပ်ရန် လက်များကို ရွှေဖလားထဲ ရေနှစ်ရန်ပြုစဉ် သတိုးသမီးက ရုတ်တရက်
ထို့နောက်
ပရိသတ်များ အုံးအုံးကျက်ကျက်ဖြစ်စဉ်
ကလေးမလေး သနားပါတယ်ဟာ
ဘုရင့်အမှုထမ်းများ ရောက်လာပြီး


ထိုအမှုကို ဘုရင်ကိုယ်တိုင် စစ်ဆေးရာ
ဟယ်-သူငယ်မ- အဘယ်ကြောင့် သတို့သားကို - ပစ်ပယ်၍ မဏ-ငွေ ချွက်ဖြင့် ချတ်ဖြို့ မင်္ဂလာပွဲကို ပျက်ပြားစေသနည်း၊
မှန်လှပါဘုရား၊ ကျွန်တော်မ၏ မိဘများ ဖျက်မှောက်တွင် လက်ထပ်ပေးလိုက်သော သတို့သားနှင့်ပါလျက် နှင့်ယှဉ်မင်္ဂလာပွဲတွင်-လူစားထိုးကာ မတရားသဖြင့် ထိမ်းမြားရန် စီမံလေသောကြောင့်-မိမိဘ၀ကို အစုံမွှန်းစေသည်ထက် တရားမဲ့ပြုမှုခြင်းကို-တားဆီးခြင်းဖြစ်ကြောင်းပါဘုရား
သူငယ်မအား တရားသဖြင့် လက်ထပ်ပေးသည်ဆိုသောသူကား - ဘယ်သူနည်း၊ ဘယ်မှာရှိသနည်း
မှန်လှပါ-ထိုသူကား . . . ဒုရာယနမြည့်ရှင် - ဓမ္မရာဇာ မင်းကြီး၏သားတော် အငယ် စန္ဒကုမ္မာ မင်းသားပင်ဖြစ်ကြောင်းပါ ဘုရား - ရှုတ် - ရှုတ်
ဟေ... ဟာ.... သူငယ်မ.... သင့်ခင်ပွန်းအကြောင်း .သင်သိသမျှ အမြန်တင်လော...
မှန်လှပါ ဘုရား... ကိုယ်တော်လေးမှာ-နောင်တော်နှင့် အတူ-ရွှေဖြို့တော်အတွင်း လှည့်လည်စဉ်-ကောင်းကင်ထက်မှ ပျံသွားသော ကြိုးကြာငှက်ကို ပစ်ချမိ၍ × × × × × × × × ယခု-ထိုမင်းသားကို သူဌေးကြီး ဦးဟိန္ဒ - ဖွက်ထားကြောင်းပါဘုရား
အိမ်း-ကောင်းကဖြ..... သူဌေးကြီး ဦးဟိန္ဒ - ကျွဲသူငယ်မလျှောက်တင်ချက် အတိုင်း ဟုတ်မဟုတ် - လျှောက်တင်လော
မှန်-မှန်လှပါဘုရား၊ ထိုသူသည် မင်းသား ဟုတ် မဟုတ် လုံး၀ မသိကြောင်းပါဘုရား၊ သို့သော် ကျွန်တော်မျိုး၏သားမှာ - အရုပ်ကလည်းဆိုး - စကားကလည်းထစ်နေ၍ - ထိုသူကို အသိပေးပြီး ခေတ္တ လူစားထိုးကာ ပြုမိကြောင်းပါဘုရား ... သို့သော်....
သယ်..... တော် - တန် - တိတ်.......
သူယုတ်မာ-ငဟိန္ဒ-ရှိင်းလိုက်လေ....
ကျွဲသတို့သား -မင်းသား စန္ဒကုမ္မာကား...
ငါ၏ ညီတော်အရင်းဖြစ်တော့သည်။
မင်းကြီးများ - ကျွဲမှာ ယုတ်ကန်းသော - သူဌေးကို - ရှိသမျှ ပစ္စည်းများ သိမ်း၊ ကျောတရာ-ရင်တရာ ကြိမ်ဒဏ်ခတ်၍ ဖြိုင်ရပ်နှင်စေ.....
တချက်လွှတ် အမိန့်တော်... ...
ညီတော် စန္ဒကုမ္မာ အား အမြန်ဆုံး ခေါ်ဆောင်၍ မင်းသား အခေါင် အဆောင်များ
အပ်နှင်းကာ ခယ်မတော် နှင့် အတူ ကျွဲရွှေနန်းတော်၌ စံမြန်းနိုင်စေရန် သက်ဆိုင်ရာ တို့က - မဆိုင်းမတွ - စီမံကြစေများ
ပျော်လိုက်တာ နှမတော်ရယ်
ပျော်သော်လဲ-လျော့ရှိပါ-မောင်တော် ပတ္တမြားတွေ ထွက်ကျလာပါအုံးမယ်



# ဩစတီးယား


## စိုးလွင်မြင့်

ဩစထရီးယား သမ္မတနိုင်ငံသည် ဥရောပ အလယ်ပိုင်းတွင် တည်ရှိပြီး ကုန်းတွင်းကျသော နိုင်ငံဖြစ်သည်။ ပတ်ဝန်းကျင် အိမ်နီးချင်း နိုင်ငံများမှာ ချက်ကိုစလိုဗက်ကီးယား၊ အနောက်ဂျာမနီ၊ဟန်ဂေရီ၊ယူဂိုဆလားဗီးယား။ အီတလီ၊ ဆွစ်ဇာလန်စသည်တို့ဖြစ်သည်။ အကျယ်အဝန်းမှာ စတုရန်းမိုင် ၃၂,၃၇၄ ရှိလေသည်။

ဩစထရီးယား အလယ်ပိုင်းနှင့် အနောက်ပိုင်းသည် တောင်ထူထပ်၍ အရှေ့ဖက် ပိုင်း၌လည်းကုန်းပြင်မြင့်များ ရှိလေသည်။ သို့သော် တောင်ကြား လမ်းများ၊ ချိုင့်ဝှမ်းများ ရှိခြင်းကြောင့် အခြား ဥရောပနိုင်ငံများ အချင်းချင်း ကူးသန်း ရောင်းဝယ် ဆက်ဆံရာ၌ ဩစထရီးယားသည်ပေါင်းကူးတန်တားသဖွယ်ဖြစ်နေ၏။ ဂရော့စ်ဂလော့ကနာသည် ဩစထရီးယား၏ အမြင့်ဆုံး တောင်ထိပ်ဖြစ်၍ ပေ ၁၂,၄၅၇ မြင့်လေသည်။ နိုင်ငံ၏ အရှေ့မြောက်ရှိ ၂၁၇ မိုင် ရှည်လျားသော ဒန်းညူမြစ်သည် နိုင်ငံ၏ အဓိက မြစ်ကြောင်း ဖြစ်လေသည်။

ရာသီဥတုမှာ တည်နေရာနှင့် ကုန်းမြေ အနိမ့်အမြင့်အပေါ် မူတည်၍ ကွဲပြားသည်။ ကုန်းမြေမှာ အများအားဖြင့် နှစ်စဉ် အရွက်ကြွေသော သစ်တောများနှင့် ထင်းရှူးတောများ ဖုံးလွှမ်းနေ၏။

နိုင်ငံ၏လူဦးရေမှာ ၇,၄၆၀,၀၀၀ ရှိ၍ နေထိုင်သော လူမျိုးများမှာ ဩစထရီးယန်း၊ ကရိုး



အက်၊ မက်ဂျာ၊ စလိုဗင်း၊ ချက်၊ စလိုဗက်၊ ရိုမေးနီး ယန်း နှင့် အီတာ လျံ စသည် တို့ ဖြစ် ကြ ၏။ လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့်ရှိပြီး အများစုမှာ ဗရင်ဂျီ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသည်။ အများစုသည် ဂျာမန်ဘာသာစကားကို ပြောဆိုသုံးစွဲကြ၏။ သမိုင်းမှတ်တမ်း မတင်မီကပင် ဩစထရီးယား၌ လူများနေထိုင်ခဲ့ကြ၍ ခရစ်မပေါ်မီ ၁၅ နှင့် ၁၄ ရာစုတွင် ရောမတို့သည် ဩစထရီးယားကို သိမ်းပိုက် အောင်မြင်ခဲ့ကြသည်။



ရောမ အင်ပိုင်ယာကြီး ကျဆုံးပြီး ခရစ်နှစ် ၈၀၀ ခန့်၌ ဩစထရီးယားသည် ရှားလမိန်း အင်ပိုင်ယာ၏ နယ်ခြား နယ်မြေတခု ဖြစ်လာ၏။ မြို့တော်မှာ ဗီယင်နာဖြစ်၏။





ဩစထရီးယား နိုင်ငံထွက် သယံဇာတ ပစ္စည်းများမှာ သံ၊ ရေနံ၊ သစ်၊ ဒန်၊ ကျောက်မီးသွေး၊ ဘီလပ်မြေနှင့် ကြေးနီတို့ဖြစ်၏။ အဆင့်မြင့်သော ခဲအကောင်းစားမှာ အရေးပါသော ထွက်ကုန်တခုဖြစ်၏။ ရေအားလျှပ်စစ်ကို များစွာ ထုတ်လုပ်နိုင်ပြီး တိုးချဲ့ အသုံးပြုနေပြီ ဖြစ်၏။ ဩစထရီးယား၏ ထုတ်ကုန်ပစ္စည်းများမှာ သံမဏိ၊ စက်ကရိယာ၊ ယာဉ်များ၊ လျှပ်စစ်နှင့် မျက်မှန်ပစ္စည်းများ၊ ဖန်ထည်၊ အားကစားပစ္စည်း၊စက္ကူ၊ အထည်အလိပ်၊ ဓာတ်မြေဩဇာ၊ ဓာတုဗေဒနှင့် သားရေပစ္စည်း စသည်တို့ ဖြစ်၏။

လယ်ယာလုပ်ငန်းသည် ကန့်သတ်မှု ရှိသော်လည်း ယင်းမှ ၈၅ ရာခိုင်နှုန်းမျှသော အစား အစာကို ရရှိလေသည်။ဂျုံ၊ရိုင်းစပါး၊မုယောစပါး၊ မြင်းစားဂျုံ၊ ပြောင်း၊အာလူး၊ သကြား မုန်လာ စသည်တို့ကို စိုက်ပျိုး၍ ကျွဲနွား သိုးနှင့် ဝက်တို့ကို မွေးမြူကြ၏။

အနောက်ဂျာမနီ၊ အီတလီ၊ အမေရိကန် ပြည်ထောင်စုတို့နှင့် အများဆုံး ကူးသန်းရောင်းဝယ်ကြ၏။ နှစ်စဉ် ကမ္ဘာ့ခရီးသည် ၁၁ သန်းကျော် လာရောက် လည်ပတ်ကြ၍ ဆောဇဗတ်ပွဲတော်၊ ဗီယင်နာ နိုင်ငံတော်ဇာတ်ပွဲ၊ ရေလွှာလျှောစီးခြင်းနှင့် ရေပူစမ်းတို့မှာ ခရီးသည်များ စိတ်ဝင်စားသည့် အရာများပင်ဖြစ်၏။

၁၉၅၅ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်လာ၍ ထိုနှစ် ဒီဇင်ဘာလ၌ပင် ကုလသမဂ္ဂအဖွဲ့သို့ ဝင်ရောက်လေသည်။ နိုင်ငံ၏သမ္မတမှာ ဖရန့်ဇ် ဂျိုးနားစ် ဖြစ်၏။




စိတ်စောနေသော

# သမင်ကလေး



တခါတုန်းက သမင်ကလေးတကောင်ဟာ တောထဲမှာ လျှောက်သွားနေစဉ် သူတခါမှ မမြင်ဘူးတဲ့ သတ္တဝါတကောင်ကို တွေ့မြင်ရတယ်။
ဟင်၊ ဘယ်လိုသတ္တဝါလဲ၊ ခေါင်းပေါ်မှာလဲ ဘာကြီးလဲ၊ ကြည့်ရတာတမျိုးတော့ လှသားဘဲ၊
သမင်ကလေးဟာ သူ့အမေထံပြန်၍ ပြေးလာပြီး—
မေမေ၊ သားလေ ခေါင်းပေါ်မှာ သစ်ကိုင်း သစ်ခက်တွေပေါက်နေတဲ့ သတ္တဝါတကောင်တွေ့ခဲ့တယ်၊
ဟဲ့၊ အဲဒါ သမင်ထီးကြီးပါကွဲ့၊
သားလဲ၊ တနေ့ကျရင် အဲဒီလို ဦးချိုမျိုး ထွက်လာလိမ့်မယ်၊
ဦးချို၊ ဟုတ်လား
ဒါဖြင့်၊ အဲဒီဦးချိုမျိုး သားလိုချင်လှပြီ၊ သိပ်ခန့်ညားတာဘဲ၊
သားအရွယ်ရောက်တော့ထွက်လာမှာပေါ့၊
အဲဒီနေ့ကစပြီး သမင်ကလေးဟာ ဦးချိုထွက်မဲ့နေ့ကိုဘဲ မျှော်နေတော့တယ်။
ဟင်း၊ ဦးချိုသာ ထွက်လာရင်၊ ငါတော့ ခုထက်ပိုလှမှာဘဲ
ဦးချိုကလဲ စောင့်ရတာကြာပြီ၊ ခုထိ မထွက်သေးဘူး၊


သမင်ကလေးဟာ သူငယ်ချင်းတွေနဲ့ တွေ့တိုင်း မေးလေ့ရှိတယ်။
ဟော ငါ့ခေါင်းမှာ ဦးချိုထွက်နေပြီလား
ဟင့်အင်း
စမ်းချောင်းထဲဆင်းပြီး ရေထဲမှာထင်နေတဲ့သူ့အရိပ်ကို ကြည့်နေရတာလဲ အမောဘဲ။
ဟင်း၊ ခုထိ ငါ့ဦးချိုကလဲ မထွက်သေးပါလား၊
စမ်းချောင်းနံဘေးမှာ ဖားကလေးတကောင် နေတယ်။ စမ်းချောင်းက ပြန်တက်တိုင်း ဖားကလေးကို မေးတတ်ပြန်သေးတယ်။
ကျနော့်ခေါင်းက ဦးချို ဘယ်တော့ထွက်မှာလဲ ဟင်၊
ဖြေးဖြေးပေါ့ ကွာ၊ အရွယ်ရောက်တော့ထွက်မှာပေါ့၊
ကြာတော့ သူငယ်ချင်းတွေက သူ့ကိုမြင်တိုင်း ဝိုင်းစကြတယ်။
ချိုတုံးလေး လာပြီဟေ့
ဟားဟား
သမင်ကလေးဟာ သူ့ဦးချို မထွက်တာကို တွေးပြီး ဝမ်းနည်းလာတယ်။
တနေ့ထွက်ချိုးနဲ့စောင့်လာတာကြာပြီ၊ ခုလောက်ဆိုထွက်သင့်ပြီ၊ ငါ့မှာ ဦးချိုမပါဘူးထင်တယ်၊
သူဟာ စိတ်ဓာတ် အကြီးအကျယ်ကျပြီး ဘယ်ကိုမှ မသွားတော့ဘူး။ အစာလဲ မစားတော့ဘူး။
ရှက်စရာဘဲ၊ ငါ့သူငယ်ချင်းတွေကို မျက်နှာမပြရဲတော့ဘူး၊


သမင်ကလေးဟာ တဖြည်းဖြည်းနဲ့ ပိန်လာတာကို သူ့အမေက ရိပ်မိသွားတယ်။
သားဟာ၊ ကိုယ့်ကိုကိုယ် သက်သက် ဒုက္ခပေးနေတာဘဲ၊
သမင်မကြီးဟာ သူ့သားကိုခေါ်ပြီး ထူးဆန်းတဲ့ နေရာတွေကို နေ့တိုင်းလိုက်ပြတယ်။
ဒီလိုနဲ့ ကြာတော့ သမင်ကလေးဟာ မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီး အစားပြန်စားလို့ ပျော်ရွှင် ဝဖြိုးလာတယ်။
ဆောင်းဦးပေါက် တနံနက်ခင်းမှာ သူ့အမေဟာ သမင်ကလေးကို စမ်းချောင်းဆီကို ခေါ်လာတယ်။
သားအရိပ်ကို အသေအချာကြည့်စမ်း၊
ဟာ! ဦးချိုကလေးထွက်နေပါလား ဟီးဟီး
သမင်ကလေးဟာ သိပ်ပြီးဝမ်းသာသွားတယ်။
ဦးချိုဟာ၊ အရွယ်ရောက်တော့ သူ့အလိုလိုထွက်လာတာပေါ့၊
သား၊ ဟိုတုန်းက စိတ်စောခဲ့တာတွေဟာ၊ သက်သက် ဒုက္ခခံတာဘဲနော်
ဒါပေါ့!
တနေ့တနေ့နဲ့ ဦးချိုကလေးဟာ ရှည်ထွက်လာတဲ့အတွက် သမင်ကလေးဟာ တဖြည်းဖြည်း လှသထက် လှလာတယ်။
ပြီး



# ထန်းရည်မူး ကျွဲခိုးပေါ်

ရှေးအခါက အညာဒေသတွင် ထန်းရည်သမားတဦးသည် အပေါင်းအဖော်များနှင့်အတူ ထန်းရည်သောက်နေစဉ် မူးယစ်လာသောအခါ ယခင်က မိမိကျွဲခိုးဘူးသည်ကို ထုတ်ဖော် ပြောဆိုမိ၏။ သို့ဖြင့် ကျွဲခိုးမှု ပေါ်သွားပြီး ထိုသူမှာ အပြစ်ဒဏ် ခံရလေသည်။

ဤပုံပြင်ကလေးကို ပမာပြု၍ ရှေးလူကြီးများက "ထန်းရည်မူး ကျွဲခိုးပေါ်"ဟု စကားပုံထားခဲ့ကြသည်။

မည်သူမဆို သေရည်သောက်၍ မူးယစ်လာသောအခါတွင် သတိ လက်လွတ်ဖြစ်ကာ စဉ်းစားချင့်ချိန်နိုင်ခြင်း မရှိတော့ပဲ မိမိတို့ ကျူးလွန်ခဲ့ဘူးသော မကောင်းမှုများကိုပင် ထုတ်ဖော်ပြောဆိုတတ်ကြသည်မှာ ဓမ္မတာဖြစ်၏။ ဖြစ်တတ်သော ထိုသဘာဝကို "ထန်းရည်မူး ကျွဲခိုးပေါ်"စကားပုံက ညွှန်ပြနေပေသည်။

တနည်းဆိုရလျှင် သေရည် သောက်ခြင်းသည် မကောင်းကြောင်း၊ သေရည်သောက်စား မူးယစ်သူသည် အနည်းဆုံး နှုတ်မစောင့်စည်းခြင်းပြစ်မှုကိုကား ကျူးလွန်မိမည်ဖြစ်ကြောင်း ဤစကားပုံက ပြဆိုနေပေ၏။

မောင်ဝင်းမြတ်

## အိပ်မက်ဆိုတာ ပြောင်းပြန်ယူ



# ပြောင်းလဲသွားပါပြီ

ကြယ်ငါးပွင့်



ကျနော့်အမည် ဖိုးဆိုး ဖြစ်ပါသည်။ ဖိုးဆိုးဆိုလျှင် အရပ်က သိကြပါသည်။

ထို့ပြင် ကျနော့်ကို အရပ်က လမ်းသရဲစာရင်းတွင် ထည့်သွင်းထားကြပါသည်။ သွင်းလည်းသွင်း ထိုက်ပါသည်။ ကျနော့် ပုံပန်းနှင့် တနေ့တာ လုပ်ငန်းစဉ်ကိုလည်း ကြည့်ပါဦး။

ကျနော့် အသက် ဆယ့်နှစ်နှစ် ပတ်ဝန်းကျင် တွင် ရှိပါသည်။ ကျနော့် အရပ်အမောင်းသည် လေးပေ ငါး လက်မ ခန့် ရှိပါမည်။ အသားအရောင်လည်း ကြည့်ပါဦး။ မည်းပြောင် နက်မှောင်နေပါသည်။

မနက်နေထွက်လျှင် ကျနော်သည် ခေါင်းမှဆံရှည်ကို ဘီးဖြင့် ဦးစွာရှင်းလင်းပါသည်။ ကျနော့် ဆံပင်သည် နှာဖျားထိလု ရှည်လျားပါသည်။

အဝေးမှကြည့်လျှင်အုန်းမှုတ်ခွက် ခေါင်း စွပ် ထား သ ကဲ့ သို့ ကျနော့်ကို မြင်ရပါမည်။

ပြီးလျှင် ကျနော်သည် သနပ်ခါးသွေး၍ ပါး တဖက် တချက်တွင် သနပ်ခါး တကွက်နှစ်ကွက် တင်လိုက်ပါသည်။

အဝေးမှကြည့်လျှင် ကပ္ပလီ ထုံးသုတ်ထားသကဲ့သို့ ကျနော့် မျက်နှာကို မြင်ရပါမည်။

ထို့နောက် ကျနော်သည် အင်္ကျီအကြောင်အကျားကိုဝတ်၍ အပေါ်ကြယ်သီး သုံးလုံးကို မတပ်ဘဲ ဖြုတ် ထား ပါ သည်။ ကော်လံပါ ထောင်လိုက်သည်။ ပုဆိုးကိုလည်းချက်အောက်တွင် လျှော့ရဲရဲ ဝတ်ပါသည်။

လမ်းထွက်လျှင် ကျနော့်ကို မည်သည့် နိုင်ငံမှ လူမျိုးပါလိမ့် ဟူ၍ ဝိုင်း ကြည့် ကြ ပါ မည်။ ကျနော့်ကို လူတွေ ဝိုင်းကြည့်လျှင် ကျနော့် စိတ်တွင် "တယ်တော်တဲ့ငါ" ဟူ၍ အထင်ကြီးမိပါသည်။

တဖန် ကျောင်း တက် လျှင်လည်း လွယ် အိတ် ကို ကျနော် အသုံး မပြုပါ။ လက် ဖြင့် သာ စာအုပ်များကို ကိုင်၍ ကျောင်း တက်ပါသည်။

ကျောင်းမှပြန်လျှင် ထမင်း စားပြီးနောက် ကျ နော် ကဲ့ သို့ သော လူမျိုးများနှင့် လမ်းထိပ် တွင် တွေ့ဆုံပါသည်။ ပြီးလျှင် မြန်မာတဝက် အနောက်တိုင်း တဝက် သီချင်း များ ကို အသံ သေး အသံကြောင်ဖြင့် အော် ဟစ် သီဆိုကြပါသည်။

ညရှစ်နာရီ၊ ကိုးနာရီကျော် မှ အိမ်သို့ ကျနော် ပြန်လာပါ သည်။သို့ဖြင့် ကျနော့်အဖို့တနေ့ တာ ကုန်သွားပါတော့သည်။

\+ + + +

သည်နေ့ကား ကျနော် အမြင်မှန်ရသောနေ့ ဖြစ်ပါသည်။ တနည်း ဆိုရလျှင် ကျနော် အရှက်ရသောနေ့ပင် ဖြစ်ပါသည်။

အ ကြောင်း မှာ သည်နေ့ ခပ်စောစောတွင် ကျနော် အပါ အဝင် သူငယ်ချင်းတစု ရွှေတိဂုံ ဘု ရား သို့ သွား ကြ ပါ သည်။ ကျနော်တို့သည် ဇရပ် တခုတွင် ထိုင်ကြ၍ ဘုရားဖူး လာသူများ

အား အသံမျိုးစုံဖြင့် ပြုလုပ်ပြ ပါသည်။

ထိုစဉ်ကမှ ဘလှည့်အနောက် တိုင်းသားများ ဘုရား ရင်ပြင် တော်ပေါ်သို့ ရောက်လာကြပါ သည်။အနောက်တိုင်းသားများ သည် ကျနော်တို့လူစုကို ကြည့် ၍ ကိုယ်စီ ပြုံးကြပါသည်။

သူတို့အထဲမှအနောက်တိုင်း သား တဦးသည် မြန်မာ စကား ဖြင့် ကျနော့်ကို လာ မေး ပါ သည်။

"မင်းတို့ ဘာလူမျိုးလဲ"

ထို အ မေး ကြောင့် အ နီး အနားရှိ ဘုရားဖူး လာသူများ သည် ကျနော်တို့ကို ဝိုင်းကြည့် ၍ ရယ်ကြပါသည်။ ကျနော် တို့လည်း ရှက်ရှက်နှင့် ခေါင်းငုံ့ ကာ ရွှေတိဂုံဘုရားမှ အမြန်ပြန် ဆင်းခဲ့ကြပါသည်။

\+ + + +

ထိုနေ့မှ စ၍ ကျနော်သည် ပုံစံနှင့် လုပ်ငန်းစဉ်များ ပြောင်း လဲပစ်လိုက်ပါတော့သည်။

ကျနော်သည် ကျနော့်ဆံပင် ရှည်ကြီးကို တိုတို ညှပ် လိုက် ပါ သည်။ သနပ်ခါး မလိမ်းတော့ ပါ။ အကြောင် အကျား အင်္ကျီ ချွတ်၍ အင်္ကျီ အဖြူ ဝတ်ပါပြီ။ လွယ်အိတ် နှင့် လည်း ကျောင်း တက်ပါပြီ။

ထို့ပြင် ကျနော့် ကိုယ်ပေါ် တွင် ထူးခြားမှု တရပ် တွေ့ရပါ မည်။ ထို ထူး ခြား မှု ကား တ ခြား မဟုတ်ပါ။ ပင်နီ တိုက်ပုံ အင်္ကျီပင် ဖြစ်ပါသည်။






## လက်ထပ်ပွဲ

ပန်းပွင့်လေးတွေ ရောင်စုံဖြာ၊
ဝတ်ဆံဝတ်မှုန်ပါ။
လေပြေလာ၍ ယိမ်းနွဲ့မြူး၊
ဝတ်ဆံဖိုလေးကူး။
သူတို့နှစ်ဦး တွေ့ဆုံကြိမ်၊
ဝတ်ဆံမရဲ့အိမ်။
နောင်တချိန် မျိုးဆက်ပွား၊
သန္ဓေတည်၍သွား။
အသီးများလဲ ဖြစ်လာပေ၊
သဘာဝကစေ။
ဝတ်မှုန်ဂလေးတွေ လေမှာဝဲ၊
ပန်းစုံလက်ထပ်ပွဲ။ ။

ရဒုံ - မြတ်နိုး

R. 517




# ငကွန်းရှပ်

ငကွန်းရှပ်တို့၏ခန္ဓာကိုယ်သည် ရှည်လျားသွယ်တန်းပြီး ဘေးတိုက် ပြားချပ်နေသည်။ သေးငယ်သော အကြေးခွံများရှိ၏။ မေးရိုးများတွင် ကြီးမားပြီး ပြားချပ် ထက်မြက်သော သွားများရှိသည်။ အပူပိုင်းဒေသတွင် တွေ့ရှိရတတ်သည့် အရွယ်အစား ကြီးမားသော ငါးမျိုး ဖြစ်လေသည်။ ငကွန်းရှပ်သည် မြစ်ဝကျွန်းပေါ် ဒေသမှ အခေါ် အဝေါ် ဖြစ်သည်။ ရခိုင်ဖက်ကမူ ငညို့ဟု ခေါ်ကြသည်။

ငကွန်းရှပ်တို့၏ခန္ဓာကိုယ် ကျောဖက်ပိုင်းသည် နက်မှောင်၍ ဘေးဖက်ပိုင်းတွင် ငွေရောင်သမ်းနေသည်။ ဘေးဖက်ပိုင်းတွင် မျက်ဆံခန့် အရွယ်အစားရှိ အစက်အပြောက်များ သုံးတန်းရှိသည်။ ထိုအစက်အပြောက်များသည် သေပြီးခါမှ အထင်အရှား ပေါ်ထွက်လာတတ်သည်။

အချို့အကောင်များသည် ခြောက်ပေအထိ အရွယ်အစားရှိသည်။ သို့သော် မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် အကောင်များမှာ အရွယ်အစား နှစ်ပေခန့်နှင့် ယင်းအထက် သာသာရှိသည်။ ယင်းတို့ကို ပင်လယ် ကမ်းစပ် ဒေသများနှင့် ဆွဲပိုက်ဖြင့် ငါးဖမ်းသည့်နေရာ ဒေသများတွင် တွေ့ရှိနိုင်သည်။ အမများသည် အထီးများထက် အရွယ်ပို၍ကြီးမားသည်။ ယင်းတို့ကို အများဆုံး ဖမ်းဆီးရမိသည့် ကာလမှာ အေးမြသည့် အောက်တိုဘာလမှ ဒီဇင်ဘာလ၊ ဇန်နဝါရီလများအတွင်းဖြစ်သည်။ ငကွန်းရှပ်တို့ကို ငါးစိုအဖြစ်၎င်း၊ ငါးခြောက် အဖြစ်၎င်း စားသုံးနိုင်သည်။ စားသုံးရန် အကောင်းဆုံး ငါးအမျိုးအစားတွင် ပါဝင်ပေသည်။



သောင်းစု (သုတေသန)

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၄၂။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက် (၁၉-၁၀-၇၄)

## ကျောက်စိမ်း အောင်သူ

ကျီးသဲညွှန့်နိုင်၏ ကျောက်စိမ်းတွင်းနှင့် ရွှေတွင်းဆီသို့
စအုယ်ပါ အာဖြစ်အပျက်တခုကို မှီးပါသည်။

ပန်းချီ ဦးစိန်



စနေနေ့တိုင်းထုတ်ဝေသည်။



၁၉၅၁ ခု ဆောင်းရာသီ၏နေ့တနေ့.. အားကစားသမားကျော်စိုးသည် စွန့်စားခန်းဝတ္ထုကို စိတ်ဝင်စားစွာ ဖတ်နေခိုက်......
ဟေ့ ကျော်စိုး ဘာတွေများ ဖတ်နေတာလဲကွ
ဟာ.. မျိုးမြင့် မတွေ့တာကြာပြီ လာကွာ
မင်းဖတ်နေတာစိတ်ကူးယဉ် စွန့်စားခန်းဝတ္ထုမဟုတ်လား၊ တကယ်ကော စွန့်စားချင်ရဲ့လား
စွန့်စားချင်တာပေါ့ အခွင့်မကြုံသေးလို့ ပါကွာ
တိုက်တိုက်ဆိုင်ဆိုင်ကွာ ငါ မင်းဆီကိုလာခဲ့တာ စွန့်စားရမဲ့အလုပ် ကို လုပ်ဖို့ဘဲ
ဆိုစမ်းပါဦး
ဒီလိုကွ ကျောက်စိမ်းတွင်းတွေအများကြီးရှိတဲ့ ကချင်ပြည် ဖါးကန့်နယ်ကိုသွားပြီး ကျောက်စိမ်းရှာဘို့ဘဲ၊ အဘိုးတန်တဲ့ကျောက်စိမ်း တတုံးဘဲရပါစေ သူဌေးဖြစ်မှာဘဲ
မင်းက ကျောက်စိမ်းအကြောင်း နားလည်လို့လား
ဟာ နားလည်တာ ပေါ့ကွာ ငါဒီအလုပ် လုပ်နေတာကြာပြီဘဲ


ဒီလိုဆိုယင် စိမ်လိုက် ဘယ်တော့
သွား မှာလဲ ငါလဲ အားနေတယ်
မြန်မြန် ဘဲ သွားမယ်
မကြာမီ ကချင်ပြည်နယ်သို့ ခရီး
ထွက်ရန် ပြင်ဆင်ကြလေ၏။
ဒီနေရာတဝိုက်မှာ
ရှာမယ်
ကချင်ပြည်နယ်သို့ ရောက်လာခဲ့ပြီး
အလွန်နက်ရှိုင်းသော ချောက်ကမ်းပါး
ကြီးများ ကို ဖြတ်ကျော် ခဲ့ကြလေ၏
သိပ်အေးတယ်
မီးလှုံမှ ဖြစ်မယ်
ဟိုမှာ ဟိုမှာ
ဘာကြီးလဲ
နေအုံး
အရမ်းမလုပ်နဲ့
ဝက်ဝံကြီး ပါကွာ
မီးတုတ် ပြလိုက်ယင်
ပြေးပါတယ်



သတိထား ခြေချော်ပြီး ချောက်ထဲ ကျ သွားယင် ကိစ္စတုံး မှာဘဲ
တနေရာတွင် မျိုးမြင့် ချောက်ထဲသို့ ကျ လု နီး နီး ဖြစ်သွားရာ . . . . .
ဟာ - ကျော်စိုး မင်းကယ်ပေလို့ သာပေါ့ကွာ
ကျောက်စိမ်းထွက်သော နေရာ သို့ ရောက်ခဲ့ကြလေ၏။
ဒီနေရာ တဝိုက် မှာ ကျောက်စိမ်း အထွက် များ တယ်လို့ ကြားတယ်
ကျော်စိုးသည် ကျောက်တုံးတတုံး ကို ခလုတ် တိုက် မိ လေရာ
ငါ့ကို-အားကျပြီ ထင်တယ် - ဟား ဟား ဟား
တယ်! ဒီကျောက်တုံး
ခလုတ်တိုက် မိတဲ့ ကျောက်တုံး ကိုစမ်း သပ်ကြည့်ရမယ်
ထိုကျောက်တုံး ကိုစမ်းသပ်ကြည့် လိုက်သောအခါ
ကျောက်စိမ်းတုံး အစစ်ဘဲ၊ အရည် ကောင်းတယ် အတွင်းသား ကောင်း မကောင်းတော့ ဒို့ကံဘဲဟေ့



ဒီအတုံးကြီးကိုဘဲ ယူပြီး ပြန်ကြစို့ကွာ-ဘယ့်နှယ်လဲ
မင့် သဘောဘဲ
ရန်ကုန်မြို့သို့ ပြန်ရောက်ကြသောအခါ
စမ်းသပ်ဘို့ ငါယူသွားမယ် အကြောင်းထူးယင် ငါလာ ခဲ့မယ်
အေး
အိမ်သို့ရောက်သော် မျိုးမြင့်သည် ကျောက်တုံး၏အပေါ်ပိုင်းအနည်းငယ် ကို ကန့်လန့် ဖြတ်၍ကြည့်ရာ
အပြင်ကပ်ရှည့်သာကောင်းပြီး အထဲမှာ-ဘာမှ ရှိမဲ့ပုံကြီး မဟုတ်ဘူး
ထိုနောက် သူသည် အကြံတခုကိုပြုလုပ် ရန် ပြုံးလိုက်လေ၏။
ဒါပေမဲ့
ကျောက်ဆက်သမား ဦးအား-ဖြတ်ထား သော ကျောက်တုံးကို ပြန်၍ဆက်ခိုင်း လေသည်။
ပကတိအတိုင်း ဖြစ် ရပါစေမယ် စိတ်ချပါ
ကျောက်တုံး ကို ဆက်ပြီးသောအခါ
ဟာ နဂိုရ်အတိုင်း ဖြစ်သွားတာဘဲ ရော့ လက်ခ ငွေယူပါ
ဘယ်သူမှ သိမှာမဟုတ် ဘူး မျိုး


ကျော်စိုးထံသို့ ရောက်သောအခါ
တို့ရခဲ့တဲ့ အတုံးဟာ တသိန်းမက တန်တယ်၊ ဒါပေမဲ့ လောလောဆယ် ငွေလိုနေလို့ - ငါ့ကိုငွေနှစ်သောင်းဘဲပေး .. ဒီကျောက်စိမ်းတုံး ကို - မင်းဘဲ ယူတော့
ဒီကျောက်ကိုရောင်းပြီးမှ - မင်းရဲ့ဝေစုတဝက်ကို ယူပါလား၊ မင်းနာနေမှာပေါ့
မျိုးမြင့်သည် လိမ်ညာ၍ကျောက်တုံးကိုရောင်းလေ၏။
ငါပိုင်တဲ့ဝေစုကို အပြီးရောင်းတဲ့ သဘော ပါကွာ ..
ဒါဖြင့်လဲ ရော့-ငွေနှစ်သောင်း ယူသွားလေ
ကျောက်တုံးကိုဖြတ်တဲ့အခါ ကန့်လန့်မဖြတ်နဲ့ အလျားလိုက်ဖြတ်ကြည့်စမ်း ပါကွာ
ကျော်စိုးသည် ကျောက်အာ ကြောင်းနားလည်သူ တဦး နှင့် တိုင်ပင်၍ ကျောက်တုံးကို - အလျားလိုက်ဖြတ်လိုက်ရာ ...
ဟာ .. သိပ် အဘိုးတန်တဲ့ ကျောက်ဘဲ ဟေ့
ထိပ်ပိုင်းက ကန့်လန့်ဖြတ်ပြီး ပြန်ဆက်ထားတဲ့ ဆက်ရာလဲ တွေ့တယ် သူဖြတ်ထားတဲ့ နေရာက ကျောက်သားမမှန်ဘူး - ဒါကြောင့် - ဘာမှတန်ဘိုးမရှိဘူး လို့ ထင်ပြီး မင်းကို ညာရောင်း ခဲ့တာပေါ့


အလိမ်ပေါ်မှာစိုးလို့ ကန့်လန့် မဖြတ်နဲ့ အလျားလိုက်ဖြတ်လို့ တောင် ပြောသွားသေးတယ်..
တနေ့သောအခါ မျိုးမြင့်သည်ကျော်စိုး ထံမှ-ရရှိခဲ့သော ငွေများကုန်သဖြင့်
ရှိတဲ့ငွေတွေလဲ ကုန်ပြီ
အမလေး !! .. ဟာ ကျော်စိုး
မလန့်ပါနဲ့ကွာ သတင်းကောင်း ပြောမလို့ပါ- ဗိုလ်ကျောက်တုံးကြီး ကိုခွဲပြီး ငွေသုံးသိန်းနဲ့ရောင်း လိုက်ရပြီကွ..!
ဟာ-ဟုတ်လား
ဘာမှမရှိဘူးထင်ပြီး ငါ့ကိုငွေ နှစ်သောင်းနဲ့ ညှာရောင်းခဲ့ပေမဲ့ မင်းကိုစေတနာ မပျက်ပါဘူး ရော့- ငွေငါးထောင် ထပ်ယူအုံး
မျိုးမြင့်သည်- လိမ်ညာကောက်ကျစ် ခဲ့သမျှကို-နောင်တရချ ကျန်ရစ်ခဲ့ လေသတည်း။
ပြီး

# ပိုလန်နိုင်ငံ

စိုးလှိုင်မြင့်








အကျယ် အဝန်း အားဖြင့် ၁၂၀,၆၆၄ စတုရန်းမိုင် ရှိသော ပိုလန်နိုင်ငံသည် အရှေ့ဥရောပတိုက်တွင် ရှိ၍ ယင်း၏ အရှေ့ဖက်တွင် ဆိုဗီယက် ပြည်ထောင်စု၊ တောင်ဖက်တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၊ အနောက်ဖက်တွင် ဂျာမန် ဒီမိုကရက်တစ် သမ္မတ နိုင်ငံတို့ ရှိလေသည်။

မြေမျက်နှာပြင်မှာ အများအားဖြင့် မြေနိမ့်ပိုင်းဖြစ်၏။ မြောက်ဖက် ဗောလတစ် ကုန်းမြင့်ပိုင်းသည် ရေခဲပြင်ဒေသဖြစ်၍ ရေအိုင်ပေါင်းများစွာ ရှိသည်။ ဗောလတစ် ပင်လယ်ကမ်းခြေ၌ ဆိပ်ကမ်းကောင်းများ ရှိသည်။

ကုန်းတွင်း ရာသီဥတုမျိုး ရရှိ၍ အနောက်လေ၏ ပြုပြင်ခြင်းကို ခံရ၏။

နိုင်ငံ၏ လူဦးရေမှာ ၃၂,၇၅၀,၀၀၀ ဖြစ်၍ မြို့တော်မှာ ဝါဆောဖြစ်၏။ နေထိုင်သော လူမျိုးများတွင် ပေါလစ်တို့မှာ အများဆုံးဖြစ်၍ ယူကရိန်းနီးယန်းနှင့် ရုသီးနီးယန်းတို့မှာ ဒုတိယ လိုက်သည်။ အခြား ဂျာမန်၊ ချက်၊ စလိုဗက် စသည်တို့လည်း နေထိုင်ကြ၏။ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းမှာ ဗရင်ဂျီဘာသာဝင်များ ဖြစ်ကြ၏။ ပိုလန်၏ သမိုင်း စတင်သည်မှာ ၉-ရာစုနှစ်က ဖြစ်၍ ဘုရင်စံနစ်ဖြင့် အုပ်စိုး လာခဲ့ပေသည်။ ၁၂၄၀ နှင့် ၁၂၅၉ ခုနှစ်တွင် မွန်ဂိုတို့၏ ကျူးကျော် ဝင်ရောက်မှုကို တိုက်ထုတ်နိုင်ခဲ့၏။ ၁၉၁၈ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က လွတ်လပ်ရေး ရရှိကြောင်း




ကြေညာ နိုင်ခဲ့၍ မာရှယ် ပီးလ်ဆုဒ်စကီးမှာ သမ္မတဖြစ်လာသည်။



နာဇီနှင့် ရုရှားတို့သည် ၁၉၃၉ ခုနှစ်၌ ဝင်ရောက်လာကာ နိုင်ငံကို ပိုင်းခြားခွဲဝေယူလိုက်ကြသည်။

၁၉၅၂ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းအရ ပိုလန်နိုင်ငံသည် ပြည်သူ့ သမ္မတနိုင်ငံ ဖြစ်လာသည်။ ပါလီမန်က နိုင်ငံတော်ကောင်စီနှင့် ဝန်ကြီးအဖွဲ့ကို ရွေးချယ် တင်မြှောက်နိုင်လေသည်။ ဇူလိုင်လ ၂၂ ရက်နေ့






သည် အမျိုးသားနေ့ ဖြစ်၏။ ၁၉၄၅ ခုနှစ်က ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာ၍ ဝါဆော စာချုပ် အဖွဲ့ဝင်နိုင်ငံလည်းဖြစ်လေသည်။


လူဦးရေ၏ ၂၂ ရာခိုင်နှုန်းသည် စိုက်ပျိုးလုပ်ကိုင်ကြသည်။ အဓိက စိုက်ပျိုး သီးနှံများမှာ ဂျုံ၊ စပါး၊ မုယောစပါး၊ အာလူး၊ သကြားမုန်လာ၊ ဆေးရွက်နှင့် ဂုံလျှော်တို့ဖြစ်၏။ ကျောက်မီးသွေး တူးဖော်ခြင်း၊ သင်္ဘော ဆောက်လုပ်ခြင်း၊ အထည်အလိပ်၊ ဓာတုဗေဒပစ္စည်း၊ သစ်လုပ်ငန်းနှင့် သတ္တုလုပ်ငန်းတို့မှာ အရေးပါလှ၏။ နိုင်ငံပိုင်ပြုလုပ်ရေးနှင့် စီးပွားရေးကို စီမံကိန်းနှင့် အကောင်အထည် ဖော်ရေးတို့မှာ သော့ချက်လုပ်ငန်းများ ဖြစ်လေသည်။


ကမ္ဘာ့ကျောက်မီးသွေးထွက်၏ ၆ ရာခိုင်နှုန်းမှာ ပိုလန်နိုင်ငံမှ ဖြစ်၍ သွပ်လည်း အများအပြားထွက်သည်။ အခြား ကန့်၊ ဘီလပ်မြေ၊ ဆား၊ သံ၊ ကြေးနီ စသည်တို့လည်း ထွက်သည်။ သုံးစွဲသောငွေကြေးမှာ ဇလိုတီဖြစ်၏။


မျိုးမင်းနှင့် မျိုးဝင်းသည် အလွန်ပျင်းရိသော ကလေးများ ဖြစ်သည်။
မျိုးမင်းနဲ့ မျိုးဝင်း ရေသွားချိုးစမ်း၊ ရေစည်ထဲမှာ ရေတစက်မှ မရှိဘူး
သူတို့သည် ဘာတခုမျှ မလုပ်ချင်ကြပေ။ နိုင်းလိုက်တိုင်း တခုခု အကြောင်းပြလေ့ရှိသည်။
သားသားလဲ ခြေထောက်နာနေလို့ မေမေ…
လူကြီးများက စီးပွားရေး အလုပ်လုပ်နေကြရသဖြင့် သူတို့အား ကြပ်ကြပ်မမ နိုင်းရန် အချိန်မရကြပေ။
မျိုးမင်းကွ
မျိုးမင်း လမ်းထိပ်ဆိုင်မှာ ရေနံဆီ သွားဝယ်စမ်း.. ရော့…
သားသားနဲ့လဲ ရန်ဖြစ်ထားတယ် မေမေ…
ထို့ကြောင့် အိမ်၏ မာဟီရ အလုပ်မှန်သမျှကို သူတို့၏ အစ်မဖြစ်သူ ချိချိကသာ သိမ်းကျုံး၍ လုပ်ရလေသည်။
သမီးရေ.. မီးဖိုချောင်မှာ အိုးတွေခွက်တွေ သွားကြည့်စမ်း



ဒုက္ခပါဘဲ၊ ရေကလဲမပြည့်သေးဘူး၊ ငါလဲ ကျောင်းချိန်နီးနေပြီ၊ မျိုးမြင့်ဆို မျိုးဝင်းတို့ ကလဲ ဘယ်သွားနေမှန်းမသိဘူး
အိုး..ဟင်းအိုးတွေ ကြောင်ဖွင့်သွားပြီ၊ ငါ့မှာရေ ပုလင်းလဲ ကျကွဲလို့ပါလား၊ ဟဲ့ကြွက်တွေ သွား သွားစမ်း..ရှူး..ရှူး
ချိုချိုတယောက်တည်း လက်မလည်သဖြင့် အလုပ်တာဝန်များ လစ်ဟင်းပြီး
အာ..မျက်နှာသစ်ဖို့တောင် ရေ မရှိပါလား၊ ချိုချိုက မခပ်ဘူးလား တယ်..ဒီကောင်မလေးဟာ..
ခပ်ပါတယ်ရှင် ယိုလိုက်လို့ကုန် သွားတာပါ..
ဟာ..အလုပ်သွားမယ် ဝတ်သွားဖို့တောင် အင်္ကျီမရှိပါလား၊ ချိုချိုက ဘာဖြစ်လို့ လျှော်မထားတာလဲ..တယ်.. ဒီကောင်မလေးတော့လေ..
ယူ..ရေဆွဲနေ လို့ပါရှင်..
ထို့ကြောင့် အိမ်တွင် တာတခုမျှ ပြည့်ပြည့်စုံစုံ မရှိသည့်အပြင် ဖရိုဖရဲနှင့် စည်းမရှိ ကမ်းမရှိ ဖြစ်နေလေသည်။
တနေ့တွင် ချိုချိုသည် ဆွေမျိုးများဖြင့် ရွာသို့ အလည် လိုက်သွားသည်။
မမ..ကျောင်းဖွင့်ဖွင့်ချင်း ပြန်ခဲ့လိုက်မယ်နော်...


ထို့ကြောင့်
ဟဲ..ခါတိုင်းမရှိလို့ ရေစည်ထဲမှာလဲ မိကျောင်းလေးနေပြီ..မျိုးမင်းနဲ့မျိုးဝင်း ရေသွားခပ်စမ်း
အာ..မေမေကလဲ သားသား ဗိုက်အောင့်...
ဘာ ဗိုက်အောင့်သလဲ ကဲကွာ-ကဲကွာ-အောင့်အုံး
အောင်မယ် လေးဗျ..
အား..ဆွဲပါမယ် မေမေရဲ့ ဆွဲပါ မယ်...
မျိုးမင်းနှင့် မျိုးဝင်းသည် မလုပ်မဖြစ်တော့သဖြင့် အိမ်အလုပ်များကို ဝိုင်းကူ၍ လုပ်ပေးရလေတော့သည်။
အေးကွာ..အဲဒါ ဒို့ ဝိုင်းမလုပ်လို့
အို..ညီလေးကလဲ တိတ်ပါကွာ..မေမေ အဝတ်တွေလျှော်နေ တယ်ကွ..တိတ်တိတ်
ကြာသော် မျိုးမင်းနှင့် မျိုးဝင်းတို့သည် အလုပ်လုပ်ရသည်ကို ပျော်ရွှင် လာကြ လေသည်။ အိမ်တွင်လည်း အရာရာ ပြည့်စုံလာလေတော့သည်။



# ရန်ကုန် လေဆိပ်

ရန်ကုန်လေဆိပ်ရှိ လေယာဉ်ပြေး လမ်းကြောင်းမှာ ဒုတိယ ကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့ရာ ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှ ဘုရင့် လေတပ်မတော်က သံပြားပေါက် နှစ်ထပ်ခင်း လေယာဉ်ပြေးလမ်းတခု ဆောက်လုပ်၍ အသုံးပြုခဲ့သည်။ သို့ရာတွင် စစ်ပြီးခေတ် ပြောင်းလဲတိုးတက်လာသော လေယာဉ်ကြီးများ ဘေးအန္တရာယ် ကင်းရှင်းစွာ ဆင်းတက်နိုင်ရန်ငှင်း၊ ရန်ကုန်လေဆိပ်တွင် လေယာဉ် အဝင်အထွက်မှာ များပြားလာသဖြင့် ခရီးသည်နှင့် ကုန်စည်များ အဝင်အထွက် ချောမော ပြေပြစ်စေရန်ငှင်း ခေတ်မီ လေဆိပ်သစ်တခု ဆောက်လုပ်ရန် စီစဉ်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် မင်္ဂလာဒုံ လေဆိပ်ဆောက်လုပ်ရေးကော်မီတီတရပ် စတင်ဖွဲ့စည်းခဲ့သည်။

လေဆိပ် ဆောက်လုပ်ရေး လုပ်ငန်းများကို အဆင့်နှစ်ဆင့် ခွဲခြား၍ စီမံဆောက်လုပ်ခဲ့သည်။ ပထမ အဆင့်အနေဖြင့် အလျားပေ ၈၁၀၀၊ အကျယ်ပေ ၂၀၀ ရှိ ကွန်ကရိခင်း လေယာဉ်ပြေးလမ်း တည်ဆောက်ရေး၊ လေယာဉ်သွားလမ်း၊ လေယာဉ်များ ရပ်နားရန်နေရာ၊ လေယာဉ်ပြေးလမ်း လျှပ်စစ်မီးတပ်ဆင်ခြင်း၊ လေကြောင်း ထိန်းသိမ်းရေး မျှော်စင် ဆောက်လုပ်ခြင်း စသည်များ ပြုလုပ်ခဲ့သည်။ ဒုတိယ အဆင့်အနေဖြင့် လေဆိပ် အဆောက်အအုံသစ် ဆောက်လုပ်ခြင်း၊ လေအေးပေးစက် တပ်ဆင်ခြင်း၊ ကုန်လှောင်ရုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မော်တော်ယာဉ်များ ရပ်နားရန် ရုံများ ဆောက်လုပ်ခြင်း စသည်များ ပြုလုပ်ခဲ့သည်။ အားလုံး ဆောက်လုပ်ချိန် ရှစ်နှစ်ခန့်ကြာပြီး စုစုပေါင်း ကျပ် ၇၁၄ သိန်း ကုန်ကျခဲ့သည်။

ရန်ကုန်လေဆိပ် လေယာဉ်ပြေးလမ်းသည် ကမ္ဘာ့ လေယာဉ်ပြေးလမ်း အမျိုးအစားတွင် "ဘီ" အမျိုးအစား၌ ပါဝင်သည်။ ကွန်ကရိထု ၁၆ လက်မ ခင်းထား၍ လေယာဉ် အလေးချိန် ပေါင် ၃၄၀,၀၀၀ အထိ ခံနိုင်စွမ်း ရှိသည်။ ဘိုအင်း ၇၀၇၊ ဒီစီ ၈၊ ဗွီစီ ၁၀ နှင့် ဆူပါ ဗွီစီ ၁၀ ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်။ မြန်မာနိုင်ငံလေကြောင်းပိုင် လေယာဉ် အမျိုးအစားများမှာ ဒါကိုတာ၊ ဗိုင်းကောင့်၊ ဖော်ကာ ဖရင်းရှစ်နှင့် ဘိုအင်း ၇၀၇ ဂျက်တို့ ဖြစ်သည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

# စိတ်ရှည်လက်ရှည် သေသေသတ်သတ်

ကျော်ဉာဏ်ဝင်း (လှည်းဘားကောလိပ်)



"ထွန်းထွန်းဦး အလုပ်ကို သေသေသတ်သတ် လုပ်စမ်း"

ဦးလေး ဖြစ်သူက ငေါက်လိုက်သဖြင့် ထွန်းထွန်းဦးသည် ခဲဖျက်ဖျက်နေရာမှရပ်၍ဦးလေးကို မော့ကြည့်လိုက်သည်။

"လက်ပြောင်းပြန်ကြီးဖျက်နေလို့ ပျက်မလားကွ၊ စာရွက်စုတ်သွားမှာပေါ့၊ မင်းကို ပေးထားတဲ့ ခဲဖျက်တတုံး ဘယ်ရောက် သွားလဲ"

ခဲဖျက်သည် တိုင်တွင် ချိတ်ထားသော ကျောင်းလွယ်အိတ်ထဲတွင် ရှိသည်။ ထ ယူရမှာ စိတ်မရှည်သဖြင့် ထွန်းထွန်းဦးသည် ခဲတံဖင်ရှိ ခဲဖျက်တိုနန့်နန့် ကလေးဖြင့်သာ မရအရ ကတ်ကတ်သတ်သတ် ဖျက်နေမိခြင်း ဖြစ်သည်။

"လွယ်အိတ်ထဲမှာ ရှိပါတယ် ဦးဦး"

"ရှိယင် သွားယူဖျက်၊ မင်း တော်တော် အလွယ်တကူ လုပ်နော်၊ ဘာလုပ်လုပ် စိတ်ရှည်ရှည်နဲ့ သေသေ သတ်သတ် လုပ်လို့ မင်းကို ခဏခဏပြောထားတယ် မှတ်လား"

ထွန်းထွန်းဦးသည် ဦးလေး၏ မြည်တွန် တောက်တီးသံကို နားခံရင်း လွယ်အိတ်ဆီသို့ မထချင် ထချင်ဖြင့် ထသွားသည်။ လွယ်အိတ်ကို တိုင်တွင် ချိတ်ထားရက်က မဖြုတ်ပဲ ခဲဖျက်ကို နှိုက်သည်။ ခဲဖျက်သည် ဘယ်ချောင် ဘယ်ကြားတွင် ကပ်နေသည် မသိ။ တော်တော်နှင့် စမ်း၍ မတွေ့။ သည်ကြားထဲ ခဲဖျက်ရှာကာမှ ဖန်ဂေါ်လီတွေ၊ သားရေကွင်းတွေ၊ ခဲတံအတိုအစတွေကို သွားစမ်းမိနေပြန်သည်။

ထွန်းထွန်းဦးသည် စိတ်တိုလာသည်။ စိတ်ရှည်ဖို့၊ သေသေသတ်သတ်လုပ်ဖို့ ဦးလေး ပြောနေကျ စကားကို သူမေ့သွားသည်။ ထို့ကြောင့် သူသည် စာအုပ်တွေကြားထဲတွင် ခဲဖျက်ညပ်နေသည် အထင်ဖြင့် ရမ်းနှိုက်လိုက်ပြန်သည်။

"ဖြိ – ဖြိ"

စာအုပ်တွေ၊ ကစားစရာ တိုလီမိုလီတွေဖြင့် ပြည့်ဖောင်းနေ သော လွယ် အိတ် သည် ထွန်းထွန်းဦး အတင်း နှိုက်မှုကြောင့် မဆန့်မပြဲဖြစ်ကာ ချုပ်ရိုးများ ပြတ်ထွက် ကုန်သည်။

"ဟာ....လွယ်အိတ်ပြဲပြီ"

ထွန်းထွန်းဦးသည် ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွားပြီး၊ ဦးလေးကို လှမ်း ကြည့် လိုက်သည်။ တော် သေး သည်၊ ဦးလေးသည် သူ့အဖြစ်ကို မသိလိုက်ပဲ သတင်းစာ တစောင်ကို ဖတ်လျက် ရှိသည်။ သို့သော် ထွန်းထွန်းဦးသည် သူ့ဦးလေးကို မြင်မှပင် စိတ်ရှည်ရှည်ထားဖို့၊ သေသေချာချာ လုပ်ဖို့ကို သတိရလာသည်။ ထို့ကြောင့် တိုင်တွင်ချိတ်ထားသော လွယ်အိတ်ကို ကပျာကယာဖြုတ်ကာ လွယ်အိတ်ထဲရှိ စာအုပ်များကို သွန်ချ လိုက်သည်။ ပြီးတော့ ကျောင်းစာအုပ်တွေကိုတခြား၊ ကစားစရာတွေကို တခြားသတ်

သတ်စီ ဖယ်ကာ၊ ခဲဖျက်ကို ဆက်ရှာသည်။ သို့သော်....

"ခဲဖျက် မရှိတော့ဘူး၊ ဒုက္ခဘဲ"

ထွန်းထွန်းဦးသည် ခဲဖျက်ကို သူဘယ်မှာ ထားမိသည်ကို ပြန် စဉ်းစားသည်။ ကျောင်းမှာပဲ မေ့ခဲ့သလား။ မဖြစ်နိုင်။ ကျောင်းမလွှတ်ခင်ကသူ့သူငယ်ချင်း တယောက်ကို ခဲဖျက် ခဏ ငှားခဲ့သည်ကို အမှတ် ရလာသည်။ ကျောင်း လွှတ် သောအခါသူ့သူငယ်ချင်းကကျောင်းခန်းမှ အထွက်တွင် ခဲဖျက် ပြန်ပေးသည်ကိုလည်း သတိ ရလာသည်။

"နေအုံး....သူ ခဲဖျက်ပြန်ပေးတုန်းက ငါလဲ လွယ်အိတ်ထဲကို ထည့်ခဲ့တာဘဲ။ ထည့်ရက်သားနဲ့ လွယ်အိတ်ထဲကိုဘဲ မရောက်လို့လား"

ထွန်းထွန်းဦးသည် စဉ်းစားရင်း ခဲဖျက်ကို လွယ်အိတ်ထဲသို့ သေသေချာချာ မထည့် ခဲ့၍ သာ၊ ယခုကဲ့သို့ ပျောက်ဆုံးခြင်း ဖြစ်သည်ကို သိလာသည်။ သူ့ဦးလေး မကြာခဏ ပြောသကဲ့သို့ သူသာ စေ့စေ့ စပ်စပ် သေသေချာချာ ထည့်ခဲ့ပါက ခဲ ဖျက် လည်း ပျောက် မည် မဟုတ်၊ ပြီးတော့ စိတ်ရှည်ရှည် ဖြင့်သာ လွယ်အိတ်ကို ဖွင့်တ်ယူ၍ ရှာပါက လွယ်အိတ်လည်း ပြဲမည် မဟုတ်ကြောင်းကို သိလာသည်။

ထွန်း ထွန်း ဦး သည် သူ၏ မသေမသတ် လုပ်တတ်မှု၊ စိတ်မရှည်မှုတို့ကို နောင်တ ရလာသည်။ တခါက သာကေတ တန်တားသစ်ကြီးဖွင့်ပွဲကို သွားကြည့်စဉ် မ တင်ထားသော ခုံးတန်တားကြီးကိုမြင်၍ သူက–

"ဦးဦး.... ဒီတန်တားကြီး ပြုတ်ကျယင် လူတွေ ကားတွေ တော့ဒုက္ခဘဲနော်" ဟု တအံ့တသြ ပြောခဲ့ရာ ဦးလေးက....

"အေးပေါ့ကွ၊ ဒီတန်တားကြီးတင်မကဘူး၊ တိုက်အိမ်ကြီးတွေ၊ စက်ရုံကြီးတွေ၊ လေယာဉ်ပျံတို့၊ ကားတို့၊ ရထားတို့၊ ကရိန်း တို့ လဲ ဖြစ် က တတ် ဆန်းမသေမသတ် လုပ်ထားယင် လူတွေ ဒုက္ခ ရောက်ကုန်မှာပေါ့။ စိတ်ရှည် လက်ရှည်နဲ့ သေသေချာချာ စေ့စေ့စပ်စပ်လုပ်ထားကြလို့သာ ဦးဦးတို့မင်းတို့ ခုလိုဘာမှမဖြစ်ဘဲ နေနိုင်တာပေါ့ကွ။ ဒါကြောင့်လဲ မင်းကို ဦးဦးခဏခဏ ပြောတာပေါ့။ ဘာဘဲလုပ်လုပ် စိတ်ရှည်ရှည်နဲ့ သေသေ သတ်သတ် လုပ်ယင် အောင်မြင်တယ်လို့" ဟု ရှင်းပြခဲ့သည်ကို ပြန်၍အမှတ်ရ ကြားယောင် လာသည်။

ထွန်း ထွန်း ဦး သည် ပြဲ နေသော လွယ် အိတ် ကို ယူ လိုက်သည်။ လွယ်အိတ်ပြဲခြင်းသည် သူ ၏ စိတ် မ ရှည် မှု၊ ခဲ ဖျက် ပျောက်ခြင်းသည် သူ၏ မသေသတ်မှုကြောင့် ဖြစ်သည်ကို ဦးလေးထံတွင် ဝန်ခံတော့မည်ဟု ၍ ဆုံးဖြတ်လိုက်လေသည်။

## တာဝန်ကိုယ်စီ

အရှေ့ဘက်ဆီ အရုဏ်နီ
လင်းကြက် တွန်သံချို။

ရွှေကြေးစည် သံချိုထပ်
မေမေ ဆွမ်းပန်းကပ်။

လှည်းနွားတပ်လို့ အသင့်ပြင်
အဘ ယာကိုဝင်။

နေခြည်မျှင် ရွှေတစောင်း
သွားပေါ့ သားကကျောင်း။

အမှောင်ညောင်းလို့ အလင်းဆောင်
မိုးသောက် အရုဏ်စင်။


လုပ်ငန်းဝင် ကိုယ်စီငှ
အားမာန် တကြကြ။ ။

စန္ဒာမြင့်



R. 517

# ပလာတူး



ပလာတူး ငါးတို့၏ ခန္ဓာကိုယ်မှာ ရေငုပ်သင်္ဘောသုံး တော်ပီဒိုဗုံးနှင့် အကြမ်းအားဖြင့် တူသည်ဟု ဆိုနိုင်သည်။ ခန္ဓာကိုယ် တောင့်တင်း သန်မာပြီး အထက်ပိုင်း အရောင်အဆင်းမှာ သတ္တုပြာရောင် သို့မဟုတ် စိမ်းပြာရောင်ဖြစ်သည်။ အကြေးခွံများ သေးနုပ်သည်။ ကျောဆူးတောင်ကြီးနှင့် ကျောဆူးတောင်ငယ်များ ရှိသည်။ မျက်စိတွင် တံငါဝိုင်ခေါ် အဆီဖုံးပါရှိသည် မျက်ခွံများရှိသည်။ သွားများ မေးရိုးတလျှောက်တွင်ရှိပြီး သေးငယ်သည်ကို တွေ့ရသည်။ ပလာတူးကို မြိတ်ဖက်က ပလာတူး သို့မဟုတ် ရှမ်းပဒူးဟု ခေါ်၍ ရခိုင်ဖက်မှ ငမိုးသီးဟု ခေါ်သည်။

ပလာတူးတို့သည် အုပ်စုကြီးများဖွဲ့၍ နေထိုင်သွားလာတတ်သည့် အရေးပါသော စီးပွားဖြစ်ငါးများဖြစ်ကြသည်။ မြန်မာနိုင်ငံ တနင်္သာရီဒေသ ရေပြင်များတွင် တွေ့နိုင်သည်။ ထိုဒေသတွင် ပလာတူး နှစ်မျိုးနှစ်စားကိုသာတွေ့ရှိရပြီး ယင်းတို့မှာ ပလာတူး အပုမျိုးနှင့် ပလာတူးအရှည်မျိုးဟူ၍ ဖြစ်သည်။ ပလာတူး အရှည်မျိုးသည် ကမ်းခြေနှင့် ခပ်ဝေးဝေး နေရာတွင် နေတတ်သည်။ အရွယ်အစားမှာ ပျမ်းမျှ ရှစ်လက်မသာသာရှိသည်။

ပလာတူးသည် စားကောင်းသော ငါးမျိုးဖြစ်သည်။ သို့သော် ယင်း၏အသားကို ဥရောပသားများ မနှစ်သက်ကြချေ။ ဤငါးမျိုးသည် လျင်မြန်စွာ ပုပ်သိုးတတ်သည်။ ထိုသို့ ပုပ်သိုးမှ စားသုံးမိလျှင် အူနှင့် အူသိမ်တို့တွင် ယားယံလာတတ်သည်ဟု ဆိုသည်။

**သောင်းစု (သုတေသန)**


၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၄၃။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ သီတင်းကျွတ်လဆန်း ၁၁ ရက်။ (၂၆-၁၀-၇၄)





## ပင်လယ်ပြင်ကို မီးရှို့ပစ်မယ်


ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - နှင်းဦး

စနေနေ့တိုင်း ထုတ်ဝေသည်။


ဆက်ရက်မ တကောင်သည် ငှက်အပေါင်းတို့အား အော်ဟစ်၍ တိုင်တမ်းနေ၏။
ကဇော် ကတစ် ကတက် ကျွင်းကျော် ကွီကျီ ဂစ်ဂစ်
ကျော် ကျွစ် ကျွီ ကျော် ကျော် ကျွစ် ကျွီ ကျော်
ခိုတ်ဆွေတို့ ခိုတ်ဆွေတို့
ဟောဒီမှာ - မျှော်သွားမ - - ကျွမ အသိုက်ကို - လာလုနေတယ်တော့ -
လုပ်ကြပါအုံး - အရှပ် ကတို့ရဲ့
ဆက်ရက်မလေး မနိုမှာ စကား အလွန်များသော်လည်း မဟုတ် မမှန်သော စကားကို မပြောဟု ငှက်အပေါင်းတို့က သိပြီးဖြစ်သည်။
မိုနို ကတော့ စံ - ဘဲ။ ရန်မှစ်မှန်ဖြ ထင်တယ်
ဟင့် အင်
အင်း - တယ်ဆူတဲ့ မိုနိုကိုး
ဘာများ ပါလိမ့် မိုနို အသံဘဲ
ကျစ်ကျစ် - ကျီကေါင်ကော်ဝေါ်ဝ - ကျွစ်ကျီကျဲ - ကျစ်ကျွီကျီကျဲ - - ဟော့ - ငါက - ဒီအသိုက်မှာဘဲ - ဥက ပေါက်ပြီး ကြီးပျင်းလါတါ - လေးနှစ်တိတိ သားတွေပေါက်လာတာဟဲ့ - ညည်းက ဟင်း
ဒါပေမဲ့ - - - ဒီအသိုက်ကို ငါအရင် တွေ့တာပါဟယ်
နင် - ဒီလိုတော့ - မတရား မလုပ်ပါနဲ့။ ဒီလောက်တောင် လောဘကြီးရလား။ ဂစ် - ဂီ - - - - ကွစ်ကွစ် - ကွစ်
မကြီးပါဘူး အရင်နှစ်က ငါ့အသိုက် ရှိတဲ့ - သစ်ပင်ကို - သစ်ခုတ် သမားတွေက - ခုတ်လှဲ ယူသွားလို့ပါ - ဟဲ့
နင်လဲ - ဒီလိုဘဲ - ဒီမှာ တချိန်လုံး နေယင် - ဒီလို တခြား သစ်ခေါင်းတခုခု ရှာဖြီးနေလို့ရမှာပေါ့ဟ။ သူများ အသိုက်ကိုခိုး စရာမလိုပါဘူး။
နင်က ဆောင်းလဲကုန်ရော - - - အမယ်လေး - - ယူရတာကိုက်ရတာနဲ့ - - နောက်တော့ ဘယ်ပျောက်သွားမှန်းမသိ ပျောက်သွားမြန်ရော - - - တကတဲ - -


ထိုအခါ အခြားငှက်များကလည်း ဆူညံစွာ ဝိုင်းဝန်းပြောဆိုအော်ဟစ်ကြလေ၏။
ထိုအခိုက် အသံစူးရှသော ငှက်ကြီးက
ရှင်ကလဲ - ပင်လယ်ရေကို - ကုန်အောင် သောက်လို့ - ဘယ်ရပါ့မလဲ -
အို... မသောက်နိုင်ယင်လဲ ပင်လယ်ပြင်ကို - မီးရှို့ပစ်ပေါ့
ပျံလွှားမ၏ စကားကြောင့် ငှက်အပေါင်းက ဝိုင်းဝန်း ဆူကြ၊ အော်ကြ၊ ဟစ်ကြပြန်၏။
ထိုအခါကျမှ ပျံလွှားမသည် ထွက်သွားလေ၏။
ပင်လယ်ပြင်ကို - မီးရှို့ပြမယ်ဟေ့


နောက်တနှစ် ဆောင်းဦးပေါက်၌ အခြား ငှက်ကလေးများ ပေါက်ချိန်တွင် ပျံလွှားမ ပြန်ရောက်လာပြန်လေရာ....
ဟဲ့-ဟဲ့-ဟဲ့ ပျံလွှားမ------ ပင်လယ်ပြင်ကို ဖြတ်ပြီး ပြန်ရောက်ပြီလား
မြိုင်လွှား
ဟား ဟား
ဟား ဟား
ငှက် အပေါင်းအသင်းများက ဝိုင်းမေးကြ၍ ရှက်လွန်းလှသဖြင့်
အမယ်လေး-ငါ မျက်နှာပျက်လိုက် တာနော်။ အသိုက်ဆောက်ဖို့ ကလဲ-နောက်ကျနေပြီ။ ကိုယ့် အသိုက်ဆောက်ဖို့ နေရာတောင်-ရှာလို့မတွေ့ ယင်-ဝိုင်းဟားကြအုံးမှာ၊
အသိုက် ဆောက်ရန် ကြိုးစား၍ လိုက်ရှာစဉ် သစ်ခေါင်း တခုကို တွေ့တိုင်း တွေ့တိုင်း—
အိမ်ရှင်တို့ အိမ်ရှင်တို့
အာလဲ— အလျှော်လား— ကတော့ပါ သေးရဲ့—
နောက်ဆုံး၌ သစ်ခေါင်းတခုအတွင်းမှ အဖြေ ပေးသံထွက်မလာသဖြင့် -
ပိုင်ရှင် ရှိသလော မရှိသလော
ပိုင်ရှင် ရှိသလော မရှိသလော
ပိုင်ရှင် ရှိသလော မရှိသလော
သစ်ခေါင်းအတွင်းသို့ စုံစမ်းရန် အပြေး အ လွှားဝင်သွားရာ
ဟင်-အထဲမှာ-ဘာမှလဲ မရှိ ပါလား။ ပိုင်ရှင်မဲ့ သစ်ခေါင်းပဲ ဖြစ်ရမယ်။
ဝမ်းသာ လိုက်တာ။ ဒီမှာ အသိုက် ဆောက်လို ရပြီ။
အသိုက်သစ်ဆောက်လုပ် လိုက်ပြီး
ဟင်း--- ခိုမိအဲ
ခုမှပဲ-ကိုယ့်အိုး ကိုယ့်အိမ်နဲ့ နေရတော့တယ်။ အေးအေး ဆေးဆေး-အချိန်ကျမှဥ ပစ် လိုက်မယ်



ထိုကြောင့်ပျံလွှားမသည် ဥများအချိန်မှီ အုနိုင်ပြီး ကျေနပ်လျက် ရှိတော့သည်။
ဘယ်သူမှ အခေါ် အပြော မလုပ်ချင် နေကြပေါ့ – ငါ့သားလေးတွေ ပေါက်လာယင် . အဖော်ရ တာဘဲ . . . . –
သားလေးများ ကြီးလာပြီး အပျံတတ်၍ ခွဲခွာသွားသော အချိန်ကျသော အခါ
မှုင်းလိုက်တာ
ဒုက္ခပါဘဲ . . . . သားလေးတွေကြီး သွားတော့ – ငါ့ရင် ဘတ် – စုံကန်ပြီး ထွက်သွား ကြတာဘဲ။ နောက် နောင်ကို မွေးမွေးမှ အပျံသင် ပေးမယ်
တခြားငှက် တွေကလဲ – ပင်လယ်ပြင်ကို ဖြတ်ပြီးမယ်လို့ – ဘု မြော့ဖို့လို – အပေါင်း အသင်း မလုပ်ကြဘူး။ နှစ်နှစ်ကျယင် အဖြဲ့ တခုခုထဲမှာ ဖြစ်မယ်
နောက်နှစ်ဆောင်းဦးပေါက်သော် ပျံလွှားမသည့် ခါတိုင်းထက် စောစောပြန်ရောက်လာပြီး အမြန်ဆုံးအုလိုက်၏။ သားလေးများပေါက်သောအခါ တခြားငှက်များကမခေါ်ကြသော်လည်း မိမိသားများနှင့်ပင် ပျော်နေ၏။
ကျစ်
ကျစ်
ကျစ်
ကျစ်
ကျစ်
အသိုက်နားနီးချင်းတို့က ငှက်သားငယ် ကလေးများ၏ အသံကို ကြားကြလျှင် တစိတစောင်း ချောင်းကြည့်ကာ
ဟာ – ဒီက . ဥတောင်မဖောက်ရသေးဘူး ပျံလွှားမကြီး သားတွေတောင် ပေါက်နေပါပြီကော။ တယ်စောပါလား
အေးဟာ၊ ဒီကောင်မ ဘယ်လို လုပ်လိုက် ပါလိမ့်
သားကလေးများ ကြီးလာသော် နောက်တသုတ် ဥများအုကာ နောက်ပေါက်သားငယ်များနှင့် တပြိုင်နက် အပျံသင် ပေးလေသည်။
အခြား ငှက်များသည် အားရလှ၍ မခေါ်ဝံ့ မနေနိုင်အောင် ဖြစ်ပြီး ပျံလွှားမ အပေါ်ရှိ သမျှ အပြစ်များကို ခွင့်လွှတ် လိုက်ကြလေသတည်း။
ဟေ့ – ပျံလွှားမ – တယ်တော် ပါလား ဟာ – တဆောင်းထဲ – နှစ်သား မွေးနိုင်တယ် နော်.
ဟဲဟဲ – ဟဲဟဲ – ဒို့ဆီလဲ . လာလယ် ပါအုံးဟာ – တကတဲ့ မှာဘဲ
ညည်းလေ – ညည်းတော့လား တနေ့ကျယင် ပင်လယ်မြင် ကို – တကယ် ဖြတ်ရမယ့် ဟာမှာဘဲ . ဟဲဟဲ


ကိုယ့်အားကိုယ့်ဟန်
တနေ့တွင် ဒေါ်သုဇာသည် တိုးဝါ အမည်ရှိ ကြောင် ကလေးတကောင်ကို မွေးရန်အိမ်သို့ ယူလာသည်။
ဇါတ်လမ်း နှင်းမြမြ
ကာတွန်း
အတော်ဘဲ..ငါ့အိမ်က ပေါက်စနဲ့အဖော်ရတာပေါ့..
တိုးဝါမှာ ပေါက်စကို မြင်မြင်ချင်းပင် ကြောက်မိသည်။
ဟဲ့ပေါက်စ..နင်ကအကြီး နင့်ထက်ငယ်တဲ့တိုးဝါကို အနိုင်မကျင့်ရဘူး
ကြောက်စရာကြီး
အင်း..ငါလဲ ဘယ်မှ မသွားရ မလာရဖြစ်နေပါလား
မေမေကြီးရှိနေလို့သာ ငါ့ကိုရန်မမူတာ..
ပေါက်စရှိနေ၍ တိုးဝါမှာ မီးဖိုထဲမှပင် မထွက်ရဲတော့ပေ။
တနေ့
ကဲ..တိုးဝါ ရေ မေမေကြီးမြို့ထဲ ခဏသွားအုံးမယ်..ဘယ်မှမသွားနဲ့ ကြားရဲ့လား..
ဟယ် ဒုက္ခဘဲ
မေမေကြီးမရှိယင်..ပေါက်စ လာပြီး ဆိုလ်ကျတော့မှာဘဲ..


ထိုစဉ် ရုတ်တရက်
အမယ်လေး.. လုပ်ပါဦး
ဖြောင်း
သို့သော် ခြံဝမှ အောင်နက်က ဆီး ကြိုနေသည်ကို တွေ့လိုက်ရ၏။
တိုးဝါမှာ မိမိ၏လက်သည်းများ ဖြင့် အောင်နက်အား တိုက်ခိုက် လေရာ-
နောက်ဆုံးတွင်
ပြီး
တိုးဝါမှာ ရင်ကော့ပြီး အိမ်ထဲ သို့ ပြန်ဝင်သွားတော့သည်။

# သီတင်းကျွတ်လ

မောင်ဖေဝါထွန်း






သီတင်းကျွတ်လသည် မြန်မာပြက္ခဒိန်တွင် ခုနစ်ခုမြောက် လဖြစ်သည်။ သီတင်းကျွတ်လကိုပင်''ဝါကျွတ်လ'' ဟူ၍၎င်း၊''သန့်တူလ'' ဟူ၍၎င်း ခေါ်ဝေါ်ကြသေးသည်။

ရဟန်းတော်များ သီတင်းသီလ ကျင့်သုံးဆောက်တည် နေထိုင်သော ကာလမှ ကျွတ်လွတ်သော လဖြစ်သောကြောင့် ''သီတင်းကျွတ်လ''ဟု ခေါ်ပြီး ဝါဆို ဝါကပ်ခြင်းမှ ကျွတ်လွတ်သော လ ဖြစ်သည်ကို အစွဲပြု၍ ''ဝါကျွတ်လ'' ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်လေသည်။

''သန့်တူလ''ဟု ခေါ်ဝေါ်ခြင်းနှင့် ပတ်သက်၍ ''သန်'' ဟူသည် ပါဠိစကား ''ဝသန္တ''မှ ဆင်းသက်လာပြီး ''တူ''မှာ ပါဠိစကား ''တူလ'' မှ ရွေ့လျောလာသော စကားဖြစ်ရာ ''သန့်တူ'' ၏ အဓိပ္ပာယ်မှာ ''ဝသန္တဥတု၊ တူရာသီ'' (မိုးဥတု၊ ချိန်ခွင်ရာသီ) ဖြစ်သည်ဟု အချို့ပညာရှင်တို့က ကြံဆကြသည်။ အချို့ကလည်း ''သန်'' ဟူသည် ''ကောက်စပါး'' ''တူ'' ဟူသည်'' ကြီးထွားထောင်မတ်သည်'' ဟူ၍ အဓိပ္ပာယ်ရသောကြောင့် သီတင်းကျွတ်လတွင် ကောက်ကြီးစပါးပင်များ ကြီးထွား ထောင်မတ်သည်ကိုရည်၍ ''သန့်တူလ'' ဟူ၍ ခေါ်သည်ဟု ဆိုသည်။

သီတင်းကျွတ်လတွင် ရက်မစုံ (၁၄ ရက်) ကွယ်သောကြောင့် ရက်ပေါင်း ၂၉ ရက်သာ ရှိသည်။ ဤလတွင် နေ့နာရီ ၃၀၊ ညနာရီ ၃၀



ရှိသဖြင့် နေ့ည နာရီတူညီသည်။ ရာသီအားဖြင့် တူရာသီ ဖြစ်သည်။ ဤရာသီတွင် အသဝဏီနက္ခတ်နှင့် စန်းယှဉ်၍ လပြည့်သည်။

ဤလ၌ ကျီးတာရာထွန်းသည်။ ရာသီရုပ်ကား ချိန်ခွင် ကိုင်ထားသော ဈေးသည်ပုံဖြစ်




သည်။ ရာသီပန်းမှာ ကြာမျိုး ငါးပါး ဖြစ်ပြီး ရာသီပွဲတော်ကား မြင်းမို မီးထွန်းပွဲနှင့် ပဝါရဏာ ပွဲတော်များ ဖြစ်ကြသည်။

မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်၌ ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာ တရားတော်ကို ဟောကြားတော်မူပြီးနောက် သီတင်းကျွတ် လပြည့်နေ့တွင် မြင်းမိုတောင်ထိပ်မှနေ၍ သင်္ကာသနဂိုရ်ပြည်သို့ ပြန်လည်ဆင်းကြွတော် မူခဲ့သည်။ ထိုအခါ မင်းနှင့်တကွ ပြည်သူတို့က ဘုရားရှင်အား ဆီမီး အလင်းရောင်ဖြင့် ဖူးမျှော် ပူဇော် ကြသည်။ ယင်းသို့ အစဉ်အလာ ရှိခဲ့သောကြောင့် ယခုခေတ် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ကလည်း သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးရောင်စုံ ထွန်းညှိ၍ ဘုရား သခင်အား ရည်မှန်း ပူဇော်လေ့ရှိကြသည်။ သီတင်းကျွတ်လပြည့်နေ့ကိုလည်း "အဘိဓမ္မာ အခါတော်နေ့" ဟူ၍ သတ်မှတ်လျက် အဘိဓမ္မာတရားတော် ရွတ်ဖတ်ပွဲများကို ကျင်းပကြလေသည်။

ပဝါရဏာ ပွဲတော်ကား ရဟန်းတော်များ ဥပုသ်သိမ်ဝင်၍ အပြစ်မှ ခွင့်လွှတ်ရန် အချင်းချင်း တောင်းပန် ဝန်ချခြင်း ဖြစ်သည်။ ဤသည်ကို အတုယူ၍ ယခုကာလ မြန်မာတို့သည် သီတင်းကျွတ် လပြည့်နေ့၌ သက်ကြီးဝါကြီး၊ ဆရာသမား၊ မိဘ ဖိုးဖွား တို့အား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ပူဇော်လေ့ ရှိကြသည်။


မောင်ပေါ်ထွန်း




ပိုးစုန်းကြူးလေး နဲ့ မောင်မောင်
မေမေ-ကျွန်တော်ကော ပျံယင်သွားတဲ့လို အလင်း ကျောင်းတွေ ထွက်ပြီလား
ဟဲ့-ဒို့က ပိုးစုန်းကြူးဘဲ- မထွက်ဘဲ နေပါ့မလား- အဲတခုတော့ရှိတယ်-
ပျံတဲ့ အခါမှာ-အလင်းကျောင်းကို မှိတ်လိုက် လင်းလိုက်လုပ်ပျံရတယ်-
နောက်ညတွင် ပိုးစုန်းကြူးလေး မောင်ရွှေလင်းသည် သူ့အမေနှင့် အတူ အပျံသင်လေသည်။
ဟဲ့သား အလင်းကောင်ကို အကြာကြီး မလင်း ရဘူး
ဘာဖြစ်လို့လဲ မေမေရဲ့


ဝံ့သူတွေက သားကိုမြင်ရတာပေါ့
ဝံ့သူတွေလာယင် ပျံပြေး မှာပေါ့-
ဘာမှ ဆင်ခြေ မတက်နဲ့-ပိုးစုန်း ကြူး ဆိုတာ-လင်း လိုက် မှိတ်လိုက် ပျံရမယ်-
ပိုးစုန်းကြူးလေးသည် ကျောင်းစွာ ပျံနိုင်သော အခါ တညတွင်
မေမေ မပါဘူး အလင်းရောင်ကို အကြာကြီး လင်း ဖြီး ပျံမယ်-
ထိုစဉ် မောင်မောင်သည် ပိုးစုန်းကြူးများကို ဖမ်းရန်အတွက် ချောင်းနေလေသည်။
တောက်! ပိုးစုန်း ကြူးတွေကလဲ လင်းလိုက် မှိတ်လိုက်နဲ့ ဖမ်းရ ခက် လိုက်တာနော်
ဟား- ဒီကောင်က တော့-အလင်းရောင်ကို အကြာကြီး လင်းထားတယ် လွယ်လွယ်နဲ့ ဖမ်းနိုင် မှာဘဲ-
အမလေးဗျ-
ဖျောက်ဘကြီး- ခံနေပါလိမ့်
ဟာ ပျံလို့လဲ မရဘူး မေမေရေ လုပ်ပါအုံး
မိတာဘဲ ဒါပေမဲ့ မေမေ မတွေ့မှ တော်တော်ကြာ ပုလင်းယူကိုင်လို့ ဆူနေ အုံးမယ်-


အမေရေ – အမေ့စကား နားမထောင်လို့သား ဒုက္ခရောက်ပြီမျာ- အီး ဟီးဟီး
မောင်ရွှေလင်းသည် သူ့အလင်းရောင်ကို လင်းလိုက် မှိတ်လိုက်လုပ်ရင်း ငိုနေလေသည်။
မောင်မောင်သည် အိမ်ရောက်သော် ပိုးစုန်းကြူးလေးကို ကျေနပ်စွာဖြင့် ကြည့်နေစဉ်
ပိုးစုန်းကြူးလေးက လှလိုက်တာ ဟီးဟိ - အဲ--
ဟဲ့ မောင်မောင် ခုထိမအိပ်သေးဘူးလား
ဟာ မေမေ လာပြီ-
ဟို– အဲ– အိပ်–အိပ် အိပ်ပါတော့ - အယ် အယ်---
မောင်မောင်သည် စားပွဲပေါ်မှ ပုလင်းကို ရုတ်တရက် ဖွက်လိုက်ရာ လက်ချော်သွားပြီး
ချွမ်း!
အမယ်လေး အမေရဲ့ လက်ရှသွားပြီ- အီး သွေးတွေလဲထွက် လာပြီမျာ- အီး ဟီး
အေးမင်းက မေမေ့ စကား နားမထောင်ဘဲ ဒီပုလင်းကိုယူယူ ဆော့တာကိုး
အီး ငါလဲ အဖော် အီ သွားတာဘဲ ဒါပေမဲ့ - ငါလွတ် သွားပြီ –
အင်း-ကောင်လေးကောင်ငါကော ကိုယ့်မေမေရဲ့စကားကို နား မထောင်လို့ဒုက္ခရောက်ရတာ
ပြီး



# တောင်ကုပ် ကားလမ်း


တောင်ကုပ် မော်တော်ကားလမ်းကို ၁၉၅၄ ခုနှစ်မှစ၍ ကျပ် ၃၇ဂ သိန်းမျှ အကုန်ခံကာ လမ်းအကျယ် ၃၂ ပေထိ ချဲ့ထွင်မွမ်းမံခဲ့သည်။

တော်လှန်ရေးအစိုးရ လက်ထက်တွင် ဤကားလမ်းကို အထူးတလည် ပြုပြင်ချဲ့ထွင်ခဲ့ရာ နွေရော မိုးပါ သွားလာနိုင်သော အခြေအနေသို့ ရောက်ခဲ့သည်။ ပန်းတောင်းမြို့နှင့် တောင်ကုပ်မြို့မှာ ခရီး ၁၀၅ မိုင်မျှဝေးကွာသည်ကို ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေး အဖွဲ့ပိုင်မော်တော်ကားကြီးများဖြင့် ခရီးသည်များကို ပို့ဆောင်ပေးလျက် ရှိသည်။ တောင်ကုပ်မြို့မှ ဆက်၍ ငပလီ (သံတွဲ) သို့ မိုင် ၄၀ ခန့်သာ ဝေးကွာသောကြောင့် ငပလီသို့ သွားလိုက ပြည်မြို့မှ တဆင့် ဧရာဝတီမြစ်ကို ဖြတ်၍ ကားလမ်းဖြင့် သွားနိုင်သည်။

တောင်ကုပ်မြို့နှင့်မြန်မာပြည်မရှိ ပန်းတောင်းမြို့တို့ကို ဆက်သွယ် ဖောက်လုပ်ထားသော တောင်ကုပ် မော်တော်ကားလမ်းကို ဗဒုံမင်းလက်ထက် မဟာမြတ်မုနိ ဘုရားကြီးကို ပင့်ဆောင်စဉ်ကပင် တောင်ရိုး လမ်းငယ်အဖြစ် အသုံးပြုခဲ့သည်။ ရှေးခေတ် ရခိုင် - မြန်မာ ကုန်စည် ကူးသန်းရောင်းဝယ်ရာတွင်လည်း အသုံးပြုခဲ့သည်။ ပထမအင်္ဂလိပ် - မြန်မာ စစ်ဖြစ်စဉ် အခါကလည်း အင်္ဂလိပ်တို့၏စစ်ချီလမ်းကြောင်း ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ကာလ၌လည်း ဂျပန်နှင့် အင်္ဂလိပ်တို့၏ စစ်လမ်းခရီး ဖြစ်ခဲ့ရသည်။


တောင်ကုပ်ဟု အမည်တွင်သည်မှာ ရခိုင်ရိုးမ တောင်တန်းကြီး ကုပ်ဆင်းနေသည်ကို အမြင်အားဖြင့် ခေါ်တွင်ခဲ့ခြင်း ဖြစ်ပေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)



# ဘာများကြီး မလိုချင်တော့ပါ

မဝင်းရွှေ



"မေ မေ သား ကျောင်း သွားတော့မယ်"

အတူးတယောက် ကျောင်းသွားရန် လွယ်အိတ်လွယ်ရင်း မီးဖိုချောင်ဖက်သို့ လှမ်းပြောလိုက်သည်။

"အော် - ကျောင်း ချိန် နီးနေပြီလားသား၊ လာ မုံ့ဘိုးလာယူ"

မေမေ့အသံ မဆုံးခင် အတူးတယောက်လက်ဝါးဖြန့်ပြီးသားဖြစ်နေသည်။ အကြွေ ၂၅ ပြား အတူးပိုင်လေပြီ။

"မတည့်တာတွေ ဝယ်မစားနဲ့နော် သား"

"ဟုတ်ကဲ့ မေမေ"

အသံနှင့် အတူ အတူး တယောက် အိမ်ခန်းထဲသို့ဝင်သွားသည်။ လက်ဝါးထဲမှ ၁၀ ပြားစေ့တစေ့ကို ရွေးယူလိုက်ပြီး သူ့ကို မျက်လုံးပြူးပြူးလေးနှင့် စိုက်ကြည့်နေသော နားရွက်ထောင်ထောင် ယုန် ရုပ်ကလေးထဲသို့ ထည့်လိုက်သည်။

မေမေပေးသော မုံ့ဘိုး ၂၅ ပြားထဲမှ ၁၀ ပြားကို နေ့တိုင်း ယုန် ရုပ် က လေး အ တွင်း သို့ ထည့်ခြင်းသည် အတူး၏ နေ့စဉ်ဝတ္တရားတခုဖြစ်သည်။ ဖေဖေ ဝယ်ပေးသော ကစားစရာများထဲမှ ထိုအရုပ်ကလေးကို အတူး အချစ်ဆုံးဖြစ်သည်။ နေ့စဉ်နေ့တိုင်း မျှော်ကြည့်ရသည်မှာလည်း အမောဖြစ်သည်။ မြန်မြန်ပြည့်ပါစေ ဟု လည်း ဆု တောင်း မိသည်။ စုဗူးပြည့်ပါမှ အတူး လိုချင်လှသော စပို့ရှပ်နှင့် ဘောင်းဘီရှည်ကို ဝယ်နိုင်မည်မဟုတ်ပါလား။

"ဟော့အတူး ကျောင်းသွားတော့ မ လား၊ စော ပါ သေး တယ် လာပါအုံးကွ"

လမ်းထိပ်တွင် ကလေးများ ဝိုင်းထိုင်နေရာမှ ဇော်ဇော့်အသံထွက်လာသည်။ ဇော်ဇော်သည် အတူး၏ အချစ်ဆုံးသူငယ်ချင်းဖြစ်သည်။

"ဇော်ဇော် မင်းဘာလုပ်နေတာလဲ၊ ကျောင်းသွားမယ်လေကွာ"

အတူးသည် ဇော်ဇော်ကို ခေါ် ရင်း မှ က လေး များ ကို အကဲခပ်လိုက်သည်။ ဇော်ဇော် အပါအဝင် ကလေးအားလုံးမှာ ကားချပ်လေးများကိုင်ထားပြီး စ နစ် တ ကျ ဖြစ် အောင် စီ နေ သည်ကို တွေ့ရသည်။

"ကိုးကွ - စားတယ်ကွ"

ဇော်ဇော့်အသံနှင့်အတူ ကလေးများဆီမှ ငါးပြားစေ့လေးများ ဇော်ဇော့်ဆီသို့ ရောက်လာသည်။ အတူးတယောက် သဘောပေါက်သွားလေပြီ။

"တယ် ဟုတ် ပါ လား ကွ၊ ငါပါ ပါမယ်"

အတူးလက်ထဲသို့ ကားချပ်လေးများ ရောက်လာသည်။ ကစားဝိုင်းမှထလာချိန်တွင် အတူးလက်ထဲ၌ အကြွေပြား ၃၀ ပါလာသည်။

"ဇော် ဇော် မင်း ဘယ်လောက်ရလဲ"

"ငါ ပြား ၅၀ ရတယ်။ ဒို့က ပိုက်ဆံမရှိလို့ကွ ပိုက်ဆံရှိယင် ဟိုအကိုကြီးလိုဒိုင်ကိုင်ယင် ပိုက်ဆံ အများကြီး ရတာပေါ့ကွ။ မြန်မြန်လာ အတူး ကျောင်း တောင်တက်နေပြီ"

နှစ်ယောက်သား ကျောင်း ခန်းထဲသို့ အပြေးအလွှား ဝင်ရောက်ခဲ့သည်။

ကျောင်းမှ ပြန်ရောက်ပြီး စာ ကျက် ချိန် ရောက် ၍ စားပွဲတွင်ထိုင်သာနေရသည် "ဒိုင်ကိုင်ယင် ပိုက်ဆံ အများကြီးရတာပေါ့ ကွ" ဟု ဇော် ဇော် ပြောသောစကားများကိုသာ အတူးခေါင်းထဲတွင် စွဲနေမိသည်။ အိပ်ချိန်ရောက်၍ အိပ်ရာပေါ်တွင် လှဲချရင်းမှ ဒိုင်လုပ်ဖို့ ပိုက်ဆံရှိယင်သိပ်ကောင်းမှာဘဲဟု တွေးတော ရင်း စု ဗူး က လေး ဆီသို့ မျက်လုံးရောက်သွားသည်။ အ တူး ခေါင်း ထဲ သို့ အ တွေး တခု ချက်ချင်းဝင်လာပြီး သူ့မျက်နှာမှာ ဝင်းလက်သွားသည်။

"ဟုတ်တယ်၊ ဒီစုဗူးလေးကို အသုံးချရမယ်။ ဒါမှ ငါလိုချင်တဲ့ စပို့ရှပ်နဲ့ ဘောင်းဘီရှည် မြန်မြန်ဝယ်နိုင်မယ်။ တနေ့ ၁၀ ပြားနဲ့ဆို ပြည့်ဘို့မလွယ်ဘူး"

အတူးတယောက် စိတ်ကူး ယဉ်ရင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

နောက်တနေ့ ကစားဝိုင်း၌ ဒိုင် လုပ် နေ သော အ တူး နှင့် ဇော် ဇော် တို့ ကို တွေ့ ရ သည်။ ဇော်ဇော်က ရှေ့မှကစားနေပြီး အတူးက ပိုက်ဆံများကိုတသုတ်ပြီးတသုတ် အိတ်ထဲသို့ ထည့်နေသည်။ ကားချပ်လေးများကို ဝေနေသော ဇော်ဇော်နှင့် ပိုက်ဆံများသိမ်းနေသော အတူးတို့မှာ ပထမပိုင်းတွင် ပျော်တပြုံးပြုံး ဖြစ်နေသလောက် အချိန်အတန်ကြာသောအခါ အတူး စုထားသော ပိုက်ဆံလေးများ မသိ မသာ လျော့ လာ သည်။ နောက်ဆုံး စာသင်ခန်းထဲတွင် ငိုင်နေကြသော အတူးနှင့် ဇော်ဇော်ကို တွေ့ရသည်။ ထိုနေ့မှ ပင် တိုက်ဆိုင်ချင်၍လား မသိ၊ ဆရာမက "အလိုကြီးအရနည်း" ပုံပြင်ကို ပြောပြသည်။ အမြဲတမ်း အမေးအမြန်း ထူလှသော အတူးတယောက်ငိုင်နေသည်ကို တွေ့၍ ဆရာမက –

"အတူး ငိုင် လှ ချည် လား၊ မင်းလဲ ရွှေတွေအများကြီး လိုချင်နေပြန်ပြီ ထင်တယ်"

အတူးက မတ်တတ်ရပ်လိုက်၍ –

"ကျ–ကျနော် အများကြီး မ လို ချင် တော့ ပါ ဘူး ဆရာမ၊ နဲနဲဘဲ လို ချင် ပါ တယ်" ဟု အ ထစ်ထစ် အငေါ့ငေါ့ ပြန်ဖြေလိုက်သည်။ အမှန်စင်စစ်လည်း အတူးတယောက် အများကြီး မလိုချင်တော့ပါ။

## မီးထွန်းပွဲတော်

သီတင်းကျွတ်ချိန် လမင်းထိန်၊
ဗုဒ္ဓမြတ်မုနိန်။

ဝတိံသာမှ လူ့ရွာန၊
ပြန်လည်သက်ဆင်းကြွ။

သောင်းသောင်းဖျဖျ နတ်ဗြဟ္မာ၊
စောင်းတန်းသုံးသွယ်ဖြာ။

ထိန်ဝါရောင်ဝင်း အမှောင်ခွင်း၊
မီးရှူးတန်ဆောင်လင်း။


မယွင်းထို့တူ မျှားပြည်သူ၊
မီးရောင်ထွန်းညှိလှူ။

ပူဇော်ကြမြဲ မီးထွန်းပွဲ၊
ခုတိုင်ဆင်ယင်နွဲ။ ။

ခင်သီရိမာ



R. 517




# လိပ်စွန်

လိပ်စွန်သည် မြန်မာ့ပင်လယ်ပြင်တွင် တွေ့ရှိရတတ်သည့် လေိပ်ကျောက်မျိုး ၁၆ မျိုး အနက် တမျိုးအပါအဝင် ဖြစ်ပေသည်။ လေိပ်ကျောက် အားလုံးသည် အရိုးနုငါးမျိုး ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် လိပ်စွန် အမျိုးအစား လေးမျိုး တွေ့ရှိရသည်။ လိပ်စွန်တို့ကို မြိတ်ဖက်မှ "တင်းဟေး"၊ ထားဝယ်ဖက်မှ "တန်းဟေး" ဟု ခေါ်ပြီး၊ ရခိုင်ဖက်မှ "နေဒ်ဖရာ" ဟု ခေါ်ကြသည်။ ယင်းတို့သည် အရွယ်အစား အတန်ကြီးမား၍ အမြီးသည် ကြာပွတ်ကဲ့သို့ သေးသွယ်၏။ အမြီးရင်းတွင် ခွေးသွားစိတ်ကဲ့သို့ အနားရှိသော ဆူးတချောင်း သို့မဟုတ် ယင်း ထက်ပို၍ ရှိတတ်သည်။ လိပ်စွန်တို့သည် ပူနွေး သော ပင်လယ်တိမ် အပိုင်းရှိ ရွှံ့နွံများနှင့် သဲ များပေါ်တွင် ကပ်၍ နေထိုင်တတ်ကြသည်။ ပြန့်ကား၍ ယပ်တောင်သဖွယ် ဖြစ်နေသော ဘေးတောင်တစုံကို အထက်အောက် လှုပ်ရှား ခြင်းအားဖြင့် သွားလာတတ်ကြရာ ငှက်များ အတောင်ပံခတ်၍ ပျံသန်းသည့်နှယ် ဖြစ်သည် ကို တွေ့ရှိသည်။

လိပ်စွန်တို့၏ အစာမှာ ခရုနှင့် ဂဏန်းများ ဖြစ်ကြသည်။ ထိုသတ္တဝါကလေးများကို ယင်း တို့တွင်ရှိသည့် သွားများဖြင့် ကြိတ်ချေပြီးမှ စားသောက်ခြင်း ဖြစ်သည်။ ထို့ပြင် အခြား သော သတ္တဝါငယ်ကလေးများကိုလည်း ဖမ်း ယူ စားသောက်တတ်ကြသည်။ ယင်း၏အမြီး ရင်းတွင်ရှိသော ဆူးတချောင်း၌ အဆိပ်ပါရှိ တတ်ရာ၊ ထိုဆူးဖြင့် အနည်းငယ် ထိုးမိရုံမျှနှင့် အတော်အတန် နာကျင်ရပြီး ဆူးတချောင်း လုံးဖြင့်သာ အထိုးခံရမည်ဆိုပါက သေနိုင် လောက်သည့် ဝေဒနာ ခံစားရသည်ဟု ဆိုပေ သည်။ လိပ်စွန်တို့သည် အကောင်လိုက် သား မွေးတတ်ကြသည်။ ဤငါးတို့ကို ငါးစိုအဖြစ် ၎င်း၊ ငါးခြောက်အဖြစ်၎င်း စားသုံးနိုင်ပေ သည်။

**သောင်းစု (သုတေသန)**



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။


အတွဲ ၆။ အမှတ် ၄၄။

# သားအဖ


ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-မြသွေး

ရွှေသွေး ဂျာနယ်


၁၃၃၆ ခု၊ သီတင်းကျွတ်လဆုတ် ၃ ရက် (၂-၁၁-၇၄)






စနေနေ့တိုင်း ထုတ်ဝေသည်။


ကိုမဲတူနှင့် ဖြူဖြူဝင်းတို့သည် ကျီးများနှင့်ဝေးရာအရပ်ဖြစ်သော ပင်လယ်ထဲမှကျွန်းလေးတကျွန်း သို့သွား၍ အေးအေးဆေးဆေး နေထိုင်ကာ ရှာဖွေ စားသောက်ကြ၏။
အမြူရေ - ဒီကျွန်းမှာ နေရတာ ပျော်ရဲ့လား - ဟင်
ကိုကိုမဲနဲ့ ဆိုယင် ဘယ်မှာ နေရနေရ ပျော်တာပဲ -- ဒီကျွန်းမှာတော့ နားအေးတယ် - သာယာတယ် - ဘေးကင်း တယ်
ဒါကြောင့် ချစ်တာ
ဟင်းနော်
တနေ့သောအခါ ကျီးမသည် ဥဥနေ၍
နေကောင်းရဲ့လား - ဖြူ - ငြိမ်လှချေကလား
ကောင်းပါတယ် ကိုမဲရယ်၊ ဥကျခါနီးလို့ မအီမသာလေးတော့ ရှိတာပေါ့
အော် .. ဟဲ
ရက်များမကြာမီ ဥသုံးလုံးကို အုလိုက်ရာ
လှလိုက်တဲ့ - ဥလေးတွေ
ရှင်နော် - ဒါဘဲ၊ သားလေးတွေ ပေါက်လာယင် ပိုင်းထိန်းရမယ်နော်
အေးပါကွာ စိတ်သာချ
သားလေး သုံးကောင် ပေါက်လာသောအခါ
သားသား ဖြူဖြူနဲ့ သားသား မဲမဲ - ဘယ်သူ့ကိုချစ် သလဲ
ဖြူ ကလဲကွာ - ကိုယ့်သွေး ကိုယ့်သား ကြီးဘဲဟာ အားလုံး ချစ်တာပေါ့
ဒီလို မှာ့ပေါ့


သားလေးများ ကစားတတ်သော အရွယ်သို့ ရောက်လျှင် ကျီးဖိုကြီးကထိန်းရစဉ်
ဟဲ့ဟဲ့-ငှမ်းဖြူ-ဖယ် ဖယ်- မင့်လယ်ပင်းကို ညှပ်လိမ့်မယ်၊ သွား၊
ဂဏန်းနဲ့ မကစားရဘူးကွ ဖယ်စမ်း
ဟော့-ငချေး-မလုပ်နဲ့- ဒါမြွေဥတွေဟ၊
မြွေဆိုးဥ ဖြစ်နေမှဖြင့် ဥကွဲတာနဲ့-မြွေ လေးတွေ ထွက် လာပြီး လိုက် ပေါက်လိမ့်မယ်၊ သွားစမ်း-ဒီ ကောင်လေး.... ဟာ-ဥကွဲပါဘဲ
ဟိုက်- ငှင်းဖြူ ရေနစ် နေပြီ။ ရေထဲဆင်း ဆော့တာကို၊ တယ် ခက် တာဘဲ
အင်း...ရှင်မရှေ့- ဒီကောင်ရင်တွေ အိပ်ပါပြီတဲ့ကွာ...... တနေ့တနေ့လေ- သူတို့ကို ထိန်းရတာနဲ့ အစာရှာ ထွက်ရတာနဲ့.... ငါတို့လဲ တယ် မသက်သာ လှဘူးနော်.......
အမယ်-ရှင်ကလဲ--- သားလေးတွေ ကြီးလာတဲ့ အခါကျတော့ - ကျုပ်တို့ကို တလှဲ လုပ်ကျွေး အုံး မှာကိုလဲ တွေးကြည့် ပေါ့ရှင်
တညသောအခါ ထိုကျွန်းကလေးတွင် လေ ကြီး မိုးကြီး ပြင်းထန်စွာ ကျလေ၏။ သစ်ပင် များ လဲကျပြီး ကျီးသိုက်လည်း လွင့်စဉ်ကျ ကာ ကျီး သားအမိ တို့သည် ကစင့်ကလျား လွင့်သွားလေတော့သည်။


နံနက်လင်း၍ လိုက်ရှာရာ ကျီးသားလေးများကို တွေ့သော်လည်း ကျီးမမှာ လုံးဝပျောက်ဆုံးနေ၍ သေပြီဟုမှတ်ယူရ၏။
တော်ပြီ ဖြူဖြူ - မရှိယင်တော့ ဒီကျွန်းမှာ မနေတော့ပါဘူး ... ရှုတ် - ရှုတ် -
သားလေးတွေ ခေါ်ပြီး -- ရှုတ် ရှုတ် - မြည်မကိုဘဲ ပြန်တော့မယ် - - ရှုတ် ရှုတ်.
နေပါအုံးဆို - ကတားနေတာ - -
ရှေ့မနေနဲ့ လိုက်ခဲ့
အစာဝအောင် ရှာစားကြပြီးလျှင် ကျီးဖိုသည် ဂွမ်းဖြူကို ပထမချီပြီး ပျံသွားလေ၏။
ခရီးအတော်ရောက်ပြီး အတောင်ညောင်းလာသောအခါ ကျီးဖိုက တွေး၏။
ငါကတော့ ဒီခု ပင်လယ် ဖြတ်သန်းပြီး သယ်ပို့ပေးရတယ်။ ငါသာ အသက်ကြီးလာပြီး - အားအင် မရှိနဲ့တဲ့ အခါကျယင် - ငါ့လုပ်ဆောင်ချက်တွေကို သတိရပြီး များ - သားတွေက - သယ်ပို့ ပေးပါမလား မသိဘူး
သား - ဂွမ်းဖြူ - ဖေဖေ - အိုမင်းမစွမ်း ဖြစ်လာယင် - သားက - အားအင် တောင့်တင်းတဲ့ အရွယ်ဖြစ်မယ်၊ အဲဒီအခါမှာ - ဖေဖေ့ကို တလုံ့ သယ်ယူပို့ဆောင်ပေးမလား - မှန်မှန်ပြောစမ်း။
မလုပ်နိုင်ဘူး ဆိုယင် - ရေထဲ လွှတ်ချမှာမို့...
ပို့ဆောင်ပေး မှာပေါ့
ကျီးဖိုသည် ထိုစကားကို မယုံပေ။ မောပန်းလာစဉ် အတွေးခေါင်လျက် တဖြည်းဖြည်း နိမ့်ကျလာသည်ကိုပင် သတိမထားမိချေ။
ဟောဟဲ ဟောဟဲ
ထိုအခိုက် လှိုင်းကြီးတလုံး လှမ်းပုတ်ခတ်လိုက်မှ လန့်ပြီး အားယူပျံတက်သော်လည်း သားငယ် ဂွမ်းဖြူမှာ လွတ်ကျပြီး ရေထဲ မြုပ်သွားသဖြင့် ကျွန်းသို့ပြန်သွားလေ၏။



နောက်တနေ့တွင် သားလတ်နှင်းဖြူကိုခေါ်ပြီး စိတ်ပူသဖြင့် ကျောပေါ်သို့တင်၍ ပင်လယ်ပြင်ကို ဖြတ်၍ ပျံလေသည်။
မနေ့ကတော့ လှိုင်းကြီးတယ် ဒီနေ့တော့ လှိုင်း အတော်ငြိမ်သွားတဲ့ တော်ပါသေးရဲ့...
ယခင် သားကြီးကျဆုံးသည့် နေရာသို့ ရောက်လျှင် မေးပြန်၏။
သားရယ်....
ဖေဖေ အိုလာယင်. သား ဖေဖေ့ကို ခုလိုဘဲ-သယ်ပို့မလား -ဟင်
သယ်ပို့မှာပေါ့ အဖေ - စိတ်ချ
ဖြူမရေ--- မင်းမြော တဲ့ -အလိမ် မာ တုံး သားလေးပါလား ဟဲ့---
ရှုတ် - ရှုတ် -ရှုတ်
ထိုသို့ ငိုပြီး ငိုက်စိုက် ကျသွားရာ သားလတ်ခမျာ ကျောပေါ်မှ လွင့်စဉ်ကျသွားပြန်သည်။
တတိယနေ့တွင်သားအငယ်ဆုံး ငတူးကိုခေါ်၍ ပျံကြရန် ပြောလေသော်
ကဲ-တူးရေ- သွားကြစို့။သတိနဲ့ လိုက်ရမယ်ကွဲ့-နော်
ဟုတ်ကဲ့- သားလဲ ပျံတတ် ပါတယ်။ဖေဖေက အတောင်လွတ် အောင် ချီပေါ့
အေး- ကောင်းသားဘဲ
ယခင်သားများ ကျဆုံးသောနေရာသို့ ရောက်လျှင် ယခင်မေးခွန်းကိုပင် မေးလေသော်
မသယ်နိုင်ပါဘူး
အာဖြစ်လို့
ဖေဖေ အိုလာယင် သားမှာလဲ ကိုယ့် ကလေးတွေရတဲ့ အချိန်ဖြစ်နေပြီပေါ့၊ ဒီတော့ ကျနော့် ကလေးတွေကို အစာရှာကျွေးရမယ်၊ သယ်ပို့ပေးရမယ် ဟုတ်လား၊ ဒါကြောင့် ရှင်းရှင်းဘဲ - ဖေဖေကို ပို့နိုင်မှာ ဟုတ်ဘူး
ထိုစကားကို ကြားလျှင် မောဟိုက်နေပြီ ဖြစ်သော ကျီးဖိုသည် ရင်နင့်ပြီး မိုက်ခနဲ ဖြစ်ကာ ရေထဲသို့ ထိုးကျသွား၏။
ဟိုက်



လှိုင်းလုံးကြီးတလုံးမှ ရေစက်များစဉ်မှ သတိရကာ အားယူစဉ် သားငယ်က ရှိသမျှ အင်အားဖြင့် အတောင်ခတ်ရာ
အပေါ်ပျံတက်လာခိုက် ကျီးဖိုက ကြောက်အားလန့်အားနှင့် ဆက်ပျံရာ ခရီးတွင်သဖြင့် အားရဝမ်းသာလျက်
ဖူးရှေ -- မင်းပြောတဲ့ - ဖိုဘကို ကူးမဲ့ သားဟာ သူ့မှာ အစစ်ကွဲ.... စကားလဲ ရှင်းရှင်းပြောတယ်. ကိုယ်ပိုင်စိတ်ကူးလဲ ရှိတယ် သတ္တိလဲရှိတယ်
ပျံရင်း ပြည်မကမ်းခြေကို မြင်ရလျှင် –
ဟိုရှေ့ကဟာ ဘာကျွန်းကြီးလဲ ဖေဖေ တယ်ကြီးပါလား
ကျွန်းမဟုတ်ဖူး – သား – ငါတို့သွားချင်တဲ့ - မြည်မကြီးရဲ့ ဆိပ်ကမ်း
ကမ်းအနီးရောက်လာကြသောအခါ
ငှက်တွေ များလှချေလား
နို့ အမျိုး ကျီးတွေကြီးဘဲ
ဟင့်တယ်ဟုတ်ပါလား ကိုကိုတို့လဲ - ပါမှာပေါ့ နော်
နောက်တော့ ပြောပြမယ်
တဖန် အောက်သို့ ငုံ့ကြည့်ပြီး
ဒါတွေက ဘာတွေလဲ
လှေတွေ သုံးတဲ့ လှေတွေ သမ္ဗန်တွေ
ပျော်စရာကြီး၊ ဒီမှာဘဲ နေကြပါရို့
အေးပါ ကွ
ရောက်လျှင်
အာ အာ အာ ကိုမဲတူကြီး မြန်လာတယ်ဟေ့ အာ အာ
အာ
ဟော့ကောင် - လာလာ - စားမလား။ ပုဇွန်ခြောက် စားမလား။ ဆားနယ်ငါး စားမလား။ အကြော်ကျွေး စားမလား။
မင်း မစားဘူး သေးတဲ့ - လူ့စာ တွေ ... လိုက် သွား - စားကြည့် ပေါ့ကွ -
ဘာတွေလဲ ဖေဖေ


မြင့်ဟန် - ကာတွန်း
အဓိက
ကိုကိုတုး
ပါဝင်သည်။
ကိုကိုတုး ရေ၊ ကြက်တောင်ရိုက်တမ်းကစားရအောင်
အေးအေး
လာပြီဟေ့၊ အောင်ကြည်ရေ
ဟာ နင်တို့ ကြက်တောင်ကလဲ ပြီးစလွယ် ဆေးလိပ်ဖင်စီခံနဲ့ လျှပ်ထိုးတံကြီး၊ နောက်ပြီး၊ ရိုက်တံကလဲ သစ်သားပြားကြီး
ငါထင်တာက တကယ့်ပြိုင်ပွဲတွေမှာ ကစားသလိုအကောင်းစား ပစ္စည်းတွေနဲ့ ကစားမယ်လို့ ထင်နေတာ
တော်ပါပြီ၊ မကစားတော့ဘူး
အို၊ မကစားလဲနေပေါ့၊ ပစ္စည်းက ကောင်းဖို့ အဓိက မဟုတ်ပါဘူး ပျော်ရွှင်ဖို့၊ ကျန်းမာဖို့ ကိုယ်လက်လှုပ်ရှားဖို့သာ အဓိကပါ
ပြီး

# ဆွီဒင်နိုင်ငံ

## စိုးလွှင်မြင့်






ဆွီဒင်နိုင်ငံသည် ၁၇၃,၆၅၅ စတုရန်းမိုင် ကျယ်ဝန်း၍ ဥရောပတိုက်၌ စတုတ္ထအကျယ်ဝန်းဆုံး နိုင်ငံဖြစ်၏။ ပတ်ဝန်းကျင်နိုင်ငံတို့မှာ နော်ဝေးနှင့် ဖင်လန်ဖြစ်၏။ အရှေ့နှင့် တောင်ဖက်တွင် ဗောလတစ်ပင်လယ်ရှိ၏။

နိုင်ငံ၏ မြောက်ဖက်ပိုင်း နော်ဝေးနိုင်ငံနယ်စပ် တလျှောက်မှ တောင်ကုန်းပြင်မြင့်များသည် အမြင့်ပေ ၇၀၀၀ မျှမြင့်မား၍ ဗော့သနီးယားပင်လယ်ကွေ့အထိ လျှောဆင်းသွားသည်။ ဆွီဒင်အလယ်ပိုင်းသည် မြေနိမ့်ပိုင်းဖြစ်၍ ရေအိုင်ကြီးများရှိ၏။ ယင်းရှိ ဗေနန်းရေအိုင်ကြီးသည် ဥရောပတွင် ဒုတိယ အကြီးဆုံးဖြစ်လေသည်။ နိုင်ငံတွင်း စီးဆင်းသောမြစ်များမှာ ရေတံခွန် ပေါများလှသည်။



ဆွီဒင်သည် ကမ္ဘာ့ မြောက်ဖက်ပိုင်း၌ တည်ရှိသော်လည်း အပူရှိန် အတော်မြင့်မားစွာ ရရှိလေသည်။ ဆောင်းအခါ၌ ဗော့သနီးယား ပင်လယ်ကွေ့ တလျှောက်တွင် လွန်စွာရေခဲသဖြင့် ရေကြောင်း သွားလာရေးတွင် အနှောင့်အရှက်ဖြစ်ရ၏။

နိုင်ငံ၏ လူဦးရေမှာ ၇,၁၂၉,၀၀၀ ဖြစ်၍ မြို့တော်မှာ စတော့ဟုမ်းဖြစ်သည်။ ဆွီဒင်လူမျိုးတို့မှာ စကင်ဒီနေးဗီးယန်း များပင်ဖြစ်၍ ဂျာမန် မျိုးနွယ်စုများ ဖြစ်၏။ နိုင်ငံအတွင်း နေထိုင်သော အခြားလူနည်းစုတို့မှာ ဖင်းနှင့် လက်ပ်တို့ဖြစ်၏။ လူဦးရေ၏ ၉၅ ရာခိုင်နှုန်းမှာ နိုင်ငံတော် ဘာသာဖြစ်သည့် လူသာရန် ဘာသာဝင်များ ဖြစ်ကြသည်။

၁၁၀၀ ပြည့်နှစ် မတိုင်မီက အိုလက်ဘုရင်သည် ဆွီဒင်နိုင်ငံကို ခရစ်ယန် သာသနာအုတ်မြစ်ချ၍ သိမ်းသွင်း စည်းရုံးခဲ့သည်။ ၁၃၁၉ ခုနှစ်တွင် နော်ဝေးနှင့်ရင်း၊ ၁၃၉၇ ခုနှစ်တွင် ဒိန်းမတ်နှင့်ရင်းပေါင်းစည်းမိသည်။

၁၅၂၀ ပြည့်နှစ်၌ ဆွီဒင်တော်လှန်ရေး



လုပ်ဆောင်သည်။ ၁၅၂၃ ခုနှစ်တွင် နန်းတက်သော ဂပ်စတားဗပ် ဘုရင်သည် ဆွီဒင်အမျိုးသား နိုင်ငံကို တည်ထောင်သည်။ ၁၇၂၀ ခုနှစ်တွင် ဆွီဒင်နယ်မြေ အများအပြားသည် ရုရှ၊ ပိုလန်နှင့် ဒိန်းမတ်တို့၏ လက်အောက်သို့ ရောက်ရှိသွားသည်။ ယခုအခါ၌ ပါလီမန် ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်၍ နိုင်ငံ အကြီးအကဲ ဖြစ်သော ဘုရင်မှာ ဆ ဋ္ဌ မ မြောက် ဂပ်စတဖ် အဒေါ့ဖ် ဖြစ်ကာ ဝန်ကြီးချုပ်မှာ အိုလော့ဖ်ပါမီ ဖြစ်၏။ ကုလသမဂ္ဂအဖွဲ့သို့ ၁၉၄၆ ခုနှစ်က ဝင်ရောက်ခဲ့သည်။



ဆွီဒင်သည် တောင်ထူထပ် သော်လည်း စိုက်ပျိုးဖြစ်ထွန်းသောမြေ များစွာရှိပြီး ရေကောင်းစွာ ရရှိသဖြင့် စိုက်ပျိုးရေးကို အတော်အတန် အားထားရလေသည်။ ဂျုံ၊ စပါး၊ အာလူး၊ သကြားမုန်လာတို့ကို စိုက်ပျိုး၍ နွားနို့၊ ထောပတ်၊ ဒိန်ခဲ၊ အမဲ၊ ဝက်၊ ဟင်းသီးဟင်းရွက်ဆီတို့ ရရှိ၏။ နိုင်ငံ၏ အဓိက သယံဇာတ ပစ္စည်းများမှာ သစ်၊ သံနှင့် ရေအားတို့ဖြစ်သည်။ နိုင်ငံခြားမှ ကျောက်မီးသွေးနှင့် ရေနံတို့ကို တင်သွင်းသည်။ ကရိယာတန်ဆာပလာလုပ်ရန်အတွက် အမျိုးကောင်း သံမဏိကို ပြည်တွင်းမှ ရရှိသည်။ အခြား ခဲ၊ ကြေးနီ၊ သွပ်၊ ရွှေနှင့် ငွေစသည့် သတ္တုများလည်း ထွက်ရှိသည်။

အလုပ် လုပ်သူတို့၏ ခုနစ် ရာခိုင်နှုန်းမှာ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်ကြ၍ ၃၉ ရာခိုင်နှုန်းမှာ အခြား စီးပွားရေး လုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။

စီးပွားရေး လုပ်ငန်းများတွင် ၉၅ ရာခိုင်နှုန်းကျော်မှာ ပုဂ္ဂလိက လက်တွင်း၌ ရှိသော်လည်း အစိုးရသည် ရေအားထုတ်လုပ်ရေးတွင် များစွာ အကူအညီပေးသည်။ ရထားပို့ဆောင်ရေး လုပ်ငန်းကို ပြည်သူ့ကိုယ်စားလှယ် အဖွဲ့က လုပ်ဆောင်သည်။ သဘော်လုပ်ငန်းမှာ ပုဂ္ဂလိကပိုင်ဖြစ်၏။ စားသုံးသူ သမဝါယမ အသင်းများကို ကျယ်ပြန့်စွာ ဖွဲ့စည်းထားသည်။ အသုံးပြုသော ငွေကြေးမှာ ကရိုနာဖြစ်သည်။




ပျော်ရွှင်မှု
ရေးဆွဲသည်
မိုးပျံပူဖောင်းရောင်းသော လူငယ်ကလေးသည် သူ့စိတ်ကူးနှင့်သူ လမ်းလျှောက်လာသည်။
ထိုစဉ် ပူဖောင်းတလုံးမှာ ရုတ်တရက် ပေါက်သွားသည်။
ဖောင်း
အလို
ထို့နောက် ပူဖောင်းနှစ်လုံး ထပ်ပေါက်သွားပြန်သည်။
ဟိုက်– ဘယ်လိုဖြစ်တာပါလိမ့် ပူဖောင်းထဲလေသွင်းထားတာများလို့ ထင်တယ်
ဖောင်း
ဖောင်း
ချောင်ကွယ်တနေရာတွင်ကား....
ဒို့ပစ်မှန်း မသိဘူးကွ
ကဲဟေ့– တလုံးမကျန် ပစ်ရအောင် လာလေ့–
လာလေ့
ဖောင်း
ဖောင်း
လာလေ့
ဖောင်း
ဖောင်း
ဖောင်း
လာလေ့


အီး … ဟီး
ကွန်ဖြူ၊ ပေါက်ကွန်ဖြူ
အိမ်ကျယင် အမေ
ရိုက်တော့မှာဘဲ .. ဟီး
လာဟာ ဆံနီ
ဟိုငနိုလေးနောက်ကို
လိုက်ကြည့်ရအောင်
အဲ့အာမေရိုက်ယင်
သချိုး ယိုးဒယား
က-နေမှာဘဲကွ
အိမ်သို့ ရောက်လျှင် ပူဖောင်းသည်လေးက ဖြစ်ပျက်ပုံကို သူ့အမေအား ပြန်ပြောပြသည်။
အမြင်စုံကို ထိရသောအခါ ဆံနီတို့ထင်သလို ဖြစ်မလာပဲ….
× ××……×× ……××××…. ·××-×·××
ဖြစ်ရလေသားရယ်
ဒို့သားအမိမှာစားစရာ
မရှိရတဲ့အထဲ
ဒုက္ခပါဘဲကွယ်
သားအမိနှစ်ယောက်မှာ ဝမ်းပန်းတနည်းဖြစ် ချုံးပွဲချ၍ ငိုတော့သည်။
ဆံနီတို့မှာ တုံ့အားသင့်လျက် ကြည့်နေမိ၏။


ထိုစဉ်
ဟိုက်_ ဒုက္ခဘဲ
ဟာ အဖေ
ဖေဖေသည် ဆံနီတို့အား ဘာမျှမလုပ်ပဲ ငိုနေသော သားအမိဆီသို့ ဆက်သွားကာ
ကျနော့်သားတွေရဲ့ ဖိုက်ဖြစ်ကြောင့်-ခုလို ဖြစ်ရတာပါခင်ဗျာ ကျနော်တောင်းပန်ပါတယ်
ခုလို....အမကြီးတို့ရဲ့အခြေအနေကို သိရတော့ ပိုပြီးစိတ်မကောင်း ဖြစ်မိပါတယ်၊ ဒါကြောင့် ကျနော့်စေတနာနဲ့ ကူညီတဲ့ငွေငါးဆယ်ကို...လက်ခံ စေချင်ပါတယ်
မင်းတို့လုပ်ပုံတွေကို မြင်ရလို့-ဖေဖေ နောက်ယောင်ခံ လိုက်လာခဲ့တာ
ကိုယ့်ပျော်ရွှင်မှုကြောင့် သူတပါးမှာ သွားထိခိုက်ယင် ဘယ်ကောင်းမလဲသားတို့ရယ် သူတို့ခမျာ...သနားစရာ
ဆံနီတို့သည် နောင်အခါတွင် အပြစ်ကင်းစွာ ပျော်ရွှင်နိုင်ရန် ကြိုးစားကြပေတော့မည်။
ပြီး

# မြန်မာပြည် မီးရထား အစ




မြန်မာနိုင်ငံတွင် ပထမဆုံး ဖောက်လုပ်သော မီးရထားလမ်းမှာ ရန်ကုန်-ပြည် မီးရထားလမ်းဖြစ်၍ ၁၈၇၇ ခု မေလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်သည်။ မြန်မာပြည်သို့ ပထမဆုံး ရောက်ရှိသော မီးရထားစက်ခေါင်း အမျိုးအစားမှာ အေ-၀၁ အမျိုးအစားဖြစ်၍ ၁၈ တန် လေးပြီး ဆွဲအား ၃၈၅၇-ပေါင် ရှိသည်။ ထိုခေတ် မီးရထားတွဲများမှာ ထိုင်ခုံမရှိ၊ အိမ်သာလည်းမရှိပေ။ ပြည်သို့ မီးရထားလမ်း ဖွင့်လှစ်ပြီးနောက် ဟင်္သာတ-ပုသိမ် လမ်းကို ၁၉၀၃ ခု ဇန်နဝါရီလ ၃၀ ရက်နေ့တွင်၎င်း၊ ဟင်္သာတ-ကြံခင်းလမ်းကို ၁၉၀၈ ခု ဒီဇင်ဘာလ ၁၈ ရက်နေ့တွင်၎င်း ဖွင့်လှစ်ခဲ့သည်။

တဖက်မှလည်း ရန်ကုန်-ပဲခူး လမ်းကို စတင်ဖောက်လုပ်ခဲ့ရာ ၁၈၈၄ ခု ဖေဖော်ဝါရီလ ၂၇ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ၁၈၈၅ ခု ဇူလိုင်လတွင် တောင်ငူအထိ မီးရထားလမ်း ဖောက်လုပ်ပြီးစီး ဖွင့်လှစ်ခဲ့သည်။ တတိယ အင်္ဂလိပ်-မြန်မာ စစ်အပြီးတွင် တောင်ငူမှ မန္တလေးအထိ မီးရထားလမ်းကို ဆက်ဖောက်ခဲ့ရာ ၁၈၈၉ ခု နှစ်ဦးပိုင်း၌ ထိုလမ်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၈၉၀ ပြည့်နှစ်တွင် မေမြို့သို့ မီးရထားလမ်း ဆက်မိသည်။

ပဲခူး-မုတ္တမလမ်းကို ၁၉၀၇ ခု စက်တင်ဘာလ ၂၅ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး၊ မော်လမြိုင်-ရေးလမ်းကို ၁၉၂၆ ခုတွင်ဖွင့်လှစ်ခဲ့သည်။

မန္တလေး အထက်ဖက်သို့လည်း တဆက်တည်း ဖောက်လုပ်ခဲ့ရာ ၁၈၉၁ ခု ဇူလိုင်လ ၁ ရက်နေ့တွင် ရွှေဘိုသို့၎င်း၊ ၁၈၉၂ ခု ဧပြီလတွင် ဝန်းသိုသို့၎င်း၊ ၁၈၉၅ ခုနှစ်တွင် ကသာသို့၎င်း၊ ၁၈၉၇ ခုနှစ်တွင် မိုးကောင်းသို့၎င်း၊ ၁၈၉၈ ခုနှစ်တွင် လမ်းဆုံးဖြစ်သော မြစ်ကြီးနားသို့၎င်း ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည်။

“ဘူတာ” ဆိုသောစကားမှာ ဟိန္ဒူဘာသာ “ဂိုဒေါင်” ဟူသော စကားမှ ဆင်းသက်လာပြီး “ဂိုဒေါင်” မှ “ဂူဒါ”၊ “ဂူဒါ”မှ “ဘူတာ” သို့ အသံဖလှယ်ဖြစ်ပေါ်လာကြောင်း သိရှိရသည်။ ရန်ကုန်ဘူတာကြီးတွင် ရှေးယခင်က ကွမ်းခြံများ ရှိခြင်းကြောင့် ကွမ်းခြံဘူတာဟု တွင်ခဲ့ကြောင်းလည်း သိရလေသည်။

ရန်ကုန်-ပြည် မီးရထားလမ်းကို ဆာအေရေးဗား သွမ်မဆင် (တတိယမြောက် မဟာဝန်ရှင်တော်မင်းကြီး) က စတင်ဖွင့်လှစ်ပေးခဲ့သည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)




သန်းဇော်ကို ကျွန်တော်တို့က ကောင်းစေလိုသော ဆန္ဒနှင့် ဝိုင်းဝန်း ဖျောင်းဖျ ကြသည်။ သန်းဇော်ဆိုသည့် သန်းဇော်က ကျွန်တော်တို့ ပြောစကားကို လုံးဝ နားမထောင်၊ လက်မခံ။ သူ၏ ဆိုးဝါးသော ညာဉ်နှင့်လျော်ညီစွာ သူ၏အိမ်မှ ပိုက်ဆံများ၊ ရောင်းစား၍ ရသည့် ပစ္စည်းများကို ခိုးယူလာတတ်သည်။

ပစ္စည်းများ ခိုးယူလာပြီး ရောင်းစား၍ ငွေရှိနေပြီဆိုလျှင် သန်းဇော် ကျောင်းပြေးတော့သည်။ ဆရာ ဆရာမများနှင့် ကျောင်းသားများက သန်းဇော် ကျောင်းပြေးမှန်း သိ၍ လိုက်ရှာတိုင်း အင်းယားကန်၊ ကန်တော်ကြီး သို့မဟုတ် မြေနီကုန်းမှ ရုပ်ရှင်ရုံ တရုံရုံတွင် သန်းဇော်ကို ဖမ်းမိမြဲဖြစ်သည်။

သန်းဇော် ဆိုးသည် ဆိုသော်လည်း မိဘ ဆရာကို မရိုမသေ စော်ကား ရိုင်းပြသည် ကားမဟုတ်။ သူငယ်ချင်းများနှင့်လည်း ချစ်ခင်စွာ ပေါင်းသင်းတတ်သည်။ တခုတည်း ဆိုးသည်မှာ မိမိအိမ်မှ ပစ္စည်းများကို ခိုးယူ အလွဲသုံးစား ပြုလုပ်ခြင်းပင် ဖြစ်သည်။

ကျွန်တော်နှင့် သန်းဇော်မှာ စတုတ္ထတန်းကျောင်းသား၊ ရင်းနှီးသော သူငယ်ချင်းများ ဖြစ်သည်။ ကျွန်တော်၊ ဇော်ဝင်း၊ ဟံမြင့်၊ ဖိုးဖြူ၊ သန်းဇော် သူငယ်ချင်း ငါးယောက်သည် တတွဲတွဲနေ၊ အတူလာ၊ အတူကစား သူငယ်ချင်းများ ဖြစ်သည်။ ပျော်ရွှင်စရာ ကောင်းနေပါလျက် သန်းဇော် အကျင့်ဆိုး ဖောက်လာသော အခါ ကျွန်တော်တို့မှာ စိတ်အညစ်ကြီး ညစ်ရတော့သည်။

ကျောင်းပိတ်ရက် တနေ့ဖြစ်သည်။ တကယ် တော့ ကျောင်းပိတ်ရက်သည် ကျွန်တော်တို့ အမြော်လင့်ဆုံးသော နေ့ရက်ဖြစ်သည်။ ကျောင်းပိတ်ရက်ကိုမလိုလားသော ကျောင်းသား ကျောင်းသူ အဘယ်မှာ ရှိပါမည်နည်း။

အရည် မှည့် ရွမ်း သော သရက်သီးချိုချိုကို ကျွန်တော်တို့ သဘောကျ နှစ်ခြိုက်သည်။ လေတချက်တိုက်တိုင်း ကြွေကျတတ်သော လမ်းထိပ် ဆိုင် သရက် ပင် ကြီး အောက် တွင် သရက်သီးစောင့်ကာ ကောက်ရင်း သူငယ်ချင်းများကို ကျွန်တော် စောင့်နေပါ သည်။ မကြာမီ ဟံမြင့်ရောက်လာသည်။

"ကျော်စွာ မင်းတယောက်ထဲလားကွ"

"အေး ဘယ်သူမှ ရောက်မလာကြသေးဘူး၊ ကြွေကျတဲ့ သရက်သီးမှည့် နှစ်လုံးတောင် ငါရလိုက်သေးတယ်"

ကျွန်တော်က သရက်သီးမှည့်ကို ထုတ်ပြ လိုက် သည်။ ဟံမြင့်က တလုံး ကိုက်စားမည် လုပ်နေ သဖြင့် တား ရ သေး သည်။ သူငယ်ချင်းတွေစုံမှ စားတော့ ပျော်စရာ ကောင်းသည် ပေါ့။

ဇော်ဝင်းနှင့် ဖိုးဖြူရောက်လာပြီးမှ သန်းဇော်ရောက်လာသည်။ လက်ထဲမှာလည်း စက္ကူထုပ်တထုပ် ကိုင် လာ သည်။ ကျွန်တော်တို့ စိုးရိမ်လိုက်ကြပါသည်။ သန်းဇော် ဘာတွေများ လုပ်လာပြန်ပြီလဲ။

"ဟော့ကောင်တွေ ငါ့အမ ထမီနှစ်ထည် ဖြောင်လာတယ်ကွ၊ အဟောင်းဆိုင်မှာ ရောင်းပြီး ဒို့တတွေ မုန့် စား ပစ် ကြ ရအောင်"

ကျွန်တော်တို့ မျက်လုံးပြူးသွား ကြ သည်။ သန်း ဇော် ကျွေးမည့် မုန့်ကို ကျွန်တော်တို့ စားချင်ပါ၏။ သို့သော်လည်း ခိုး၍ ကျွေးမည့် သူငယ်ချင်း မုန့်ကို မစားဝံ့ပါ။ မစားရဲပါ။ သူ့ဆန္ဒကို ကျွန်တော်တို့ အားလုံး ခေါင်းခါလိုက်ကြသည်။ သန်းဇော်သည် ကျွန်တော်တို့ကို နှုတ်ဆက်ပြီး တယောက်တည်း ထွက်သွားသည်။ ကျွန်တော်တို့ စိတ်မကောင်းဖြစ်ရပြန်သည်။

ညနေဘက် သန်းဇော်၏ သတင်းကြားကြားချင်း ကျွန်တော်တို့ သူငယ်ချင်းတစု စိတ်မကောင်း ဖြစ် ကြ ရ ပါ သည်။ အဟောင်းဆိုင်တွင် ထမီရောင်းနေသော သန်းဇော်ကို ရဲသားကြီး တယောက်က မသင်္ကာ၍ ဖမ်း ဆီး သွား သည် ဆို ပါ ကလား။

သန်းဇော် အိမ်သို့ ကျွန်တော်တို့ သွားကြသည်။ အိမ်ဧည့် ခန်း ကု လား ထိုင် တွင် ခေါင်းငိုက်စိုက်ချ ထိုင်နေသော သန်းဇော်ကို မြင်တွေ့ရသဖြင့် ကျွန် တော် တို့ ဝမ်းသာသွားသည်။ ကျွန်တော်တို့သူငယ်ချင်း ဘယ်မှာလာ အဖမ်းခံရလို့လဲ။

"မင်းတို့ သူငယ်ချင်း လူ မိုက်လေ၊ မိဘတွေက အာမခံလို့ အချုပ်မခံရတာ၊ နောက်တခါဆိုယင်တော့ ထောင်ကျကျ လက် ပိုက် ကြည့် နေ လိုက်မယ်။ ဘယ့်နှယ်ကွယ် မိဘက ကျွေးမွေးနေရက်နဲ့ အောက်တန်းစား စိတ်မွေးပြီး မဟုတ်တာ လုပ်တယ်"

သန်းဇော် မေမေ ရှင်းပြမှ ကျွန်တော်တို့ သဘောပေါက်တော့သည်။ သန်းဇော်က ထိုင်ရာမှထပြီး ကျွန် တော် တို့ ကို မျက်နှာငယ်ငယ်နှင့် တယောက်စီ လက်ဆွဲ နှုတ်ဆက်၍ ထိုင်ခိုင်းသည်။

"သူငယ်ချင်းတို့ ခဏခဏ သတိပေးရက်က နားမဝင်ဘဲ မိုက်မဲတဲ့ ငါ့ကို ခွင့်လွှတ်ကြပါကွာ။ ငါ့ကို အထင်လဲ မသေးကြပါနဲ့။နောက်ဒါမျိုး ငါမလုပ်တော့ပါဘူး"

ကျွန် တော် တို့ အား လုံး သန်းဇော်ကို ခေါင်း ညိတ် ပြလိုက်သည်။ ဝမ်းသာမှုနှင့်အတူ သူငယ်ချင်းအပေါ် ချစ်ခင်ခြင်း သည် ခွင့်လွှတ် မှု များ နှင့် ပြည့်သိပ် နေ သည် ကို သူငယ်ချင်း သိစေချင်ပါတိ။

## ပန်းစေတီ

ဥဏ်ရည်လက်ပြောင်
ရွှေသွေးမောင်၊
ပန်းစေတီလေး တည်ရအောင်။
ညောင်ပင်ခြေရင်း မြေတလင်း၊
သဲဖြူပလ္လင်ခင်း။
ပန်းခြံတွင်းက ဇီဇဝါ၊
သဲပလ္လင်မှာ မှောက်လိုက်ပါ။
ပွင့်ချပ်လွှာ ရွှေရောင်သန်း၊
စေတီမြတ်ရဲ့ ရွှေသက်န်း။
မြရည်ဆမ်းတဲ့ ပန်းပွင့်ညွှာ၊
ထီးတော်မြတ်ရဲ့ သဏ္ဍာန်ပါ။
စေတီတည် ခက်ပါဘူး၊
ပန်းစေတီလေး ရွှေရည်လူး။
အများလဲဖူး သားလဲဖူး။ ။

ဖိုးသာအောင် (ဆားလင်း)



R. 517



# ငဂျုန်


ငဂျှုန်တို့၏ ခန္ဓာကိုယ်သည် ရှည်လျားပြီး သေးငယ်သော လုံး သွား သဏ္ဌာန် အကြေးခွံများ ရှိသည်။ အထက် မေးရိုးသည် အောက်မေးရိုးထက် ထူးကဲစွာ ရှည်ထွက်နေပြီး ဓားနှင့် သဏ္ဌာန်တူကာ အလွန် သန်မာသည်။ သွားများရှိသော်လည်း ထက်မြက် ခိုင်မာခြင်း မရှိပေ။ ငဂျှုန်တို့ကို ပူနွေးသော ပင်လယ် များတွင် တွေ့ရှိ ရပြီး ယင်းတို့သည် ရေပြင် အထက်ပိုင်းတွင် နေထိုင် တတ်ကြသည်။ ငဂျှုန်တို့မှ ရရှိသည့် ငါးကြီးဆီတွင် မျက်စိအတွက် ကောင်းသော ဗီတာမင် အေဓာတ် အများဆုံး ပါရှိသည်။

ဤငါးတို့၏ ကျောဆူးတောင်သည် ထူး ခြား ပြီး သဘော်ရွက်နှင့် သဏ္ဌာန်တူနေသည်။ ထို့ကြောင့် အချို့အရပ် ဒေသတွင် ဤငါးကို ရွက်တိုက်ဟုလည်း ခေါ်၏။ ရခိုင်ဖက်ကမူ ဇေဂ်ယော်ဟု ခေါ်သည်။

ငဂျှုန်တို့၏ ခန္ဓာကိုယ် အရောင် အဆင်း မှာ အပြာရောင်သမ်းနေသော မီးခိုးရောင်ဖြစ်သည်။ ဝမ်းဗိုက်ပိုင်းမှာမူ အဖြူရောင် ဖြစ်၏။ ကျော ဆူး တောင် သည် အနက်ပြောက်များ ပါရှိပြီး အပြာရောင် ဖြစ်၏။ ငါး၏ အရွယ်အစားမှာ ကိုးပေမှ ၁၂ ပေ အထိ ရှိတတ်သဖြင့် အတော် ကြီးမားသည်ဟု ဆိုရမည်။ ရှေး ယခင်ကဆိုလျှင် အိန္ဒိယ သမုဒ္ဒရာအတွင်း သွားလာကြသော သစ်သားကိုယ်ထည်နှင့် လှေ သဘော်များသည် ငဂျှုန်တို့၏ တိုက်ခိုက်ခြင်းကို မကြာခဏ ခံရတတ်သည်။ ထို အခါ မျိုး တွင် သဘော် ကိုယ် ထည် သည် ပေါက်ထွက် သွား တတ် သည်ဟု ဆိုသည်။

ဤငါးမျိုးကို ငါးစိုအဖြစ် စားသုံးနိုင်သည်။

သောင်းစု (သုတေသန)



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး ဦးထင်ကြီး (ကင်းလွှတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံး က ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ သီတင်းကျွတ်လဆုတ်၁၀ ရက် (၉-၁၁-၇၄)




ပန်းချီ-ဦးဘဖြည့်
ဇါတ်လမ်း
မောင်မောင်(စစ်တွေ)

မောင်ထွေးသည် မိမိတို့အိမ်မှ သရက်ပင်ကြီး အပွင့်များ ဝေဆာနေသည်ကို ကြည့်ရင်း သူ၏လက်သည် နဖူးတွင် ရှိသော အမာရွတ်သို့ ရောက်သွားသည်။



မနှစ်တုန်းက ဖြစ်၏။

မောင်ထွေးတို့၏ ခြံထဲမှ မျိုးကောင်းသရက်ပင်သည် ပြွတ်နေအောင် သီး၏။




လေတိုးဝှေ့လိုက်လျှင် သရက်သီးမှည့်များမှာ တဖုတ်ဖုတ် ကြွေကျ၏။





သရက်ပင်မှာ ခြံနှင့် လမ်းစပ် ခြံစည်းရိုးတွင် တည်ရှိ၍ လမ်းဖက်သို့လည်း ကြွေကျ၏။
သရက်သီးမှည့်ချိန် မိုးဦးကျတွင် လမ်းတကာ လှည့်၍ သရက်သီး ကောက်သူ တစုက ခြံနား တဝဲဝဲနှင့် ချောင်းနေကြသည်။
မောင်ထွေးကလည်း မျက်စောင်းတခဲခဲ။
မောင်ထွေးသည် ထိုကလေးများနှင့် မခေါ် မပြောဘဲ နေ၏။ ခြံထဲတွင်သာ ညီမလေးနှင့် ကစားလေ့ရှိသည်။
သူတို့အုပ်လိုက် စုပေါင်း၍ လမ်းပေါ်တွင် ဆော့ချင်သလိုဆော့၏။ မောင်ထွေးက ဘယ် တော့မှ သွားမကစားချေ။
ထိုနေ့တွင် မိုးမှောင်ကျလာပြီး လေကလည်း ခပ်ထန်ထန်ကလေး တိုက်သဖြင့် မောင်ထွေး တို့ သရက်ပင်မှ တဖုတ်ဖုတ် ကြွေလေသည်။


ခြံအပြင်ဖက် သရက်ပင်အောက်တွင် ကလေးတွေ တရုန်းရုန်း ဖြစ်နေ၏။
ထို့ကြောင့် မောင်ထွေးသည် ခြံအတွင်း၌ ညီမလေးအား ကောက်စေပြီး -
သူကိုယ်တိုင် ခြံပြင်ထွက်၍
ဟေ့ ကောင်တွေ· ငါ့ အပင်က ကြွေကျ တာ၊ မကောက်နဲ့
လမ်းပေါ်ကြွေကျတာ - မင်းတို့ခြံထဲ ကြွေကျတာ မှ မဟုတ်ဘဲ..
လိုက်လုကောက်ယူလေသည်။
ဟေ့-နေအုံး
ငါကောက်မလို့
အများနှင့်တယောက် လုကောက်ရသဖြင့် သူများတွေ တထုပ်လောက်စီ ရချိန်တွင် မောင်ထွေးမှာ လေးငါးလုံးသာ ရသေး၏။
ထိုအချိန်တွင် လေပြင်းကျလာ၍ သရက်ပင်ကြီးမှာ ယိမ်းထိုးလှုပ်ရှားနေ၏။



အဘွေးရေ.... ..
အိမ်ထဲ ဝင်ခဲ့တော့—ဝဲလဲတွေ
ကျလာပြီ—သစ်ကိုင်း ကျိုး
ကျ တတ်တယ်
ဒေါ်သမှုန်နေသော မောင်ထွေးက မကြား။
ကိုကိုထွေး.......
ညီမတော့
အိမ်ထဲ
ဝင်တော့မယ်၊
လာတော့လေ
..........
ညီမလေးအသံကိုလည်း မကြားနိုင်။
ထိုအခိုက် သရက်သီးရှဲရှဲကြီးတလုံး—
ဖုတ်
ကြွေကျရာသို့ မောင်ထွေးနှင့် ကောင်လေး
တယောက် ပြေးလုကြရာ—
ဒုံး
ကျွတ် ကျွတ်
အား


ထိုအချိန်တွင် လေသည် ဝိုမိုပြင်းထန်စွာ တိုက်ခတ်လာသဖြင့် မော့ကြည့်လိုက်ပြီး
ဖယ်
ဖယ်
ဂွမ်း
အမယ်လေး သေပါပြီတော့
ထိုသို့အော်ကာ ပြေးထွက်သွားရာ—
သား
သား
သား
ကျနော်တို့ ခွစ်ယောက် သရက်သီးကောက်ရင်း ခေါင်းဖြင်းဆောင့် မိလို့-ခုမှ ပေါက် သွားတာပါ • နောက်တော့-သစ်ကိုင်းကြီးကျိုး ကျလာတာ တွေ့လို့ ကျနော်သူ့ ကိုအတင်း တွန်းဖယ်လိုက် ရတယ်...



ထိုအခိုက် ဘယ်အချိန်ကရောက်လာမှန်း မသိသော မောင်ထွေးအဖေက—
ကဲ . ဟဲဟဲ အိမ်ထဲဝင်ကြ။ အောက်ထပ် . သစ်ကိုင်းကျိုးကျ မှဖြင့်....
နို-ကံကောင်းလို့ မသေတာနော်
ဟင်း - အရမ်းတွန်း ဖယ်လိုက်ပေလို့ပေါ့
ကလေးကချော့ ဆိုပေမဲ့ သေသေချာချာ ကြည့်တော့လဲ-မဆိုးဘူး၊ ဝတ်စားလှလှနဲ့ ဆိုယင်-ငြိလိုဘဲ နေမှာဘဲ
ထိုအချိန်မှစ၍ သူငယ်ချင်းဖြစ်သွားပြီး သူတို့ နေ့စဉ်အတူ ကစားကြလေတော့၏။
ဒီတခါ — — — -
သရက်သီးတွေ မှည့်ယင်-ရှန် ဖွယ်ဝေါဝေါနဲ့- လုကောက် စရာ မလိုတော့ဘူး။ သူတို့သူငယ်ချင်း တသိုက်နဲ့ - တို့မောင်နှမနှစ်ယောက် အတူတူကောက်ကြပြီး - အညီအမျှ ဝေယူကြမှာဘဲ.....
သရက်သီးဆိုတာ - သဘာဝကပေးတဲ့ ဆုလပ်၊ ဒါကြောင့် အများနဲ့ဆိုင်တယ် ညီမလေးရဲ့.....
ဟုတ်ကဲ့



မြင့်ဟန် - ကာတွန်း
ကိုကိုတူး - ပါဝင်သည်။
ဥပဒေကသာ
ဘာဖြစ်လို့ ဒီကောင်လေးကို ကြိုးတုပ်ထားတာလဲဗျ
ကျုပ်တို့ရပ်ကွက်က အိမ်တွေကို ညညဖေါက်ခိုးနေတဲ့ သူခိုးလေးလေဗျာ အခုမှလို့ ဖမ်းမိတာ
ဖေဖေ၊ သူ့တို့အိမ်က ပစ္စည်းတွေကိုခိုးသွားတာလဲ သူဘဲဖြစ်ရမယ်
အေးကွ
ဒါဖြင့်၊ သူ့မှ မကျေနပ်ဘူး၊ ဒုတ်နဲ့ လိုက်ရိုက်ပြီး ဒက်ခတ် လိုက်အုံးမယ် သေပေတော့!
ဟဲ့သား၊ နေအုံး
မလုပ်နဲ့လေကွာ၊ မင်းမဲ့တိုင်းပြည်မှ မဟုတ်ဘဲ၊ သူ့အမှုကို ဥပဒေကသာ ပြစ်ဒဏ်ချမှတ်နိုင်တာကွ၊ သင်တို့တွေက လုပ်ချင်တိုင်း လုပ်လို့မရဘူး
ပြီး





# အစ္စရေးနိုင်ငံ

စိုးလွင်မြင့်

အစ္စရေး နိုင်ငံသည် စတုရန်းမိုင် ၇၉၉၃ ကျယ်ဝန်း၍ ကမ္ဘာ့ အလယ်ပိုင်း၌ တည်ရှိသည်။ ပတ်ဝန်းကျင် နိုင်ငံများမှာ မြောက်ဖက်တွင် လက်ဗနွန်၊ အရှေ့ဖက်တွင် ဆီးရီးယား၊ အနောက်တောင်ဖက်တွင်အာရပ်ပြည်ထောင်စုတို့ ဖြစ်၏။ အစ္စရေး နိုင်ငံကို ရှေးအခါက ကနန်း၊ ထို့နောက် အစ္စရေး၊ ထို့နောက် ပါလက်စတိုင် ဟူ၍ ခေါ်တွင်လာခဲ့ကြ၏။

မြေမျက်နှာပြင်အားဖြင့် ကမ်းခြေလွင်ပြင်၊ ကုန်းမြင့်ဒေသနှင့် ဂျော်ဒန်ချိုင့်ဝှမ်းဟူ၍ခွဲခြားနိုင်သည်။ ကုန်းမြင့်ဒေသ၏ ပျမ်းမျှအမြင့်မှာ ပေပေါင်း ၂၀၀၀ ဖြစ်လေသည်။ ၁၇၆ မိုင်ရှည်လျားသော ဂျော်ဒန်မြစ်သည် အစ္စရေးနိုင်ငံတွင်း၌ ၇၃ မိုင်မျှ ဖြတ်သန်း စီးဆင်းလေသည်။ ရာသီဥတုမှာ သမသော ရာသီဥတုမျိုး




ဖြစ်သည်။ အအေးဆုံးလမှာ ဇန္နဝါရီလ ဖြစ်၍ အပူဆုံးမှာ ဩဂုတ်လဖြစ်၏။ နိုဝင်ဘာလမှ ဧပြီလအထိ မိုးရွာသွန်းလေသည်။

နိုင်ငံ၏ လူဦးရေမှာ ၃,၀၀၁,၄၀၀ ဖြစ်၍ မြို့တော်မှာ ဂျေရုစလင် ဖြစ်၏။ နေထိုင်သော လူမျိုးများတွင် ယဟူဒီတို့မှာ အများဆုံး ဖြစ်၏။ မွတ်စလင်တို့မှာ ဒုတိယ လိုက်၏။ ယဟူဒီတို့သည် ခရစ်မပေါ်မီ နှစ် ၁၂၀၀ ခန့်ကပင် အစ္စရေး နိုင်ငံသို့ ရောက်ရှိ နေထိုင်ကြသည်။ ဂျာမနီနိုင်ငံတွင် နာဇီတို့၏ ညှဉ်းပန်းနှိပ်စက်မှုကြီး ပေါ်ပေါက်လာသော အခါ၌ များစွာသော ယဟူဒီတို့သည် ပါလက်စတိုင်သို့ ထွက်ခွာလာကြရ၏။



ခရစ်မပေါ်မီ နှစ် ၁၀၀၀ ပတ်ဝန်းကျင်




က ဟီမရှုတို့သည် ဘုရင် အုပ်ချုပ်ရေး စနစ်ကို ထူထောင်ခဲ့ကြ၍ နောက်ပိုင်းတွင် နိုင်ငံသည် ဂျူဒါနှင့် အစ္စရေး ဟူ၍ နှစ်ပြည်နယ် ကွဲပြား သွား၏။ ၁၅၁၆ ခုနှစ်တွင် တပ်စ်တို့သည် နိုင်ငံကို သိမ်းပိုက်၍ ပထမ ကမ္ဘာ့စစ် တိုင် အောင်ပင် အုပ်စိုးခဲ့ကြ၏။ ၁၉၄၈ ခု၊ မေလ ၁၄ ရက်တွင် ယဟူဒီ အမျိုးသားကောင်စီက လွတ်လပ်သော နိုင်ငံအဖြစ် ကြေညာသည်။

၁၉၄၉ ခုနှစ်တွင် ၅၉ နိုင်ငံမြောက် ကုလ သမဂ္ဂအဖွဲ့ဝင် ဖြစ်လာသည်။ နိုင်ငံ၏ လက်ရှိ သမ္မတမှာ အီဖရာယင်း (မ်) ကတ် ချာ (လ်) ဖြစ်၍ ဝန်ကြီးချုပ်မှာ ယစ်ဇက်ရာဗင် ဖြစ်၏။


စိုက်ပျိုး ရေး တွင် တန်ဘိုးထား စိုက်ပျိုး သော သီးပင်များမှာ ရှောက်၊ လိမ်မော်၊ သံပု ရာ စသည်တို့ ဖြစ်ကြ၏။ ၁၉၅၅ ခုနှစ်မှ စ၍ စိုက်ပျိုးရေးသည် တိုးတက်ခဲ့ပေရာ စုစုပေါင်း ဧက လေးသိန်းကျော်မှ တသန်းကျော်အထိ စိုက်ပျိုးလာ၏။ ပိုင်ချက် လုပ်ငန်း မှာလည်း များစွာ တိုးတက်လာသည်။ ထုံးကျောက်၊ သဲကျောက်၊ဂျစ်ပဆမ်၊ ကြေးနီ၊ သံ၊ ဖော့စဖော ရပ်၊ မန်ဂနိနှင့် ကြွေထည် လုပ်ငန်း အတွက် ရွံ့စေး စသည်တို့ ကြွယ်ဝသည်။ ဂျော်ဒန်ချိုင့် ဝှမ်းနှင့် ပင်လယ်သေမှ သိန္ဓောဆား၊ ကန့်နှင့် ပိုတက်တို့ကို ထုတ်ယူရရှိလေသည်။


နိုင်ငံ၏ တောင်ပိုင်းရှိ နီဂိဗ် ဒေသသည် အထူး တိုးတက် ကြီးပွားသော နယ်မြေ ဖြစ် ၏။ ယင်းမှ ဖော့စဖောရပ်၊ ကြေးနီ၊ ရေနံ၊ သဘာဝ ဓာတ်ငွေ့နှင့် ပိုတက်တို့ အများဆုံး ရရှိသည်။ အကာဗာ ပင်လယ်ကွေ့ရှိ အီလက်မှ




မြေထဲပင်လယ်ရှိ အက်စကာလွန်သို့ မိုင် ၁၆၀ နှင့် ၄၂ လက်မ ရှည်လျားသော ရေနံပိုက် လိုင်းကို ဆက်သွယ်တပ်ဆင်ရာ ၁၉၇၀ ပြည့် နှစ်တွင် ပြီးစီးခဲ့လေသည်။

အစ္စရေး၏ အဓိက ပြည်ပ တင်ပို့ ကုန်များ မှာ ရှောက်၊ လိမ်မော် စသည်များ၊ အရောင် တင်စိန်များ၊ ဓာတုဗေဒ ပစ္စည်း၊ အထည် အလိပ်၊ စက်ပစ္စည်း၊ ပလပ်စတစ်၊ တာယာနှင့် ဆေးဝါး ပစ္စည်းများ ဖြစ်၏။ ခရီးသွားလုပ် ငန်းမှာလည်း အရေးပါ၏။ အသုံးပြုသော ငွေကြေးမှာ အစ္စရေးပေါင် ဖြစ်လေသည်။




ခြောက်ချင်သူ
ဇာတ်လမ်း မြေရိုင်း
သရုပ်ဖော် ကာတွန်းမြေရာ
ဟား-ဟိုမှာ - ရွှေယုန်ဘ-ခြောက် လိုက်ဦးမှ
ဝါး!
အမလေး
ဟားဟား ဟား တော်တော် လန့်သွား သလား
မင်းတော်တော် နောက်တဲ့ ကောင်-
တနေ့တွင်လည်း
အမေဖြိုး!
ဟိုက်
မင်းလူကြီးကို ဒီလိုဘဲခြောက်ရသလား
မင့်အဖွားသာခြောက်မိယင် ဒုက္ခ-


ဟား - ဟုတ်သားဘဲ - ဖွါးဖွါး သွားမြှောင် ယင်ပို့မျှော် ဦးမှာဘဲ
ဖွါးဖွါးအိမ်ပေါ် ဘာသာ ကြေဖော့ဝင်..
ဟဲ့-မြေးလေး ပါလား ဝင်ခဲ့ လေ
ဟို-ဟဲဟဲ-သူငယ်ချင်းတွေနဲ့ကစားဦး ဒီဘက်ရောက်လာတာပါ ဖွါးဖွါး သွားမယ် နော်
ငါမှန်း- ဘယ်လိုသိပါလိမ့်-အော်- ဖိနပ်က အသံမြည်လို့ဖြစ်မယ်-ကဲ ဒီတခါ ဖိနပ် ချွတ်ပြီး-
ကျွိ-ကျွိ
ဟဲ့-ပြန်မယ် ဆို-
ဟိုအဲ- အဖွါးက အမေနဲ့အဖေကို ဘာမှာအုံးမလဲလို့
အေးဟဲ့


ဧအောင်-ညနေကျယင် မင်းတို့တအိမ်လုံး အဖွါးအိမ်မှာ မုန့်လာစားကြ-အဖွါးမုန့် လုပ်နေတယ်-အဲဒါ-မင်းအဖေနဲ့အမေကို ပြောလိုက်-ကြားလား
ဟုတ်ကဲ့
ဖိုးဝက်သည်-အိမ်သို့ပြန်၍ သူ့အမေနှင့်အဖေကိုပြောပြီး - - - -
ဒီနေ့အဖွားကိုမချောက်ရဘဲ တော့မနေနိုင်ဘူး ဒီတခါ-နောက်ဖေး ပေါက်ကဝင်မှ
သို့ဖြင့်
ဟား အဖွါး ဘာတွေကုန်း လုပ်နေတယ်မသိဘူး နောက်ကနေ ခါးကိုတို့ပြီး
အမလေး!
ဟဲ့ ပလုတ်တုတ်
မိစုံး နဲ့ မောင်မောင်နဲ့
ဟားဟား အဖွါးယောင်တာကို ဂုတယ်-ဟီးဟီး
အေး-ဂို-ဂို-ညနေနင်တို့စားဖို့ မုန့်တွေ အကုန်မှောက်ကုန်ပြီ-
သွား-မင်းအမေနဲ့အဖေကိုပြန်ပြော လိုက် မုန့်တွေမှောက်ကုန်လို့ ညနေမလာ နဲ့တော့လို့




နမ္မတူနှင့် ၁၄ မိုင်ခန့်ဝေးကွာသော အရပ်၌ ကမ္ဘာကျော် ဘော်တွင်းတခု ဖြစ်သော နမ္မတူဘော်တွင်းတည်ရှိသည်။ အင်းဝခေတ် ဘုရင်မင်းခေါင် အုပ်စိုးစဉ် ကာလလောက်က အစပြု၍ တရုပ်အမျိုးသားတို့သည် ထိုဒေသ၌ ခဲသတ္တုများ တူးဖော်လုပ်ကိုင်ခဲ့ဘူးသည်။ နယ်ချဲ့ ဗြိတိသျှတို့ အုပ်စိုးစဉ် အတွင်း ၁၈၁၃ ခုနှ ထိုဒေသတွင် သတ္တုကြောကြီးကိုတွေ့ရှိခဲ့ရာ ဗြိတိသျှတို့သည် ဘော်တွင်းလုပ်ငန်း ဘားမားကော်ပိုရေးရှင်းအမည်ဖြင့် တူးဖော်လုပ်ကိုင်ခဲ့သည်။ စစ်ပြီး ကာလ ၁၉၅၂ ခုနှ မြန်မာအစိုးရနှင့် တွဲဖက်လုပ်ကိုင်ခဲ့၍ ၁၉၆၅ ခု ဇန်နဝါရီလ ၁၈ ရက်တွင် တော်လှန်ရေးအစိုးရက ပြည်သူပိုင် ပြုလုပ်ခဲ့သည်။

ပြည်သူပိုင် မပြုလုပ်မီ တနှစ်က တလအတွက် ပျမ်းမျှ သတ္တုရိုင်း တူးဖော်ရရှိနှုန်းမှာ တန်ချိန် ၁၃၀၀၀ ဖြစ်၍ ပြည်သူပိုင် ပြုလုပ်ပြီး တလထွက်ရှိနှုန်းမှာ ၁၃၉၀၀ တန်ဖြစ်သည်။ ၁၉၇၃ ခု ဩဂုတ်လ၌ အမြင့်ဆုံး စံချိန်အဖြစ် ၁၆၃၆၀ တန် ထွက်ရှိခဲ့ရာမှ ယခုနှစ် မေလ၌ ငွေ၊ ခဲ၊ သွပ် သတ္တုရိုင်း ၁၈၂၃၃ တန်အထိ တိုးတက်ရရှိခဲ့သည်။

သတ္တု တူးဖော်ရေး လုပ်ငန်းမှာ သက်စွန့်ဆံဖျား လုပ်ရသော လုပ်ငန်းဖြစ်၏။ အလုပ်သမား များသည် မြေအောက် လိုဏ်ခေါင်းများတွင် ပင်ပန်းစွာ လုပ်ကိုင် ကြရသည်။ အရေးပေါ် အန္တရာယ်နှင့် ကြုံလျှင် ကယ်တင်နိုင်ရန် အသက်ကယ် အဖွဲ့လည်း အသင့်ရှိလေသည်။


မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

ဒါကြောင့်ကိုး



# ကျွန်တော်လေးပင်စွာရှုံးပါတော့သည်

မောင်သာချွေး



ကျွန်တော့် အဖေ သည် လယ်သမားကြီး ဖြစ်ပါသည်။ ကျွန်တော်တို့တွင် "သီတာ" နှင့် "ကျောက်နီ" ဟု ခေါ် သော နွား နှစ်ကောင် ရှိပါသည်။

အောင်လင်းတို့ ဖိုးအောင် တို့စိန်ကဲတို့တွင် တယောက်လျှင် ရှစ်ကောင်စီလောက် ရှိကြပါ သည်။ နွေရာသီအစ ဆောင်း ရာသီအကုန်လောက်တွင် ကျွန် တော်တို့ရွာမှ နွားများကို ကွင်း ထဲသို့လွှတ်လိုက်ပါသည်။ ညနေ စောင်းအချိန် ရောက်မှ ရွာသို့ ပြန်မောင်းသွင်းရပါသည်။

အောင်လင်း၊ ဖိုးအောင်နှင့် စိန်ကဲတို့က ကျွန်တော့် နွားနှစ် ကောင်ကို သူတို့ နွားတွေနှင့် ရောစေချင်သည်။ ကျွန်တော် က မရောချင်ပါ။ သူတို့နှင့် အ တူတူ နွားမောင်း သွင်းပါက သူတို့နွားကများပြီး ကျွန်တော့် နွားက နှစ်ကောင်တည်းမို့ ကျွန် တော် ပင်ပန်းမည်။

နွားလွှတ်ချိန် ရောက်တိုင်း အောင်လင်းကတော့ –

"ဖိုးစောရေ - နွားတွေလွှတ် ရအောင်ကွာ၊ ဆင်းမောင်းချိန် ကျတော့လဲ အတူတူ မောင်းရ တာပေါ့"

"ဟင့်အင်း ကွာ – မင်းတို့ လွှတ်ပြီးမှငါလွှတ်မယ်" ဟု ကျွန် တော်က အမြဲတမ်းငြင်းသည်။

နွားမောင်းချိန်တွင်သူတို့က အတူတူဆင်းသည်။ ကျွန်တော် ကလည်း ကျွန်တော်တယောက် တည်းဆင်းပါသည်။ ကျွန်တော့် နွားက နှစ်ကောင်တည်းမို့ ကျွန် တော်သာလျှင် ရွာသို့အရင်ပြန် ရောက်ပါသည်။

သူတို့ သုံးယောက် ထဲတွင် တခါတရံ ဖိုးအောင်က နွား ဆင်း မမောင်းပါ။ ဖိုးအောင် နွားဆင်းမမောင်းလျှင် အောင် လင်းနှင့် စိန်ကဲတို့က ဖိုးအောင် နွားများကိုမောင်းပေးပါသည်။ တခါတရံ အောင်လင်းဖြစ်စေ၊ စိန်ကဲဖြစ်စေဆင်းမမောင်းလျှင် လည်း ကျန်လူများက မောင်း ပေးပါသည်။

တနေ့တွင် ကျွန်တော်က သူတို့နွားတွေ မလွှတ်ခင် အရင် လွှတ်လိုက်ပါသည်။ နွားလွှတ် ချိန် ရောက်သောအခါ အောင် လင်းက –

"ဖိုးစောရေ၊ နွားတွေလွှတ် မယ်ဟေ့"

"ငါ့နွားတွေ လွှတ်ပြီးပြီ ဟေ့"

ကျွန်တော်က လေသံကြွား ကြွားဖြင့်ပြောလိုက်ပါသည်။

နွား မောင်း ချိန် ရောက် သောအခါ သူတို့သုံးယောက်က အတူတူ ဆင်းသွားကြပါသည်။ ကျွန်တော်ကလည်း တယောက် တည်းဆင်းလာခဲ့ပါသည်။ သူတို့ သုံးယောက်တွင် တယောက်က ပုလွေမှုတ်သည်၊ တယောက်က သီချင်းဆိုသည်၊ တယောက်က ပါးစပ်ဆိုင်းတီး၍ ဆင်းလာပါ သည်။ ကျွန်တော်ကလည်းကိုယ့် အဆိုနှင့်ကိုယ့်အတီးနှင့်မို့မပျင်း ပါ။

ကွင်းလယ်သို့ ရောက်သော

အခါ ကျွန်တော် ရင်ခုန်ရပါ
တော့သည်။ ကျွန်တော့် နွား
နှစ်ကောင်ရှာ၍မတွေ့ပါ။ ကျွန်
တော့်နွားနှစ်ကောင်သည် ဖိုး
အောင်တို့၊ အောင်လင်းတို့ နွား
အုပ်များ ထဲတွင်လည်း မရှိ။
တခြားသော နွားတွေနှင့်လည်း
ရောမနေပါ။ ကျွန်တော် ဟိုဟို
သည်သည်ကြည့်ပါသည်။ အရိပ်
အရောင်မျှပင် မမြင်ရပါ။

ဟို ခပ်ဝေးဝေးတွင် ကိုင်း
တောရှိပါသည်။ ထို ကိုင်းတော
ကြီးထဲသို့ ကျွန်တော်တယောက်
တည်းမသွားရဲပါ။ နွားအုပ်များ
တအုပ်ပြီး တအုပ်မောင်းသွား
ကြပေပြီ။ ကွင်းလယ်တွင် ကျွန်
တော်တယောက်တည်း ဟိုပြေး
သည်ပြေးဖြစ်နေပါသည်။ ကျွန်
တော် ဘာလုပ်ရမည် မသိပါ။
နေသည် ဝင်ခါနီးနေပြီ၊ မှောင်
ရိပ်ပင် သန်းလာချေပြီ။ ကျွန်
တော်သည် ငိုရင်း ကျွန်တော့်
နွား နှစ်ကောင် ကို ရှာသည်၊
မတွေ့ပါ။

ခပ်ဝေးဝေးတွင် ဖိုးအောင်
ပြန်ဆင်းလာသည်ကိုကျွန်တော်
မြင်ရပါသည်။ သူ့နွားတွေလည်း
တကောင်တလေ ကျန်ခဲ့ဟန်တူ
ပါသည်။ ကျွန်တော် အားတက်
သွားပါသည်။ ဖိုးအောင်အနား
သို့ ရောက်သောအခါ

"ဖိုးစော၊ မင်း နွားတွေ
ပျောက်နေပြီမဟုတ်လား"

"အေးကွာ၊ မင်းနွားတွေ
ရော"

"ငါ့နွားတွေ စုံပါတယ်။
အောင်လင်းနဲ့ စိန်ကဲတို့ကို ပြန်
မောင်းသွား ခိုင်းလိုက် တယ်။
ငါက မင်းနဲ့အတူ မင်းနွားတွေ
ကို ရှာပေးဖို့ ဆင်းလာခဲ့တာ၊
လာမြန်မြန်လာ၊ ဟိုကိုင်းတော
စပ်မှာသွားရှာရအောင်"

ဖိုးအောင် နှင့် ကျွန်တော်
ကိုင်းတောစပ်သို့ ပြေးသွားကြ
ပါသည်။

မကြာမီ ကျွန်တော့်နွားနှစ်
ကောင်ကို တွေ့ပါသည်။ ကျွန်
တော်တို့ နွားနှစ်ကောင်ကို ဒုန်း
မောင်းခဲ့ကြပါသည်။

ကျွန်တော် မှားပါသည်။
ဖိုးအောင်သာ ကျွန်တော့်လို
စိတ်မျိုး ရှိခဲ့လျှင် ကျွန်တော်
နွားပျောက် ချိန်တွင်သူ ကူညီ
လိမ့်မည် မဟုတ်ပါ။ အောင်
လင်းနှင့် စိန်ကဲ တို့ကလည်း
ကျွန်တော့်လို စိတ်မျိုး ရှိမည်ဆို
လျှင် ဖိုးအောင်၏ နွားများကို
ပြန်မောင်းသွားမည် မဟုတ်ပါ။
သည်လို ဆိုလျှင်ကျွန်တော်သာ
ဒုက္ခရောက်တော့မည်။ ဖိုးအောင်
က ပြောပါသည် "မင်းက နွား
တွေကို စောစော လွှတ်တာကိုး
ကွ၊ မင်းနွားတွေက အဝေးကြီး
ဆင်းမှာပေါ့"တဲ့။

ကျွန်တော် နားလည်ပါပြီ။
နောက်တခါ နွားလွှတ်ချိန် ကျ
လျှင် -

"ဖိုးအောင်တို့၊ စိန်ကဲတို့၊
အောင်လင်း တို့ရေ၊ နွားတွေ
လွှတ်မယ်ဟေ့"ဟု ကျွန်တော်က
ပင် စ၍ခေါ်ပါတော့မည်။

# လုပ်သားကောင်း အရုပ်

ကောက်ရိုးမြက်ထုပ်
အဝတ်စုတ်၊
မင်းက ဘာအရုပ်။

ကော်ရုပ်မဟုတ် ဆေးမသုတ်၊
ကျွန်ုပ် စာခြောက်ရုပ်။


အရုပ်ဟူပေ အိမ်မနေ၊
လယ်ထဲ ဘာလုပ်နေ။

လယ်ယာ မြေစောင်း
စာလုန့်မောင်း၊
ကျွန်ုပ် အရုပ်
လုပ်သားကောင်း။ ။

စန္ဒာမြင့်



R. 517




ငမုတ်ကို မြိတ်ထားဝယ်ဖက်မှ ငမုတ်ဟုပင် ခေါ်ကြ၍ ရခိုင်ဖက်မှ ငယုဇနဟု ခေါ်သည်။ ယင်း၏ ခန္ဓာကိုယ်သည် ဘေးတိုက် ပြားချပ်နေသည်။ အကြေးခွံများ သေးငယ်သည်။ ဦးခေါင်းတွင် အကြေးခွံများရှိသည်။ ပါးစပ်မှာ သေးငယ်ပြီး မေးရိုးများ မသန်မာချေ။ သေးသွယ်ချွန်ထက်သော သွားတတန်းပါရှိသည်ကို တွေ့ရသည်။

ငမုတ်ကို ပင်လယ် ကမ်းခြေ ဒေသ တလျှောက် တွင် တွေ့ရှိရသည်။ အရွယ်အစားမှာ ၁၂လက်မထိရှိ၏။ ငမုတ်တွင် ငမုတ်ဖြူ၊ ငမုတ်မဲ၊ ငမုတ်ကြက်ဖ စသည်ဖြင့် မျိုးကွဲများ ရှိသည့်အနက် ငမုတ်ဖြူ၏ အသားမှာ အလွန် စားကောင်း၍ လူသိများ ပေသည်။ ဤငါးမျိုး၏ ခေါင်းအထက် ပိုင်း နှင့် ခန္ဓာကိုယ်ကျောဖက် အထက်ပိုင်းသည် ပြာလဲ့ရောင် ဖြစ်ပြီး ခရမ်းရောင် သန်း နေ သည်။ ဦးခေါင်းဘေးဖက်ပိုင်းနှင့်ကျောဖက်ပိုင်းသည် ငွေရောင်သန်းနေသော ပြာလဲ့ရောင် ဖြစ်သည်။ ဝမ်း ပြင် ပိုင်း မှာ မူ အဖြူရောင်ဖြစ်သည်။

အရွယ် မရောက် သေးသော ငမုတ်အကောင်ငယ်ကလေးများသည် အကောင်ကြီးများထက် ခန္ဓာကိုယ် အရောင်အဆင်း ရင့်သည်။ အထူးသဖြင့် ဝမ်းဆူးတောင်များ သည် နက်မှောင် နေတတ်သည်။

ငမုတ်တို့ကို ငါးစိုအဖြစ်၎င်း၊ ငါးခြောက် အဖြစ်၎င်း စားသုံးနိုင်ပေသည်။

သောင်းစု(သုတေသန)

၁၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ-၆။ အမှတ်-၄၆။

# ရွှေသွေး ဂျာနယ်


၁၃၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက် (၁၆–၁၁–၇၄)




တခါတုန်းက နာမည်နဲ့လိုက်အောင် သာယာလှတဲ့ (ရွာသာ) ရွာ ဆိုတာရှိတယ်။




ရွာသူရွာသားတွေဟာ အလုပ်ကြိုးစားပြီးလုပ်ကိုင်ကြလို့ စပါးထွက်ကောင်းတယ်၊ သီးနှံပေါတယ်။ ရွာထွက် ခနိပျစ်နဲ့ ခြင်းတောင်းများ၊ အိုးများ လက်ရာကောင်းလို့ နာမည်ကြီးပြီး တမြို့တရွာကတောင် လာဝယ်ကြရတယ်။



စနေနေ့တိုင်း ထုတ်ဝေသည်။


ရွာသာရွာမှာ အရောင်းအဝယ် လုပ်ငန်းကောင်းလို့ တခြားမြို့ရွာက ကုန်သည်များဟာ ဒီရွာကိုပြောင်းရွှေ့လာပြီး နေထိုင်ကြတယ်။
ကြာတော့ ရွာနဲ့လူနဲ့မမျှဖြစ်လာလို့ ရွာကလူကြီးတွေ စုရုံးပြီး ရွာသာရွာလေးကို မြို့အဖြစ် တိုးချဲ့တည်ထောင် လိုလာကြတယ်။
ဒီရွာကို အခြေခံပြီး-မြို့ဖြစ်အောင်-တိုးချဲ့တည်ဆောက်မှ-ကောင်းမယ်.... ---
ဟုတ်ကဲ့-တခေတ်တခါမှာ ဒီလိုမြို့တယ်ရတာဘဲ။ တနေရာမှာ စိတ်တိုင်းကျဖြစ်အောင်-မြို့နေရာရွေးကြတာပေါ့ ....
လက်ရှိလုပ်ငန်းတွေတော့ မပျက်ချင်ဘူး၊ အရှိအတိုင်းထားပြီး-နေသာ ထိုင်သာ အောင်ဘဲ ချဲ့ကြပါ
နောက်ဆုံး၌ လက်ရှိရွာကိုပင် အခြေခံပြီး ရွာပတ်လည်ကို အညီအမျှတိုးချဲ့ရန် ဆုံးဖြတ်ပြီးနောက် စိတ်ထက်သန်စွာနဲ့-
သစ်ပင်ချုံနွယ်များ ခုတ်ရှင်းခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တန်တားဆောက်ခြင်း စသည်တို့ကို တညီတညာတည်း ပြုလုပ်ကြတယ်။
သို့သော် တခြားမြို့တွေနဲ့ ဆက်သွယ်နေတဲ့ အဓိက လမ်းဖောက်လုပ်တဲ့အခါမှာ အလယ်မှာ ကျောက်တုံးကြီး တတုံး ခံနေသတဲ့
ဟဲ့ဟဲ့ဖန်ဖန်-ဒီကျောက်တုံးကြီးကလဲမှာ ....
ကိစ္စ မရှိပါဘူး၊ စုပေါင်းပြီးတွန်းယင် လိမ့်သွားမှာပေါ့ ---
တနေကုန် လူထုအင်အားနဲ့ ဖယ်ကြပေမဲ့ လှုပ်တောင်မလှုပ်ဘူးတဲ့။
တွန်း
တွန်းပေး
တွန်းလိုက်စမ်း
ဆွဲ-
ဆွဲပေးကွ



လူထုအင်အားနဲ့ မရလို့ ကျွဲ နွားများ အားနဲ ကြိုးဆိုင်းဆွဲကြပြန်တယ်။
ဟဲ့ ဖိုး—
ဖိုးလေ—
ဆွဲ လိုက်စမ်း
အသားတွေ
ဆွဲပေ့—
ဟုတ်ပြီ—
ဆွဲ
ဆွဲကွ—
တအားဆွဲ
သို့သော်မရွေ့
တဖန် ဆင်များနှင့်တွန်းကြည့်ပေမဲ့
ဟုတ်ပြီ— တွန်း
အစွမ်းကုန်
အောင်း လိုက်စမ်း—
နာလာဂိရိ တဲ့ နော်
မရတဲ့အဆုံးမှာ တရွာဝင်တရွာထွက် မောင်း
ခတ်ကြေညာတော့တာဘဲ။
ကြားကြားသမျှ---ရွာသာရွာနဲ့တောင်မို့သို့
ပေါက်နေသောလမ်း ပေါ်ရှိကျောက်တုံးကြီးကို
ဖယ်ရှားပေးနိုင်သောသူအား ၊ ဆုလာဘ်များ
ပူဇော်ပါမည်
ဟု ကြေညာ
အပ်ပါသည်
ခင်များ----
ဒါပေမဲ့ စွမ်းဆောင်နိုင်သူ တဦးတယောက်မျှ
မပေါ်လာလို့ စုဝေးတိုင်ပင်ကြပြန်တယ်။
ဒီကျောက်တုံးကြီး ရွှေ့မရရင်---တောင်ကုန်း
ကြီးကို ကွေ့ပတ်ပြီး ပေါက်ရမှာဘဲ။
အဲဒါက
ခရီး ပိုဝေး
မယ်၊ ငွေ
ကုန်များ
မယ်၊ လူ
တွေ-ပိုပင်
ပန်းမယ်၊
ကြာရှည်
မခံနိုင်ဘူး ဗျ။
အေးဗျာ
ရွှေ့လို့ရရင်
ပိုကောင်းတာပေါ့
ဒီလိုအချိန်မှာ အလှမ်းဝေးတဲ့ ရွာတရွာက
အဘိုးအိုတယောက် လာပြီး ကျောက်တုံးကို
ပတ်ချာလည် လှည့်ကြည့်သတဲ့။
အော် -- ဒီလိုကိုး ။ လမ်းဖေါက်လို့ရအောင်
ရွှေ့ချင်တာနဲ့တူပါတယ်။ အင်း --လမ်း
ဖေါက်လို့ရအောင်တော့ - တယ် ခဲယဉ်း
လှမယ် - မထင်ပါ
ဘူး ။ လူ ဆယ်
ယောက်လောက်
ရယင် - တနေ့
ထဲနဲ့ တောင်
ပြီးနိုင်သေးရဲ့--


လူဆယ်ယောက် မပြောနဲ့ - လူတရာနဲ့တောင် မရဘူး - အဘရဲ့ -
ဒီလိုဆိုယင် အဘ - တာဝန်ယူပြီး ဦးဆောင် ကြပ်ကဲ ပေးမလား
ရပါတယ် မောင်ရယ်
ရပါတယ် မောင်ရယ်
ဒီလိုနဲ့ မကြာမီ အလုပ် စကြတယ်။
ဒီမောင်ရင်တို့က - ဒီဘက်က နေတူး ဟိုမောင်ရင်တို့က - ဟိုဘက်က နေကြစမ်း
ဟုတ်ကဲ့ အဘ
ဘယ်လောက် နက်နက် - တူးရမှာလဲ - အဘရဲ့
ငါ စောင့်ပြောပါ့မယ်လေ
နေ့လယ်ပိုင်း ခေတ္တနားနေကြစဉ်
ဟိုး ရပ်ကြီးအဲ
ဒုက္ခပါအဲ... တွန်းလို့ - ဆွဲလို့တောင် မရတာ - လှိမ့်တင် ချင်သေးထင် ပါရဲ့
ဘေးက - တူးပုံ ထောက်တော့ စက်သီးနဲ့ - ဆွဲတင် မလို့နဲ့တူတယ်။
ညနေ စောင်းတဲ့အခါ ကျောက်တုံးကြီးဟာ ကျင်းထဲ လဲကျသွားပြီး
ကဲ - မြေမြှုပ်ကြတော့လေ။ အားလုံး ပိုင်း လှပ်။ ဘာငေးနေကြတာလဲ။ ..... ဒီပေါ်က လမ်းဖြစ်သွားမှာ ပေါ့ ---
ဗျာ
ဟုတ်ကဲ့
အဲ - ဟင်... ဟုတ်သား ဘဲ။ ကျောက်တုံးကြီး မြှုပ် သွားမှဘဲ။ အမောခံ တောင် ရသေးရဲ့
မြေပြင်ထက်အနည်းငယ် နိမ့်သွားတော့ အပေါ်ကလမ်းကို ဆက်ခင်းနိုင်လို့ ဝမ်းသာကြပြီး အဖိုးအိုကို ဂုဏ်ပြုပြီး အောင်ပွဲခံကြသတဲ့ကွယ်။
ဖြိုး

# မိုးကာနဲ့ထီး



မိသက်နဲ့ဇီကွက်တို့ဟာ လယ်သမားကြီး ဦးသူတော်ရဲ့ သားသမီးများဖြစ်ကြတယ်။
ဟော - အားတို့ သမီးတို့ရေ မိုးရွာပြီဟေ့ ..
မိသက်နဲ့ ဇီကွက်တို့ဟာ တတိယတန်း ကျောင်းသား ကျောင်းသူ များဖြစ်တယ်။
သားအတွက် မိုးကာ လှလှလေး ဝယ်ပေးပါ အဘ
သမီးကိုတော့ ထီးဘဲ ဝယ်ပေးပါ အဘ...
ဦးသူတော်ဟာသားနဲ့သမီးရဲ့ခြားနားတဲ့ ဆန္ဒနှစ်ရပ်ကိုသတိပြုလိုက်မိတယ်။
သမီးက ဘာဖြစ်လို့ မိုးကာ လှလှလေး မလိုချင်တာလဲကွဲ့


မိုးကာက တဦးတယောက်ထဲဟာ ဖုံမြဲ့တာမို့ အမိုးအကာမပါသူကို မကူညီနိုင်လို့ပါ.. အဘရေ...
ညနေ....
သားရေ့ မင်းက ဘာဖြစ်လို့ ထီး ကောင်းကောင်း လေးကို မလိုချင်တာလဲ..
အဘ.. အဘကလဲ.. ထီးက ဟိုလူဝင်အောင်း ဒီလူဝင်အောင်းနဲ့ သိပ်ရှုပ်တယ်.. မိုးကာကတော့ မိုးလဲ လုံတယ်.. ပြီးတော့ ဘယ်သူမှလဲ ကပ်အောင်းလို့ မရဘူး..
ဦးသူတော်ဟာ သားနဲ့သမီးရဲ့ ခြားနားတဲ့ ရည်ရွယ်ချက်နဲ့ စေတနာကိုသိလိုက်ရတော့—
ဆုံးမဖြစ်ပေးမဲ့အစား သူတို့ကို သူတို့အတွေ့အကြုံက မြင်ပြီး ဆုံးမဖြစ်ပေးတာက ကောင်းပါတယ်...
နောက်တနေ့
ရော့ဟေ့.. သားအတွက် မိုးကာနဲ့ သမီးအတွက် ထီး..
ဟာ.. ဝမ်းသာလိုက်တာ..
ဇာကွက်ကတော့ သူ့မိုးကာကို ကျောင်းမှာ ရှိုးတပြပြနဲ့ပေါ့။ ဘယ်သူမှလဲအထိမခံ အကိုင်မခံဘူး။
ငါ့အဘ ဝယ်ပေးတာ...


မိသက်ကတော့ ဇီကွက်လိုမဟုတ်ရှာဘူး။
အားဟယ်၊ ငါလဲ လိုချင်လိုက်တာ.. ဒါပေမဲ့ ငါ့အမေက ဝယ်မပေးနိုင်ဘူး..
အားမငယ်ပါနဲ့အေ... ကျောင်းသွားကျောင်းပြန် ငါ့ထီးနဲ့အတူတူသွားကြ လာကြတာပေါ့.
မိုးရွာတဲ့နေ့များမှာ ကျောင်းသွား ကျောင်းပြန် မိသက်က ထီးမပါသူကို ကူခေါ်ပေမဲ့ ဇီကွက်ကတော့ တကိုယ်တော် မိုးရှိုးပါတဲ့။
တနေ့ ကျောင်းဆင်းချိန်မှာ မမြော်လင့်ဘဲ မိုးကရွာချလာတယ်။ ဒီနေ့မှဘဲ ဦးသူတော်ကလဲ မိုးကာနဲ့ထီးကို ကျောင်းကို လာမပေးနိုင်ဖြစ်နေတယ်။
ဟာ..ဒုက္ခဘဲ..
တကယ်တော့ ဦးသူတော်ဟာ ကျောင်းကို ရောက်နှင့်နေပြီး သားနဲ့သမီးရဲ့ အဖြစ်တွေကို စောင့်ကြည့်နေတာပါ။
သူတပါးကို ကူညီတတ်တဲ့ မိသက်ကိုတော့--
ဟာဟော့..မိသက် ငါ့ထီးနဲ့ပြန်မယ်..
ဒီကိုလာဟော့..ငါ့ထီးက ပိုလုံတယ်ကွ..
တကျောင်းလုံး ပြန်သွားပြီး ဇီကွက် တယောက်တည်း ကျောင်းပေါ်မှာ ကျန်တော့မှ ဦးသူတော်က ကျောင်းပေါ်တက်လာပြီး



# ဂျော်ဒန်နိုင်ငံ

မိုးလှိုင်မြင့်






ဂျော်ဒန်နိုင်ငံသည် စတုရန်းမိုင် ၃၇,၅၀၀ ကျယ်ဝန်း၍ အရှေ့အလယ်ပိုင်း၌ တည်ရှိသည်။ နိုင်ငံ၏ မြောက်ဖက်တွင် ဆီးရီးယားနိုင်ငံ၊ အရှေ့ဖက်နှင့် တောင်ဖက်တွင် ဆော်ဒီအာရေဗျနိုင်ငံ၊ အနောက်ဖက်တွင် အစ္စရေးနိုင်ငံတို့ တည်ရှိသည်။

အနောက်ဖက်ပိုင်းရှိ မြေမျက်နှာပြင်မှာ ကုန်းမြင့်ဖြစ်၍ ပေ ၃၀၀၀ အထိ မြင့်လေသည်။ ဂျော်ဒန်ချိုင့်ဝှမ်းသည် မြောက်ဖက်အဆုံးတွင် ပင်လယ် မျက်နှာပြင်အောက် ပေ ၆၅၀ မျှနိမ့်၍ ပင်လယ်သေသို့ အရောက်၌မူ ပေ ၁၃၀၀ အထိ နိမ့်ဆင်းသွား၏။ ဂျော်ဒန်မြစ်သည် နိုင်ငံ၏ မြောက်ပိုင်းမှ စီးဝင်၍ ပင်လယ်သေထဲသို့ စီးဆင်းသည်။ တောင်နှင့် မြောက် ၅၅ မိုင်ရှည်လျားပြီး ၁၀ မိုင် ကျယ်ဝန်းသော ပင်လယ်သေမှာ ကမ္ဘာတွင် အနက်ဆုံး ရေအိုင်တခု ဖြစ်လေသည်။

ပူနွေးခြောက်သွေ့သော ရာသီဥတုရှိ၍ အထူးသဖြင့် သဲကန္တာရဒေသများတွင် နေ့နှင့်ည အပူအအေးမှာ များစွာကွာခြားသည်။

နိုင်ငံ၏ လူဦးရေမှာ ၂,၃၀၀,၀၀၀ မျှရှိ၍ မြို့တော်မှာ အမန် ဖြစ်၏။ နေထိုင်သော လူမျိုးများတွင် ဆန်နီမွတ်စလင် အာရပ်ရွာသူရွာသားတို့မှာ အများစုဖြစ်၍ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည်။ ကုလားအုပ်၊ သိုး၊ ဆိတ်တို့ဖြင့် လှည့်လည် နေထိုင်ကြသော ဆန်နီမွတ်စလင် အာရပ်များလည်း ရှိ၏။

ခရစ်ပေါ်ပြီး ၁၀၆ ခုနှစ်၌ ဂျော်ဒန်နိုင်ငံသည် အာရေဗျပိုင် ရောမနယ်မြေတခု ဖြစ်ခဲ့၏။ ၆၃၃-၃၆ ခုနှစ်၌ ယင်းနယ်မြေကို အာရပ်တို့က သိမ်းပိုက် အောင်မြင် လိုက်သည်။ ၁၅၀၀ ပြည့်နှစ် နောက်ပိုင်းတွင် တူရကီတို့က





သိမ်းပိုက်ပြန်ရာ ပထမ ကမ္ဘာ့စစ်အထိပင်ဖြစ်၏။ ၁၉၄၆ ခုနှစ်တွင် လွတ်လပ်သော နိုင်ငံဖြစ်လာသည်။ မူလက ထရန်စ်ဂျော်ဒန် ဟူ၍



တွင်ခဲ့ရာမှ ၁၉၄၉ ခုနှစ်မှ စတင်၍ ဂျော်ဒန်နိုင်ငံဟု တွင်လာသည်။မိုးဇက်တို့၏လက်ထက်ကမူ အီဒမ်နှင့် မိုအက်ဟူ၍ တွင်ခဲ့လေ၏။

ယခုအခါ၌ စည်းမျဉ်းခံ ဘုရင်စနစ်ဖြင့် အုပ်ချုပ်၍ ဘုရင်မှာ ဟူစိန်ဖြစ်သည်။ ၁၉၅၅ ခုနှစ်တွင် ၇၀ ပြည့်မြောက် ကုလ သမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။

သဲကန္တာရနယ်မြေ များပြားသော်လည်း မြေဩဇာ ကောင်းမွန်သော အနောက်ဖက်ပိုင်းတွင် များစွာစိုက်ပျိုး ဖြစ်ထွန်းသည်။ အာလူး၊ ဟင်းသီး ဟင်းရွက်၊ ဂျုံ၊ မုယော၊ သံလွင်၊ စပျစ်၊လိမ်မော်၊ရှောက်၊ငှက်ပျောစသည်တို့ကို စိုက်ပျိုးသည်။ ဂျုံကြိတ်ခြင်း၊ ပေါင်းတင်ခြင်း၊ ဆေးရွက်၊ သံလွင်ဆီ၊ ဆပ်ပြာ၊ ကနုကမာ၊ အဝတ်အထည်၊ သံမဏိ၊ ဗက်ထရီ၊ သားရေလုပ်ငန်းတို့ကို လုပ်ကိုင်သည်။

ပင်လယ်သေမှ အဓိက ရရှိသောဓာတ်များမှာ ပိုတက်နှင့် ဖော့စဖိတ်ကျောက်တို့ဖြစ်၍ ပြည်ပတင်ပို့ကုန်များ၏ ၃၀ ရာခိုင်နှုန်းမှာ ဖော့စဖေ့ရပ်ဖြစ်၏။ အသုံးပြုသောငွေကြေးမှာ ဒီနာဖြစ်သည်။






ပညာနဲ့ ပြည့်မှ
ဝက်ဝံမကြီးသည် သူ့သားအား အလွန်ချစ်သဖြင့် သူတတ်သမျှသော ပညာများကို သင်ပေးရန် ဆန္ဒရှိ၏၊
သား၊ငါးဖမ်းတာ တော်တော်တတ်သွားပြီလား'
ဟုတ်ကဲ့၊မေမေ့ကို၊ သားလက်ရည် ဖမ်းပြမယ်လေ
တခါတုန်းက တောအုပ်တခုတွင် ဝက်ဝံသားအမိနှစ်ကောင်ရှိလေ၏။
ဝက်ဝံကလေးသည် ချောင်းကမ်းနဖူးတွင် မှောက်ချလိုက်သည်၊
မေမေ ၊ ကြည့်နေနော်
ထို့နောက်လက်ကိုဖြန့်ကာ ရေထဲသို့ ချထားလိုက်၏။
မကြာမီငါးကလေးတကောင်သည် ရေကူးရင်း သူ့လက်ကို ဝင်တိုးမိသောအခါ
လက်ဖြင့် အမိအရ ဆုပ်ကိုင်၍ ဖမ်းလိုက်လေသည်၊
အမေ့သားက ဘယ်ဆိုးလို့လဲ
ဟုတ်ပြီ၊သား ငါးဖမ်းတတ်သွားပြီ ၊ ဒီနေ့တော့ ပျားရည်ကို ဘယ်လိုရှာရမယ်ဆိုတာ၊မေမေ သင်ပေးအုံးမယ်၊
ဟာ
သားအတွက်၊ငါးဖမ်း တတ်ယင် ရပါတယ် ၊ သားက ငါးဘဲကြိုက်တယ် ၊


ဝက်ဝံမကြီးက အတင်းဆွဲခေါ်သွားသည်။
မရဘူး၊ ပညာဆိုတာ သင်နိုင်တုန်းသင်ရတာ ဘာမဆို တတ်ထားမှ
သား ငါးဖမ်းတတ်သားဘဲ၊
ဝက်ဝံမကြီးသည် သူ့သားအား သစ်ပင်တပင် အောက်သို့ခေါ်လာခဲ့ပြီး
ဟိုမှာတွေ့လား၊ အဲဒီ ပျားအုံဘဲ အဲဒီထဲမှာပျား ရည်ရှိတယ်၊
သားနဲ့ မှီမှ မမှီဘဲ၊
မမှီယင်၊ သစ်ပင်ပေါ် တက်တတ်အောင် အရင်သင်ပေးမှာ ပေါ့၊
မေမေ တက်ပြမယ်၊ ကြည့်ထား၊
ဟင်း အမြင့်ကြီးဘဲ
မလွယ်ပါဘူး၊ မေမေ သစ်ပင်ပေါ်ရောက်နေ တုန်း ထွက်ပြေးမှ၊ ဒီလောက် ခက်ခက်ခဲခဲ ယူရတဲ့ ပျားရည်လဲ မစားချင်ပါဘူး၊
ဝက်ဝံကလေးသည် တောနက်ထဲသို့ ရောက် လာခဲ့သည်။
ဟာ၊ သစ်တော် သီးတွေ၊ မြွေ ကျ နေပါလား၊
ဝက်ဝံ ကလေးသည် အနားယူရင်း သစ်တော်သီး များကို တဝကြီးထိုင်စားပစ်လိုက်သည်။
ငါ့အတွက်၊ ငါးနဲ့ သစ်တော် သီးရှိယင် လုံလောက်နေတာ ဘဲ၊ သစ်ပင်မတက်တတ်လို့ ပျားရည်မရလဲ ဘာအရေး လဲ၊ မေမေဟာ ငါ့ကို ဘာလို့များ ပင်ပန်းတာ မှ ရွေးသင်ချင်ပါလိမ့်၊


ထိုစဉ် ဝံပုလွေထကောင်သည် အစာ ရှာထွက်လာရာ ဝက်ဝံကလေးကို မြင်သွားလေသည်။
အား၊ ငါ့အတွက် အစာတော့တွေ့ပြီ၊ အလစ်ချောင်းပြီး ဝင်ဖမ်းမှ၊
သို့သော် ဝံပုလွေသည် ဝက်ဝံကလေး အနားသို့ တဖြည်းဖြည်း လာစဉ် သစ်ကိုင်းခြောက် တခုကို တက်နင်းမိလိုက်သဖြင့်
ဘာသံလဲ၊ ဟိုက် အမလေး ဝံပုလွေကြီးဗျ
ဒုက္ခပါဘဲ၊ ကယ်လို့မှ လွတ်မှာမဟုတ်ဘူး
သစ်ပင်ပေါ် တက်ပြေးမှ
ကြောက်ကြောက်နှင့် တက်လိုက်သဖြင့် သစ်ပင် တဝက် အထိ ရောက်သွားသော်လည်း ခိုင်မြဲစွာ ကုတ်မထားနိုင်၍
အင့်
ဝက်ဝံကလေးသည် သစ်ပင်ပေါ်မှ လိမ့်ကျသဖြင့် အတော်ကြာ သတိမေ့သွားသည်။ သတိပြန်ရလာသောအခါ
အမလေး ဝံပုလွေကြီး လုပ်ပါဦး
ဟော၊ သား သတိ ရလာပြီလား၊ မကြောက်ပါနဲ့၊
သားပျောက်သွားလို့ လိုက်ရှာရင်း၊ ဝံပုလွေကြီးကို တွေ့လို့၊ မေမေ ကုတ်ရှုတ်လိုက်တာနဲ့ ပြေးသွားပါပြီ၊
တော်ပါသေးရဲ့ တကယ်လို့သာ သား သစ်ပင် တက်တတ်ယင်၊ ဝံပုလွေကြီးကို ကြောက်ဖို့ မလိုပါဘူး သားကို မေမေ တက်သည့် ပညာ အားလုံး သင်ပေးပါတော့၊ သား မငြင်းတော့ပါဘူး၊
ဒီလိုမှပေါ့
ပြီး

# လီဒို လမ်းမကြီး



လီဒိုလမ်းမကြီးကို ၁၉၄၂ ခု ဒီဇင်ဘာလ ၁ ရက်နေ့တွင် စ တင် ဖောက် လုပ် သည်။ ၁၉၄၃ ခု အောက်တိုဘာလတွင်အမေရိကန်အင်ဂျင်နီယာတပ်မှဗိုလ်မှူးချုပ်လူးဝစ်အေ၊ ပစ် ခေါင်းဆောင် ကွပ်ကဲကာ တပ်မတော်သား အရပ်သားများ ပူးပေါင်း ဖောက်လုပ်ခဲ့ကြသည်။ ဤလမ်းသည် အမေရိကန် ဒေါ်လာ ၃၇ သန်း ကုန်ကျပြီး ၁၉၄၅ ခု ဇန်နဝါရီလတွင် ပြီးစီးသည်။ လီဒိုရွာကလေးမှ နေ၍ မြန်မာနိုင်ငံအတွင်းသို့ ပတ်ကိုင် တောင်တန်းကို ဖြတ်၍ မိုးကောင်း၊ မြစ်ကြီးနား၊ ဗန်းမော်မြို့သို့ တိုင်ပေါက်ရောက်သည်။ ထိုမှ တရုပ် မြန်မာ လမ်းမကြီးနှင့် ဆက်စပ် သွားသော လမ်းဖြစ်သည်။ လီဒိုရွာမှနေ၍ ဖောက်လုပ် သောကြောင့် လီဒိုလမ်းမကြီးဟုခေါ် တွင် ခဲ့သည်။

ဤလမ်းမကြီးသည် အကျယ်ပေ ၃၀ ရှိ၍ မိုင် ၁၀၃၀ ရှည်ပြီး တန်တားပေါင်း ၇၀၀ ရှိသည်။ တော တောင် မြစ်ချောင်းကြား ခက်ခက် ခဲခဲ ဖောက်လုပ် ခဲ့ရာ ငှက်ဖျားဒဏ်၊ ရာသီဥတုဒဏ်နှင့် ရန်သူဂျပန်တို့၏ လက်ချက်ကြောင့် လူပေါင်း ၁၀၀၀ သေဆုံးခဲ့၏။

လီဒိုလမ်းမကြီးကိုဖောက်လုပ်ရ ခြင်း အကြောင်း မှာ ဒုတိယ ကမ္ဘာစစ်အတွင်း အိန္ဒိယမှ တရုပ်ပြည်သို့ အရေးကြီးသည့် စစ်ကရိယာပစ္စည်းများ သယ်ပို့နိုင်ရန် ဖြစ်သည်။ ဤလမ်းမကြီးဖောက်လုပ်ရန် အကြံပေးသူ အမေရိကန် ဗိုလ်ချုပ်ကြီး ဂျိုးဇက် စတီးဝဲလ်ကို အကြောင်းပြု၍ လီဒိုလမ်းကို စတီးဝဲလ်လမ်း ဟုလည်း ခေါ်ဝေါ် ခဲ့သည်။

ယခုအခါ ဤလမ်းမကြီးမှာ တိမ်ကောလျက်ရှိလေပြီ။


မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## ရေဘိုးကောနုတ်ပြီးပလား



# မိတ်ဆွေကောင်း

မောင်တာနိုဝင်း (ထားဝယ်)



ကျမနာမည်ချောချောဟန်လို့ ခေါ်ပါတယ်။ အတန်းကတော့ စတုတ္ထတန်းပါ။ စတုတ္ထတန်းရောက်လာတော့ စာတွေလဲ များလာပါတယ်။ ကျမကတော့ကြိုးစားလို့ စာလိုက်နိုင်ပါတယ်။ကျမ သင်္ချာဝါသနာပါပါတယ်။ ဆရာက ခိုင်းခိုင်း မ ခိုင်းခိုင်း ကျမတွက်နိုင်တဲ့ ပုစ္ဆာတွေကို လျှောက်တွက်ထာဘဲ။ ဒါကြောင့်လဲ ကျမဟာ သင်္ချာမှာ တော်လာပါတယ်။ဒါပေမဲ့တခါကတော့ ကျမ သင်္ချာတပုဒ်ကို တွက်လိုက်ထာ အဖြေမှန်ကို မရဘူး။ ထပ်တလဲလဲ တွက်လဲ မရဘူး။ ဒါနဲ့ ကျမဦးဦးကတွက်ပြီးလာပြတယ်။ ဒါပေမဲ့ ကျမက မကြည့်ဘဲ ဆက်တွက်တဲ့အခါ အဖြေမှန် ရသွားခဲ့ပါတယ်။

ကျမတို့ကျောင်းက စာမေးပွဲမှာ ပထမ၊ ဒုတိယ၊ တတိယရတဲ့ သူတွေကို ဆုအမြဲပေးပါတယ်။ ကျမလဲ ဆုရနိုင်အောင်ကြိုးစားလို့ နှစ်စဉ်ဘဲ ဆုရခဲ့ပါတယ်။ဆုယူလာတိုင်း ဖေဖေကပြောပါတယ်။

သမီးတော်အောင် ကြိုးစားတာ ကောင်းပါတယ်တဲ့။ ဒါပေမဲ့ မတော်တဲ့သူတွေ တော်လာအောင်လဲ လုပ်ရမယ်တဲ့။ သူတို့မသိတာရှိယင်လဲ ပြပေးပါတဲ့။ ကိုယ်တယောက်ထဲတော်ဖို့ ကြိုးစားတာမျိုး မလုပ်ရဘူး တဲ့။ တကိုယ်ကောင်းမဆံရဘူးတဲ့။

ဖေဖေက ဒီလို ပြောပြီးတဲ့နောက်၊ကျမဟာ အတန်းထဲက ထွေး နု တို့၊ သာ အောင် တို့ ကို ကျောင်းမတက်ခင်မှာ သင်္ချာအမြဲ ပြပေးပါတယ်။ ဒါပေမဲ့ ထွေးနုက စိတ်မဝင် စားဘူး။ မကြိုးစားဘူး။တချိန်လုံးကစားချင်နေတာဘဲ။ သာအောင်ကတော့ စိတ်ဝင်စားလို့ တဖြည်းဖြည်း နားလည်လာပါတယ်။

ဒီလိုနဲ့ဘဲ ပထမအစမ်း စာမေးပွဲ ဖြေဖို့ နီးလာခဲ့ပါတယ်။ ဆ ရာ ကြီး က ဘာ သာ စုံ မအောင်တဲ့လူ အရိုက်ခံရမယ်လို့ ပြောထားပါတယ်။စာမေးပွဲမှာ ထွေးနုနဲ့ ကျမ တခုံထဲ ထိုင်ဖြေရပါတယ်။ သင်္ချာဖြေမဲ့ နေ့က စာမေးပွဲခန်းထဲ မဝင်ခင် ထွေးနုက –

"ချောချောရယ်– ငါ့ကိုပြအုံးနော်" တဲ့

ကျမက ဘာမျှ ပြန်မပြောလိုက်ပါဘူး။ သင်္ချာ စဖြေတယ်ဆိုယင်ဘဲ ကျမ တပုဒ်ပြီးတပုဒ်တွက်နိုင်ပေမဲ့ ထွေးနုကတော့ တပုဒ်လောက်သာ တွက်နိုင်ပါတယ်။ စာမေးပွဲ ခန်းစောင့်တဲ့ ဆရာကြီး သတင်းစာ ငုံ့ဖတ်နေတုန်း ကျမ တွက်ပြီးသားတွေကို သူ့ကိုပြဖို့ ထွေးနုက တိုးတိုးကလေး ပြောပါတယ်။ ဒါပေမဲ့ ကျမက မပြပါဘူး။ သူက ငဲ့စောင်းပြီး ကြည့်ယင် ကျမက မေးခွန်း စာရွက်နဲ့ အုပ်ထားလိုက်တယ်။ စာမေးပွဲပြီးတော့ ထွေးနုက သူငယ်ချင်းတွေကို လျှောက်ပြောပါတယ်။

"ချော ချော ဟာ သိပ်တကိုယ်ကောင်းဆံတယ်။ သူ ဆုမရမှာကြောက်လို့ ငါ ပြခိုင်း

တာတောင် မပြပေးဘူး။ သူ
ငယ်ချင်းကောင်း မဟုတ်ဘူး”
တဲ့လေ။

ကျမသူငယ်ချင်းတွေကလဲ

“ဟုတ်သားဘဲ ချောချော ရယ်။ နင်ပြပေးလိုက်ယင် သူ အောင်မှာ။ အခုတော့ သူ အရိုက် ခံရတော့မယ်။ နင် မ သနားဘူးလား”လို့ ဝိုင်းပြော ကြတယ်။

ကျမက

“ငါ အတန်းထဲမှာ တုန်းက သူ့ကို အမြဲပြပေးတာဘဲ။ သူက ကစားမက်ပြီးနေတာကိုး။ စာ မေးပွဲ ခန်းထဲမှာတော့ ငါမပြ ပေးနိုင်ဘူး။ သူ့ကို ငါပြပေး လိုက်ယင် ငါ သူ့ကို မစင်ရာ ကျသွားမှာပေါ့”လို့ ပြန်ပြော လိုက်တယ်။

ကျမတို့ပြောနေတာတွေကို ဆရာကြီး ဘယ်လိုသိသွားသလဲ မသိပါဘူး။ တနေ့ ကျောင်း တက်ချိန်မှာ –

“စာမေးပွဲဆိုတာ မင်းတို့ကို သင်ထားတာတွေတတ်သလား၊ မတတ်ဘူးလားဆိုတာ စစ်တာ ပါ။ စာမေးပွဲကျလို့ ဆရာကြီး မရိုက်ပါဘူး။ မင်းတို့ စာကြည့် အောင် ချောက်ထာပါ။ ဟော အခု ထွေးနု သင်္ချာမဖြေနိုင်ဘူး ဆိုတာ ဆရာကြီး သိရပြီ။ သူ့ကို ပိုသင်ပေးရအုံးမယ်ဆိုတာ သိရ ပြီ မဟုတ်လား။ တကယ်လို့ စာ မေးပွဲ မှာ ချော ချော က ပြပေးလိုက်ယင် ထွေး နု ဟာ သူ့ကိုယ်သူ အား မကိုးတော့ဘူး ပေါ့။ သူတတ်တယ်၊ မတတ်ဘူး ဆိုတာလဲ ဆရာကြီးတို့ မသိရ တော့ဘူးပေါ့။ အခု ကိစ္စမှာ ချောချော မှန်တယ်။ ထွေးနု ကလဲ ကစား သိပ်မမက်နဲ့။ စာလဲကြိုးစားအုံး။ မသိတာရှိ ယင် ချောချောတို့ကို မေး။ ကြားလား”

ဆရာကြီးကဒီလိုပြောတော့ အားလုံးဘဲသဘောပေါက်သွား ကြပါတယ်။ အဲဒီ နောက်ပိုင်း မှာ ကျမတို့တတွေက ထွေးနုကို ဝိုင်းပြီး ပြပေး ကြပါတယ်။ ထွေးနုကလဲ ကြိုးစားလာတော့ သူ သင်္ချာမှာ တော်လာတာ ပေါ့။ သူမသိတာရှိယင်လဲ ကျမ တို့ကို မေးပါတယ်။ ဒါကြောင့် အတန်းတင် စာမေးပွဲ အောင် စာရင်း ထွက်တဲ့အခါ ကျမတို့ အားလုံး အောင်ကြပါတယ်။ ထွေးနုဆိုယင် ပျော်လွန်းလို့ ခုန်နေတာဘဲ။ သူက ကျမလက် ကို ဆုပ်ကိုင်ထားရင်း –

“ကျေးဇူး တင်ပါတယ် ချောချောရယ်။ ငါ အောင်လာ တာ နင်တို့တတွေ ကောင်းလို့ပါ ကွာ”တဲ့။

ကျမဟာ ဒီစကား ကြား လိုက်ရတော့ ဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်လာ ပါတယ်။ ဒီတခါ ဝမ်းသာတာ ဟာ အရင်က ဆုတွေ တက်ယူ ရလို့ ဝမ်းသာတာထက် ပိုပြီး ကျေနပ်စရာ ကောင်းလှပါ တယ်ရှင်။

# အရုဏ်ဆွမ်း

“ဆွမ်းတော်ဗျို ဆွမ်းတော်ဗျို”

နံနက် လင်းစိုစို။

ငှက်ကလေးတို့ နိုးခိုက်မှာ၊

ကြေးစည် သံသာသာ။

ဆွမ်းခံလာ ကိုရင်ကြွ၊

ရွာလယ် လမ်းမက။

ဆွမ်းအုပ်ချလို့ အသင့်ပြင်၊

တဘက် ပခုံးတင်။

ကြည်ကြည်လင်လင် ဆုပန်
တောင်း၊

မလေး ဆွမ်းကိုလောင်း။ ။

အောင်စည် (ချောက်)



R. 517



# ငလိပ်ပြာ

ငလိပ်ပြာ တို့တွင် အထက် အောက် ကျယ်ပြန့်ပြီး ပြားချပ်သော ခန္ဓာကိုယ်ရှိသည်။ အကြေးခွံများ အသင့်အတင့် ကြီးမားသည်။ ယင်းတို့၏ ပါးစပ်သည် အတန်ငယ် ရှေ့သို့ စူထွက်နေပြီး ဆန့်ထုတ်နိုင်သော သတ္တိရှိသည်။ အမွေးကြမ်းများနှင့် တူသည့် သေးငယ်သော သွားကလေးများ ရှိသည်။ ကျောဖက်သည် အတော်အသင့် ခုံးမောက်နေသည်။ စအိုပိုင်းတွင် ဆူး ၃-၄ ချောင်း ခန့်ရှိသည်။ ကျောဖက်ပိုင်းတွင်လည်း ဆူး ထူထပ်သည်ကို တွေ့ရသည်။ ငလိပ်ပြာ အကောင်ငယ်ကလေးများသည် အရွယ်ရောက် အကောင်ကြီးများနှင့် အတော်ပင် ကွဲပြားခြားနားသည့် အချက်တချက်မှာ အကောင်ငယ်ကလေးများတွင် ဦးခေါင်းပိုင်းကို အရိုးပြားတခုဖြင့် ဖုံးအုပ်နေခြင်းပင် ဖြစ်သည်။


ငလိပ်ပြာတို့ကို အပူပိုင်း ပင်လယ်ဒေသများတွင် တွေ့ရှိရသည်။ ယင်းတို့သည် အရွယ်အစား သေးငယ်သော ငါးကလေးများ ဖြစ်ကြ၍ လေးလက်မသာသာသာ ရှိသည်။ ယင်းတို့သည် ဖျတ်လတ် သွက်လက်ပြီး သန္တာ ကျောက်ဆောင်များ အနီးအနား တဝိုက်တွင် နေထိုင်ကျက်စားတတ်ကြသည်။ ဤငါးမျိုးတို့၏ခန္ဓာကိုယ်တွင် အမှတ်အသားများရှိပြီး အရောင်အဆင်း တောက်ပစွာ ရှိသည်။ ထို့ကြောင့် ငလိပ်ပြာတို့သည် အလွန် အရောင်အဆင်း လှပသော ငါးမျိုးဖြစ်ပေသည်။

ယင်းတို့ကို ငါးစိုအဖြစ်ငင်း၊ ငါးခြောက်အဖြစ်ငင်း စားသုံးနိုင်သည်။ သို့ရာတွင် စားသုံးနိုင်သော စီးပွားဖြစ်ငါးအဖြစ် သိပ်အရေးမပါလှပေ။

သောင်းစု (သုတေသန)

၃၅ ပြား


ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။




ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် (၂၃-၁၁-၇၄)

တခါတုန်းက ရွာတရွာမှာ ရွာသူရွာသား အားလုံးဟာ ရွာဦးနတ်စင်ကို သိပ်ရိုသေ ကြောက်ရွံ့ ကြတယ်။ ရွာမှာ ကျားရုပ်တို့၊ ကျားတံဆိပ်ပါတဲ့ မီးခြစ်မထားရဘူး။ ကျားကိုလဲ တောကောင်လို့ ခေါ်ရတယ်။




စနေနေ့တိုင်း ထုတ်ဝေသည်။


ဟော့ ဖိုးလူဝ - တို့ရွာကို ရောက်လာတဲ့ ဘထွား ဆိုတဲ့ကောင်ကို ဘယ်နေ့ နတ်ကိုင်မလဲ မသိဘူး
ဆိုစမ်း
မနေ့က သူတို့အိမ်ငါ အလည်သွားတာ "တောကောင်" မီးခြစ်ကြီး ကိုင်နေတာတွေ့ခဲ့တယ်
ဟော!
သူက နတ်ကို မယုံဘူးတဲ့၊ အိမ်ထဲမှာ လဲ "တောကောင်" အရေခွံတွေထားသေးတယ်
ဒါပေမယ့် ကိုဘထွားကတော့ ဘာမှ မဖြစ်ဘူး၊ 'နတ်' မကောင်းကြောင်းကိုတဲ့ အမြဲ ပြောနေသတဲ့။
ကိုဘထွား ဘာမှ မဖြစ်တာနဲ့ ရွာက လူတွေဟာ နတ်ကို သိပ်မယုံချင်ကြတော့ဘူး။ နတ်ဝင်သယ် ဒေါ်တုတ်ပု လဲ စားပေါက်ပိတ်နေသတဲ့။
ဘထွား ရယ် သိကြသေးတာ ပေါ့!
ဟဲ့ သာလှနဲ့ ခွေးပု... တို့စားပေါက်တော့ ပိတ်နေပြီ ဘယ်လိုကြံကြမလဲ



ဒါနဲ့ ဒေါ်တုတ်ပုဟာ သူ့တပည့် သာလှနဲ့ ခွေးပု တို့ကို ခေါ်ပြီး အကြံအစည်တခုကို ရွာက မသိ အောင် လုပ်နိုင်းသတဲ့။
မကြာမီ
အာထွားတို့ အိမ်က တောကောင်အရေခွံတွေ ပျောက်ကုန်လို့တဲ့ဗျို့
အဲဒီ နတ်က သတိပေးတာ
တနေ့မှာလဲ တောထဲ ထင်းခွေသွားတဲ့ မိန်းက လေးနှစ်ယောက် လန့်အော်ပြီး ပြေးလာကြလို့
ဘာဖြစ်လာကြ တာတုံး ဟဲ့
တောကောင်ကြီး တွေ လိုက်လို့ အဘရဲ့
တို့ရွာမှာ ဒီအဖြစ်မျိုး မကြုံဘူးခဲ့ဘူး မောင်ဘထွား ရောက်လာမှ ကြုံရတာဘဲ ဒီတော့-နတ်မကြိုက်တာတွေ-မလုပ် စမ်းပါနဲ့ကွာ
နတ်ကိုင်မယ်ဆိုယင်-ကျုပ်တော့ကို သာကိုင်မှာပေါ့-မကြောက်ပါနဲ့ အဘ ရယ်--ဒါပေမဲ့ တရွာလုံး ဒုက္ခ ရောက်မယ် ဆိုယင်-ကျုပ်တော ဒီရွာက ထွက်သွား ပါ့မယ်


မသိန်းချစ်ရေ..ကျုပ်ရွာတညအိပ်လောက် သွားလိုက်အုံးမယ်၊ကျုပ်မရှိတုန်းသတိဝိရိယနဲ့ နေနော်
ဟုတ်ကဲ့
ထိုနေ့ည
ဘာသံများပါလိမ့်
အမလေး! တောကောင်တွေတော့ လာကြပါအုံး
ဟဲ့... မသိန်းချစ် ဘာဖြစ်တာလဲ
ဝက်ခြံထဲကို တောကောင်ကြီးနှစ်ကောင် ဝင်လာလို့ အော်တာ အဘရဲ့
ဟေ..! တောကောင် ဟုတ်လား အဲဒါ..နတ်တောကောင် တွေဘဲ ဘာမှမလုပ်ကြနဲ့ အားလုံးဒုက္ခဖြစ်သွားမယ်


ကိုဘထွား ပြန်ရောက်လာသောအခါ
ကြောက်လွန်းလို့ပါတော် အရှင်သခင် မကြိုက်တာတွေ မလုပ်ပါနဲ့တော့ တောကောင်ကြီး နှစ်ကောင်ခြံထဲဝင် လာပြီး ဝက်တွေကို ဆွဲလို့တော့
ဘာတဲ့- တောကောင်ကြီးနှစ်ကောင် တဲ့လား ဟားဟား! မကြောက်ပါနဲ့ မသိန်းချစ်ရယ်--မင်း တို့ရွာရဲ့အစွဲ ကိုမကြာခင် ချွတ်ပြမယ်
(၇) ရက်မြောက်သော ညဉ့် ခွေးအူသံများ ကြားရပြီး
ညတိုင်း အိပ်ရေး ပျက်ခံပြီးစောင့် နေရတာ ဒီနေ့ ညတော့ဝက်ကျွတ် တော့မယ်
မသိန်းချစ်--ဓမြ ပါမျိုးလို့ ထွက် အော်စမ်း



မြွေပါဗျို့..မြွေ! မြွေတွေမိထားလို့ လာကြပါဗျို့
ဘယ်မလဲမြွေ.. ဟိုက်! တောကောင်တွေ.. မလုပ်နဲ့-မလုပ်နဲ့
ကျား မဟုတ်ပါဘူးဗျ လူအစစ်တွေပါ..ခင်ဗျားတို့ရွာက လူတွေဘဲ
ဒီမှာ..တွေ့ရဲ့လား
ဟာ.. သာလှနဲ့ချွေးပု ပါလား- မင်းတို့ဘာ ဖြစ်လို့-ဒီလိုလုပ်ကြ တာလဲ--ပြောစမ်း ငါ...တယ်...!
အမေပု ခိုင်းလို့-လုပ်မိတာပါဗျာ ကိုဘထွား အိမ်က ကျားအရေခွံတွေ ခိုးပြီး ကျားယောင်ဆောင်ခိုင်း တာလဲ.. အမေပု ဉာဏ်ပါဘဲ



အခုလဲ ကိုဘထွားကိုသတ်ဘို့ ကျွန်တော်တို့ကို လွှတ်လိုက်ထားပါ ကျွန်တော်တို့ကို ခွင့်လွှတ်ပါခင်ဗျာ-နောင်တရပါပြီ
ခွင့်မလွှတ်နိုင်ဘူးပေါ့ တရွာလုံးကို အထိတ်တလန့်ဖြစ်အောင်လုပ်တဲ့ အပြင် မကောင်းတဲ့အစွဲဝင်အောင် လုပ်တဲ့အတွက် မှတ်လောက်အောင်ဆုံးမရမယ်ကွ
ကိုသာလှနဲ့ ကိုချွေးပုတို့လဲ အမြင်မှန်ရလောက်ပါပြီ.. ဒီရွာမှာဝင်နေတဲ့.. နတ်ကိုင်လိမ့်မယ် --ဆိုတဲ့ အစွဲကြီးကို ချွတ်လိုက်ရလို့ ကျွန်တော်တို့အားလုံးအတွက်ဝမ်းသာစရာပါဘဲ- အဘရယ်
ကျွန်တော်တို့ အမြင်မှန်ရပါပြီ ခင်ဗျာ--ဒီနေ့ကစပြီး ရပ်ရွာကောင်းကျိုးကို လုပ်ပါတော့မယ်
ဤသို့ဖြင့် တရွာလုံး အမြင်မှန်ရကာ ရွာ၏အကျိုးအတွက် ဆေးပေးခန်း၊ စာကြည့်ခန်း တို့ကိုပါ တည်ထောင်နိုင်လေတော့သည်။
စာကြည့်တိုက်
ဆေးပေးခန်း
သာရုပါကွယ်..မောင်ဘထွား ဆောင်ရွက်လိုက်လို့-တို့ရွာမှာ ဆေးပေးခန်းနဲ့စာကြည့်တိုက်နဲ့၊ အမေလဲ နေမကောင်းလို့ဆေးပေးခန်းကိုသွားမလို့ဘဲ.
လာ အမေပုသွားကြစို့
ပြီး





# အီသီယိုပီးယားနိုင်ငံ

စိုးလွင်မြင့်





အီသီယိုပီးယားနိုင်ငံသည် အာဖရိကတိုက်၌ တည်ရှိ၍ ပတ်ဝန်းကျင်နိုင်ငံများမှာ ဆိုမာလီယာ၊ ကင်ညာ၊ ဆူဒန်တို့ဖြစ်သည်။ စတုရန်းမိုင် ၄၅၇,၂၅၆ ကျယ်ဝန်းသည်။

မြေမျက်နှာပြင်မှာ ကြမ်းတမ်း၍ တောင်ထူထပ်သည်။ တောင်တန်းများမှာ ပေ ၁၅,၀၀၀ ကျော်အထိပင်မြင့်မားသည်။ ရပ်စဒါရှန်တောင်ထိပ်မှာ ၁၅,၁၅၃ ပေမြင့်၍ အာဖရိကတိုက်တွင် တတိယ အမြင့်ဆုံးဖြစ်၏။ နိုင်ငံ၏အရှေ့မြောက်မှ အနောက်တောင်ဖက်သို့ သွယ်တန်းသွားသော ရစ်ဖ်ချိုင့်ဝှမ်းမှာ ထူးခြားသော မြေပြင်လက္ခဏာ တခုဖြစ်သည်။ တာနာ ရေအိုင်သည် နိုင်ငံ၏ အကြီးဆုံးရေအိုင်ဖြစ်၏။

ရာသီဥတုမှာမြေပြင်အနေအထားကိုလိုက်၍ ကွဲပြားသည်။ အလယ်ပိုင်း ကုန်းပြင်မြင့် ဒေသတွင် ရာသီဥတုမှာ မျှတကောင်းမွန်သည်။

မြို့တော်မှာ အဒစ်အာဘာဘာ ဖြစ်၍ နိုင်ငံ၏ လူဦးရေမှာ ၁၅,၉၀၀,၀၀၀ ဖြစ်၏။ နေထိုင်သော လူမျိုးများတွင် ဟာမိမိုက်၊ ဆီမိုက်နှင့် နီးဂရိုးတို့ပါဝင်သည်။ တိုင်းရင်းသား မဟုတ်သော အင်ဒီးယန်း၊ အာမီနီယန်နှင့် ဂရိတို့လည်းရှိ၏။ ကော့ပတစ် ခရစ်ယန် ဘာသာဝင်တို့မှာ အများဆုံးဖြစ်၍ မွတ်စလင်တို့မှာ ဒုတိယ လိုက်သည်။ အမ်ဟာရစ်မှာ အမျိုးသား ဘာသာစကားဖြစ်၍ လူဦးရေ၏ ၄၀ ရာခိုင်နှုန်း ခန့်က ပြောဆိုသုံးစွဲကြသည်။

ခရစ်မပေါ်မီ နှစ်ပေါင်း ၁၆၀၀ က အီသီယိုပီးယား နိုင်ငံကို အီဂျစ်နိုင်ငံက သိမ်းပိုက်အောင်မြင်ခဲ့၏။ သို့သော် နှစ်ပေါင်း ၇၃၀ အရောက်တွင် အီသီယိုပီးယားကတဖန် အီဂျစ်ကို တော်လှန်အောင်မြင်ပြန်သည်။ ၁၅ ရာစု နှစ်၌ ပေါ်တူဂီတို့ ရောက်ရှိလာကြသည်။ ၁၈၅၃ ခုနှစ်၌ တတိယမြောက် သီအိုဒိုသည် မိမိကိုယ်ကို မိမိ ဧကရာဇ်ဘုရင် အဖြစ် ကြေညာသည်။ ၁၉၃၅ ခုနှစ်၌ မူဆိုလိုနီ၏တပ်တို့ ကျူးကျော်ဝင်ရောက်လာကြ၏။ သို့သော် ၁၉၄၁ ခုနှစ်၌




တိုင်းရင်းသားတို့က ဗြိတိသျှတို့နှင့် ပူးပေါင်း၍ ပြန်လည်တိုက်ထုတ်ခဲ့သည်။ မူလက ဤနိုင်ငံသည် အက်ဗီဆီးနီးယားဟူ၍တွင်ခဲ့၏။ ဘုရင်နှင့်မင်းညီမင်းသားတို့မှာ ဆော်လမွန်ဘုရင်၏သား မင်နီလစ်နှင့် ရှီဘာဘုရင်မတို့မှ ဆင်းသက်လာသော အနွယ်များဟုဆိုကြသည်။ နောက်ဆုံးဘုရင်မှာ ဟေးဆီလက်ဆီဖြစ်သည်။ ဟေးဆီလက်ဆီဘုရင်သည် နိုင်ငံကို နှစ်ပေါင်း ၄၀ ကျော် အုပ်စိုးလာခဲ့ပြီးနောက် ၁၉၇၄ ခု စက်တင်ဘာလ ၁၂ ရက်နေ့က စစ်ဖက်မှ အာဏာသိမ်းကာ နန်းချခံခဲ့ရ၏။ ယခုအခါ ဗိုလ်ချုပ်အမန်အန်ဒွမ်ခေါင်းဆောင်သော ယာယီစစ်အစိုးရအဖွဲ့က နိုင်ငံကို အုပ်ချုပ်လျက်ရှိသည်။




နိုင်ငံစီးပွားရေး၏ ၇၀ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ ကော်ဖီ၊ ဂျုံ၊ နှံစားပြောင်း၊ ဆေးရွက်နှင့် ကြိတ်တို့ကို အထူးစိုက်ပျိုးသည်။ အီသီယိုပီးယားထွက် ကော်ဖီမှာ အထူးကောင်းမွန်၍ ကျော်ကြား၏။ နိုင်ငံမှရရှိသော နိုင်ငံခြားငွေ၏တဝက်မှာ ကော်ဖီမှဖြစ်၏။ အခြား စက်မှုလက်မှု လုပ်ငန်းများအတွက် ရေအား လျှပ်စစ်အပါအဝင် သယံဇာတ တို့လည်း ပေါကြွယ်ဝပေသည်။ စားသောက်ကုန်၊ ဘိလပ်မြေ၊ ဖိနပ်နှင့် အဝတ်အထည် စသည့်လုပ်ငန်းများရှိသည်။ အသုံးပြုသော ငွေကြေးမှာ အီသီယိုပီးယားသုံး ဒေါ်လာဖြစ်၏။




ဆိုးသွမ်းကိုးငယ်
(ကာတွန်း)
တခါတုန်းက ဆိုးသွမ်းကိုးငယ်နှင့် ကိုးရည်ချွန် သူငယ်ချင်းနှစ်ယောက် ရှိလေသည်။
ကိုးရည်ချွန်သည် ကိုယ့်အားကိုယ်ကိုး၍ အစာ ရှာဖွေစားသောက်သော်လည်း .....
ဆိုးသွမ်းကိုးငယ်မှာမူ ထိုသို့မဟုတ်ပေ။
တနေ့သော်...
ဟေ့ သူငယ်ချင်း မင်းအစာရှာရတာ တော် ပင်ပန်းပါလား ကွ
ငါက မင်းလို ဘယ်တော့မှ အပင်ပန်းမခံဘူး ကွ ...


ဟာ! သူငယ်ချင်း မင်းက အပင်ပန်းမခံဘဲ ဘယ်က အစာရေစာကို ရှာလဲကွ
ဟား ဟား ... ဉာဏ်မရှိလားကွ မင်းတယ်ညံ့တဲ့ကောင်ဘဲ ငါပြမယ်ကြည့် ... လိုက်ခဲ့
ဆိုးသွမ်းကျိုးငယ်သည် ကိုးရည်ချွန်ကို ခေါ်၍ တဲကလေးအနားသို့ ခေါ်သွားပြီး
ဟိုမှာ မြင်ရဲ့လား
အဲဒီကို ငါသွားမယ် မင်း ... ဒီမှာ ခဏစောင့်နေ
ဆိုးသွမ်းကျိုးငယ်သည် တဲကလေး အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီး ... ခဏ အကြာတွင် ပြန်ထွက်လာ ....
ကဲ ... တွေ့ပြီ မှတ်ပါး ....
သူများ ပစ္စည်း ခိုးစားတာ မကောင်းပါဘူးကွာ .... ကိုယ့်ခွန် ကိုယ့်အားနဲ့ ရိုးရိုးသားသား ရှာကြံစားစမ်းပါ သူငယ်ချင်းရာ


ဒီအစိုင်းသာ ဆိုရင် သူနဲ့ ဆက်ပေါင်းလို့ မဖြစ်ဘူး ကြာရင် ငါပါ ဥက္ကာရောက်လိမ့်မယ်
ဆိုးသွမ်းကိုးငယ်မှာ သူ့အကျင့်ဆိုးအစိုင်း လုပ်မြဲဆက်လုပ်လေရာ ....
သေဟဲ့ ကိုးနာ
တနေ့သော် ဆိုင်ကလေးအတွင်းမှ ငါးများကို ထူးခြားများပြားစွာတွေ့ရ၍ ....
ဟီဟိ.. စားရတော့ ကြုံလို့ ဒီနေ့အတွက် ဝမ်းများများ စားရတော့မယ်
ငါးများကို ခိုးယူပြီးစားသောက်သော် ....
အာ.. အာ မူးတယ် မူးတယ်
လက်စသတ်တော့ အဆိပ် ခတ်ထားတဲ့ ငါးတွေကိုး
ငါဟာ ကိုယ့်ခွန် ကိုယ့်အားမပြုဘဲ သူတပါးပစ္စည်း ခိုးစားလို့ အခုလို ဖြစ်ရတာပဲ ငါသေရတော့မယ်.. ကိုးရည်ချွန် ရေ ... ငါ့ကို ခွင့်လွှတ်ပါကွာ .. ကိုးရည်ချွန်ရေ ရေ ... ရေ ... ဓ ....
ကိုးရည်ချွန်မှာမူ ကိုးမိုက်ကိုရှောင်ကွင်းခဲ့သောကြောင့် ဥက္ကမရောက်ဘဲ ခံမြကိုးမယ်နှင့် တွေ့ကာပေါင်းသင်းနေထိုင်၍ တေခကိုးငယ်များ ပေါက်ဖွားပါလေသတည်း ။
ပြီး



# ယိုးဒယား-မြန်မာ မီးရထားလမ်း

ဂျပန်ခေတ်က ယိုဒယား - မြန်မာ မီးရထားလမ်း ဖောက်လုပ်ရန် ဖက်ဆစ်ဂျပန်တို့ ကြိုးပမ်းခဲ့သည်။ ထိုမီးရထားလမ်းကို ဖောက်လုပ်ရာ၌ စစ်သုံ့ပန်းများနှင့် မြန်မာတိုင်းရင်းသားမျိုးစုံကို ချွေးတပ်ဆွဲကာ ဖောက်လုပ်စေခဲ့သည်။ နိုင်ငံခြားသား စစ်သုံ့ပန်းများတွင် ဗြိတိသျှ၊ ဩစတြေလျ၊ ဒတ်ချ်နှင့် ကုလား လူမျိုးများပါဝင်ပြီး မြန်မာ တိုင်းရင်းသားပေါင်း ၁၃၀,၀၀၀ ဖြင့် ဖောက်လုပ်စေခဲ့သည်ဟု ဆိုသည်။ မီးရထားလမ်းမှာ သံဖြူဇရပ်မှ ယိုးဒယားနိုင်ငံ ဘန်ပေါင်အထိဖြစ်ပြီး ၁၇၅ မိုင် ရှည်သည်ဟုဆိုသည်။ မှတ်တမ်းတခု အဆိုအရမူ ချွေးတပ်သားပေါင်း ၆၇,၀၀၀ ခေါ်ယူခဲ့၍ မီးရထားလမ်းမှာ ၂၄၄ မိုင် ရှည်သည်ဟု ဆိုလေသည်။

ထိုမီးရထားလမ်းကို တောတောင် ချောက်ကမ်းပါး အထပ်ထပ် ဖြတ်သန်း၍ ခက်ခဲစွာ ဖောက်လုပ်ရကြောင်းနှင့် လမ်းဖောက်သမားများမှာ ဂျပန်ဖက်ဆစ်တို့၏ အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ခြင်း ခံခဲ့ကြရကြောင်း သိရသည်။ ထိုမီးရထားလမ်းတွင် မြစ်ကူး၊ ချောင်းကူး တန်တားပေါင်း ၆၈၈ ခုရှိပြီး အကြီးဆုံး တန်တားမှာ ခါအိုဖရား တန်တားဖြစ်၏။ ထိုတန်တားကို ဗြိတိသျှလေယာဉ်မောင်းသမားတို့က "ခြောက်ရာတန်တား" ဟုခေါ်သည်။ အကြောင်းမှာ ထိုတန်တားဆောက်လုပ်ရာ၌ စစ်သုံ့ပန်း ၆၀၀ ခန့် သေဆုံးခဲ့ရ၍ဖြစ်၏။ အသက်မသေပဲ လွတ်မြောက်လာသော စစ်သုံ့ပန်းတဦးက ယိုးဒယား - မြန်မာမီးရထားလမ်း၏ စလီဖားတုံးတိုင်းသည် လူအသက်တချောင်းဖြစ်သည်ဟု တင်စား၍ဆိုခဲ့လေသည်၊ စစ်စစ်ဆိုလည်း ဆိုထိုက်ပေသည်။ ထိုမီးရထားလမ်း ဖောက်ရာတွင် စုစုပေါင်း လူ ၁၂,၀၀၀ ကျော် သေဆုံးခဲ့ရသည်ဟု ဗြိတိသျှစစ်ဗိုလ်ကြီး မောင့်ဘက်တန်က ဖွင့်ဆိုခဲ့ဘူးသည်။

မြန်မာတို့က ထိုမီးရထားလမ်းကို "သေမင်းတမန်လမ်းမကြီး" ဟု စက်ဆုတ်ရွံရှာစွာ မှည့်ခေါ်ခဲ့၏။ ထိုသေမင်းတမန် လမ်းမကြီးမှာ ဖက်ဆစ် ဂျပန်တို့ ဆုတ်ခွာချိန်အထိ အပြီးသတ်မသွားနိုင်ပဲ ရပ် တန်း က ရပ် သွား လျက် သမိုင်းတရပ်၏အမဲကွက်ကြီးတခုနှယ် ထင်ကျန်ရစ်ခဲ့လေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

# ဘက်စုံရလဒ်

သရက် အောင်မြင့်



ကျွန် တော် နှင့် လှ လှ မှာ အိမ်နားနီးချင်း ဖြစ်၍ စာပြိုင်ဘက်လည်း ဖြစ်ပါသည်။ လစဉ်စာမေးပွဲတိုင်းတွင် ကျွန်တော်က အဆင့် တစ်ရလျှင် လှလှက အဆင့်နှစ်ရပါသည်။ လှလှသည် ကျွန်တော့်ကို လိုက်၍ မမှီပါ။ သို့သော် စာတော်သော ကျွန်တော်တို့ နှစ်ဦးလုံးအား ဆရာများက ချစ်ခင်ကြပါသည်။

လှလှနှင့်ဆုံတိုင်းကျွန်တော်က "နင် ငါ့ကို လိုက်လို့ မမှီပါဘူးဟ" ဟု မ ခံ ချင် အောင် နောက်ပြောင်လေ့ ရှိပါသည်။ ကျွန်တော် နောက်ပြောင်တိုင်း လှလှက မျက်စောင်းထိုး နှုတ်ခမ်း စူလျက် "အေးပါ တနေ့ကြည့်ကြသေးတာပေါ့"ဟု ချေပ တတ် ပါ သည်။ ကျွန် တော့်ကိုယ် ကျွန်တော် ယုံကြည်ပါသည်။ ကျွန်တော်၏ ကြိုးစားမှုကို ဘယ်နည်းနှင့်မျှ လှလှ တယောက် လိုက်မမှီနိုင်ဟု ယူဆထားပါသည်။ လှလှကဲ့သို့ အိမ်အလုပ်ကို မကူညီရသဖြင့် လှလှထက် ကျွန်တော်က စာကြည့်ချိန် ပိုရပါသည်။

ကျွန်တော်တို့ ကျောင်း စာကြည့်တိုက် တာဝန်ခံ ဆရာက "မိုးဦးပန်း" နံရံကပ် စာစောင်အတွက် လာမည့်တနင်းလာနေ့တွင် အတန်းလိုက် စာစီစာကုံးပြိုင်ပွဲ ကျင်းပ၍ ဆုချီးမြှင့်မည်ဟု ကြေညာပါသည်။ ထိုပြိုင်ပွဲတွင်လည်း ကျွန်တော်တို့ ပဉ္စမတန်းအတွက် ကျွန်တော် သာလျှင် ပထမရပါလိမ့်မည်။ ကျွန်တော်က လှလှအား စိမ်ခေါ်သော အကြည့်ဖြင့် ကြည့်လိုက်ပါသည်။ ကျွန်တော်၏ သရော်သော အကြည့်ကို လှလှမခံရဲ၍ မျက်လွှာချလိုက်ပါသည်။

ကျွန် တော် လည်း ကိုယ့်တွက်ကိန်းနှင့်ကိုယ် ပျော်နေမိပါသည်။ ပြိုင်ပွဲအတွက် ကြိုတင်လေ့ကျင့်ချိန်၊ ပြင်ဆင်ချိန် ရပါသည်။ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်တွင်လည်း အိမ်ထဲတွင် ကုပ်၍ စာကြည့်မည်ဟု ဆုံးဖြတ်ထားပါသည်။

ညနေပိုင်းအချိန်တွင် ကျွန်တော်တို့ အတန်းပိုင် ဆရာမက လာမည့် တနင်္ဂနွေနေ့၌ ကျွန်တော်တို့ ကျောင်းမှ လူငယ်သင် တန်း ကျောင်း စိုက် ပျိုးကွင်းသို့ လုပ်အားပေး သွားရမည်ဖြစ်ကြောင်း ပြောပါသည်။ ကျွန်တော် အကြီးအကျယ်စိတ်ပျက်မိပါသည်။ ထိုနေ့တွင် တနေ့လုံး စာကြည့်ရန် ဆုံးဖြတ်ထား သော ကြောင့် ဖြစ် ပါသည်။

တနင်္ဂနွေနေ့ နံနက်တွင် စုရပ်ဖြစ်သည့် အမှတ်(၂) အလယ်တန်းကျောင်းသို့ လာခဲ့ပါသည်။ သို့သော် လုပ်အားပေးလိုက်ပါရန်တော့ မဟုတ်ပါ။ ကြိုတင် ပြင်ဆင်ထားသည့်အတိုင်း အနွေးအင်္ကျီကို ဝတ်လျက် နေ

မကောင်းဟန်ဆောင်ပြီး ဆရာမထံ ခွင့်ပန်ရန် ဖြစ်ပါသည်။

ဆရာမ၏ခွင့်ပြုချက်ရသဖြင့် အလွန် ပျော်ပါသည်။ ထို့ကြောင့် အိမ်သို့မြန်မြန်ပြန်ခဲ့ပြီး မေးမည် ထင်သည့် အချက်အလက်များကို ရှာဖွေ စုဆောင်း၍ ကျက်မှတ်နေပါသည်။

တနင်္လာနေ့ ညနေ ကျောင်းဆင်းချိန်တွင် ပြိုင်ပွဲကျင်းပရာအခန်း၌ ကျောင်းသူကျောင်းသားအားလုံး အသင့်ဖြစ်နေကြပါသည်။ ကျွန်တော်လည်း ရေးရမည့် အကြောင်းအရာ ခေါင်းစဉ်ကိုသာ စိတ်စော နေမိပါသည်။ မကြာမီ ဆရာမက ရေးရမည့်အကြောင်းအရာကို ကျောက်သင်ပုန်း ပေါ်တွင် စာလုံးကြီးကြီးဖြင့် ရေးလိုက်ပါသည်။

ကျွန်တော်၏ ရင်ခုန်သံများ ရုတ်တရက် မြန်သွားသည်ဟု ထင်လိုက်ပါသည်။ချက်ချင်းပင် ချွေးများလည်း ထွက်လာပါသည်။ ကျွန်တော် မျှော်မှန်းထားသလို ဖြစ်မလာ၍ ဖြစ်ပါသည်။ လှလှကို ကျွန်တော်မသိမသာ လှမ်း၍ ကြည့်မိပါသည်။ လှလှသည် ခေါင်းပင် မဖော်နိုင်အောင် ရေးနေ သည်ကို တွေ့ရပါသည်။ စာစီစာကုံး ခေါင်းစဉ်မှာ "လုပ်အားချိမ့်သဲ စိုက်ပျိုးပွဲ" ဟူ၍ ဖြစ်၏။

ကျွန်တော့်တွင် လုပ်အားပေး အတွေ့အကြုံ မရှိပါ။ လှလှတွင်မူ လက်တွေ့အတွေ့အကြုံ ရှိနေပါသည်။ ယခုမှ ကျောင်းသားများသည် စာတွေ့သာမက လက်တွေ့ပါ လိုအပ်ကြောင်း ကောင်းကောင်းသိရပါသည်။

နှစ်ရက်ခန့် ကြာသောအခါ အတန်းလိုက်ပြိုင်ပွဲ ဆုရစာရင်းများ ထွက်လာပါသည်။ ကျောင်းစာကြည့်တိုက်အသင်း တာဝန်ခံ ဆရာသည် အတန်းလိုက် ဝေဖန်ချက်များဖြင့် လိုက်လံ ရှင်းလင်း ပြပါသည်။ ကျွန်တော် ထင်သည့် အတိုင်းပင် လုပ်အားပေးမြင်ကွင်းကို လှလှ လောက် သရုပ် ပေါ် အောင် ကျွန်တော် မရေး နိုင်ကြောင်း ရှင်းလင်းပြပါသည်။

လှလှသည် ကျွန်တော့်အား ဘာ တတ်နိုင်သေးလဲ ဟူသော အကြည့်ဖြင့် လှမ်း၍ကြည့်လိုက်ပါသည်။ သည်တခါတော့ လှလှ၏ အကြည့်ကို ကျွန်တော် ရင်မဆိုင်ရဲပါ။ ကျွန်တော် မျက်လွှာချလိုက်ရပါသည်။ ကျွန်တော်၏ ဦးနှောက် တွင်လည်း အလင်းရောင်သဖွယ် အတွေးသစ် တခု ပေါ်လာပါသည်။ "ဘယ်အရာမဆို စာတွေ့ သက်သက်နဲ့ မလုံလောက်၊ စာတွေ့ကို လက်တွေ့နဲ့ ပေါင်းစပ်မှ ပြည့်စုံ နိုင်ပါလား" ဟူသော အသိ ဖြစ်ပါသည်။

## ကမ္ဘာ့တိုက်ကြီးများ

အာရှတိုက်နဲ့ ဆက်နေတာ

ဥရောပတိုက်ပါ။

နောက်တောင်မှာ အာဖရိက

ညီထွေးမှတ်ပါစ။

အမေရိက အနောက်ဖျားမယ်

တောင်မြောက်ခွဲခြားတယ်။

ရွှေတောင်စွယ် ဩစတြေးလျ

တိုက်ငယ်ငယ်လေးပ။

အန္တာတိက တောင်စွန်းမှာ

တိုက်ကြီးခုနစ်ဖြာ။


ညီထွေးရာ မှတ်ပါစမ်း

ကမ္ဘာကြီးဟာ အံ့မခန်း။ ။

သလ္လာ-မောင်လှသွေး




R.517



# ငကျီးကန်း

ငကျီးကန်းသည် ငကွန်း ရုပ်၊ ပလာတူးငါးတို့နှင့် ခပ် ဆင်ဆင် တူသည်။ ခန္ဓာ ကိုယ် တုတ်ခိုင်၍ အမြီးပိုင်း သေးသွယ်သည်။ အကြေးခွံ များ သေးငယ်ပြီး တခါတရံ ရင်ဖက်ပိုင်းတွင်သာ အကြေး ခွံများရှိပြီး ကျန် နေ ရာ တွင် အကြေးခွံ မဲ့နေတတ်သည်။ ကျော ဆူး တောင် နှင့် စအို ဆူးတောင်များ နောက်တွင် အတောင်ငယ် ကလေးများ ခြောက်ခုမှ ကိုးခုထိ ရှိတတ် သည်။ ငကျီးကန်း တို့သည် အ ရွယ် အ စား အတန်ငယ် ကြီး မား ၍ ၃၆ လက် မ ထိ တွေ့ ရှိ ရ သည် ဟု ဆိုသည်။ ယင်းတို့ကိုပင်လယ်လက်တက် ဒေသများတွင် တွေ့ရခဲ့သည်။ ယင်းတို့ သည် အုပ်စုကြီးများ ဖြင့် ပင်လယ်ကမ်းရိုးတန်း အ ပိုင်းသို့ လာရောက် တတ်ကြ သည်။ ဤငါးတို့သည် အစား ကျူးသော ငါးမျိုးဖြစ်သည်။ ငပျံများ၊ င သ လောက် နှင့် ပေါင်းချေးခေါ် ငါးသေတ္တာ ငါးများကို လိုက် လံ ဖမ်း ဆီး စား သော က် တတ် ကြသည်။

ကျော ဖက် ပိုင်း သည် အ ပြာရင့် ရောင်ဖြစ်ပြီး၊ ဝမ်း ဖက် ပိုင်းသည် ငွေရောင်သန်း နေ တတ်သည်။ တခါတရံ ရင်ဖက် ပိုင်းတွင်အမဲပြောက်များ တွေ့ ရှိရတတ်သည်။ ငကျီးကန်းတို့ ကို မြစ်ဝကျွန်းပေါ် ဒေသမှ "ငမဲလုံး"၊ "ဒုံးပျံ"ဟု ခေါ်ကြ ပြီး မြိတ်ထားဝယ် ဖက်ကမူ "ဖိုးထွန်းမဲ"ဟုခေါ်ကြသည်။ ယင်းတို့ကို ငါးစိုအဖြစ်ငင်း၊ ငါးခြောက် အဖြစ်ငင်း စား သုံး နိုင်သည်။ ယင်း တို့ ၏ အသားကို အစိမ်းလိုက် စား သုံးလျှင်ဝမ်းလျှောတတ်သည် ဟု ဆိုသည်။



**သောင်းစု(သုတေသန)**

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၄၀။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ တန်ဆောင်မုန်းလဆုတ် ၂ ရက် (၃၀-၁၁-၇၄)




စနေနေ့တိုင်း ထုတ်ဝေသည်။





ဖိုးဖြေချေးကို နောက်ပြောင်လိုသော ဖိုးရှူးမှုန်က -



ဖိုးရှုံးယုန်သည် ဖိုးမြေခွေး၏ကျော ပေါ်မှဆင်းလျှောက်ကာ ထိုကျော်သွားသည်။
ဒီမှာကြည့်စမ်းတော့မကျ ငါ့ဦးလေးတော် မြင်းကြီးလာ မနိုင်ဘူးလား-ဟား-ဟား-
ဟဲ-ဟဲ-ဟဲ မြေခွေးတောမကြီးမင်းလေ နာတာပဲဆိုင်း ငါ့ကျောပေါ်က ဆင်းသွားတော့ ဟဲ ကျွန်ုပ်ပဲ ဝင်ကား လိုက်တော့ကွ။
အို-မင်း မသေနိုင်ပါဘူး အခုကတော့ တွေ့မှာ ငါက မင်းကို ဦးနှောက်တော့ မှုတ်ပါလား။
ငါ့ကိုဒီ ဒီးလေးတဲ့- ငါ့ကို နှိမ်လေးတဲ့- ကဲ့ဒီ နှိမ်ဦး ကွာ။
အမယ်လေး မှုတ်- ဟား ဟား ဟား
တနေ့နဲ့ တဘဲနဲ့ချောင်း- တနေ့နဲ့ တဘဲနဲ့- တိုင်....
ငါကိုဒီလောက် ကော်ကားတဲ့ ယုန်ရူး တကောင်ကို အပြင်မှာ



ဖိုးရှုပ်ချေးဒေါသထွက်နေတုန်းမှာ အမိခံလို့ မဖြစ်ဘူး၊ တကယ်လို့မှာ၊ ဒီတော့ ရှေ့ကသစ်ခေါင်းထဲ ဝင်ပုန်းနေမှ ဖြစ်မယ်၊
ဟေ့ကောင်ဖိုးရွှေယုန်- ထွက်ခဲ့လေ ဘာကြောင့်ဖြစ်လို့ ပုန်းနေတာလဲ၊ မင်းကိုမြင်ပြီ၊ အခုမင်းကိုဝါးစားပစ်မယ်၊
ဟေ့-မဘဲ- ဒီအပေါက်ဝမှာ စောင့်နေစမ်း၊ ငါသစ်ခေါင်းအပေါက်ကို ဟိုဘက်ကနေ ပြန်ပြီးပေါက်ထိုးနိုင်မလား ကြည့်မယ်၊ ဖိုးရွှေယုန်ထွက်မပြေး စေနဲ့နော်၊
ဟုတ်ကဲ့- ကောင်းပါပြီ-
ဟင်း- ဖိုးရှုပ်ချေးကသိပ်ဒေါသကြီးတာ၊ ခုချိန်မှာ အမိခံလို့မဖြစ်ဘူး၊ ဒီနေရာကမြန်မြန်လစ်ထွက် နိုင်အောင် မဘဲကိုလှည့်စားမှဖြစ်မယ်၊
မဘဲရေ- ခဏလေး- ခဏလေး ပေါ်ကကြည့်စမ်းပါ၊
ဘာလုပ်မှာလဲ ဖိုးရွှေယုန်၊






ပြီး





လက်ဗနွန် သမ္မတ နိုင်ငံသည် အရှေ့အလယ်ပိုင်း၌တည်ရှိ၍ ဧရိယာ၄,၀၁၅ စတုရန်းမိုင်ကျယ်ဝန်းသည်။ အိမ်နီးချင်းနိုင်ငံများမှာ မြောက်ဖက်နှင့် အရှေ့ဖက်တွင် ဆီးရီးယားနိုင်ငံ၊ တောင်ဖက်တွင် အစ္စရေးနိုင်ငံတို့ဖြစ်၏။

လက်ဗနွန် တောင်တန်းဒေသသည် အမြင့်ပေ ၅၀၀၀ မှ ၁၀၀၀၀ အထိ မြင့်လေသည်။ ယင်းဒေသ၏ အရှေ့ဖက်၌ မြေဩဇာကောင်းမွန်သော ဗီကာချိုင့်ဝှမ်းဒေသ ရှိ၏။ နိုင်ငံအတွင်း စီးဆင်းသော မြစ်တို့မှာ နည်းပါး၍ ဆိပ်ကမ်းတို့သည် အများအားဖြင့် သေးငယ်၍ ရေတိမ်သည်။ ပေ ၅၀၀၀ အမြင့်ဒေသအထိ စမ်းချောင်းများကို ပေါများစွာ တွေ့ရသည်။



နိုင်ငံမှာ သေးငယ် သော်လည်း မြေပြင်အနိမ့်အမြင့် ကွဲပြားမှုကြောင့် ရာသီဥတုအမျိုးမျိုး ကွဲပြားခြားနားလျက် ရှိသည်။

အရှေ့အလယ်ပိုင်းနိုင်ငံများမှ လူများအများအပြား နေထိုင်ကြပေရာ အများစုမှာ အာရပ်များဖြစ်၏။ လူဦးရေ၏ ထက်ဝက်ခန့်မှာ ခရစ်ယန် ဘာသာဝင်များဖြစ်၍ ကျန်တဝက်တွင် မွတ်စလင်ဘာသာဝင် အများစုဖြစ်၏၊ ရုံးသုံးဘာသာစကားမှာ အာရဗီ ဖြစ်၏။ နိုင်ငံ၏ လူဦးရေမှာ ၂,၇၇၀,၀၀၀ ရှိ၍ မြို့တော်မှာ ဗေရွတ်ဖြစ်၏။

လက်ဗနွန်နယ်မြေသို့ မွတ်စလင် တို့သည် ခုနစ်မှ ၁၁ ရာစုနှစ်များအတွင်း ရောက်ရှိလာကြသည်။ ၁၀၆၄ ခုနှစ်မှ ၁၉၁၄ ခုနှစ်အထိ ခရစ်ယန် စစ်အုပ်ချုပ်ရေးအဖွဲ့ကအဖွဲ့က အုပ်စိုးခဲ့




၏။ ၁၉၂၆ ခုနှစ်၌ ပြင်သစ်က လက်ဗနွန်ကို ယင်း၏ လက်အောက်ခံ နယ်မြေအဖြစ် ကြေညာသည်။ ၁၉၄၅ ခုနှစ် နိုဝင်ဘာလတွင် လွတ်လပ်ရေးရရှိပြီး ယင်းနှစ် အောက်တိုဘာလတွင် ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်လာသည်။ ပါလီမန် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံး၍ သမ္မတကို ခြောက်နှစ်တကြိမ် ရွေးချယ်တင်မြှောက်ပြီး အစဉ်အလာအားဖြင့် ခရစ်ယန်ဘာသာဝင် ဖြစ်ရ၏။ ဝန်ကြီးချုပ် မှာမူ မွတ်စလင် ဖြစ်ရပေမည်။ လက်ရှိ နိုင်ငံတော်သမ္မတမှာ စူလေမန် ဖရန်ဂျေး ဖြစ်၍ ဝန်ကြီးချုပ်မှာ ဆာအက်ဆာလမ် ဖြစ်လေသည်။

အလုပ် လုပ်သူတို့၏ ၅၀ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြ၏။ အဓိက စိုက်ပျိုးပင်များမှာ ပန်းသီး၊ လိမ္မော်၊ ရှောက်၊ သံလွင်၊ ဆေးရွက်၊ စပျစ်၊ ဟင်းသီး ဟင်းရွက်နှင့် ဆီထွက်သီးနှံများ ဖြစ်၏။ နိုင်ငံ့ဝင်ငွေ၏ သုံးပုံနှစ်ပုံကို ကူးသန်းရောင်းဝယ်ရေးမှ ရရှိသည်။ စားသောက်ကုန် လုပ်ငန်း၊ အဝတ်အထည်၊ သားရေ၊ တီလပ်မြေနှင့် ရေနံချက် လုပ်ငန်းတို့



မှာ အရေးပါ၏။ ရေအား လျှပ်စစ်နှင့် ဆည်မြောင်းလုပ်ငန်းတို့ လွန်စွာ တိုးတက်၏။ ခရီးသွား လုပ်ငန်းမှာလည်း နိုင်ငံ့အကျိုးစီးပွားအတွက် အဓိက လုပ်ငန်းတခု ဖြစ်နေ၏။ အသုံးပြုသော ငွေကြေးမှာ လက်ဗနွန်ပေါင်ဖြစ်လေသည်။





အလုပ်လုပ်သော လူ
ရေးဆွဲသည်
မိုးညိုသည် တနေ့တနေ့ ဘာအလုပ်မျှ မလုပ်ပဲ စားလိုက်၊ အိပ်လိုက်၊ အိမ်လည်လိုက်နှင့် အချိန်ကုန်နေသည်။
မိုးညို၏မိခင်ဖြစ်သူမှာ စိတ်ညစ်နေသည်။
ခက်တော့တာဘဲ ဒီကောင်လေးဟာ အလုပ်ကိုနည်းနည်းမှ လုပ်မယ်စိတ်မရှိဘူး
ကြည့်စမ်း ထင်းတွေခွဲဖို့ ထားတာလဲ ဒီအတိုင်းပါဘဲလား
ဟင်... ရေလဲဖြည့် မထားဘူး ငါတော့ — သေချင်တာပါဘဲ
ဈေးရောင်းမှ ပြန်လာသော မိုးညို၏ မိခင်မှာ ပင်ပန်းကြီးစွာဖြင့် အိမ်မှုကိစ္စများကို လုပ်ရပြန်သည်။


ထိုအချိန်တွင် မိုးညိုသည် လမ်းထိပ်မှ လူလူတစုနှင့်....
ဟေးလား ဝါးလား ပျော်ပါး နေလေ့ရှိသည်။ တနေ့မဟုတ်၊ နေ့စဉ် ရက်ဆက်ပင် ဖြစ်သည်။
မိခင်က ဆို ဆုံးမသောအခါများတွင်
သားဂယ်××××
×××.....××....×××
××××.....××
×××.....××...
အိုမျာ တခါလာလဲ ဒီစကားဘဲ နားညီးတယ်
နားမထောင်ပဲ အိမ်မှ ထွက်သွားလေ့ရှိ၏။
အားအားဆေးဆေး ဒုဂုတယ်ကိုမရှိဘူး ဒီ...အလုပ်လုပ်ဖို့ဘဲ
ဤသို့ဖြင့် မိုးညိုမှာ လူမျိုးပေါက် ဖြစ်လာလေပြီ။ သူ့မိခင်မှာလည်း အိုမင်းလာပြီး—
တနေ့တွင် မိုးညို၏မိခင်မှာ လူကြီးရောဂါဖြင့် ကွယ်လွန်သွားတော့သည်။
အမေ ...
အိုအမေရဲ့
သားတယောက်ထဲ
ထားခဲ့တော့
မှာလားဗျ-ဟီး



အားကိုးအားထား မဲ့နေသော မိုးညိုကို အိမ်နီးနားချင်းများက ကြည့်ရှုကြသည်။
ဘာအားငယ်စရာ ရှိလဲမောင်မိုးညိုရယ် အဒေါ်တို့ရှိသားဘဲ အဒေါ်တို့အိမ်မှာ နေပေါ့
သို့သော် အတန်ကြာလာသောအခါ....
ဒီကောင်လေးဟာ လူပျင်းလေးဘဲ ဘာမှ ကူပေါ် လောင်ဘက်လဲ မရဘူး
ဒီလိုကြာရင် ဘယ်ကျွေးနေ နိုင်ပါ့မလဲ
မိုးညိုမှာ အခက်တွေ့ရပေပြီ။
ထမင်းစားချင်ယင် ပျင်းနေလို့မရဘူး အလုပ်လုပ်မှပေါ့ကွ
ဟိုမှာ... ထင်းတွေ သွားပေါက်
ထင်းပေါက်ပြီးယင် ရေစည်ထဲ ရေဆွဲ ထဲ့လိုက်စမ်း
မိုးညိုမှာ ခုမှ အသေအချာ သဘောပေါက် လာ၏။
လူတွေဟာ အသက်ရှင်ရပ်တည် နေနိုင်ဖို့-အလုပ် လုပ်ကြရပါလား
ဪ... အမေ အမေ အမေ့အတွက်သာမက - သားအသက် ရှင်ရေးအတွက်ပါ ရှာဖွေကျွေးခဲ့တဲ့အမေ
ကျေးဇူးကြီးလှ ပါလား အမေရယ်
မိုးညို၏ မျက်လုံးအိမ်မှ မျက်ရည် တပေါက် တောက်ခနဲ ကျသွားလေသည်။
ပြီး

လောပီတအရပ်ဒေသအနီးတဝိုက်ရှိ မထောကူ (မတောခု) ရေတံခွန်၊ လောပီတ ရေတံခွန်နှင့် အမည်မပေးရသေးသော ရေတံခွန်တခုတို့ကို အမှီပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခဲ့သည်။ ထိုလုပ်ငန်းကို လောပီတ ရေအားလျှပ်စစ်လုပ်ငန်းဟု အကြမ်း အားဖြင့် ခေါ်သည်။ သို့သော် စီးဆင်းလျက် ရှိသော ဘီလူးချောင်း ကို အခြေခံသောစီမံကိန်းဖြစ်၍ အစိုးရက "ဘီလူးချောင်းရေအား လျှပ်စစ် စီမံကိန်း" ဟု အမည် ပေးထားသည်။




လောပီတ လျှပ်စစ်စက်ရုံကို ၁၉၅၄ ခု ဇန်နဝါရီလတွင် စတင် တည်ဆောက်ခဲ့သည်။ စက်ရုံမှာ အလျားပေ ၃၈၀၊ အနံပေ ၁၀၀ ရှိပြီး ဓာတ်အားကီလိုဝပ် ၂၈,၀၀၀ စီ ထုတ်လုပ်နိုင်သော စက်သုံးလုံးရှိသည်။ ထို့ကြောင့် လောပီတမှ ထုတ်လုပ်နိုင်သော ဓာတ်အားပေါင်းမှာ ကီလိုဝပ် ၈၄,၀၀၀ ဖြစ်၏။ လောပီတမှ ရန်ကုန်မြို့အထိ လျှပ်စစ်ဓာတ်အား တိုင်ပေါင်း ၁,၁၅၅ တိုင်ရှိပြီး ရန်ကုန်မြို့ လှော်ကားအရပ်၌ ဓာတ်အားပေးစက်ရုံခွဲ တခုရှိသည်။ ထိုစက်ရုံခွဲမှနေ၍ ရန်ကုန်မြို့တွင်းသို့ လျှပ်စစ်ဓာတ်အားများ ဆက်၍လွှတ်ပေးသည်။

လောပီတ လျှပ်စစ်စက်ရုံ တည်ဆောက်စရိတ်မှာ ကျပ်ငွေ ၂၆ ကုဋေခန့် ဖြစ်၏။ ရန်ကုန်သို့ လျှပ်စစ်ဓာတ်အားများကို၁၉၆၀ပြည့် မေလတွင် စတင် ပို့လွှတ်နိုင်ခဲ့လေသည်။

ဤ စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ဂျပန်နိုင်ငံမှ နိပ္ပွန်ကိုအီ အကြံပေးအင်ဂျင်နီယာအဖွဲ့နှင့် ကဂျီးမား ဆောက်လုပ်ရေးကုမ္ပဏီတို့ကို ငှားရမ်းခဲ့လေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## ဘောလုံးဝယ်ပေးနော်



# ဖေဖေပေးသော ကျွန်တော့်တာဝန်

မောင်မြင့်(မာအေး)



ကျွန်တော့်တွင် အဖေ မရှိတော့ပါ။ အဖေမရှိသည့်နောက် ကျွန်တော် ကျောင်းမှထွက်ရပါသည်။ အမေက ရောဂါသည် ဖြစ်ပါသည်။ ညီလေး ကိုမျိုးကို မွေးပြီးကတည်းက အမေသည် မကျန်းမာတော့ပါ။ သည်တော့ အဖေ့တာဝန်သည် ကျွန်တော့် တာဝန်ဖြစ်လာပါသည်။ အမေနှင့် ကိုမျိုးတို့ စားဝတ်နေရေး အတွက် ကျွန်တော် အလုပ်လုပ် ရပေမည်။ သို့သော် ကျွန်တော့် အသက်က ဆဲ့တနှစ်၊ မဖြစ်စလောက်အရွယ်။ ခွန်နှင့် အားနှင့် လုပ်ရသော အလုပ်မျိုးကို ကျွန်တော်မလုပ်နိုင်ပါ။ ပညာကလည်း လေးတန်းသာအောင်၏။ ထို့ကြောင့် ကျွန်တော်တို့ အိမ်နားက ကိုလှဝင်းတို့လို စာရေးလည်း မဖြစ်နိုင်ပါ။ စိတ်တော့ညစ်မိသည်။သို့သော် ဘာပဲဖြစ်ဖြစ် ရရာအလုပ်ကိုလုပ်ပြီး ဖေဖေ့ တာဝန်ကိုတော့ ထမ်းဆောင်ရပေတော့မည်။

သည် အ လုပ် ကို လုပ် စ က ကျွန်တော် ရှက်မိသည်။ သက်တော့ သက်သာသည်။အောက်တန်းတော့ ကျ၏။ ရထားပေါ်သည် ကျွန်တော်၏အလုပ်စခန်း ဖြစ်၏။ ရထားစီးခရီးသည်များသည် ကျွန်တော်၏ ကရုဏာရှင်များဖြစ်၏။ကျွန်တော်သည် အဆိုတော်တယောက် မဟုတ်ပေမဲ့ လူထူထူ ထဲတွင်တော့ သီချင်းဆိုရသည်။ သီချင်းဆိုပြီး ပိုက်ဆံတောင်းသည်။

"အို ကလေး.... သနားစရာကွယ်၊ ပိုက်ဆံ ထဲ့လိုက်ပါအုံးမယ်"

ဤကဲ့သို့ ကရုဏာရှင်များရှိတော့ ကျေးဇူးတင်မိသည်။

"ဟာ ကိုယ်လက်အင်္ဂါလဲ အကောင်းသားနဲ့ အလကားတောင်းစားနေတယ်၊ ရေသာခို အချောင်သမားလေးပဲ"

ဤသို့ ကျွန်တော့်ကို ဝေဖန်၍ ငြင်းဆန်သူများလည်းရှိ၏။ ရှက်၍ သည်အလုပ်ကို မလုပ်လျှင်လည်း ညီလေးကိုမျိုးနှင့် မေမေတို့ ထမင်းစားရမည် မဟုတ်။

သည် အလုပ် လုပ်နေသည်ကို မေ မေ သိ က လုံး ဝ စိတ်ကောင်းမည်မဟုတ်ပါ။ ရွာက ရထားစီးခရီးသည်များနှင့် မဆုံမိရန် ရှောင်ရ ကွင်းရသည်က လည်း ကျွန်တော့်အဖို့ တဒုက္ခ။ သို့သော် ကျွန်တော် သည်အလုပ် ကို မ လုပ် ပါ က ညီ လေး ကျောင်းထွက် ရလိမ့်မည်။

ကိုမျိုးကို မည်သည့် နည်းနှင့်မျှ ကျွန်တော့်လို အဖြစ်မခံနိုင်ပါ။

"ကွာစိလှော်၊ ဆေးလိပ်၊ မီးခြစ်၊ ဖယောင်းတိုင်ရမယ်"

ကျွန် တော် မော့် ကြည့် မိသည်။ ကျွန်တော်နှင့် ရွယ်တူများ ဖြစ်ကြ၏။ သူတို့တွင် အရင်းအနှီး ရှိတော့ ခပ်ကြော့ကြော့နှင့် ခပ်မော့မော့ ရောင်းနိုင်ကြပေသည်။ရောင်း၍လည်း ကောင်းကြသည်။ ကျွန်တော် လည်းသူတို့လို ဈေးရောင်းချင်၏။ သို့သော် အရင်းအနှီးက မရှိ။ တနေ့ရသောငွေ တနေ့နှင့်

လောက်အောင် မနည်းသုံးနေရ၏။

ရထားပေါ်မှာ အနေကြာလာတော့ ဈေးသည်လေးတွေနှင့် ခင်လာသည်။ တခါတရံ သူတို့တွင် ပါလာသော ကွာစိ လှော်တို့၊ မက်မန်းသီးတို့ကို ကျွေးသည်။ ဈေးသည်လေးတွေ၏ နာမည်ကိုလည်းသိလာသည်။ တယောက်က "စိုးလေး" တယောက်က "ချက်ကြီး"။

ကျွန်တော့်အလုပ်သည် သူများနှာခေါင်းနှင့် အသက်ရှူရသော အလုပ်မျိုးသာ ဖြစ်၏။ ဖေဖေရှိစဉ်က ကိုယ့်အားကိုယ်ကိုးဖို့ ခဏခဏ ပြောဆို သွန်သင်ဘူးသည်။ တခြားသူကို အားကိုးသောသူသည် လူပျင်းလူညံ့တယောက် ဖြစ်ကြောင်း ကျွန်တော်တို့ဆရာကလည်း ပြောဆိုဆုံးမဘူးသည်။ ယခုတော့ ကျွန်တော်သည် လူပျင်းလူညံ့တယောက် ဖြစ်နေပေပြီ။ မည်သည့်နည်းနှင့် ဖြစ်ဖြစ် ကျွန်တော်သည် "သူတောင်းစား" အလုပ်ကိုတော့ စွန့်မှဖြစ်မည်။ သည်အလုပ်ကို စွန့်လျှင် မည်သည့်အလုပ်ကို လုပ်မည်နည်း။ ကိုယ့်အလုပ်ကို စိတ်ညစ်လာသောအခါ စိုးလေးနှင့်ချက်ကြီးကို ပြောပြမိသည်။

"စိုးလေးနဲ့ ချက်ကြီး ငါဒီအလုပ်ကို မလုပ်ချင်တော့ဘူးကွာ၊ ကိုယ့်အား ကိုယ်ကိုးရတဲ့ မင်းတို့လို အလုပ်ကို လုပ်ချင်တယ်ကွာ။ ဒါပေမဲ့ ငါ့မှာအရင်းအနှီးမရှိဘူး။ ဒီအလုပ်ကို မလုပ်ယင်လဲ ငါတို့မိသားစု ငတ်လိမ့်မယ်။ ဒီတော့ ငါဘာလုပ်သင့်သလဲကွာ။ ငါတို့ မိသားစုစားလောက်ယင် ကျေနပ်ပါပြီ"

"ခုလို မင်းကတိုင်ပင်တော့ ဒို့ဝမ်းသာပါတယ်အတိုး။ ဒို့လဲ မင်းကို ဒီအလုပ်မလုပ်စေချင်ပါဘူး။ ခုလို အသိတရား ရှိမှန်းသိယင် ကြာလှပြီ မင်းကို ဒီအလုပ်မလုပ်စေရပါဘူး။ ဒီတော့ မင်းဒို့လိုဈေးရောင်းပေါ့ကွာ။ ငါဦးလေးဈေးဆိုင်က ငါတာဝန်ယူပြီး ယူပေးမယ်။ မင်းက ဘနေ့ရောင်းပြီး တနေ့ပြန်ဆပ်ပေါ့။ ဒါဆို မင်းတို့ မိသားစု စားနိုင်သောက်နိုင်တာပေါ့ကွ"

"ဟာ.... ဒီလိုဆို သိပ်ကိုကျေးဇူးတင်ပါတယ် စိုးလေးရာ၊ ငါမနက်ဖြန်ကစပြီး မင်းတို့လို ဈေးရောင်း တော့မယ်။ ဒါဆို ဘယ်သူ့ကိုမှ ရှက်စရာမလိုဘူး။ ကိုယ်ခွန်ကိုယ့်အားနဲ့ ကိုယ်လုပ်ကိုင်ရတာပဲ"

ယခုတော့ ကျွန်တော် စိတ်ချမ်းသာရပေပြီ။ ကျွန်တော်တို့ ရွာသားများကိုလဲ ရှောင်ရှားစရာမလိုတော့။ မေမေ့ကိုလည်း ဖွင့်ပြောနိုင်ပြီ။ ဖေဖေပေးသော ကျွန်တော့် တာဝန်သည် ယခုတော့ ကျေပြွန်ပြီဟု ထင်ပါသည်။ ယခုအခါ ကျွန်တော့် အသံသည် သီချင်းဆိုသံအစား "ကွမ်းယာ၊ ဆေးလိပ်၊ မီးခြစ်၊ ကွာစိလှော်၊ သရက်ပေါင်း" ဖြစ်၍ နေပါပြီ။

## တန်ဆောင်တိုင်


ခဝဲပွင့်တွေ ကြူကြူသင်းလို့
ငွေနှင်းစိုစ သည်အခါ။
မိုးကောင်းကင်မှာ
မြူတိမ်ကင်းလို့
မိုးရွှေလမင်း ထိန်ထိန်သာ။
ကြယ်ပွင့်တာရာ
မျက်တောင်ခတ်လို့
တဖျတ်ဖျတ်နဲ့ လင်းရောင်ဖြာ။
လာတာရာကို အပြိုင်ကြဲဘို့
မီးပုံးချိတ်ဆွဲ အိမ်တိုင်းမှာ။
ထုံးတမ်းစဉ်လာ ကထိန်ပွဲကို
ဆင်နွှဲဆက်ကပ် နယ်တကာ။
မြန်မာ့အစာ မဲဇလီဖူးကို
ဆွတ်ခူးစားသုံး ဝေငှကာ။
ဆေးပေါင်းခကာ
သြဇာထက်သမို
မြိန်မြိန်ရှက်ရှက် သုံးဆောင်ပါ။
အကျိုးရှိစွာ သုံးဆောင်ပါ။ ။

မောင်တင်စိုး - သစ်ရာကောက်



R. 517

# တောဆက်ရက်




အဝေးကနေ ကြည့်မည်ဆိုလျှင် တောဆက်ရက်သည် သာမန်ဆက်ရက်နှင့် ဆင်တူယိုးမှား ဖြစ်သည်။ သို့သော် အသေအချာ ယှဉ်ကြည့်ပါက သာမန်ဆက်ရက်ထက် အမွေး အတောင် တို့ မှာ ပို၍ မည်း နက်သည်။ မျက်နှာ၌ တွဲနေသော ပါးပျဉ်းများနှင့် နှုတ်သီး အထက်နားတွင် ထောင်နေသော အမွေး နု များ ရှိသည်။ ပျံသန်းရာ၌ တောင်ပံရှိ အဖြူကွက်များနှင့် ဖြူနေသောအမြီးများတို့ကို အထင်အရှား တွေ့ရသည်။

တောဆက်ရက်၏ပျံသန်းပုံ အလေ့အကျင့်နှင့် ဟန်အမူအရာတို့မှာ သာမန်ဆက်ရက်အတိုင်းပင် ဖြစ်သည်။ ယင်းတို့သည် သား စား လည်း မကြူး၊ ရဲရင့်ခြင်းလည်း မရှိပေ။ ကင်းတပ်၏ အထက်မတ်စောက်သော ချင်းတွင်း မြစ်ကမ်း တလျှောက်တွင် အခြားဆက်ရက်၊ ပုစဉ်းထိုး စသည်တို့နှင့်အတူ ရောနှော၍ နေလေ့ရှိသည်။ ယင်းတို့နေထိုင်သော အသိုက်တွင်းများမှာ မည်သည့်ငှက်က တူးဖော်၍ ထွင်ထားကြောင်းကိုမူမပြောနိုင်သေးပေ။ သို့သော် မြေအရေခွံတို့ကိုမူ အသိုက်တွင်းတိုင်းလိုလို၌ပင် တွေ့ရှိရသည်။ သာမန်အားဖြင့် တောဆက်ရက်တို့ ပေါက် ဖွား ရာ နေ ရာများမှာ အိမ်တံစက်မြိတ်နှင့် သစ်ခေါင်းပေါက် စသည်တို့ဖြစ်၏။

တော ဆက် ရက် ဟု ဆိုသော်လည်း ယင်းတို့ကို ထူထပ်သော သစ်တောများ အတွင်း ၌ မ တွေ့ ရ တတ် ပေ။ ဥယျာဉ်၊ မြက်တော၊ လယ်ယာ နှင့် တော စပ် တို့ တွင် ကျက်စား၍ ကျွဲနွားတို့၏ ဦးခေါင်းပေါ် တွင် နားနေသည်ကို တွေ့ရတတ်သည်။ ရှမ်းကုန်း ပြင် မြင့် ၌ လည်း တွေ့ရသည်။

**စိုးလွင်မြင့်**






၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

# ရွှေသွေး

၁၃၃၆ ခု၊ တန်ဆောင်မုန်းလဆုတ် ၉ ရက် (၇-၁၂-၇၄)


တန်ဆောင်မုန်း လဆုတ် ၁၀ ရက် * အမျိုးသား နေ့ * နှစ်ပတ်လည်




စနေနေ့တိုင်းထုတ်ဝေသည်။

# မေတ္တာ အကျိုးပေး

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - ဧမိုးကျော်




ပုဆိုးနှင့် မီးလင်းဖိုပါယူထွက်လာသည်။
ဘကြီး ချမ်းနေပြီ၊ မီး - ဖိုပေးမယ်
...ဇော့-ဘကြီး ပုဆိုးလဲ။ အစိုကို မြန်မြန်ခြောက်အောင် ကျနော်-ရေညှစ်ပြီး မီးကင် ပေးမယ်
ရှုပ- မီးမှုတ်နော်
အေးကွယ် ကျေးဇူးပါဘဲ
ဒါထက် - မိဘတွေ - ဘယ်သွားလဲ-
လယ်ထဲ သွားပြီး -အလုပ် လုပ်တယ်
ကလေးတို့နာမယ်-ဘယ်လိုခေါ်လဲ
ကျနော်က -မောင်ဘော်ဂ - - သူက - မောင်ရှုပ
အော်-မောင်ဘောဂ-တဲ့လား။ ဘောဂ -ဆိုတာ-သူဌေးလို ဆိုလိုတယ်၊ ဒါပေ ဖဲ့ -မင်းတို့ကြည့်ရတာ-အတော်-ဆင်းရဲပုံရတယ်- - - နာမယ်နဲ့ လိုက်အောင် တခါခါ တော့ ချမ်းသာ ရမှာ ပေါ့ ကွယ်
အချမ်းပြေလောက်သောအခါ
အင်း-ဘကြီး ရောက်တာလဲ-အတော်ကြာသွားပြီ။ အဝတ်လဲ-ခြောက်သွားပြီ၊ မိုးကလဲ-မစဲသေးဘူး။ ကလေးတို့မှာ-ဆောင်းစရာရှိယင်-ငှါးလိုက်ပါလားကွယ်၊ အိမ်ရောက်တော့ ပြန်ပို့ပေးပါ့မယ်။
ထီးစုတ်ကြီးဘဲ ရှိတယ် -ဟီ
မိုးလုံယင် ပြီးတာ ပေါ့ကွယ်
ထိုသို့ဆိုပြီး မိုးရွာထဲသို့ ထွက်သွားလေ၏။
သနားပါတယ်-နော်-ကိုကို
အေး


ညနေစောင်း၌ မိဘများ အလုပ်မှ မောမော
ပန်းပန်းနှင့် ပြန်လာကြပြီး
ဘော်ဂတို့
ရှုပ်တို့ရေ
ဟျာ-
အမေ
တဲသို့ရောက်လျှင်
ဟင်- ဘာလုပ်
သွားလဲ
နေ့လယ်တုန်းကလေ
လူကြီးတယောက်
တဲထဲဝင်လာတယ်
------
ဝ-ဝကြီး
---မိုးရှိ ပါရစေတဲ့။
မိုးရေတွေနဲ့လို
------
....ဒါနဲ့ - ကျနော်တို့ - မီးမို
ပေးတယ် ..........
....ပြန်ခါနီးတော့ - ထီးငှါးလို့
ပေးလိုက်တယ်။
ဟင် -နင်တို့-တယ်မိုက်တဲ့ -
ကလေးတွေပါလား။ အိမ်စောင့်ထား
ခဲ့လဲ - စိတ် မချရဘူး။ မှို့တဲသွားယင် - ဒီ ထီး
တလက် ဘဲ ဆောင်းစရာရှိတါ၊ ခုတော့
ဘာကို ဆောင်းတော့မလဲ - ဟင် -
လာပို့မယ်လို့ ပြောသွားတယ် အမေ
ပြောတာကတော့ ပြောတာပေါ့ ဟဲ့၊
လာမပို့တော့ ဘယ်လိုလုပ်မလဲ။ နင်တို့
သူနေတာတွေကိုကော မေးမထား
ဘူးလား
မမေးမိဘူး
ဟင်း ... ငါ့နဲ့နော် သေ
လိုက်ပါတော့ဟဲ့ -
အဲဒီထီးသာ - မိုးချုပ်
လို့ ပြန်မရောက်ယင်
- နင်တို့တော့ - အရိုက်
ခံရပြီသာမှတ်တော့ ....
ရှင်မ ကလဲကွယ် - တယ်ဆူတာဘဲ၊
စောင့်ကြည့် အုံးမှပေါ့ -
ဆူရမယ်တော်၊ - ဆူရမယ်၊
ကလေးတွေကိုပြောယင် -
- တော်ရှေကဲ - ကါ ဆီးကါဆီး
မလုပ်နဲ့
လယ်သမားကြီးလည်း ငြိမ်သွား၏။ သားနှစ်
ယောက်လည်း တဲထောင့်တွင်ကုပ်ပြီး အပြင်
ဖက်သို့သာ ငေးနေ၏။


နေဝင်ခါနီး မိုးတိတ်၍နေလက်လာစဉ်—
အကို - အကိုရေ-
မြင်းတွေ လယ်ကွက်ထဲ
ဝင်လာတယ်--
တွေ့လား
အေးဟ-
ဘာလုပ်တာလဲ
မသိဘူး
မကြာမီ မြင်းစီးတပ်သားတယောက် တဲနား
ရောက်လာပြီး အော်၍မေး၏။
မောင်ဘောဂတို့ မောင်ရူပတို့ - နေကြတာ
ဒီတဲလား
ဟုတ်
တဲ့
တဲတွင်း၌
ဟောတော့-ရှေ့ခန်းတော်က
မင်းမှုထမ်းပါလိုး
- တော် - မင်းပေါက် စိုးပေါက် -ဘာတွေများ
ပြောတားလဲ - - - ဟင် —
ဘာမှလဲ
မပြောရပါလား
ရှင်မရဲ့
မြင်းစီးတပ်သားသည် ပြန်လှည့်၍ နောက်မှပါ
လာသောအဖွဲ့အား—
ဘ - ဘုရား၊
ဒီတဲလေးဘဲ
ဖြစ်ကြောင်းပါ
မောင်ဘောဂ-တို့
မောင်ရူပ-တို့ နေတဲ့တဲ-
ဟုတ်စ-
မှန်လှပါဘုရား -
ဟောဒီ ကလေးတွေ
ပါဘဲ - ဘုရား
ကိုင်း —
ဖေါင်းဖြိ-
သို့ကလို ဆိုယင်
အမိန့်တော်
နာခံကြ၊


..ရွှေနန်းရှင် - ဘုရင်ကြီးသည် - ရုပ်ဖျက်ကာ - စနည်းနာထွက်တော်မူစဉ် လေမိုးမှောင်စွာကျသဖြင့် - မမျှော်လင့်ဘဲ - ကျွဲလယ်တဲသို့ မိုးခိုရန် ဝင်လာရိုက် - မောင်ဘောဂ နှင့် မောင်ရူပ တို့က - စေတနာ ထက်သန်စွာဖြင့် ပြုစုကြသည်သာမက - ထီး တလက်ပင် ဦးလိုက်သောကြောင့် .... စေတနာကို ချီးကျူးသော အားဖြင့် ဆုတော်ငွေ - ရတနာ ထောင်ထုပ် အပြင် - လက်ဆောင်တော် များပါ ချီးမြှင့်တော် မူလိုက်သည်။ မောင်ဘောဂ နှင့် မောင်ရူပတို့ ကိုယ်တိုင် ရှေ့တိုး၍ - လက်ခံကြလော့။
အမှုထမ်းများက လက်ဆောင်တော်များကို တဲတွင်းပို့ကြလော့...
မင်းမှုထမ်းများပြန်သွားကြလျှင်–
အမယ်လေး လေ့လေး ရတနာ ထောင်ထုပ် အစစ်ဟ
ဟိဟိ ဟိဟိ
အမေရေ့– ဖုံ့ တွေလဲ ပါတယ်ဗျ
နေကြပါအုံး ငါဖိုးထွန်း လိုက်အုံးမယ်
ထိုညတွင် အားလုံး ဝမ်းသာမဆုံးဖြစ်ကြကာ....
ငါ့ သား - နှစ်ယောက်လောက် လိမ်မာတဲ့သားဟာ ဒီလောကကြီးမှာ မရှိဘူးကွ-- --- ငါတို့ - ဒီနေ့က - စပြီး ဆင်းရဲတွင်းက လွတ်ကင်းကြ ပြီကွ --- ဟဲ ဟဲ ဟဲ
ဖအေ တူ သားလေးတွေ
ဟင်း ... တော်နဲ့ကျုယင် - လယ်တဲ ကတောင် တက်ရမှာ မဟုတ်ဘူး ----
ထိုနေ့မှစ၍ စေတနာအကျိုးပေးသော မိသားစုတို့သည် ရွှေမြို့တော်သို့ ပြောင်းရွှေ့၍ ရောင်းဝယ်ဖောက်ကား နေထိုင်ကြလေသတည်း။


မြင့်ဟန် - ကာတွန်း
ဆွေဆွေဦးနှင့်ခင်ခင်ဦး
ပါဝင်သည့်
အမေကြွေး
ချော့ကလက်တွေအကြွေးရမယ်
ဆွေဆွေဦး၊ ချော့ကလက်တွေ သွားမဝယ်ဘူးလား
မဝယ်ပါဘူး ခင်ခင်ဦးရယ်
ဘာလို့မဝယ်တာလဲ အကြွေးရတယ်ဟဲ့
အကြွေးရပေမဲ့အလကားရတာမှ မဟုတ်တာ
တနေ့ ပိုက်ဆံပေးရမှာဘဲဟာ



ဖမောင်ပေါ်ထွန်း

# တန်ဆောင်မုန်းလ

ပုဂံခေတ် ကျောက်စာများ၌ တန်ဆောင် မုန်းလကို ''တန်ဆောင်မှုန်''ဟူ၍ ရေးသား ခဲ့ကြသည်။ ထိုမှတဆင့် ''တန်ဆောင်မှုန်း'' ဟူ၍ငင်း၊ ''တန်ဆောင်မုန်း'' ဟူ၍ငင်း ရွေ့ လျော ပြောင်းလဲလာခဲ့ခြင်း ဖြစ်သည်။

''တန်ဆောင်'' မှာ ''မီးရှူး၊ မီးတိုင်၊ ဆီ မီး'' ဖြစ်ပြီး ''မှုန်း'' မှာ ''ညှိထွန်းတောက်ပ ခြင်း'' ဖြစ်ရာ ''တန်ဆောင်မုန်းလ'' ဟူသည် ''တန်ဆောင်ဆီမီး ညှိထွန်းသောလ'' ဖြစ် သည်။


ရှေးအခါက ''ကြတ္တိကာနက္ခတ်ပွဲ'' ဟု လည်း တန်ဆောင်တိုင် ဆီမီးပူဇော်ပွဲကို မင်း နှင့်တကွ ပြည်သူများပါ တန်ဆောင်မုန်းလ၌ အစဉ်အလာ ပြုလုပ်ခဲ့ကြသည်။ တန်ဆောင် တိုင်ပွဲမှာ ဘာသာရေးပွဲတော် မဟုတ်ပဲ၊ မ ဟာပိန္နဲ (ဗိဿနိုး) နတ်မင်းအား ဆီမီးဖြင့် ပူဇော်ပွဲသာ ဖြစ်သည်။

တန်ဆောင်မုန်းလ၌ ဘာသာရေးပွဲတော် ကား ကထိန်သင်္ကန်း ကပ်လှူပွဲတော် ဖြစ် သည်။ တန်ဆောင်မုန်း လပြည့်နေ့သည် က ထိန်သင်္ကန်း လှူဒါန်းရန် နောက်ဆုံးရက် ဖြစ်သောကြောင့် ထိုနေ့တွင် သံဃာတော်များ အား ကထိန်သင်္ကန်း ကပ်လှူပွဲများ ကျင်းပ



လေ့ရှိသည်။ လပြည့်နေ့ တနေ့တည်း အပြီး ရက်၍ ဗုဒ္ဓရုပ်ပွားတော်အား ကပ်လှူသော ''မသိုးသင်္ကန်း'' ရက်လုပ် လှူဒါန်းပွဲကို နှစ် စဉ် ရွှေတိဂုံစေတီကုန်းတော်ပေါ်၌စည်ကား စွာ စင်ပြိုင်ပြုလုပ်လေ့ ရှိလေသည်။

ကျေးလက်ဒေသများ၌မူ လပြည့်နေ့တွင် မီးပုံးပျံလွှတ်ပွဲများကို တပျော်တပါး ပြုလုပ်ကြသည်။တာဝတိံသာနတ်ပြည်ရှိ ဘုရားရှင်၏ ဆံတော်ဓာတ်ရှိရာ စူဠာမဏိစေတီကို ရည်



မှန်း၍ မီးပူဇော်ခြင်း ဖြစ်သည်။ ထို့ပြင် အစဉ်အလာအရ ညအခါတွင် ဆေးပေါင်းစုံသည်ဟု ယုံကြည်သော မဲဇလီဖူးများကို နှမ်း၊ မြေပဲ၊ ကြက်သွန်ကြော်နှင့် ဆီချက်တို့ဖြင့် သုပ်၍ အိမ်နီးချင်းတို့အား ဝေငှ စားသောက်လေ့ ရှိသည်။



တန်ဆောင်မုန်းလသည် မြန်မာပြက္ခဒိန်တွင် ရှစ်ခုမြောက်လ ဖြစ်သည်။ ရက်စုံ (၁၅ ရက်) ကွယ်သောကြောင့် ရက်ပေါင်း ၃၀ ရှိသည်။ နေ့ ၂၈ နာရီ၊ ည ၃၂ နာရီရှိသဖြင့် နေ့တာတို၍ ညတာရှည်သည်။ ရာသီအားဖြင့် ဗြိစ္ဆာရာသီ၊ နက္ခတ်အားဖြင့် ကြတ္တိကာနက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်၍ မွန်းတည့်သည်။ တန်ဆောင်မုန်းလ၏ ရာသီရုပ်မှာ ကင်းမလက်မပုံသဏ္ဍာန်ဖြစ်သည်။ ရာသီပန်းကား ခဝဲပန်း ဖြစ်သည်။

ဤလတွင် စပါးပင်များ ငုံဖူးသီးပွင့်ကြသဖြင့် "ဖုံးတုန်း လုံးတုန်း တန်ဆောင်မုန်း" ဟူ၍လည်း ခေါ်စမှတ်ပြုကြသည်။




ဖောင်ဖြောင်လေး
ဘိုး
တော်
စိုးဝင်းမောင်၏မိဘများသည်ဘာသာတရားကိုင်း ရှိုင်းသူများဖြစ်ကြ၏။ စိတ်သဘောကောင်းကြ သော်လည်း
အယူသီးမှုများရှိကြသည်။ စိုးဝင်းမောင်တခါ တနေ့မကောင်းစဉ်တုန်းကလည်း တလွဲဆန်ပင် ကောင်းခဲ့ကြသည်။
တောက် - နေမကောင်း တာများဆရာဝန်ခေါ်ကုမယ့် ဖြီးဂျက်သားနဲ့ဗေဒင်မေး ယတြာချေရတယ်တဲ့
ဟဲ့ကောင်လေးရော် - နတ်တွေဘိုးဘွားတွေကို မရိုမသေမလုပ်နဲ့ - တော်ကြာအရှင်ကြီးတွေ စိတ်ဆိုးယင်နင့်ကိုဒဏ်ခတ် လိမ့်မယ်
မကြာခဏဆိုသလို - ဘိုးတော်များထံသွားကြ ရသည်ကလည်း အမော.
သားရေ - ဘိုးတော်ဆီ သွားမလို့လိုက်အုံးမလား
ဟင့်အင်း
တနေ့
စိုးဝင်းမောင် - လူကလေး - ဒို့အိမ် ကိုဘိုးတော်ကြွလာတယ်ဟေ့ - နေရာထိုင်ခင်းလုပ်လေးပါသားရဲ့


အိမ်ရှိလူများနှင့် အနားနီးချင်း အိမ်များမှ ဘိုးတော်ကိုဂရု တစိုက်ပြုစုနေကြစဉ် -
အင်း - ဘိုးတော်ဆိုပါလား ဘာတွေများထူးခြားချက် ပြမလဲမသိဘူး - ငါးရက် တောင်နေမယ်တဲ့
ညဖက်တွင်
ဘုရားခန်းထဲမှာ မီးထွန်းပြီးပုတီး စိပ်နေပုံကတော့ကြည်ညိုစရာ -
သုံးရက်မြောက်နေ့တွင် စိုးဝင်းခေါင်တို့၏ အိမ်၌ထူးခြားလာ၏။
ကြည့်ပါအုံး - ကိုသံကဲ ကျမခေါင်းအုံးအောက်က ငွေ - နှစ်ထောင်တောင် - အံ့ရော
သူတော်ကောင်းသူမြတ်လောင်း - စိတ်နှလုံးဖြူစင်တဲ့ လူမျိုးတွေကို ဆိုင်ရာအစောင့်အရှောက်တွေက ကြည့်ရှုမစမြဲပဲကွဲ့ - မင်းနဲ့ ထိုက်လို့မင်းရတာ - သိမ်းထား သိမ်းထား
ဤသို့ဖြင့်ရပ်ကွက်ထဲတွင် စိုးဝင်းခေါင်တို့ အိမ်မှဘိုးတော်၏သတင်းသည်ကြီးထွား လာတော့သည်။
ကဲ - နက်ဖြန်ဆို - အဘအဓိဋ္ဌာန်ပြည့်လို့ပြန်ရမယ် မင်းတို့ကိုအမှတ်တရအနေနဲ့ အကျိုးပြုခဲ့ချင်တယ် မင်းတို့ဘာလိုချင်ကြလဲ ရှိပြီးစည်းစိမ် တိုးချင်ကြ သလား


လောဘသားများဖြစ် - စိုးဝင်းခေါင်မိဘများ နှင့်အိမ်နီးနားချင်းများသည် - ဘိုးတော် ညွှန်ကြားချက်အတိုင်း ရွှေငွေရတနာများ ကိုစာရင်းပြုပြီး အဝတ်တခုဖြင့် ထည့်ကြရ၏။
နောက်ထပ်မပူဆာကြနဲ့တော့ - ဒီတခါလုပ်လေးပြီးယင် ကျေနပ်ကြ - လောဘမတိုက်ကြနဲ့ - ပစ္စည်းသခင်ရ လူသခင်ရဘယ်မှာမှမဖြဲဘူး - တရားသဘောသိကြ ၈ - ဒီဂမုန်းဆေးလုံးလေးကျွေးပြီး ထားကြ
ပြီးလျှင် ဧည့်သည်များကိုအပြင်ထွက် ခိုင်းပြီး - ဘိုးတော်အခန်းဝင်တော့ သည်။
အပြင်တွင်စိုးဝင်းခေါင်နှင့်သူ့ငယ်ချင်းတစုတို့အလုပ် ရှုပ်နေကြ၏။
အား! အသံမထွက် စေနဲ့ - ခြေကိုဖွနင်းကွ
အထဲမှာဘိုးတော် ပုတီးစိပ်နေတယ် ကွ
ညဉ့် ၂ နာရီခန့်တွင်
ဟော - ကြားလား ဒီလုပ်ငန်းအောင်ပြီ ကွ - သွားကြစို့
စိတ်မဆိုးပါနဲ့ဘိုးတော်ရယ် - မ,စခဲ့ချင်တဲ့လူတွေ ကိုဘိန်းမျိုခိုင်းပြီး ခုလိုထွက်လာတာမကောင်းပါ ဘူး - မနက်ကျရင်ခန်းကိုဖွင့် ဆက်ပေးမယ် - ခုတော့ - ဒီပုံ အတိုင်းမိုးလင်းအောင် စောင့်အုံးလေ
ပြီး





ရှမ်းပြည်နယ်ရှိ မိုးဗြဲမြို့ကလေးကို အခြေပြု၍ မိုးဗြဲရေကာတာဟု အမည်တွင်သည်။ အထက်ဖက်ရှိ အင်းလေးကန်မှ စီးဆင်းလာသော ဘီလူးချောင်းရေကို မိုးဗြဲရေကာတာဖြင့် လှောင်သည်။ ထို မိုးဗြဲရေကန်ကြီးသည် အင်းလေးကန်ထက် သုံးဆမျှ ကြီးကျယ်သည်။ ရေကာတာနံရံ၏ အမြင့်ဆုံးနေရာ၌ ရေဂါလံပေါင်း ၁၈၂,၂၀၈ ခန့် လှောင်ထားနိုင်ပြီး အနိမ့်ဆုံးနေရာ၌ ရေဂါလံပေါင်း ၂၉,၆၄၀ ခန့် သိုလှောင်ထားနိုင်မည်ဟုခန့်မှန်းထားသည်။ ဤရေကန်ကြီးသည် စိုက်ပျိုးဧက ၂၅,၀၀၀ အတွက်ရေပေးသွင်းနိုင်မည် ဖြစ်သည်။ သို့သော် အဓိက လုပ်ငန်းအနေဖြင့် ဘီလူးချောင်းရေကို လျှပ်စစ်ဓာတ်အား ပိုမိုထုတ်ယူနိုင်ရန် စီမံကိန်းချပြီးလျှင် ၁၉၆၇ ခု ဧပြီလမှစ၍ အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သည်။

ရေကာတာကြီး တည်ဆောက်၍ ရေများကို ရေကန်ကြီးအဖြစ် လှောင်ထားလိုက်ခြင်းဖြင့် အင်းလေးနှင့် လွိုင်ကော်မြို့သို့ ရေလမ်းခရီး ဖွင့်ပေးနိုင်ခဲ့ပေသည်။ ဤရေကန်ကြီးမှဆက်၍ အောက်သို့ စီးဆင်းသွားသော ဘီလူးချောင်းသည် လောပီတသို့ ရောက်သောအခါ ရေတံခွန်အဖြစ် စီးဆင်းလေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

## နှစ်လရှိပြီ



# ကျီးမနိုးပွဲမှ ရလဒ်

မောင်မောင်ထွန်း (ပန်းတနော်)



ကြည်သိန်း၊ မျိုးမြင့်၊ လှသန်းနှင့် ကျွန်တော်တို့သည် ကိစ္စတခုကို စိတ်ပါဝင်စားစွာဖြင့် တိုင်ပင်နေကြပါသည်။ တခြားမဟုတ်ပါ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့ညတွင် ကျီးမနိုးပွဲကစားကြရန် ဖြစ်ပါသည်။

"လမ်းထိပ်ကွမ်းယာဆိုင်က ကြော်ငြာဆိုင်းဘုတ်ကြီး ဖြုတ်ပြီး လှဦးတို့အိမ် သွားချိတ်ထားမယ်။ ဘယ့်နှယ်လဲ"

"အေး— ကောင်းတယ်၊ နောက်ပြီး ဒေါ်ငယ်တို့ အိမ်က အုန်းပင်ကို တက်ပြီး အုန်းသီး ခိုးစားမယ်"

"ကောင်းတယ်ကွ၊ နောက်ပြီး ဒေါ်မခင်ပု အိမ်ရှေ့မှာ ထမိန် အလံထူမယ်ကွာ"

နောက်ဆုံး လပြည့်ကျော် (၁)ရက်နေ့ညတွင် ကြည်သိန်းတို့ အိမ်နောက်ဖေး၌ ဆုံရန် သဘောတူပြီး လူစုခွဲလိုက်ကြပါသည်။

× × ×

လပြည့်ကျော် (၁) ရက်နေ့ညတွင် ကြိုတင်ချိန်းဆိုထားသည့်အတိုင်း ကြည်သိန်းတို့ အိမ်နောက်ဖေး၌ အားလုံး ဆုံကြပါသည်။ အစီအစဉ်အတိုင်း ကွမ်းယာဆိုင်က ဆိုင်းဘုတ်ကိုဖြုတ်ပြီး လှဦးတို့ အိမ်တွင် သွားချိတ်ထားလိုက်ပါသည်။ ပြီးနောက် ဒေါ်ငယ်တို့ အိမ်သို့အုန်းသီးခိုးရန် လာခဲ့ကြပါသည်။ ဒေါ်ငယ်တို့ မိသားစုအားလုံး အိပ်မောကျနေပြီ ဖြစ်၍ ကျွန်တော်တို့လည်း ကမန်းကတမ်း အုန်းသီးတက်ပြီးနောက် ဒေါ်မခင်ပု အိမ်ရှေ့တွင် အဆင်သင့် ယူထားသော ထမီတထည်ကို အလံထူထားခဲ့ပါသည်။ ထို့နောက်ခိုးလာသော အုန်းသီးနှင့်အုန်းဆန်ပြုတ်ပြုတ် သောက်ရင်း တညလုံး အပျော်ကြီး ပျော်နေကြပါသည်။

× × ×

နောက်တနေ့ မနက် တွင် ကျွန်တော်၏ အိမ် သို့ ရဲသားများ ပေါက်လာကြပါသည်။ ကျွန်တော့်ကို မြင်လျှင်မြင်ချင်း ရဲကြပ်ကြီးက —

"မောင်စောဝင်း ဆိုတာ ငါ့တူဘဲလား"

"ဟုတ်ကဲ့— ခင်ဗျာ"

"ဒါဖြင့်— ငါ့တူ ရဲစခန်းကို ခဏ လိုက် ခဲ့ ပါ ကွာ၊ မေးစရာလေး နဲနဲရှိလို့ပါ။ မင်းအပေါင်းအသင်းတွေလဲ ပါပါတယ်"

လမ်းမသို့ လှမ်းကြည့်လိုက်သောအခါ ကြည်သိန်း၊ မျိုးမြင့်နှင့် လှသန်းတို့ကို ရဲသားများ အလယ်တွင် မျက်နှာငယ် ကလေးတွေနှင့် ရပ်နေကြသည်ကို တွေ့ရပါသည်။

"ကျမသားလေးမှာ ဘာအပြစ်ရှိလို့ပါလဲ အကိုကြီးရယ်"

အမေက မျက် ရည် လေး စမ်းစမ်းဖြင့် မေးပါသည်။

"မစိုးရိမ်ပါနဲ့ အမေရယ်၊ ကျွန်တော် ဘာမှ မဖြစ်ပါဘူး၊

ခဏ လိုက် သွား ပြီး ပြန်လာ မှာပါ”

အမေ စိတ်ချမ်းသာအောင် ကျွန်တော်က ဖြေသိမ့်လိုက်ပါသည်။

“လူလေးတွေ ကြည့်တော့ ၁၃ နှစ် ၁၄ နှစ်လောက် ရှိအုံးမယ်၊ ခိုးတတ်ဝှက်တတ်ကြတာ လဲလွန်ပါရောလား”

“ဟယ်– ဟုတ်ချင်မှ ဟုတ်မှာပါ၊ ဒီအရွယ်လေးတွေနဲ့ လုပ်မယ် မထင်ပါဘူး”

ကျွန်တော်တို့ ရဲစခန်းသို့ ထွက်ခွာလာကြစဉ် နောက်ပိုင်းမှ လူတွေဝိုင်း၍ ပြောသံများကို သဲ့သဲ့ကြားခဲ့ရပါသည်။

× × ×

ရဲစခန်း ရောက်သောအခါ စခန်းမှူးက စတင်၍ –

“ကဲ– မင်းတို့ညက ဒေါ်ငယ် ခြံထဲဝင်ပြီး ဘာလုပ်ကြသလဲ”

ကျွန်တော်တို့သည် တယောက်မျက်နှာ တယောက် ကြည့်ရင်း ဘာဖြေရမှန်း မသိ ဖြစ်နေကြပါသည်။

“ဟေ့– မင်းတို့ မေးနေတာ မကြားဘူးလား”

“ဗျာ– ဟုတ်–ဟုတ်ကဲ့၊ ညက ကျွန်တော်တို့ ဒေါ်ငယ်ခြံထဲဝင်ပြီး အုန်းသီး တက်စားကြပါတယ်”

ကျွန်တော်က အရဲစွန့်၍ ပြန်ဖြေလိုက်ပါသည်။ ထိုအခါ စခန်းမှူးက မျက်မှောင်ကြုတ်၍–

“ဒါဘဲလား၊ နောက် ဘာ လုပ်ကြသေးလဲ”

ကျွန်တော်လည်း ကြောက်ကြောက်နှင့် ကျီးမနိုးပွဲ ကစားခဲ့ကြပုံကို ဖွင့်ပြော လိုက်ပါသည်။

“ကောင်းပေါ့ကွာ– မင်းတို့က ပျော်လို့ ကျီးမနိုးပွဲကစား၊ သူခိုးကဒါကို အခွင့်ကောင်းယူ၊ ဒေါ်ငယ်တို့ အိမ်ပေါ်တက်ပြီး ခိုးသွားတယ်။ မနက်က လာတိုင်တော့ ညကမင်းတို့ ခြံထဲဝင်တာကို ပွဲက ပြန် လာ တဲ့ ဦးခင်ညွန့်ကတွေ့လို့ မင်းတို့ကို ခေါ်မေးနေရတာဘဲ။ အေး– ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ တာဝန်အရတော့၊ မင်းတို့အားလုံး အချုပ်ခန်းထဲ ဝင်နေကြအုံးပေါ့ကွာ။ ဦး တို့ ထပ်ပြီး စုံစမ်းလိုက်အုံးမယ်”

ထိုစကားကို ကြားရသောအခါ လမ်းတွင် ကျွန်တော်တို့ကို ကြည့်၍ ဝေဖန် လိုက်ကြသော စကားများကို သဘောပေါက်မိ ပါ တော့ သည်။ နောင် တ လည်း ရမိပါသည်။ ရှက်လည်း ရှက် မိ ပါ သည်။ သူ တ ပါး အား အနှောင့် အယှက် ပေးမှု ပျော်ရွှင်ရသော ကစားနည်းကို နောက်နောင်ဘယ်တော့မှ မကစားကြရန် ကျွန်တော်တို့အားလုံး တ ယောက် မျက် နှာ တ ယောက် ကြည့်ရင်း စိတ်ထဲမှ ကျိတ်၍ ဆုံး ဖြတ် လိုက်ကြပါ သည်။

# ဒီဇင်ဘာလ

ဒီဇင်ဘာလ ရောက်လာပြီ၊
အားကစားလရာသီ။

အပြုံးကိုယ်စီ ဆင်မြန်းလို့၊
စုပေါင်းလမ်းလျှောက်စို့။

စိုထွက်လာမဲ့ ချွေးစက်တွေ၊
ငါတို့မမှုပေ။

တပြည်လုံးမှာ ရပ်မနား၊
ပြည်သူ့အားကစား။

နှင်းပွင့်များက မှုန်ရီဝေ၊
ဖွဲဖွဲကျကာနေ။


ချမ်းပလေစေ တုန်ခိုက်စမ်း၊
ငါတို့မမှုတမ်း။ ။

ကျော်လွှမ်းဝေ (မန္တလေး)



R. 517

# စနိုက်




စနိုက်ငှက်ကို အချို့အရပ်ဒေသတွင် ရေငုံးဟု ခေါ်ကြသည်။ စနိုက်၏ ကိုယ်အလျားမှာ ၁၁ လက်မခန့် ရှိသည်။ စိမ့်မြေများရှိ အပင်များကြားမှ ရုတ်တရက်ပေါ်ထွက်ကာ စူးရှစွာ အော်ရင်း ပျံတက်သွားသည်ကို တွေ့ရတတ်သည်။ ပျံသန်းရာ၌လည်း အမြင့်ပိုင်းတွင် ဟိုကွေ့သည်ကောက်နှင့် လျင်မြန်လှပေသည်။

"စကက် - စကက်" သို့မဟုတ် "ပင့်" ဟူ၍ အော်မြည်တတ်ပြီး အသံမှာစူးရှ၍ နှာခေါင်းသံပါသည်။

များသောအားဖြင့် ရွှံ့နွံထူထပ်သောနေရာ ရေစပ်တို့၌ စနိုက်တို့ကို တွေ့ရသည်။ ဆောင်းတွင်း မုရင်းစပါး စိုက်ပျိုးရာ လယ်ကွင်းပြင်များနှင့် ကန်ချောင်းတို့ အနီး စွတ်စိုထိုင်းမှိုင်းသော နေရာများတွင် ကျက်စားလေ့ရှိသည်။ ပူအိုက်သော နေ့ခင်း နေ့လယ်တွင် အကာအကွယ်တခုခုအောက်၌ အနားယူနေတတ်သည်။ နံနက်ခင်းနှင့် ညနေခင်းများတွင် ဖျတ်လတ် ပေါ့ပါးစွာဖြင့် အစာရှာဖွေ စားသောက်သည်။ အပင်များမှ အစေ့များကို၎င်း၊ တီကောင် ပိုးကောင်တို့ကို၎င်း စားသောက်တတ်သည်။ မိမိနှစ်သက်၍ ရွေးချယ်ပြီးသောနေရာကို စွန့်ခွာလေ့မရှိ။ အမြင့်တွင် ပတ်ချာလှည့်၍ ပျံဝဲကာ အော်မြည်ရင်း သူ၏ နားနေရာကို ပြန်ရှာတတ်သည်။

စနိုက်သည် မြန်မာနိုင်ငံ၌ အမြဲမနေပဲ ဆောင်းရာသီ၌သာ အများအပြား လာရောက်၍ ကျက်စားသော ငှက် ဖြစ်လေသည်။

စိုးလွင်မြင့်



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ဝ၁၂ဝ၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဝဝ၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၅၀။

# ရွှေသွေး ဂျာနယ်

ဇာတ်ကြောင်း ဆောင်းခန်း

ပန်းချီ ဦးဘကြည်

၁၃၃၆ ခု၊ နတ်တော်လဆန်း ၁ ရက် (၁၄-၁၂-၇၄)


ရှေးသရောအခါ ဘဏ္ဍာပစ္စည်းကြွယ်ဝ၍




ခိုးသားခားပြဘေးမှ လွတ်ကင်းသော တိုင်းပြည်တပြည် ရှိလေသည်။





ဘုရင်ကြီးသည် အတိုင်းတိုင်းအပြည်ပြည်မှ ဆက်သသော မိဖုရားများစွာနှင့်အတူ စိတ်ကူးရသမျှသော လောကစည်းစိမ်ဟူသမျှကိုသာ အားပါးတရ ခံစားလျက်စံနေ၏။






စနေနေ့တိုင်း ထုတ်ဝေသည်။


ဤသို့ စည်းစိမ်ယစ်မူးခံစားလျက်ရှိရာမှ တနေ့သောအခါဝယ် စဉ်းစားမိ၍—
လူတိုင်း လူတိုင်းကို တနေ့ကျယင်-သေမင်းရဲ့ ကြမ်းကြုတ်တဲ့ လက်ကြီးနဲ့ လာဆွဲမှာဘဲ--- ဒီသေဘေးမှ ဘယ်သူမှ မလွတ်ဘူး ----
မိဖုရားများကို အပါးသို့ခေါ်ကာ ၎င်းယိုပြောဆိုသဖြင့် မိဖုရားတပါးက ပြက်ရယ်စကားဖြင့် အကြံပေးလေသည်ကို—
---တနေ့ကျ -ငါကိုယ်တော် နတ်ရွာစံယင်- အချောအလှ တို့နဲ့ ကွေကွင်းရတော့မှာဘဲ.. -------ရွတ် ရွတ်.
ဘုရားတော် ရှုပါနဲ့ဗျား- မသေဆေး စားထားယင်-ပြီးတာဘဲ
အိမ်း ဟုတ်ပေသား ကဘဲ။ ဟဲ ဟဲ။ ယေပေမဲ့ ခိတ်ကူးဉါဏ် -တယ် ထက်မြက်ပေသကိုး။ ဒါကြောင့် ချစ်မက်တော်မူရတာဘဲ-ဟဲ ဟဲ
ခစ်ခစ်
ခစ်ခစ်
ခစ် ခစ်
ထို့ကြောင့် နောက်တနေ့တွင် မောင်းကြေးနင်းလည်ခတ်စေလေသည်။
တိုင်းသူပြည်သား လူအများတို့လေး။ မသေဆေးကို-ဖော်စပ်တတ်သော ပညာရှင် ဗိဇ္ဇါများ-ရှိပါက-ရွှေနန်းတော်သို့ ကြွရ၍ ပင့်ဖိတ်လိုက်သည်။ လိုအပ်သော ပညာ့တန်ဖိုးကို-ချီးမြှင့်တော်မူမည်- ထီးဘုရား အမိန့်တော်------
ဒုံ
ဒုံ
ဒုံ
ဆရာပေါင်း တရာခန့်ရောက်လာသဖြင့် ဘုရင်ကြီးက မေးမြန်းတော်မူရာ
မှန်လှပါ---ဆေးဖော်ရန် လိုအပ်သော -ရွှေသံ-ရေသံ-ပြဒါး-ခဲဆေးဒန်း-ဖါးဖို-မီးသွေး-လုံ့ချိုးစုံနှင့် ဆက်စပ်ရာ ပစ္စည်းများနှင့်တကွ -ဆိပ်ငြိမ်ရာ-နေရာ-ရရှိပါက- ကျွန်ုပ်မသေဆေးကိုဖော်စွမ်းနိုင်မည်-ပုံကြသည်ကြောင်းပါဘုရား---
အိမ်း -ကောင်းကပြီ- လိုအပ်သောပစ္စည်းများကို သက်ဆိုင်ရာဌာနမှ အမြန် ထုတ်ပေးစေဗျား---
ဘုရင်ကြီး အမိန့်တော်အရ ပြဒါးဘက်၊ သံဘက်၊ အင်းဘက်၊ ဆေးဘက်ဟု ဌာနများ သတ်မှတ်ပေးကာ အလုပ်စစေလေသည်။



သုံးလမျှ ကြာသောအခါ ဆေးဒန်းဆရာတ ယောက်သည် ကာယသိဒ္ဓိရှိသော ခါတ်လုံး တလုံးအောင်ခဲ့၍ ဘုရင့်ရှေတော်ဝင်ပြီး
အရှင်မင်းကြီး - ကျွန်ုပ်ခါတ်လုံး ကို - ဆောင်ထားပါက မသေနိုင်တော့ပါ ဘုရား
အိမ်း - ကောင်းကပြီ လက်တွေ့ပြလော့.
ထိုကြောင့် ခါတ်လုံးကို ခါးတွင် စည်းပြီး လက်နက်မျိုးစုံဖြင့်ထိုးခုတ်သတ်ပစ်စေရာ ထိရှ ရာပင်မရှိ ပကတိအတိုင်းရှိ၏။
ရောဂါဝေဒနာသည်များကိုခါတ်လုံးနှင့် စမ်း သပ်ကြည့်ရာ တို့ရုံဖြင့် ပျောက်ကင်းကြ၏။
ဘုရင် ကိုယ်တော်တိုင် စမ်းသပ် ပြန်လည်း မသေနိုင်သည်ကို သိရသဖြင့်—
ကိုင်း - ခါတ်လုံး တဝက် - အသားထဲ မြှုပ် ထားပြီ။ ဓါး - လှံ - လက်နက်များ နဲ့ - ထိုးကြ - ခုတ်ကြစမ်း ငယ်ကျွန်တို့ ...
လူမိုလ်ပါအလယ်၌ ဆရာအားချီးကျူးပူဇော် ၍ အသပြာ ထောင်ထုပ်နှင့်တကွ—
ဆရာအလိုရှိသော ဗိုဝင်ပစ္စည်း မျိုးစုံတို့ဖြင့် လိုရာအရပ်သို့ ပို့စေလေသည်။


ဘုရင်ကြီးသည် ခေတ်လုံးရသည့်နေ့မှစ၍ အတိုင်းထက်အလွန် ရွှင်ပျော်မြူးလျက်ရှိရုံမက
ဟား ဟား
ဟား ဟား
ဟီး ဟီး
ဟေး ဟေး
တိုင်းတပါးမှ ဆက်သသော မင်းသမီးများလည်း ပိုမို၍လက်ခံလျက်ရှိလေသည်။
သို့သော် ရက်လများ ကြာလေသော် သူ့အတွက် သစ်ဆန်းခြင်းမရှိတော့ချေ။
ထို့ကြောင့် မောင်းခတ်ကြေညာစေပြန်၏။
လူ့လောက၌ မရှိသေးသော ထူးဆန်းသစ်လွင်သော အဆန်းကို ကြံဆောင်ပေးနိုင်သူများအား ဆုငွေတော် ချီးမြှင့်တော်မူမည် — ဘုရင့်အမိန့်တော်
ဆိုက်ရောက်လာသော ပညာရှင်များအား တဦးစီ လျှို့ဝှက်မေးမြန်းတော်မူသော်—
မှန်လှပါ - အရှင်မင်းကြီးတွင်
မည်မျှပင် များပြားလှသော -
ဖြူသော - ညိုသော - ဝါသော -
သွယ်သော - မြင့်သော - နိမ့်သော -
လှသော မိဖုရားများ ရှိသော်လည်း
တန်ခိုးရှင်
စသည်တို့
မပါရှိသေးပါ
ဘုရား----



ဟော-ဒီမင်း— ဟုတ်ကလား၊ ဆောင်ဖင်း ကိုယ်တွေ့လား;
မဟုတ်ကြောင်းပါဘုရား---- အရှင် ဆင်းကြီးတို့လို--ဘုန်းရှင်-ကံရှင်၊ ပါရမီရှင်-ဘုရင်များ အတွက်သာ --------
အော - သိကြလိုဆိုယင် ဒီဟာမ လေးတွေ ရှိတဲ့ နေရာကို အမြန်တင်လော့.
အတိုက်ကို တွေ့နိုင်ခဲ့သည့်နေရာ အတိအကျ မသိသော်လည်း... --အဲ---အဲ---ထိုထိုသော ကျမ်းစာပေစာများတွင် ရှာလျှင်--အဲ-- ---အဲ
သယ် - ရှိုင်းလိုက်လေ---- ဒီ မျိုးသားကို-ထောင် သွင်း အကျဉ်းထား စေများ ---
တောက် - အလကား လာနှောင့် ရှက် တာကိုး--- ဟင်း----
ဒုတိယ အကြံပေး ပညာရှင်ကိုမေးရာ-
အော်-- ဒီ ပညာရှင် ဆိုတာက ပေါက်မျိုး ပါကလား..... ကဲကဲ - ထူးခြားတာရှိယင် - တင်လော့---- မိရှရာ အကြောင်း တော့ - မပြောနဲ့ - ဒါဘဲ။
မှန်ပါ ဘီယား၊ မြေကြီး က ဥတီဘွား ရှုတို့ အမြဲစား ၏ အားလဲဖိ - စည်းစိမ်လဲဖိတဲ့ ဥစ္စာ အကြောင်းပါ-ဘီယား
အားလဲရှိ-စည်းစိမ်လဲရှိတဲ့ အဟာရ ဆိုပါလား---- တင်စမ်း မြန်မြန်
ရေခဲတောင်ပေါ်က - မချစ်ဥက - တီမျိုး
ကိုးလီးယား မြေက - ဂျင်ဆင်းမြစ်က - တီမျိုး
အဏ္ဏဝါ ဖျံ့ရိုက - တီမျိုး
ဟိမဝန္တာ ဆတ်ချိုနုက - တီမျိုး
ကျောက်ဂူ - ငှက်သိုက်က - တီမျိုး
စပယ်ကြီး စဲ မြေက - တီမျိုး
စစ်ခေါင်း ပျားကြီးရေက - တီမျိုး
မဟာ တော်ဝင် ပလန်နဂါက - တီမျိုး



အင်း — အမိုးတန် ပစ္စည်းတွေကြီးဘဲ ---
-----အားလုံး - ရောပြီး - ရောင်းကိုးထဲ ထဲ့---တောကြီး ခေါင်ရေစိမ်း၊ အိုးကို အာနာပိတ် - ရေအောက် သယ်တောင် - မြေတွင်းငါတောင် မှာမြှုပ် - လေးနှစ်တိတိထား ပြီးမှ ---
ဟော် - တန် - တိတ် --- ဘယ်ကလာ လေးနှစ်တောင် စောင့်နိုင်ရမှာလဲ---- အခု လတ်တလော အရေးတကြီး လိုချင်တယ် ဆိုနေတာ --- တောက် -- သူ့ကိုလဲ ထောင်သွင်း အကျဉ်းထားစေ ------
အဖြီးသတ်တော့ အရက်တဲ့ ထွီ —
ခေါက်တယောက် - ခ စားစေ --- မိန်းမနဲ့ အရက် အကြောင်း မဟုတ်ယင် - တင်----မှန်မှန် ---
မှန်လှပါ ဘုရား —
ရေးကံကြီး တခု တူး၍ - ရေမြည်စေလျက်
ကြာမျိုးငါးပါး - ပွင့်စေလျက်----
ငွေသောင်ယံ - ထွန်းစေလျက်---
မြစ်တွေး - ဖင်ယော် - ဖြူးစေ၍---
ငှက်တော် - ကြိုးကြာ - ကြူးရင့်စေ၍---
လိပ်ပြာတွေ - ပျံဝဲစေ၍----
မြည်ပြီတဲ့
ပွင့်ပြီတဲ့
ထွန်းပြီတဲ့
ဖြူးပြီတဲ့
ရင့်ပြီတဲ့
ဝဲ မနေနဲ့တော့
ဘီတာကြီး တယုဒ်နဲ့ ပညာရှိ လာလုပ်တါကိုး ---- ထောင်သွင်း အကျဉ်းကျစေများ
ဒေါသကြီးသည်ထက် ကြီးလာသော ဘုရင်ကြီးသည် အားမလိုအားမရဖြစ်ကာ—
တောက် — ဒီစည်းစိမ်တွေ - နေ့တိုင်းနေ့တိုင်း ခံစားနေရတော့ ----- ခံတွင်း တွေကလဲ - အရသာ မသိ၊ နားတွေကလဲ - ဂီတသံမသိ၊ မျက်စိ တွေကလဲ - အလှအပ မသိ၊ နှာခေါင်းတွေကလဲ - မွှေးရနံ့မသိ၊ ခြေဖဝါးတွေကလဲ အလကားဘဲပါကလား ----
သေလိုသောစိတ် ဝင်လာပြီး တပါးတည်းအခန်းထဲဝင်ကာ လည်ပင်းကိုဖြတ်ကြည့်၏။
သေတာတဲ့ ကောင်းတယ်
မပြတ်
သေမင်းကို အသံကုန်ဟစ်၍ ခေါ်ကြည့်၏။
သေမင်းရေ လာခေါ်ပါတော့
မလာ
တိုင်နှင့်ခေါင်း ဆောင့်ခွဲ၏။
မကွဲ




နေဖြူကျော်ထွန်း၏ "ဗိမိုးနင်း၏ ဝတ္ထုကို အတတ်ပညာ" စာအုပ်မှ

လောကစည်းစိမ်ဝတ္ထုကိုမှီး၍ ရေးဆွဲပါသည်။ (ပုံ) ဘကြည်

ပြီး

# မာနကြီးသူ၏ (မွန်ပုံပြင်) အဆုံး

• ရေးရေ ဦးလှ

• ပန်းချီ ငွေကြည်

ရှေးအခါက မြို့တမြို့အနီးရှိ ဆင်ခြေဖုံးရွာတရွာတွင် ထင်းရောင်း၍ အသက် မွေးသော ထင်းခုတ်သမားတဦး ရှိလေသည်။

တနေ့တွင် ထင်းခုတ်သမားသည် အကိုင်းအတံများ ထိုးထိုးထောင်ထောင် ဖြစ်နေသော ထင်းတစည်းကို ထမ်း၍ မြို့ဈေးသို့ သွားလေသည်။ ဈေးအတွင်း ကျဉ်းမြောင်းသောလမ်းတွင် ဈေးဝယ်သူများ ပိတ်ဆို့နေသဖြင့် "နဲ့နဲ့လောက် လမ်းဖယ်ပေးကြပါခင်ဗျာ၊ နဲ့နဲ့လောက် လမ်းဖယ်ပေးကြပါခင်ဗျာ" ဟု အော်ကာ ဈေးအတွင်းသို့ ဝင်သွားလေသည်။





ထင်းရောင်းသမား၏ အသံကို ကြားသူအချို့က ထင်းရောင်းသမား ဝင်လာနိုင်ရန် လမ်းဖယ်ပေးကြလေသည်။

သို့သော် ထိုမြို့၌ ပစ္စည်းဥစ္စာအတော်အသင့်ရှိ၍ မာနကြီးလှသော လူဝကြီးတယောက်ကမူ ထင်းရောင်းသမား အော်ကတန်းစား၏ စကားကို ဂရုစိုက်စရာမဟုတ်ဟု အရေးမလုပ် လမ်းမဖယ်ပေးပဲ နေသည်။ ထင်းရောင်းသမားအဖို့ မည်ကဲ့သို့မျှသူ့ကိုလွတ်အောင် ရှောင်ကွင်းသွားစရာ လမ်းမရှိဖြစ်နေသည်။ သို့နှင့် ထင်းရောင်းသမား၏ ထင်းကိုင်းများသည် လူဝကြီး၏ အင်္ကျီနှင့်ချိတ်မိပြီး လူဝကြီး၏ အဖိုးတန်အင်္ကျီ စုတ်ပြဲသွားလေတော့သည်။

မာနရှင်လူဝကြီးသည် ထင်းရောင်းသမားအား များစွာ စိတ်ဆိုးလေသည်။ ထို့ကြောင့် ထင်းရောင်းသမားအားဖမ်းဆီးကာ မြို့ဝန်ဆီသို့ ဆွဲခေါ်သွားလေသည်။

မြို့ဝန်ဆီရောက်သောအခါ "ဤထင်းရောင်းသမား လူရမ်းကားသည် မိမိကို မထီလေးစားပြုပြီး ဤမျှ အဖိုးတန်သော အင်္ကျီကို စုတ်ပြဲအောင်ပြုလုပ်သဖြင့် ထိုက်သင့်သောအပြစ်ကို ပေးပါ" ဟု စွဲချက်တင်လေသည်။

မြို့ဝန်သည် ထိုစွဲချက်ကို လက်ခံလိုက်ပြီး

ထင်းရောင်းသမားအား "မည်သည့်အတွက်ကြောင့် ဤပုဂ္ဂိုလ်ကြီး၏ တန်ဖိုးကြီးလှသော အင်္ကျီကို ပျက်စီး စုတ်ပြတ်အောင် လုပ်ရပါသနည်း" ဟု စစ်မေးလေသည်။

ထင်းရောင်းသမားသည် မြို့ဝန်၏ ရှေ့တွင် ကျုံ့ကျုံ့ထိုင်ကာ ဘာမျှ စောဒကမတက်ပဲ နေလေသည်။ အကြောင်းမှာ ထင်းရောင်းသမားသည် "မိမိကြောင့်သာ ဖြစ်ရသည်၊ တကယ်လည်း ထိုပုဂ္ဂိုလ်၏အင်္ကျီမှာ စုတ်ပြဲရိုးမှန်သည်၊ မိမိအတွက် လွတ်ချက်မရှိ၊ ပေးသမျှ အပြစ်ကိုသာ ခံရမည်" ဟု ဆုံးဖြတ်လျက် တိတ်ဆိတ်စွာ နှုတ်ပိတ်နေခြင်း ဖြစ်လေသည်။

မြို့ဝန်က မေးခွန်းပေါင်း မြောက်မြားစွာ မေးပါသော်လည်း ထင်းရောင်းသမားက စကားတခွန်းမျှ ပြန်လည်မပြောသောကြောင့် မြို့ဝန် ဒေါသထွက်လာလေသည်။

ထို့ကြောင့် မာနရှင်အား "သင်သည် ဤသို့ စကားမပြောသော သူကို တရားခံအဖြစ် ဘာ့ကြောင့် ငါ့ထံခေါ်လာသနည်း၊ သင်ရှုံးလေသလော" ဟု မြို့ဝန်က အပြစ် တင်လေသည်။

ထိုအခါ မာနကြီးသောသူက "မြို့ဝန်မင်းခင်ဗျား၊ ဒီလူဟာ စကားမပြောတတ်သူမဟုတ်ပါ။ ဒီလူ စကားပြောသည်ကို ကျွန်တော့် နားနှင့် ဆတ်ဆတ် ကြားခဲ့ရပါသည်၊" ဟု ပြန်၍ ပြောလေသည်။

ဤတွင် မြို့ဝန်က "ဒီလူစကားပြောသည်ကို သင် နား နှင့် ဆတ်ဆတ်ကြားရသည် ဆိုလျှင် ဒီလူ မည်သည့်စကားများ ပြောသည်ကို သင် ကြားခဲ့ပါလဲ" ဟု မေးလေသည်။ ထိုအခါ မာနရှင်လူဝကြီးသည် သူကြားခဲ့ရသည့်အတိုင်း "နဲ့နဲ့လောက် လမ်းဖယ်ပေးကြပါခင်ဗျာ၊ နဲ့နဲ့လောက် လမ်း ဖယ် ပေး ကြ ပါ ခင် ဗျာ လို့ လူ





အများရှေ့ ဈေးလယ်ခေါင်မှာ ပြောခဲ့သည်ကို ကြားရပါသည်" ဟု ပြန်ပြောလေသည်။

ထိုအခါ မြို့ဝန်က "သည်အတိုင်းဆိုလျှင် ထင်းရောင်း သမား၏ အပြစ် မဟုတ်၊ သင် တရားလို၏ အပြစ်သာဖြစ်သည်၊ ထင်းရောင်း သမား က နဲ့နဲ့လောက် လမ်း ဖယ် ပေး ကြ ပါ ခင်ဗျာဟု ပြောပါလျက် သင်ကဖယ်မပေးပဲ နေသောကြောင့်သာ သင်၏အင်္ကျီ ထင်းကိုင်းနှင့် ငြိ၍ စုတ်ပြဲသွားရခြင်းဖြစ်သည်၊ စင်စစ် ထင်းရောင်း သမား ၏ အ ပြစ် မ ဟုတ်၊ ဤအမှုကို ပ လပ် စေ" ဟု ဆုံးဖြတ်လိုက်လေသည်။




လက်ပံမြိုင်သား
မောင်လည်ရစ်
ဇာတ်လမ်း/ ရှုရှု
သရုပ်ဖော်—
လက်ပံမြိုင်ထဲမှာ သစ်တောက်ငှက်လေး မောင်လည်ရစ်နဲ့ တွေ့ဆုံရင်းနှီးပြီး မိတ်ဆွေဖြစ်ကြတယ်။
အားမနာနဲ့နော်၊ ကူညီခွင့်ကြုံလို့ ကူညီရတာဘဲ၊
အေးဗျာ၊ ခင်ဗျားနဲ့ တွေ့လို့၊ ဒီလွှမကျော်တာဘဲ၊ ကျေးဇူးတင်ပါတယ်ဗျာ၊
တခါတုန်းက "ရှားတောရွာသား" သစ်တောက်ငှက်လေး မောင်ထိပ်နီဟာ လေပြင်းတိုက်ခတ်တဲ့ တညနေမှာ မျက်စိလည်လမ်းမှားပြီး "လက်ပံမြိုင်တော" ထဲရောက်သွားတယ်။
မောင်လည်ရစ်က လက်ပံမြိုင်တောအနှံ့ လိုက်လံပြသပြီး သူ့ အပေါင်းအသင်းတွေနဲ့ မိတ်ဖွဲ့ပေးတယ်။
ကျုပ်တို့ကလဲ ခင်ပါတယ်၊ ဒီမှာ ပျော်ပျော်သာနေပါ၊ ဘာမှ အားမငယ်ပါနဲ့
ဝမ်းသာပါတယ်ဗျာ၊
မောင်လည်ရစ်နဲ့ မောင်ထိပ်နီတို့ဟာ လက်ပံပင်က ကပ်ပိုးတွေကို နှုတ်သီးနဲ့ခေါက်ပြီး တပျော်တပါး စားသောက်ကြတာပေါ့။
အားမနာနဲ့နော်၊ ဒီမှာ အစားအစာ ပေါပါတယ်၊
ဟုတ်ကဲ့
လက်ပံသားဟာ အနှစ်မရှိ ပျော့ပြီး ပေါပါးတော့ ရှားတောရွာသား မောင်ထိပ်နီအဖို့ စားရေးသောက်ရေးမှာ အပန်းမကြီးဘဲ လွယ်ကူတာပေါ့။
ဒေါက်
ဒေါက်
ရက်အတော်ကြာတော့ မောင်ထိပ်နီဟာ လက်ပံမြိုင်က သူငယ်ချင်းတွေကို နှုတ်ဆက်ပြီး ရှားတောရွာကို ပြန်သွားတယ်။
ရှားတောရွာကိုလဲ၊ လာလည်ကြပါဦး၊ ကျနော် အမြဲမျှော်နေမှာဘဲ၊
တာ့ တာ


တနေ့တော့ လက်ပံမြို့က မောင်လည်ရစ်တို့ သူငယ်ချင်းတစုဟာ ရှားတောရွာကို အလည် ရောက်လာကြတယ်။
မောင်ထိပ်နီကလဲ မောင်လည်ရစ်တို့တစုကို ရှားတောအနှံ့ လိုက်ပြပြီး သူ့ သူငယ်ချင်းတွေနဲ့ မိတ်ဖွဲ့ပေးတယ်။
ဟာ၊ မျှော်နေတုန်း ရောက်လာတာကိုး၊ ဝမ်းသာပါတယ်ဗျာ၊
ဝိုဟား
မောင်ထိပ်နီ ပြောပြလို့ ကျုပ်တို့ကလဲ ခင်မင်ပြီးသားပါဗျာ၊
ရောက်တဲ့အခါ အေးအေးဆေးဆေး နေသွားပေါ့ဗျာ၊
ဟုတ်ကဲ့
စားချိန် ရောက်တော့ မောင်ထိပ်နီဟာ ဧည့်သည်တွေကို သက်တောင့် သက်သာ အနားယူစေပြီး။
ရှားတောရွာမှာ ကြီးပြင်းလာတဲ့ မောင်ထိပ်နီအဖွဲ့ရှားသားက ဘယ်လောက်မာမာ သူ့နှုတ်သီးတွေဟာ အကျင့်ရနေလို့ မနာတော့ဘူးပေါ့။
ရှားသားဟာ အနှစ်ပြည့်ပြီး အစွမ်းမာကျောတဲ့ အတွက်၊ ကိုလည်ရစ်တို့ အဖို့ အကျင့်မရှိယင်၊ နှုတ်သီးတွေ နာကျင်မှာဘဲ၊ ဒါတော့ ငါကိုယ်တိုင် အစာရှာပြီး ကျွေးမယ်၊
ဧည့်သည်တွေကို တဝကြီး ကျွေးရမယ်၊
မောင်ထိပ်နီဟာ သူရှာလာသမျှ အစားအစာတွေနဲ့ တပျော်တပါး တည်ခင်းဧည့်ခံပေမဲ့ မောင်လည်ရစ်ဟာ အတော် မကြေမချမ်းဖြစ်နေတယ်။
မောင်လည်ရစ်ဟာ ဧည့်ခံပွဲမှ တကောင်ထဲ ထပျံသွားတယ်။ အားလုံးက ဝိုင်းတောင်းပန်ပေမဲ့ မရဘူး။
တောက်!! သစ်တောက်ငှက်ချင်း အတူတူ၊ နှုတ်သီးရှိတာချင်း အတူတူဖြစ်ပါရက်နဲ့၊ ငါစားဘို့ အစားအစာကို သူကိုယ်တိုင်ရှာပေးတာဟာ ငါ့ကို အထင်သေးပြီး အများရှေ့မှာ နှိမ်လိုက်တာဘဲ၊ ငါ့ကို သက်သက်အရှက်ခွဲတာဘဲ၊
ဟင်၊ ကိုလည်ရစ် စားလေဗျာ၊ ဘယ်ကိုသွားမလို့လဲ၊
ပြန်မလို့ဗျ၊



မောင်ထိပ်နီဟာ နားမလည်နိုင်အောင် ဖြစ်သွားတယ်။
ဘာဖြစ်လို့ ပြန်မှာလဲဗျာ၊
ဒီမှာထိပ်နီ၊ ညီဆိုရင် မင်းရောက်လာတုန်းက၊ လက်ပံသားခေါက်တွေရင်၊ မင်းကိုယ်တိုင် ရှာပြီး အစာရှာခဲ့တာဘဲမဟုတ်လား၊
မင်းဆီရောက်မှ၊ ညီကိုယ်တိုင် ရှာခွင့် မပေးဘဲ မင်းကိုယ်တိုင် ရှာဖွေးတာဟာ မင်းလောက် အစွမ်းအစ မရှိဘူးဆိုပြီး နှိမ်လိုက်တာဘဲ မဟုတ်လား၊
ကျေနော်ရှင်းပြ ပါရစေဦး၊
မလိုပါဘူး၊ အေး-မင်းမှာချည်း အစွမ်းရှိတာမဟုတ်ဘဲ၊ ငါ့မှာလဲ အစွမ်းရှိကြောင်း၊ မင်းသိအောင်ပြရဦးမှာပေါ့ကွာ၊ ဓဲ-လာလေ့
ဟင်
မောင်လည်ရစ်ဟာ မခံချင်စိတ်နဲ့ ရှားပင်ကြီး တပင်ဆီကို ပျံသွားပြီး ရှားသားကို နှုတ်သီးနဲ့ အားရပါးရ ခေါက်လိုက်တယ်။
ခေါက်
လက်ပံပွင့်ကပေါ့ပါးတဲ့ အသားပွပွမှာ ခေါက်နေကျဖြစ်တဲ့ မောင်လည်ရစ်ဟာ ရှားသားကို ခေါက်မိတာနဲ့ အသံနိုက်မတတ် နာကျင်သွားတယ်။
အား၊ နာလိုက်တာ တောက်၊ ဘာသားလို့လဲ၊ တခါမရ ဖြစ်ခါပေါ့၊
မခံချင်စိတ်နဲ့ ရှက်စိတ် ဝင်နေတဲ့ မောင်လည်ရစ်ဟာ နောက်မတွန့်ဘဲ ဆက်ခေါက်လိုက်တဲ့အခါ—
ဟာ၊ မောင်လည်ရစ်ရဲ့ နှုတ်သီးက၊ သွေးတွေ ထွက်လာပါပကော၊
ကိုမလေးဗျ
အင်း၊ မေတ္တာရှိတလွဲ ထင်ပြီး၊ လွဲမှားတဲ့ မခံချင်စိတ်ကြောင့်၊ ဒုက္ခ ရောက်ရတာဘဲ၊
ပြီး



# ရန်ကုန်မြို့တော် ခန်းမ


မြို့တော်ခန်းမ တည်ဆောက်ရေးစီမံကိန်းမှာ စိတ်ဝင်စားဖွယ် ကောင်းသည်။ ခန်းမ တည်ဆောက်ရေးကို ၁၉၀၄ ခုနှစ်က စ၍ ဆွေးနွေးခဲ့ကြပြီး ပုံစံတခု ရေးဆွဲရန် ဆုံးဖြတ်ခဲ့သည်။ ပုံစံကို ယှဉ်ပြိုင်ရေးဆွဲရာ အကောင်းဆုံးဆုကို ရန်ကုန်မြို့နေ အင်္ဂလိပ်လူမျိုး ဗရေးလ် ဆိုသူက ရရှိပြီး ဆုငွေ ၄၅၀၀ ကျပ် ရရှိသည်။ သို့သော် ထိုပုံစံမှာ အကောင်အထည် ပေါ်မလာခဲ့ပေ။ အကြောင်းမှာ မြို့တော်ခန်းမကို တကယ်တမ်း ဆောက်လုပ်ရန် ၁၉၂၈ ခုအောက်တိုဘာလ၌ မြို့မင်းကြီးနှင့် အဖွဲ့ဝင်များ စည်းဝေးကြသောအခါ ဘကြီးဘဘေက မြန်မာဆန်ဆန် ဆောက်လုပ်ရန် အကြံပေးသည်။ ထိုအခါ ဆုရပုံဆွဲ အင်ဂျင်နီယာက မဖြစ်နိုင်ကြောင်း ငြင်းဆိုလိုက်သည်။

၁၉၂၉ ခုနှစ် ရောက်သောအခါ မြန်မာဗိသုကာ အင်ဂျင်နီယာ ဦးတင်ကို လူကြီးများ သဘောတူ ရွေးချယ်ကာ မြို့တော်ခန်းမ ဆောက်ပေးရေးအတွက် တာဝန်ပေးအပ်သည်။ သို့ဖြင့် ၁၉၃၄ ခု ဧပြီလ ၁ ရက်နေ့တွင် စတင်တည်ဆောက်ရာ ၁၉၃၆ ခု မေလတွင် ပြီးစီးသည်။ ဆောက်လုပ်ခငွေ ကျပ် ၁၈ သိန်း ကုန်ကျမည်ဟု ခန့်မှန်းခဲ့သော်လည်း လက်တွေ့၌ ကျပ်ခုနစ်သိန်းသာ ကုန်ကျခဲ့သည်။

မြို့တော်ခန်းမကို ၁၉၃၆ ခု ဇွန်လ ၁၅ ရက်တွင် မြန်မာပြည် ဘုရင်ခံ ဆာဟျူး စတီဗင်ဆင်က ဖွင့်လှစ်ခဲ့သည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

## နှစ်ခုစလုံးစားမယ်



# ပန်းဆယ်မျိုး စိုက်သူ

တင်မောင်အေး (ဓါတု)



အဖိုးအို တဦးသည် သေခါနီးတွင် သား နှစ်ယောက် ကို ခေါ်၍ –

"ငါ့သားတို့– ပန်းဆယ်မျိုးကို ပွင့်အောင် စိုက်နိုင်ယင် ထမင်းမငတ်ဘူးကွဲ့။ အဲဒီပန်းတွေကို လိမ်မာသလို ရွေးပြီး စိုက်ပျိုးကြ" ဟု မှာကြားသွားလေသည်။

ညီအစ်ကို နှစ်ယောက်သည် ပန်းဆယ်မျိုး၏ အမည်များကို သိလို၍ ရသေ့ကြီးထံ သွားမေးလေသည်။

"အိမ်း – ပန်းဆယ်မျိုး ဆိုတာ လက်မှု အတတ်ပညာတွေကို ခေါ်တာကွဲ့။ ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းဘဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းယွန်း၊ ပန်းပွတ်၊ ပန်းတော့နဲ့ ပန်းတမော့ အတတ်တွေ ဖြစ်တယ်"

အစ်ကိုဖြစ်သူသည် ပညာရပ်အားလုံး တတ်မြောက်လျှင် ငွေများများရမည်ဟုတွေးမိ၏။ ထို့ကြောင့် သူသည် ဆရာတဦးမှ တဦးသို့ ကူးပြောင်းပြီး လက်မှုပညာ ဆယ်မျိုး မပြည့်မချင်း သင်ကြားလေတော့၏။

သူသည် ရှေးဦးစွာ ပန်းချီဆရာကြီးတဦးထံ၌ ပန်းချီပညာကို သင်ယူသည်။ ပန်းချီပညာကို အပေါ်ယံမျှ သင်ယူပြီးသောအခါ ပန်းထိမ် ဆရာကြီးထံသို့ လာခဲ့ ပြန်သည်။ မကြာမီ ပန်းထိမ် ပညာတွင် အတော်အတန် တတ်မြောက် လာသော် အခြား ဆရာ တဦးထံ ကူးပြောင်း ပြန်သည်။

ထိုအချိန်တွင် ညီငယ် ဖြစ်သူမှာ မိမိ အကြိုက်နှစ်သက်ဆုံး ဖြစ်သော ပန်းပုထုခြင်း အတတ်ကို ရွေးချယ်ပြီး သင်ကြား နေလေသည်။

သူသည် ပန်း ပု ပ ညာ ကို အခြေခံဖြစ်သော အရုပ်ထုရန် သစ်များရွေးခြင်း၊ စူး၊ ဆောက် တန်ဆာပလာများ ကိုင်တွယ်ပုံတို့မှ အ စ ပြု ၍ သင်ကြားလေသည်။

နှစ် အတန်ကြာသော် အစ်ကိုသည် လက်မှုပညာ ဆယ်မျိုးစလုံးကို အကြမ်းဖျင်း တတ်မြောက်ခဲ့၍ ညီငယ်မှာမူ ပန်းပု အတတ်ပညာ တ ခု တည်း ကို ထူးချွန်စွာ တတ်မြောက် လာခဲ့၏။

ထို့နောက် သူတို့နှစ်ယောက်စလုံးသည် ဘုရင့် နေပြည်တော်သို့ သွားရောက်၍ မိမိတို့ တတ်မြောက်ထားသည့် ပညာများဖြင့် အသက် မွေးကြသည်။

အစ်ကိုသည် နေပြည်တော်၏ တောင်ပြင်အရပ်တွင် "ပန်းဆယ်မျိုး လက်မှု ပညာ လုပ်ငန်း" ဟူသော အမည် ဖြင့် ပစ္စည်း အမျိုးမျိုးကို လုပ်ကိုင် ရောင်းချ၍ နေ၏။ ညီငယ်က မြောက်ပြင်တွင် နေပြီး ပန်းပု ဆိုင်တခု ဖွင့်ကာ အသက်မွေး နေလေသည်။

တနေ့သောအခါ ဘုရင်၏ နန်းတော်အတွင်း၌ ပန်းပုဆရာ တဦး လိုအပ်လာ၏။ ထို့ကြောင့် ပန်းပုဆရာ ကောင်း ကောင်း

ရရှိရေးအတွက် တိုင်းပြည် အတွင်း ကြေညာမောင်း ခတ်စေလေသည်။

နန်းတွင်း ပန်းပုဆရာရွေးပွဲကို ထိုညီအစ်ကိုနှစ်ယောက် ဝင်ပြိုင် ကြလေသည်။ သူတို့သည် ဘုရင်ကြီး၏ပုံတူအရုပ်ကိုထုလုပ်၍ ယှဉ်ပြိုင်ကြရမည် ဖြစ်၏။ အရုပ်များ ထုလုပ်ပြီးသွားသော အခါ သူတို့ တင်သွင်းရသော ရုပ်တုနှစ်ခုကို နန်းတော် ရင်ပြင်အလယ်ရှိ စင်မြင့်ပေါ် ၌တင်ပြီး ပိတ်ဖြူဖြင့် ဖုံးအုပ်ထားစေ၏။

ဘုရင်ကြီးက အစ်ကိုဖြစ်သူအား စတင်၍ –

"ကဲ မောင်မင်းထုလုပ်ထားတဲ့ ရုပ်တုကြီးကို ပြစမ်း"

"မှန်လှပါ၊ ကျွန်တော်မျိုးဟာ ပန်းဆယ်မျိုးဟု ခေါ်အပ်သော လက်မှုပညာရပ် ဆယ်မျိုးစလုံးကို တတ်ကျွမ်းထားတဲ့ ပညာရှင် ဖြစ်ပါတယ်။ သို့ပါ၍ ရုပ်တုတော်ကြီး၏ ခြေထောက်ကို ယွန်းထည်နဲ့ ပြုလုပ်ထားပါတယ်။ ခန္ဓာကိုယ်ကို ငွေထည်နဲ့ အင်္ဂတေရေစပ်ပြုလုပ်ပါတယ်။ လက်နှစ်ဖက်ကို ကျွန်း သား နဲ့ ထုလုပ်ထားကာ၊ မျက်နှာတော်ကိုတော့ ရွှေ သား ပ က တိ နဲ့ သွန်းလုပ် ထားပါတယ်။ ရှုစားတော်မူပါဘုရား"

အစ်ကိုသည် ပြောပြော ဆိုဆိုနှင့် ပိတ်ဖြူအဖုံးကို ဖွင့်လိုက်ရာ –

"ဟာ–ဟယ် – တယ်ဆန်း၊ တယ်လှပါလား"

ဘုရင်နှင့်တကွ နန်းတွင်းသူ နန်းတွင်းသား အားလုံးက ဝိုင်းဝန်း ချီးကျူးကြလေ၏။

တဖန် ညီငယ် ထုလုပ်ထားသော ရုပ်တုကို ဖွင့်ပြခိုင်းပြီးနောက် –

"အင်း– မောင်မင်းကတော့ ရိုးရိုးရှင်းရှင်းဘဲ၊ သစ်သားနဲ့ ထုထားတာကိုး၊ အတော်တော့ တူပေသားဘဲ"

ဤသို့ မိန့်ကြားပြီးနောက် ဘုရင်ကြီးသည် အစ်ကို ထုလုပ်ထားသော ရုပ်တုကြီးကို အနီးကပ်၍ ရှုစားစဉ် –

"ဟပ် – ဟပ် – ဟပ်ချီး"

အနားရှိ အ မတ် တ ဦး က ရုတ်တရက် နှာချေ လိုက်မိ၏။ ထိုအချိန်ကြောင့် စင်မြင့်ပေါ်ရှိ ရုပ်တုကြီးသည် တုန်ခါသွားကာ "ဝုန်း–ဒိုင်း" ဟု အပိုင်းပိုင်းပြုတ်ကျ သွားလေတော့၏။ ဘုရင်ကြီးနှင့် မှူးမတ်များမှာ ကျလာသောရုပ်တုအပိုင်းအစများကိုမနည်းရှောင်တိမ်း လိုက်ကြရ၏။

"မှန်လှပါ၊ တခုနဲ့တခု မတွဲကပ်တဲ့ ပစ္စည်းတွေနဲ့ စပ်ဟပ်ပြီး လုပ်ထားလို့၊ မခိုင်မြဲဘဲ ပြုတ်ထွက် ကျကုန်တာပါဘုရား" ဟု မှူးမတ်များက လျှောက် တင်ကြ၏။

ထို့ကြောင့် ဘုရင်ကြီးသည် ရှေးမူမပျက် နည်းစနစ် မှန်ကန်စွာဖြင့် ခိုင်ခံ့သပ်ရပ်စွာ ထုလုပ်နိုင်သည့် ညီငယ်အား နန်းတွင်း ပန်းပုဆရာကြီးအဖြစ် ခန့်အပ် ချီးမြှင့်လိုက်လေသတည်း။

## စာဆိုပွဲ

သဇင်ပန်းတို့ ဖူးပွင့်စီ၊
သင်းပျံ့လှိုင်ခဲ့ပြီ။

ဆောင်းရာသီ မြောက်လေသွေး၊
နှင်းမှုန်တဖွေးဖွေး။

ဟိုရှေးရှေးက စာအမွေ၊
ဂုဏ်ပေါင်း လျံ့လို့ဝေ။

တို့တတွေ အကျိုးပွား၊
ကျေးဇူးလွန်ကြီးမား။

စာဆိုတော်များ ဂုဏ်ပေါင်းမြှား၊
ရေးကြဖွဲ့ကြ သည့်ချိန်ခါ။


လနတ်တော်မှာ စာဆိုပွဲ၊
ကျင်းပခြိမ့်ခြိမ့်သဲ။ ။

ခင်နန်းဝေ



R. 517

# ဗွတ်ကုလား



ကိုယ်အလျားမှာ ၁၂ လက်မခန့် ရှိ၍ပျံသန်းသည့်အခါ ဖြူဖွေးသော တင်ပါး၊ မည်းနက်သော အမြီးအပြင် ဖြူသော လည်ပင်းနှင့် ဦးခေါင်းတို့ကိုမြင်ရ၏။ ပျံသန်းရာ၌ ဆောင့်၍ ဆောင့်၍ ပင်ပန်းစွာ ပျံသန်းနေပုံရ၏။


သာမန်အားဖြင့် ဗွတ်ကုလားသည် "စကတ်- စကတ်" ဟူ၍ မာဆတ်ဆတ်နှင့် ကျယ်လောင်စွာ အော်မြည်တတ်သော်လည်း တကောင်တလေကမူ "ဝှိုးချူး-ဝှိုးချူး" ဟု အော်မြည်တတ်လေသည်။

မတ်လမှ မေလအထိ ငှက်ငယ်များ ပေါက်ပွားသည်။ အသိုက်ကို သစ်ကိုင်းခြောက်၊ မြက်၊ သစ်မြစ်များဖြင့် ခွက်ကြီးသဏ္ဌာန် သစ်ပင်ထက်တွင် ပြုလုပ်သည်။ တမြုံလျှင် သုံးဥမှ ခြောက်ဥအထိ ရှိ၍ တဥလျှင် ပျမ်းမျှ အလျား ၁.၂၉ လက်မနှင့် ပြက် ၀.၉၀ လက်မ ရှိ၏။

ဗွတ်ကုလားသည်ခြောက်သွေ့သော ဒေသကို ပိုမိုနှစ်သက်သည်။ ယင်းတို့ကို စုံတွဲဖြစ်စေ၊ အအုပ်အသင်း ဖွဲ့၍ဖြစ်စေ တွေ့ရတတ်သည်။ အလှမ်းကျယ်စွာ ခုန်ပေါက်သွားလာတတ်၍ အမြီးကို ဘေးတဖက်မှ တဖက်သို့ငှင်း၊ အပေါ်မှ အောက်သို့ငှင်း ဆတ်ကနဲ လှုပ်ရမ်းတတ်၏။ စားသောက်သော အစာများမှာ သစ်သီး၊ သစ်ဥ၊ ပိုးမွှား၊ အခြား ငှက်ပေါက်စများနှင့် ဥများဖြစ်၏။

ဗွတ်ကုလားကို မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းမှတပါး မြန်မာနိုင်ငံ အလယ်ပိုင်းနှင့်တကွ ချင်းတောင်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် အနှံ့အပြား တွေ့ရှိရသည်။

စိုးလွှင်မြင့်



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ-၆၊ အမှတ်-၅၁။

# ရွှေသွေး

ရုပ်စုံ


ပါ-အ-ဖတ်ဆုံး ဖြဘုတ်

၁၃၃၆ ခု၊ နတ်တော်လဆန်း ၈ ရက် (၂၁-၁၂-၇၄)





စနေနေ့တိုင်းထုတ်ဝေသည်။


တပြည်ပြီးတပြည် သိမ်းပိုက်လျက်
......လောကမှာ - ဓါးကစားရာတွင် ငါသာ-အတော်ဆုံး ဖြစ်သည်။ ငါ့ကို နိုင်အောင် ဓါးခုတ်နိုင်သူ တဦးတယောက်မျှ မရှိ။ တကမ္ဘာလုံးကိုပင် ငါ ရအောင် သိမ်းမည် ဟေ့---- ဗိသမဘုရင် တဲ့နော်.....
ထိုသတင်းကိုကြားသော ပြည်ငယ်ဘုရင်တပါးသည် စိတ်ပူသဖြင့် သူ၏အတော်ဆုံး ဓါးသမားကို အမိန့်ချ၏။
တနေ့ကျလျှင် ဗိသမဘုရင်ကြီးဟာ - ငါတို့ တိုင်းပြည် ကိုလဲ - လာမှာဘဲ ... သင်လဲ သူ့ကိုနိုင်အောင် ဓါးရေး ယှဉ်နိုင်မယ် မထင်......
ထို့ကြောင့် တိုင်းပြည် အတွင်း လှည့်လည်၍ သင့်ကိုနိုင်အောင် ဓါးခုတ်တတ်သူ လိုက်ရှာလော့
ထို့ကြောင့် တရွာဝင်တရွာထွက် ဓားကစား အကျော်တို့နှင့် ဓားလိုက်စမ်းရာ သူ့ကိုနိုင် အောင် ခုတ်နိုင်သူမတွေ့ချေ။
နောက်ဆုံးတွင် လက်လျှော့၍ ပြန်လာ၏။
ဒီတိုင်းပြည်မှာ - ငါ့ထက် သာတဲ့ ဓါးသမား မတွေ့ ဒီတော့ - ငါ့ဘဲ တာဝန်ယူပြီး ဗိသမ ဘုရင်ကြီး လာလျှင် ယှဉ်ပြိုင်ဖို့ ရှိတယ်။ မတတ်နိုင်ဘူး၊ သေ သေကျေကျေ အစွမ်း ကုန် ဆောင်ရွက်ပါမည် လို့ သံတော်ဦး တင်ရမှာဘဲ..
တောအုပ်တအုပ်ကို ဖြတ်လာစဉ် တနေရာ၌ ရှေ့တည့်တည့်မှ လာနေသူအား -
ဟေ့ - လမ်းဖယ်စမ်း
အောင်မာ - ခင်ဗျားကြီးက ကျုပ်အမေဖြဲ့မြေကိုလဲ ကျူး ကျော်ဖြတ်လာသေးရဲ့၊ ကျုပ် ကိုလဲ - လမ်းဖယ်လေး ဘာလေးနဲ့.
အမယ်- တယ်ရိုက်ရိုင်းတဲ့ သူငယ်ပါလား။ ငါ့လို- ဘုရင့် စစ်သူကြီးကိုများ အာထင် နေလို့လဲ။ ကျောင်း မှန်းကန်မှန်း သိအောင် ဆုံးမ လိုက်ရ အုံးမယ်


ပြောပြောဆိုဆိုနှင့် မြင်းကိုအသေ့နှင်ပြီး ဓား ဆွဲထုတ်ကာ တအားလွှမ်းခုတ်ရာ-
လုလင်ငယ်က သူ့ဓားနှင့် ပက်ထုတ်လိုက် သဖြင့် ဓားကြီး လွင့်ထွက်သွားသောအခါ
ဟာ--တယ်တော်တဲ့ သူငယ်ပါလား၊ ငါ့ထက် သာပုံရတယ်။ သတိ ရှိမှဖြစ်မယ်--- ငါ့များရန်မှ မလို့လား--
လုလင်ငယ်က ဓားကိုကောက်ပေးသည်။
ဘုရင့် စစ်သူကြီးကို-လေးစားပါတယ်၊ ကျွန်တော်-ကာကွယ်ရုံ ကာကွယ်တာပါ၊ ခွင့်လွှတ်တော်မူပါ။
ရိုသေ တတ်တယ်။ သဘောထားလဲ ကြီးတယ်။ သတ္တိလဲ ရှိတယ်။
ဓအား - မင်း လိုလူမျိုး၊ လိုက်ရှာနေတာ။ ရွှေနန်းတော် သို့- ယူပြင် လိုက်ခဲ့ လော့...
အအ-ဘုန်! တော်ကြီး၊ ထံ ခွင့်ယန်ပြီး လိုက် ခဲ့ပါမည်။
ရွှေနန်းတော်သို့ ရောက်သော် အကျိုး အကြောင်း လျှောက်ထားသဖြင့် -
ကျွန်တော်မျိုးထက် ဓါးရေးသာသော ဤ အညတြလုလင် ဓ,ဓားလျှက်ရှိ ကြောင်းပါဘုရား
အိမ်း--အါ၊ရ တော်မူ လူသစ် ဓါးရေး ဆက်လက် လေ့ကျင့်လျက် အမှုတော် ထမ်းစေ ဖောင်းမင်း၊
ရက်မျှားမကြာမီ ဘုရင်ငယ်မြှော်လင့်နေသည့် အတိုင်း ဗိသမဘုရင်ကြီး ရောက်လာကာ ရာဇ သံပေးလေလျှင် အညတြလုလင်အား ခေါ်၍ တာဝန်အပ်လေသည်။
ချစ်သား - တိုင်းပြည်နှင့် လူမျိုးအတွက် ငါ့ လက်သုံးတော်ရွှေဓါးဖြင့် ရန်သူ ဗိသမ ဘုရင်အား ချေမှုန်းလော့။
အသက်ကို-ဖက်ရွက်မှတ်၍ ထမ်းဆောင်ပါမည် ဘုရား
လမ်းတလျှောက်တွင် တိုင်းသူပြည်သားတို့က အညတြလုလင် အောင်ပါစေကြောင်း ဆု တောင်းကာ ပြေးလိုက်သွားကြလေသည်။
အောင်မြင်ပါစေ
အားကိုးပါတယ်
အောင်ပါစေ
အောင်


ဝိသမဘုရင်ကြီးကား ဓားကြီး တကိုင်ကိုင်နှင့် ရင်ကော့ကာ မြစ်ကမ်းနဖူးတွင် စိတ်ကူးယဉ်လျက် အသင့်စောင့်နေသည်။
ဒီတိုင်းပြည်က-ဓါးသမားကို-ဒီတိုင်းပြည်က မြစ်တဲကန်ချရမယ်---
ထိုအနားရောက်လျှင် အညတြ လုလင်သည် မြင်းပေါ်မှ ခုန်ဆင်းပြီး ဓားကိုင်ကာ ခပ်တည်တည် တလှမ်းချင်းဝင်သွားသော်
ဟဲဟဲ-ဟဲဟဲ သနားစရာ ဖြစ်တော့မှာ ရှိုးလေး
ဆင်နဲ့ဆိတ်၊ ပြိုင်လို့ဘယ်ရမလဲ
အောအော၊ ဆောဆော တိုင်းပြည်ဘဲ-အပ်လိုက်ပါတော့ဟယ်
ထိုခဏ၌ ဝိသမဘုရင်ကြီးက လျှပ်တပြက် အတွင်း ဓားကြီးမြှောက်ကာ ခုတ်လိုက်ရာ
ဟင်း
အညတြလုလင်က အလိုက်သင့်ခံလိုက်၏။
နောက်အကြိမ်ကြိမ်ဖိခုတ်သမျှကိုလည်း ရှောင်တိမ်းလျက်ရှိနေလေ၏။
ဝိသမဘုရင်ကြီးမှာ ကြာသော် မောပန်းလာပြီး ဒေါသကြီးစွာ ယှက်လျက် အားကုန်သုံးကာ ပိုင်းချလိုက်သဖြင့်—
ဟား
မရှောင်သာတော့ပဲ....
အညတြ၏ဓားချက်၌ တပိုင်းလွင့်ထွက်သွား၍ ဝိသမဘုရင်ကြီး၏ တပ်သားများက အားပေးကြသည်။
ဝါး ဟားဟား ဟားဟားဟား
ဓါးစွမ်းတော် ထက်မြက်ကြောင်း သိပြီလား ဟဲ့
ရာရာစစ လာစမ်းလေမင်း
ဟားဟား ဟားဟား
အညတြတို့ဖက်မှ တိတ်နေကြ၏။


သို့သော် မောဟိုက်နေပြီဖြစ်သော ဘုရင်ကြီး၏မျက်နှာကို ဓားငုတ်တို့ဖြင့် တဆတ်ဆတ် ထိုးမည့်ဟန် ပြုနေလေသဖြင့် –
ဘုရင်ကြီး လှည့်ပတ်တိမ်းရှောင်နေရ၏။
အညာကြတို့ပြည်သားများ အားတက်လာ၏။
အဲ အဲ
ဒါမှပေါ့
ဝိသမဘုရင်ကြီး၏ တပ်သားများက မခံမရပ်နိုင်ဖြစ်ပြီး ကြိမ်းမောင်းကြသဖြင့် အညာကြတို့ ဖက်မှ ငြိမ်သွား၏။
တိတ်ကြစမ်း၊
ကြည့်ရှုကြည့်၊
အသံမထွက်နဲ့၊
ဒါဘဲ။
ဝိသမဘုရင်ကြီးသည် အလစ်ချောင်းကာ ချက်ကောင်းရလျှင် အားပါးတရ ဓားမြှောက်လျက် ခုတ်ရန် အားယူလိုက်လျှင်....
ကဲဟေ့
ကမ်းစပ်မှ အားလွှန်ပြီး
ဟာ
အဖြစ်မှာ မြန်လွန်းလှ၍ မည်သူမျှ ဘုရင်ကြီးကို သတိပေးရန် အချိန်မရလိုက်ပေ။
ဘုရင်ကြီးသည် ရေမကူးတတ်သဖြင့် ငုပ်ချည် ပေါ်ချည် ဖြစ်နေစဉ်အဝေးမှ မိကျောင်းကြီး တကောင် ကူးလာပြန်၏။
ဟင်-
ဟိုအောက်က
မိကျောင်း
တကောင်
လာနေပါလား


ဘုရင်ကြီး၏ တပ်သားထဲမှ ရေထဲဆင်းဝံ့သူ မရှိ၍ ခက်နေကြသည်။
ဟဲ့ ရဲဘော်၊ ရေကူးတတ်တယ်ဟုတ်လား။ ဘုရင်ကြီးကို ဆင်းကယ် အုံးမှပေါ့!
မိကျောင်း ရှိတယ် ဆိုလို့များ၊ မဆင်းဝံ့ ဘူး
အချို့ကလည်း တီးတိုး အတင်းပြောကြလေသည်။
ဒီဘုရင်ကြီး - မိကျောင်းစားခံရဖြီး နတ်ရွာစံဖို့ဘဲ - ကျုပ်တို့အေးအေး နေရမှာ။
ဟုတ်တယ်၊ ဘယ်နှယ့်ဗျာ --- ဒီဘုရင်ကလဲ- အလကားနေရင်း-စစ် ထွက်နေတာဘဲ။ သူ့နောက် လိုက်နေရတာနဲ့ - အိမ်မှာနေရ တယ်ဘဲမရှိပါဘူးဗျာ။ မိကျောင်းစားလဲ အေးတာဘဲ
ထိုအခြင်းအရာကိုမြင်လျှင် အညာကြသည်
ရေနစ်မည့်ဘေးမှဂင်း မိကျောင်းစားမည့်ဘေး မှဂင်း ကယ်တင်လိုက်၏။
ထိုအခါမှ တပ်မတော်သားများက သူ့ထက် ငါ ဝိုင်းကူညီကြလေသည်။
မိကျောင်း လိုက်လာ တယ်.. ပိုင်းပစ်
ဘုရင်ကြီးသည် အားပျော့၍ အမောဖြေနေရ လေသည်။ အတန်ကြာမှ
ငါ ကိုယ်တော် - ခါးရေးမှာ အတော်ဆုံး ထင်ထားတာ အမှားကြီး မှားဖြီ။ ကဲ - တပ်ခေါက်၍ ပြန်ကြစေဗျား။ သူတို့ပေးတဲ့ အသက်ဘဲ ငါ့မှာ ရှိတော့ တယ်။


အညတြကား အောင်နိုင်သူဖြစ်၍ တိုင်းသူ ပြည်သားများနှင့်တကွ မြို့ထဲပြန်ဝင်သွား၏။
လျှော့ွမ်းကောင်းကြီး ကျန်းမာပါစေ
အမယ်လေး မယ်မင်းကြီးသား ကယ်ပေလို့
မ,တာထောင် တကောင်းမှား ပါသဲ
ကျေးဇူးရှင်ကြီး သက်တော်ရာကျော် ရှည်ပါစေ
တမြို့လုံးဝမ်းသာအားရလျက် အညတြလုလင် အား ချီးကျူး ဩဘာပေးကြစဉ်
ဝိသာမတုရင်ကို နှိမ်နိုင်တဲ့ သူ့ရဲ့ကောင်းကြီး အား ကြိုဆိုပါတယ်။
ယေယေလေးပေမဲ့ အာဇါနည်ကြီးပါဘဲ။
အမောမပြေ ရမကါလေး သုံးဆောင် သွားပါအုံး ရှင်
နန်းတော်တွင်းသို့ ရဟန်းတပါး ကြွလာရာ
အလို.... ဒါ-နောင်တော့် လက်စွဲတော် စစ်သူကြီးပေါင်း ကဘဲ....
ကိုယ်တော်-ဘာ အလို ရှိပါသလဲ ဘုရား
ယခု-ကျွန်ုပ်တိုင်းပြည်ကို ကယ်တင်လိုက်သော အညတြလုလင်သည်-အခြားမဟုတ်။ ကျုပ် ဦးပဥ္စင်း၏သား အမည်ခံ......
မင်းကြီး၏ ဆရာတော် အရှင်းဖြစ်တော့သည်။ မင်းကြီးနှင့် နောင်တော် စစ်ထိုးစဉ်က-နောင်တော် မှာ အရေးနိမ့်၍-၁ ကော်ရာများဖြင့်လဲနေစဉ်-သားငယ်တို့-ဦးပဥ္စင်းအား အပ်ကာ-ထွက်ပြေးစေ၍-တောရွာတွင် မထင်မရှားနေစေပြီး အရွယ်ရောက်လျှင် ငါးကစားအတတ်ကိုသင်ပေးထားရာမှ-ယခုကဲ့သို့ တဖက်ကမ်းခပ် အောင် တတ်မြောက် လာကြောင်း-အသိပေးရန် လာခြင်းဖြစ်သည်
ကျွန်ုပ်သို့ဆိုလျှင်-ကယ်တင်ရှင်လည်းဖြစ်၊ သွေးတော်သားတော်လည်းဖြစ်၊ တပည့်တော်လည်း အသက်ထောင်လာဖြစ်၍-သမီးတော်နှင့်စုလျားရစ်ပတ်-လက်ထပ်ပေးလျက်-နန်းတက် စေကါ--- ဘုရားတပည့်တော်-အရှင်ဘုရားနှင့် အတူတကွ ရဟန်းပြုပြီး-တရားအားထုတ်လိုကြောင်းပါ ဘုရား
သာဓု သာဓု သာဓု တကါကြီး
များမကြာမီ အညတြလုလင်သည် သမီးတော် နှင့် လက်ဆက်ကာ နန်းတက်၍ ပျော်ရွှင်စွာ စိုးစံနေကြလေသတည်း။

ရှေးရှေးတုန်းက တောရွာတရွာမှာ အမြဲလှည့်ပြီး ကျေးငှက်တိရစ္ဆာန်တွေကို ပစ်ခတ်စားနေတဲ့ မုဆိုးကြီး တယောက် ရှိတယ်။ အဲဒီ မုဆိုးကြီးမှာ လူလို စကား မပြောနိုင်ပေမဲ့ လူလောက် လိမ်မာပြီး သခင် အကျိုးကို ဆောင်တတ်တဲ့ ငှက်လိမ်မာကလေး တကောင် ရှိတယ်။ အဲဒီ ငှက်လိမ်မာကလေးဟာ မုဆိုးကြီး




ပခုံးပေါ်မှာ နားပြီး သွားရာကို အမြဲလိုက်ပါတတ်တယ်။ ကျား၊ ခြသေ့ စတဲ့ဘေးရန် ပြုတတ်တဲ့ တိရစ္ဆာန်တွေ သွားလာကျက်စားတဲ့ တောကို မုဆိုးကြီးဝင်ယင် ငှက်လိမ်မာဟာ မုဆိုးပခုံးပေါ်က ပျံတက်ပြီး မုဆိုးကြီး ရှေ့လမ်းခရီးမှာ ဘေးရန်ရှိမရှိကိုတင်သွားကြည့်ပြီး မုဆိုးကြီးကို အမူအရာနဲ့တိုက်တွန်းတတ်တယ်။ တားမြစ်တတ်တယ်။

ကာလ အတော်ကြာတဲ့အခါ ငှက်ကလေး အမူအရာအကုန်လုံးကို မုဆိုးကြီး သိနေတယ်။ မုဆိုးကြီးကလဲ အစာရေစာကို မပျက်မကွက်ကျွေးပြီး ချစ်ချစ်ခင်ခင်နဲ့ ငှက်ကလေးကို မွေးထားတယ်။



တနေ့တော့ နေကလဲအလွန်ပူတယ်။ တောမီးကလဲ တောတခုလုံးလောင်နေတယ်။ မူလကဘဲ ရေအလွန်ရှားတဲ့ တောထဲကို ငှက်တွေပစ်ဖို့လာတဲ့ မုဆိုးကြီးဟာ တောထဲလှည့်လို့ အတော်ကြာတဲ့အခါ မောပန်းလှတာက တကြောင်း၊ တောမီးကြီးငှလောင်နေတာက တကြောင်းမို့ ဘာမှပစ်လို့မရဘူး။

မုဆိုးကြီးဟာ အလွန်ပူပြီး ရေငတ်လာလို့ ပစ်ဖို့သွားကောင် ရှာရမဲ့အစား ရေကိုသာ အရေးတကြီးရှာရတော့တယ်။ မုဆိုးကြီး ရေငတ်လို့ လိုက်ရှာတာကို သိတဲ့ငှက်လိမ်မာဟာ မုဆိုးကြီးပခုံးက ပျံတက်ပြီး ရေရှိမယ် ထင်တဲ့ နေရာတွေမှာ လိုက်ရှာတယ်။



ငှက်လိမ်မာကလေးဟာ မုဆိုးကြီးရှေ့ကနေပြီး ရေကိုအပူတပြင်းရှာရင်းသွားတော့ ရေငတ်လို့ ရေကိုမရမနေရှာနေတဲ့ မြွေဟောက်တကောင်ကို တွေ့ရတယ်။ ငှက်လိမ်မာကလေးက "အဆွေမြွေ ရေတခါလောက်သောက်ရုံရှိတဲ့ နေရာကို တွေ့ယင် ညွှန်ကြားပါ" လို့ ပြောတယ်။ ဒီတော့မြွေက "အဆွေငှက် ကျုပ်လဲ

ရေငတ်နေလို့ ရေတွေ့လို တွေ့ငြား လိုက်ရှာနေပါ
တယ်” လို့ ပြောတယ်။ ဒီနောက် မြွေကဆက်ပြီး
“ရေမသောက်ရတဲ့အခါ ကျုပ်ကိုယ်ထဲမှာရှိတဲ့ အဆိပ်
ရေတွေဟာ ပူလောင်လှပါတယ်၊ ဒါကြောင့် ကျုပ်
အဆိပ်ရေတွေကို ခဏ အန်ထုတ်ထားရပါမယ်၊ ကျုပ်
ရေတွေ့လို့ ရေသောက်ပြီးတဲ့အခါမှ လာပြီး ပြန်ယူပါ့
မယ်” လို့ ပြောပြောဆိုဆို အဆိပ်ရေတွေကို ဖက်ရွက်
ကြီးတခုပေါ်မှာ အန်ထုတ်တယ်။

ငှက်လိမ်မာ ကလေးဟာ “အဲဒီ အဆိပ်ရေတွေ
အန်ထားတဲ့ ဖက်ရွက်ကို ဒီအတိုင်းထားယင် မုဆိုး
ကြီးမြင်လို့ ရေထင်ပြီး သောက်ယင် ဘေးဒုက္ခကြီး
ရောက်တော့မယ်” လို့ တွေးပူနေတုန်း မုဆိုးကြီးရောက်
လာသံကို ကြားရတာကြောင့် ငှက်လိမ်မာကလေး
ဟာ မြွေဟောက်အဆိပ်ရေကို သူ့အတောင်နဲ့ ဖုံးအုပ်
ထားလိုက်တယ်။ မုဆိုးကြီးလဲ ငှက်လိမ်မာကလေး
အတောင်နဲ့ အုပ်ထားတာကိုတွေ့ရတဲ့အခါ မသင်္ကာ
လို့ ငှက်ကလေးကို ဖယ်ပြီးကြည့်တော့ ရေကိုတွေ့
ရတာနဲ့ မုဆိုးကြီးက “ဒီငှက်ယုတ်ဟာ ငါရေငတ်
နေတာကို ရေတွေ့ရက်နဲ့ ငါရေငတ်သေအောင် ဒီရေ
ကို ဖုံးအုပ်ထားတယ်” လို့ ဆိုပြီး ရေကို သောက်ဖို့
ဖက်ရွက်ကို မ ယူလိုက်တယ်။

အဲဒီတော့ ငှက်လိမ်မာကလေးဟာ မုဆိုးကြီး
ရေမသောက်နိုင်အောင် မုဆိုးကြီးပါးစပ်ကို အတောင်
နဲ့ပိတ်ပြန်တယ်။ မုဆိုးကြီးဟာ ရေအလွန်ငတ်နေလို့
ဒေါသ အလွန်ဖြစ်နေတာနဲ့ ငှက်လိမ်မာကလေးကို
ခပ်ကြမ်းကြမ်းဖယ်ရှားပစ်တယ်။ ဒါလဲမရဘူး။ ငှက်
လိမ်မာက သူ့အတောင်နဲ့ မုဆိုးကြီးပါးစပ်ကို မရမက
ပိတ်တယ်။ ဒီတော့ မုဆိုးကြီးဟာ ဒေါသကြီးလာပြီး
ငှက်လိမ်မာကလေးကို ဒုတ်နဲ့ရိုက်သတ်လိုက်တယ်။








ငှက်လိမ်မာကလေးကို သတ်ပြီးနောက် မုဆိုးကြီးဟာ ဖက်ရွက်ပေါ်မှာရှိတဲ့ အဆိပ်ရေကို ရေ
ကောင်းလို့ ထင်ပြီး သောက်လိုက်တယ်။ သောက်ပြီးတာနဲ့တပြိုင်ထဲ အဆိပ်ရေဖြစ်မှန်းသိရပြီး ငှက်
လိမ်မာကလေး သတ်မိတာကို နောင်တအများကြီးရတယ်။ ဒီနောက် နေရာမှာ လဲကျ သေသွား
တော့တယ်။


တာတေသည် မိဘမဲ့ကလေးဖြစ်သည်။ သူသည် သူတပါးကို ကူညီလေ့ရှိသော်လည်း သူ့ကို အထင်သေးတတ်ကြသည်။
ငါလဲ ကစားမယ်ကွာ
တို့အမေ က..မင်းနဲ့ မပေါင်းရဘူးတဲ့ ကွတာတေ
မင်းနဲ့ကစားတာတွေ့ ယင် တို့အမေ ကရိုက်မှာကွ... ဒါပေမဲ့..တို့အရိုက်ခံကစားမယ်..လေ... မင်းက သရက်သီးခူးကျွေးပေါ့ကွာ..
အေးငါသွား ခူးမယ်
တာတေသည် သရက်သီးများ ခူးယူလာပြီးနောက် –
ကျော့ဟေ့..သရက်သီး တွေ..စားကြလေကွာ
ကောင်းတယ်ကွ
သရက်သီးများ စားကြပြီးသောအခါ....
တို့ဘောင်ဘောင်လုပ်ပြီး ယင် စစ်တိုက်တမ်းကစားမယ်ကွ တာတေကဘောင်ဘောင်လုပ် ဖို့ ဝါးသွားခုတ်ပေးနော်
တာတေသည် ဘောင်ဘောင်လုပ်ရန် ဝါးများ ခုတ်ယူလာခဲ့သည်။
ကဲ မြန်မြန်လုပ်ဟေ့ တာတေ ပြီးယင်..မင်းက သူပုန်လုပ်... တို့ကပြည်သူ့စစ်လုပ်မယ်.


ဘောင်ဘောင်လုပ်ပြီးလျှင် ကစားကြသည်။
မောပြီ ကွာ ဒို့ပြန်တော့မယ်
တာတေနှင့်မြင့်စိုးလေးတို့ ပြန်လာခဲ့ကြသည်။
နက်ဖြန်.. မင်းအိမ်ကို ပေစိလေး သွတ်လိုက်မယ် တာတေ..
နောက်တနေ့
ရော့..မင်းကို မြင့်စိုးလေးက စာပေးခိုင်းလိုက်တယ်
တာတေသည် မြင့်စိုးလေး၏စာကို ဖတ်ကြည့်လိုက်သည်။
ဟေ့ကောင်တာတေ
အပြင်ဖြောင်းငါးသွား
မျှားကွ..ဒို့လာပြီး
ငါးကင် စားမယ်
ဒါဘဲ!
ငါးတွေကလဲ..
တွတ်လိုက်တာ...
ဒီတခါငါးမျှားရ
တာ.ပျော်စရာဘဲ



မိုးချုပ်လျှင် တာတေသည် ငါးများရာမှ ပြန်လာခဲ့တော့သည်။
အင်း..ဒီအချိန်ဆို ရွာတံခါးပိတ်ပြီ
တာတေသည် လမ်း၌ သူပုန်များ ဖမ်းဆီးခြင်းခံလိုက်ရသည်။
ဆရာကြီး..ဒီကောင်လေးက..ကျနော်တို့ဝင်စီးမဲ့ရွာက..ကောင်လေးဘဲ..သူ့အသံနဲ့ရွာတံခါးကိုဖွင့်ခိုင်းရမယ်..ဒါမှ ကျွန်တော်တို့အထဲကိုဝင်စီးနိုင်မှာ ဆရာကြီး---
သူပုန်များသည် တာတေကို ရွာတံခါးဝသို့ ခေါ်လာခဲ့သည်။
အင်း..ငါသာ တံခါးဖွင့်ခိုင်းယင် ကင်းသမားကိုသံချောင်းက..ဖွင့်ပေးမှာဘဲ..ဒီရွာလဲ ဒုက္ခရောက်မှာကျိန်းသေတယ်
မသေချင်ယင်ဖွင့်ခိုင်းပေတော့
ကောင်း..ကောင်းပါကိုဗျာ..ဖွင့်ခိုင်းပါမယ်..ဗျို့..ကိုသံချောင်း..မောင်းထုပါဗျို့..ကျုပ်ကို..သူပုန်တွေ ဝိုင်း---
အား
ဒိုင်း
တာတေလေးကို သတ်ပစ်လိုက်ကြသည်။
တာတေလေးအသေခံ ဖြီးအော်လိုက်လို့...ကင်းသမားကအချိန်မှီသိပြီး မောင်းထုတာနဲ့ တရွာလုံးနိုးပြီးသူပုန်တွေကို တိုက်ထုတ်နိုင်ခဲ့တယ်- အများအတွက် အသက်စွန့်သွားတဲ့ တာတေလေးကို..မင်းတို့တွေ အတုယူရမယ်----------
ဟုတ်ကဲ့



# မြန်မာ့အသံ

မြန်မာနိုင်ငံ၌ အစိုးရအသံလွှင့်လုပ်ငန်းကို ၁၉၃၇ ခုနှစ်၌ စတင်လုပ်ဆောင်ခဲ့သည်။ ၁၉၃၇ မှ ၁၉၄၂ ခုနှစ်အထိ ရန်ကုန်မြို့ ၃၆ လမ်းထောင့် (ယခု ဗဟိုကြေးနန်းရုံးနေရာ)၌ အသံလွှင့် စတူဒီယိုကို ဖွင့်လှစ်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း၌ အသံလွှင့် စတူဒီယိုကို ရန်ကုန်မြို့ ဖိုက်ချ်လမ်း၌ ဖွင့်လှစ်ခဲ့ပြီး စစ်အတွင်းမှာပင် ကုက္ကိုင်း ချင်းချောင်းနန်းတော် (ယခု ကမ္ဘောဇဆောင်) ၌ စတူဒီယို ဆောက်လုပ်၍ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

တော်လှန်ရေးကာလအတွင်း မြန်မာ အစိုးရပြန်ကြားရေးဌာနသည် ၃၂ ပတ်ခ်လမ်း၌ "မြန်မာ့တော်လှန်ရေးတပ်မတော် အသံလွှင့်ဌာန" အမည်ခံကာ မြန်မာ၊ အင်္ဂလိပ်နှင့် ဟိန္ဒူ ဘာသာများဖြင့် အသံလွှင့်ခဲ့သည်။ ထို့နောက် ဗြိတိသျှကက်စ်ဘီ (မြို့ပြအုပ်ချုပ်ရေးဌာန) ကာနယ်ဂလပ်စ် လက်ထက်တွင် ရန်ကုန်မြို့ လောင်းဝစ်လမ်း၌ အသံလွှင့်ဌာနတခု ဖွင့်လှစ်ခဲ့သည်။

၁၉၄၆ ခု၊ စစ်ပြီးခေတ်၌ အထက်ဖော်ပြပါ အသံလွှင့်ရုံကို မြန်မာပြည် မြို့ပြဆိုင်ရာ အစိုးရလက်သို့ လွှဲပြောင်းပေးခဲ့ရာမှစ၍ "ဗမာ့အသံ" ဟု နာမည် သတ်သတ် မှတ်မှတ် ပေါ်ပေါက်လာခဲ့သည်။ ထိုအသံလွှင့် လုပ်ငန်းကို ဦးခင်ဇော်က တာဝန်ယူ ဖွဲ့စည်းခဲ့သည်။ လွတ်လပ်ရေး ရပြီးနောက် ၁၉၄၈ ခု ဩဂုတ်လတွင် ရန်ကုန်မြို့ ဝင်ဒါမီယာ ခရက်ဆင့်သို့ အသံလွှင့်ရုံကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

၁၉၆၀ ပြည့် နိုဝင်ဘာလ (၄) ရက်နေ့တွင် ပြည်လမ်း၌ ခေတ်မှီအသံလွှင့်ရုံကြီးကို ဖွင့်လှစ်ခဲ့သည်။ ယခုအခါ အသံလွှင့်လုပ်ငန်းမှာ "ပြန်ကြားပေးရန် မြန်မာ့အသံ"၊ "ပညာပေးရန် မြန်မာ့အသံ"၊ "ဖျော်ဖြေမှုပေးရန် မြန်မာ့အသံ"၊ "ပြည်သူ့အတွက် မြန်မာ့အသံ" ဟူသော ဆောင်ပုဒ်များနှင့်အညီ နိုင်ငံတာဝန်ကို ကျေပြွန်စွာ ဆက်လက်ထမ်းဆောင်လျက် ရှိလေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

# သိနားလည်ခြင်း

မောင်သာပြည့်



မိသန်းချစ်ကို နေရာတကာ အပြစ်ဆိုကြသည်။ မိသန်းချစ် ကိုပဲ လိုက်ကြည့် နေကြသည်။ မိသန်းချစ်နှင့် မပတ်သက်သည့် ပြောစရာ စကားများ ဖေဖေ၊ မေမေ၊ ကိုကို၊ မမတို့မှာ မရှိကြတော့ပြီလော။ မိသန်းချစ် ကို ပြစ်တင်ဆူကြိမ်းပါများလာ တော့ မိသန်းချစ် စိတ်ညစ်ရ သည်။ တခါတလေ ငိုရသည်။ ဖေဖေတို့၊မေမေတို့သည် မိသန်း ချစ် အတွက် လူဆိုးကြီးများဟု မိသန်းချစ် ယူ ဆလာသည်။

မိသန်းချစ် တို့က မွန်လူမျိုး ဖြစ်သည်။ ဖေဖေ၊မေမေ၊ကိုကို၊ မမများက မသန်းချစ်ကို ချစ် ခင်ကြင်နာစွာ မိကို အဖျားတပ် ခေါ်သည်။ သည်တော့ မိသန်း ချစ်ဖြစ်လာသည်။ မိဘ၊အစ်ကို၊ အစ်မတို့၏ချစ်မေတ္တာကိုမိသန်း ချစ် နားမလည်။ ယောကျ်ား လေး အရှုံး ပေးရ လောက် အောင်ဆော့သည့်၊ ရွှတ်နောက် သည့် အတွက် ဆူပူသည်ကို မိသန်းချစ်က သူ့အပေါ် မချစ် ဟု ယူဆသည်။

မိသန်းချစ် သည် အသက် ဆယ့် နှစ် နှစ် ရှိ ပြီ ဖြစ် သည်။ သန်သန် မာမာ ထွားထွား ကျိုင်းကျိုင်းနှင့်အရွယ်နှင့်လိုက် စွာ မိသန်းချစ် အကစားကြမ်း သည်။ ယောကျ်ားလေး မိန်းမ လေး မခွဲခြား၊ အကုန်လုံးနှင့် သူကစားသည်။ ဖန်ခုန်သည်၊ ထွေပစ်သည်၊ ကုန်းပိုးစီးကစား သည်။ အခြား ရွယ်တူ မိန်းက လေးများ မကစားရဲသည်ကို မိသန်းချစ် ကစားသည်။

အများ လူမြင် ကွင်းနှင့် မ လျော် ညီ စွာ က စား သော မိသန်းချစ်ကို အိမ်နီးချင်း ပတ် ဝန်းကျင်က မျက်စိ နောက်လာ သည်။ ကြည့်မရ ဖြစ်လာသည်။

"မိန်းကလေးတန်မဲ့ ဣန္ဒြေ တစက်မှမရှိဘူး"

ပတ်ဝန်းကျင်မှ ပြောစကား များကို မိသန်းချစ် မကြားသိ သော် လည်း မိဘ များ နား ရောက်လာသည်။ မိဘ၊အစ်ကို၊ အစ်မ များက ဒေါသ ဖြစ်ကြ သည်။ သည်တော့ မိသန်းချစ် ကို ခေါ်ပြီး ဆူသည်။

"မိန်းကလေး ဆိုတာ သိမ် သိမ်မွေ့မွေ့၊ အေးအေး ငြိမ်ငြိမ် နေရတယ်။ ခုတော့ သမီးဆော့ ကစား နေတာ လူမြင်လို့ မ ကောင်းဘူး"

မေမေက ဆူသလိုနှင့် ဆုံးမ စကားပြောသည်။

"ဆော့တာတော့ ဆော့ပေါ့ သမီး၊ ယောကျ်ားလေး ကစား နည်း၊ မိန်းမလေး ကစားနည်း ဆိုတာရှိရမယ်။ ကိုယ်က မိန်း ကလေး၊မိန်းကလေးလိုကစားမှ မိန်းမ ပီသမှာပေါ့"

ဖေဖေက စကားချိုချိုသာ သာနှင့် ဆုံးမသည်။

"တို့ကတော့ မိန်းမလေး ဟာ မိန်းမလေးလိုနေမှ ကြိုက် တယ်။ နောက် တ ခါ ကိုးရိုး ကားရား မြင်ယင်တော့ ခေါ် အရိုက်ဘဲ"

ကိုကိုနှင့်မမက စကား မာ မာပြောသည်။

မိသားစုအားလုံးက အပြစ် စကား ပြောလာကြသောအခါ

မိသန်းချစ် ဉာဏ်မှီ သလောက် စဉ်းစားသည်။

"ငါကလဲ ငါဘဲ လေ။ ယောကျ်ားလေးတွေနဲ့ နပမ်းလုံးတမ်းကစားတယ်။ကုန်းပိုးစီးတမ်းကစားတယ်။ ယောကျ်ားလေးနဲ့ မိန်းမလေး ဆိုတာ တူတာမှ မဟုတ်ဘဲ။ ကျောင်းက ဆရာမကလဲ ပြောဘူးသားဘဲ"

မိသန်းချစ် မျက်လုံးများ ကြောင်နေသည်။ ဇွတ်မှိတ်၍ အိပ်သော်လည်း အိပ်မပျော်။ မိဘ၊အစ်ကို၊အစ်မများ၏တရားနည်းလမ်းကျသောဆုံးမစကားများကို ကြားယောင်နေသည်။ သန်းခေါင်ယံ လွန်မှ မိသန်းချစ် အိပ်ပျော်သွားသည်။ မိုးစင်စင်လင်း၍ မေမေ လာနှိုးမှ အိပ်ရာက ထတော့သည်။

အနေအထိုင်အသွားအလာမှ အစ ပြောင်းလဲ လာသော မိသန်းချစ်ကို ဖေဖေ၊ မေမေ၊ ကိုကို၊ မမများက တအံ့တသြ ဖြစ်ကြသည်။ မိသန်းချစ် ဆော့ကစားသော်လည်း အရင်လို ရုပ်မပျက်တော့။ မကြမ်းတော့။ စည်းကမ်း ကျနစွာ ဝတ်စားသည်။စည်းကမ်းကျနစွာကစားသည်။ အစက ကစားခဲ့သော ယောကျ်ားလေး သူငယ်ချင်းများက မိသန်းချစ်ကို မခံသာအောင် စကားဆိုကြသည်။

"မိသန်းချစ်က သိပ်ဘဝင်မြင့်တာဘဲ၊ တို့နဲ့တောင် မကစားတော့ဘူး"

"တို့နဲ့မကစားတာ သိလားကွ၊ တို့နဲ့ နပမ်း မလုံးရဲလို့၊ ကြောက်လို့ မကစားတာ"

မိသန်းချစ်ကို မခံချင်အောင် ပြောသော်လည်း မိသန်းချစ်က မဖြုန်။ တကယ်ဆိုမူ မိသန်းချစ်သည် မိန်းကလေး တယောက်၏ ဆော့ကစား နိုင်မှု အတိုင်း အတာ ကို သိနားလည် ပြီ ဖြစ်သတည်း။

မဖြေနိုင်တာက ဒီလိုပါ





# ကျောင်းသား ပွဲတော်

ချစ်ခင်မှုကို အခြေခံထားလို့
လူငယ်ကျောင်းသား
သည်ပွဲတော်။

တိုင်းနှင့်ပြည်နယ်
ပေါင်းစုစည်းလို့
ခင်မင်ရင်းနှီး ရွှင်မြူးပျော်။

လူမျိုးပေါင်းစုံ မပျက်ယွင်းတဲ့
လက်ချင်းတွဲလို့ အတူနော်။


ယှဉ်ပြိုင်မှုသာ အဓိကထား
အသီးကပွား သရုပ်ဖော်။

ကိုယ်လက်အင်္ဂါ
ကျန်းမာရေးလဲ
မှန်းကာတွေးလို့ စိတ်ရည်မြှော်။

လုံ့လဇွဲသန် အားမာန်တင်းလို့
ဖြူစင်စိတ်ရင်း ထားကာနော်
ပွဲတော် နွှဲပျော်။ ။

သလ္လာမြတ်လေးဆွေ

K. 317



# ငှက်ပြာစိတ်

ကိုယ်အလျား ၁၁လက်မ ရှိ၍ ငှက်မ၏ အရောင်သည် ပြာစိမ်းစိမ်းတွင် အညိုရင့်ရောင်သန်းနေသည်။ မျက်လုံးပတ်လည်တွင် အမည်းရစ် ရှိသည်။ ငှက်ငယ်များသည် ငှက်မများနှင့် တူသော်လည်း ကိုယ်အပေါ်ပိုင်းရှိ အမွေးများမှာ ပို၍ ပြာလဲ့သည်။ အဖို အမ နှစ်ဦးစလုံး၏ နှုတ်သီးနှင့် ခြေထောက်များသည် မည်းနက်သည်။


ငှက်ပြာ စိတ်သည် "ဘီကွစ် ဘီကွစ် ဘီကွစ်" ဟူ၍ စူးရှ ကျယ်လောင် စွာ လေချွန် တတ်သည်။ တခါတရံ ရေပွက်သံ ကလေးများ ပါလာသည်။


အအုပ် အသင်း ဖွဲ့၍ နေတတ်သည်။ တခါတရံ စုံတွဲတွေ့ရသည်။ သစ်ပင်တပင်မှတပင်သို့ သစ်ကိုင်းတကိုင်းမှ တကိုင်းသို့ အစဉ် ခုန်လွှားပျံ သန်း နေတတ်သည်။ စားသောက်သော အစာမှာ သစ်သီး ဝလံများ ဖြစ်၍ အထူးသဖြင့် သဖန်းသီးကို စားကြသည်။ နွေခင်း၌မြစ်ချောင်း ကန်စပ် များသို့ ဆင်း၍ ရေသောက်၊ ရေချိုးတတ်သည်။

မတ်လမှ မေလအတွင်း ငှက် ငယ် များ ပေါက် ပွားသည်။ အသိုက်ကို ချုံဖုတ်၊ သစ်ပင်ငယ်တို့တွင် ပြုလုပ်တတ်သည်။ တမြုံလျှင် နှစ်ဉ ရှိတတ်၍ တဉလျှင် ပျမ်းမျှ အလျား ၁.၁၈ လက်မ၊ ပြက် ၀.၈၇ လက်မ ရှိသည်။

ငှက်ပြာစိတ်ကို အရှေ့တိုင်း နိုင်ငံအနှံ့အပြား၌ တွေ့နိုင်သည်။ မြန်မာနိုင်ငံ၌ အမြဲစိမ်းသစ်တောရှိရာ တောင်ခြေ၌ အတွေ့ရများ၏။ ပေ ၃၀၀၀ ကျော် အမြင့် ဒေသများ၌ကား မတွေ့ရပေ။

စိုးလွင်မြင့်





၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ ၆ အမှတ် ၅၂





# ရွှေသွေး
## ဂျာနယ်

၁၃၃၆ ခု၊ နတ်တော်လဆန်း ၁၅ရက် (၂၀-၁၂-၇၄)




စနေနေ့တိုင်း ထုတ်ဝေသည်။


မြိုင်ဝဟာရွာကလေးသည် တောကြိုတောင်ကြားတို့ဖြင့် စိမ်းစိုသာယာလျက်ရှိသည်။
မြိုင်ဝဟာရွာသား ကိုဖိုးထူးသည် နေ့စဉ်လုပ်ငန်းအနေနှင့် မနီးမဝေးရှိတောထဲသို့သွား၍ ထင်းခွေလေသည်။
တချက်ထဲနဲ့ နှစ်ကောင်ကျတယ်ကွ - တွေ့လား -
ဒိုင်း
ဟာ - မုဆိုးတွေ သစ်ပင်ပေါ်က မျောက်မလေးကို သေနတ်နဲ့ ပစ်ချနေပါလား။


အင်း-မျောက်မကြီး မရှိတော့လို့ မျောက်ကလေး
မသွားတတ် မလာတတ်ဖြစ်နေပြီ
ငါ အိမ်ခေါ်သွားပြီး
မွေးထားမှကွ၊


ကြည့်ပါဦးအမေ - မိုးစိန့်ကျောင်းပူပေါင်းလေးကိုင်ရက်သိုးဝမ်းသာနေတာ
ဟဲ့ - ကျွန်တော့်မျောက်လေး ပေါင်းကနဲပါသွားပြီဗျ - ကူပါကြပါဦး -
ဟိုမှာ - မိုးပျံမျောက်ကလေးဟေ့ - ကြည့်ကြစမ်း ကြည့်ကြစမ်း - ဟား - ဟား - ဟား -







# နတ်တော်လ

ဖမောင်ဖေပါထွန်း





ရှေးအခါက မင်းနှင့်တကွ ပြည်သူများသည် နတ်တော်လတွင် နတ်တို့အား ပူဇော်ပသပွဲများ ကျင်းပခဲ့ကြသည်ကို အစွဲပြု၍ ''နတ်လ''ဟု ခေါ်ခဲ့သည်။ ထိုမှ ကာလရွှေ့လျော၍ ''နတ်တော်လ'' ဟု တွင်လာခဲ့သည်။

မြန်မာပြက္ခဒိန်တွင် နတ်တော်လသည် ကိုးခုမြောက်လဖြစ်သည်။ ရက်မစုံ (၁၄) ရက် ကွယ်သောကြောင့် ၂၉ ရက်သာရှိသည်။ တရက်တွင် မြန်မာနာရီ ၆၀ ရှိသည့်အနက် နတ်တော်လ၌ နေ့ ၂၆ နာရီ၊ ည ၃၄ နာရီရှိရာ နေ့တာတို၍ ညတာရှည်သည်။

ရာသီအားဖြင့် ဓနုရာသီ၊ နက္ခတ်အားဖြင့် မိဂသီ နက္ခတ်နှင့် လမင်းတို့ ယှဉ်ကြသည်။ ပြုဗ္ဗာသဠ် နက္ခတ်နှင့် နေမင်းတို့ ယှဉ်ကြသည်။ ''နတ်တော်လ''တွင် ဟင်္သာ တာရာထွန်း၍ ရာသီရုပ်မှာ အထက်ပိုင်းလူ၊ အောက်ပိုင်းမြင်း ပုံသဏ္ဌာန်ရှိပြီး လေးလက်နက် စွဲကိုင်ထားသော ယောကျ်ားရုပ်ဖြစ်သည်။ ဤလ





တွင် ဂမုန်းအင်နှင့် သဇင်ပန်းတို့ ပွင့်ကြသည်။ ရှေးခေတ်က ရာသီပွဲတော်မှာ နတ်ကနားပွဲ သဘင်ဖြစ်သည်။


ယခုခေတ်၌မူ "စာဆိုပွဲတော်ပွဲ" မှာ နတ်တော်လ၏ ခိုင်မြဲသော ရိုးရာပွဲတော် အဖြစ်သို့ ရောက်ခဲ့ပြီ။ နတ်တို့ကဲ့သို့ မြင့်မြတ်သော စာပေပညာရှင်တို့အား ချီးမြှင့်ပူဇော်၍ ဘွဲ့နှင်းသဘင်များ ကျင်းပသော အစဉ်အလာကို ကုန်းဘောင်ခေတ်၊ ဘိုးတော်မင်းတရား လက်ထက်မှ စတင်ခဲ့သည်။

ဤအစဉ်အလာကို လိုက်၍ ယခုခေတ်တွင် နတ်တော်လဆန်းတရက်ကို "စာဆိုတော်နေ့" အဖြစ် သတ်မှတ်ခဲ့ကြသည်။ နှစ်စဉ် နတ်တော် လဆန်းတရက်နေ့သို့ ရောက်တိုင်း စာဆိုတော် သက်ကြီး ပူဇော်ပွဲများ ပြုလုပ်ခြင်း၊ ပြည်သူ့အကျိုးပြု စာပေများကို ထူးချွန်စွာ ပြုစုနိုင်သူ စာပေပညာရှင်တို့အား ဆုနှင်းဂုဏ်ပြုပွဲ ကျင်းပခြင်း၊ စာပေပညာရှင်များ အနယ်နယ်သို့ ခရီးထွက်၍ ဟောပြောခြင်း၊ စာပေပြိုင်ပွဲများ ကျင်းပခြင်းတို့ဖြင့် တိုင်းပြည်၏ စာပေယဉ်ကျေးမှု တိုးတက်ရေးအတွက် ဆောင်ရွက်ကြလေသည်။

"လနတ်တော် မှုံဆန်းလှော်" ဆိုသည့်အတိုင်း နတ်တော်လ၌ ကောက်သစ်စပါးလှိုင်လှိုင်ပေါ်ပေပြီ။ နတ်တော်လရာသီတွင် လသာသော ညအခါများ၌ ကျေးလက်ဒေသမှ လူပျို အပျို စုပေါင်း၍ "မုံ့ဆန်းထောင်းပွဲ" ပြုလုပ်လေ့ရှိကြသည်မှာ တောသဘာဝ ပျော်ရွှင်ကြည်နူးစရာ အစဉ်အလာတရပ် ဖြစ်လေသည်။





မောင်ထွေးတို့ကျောင်းနှင့် အခြားကျောင်းတို့ ဘောလုံးပြိုင်ကြရမည့်နေ့ ဖြစ်၏။ မောင်ထွေးက ဂိုးဖမ်းရမည် ဖြစ်သည်။
ကောင်းကောင်း ဖမ်းနော်=မောင်ထွေး
ငါ့လွယ်အိတ်ကို မင်းယူထားကွာ နော်=မောင်သာ
ဘောလုံးပွဲပြီးသည့်နောက် မောင်သာက....
ဒီပွဲမှာ မောင်ထွေးကောင်းလို့ နိုင်တာကွ=
စာကြည့်ချိန်ရောက်၍ မောင်ထွေးသည် လွယ်အိတ် တွင်းမှ စာအုပ်များကို ထုတ်လိုက်သောအခါ....
နောက်နေ့ ကျောင်းသို့ လာစဉ် မောင်သာက လှမ်းခေါ်သောအခါ မောင်ထွေးသည် လှည့် မကြည့်ပဲ ဆက်လျှောက်သွားသည်။
မောင်ထွေး----ဟင် ဒီကောင် ဘာဖြစ် သွားတာလဲ



မောင်ထွေး မင်းဘာဖြစ်နေတာလဲ ငါခေါ်တာကြားရဲ့သားနဲ့ ပြန်မထူးဘူး
ဝေါဝ်
ဟေ့ကောင် မင်းကို ငါစကား မပြောချင်ဘူး။ သွား။ သွား။ မင်းကို တသက်လုံး မခေါ်တော့ဘူး
ရက်အတန်ကြာသော် မောင်ထွေး၏အမေသည် မောင်ထွေး ဖောင်တိန်ကိုင်သည်ကို မတွေ့၍....
မောင်ထွေး မင်းဖေါင်တိန်ကော
ပျောက်--- ပျောက်သွားပြီ မေမေ
မင်းဟာလေ စည်းကမ်းကို မရှိဘူး ဖေါင်တိန်ပျောက်တာ ဘယ်နှစ်ချောင်းရှိပြီလဲ။ မှတ်သွားအောင်။ သွား။ ဟိုမှာ သွားညှိထောက် နားရွက်ဆွဲ။။ နားငိုက်ပြည့်မှထ။ သွားစမ်း
ပခင်း
မောင်သာ။ မောင်သာ မင်းလုပ်လို့ ငါခံရတာ။
မင်းကိုတော့လား တသက်လုံးကို မခေါ်တော့ဘူး
ထိုစဉ် မောင်သာသည် မောင်ထွေးက သူ့ကို မခေါ်သည်မှာ ဘာကြောင့်မှန်း မသိသဖြင့်-
အောင်မြင့်။ မောင်ထွေးကိုသွားမေးပေးစမ်းကွာ။ ဒီကောင်ငါ့ကို မခေါ်တာဘာပြုလို့လဲလို့။ ငါမေးခိုင်းတယ်လို့ မပြောနဲ့
မောင်ထွေး မင်းက ဘာပြုလို့ မောင်သာ့ကို မခေါ်တာလဲ။ ဒီကောင်က သဘောကောင်းပါတယ်။
ကောင်းပါလိမ့်မယ်။ အားကြီးကြီး မင်းမသိလို့။။ တော်လုံးကန်တဲ့နေ့တုန်းက။ ငါကသူ့ဆီမှာ လွယ်အိတ်အပ်ထားတာ။။ သူကငါ့ဖေါင်တိန် နှိုက်ယူထားလိုက်တယ်ကွ။ သိလား။


အောင်မြင့်သည် မောင်သာ့ဆီပြန်လာပြီး ..
× × × × × အဲဒီလိုတဲ့ကွ
ဒီလိုဆို= ဟုတ်ပြီကွ=
အဲဒီနေ့တုန်းက လမ်းထိပ်က ဦးလေးကြီး ဖေါင်တိန်ကောက်ရလို့= ပိုင်ရှင်လိုက်မေးနေတာတွေ့တယ် လာပေ့ါ= မောင်တွေးကို သွားခေါ် မယ် ဦးလေးကြီးဆီ သွားမေး ရအောင်----
အဲဒီနေ့က ငါ့မှာလွယ်အိတ်တွေအများကြီး ဆိုတော့ ခဏ ခဏ ပြုတ်ပြုတ်ကျနေတာ= မင်းဖေါင်တိန် ထွက်ကျတာလဲ ဘယ်သိမလဲ ကွ= မောင်တွေးရ=
မင်းက ငါ့ကိုတော့ ပွင့်ပွင့်လင်းလင်း မပြောဘဲနဲ့= ထင်ချင်ရာ စွပ်ထင်နေတယ် ခုတော့ မကြာသင့်ဘဲ ကြာသွားဘီ
သူတို့သည် ဖောင်တိန် ကောက်ရထားသော လူကြီးဆီသို့ သွားပြီး အကျိုး အကြောင်း ရှင်းပြကြလေသည်။
ပြောလိုက်လေကွာ မောင်တွေး= မင်းဖေါင်တိန် ရဲ့အမှတ်အသားတွေကို=
ကျနော့် ဖေါင်တိန်က အနီရောင်= အဖုံးမှာ သမင်ရုပ် ထိုးထားပါ တယ်==
ဟုတ်တယ် ဟုတ်တယ် နောက်ကို ပစ္စည်းကို ဂိုဂို သေသေ ကိုင် ကြကွ=
ငါသာ ပွင့်ပွင့် လင်းလင်း မင်းကို ပြောမိယင် မေမေဒဏ်ပေးတာကိုလဲ ခံရမှာ ဟုတ်ဘူး= စာတွေလဲ အများကြီး ပြန်ကူးရမှာ မဟုတ်ဘူး ကွာ==
ဒါပေါ့ကွ သူငယ်ချင်းချင်း ပွင့်ပွင့်လင်းလင်း ဖြစ်ရမှာပေါ့=



# ဇေယျဝတီ သကြားစက်

ဇေယျဝတီ သကြားစက်ကို အိန္ဒိယလူမျိုး မစ္စတာ ရှိုင်းဘဟာဒူး ဟာရီကား ပရဆပ်က ၁၉၃၄ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ဂျပန်ခေတ်တွင် ဂျပန်ကုမ္ပဏီတခုက အုပ်ချုပ်၍ ၁၉၄၅ ခုနှစ်တွင် ဇေယျဝတီ သကြားစက်ကုမ္ပဏီလီမိတက်က သကြားစက်ကို အုပ်ချုပ်ခဲ့သည်။ ၁၉၅၄ ခု နိုဝင်ဘာလ ၁ ရက်နေ့၌ ဇေယျာဝတီသကြားစက်ကို ပြည်သူပိုင် သိမ်းခဲ့သည်။ ပြည်သူပိုင် သိမ်းရာတွင် လျော်ကြေးကျပ် ၆၇.၅၉ သိန်းပေးခဲ့သည်။ ၁၉၆၂-၆၃ ခုနှစ်ကုန် အထိ ပြည်သူပိုင် ဇေယျဝတီသကြားစက်၏ ရင်းနှီးမြှုပ်နှံမှုငွေ စုစုပေါင်းမှာ ကျပ် ၉၉၇၅၆၂၃.၆၁ ဖြစ်သည်။

ဇေယျဝတီသကြားစက်တွင် ကြံကြိတ်စက်ကြီးနှစ်လုံးမှ ထုတ်လုပ်ပေးသော သကြားတန်ချိန်မှာ ၁၉၆၄-၆၅ ခုနှစ် ကြံရာသီ (နိုဝင်ဘာလမှ မေလကုန်လောက်) အထိ ကရာသီလျှင် ပျမ်းမျှသကြားတန်ချိန် ၁၈၈၅၃.၇ တန်ဖြစ်သည်။ ဇေယျဝတီသကြားစက်၌ ကန့်ကိုသုံးသောနည်းဖြင့် သကြားချက်သည်။ ကြံတန်ချိန် ၁၀၀၀ လျှင် ကန့် ၀.၇ တန်၊ ထုံး ၂.၅ တန်၊ ကျောက်မီးသွေး ၁.၇ တန်၊ ထင်း ၈၄.၅ တန်၊ ပိတ်စ ၂၂.၅ ကိုက်၊ ကော့စတစ်ဆိုဒါ ပေါင်ချိန် ၄၀ ကုန်ကြမ်းအဖြစ် သုံးစွဲရလေသည်။

သကြား အဖြူပွင့်ကလေးများ ဖြစ်လာအောင် (၁) ကြံရည်ထုတ်ယူခြင်း၊ (၂) ကြံရည်ကို သန့်စင်ခြင်း၊ (၃) ကြံရည်ကို သကြားချက်အပွင့်ဖော်ခြင်း၊ (၄) သကြားအပွင့်ကို ဖြူစင်အောင် သန့်စင်ခြင်းဟူ၍ အဆင့်လေးဆင့် လုပ်ဆောင်ရသည်။ စက်လည်ချိန်တနာရီလျှင် ပျမ်းမျှ ကြံတန်ချိန် ၆၆.၅ တန်ကြိတ်ဂါးနိုင်ပြီး စက်လည်ချိန် တနာရီတွင် ပျမ်းမျှ သကြားတန် ၆.၃၁ တန် ထုတ်လုပ်နိုင်သည်။ ဇေယျဝတီသကြားစက်သို့ ကြံများကို မီးရထား၊ မော်တော်ကား၊ နွားလှည်းများဖြင့် တင်ပို့သည်။


အခြား သကြားစက်များမှာ ပျဉ်းမနားသကြားစက်၊ နမ္မတီးသကြားစက်၊ ဆားမှော်သကြားစက်၊ အင်းလေး သကြားစက်၊ ဗန်းမော်သကြားစက်နှင့် ဘီးလင်းသကြားစက်တို့ဖြစ်သည်။

ဇေယျဝတီသကြားစက်သည် မြန်မာနိုင်ငံတွင်အကြီးဆုံးသကြားချက်စက်ဖြစ်လေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

# ဗမာ့ဓါတ်

မယ်ကြာညွန့်-ပညာရေးတက္ကသိုလ်



ကြည့်လေ။ နေ့လယ်မုန့်စားမဆင်းခင် အချိန်ကပေါ့။ ခင်မောင်တိုးလုပ်ပုံ၊ဆရာမ စာသင်နေတုန်း ဘေးပေါက်ကနေ သူ့ စာအုပ်တအုပ် ယူပေးဘို့ ပြောတယ်။ ကျွန်တော် ယူပေးလိုက်ယင် ဆရာမက ဆူမှာပေါ့။ နောက် ဒီကောင်က အချိန်လစ်အုံးမှာ။ ဒီတော့ မယူပေးဘူးဘာလုပ်ချင်လဲလို့ဘဲ ခပ်မာမာ ပြောလိုက်တယ်။ ဒီတော့ သူက "မကြည် ဘူး လား" တဲ့။ ကျွန်တော်က "အေး"လို့ ပြောလိုက်တယ်။

ဟော ညနေ ကျောင်းဆင်းတော့ သူက မိုက်ကြည့်ကြည့်တယ်။ကျွန်တော်က "ချဲမလား" လို့မေးတော့ သူက စထိုးမလို့လုပ်တုန်း နှစ်ယောက်လုံး မြောင်းထဲ လိမ့်ကျပါလေရော။ မြောင်းဘေး အုတ်စွန်းနဲ့ထိပြီး ကျွန်တော့် ခေါင်းပေါက်သွားတယ်။ ဒီကောင် မကောင်းဘူး။

ဒါက"စန်းအေး"အတွေး။

× × × ×

ကြည့်လေ။ နေ့လယ်မုန့်စားမဆင်းခင် အချိန်ကပေါ့။ ကျွန်တော်လဲ အတန်း တက်မလို့ပါဘဲ။ ဒါပေမဲ့ ကျွန်တော် အိမ်သာ သွားနေတုန်း ဆရာမက အတန်းထဲရောက်နှင့်နေလို့ မဝင်ရဲတော့ဘူး။ ဗိုက်ကလဲ နာတုန်းမို့ အိမ်သာကို နောက်တခါပြန်ရင်း သုံးဘို့စက္ကူဖြဲမလို့ စာအုပ်ပေးပါလို့ ဆရာမ မသိအောင် စန်းအေးကို ကပ်ပြီး တောင်းမိပါတယ်။ ထဂျစ်တော့တာဘဲ။ တကယ်ဆို ကိုယ့်သူငယ်ချင်းဘဲ၊ ဒါလေး ယူပေးလို့ သူ့မှာ ဘာအကျိုးယုတ်မလဲ။ အသုံးမကျတဲ့ကောင်။

အောင်မာ ကျောင်းဆင်းတော့ ကျွန်တော့်ကို "ချဲမလား" တဲ့။ "ချဲတယ်ကွာ ကိုင်း" ဟာ ကျွန်တော်တို့ ထိုးမယ်မှ မကြံရသေးဘူး၊ နှစ်ယောက်လုံး မြောင်းထဲ လဲကျပါရော။

ဟော-ဟော သူငယ်ချင်းတွေ လာဖျဉ်ကြတယ်။ လူချင်းခွဲလိုက်ကြတယ်။ ဒီကောင် မကောင်းဘူး။

ဒါက "ခင် မောင် တိုး" အတွေး။

× × × ×

အလို-စန်းအေး ခေါင်းပေါက်မှု ရဲစခန်း ရောက်ပါလေရောတဲ့လား။ ဘယ်လိုဘယ်လိုဖြစ်ကြတာလဲ။ ခက်တဲ့ ကလေးနှစ်ယောက်ဘဲ။ စာမေးပွဲ နီးပြီ စာကျက်၊ ရန်မဖြစ်ကြနဲ့လို့ မှာလို့မှ ပါးစပ် မပိတ်ရသေးဘူး။ ဒုက္ခပါဘဲ။

ဒါက ဆရာမ၏ အမော။

× × × ×

"ကိုင်း-စန်းအေးနေကောင်းလို့ ကျောင်းတက်ပြီလား။ ထိုင်ထိုင်၊ မင်းထိုင်နေကျဖြစ်တဲ့ ခင်မောင်တိုးဘေးမှာဘဲ ထိုင်"

ဆရာမ ပြော၍ သာထိုင်ရသည်၊ စန်းအေး မကျေနပ်။

"ဆရာမပြောမယ်၊ စန်းအေးရော၊ ခင်မောင်တိုးရော တတန်းလုံး နားထောင်ကြ။ ဆရာမတို့

ဗမာတွေဟာ ရှေးရှေးက တယ်ပြီး အကျီစား သန်ကြ ဆိုဘဲ။ ဘယ်လောက် ကျီစား ကျီစား၊ တယောက်နဲ့တယောက် အပြစ်မယူဘဲ ခွင့်လွှတ် ရယ်မောကြတယ်။ ခုတော့ ဒီဗမာ့စိတ်တွေ၊ ဗမာ့ သဘောထားကြီးမှုတွေက မှေးမှိန် ကုန် ကြပြီ လား ကွယ်။

ရှေး ရှေး က ဆို ဘယ်ကိစ္စဖြစ်ဖြစ် ခွင့်လွှတ်နိုင်ယင် လွှတ်တယ်၊ မ လွှတ် နိုင် လောက် မှ ရိုက်မောင်းပုတ်မောင်း လုပ်ကြတာကလား။ကြည်မယ် မကြည်ဘူးလောက်ကတော့ ရယ်စရာအဖြစ် သတ်မှတ်ပြီး ခွင့်လွှတ်ကြ တာ ပါ။ ခွင့် လွှတ် နိုင် လဲ တ ထိုင် ထဲ ပြေ လည် တတ် တဲ့ "ဗမာ့စိတ်"ကို သုံး ကြ တယ်။ ခုတော့ မင်းတို့က...."

ဆရာမသည် စကားကိုဖြတ်ထားပြီး စန်းအေးနှင့် ခင်မောင်တိုးကို ကြည့် လိုက် သည်။ နောက်ပြီး "မင်းတို့နှစ်ယောက် 'ဗမာ့စိတ်ကောင်း' ကို မွေးပြီး ပြန်ခေါ်ကြ"တဲ့။

ကျွန်တော်တို့ နှစ်ယောက်လုံး ဟာ တ ယောက် ကို တယောက် ပြိုင် တူ ကြည့် လိုက်တယ်။ နှစ်ယောက်လုံးမျက်လုံးတွေဟာ ဒေါသရောင်မပျောက်ဘူး။ မျက်နှာတွေကလဲတင်းလို့။

ဆ ရာ မ က "ကိုင်း မင်းတို့ ခေါ်ကြလေ"တဲ့။

"မခေါ် ချင်ဘူး ဆရာမ"

ဒီစကားကိုကျွန်တော်တို့နှစ်ယောက်သံပြိုင်ထွက်သွားတယ်။

ဆရာမက ပြုံးတယ်။

"ဒါဖြင့် ဒီလိုလုပ်၊မခေါ် ချင်မခေါ် နဲ့၊ ဒါပေမဲ့ ခွင့်လွှတ်တတ်တဲ့ ဗမာ့စိတ်ကို မွေးကြည့်တဲ့ အနေနဲ့ စကား နည်းနည်းပြောကြည့်မယ်။ ဒီနေ့ အစဉ်မံခေါ် သေးဘူးပေါ့ကွာ၊ နောက် ခေါ် ချင်တဲ့နေ့ကျမှ ခေါ်။ ခုတော့ အပျက် အပျက် ခေါ် ကြည့် ရအောင်ကွာ-နော်"တဲ့။

ဆရာမ စကားကို ကြားရတော့ ကျွန်တော်တို့နှစ်ယောက်လုံး ရယ်ချင်သွားတယ်။ ကျွန်တော်တို့ မျက်နှာနှစ်ခုဆိုင်သွားကြတယ်။ ရယ် ချင် နေ တော့ နှစ်ယောက်လုံး ပြုံးစိစိနဲ့။

ကျွန်တော်တို့မယ် တကယ့်ပြဿနာကြီးလိုလုပ်ထားတဲ့ကိစ္စကို ဆရာမက ရယ်စရာအဖြစ်လေး မျိုး ဖြစ် အောင် လုပ်ပစ်လိုက်ပုံက တကယ်ဘဲ တ္တကယ်ဘဲ။

စန်း အေး က ကျွန် တော့်ဘက်ကို လှည့်ပြီး "အဟီး"တဲ့။ ကျွန်တော်ကလဲ "အဟဲ"တဲ့။

ကျွန် တော် တို့ အပျက် အပျက် ခေါ်ကြည့်ရင်းက အစဉ်ခေါ် သွားကြပါပြီ။ တတန်းလုံးလဲ ပြုံးကြ ရယ်ကြ တဝါးဝါး။

စန်း အေး ရော၊ ခင် မောင်တိုးရော၊ ဆရာမရော တွေးနေကြတယ်။ အတွေးက တခုထဲ။ အဲဒီအတွေးကတော့ "ခွင့်လွှတ်နိုင်လဲ တထိုင်ထဲပြေလည် ဆိုတဲ့ ဗမာ့စိတ်"ကိုပါဘဲ။

## စာနယ်ဇင်း

လူ့ဘောင်မှတ်တမ်း စာပန်းချီ
ခင်းကျင်းဖော်ပြ ရေးဖွယ်စီ။

သုတညာဏ်ရည် ကြွယ်ဝရေး
စာနယ်ဇင်းက လမ်းညွှန်ပေး။

စည်းရုံးရေးမှာ တန်ဘိုးပမာ
ပြည်သူ့ဆက်သွယ်ရေးပညာ။

စာပေအောင်လံ လွှင့်ပျံမှု
လူ့ဘောင်သမိုင်း သင့်မည်ပ။

မျက်မှောက်ကာလ ကြေးမုံပြင်
နောင်တခေတ်အတွက် သမိုင်းပင်။

မြန်မာ့လမ်းစဉ် အောင်မြင်ရေး
စာပေနယ်မှ ညီအောင်ပေး။

အတွေးသစ်နဲ့ အားမာန်ဆောင်
မီးရှူးတန်ဆောင် အလင်းရောင်။

လူ့ဘောင်အဆင်း ဉာဏ်ရောင်လင်း
ခေတ်ရွှေဆောင်တဲ့ စာနယ်ဇင်း။

တက္ကသိုလ် - ဆန်းတင့်နိုင်



R. 517

# ပိန်ညင်း ခေါင်းမည်း



ကိုယ်အလျား ၁၂ လက်မ ရှိ၍ ငှက်ကလေး၏ ရင်ပတ်သည် မည်းနက်သည်။ အသံမှာ စူးရှ၍ ကျယ်လောင်၏။ သို့သော် ပိန် ညင်း ရင် ဖြူ ၏ အသံလောက် မဆိုးပေ။

ကမ်းခြေနှင့် ဒီရေရောက်သော နေရာများ၌ နေထိုင်သော ငှက် ဖြစ်၏။ အထူးသဖြင့် ရန်ကုန်မြစ် ကမ်းခြေတလျှောက်၌ အများ အပြားတွေ့ရသည်။ လယ်ပုဇွန်၊ ကနန်းနှင့် ငါးတို့ကို ရှာဖွေစားသောက်သည်။ ကုန်းတွင်း လမုန်တော၊ မိုးမခ တောတို့တွင်လည်း ကျက်စားသည်။

တဥလျှင် ပျမ်းမျှအလျား ၁.၁၇ လက်မနှင့်ပြက် ၁.၀၄ လက်မရှိသည်။

မြန်မာနိုင်ငံ မြစ်ကမ်းခြေတလျှောက်နှင့် အရှေ့တိုင်း နိုင်ငံများတွင် အနှံ့ အပြား တွေ့ရသည်။ ကုန်းတွင်း အတည်တကျ နေထိုင်သော နေရာကိုမူ ရှာဖွေရန် မလွယ်ပေ။ သို့ရာတွင် မြန်မာနိုင်ငံအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့သို့မူ နွေရာသီ၌ ပေါက်ပွား ရန် ရောက်လာတတ်သည်။ စက်တင်ဘာလနှင့် အောက်တိုဘာလ၌ သောင်းရင်း မြစ်ဖျားတွင် အများအပြားတွေ့ရတတ်သည်။ အောက် ချင်းတွင်းမြစ်ဝှမ်း၌မူ မ တွေ့ ရ သလောက် ဖြစ်သည်။

စိုးလွင်မြင့်



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးဘင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/